www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၄၃/ ၂၀၀၂ (၄)၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၃/၂၀၀၂ (၄)

**စီစဉ်သူ**
နီနီနိုင် (နေရီရီ)

**ပုံနှိပ်ခြင်း**
တတိယအကြိမ် - (မေလ-၂၀၀၂)
အုပ်ရေ - (၁၀၀၀)

**မျက်နှာဖုံး ဒီဇိုင်းနှင့် တာဝီ**
**နေရီရီ**
ကာလာခွဲ - **Master**
အတွင်းဖလင် - ***Kan Htoo Shin***

**မျက်နှာဖုံးပုံနှိပ်**
ဦးသန်းဝင်း (ကျော်ပုံနှိပ်တိုက်)
၂၃၉/ခေမာသီလမ်း၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးတင်မောင်ဝင်း၊ (သင်းလဲ့ဝင်းပုံနှိပ်တိုက်)
အမှတ် (၃)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးထွန်းလှိုင် (ချစ်စရာစာပေ)
၇၅၊ ဝေပုလ္လ (၂)လမ်း၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

2000

BURMESE CLASSIC .com

နေရီရီစာအုပ်(၁)

# မှောင်ထဲက မှတ်တမ်း

မောင်နေဝင်း

နေရီရီစာအုပ်တိုက်
၂(က)၊ အောင်ရတနာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
☎ - 221435

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူ၏အမှာ

မောင်ထဲကမှတ်တမ်းကို ၁၉၆၉ ခုနှစ် ဇွန်လတွင် ပုဂံစာအုပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၇၆ ခုနှစ် စက်တင်ဘာလတွင် နေရီရီ စာအုပ်တိုက်က ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။ ၂၀၀၂ ခုနှစ် မေလတွင် နေရီရီ စာအုပ်တိုက်ကပင် တတိယအကြိမ်အဖြစ် ထပ်မံထုတ်ဝေခဲ့ပြန်သည်။

ဤစာအုပ်နှင့်ပတ်သက်၍ကား အထူးပြောစရာမရှိပါ။ မောင်ထဲက မှတ်တမ်းမှာ ကမ္ဘာ့စောင်ရေအများဆုံး၊ အဖတ်အများဆုံးဖြစ်ရပ်မှန် စာအုပ် တစ်အုပ်ဖြစ်ပါသည်။ ပြဇာတ်၊ ရုပ်ရှင်နှင့် တယ်လီဗီးရှင်း ဇာတ်လမ်းများအဖြစ်လည်း အသက်သွင်းခဲ့ပြီး ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းလုံး ဟိုးလေးတစ်ကျော်ဖြစ်ခဲ့သော မှတ်တမ်း၊ သနား စရာဘဝကို ရေးခြယ်သောဝတ္ထု လောကဓံတရား၏ ဖန်တီးချက်အောက်မှာ အံ့မခန်းသော လူသား တို့၏အဖြစ်ကို ခြယ်မှုန်းသော စာပန်းချီစသည်ဖြင့် ကမ္ဘာ့စာပေအနုပညာရှင်များက တစ်ညီတညွတ်တည်းချီးကျူးကြရသည့် ဤစာအုပ်ကို တတိယအကြိမ် ပြန်လည်ထုတ်ဝေခြင်းအားဖြင့် စာဖတ်သူတို့အား ကျေးဇူးဆပ်လိုက်ပါသည်။

နေရီရီစာအုပ်တိုက်
မေလ၊ ၂၀၀၂ ခုနှစ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့

ဇွန် ၁၄၊ ၁၉၄၂

ဂျွန်လ ၁၂ရက် သောကြာနေ့တွင် နံနက် ၆နာရီ၌ ကျွန်မနိုးသည်။ ကျွန်မ၏ မွေးနေ့ပါတကား။ သို့သော် အိပ်ရာမှ ချက်ချင်းမထသေးဘဲ နာရီထိုးရန် ၁၅ မိနစ် လိုတော့သည်အထိ အိပ်ရာထဲမှာပင် လဲလျောင်းရင်း ကျွန်မ၏ အံ့သြမှုများကို ထိန်းထားရသည်။ ထို့နောက် အိပ်ရာထကာ ထမင်းစားခန်းသို့ ဝင်သွားရာ မူတီ (ကြောင်ကလေး)၏ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခြင်းခံရသည်။

၇နာရီထိုးပြီးသည်နှင့် တစ်ပြိုင်နက် မေမေနှင့် ဖေဖေထံသွားသည်။ ထိုမှတစ်ဖန် လက်ဆောင်ပစ္စည်းများကိုကြည့်ရန် ဧည့်ခန်းဘက်သို့လာသည်။ ပထမဆုံး ဆီးကြိုနှုတ်ဆက်နေသော လက်ဆောင်မှာ လက်ဆောင်တကာတို့တွင် အကောင်းဆုံးဟု ကျွန်မထင်သော ဤ မှတ်တမ်းစာအုပ်ကလေးပင် ဖြစ်ပါသည်။ စားပွဲပေါ်တွင် နှင်းဆီပန်းစည်းတစ်စည်းနှင့် အခြားလက်ဆောင်များကိုလည်း တွေ့ရသည်။

မေမေနှင့် ဖေဖေတို့ကလည်း လက်ဆောင်တွေ အများကြီးပေးသည်။ သကြားလုံးများ၊ ချောကလက်များ၊ ဉာဏ်စမ်းကစား စရာတစ်ခု၊ နှင်ထိုးတစ်ခု၊ နဲ့သာလင် ဒဏ္ဍာရီပုံပြင်စာအုပ် တစ်အုပ်နှင့် ပိုက်ဆံအိတ်ချို့ပါသည်။ ယခု ဂုရိတ်နှင့် ရောမမဟာဝင် စာအုပ်ကြီးကို ကျွန်မ ခန့်သား ဝယ်နိုင်ပါတော့မည်။

ထို့နောက် ကျောင်းသို့သွားသည်။ ကျောင်းအားချိန်တွင် ဘီစကွတ်မုန့်ချို တွေကို ကျွန်မက ဝေပေးသည်။ ထိုမှတစ်ဖန် စာသင်ခန်းသို့ ပြန်တက်ရသည်။ ယခု ဤတွင်ရပ်ပါဦးမည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာ

ဇွန် ၁၅၊ ၁၉၄၂

တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ကျွန်မ မွေးနေ့ပါတီလုပ်သည်။ ရင်ဖိုကာ ပါဝင်သော "မီးပြတိုင်စောင့်" အမည်ရှိ ရုပ်ရှင်ကားပြရာ ကျွန်မ၏ ကျောင်းနေဘက်များက အလွန်ကျေနပ် ပျော်ရွှင်ကြသည်။ ချစ်စရာ အချိန်ကလေးပါပဲ။ မိန်းကလေးတွေရော ယောကျ်ားကလေးတွေပါ အများကြီး တက်ရောက်ကြသည်။ ကျွန်မ မည်သူနှင့် လက်ထပ်မည်ကို မေမေက ထာဝစဉ်သိချင်တတ်သည်။ တစ်နေ့တွင် ကျွန်မက အကူးအလွ တူးစမ်းအားထုတ်ရခြင်းမရှိဘဲ စုံစမ်းရာ မေမေက ကျွန်မနှင့် လက်ထပ်မည့်သူမှာ ပီတာဝဲဆယ် ဖြစ်လိမ့်မည်ဟု ထင်နေကြောင်း သိရသည်။ နှစ်ပေါင်းများစွာ လက်ဂူဆင်နှင့် ဆန်နီဟော့မင်းတို့မှာ ကျွန်မ၏ အကောင်းဆုံးသော မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ဂျူးအလယ်တန်းကျောင်းတွင် ဒီဝါးနှင့် သိကျွမ်းခဲ့ရသည်။ ကျွန်မတို့မှာ အမြဲလိုလို တတွဲတွဲ နေခဲ့ကြပြီး ဒီဝါးမှာ ယခု ကျွန်မ၏အချစ်ဆုံး မိန်းကလေး သူငယ်ချင်း ဖြစ်နေပါပြီ။

လက်မှာ အခြားမိန်းကလေးတစ်ဦးကို ပို၍ ခင်မင်ဟန်ရှိပါသည်။ ဆန်နီမှာ တခြား ကျောင်းသို့ပြောင်းသွားသဖြင့် မိတ်ဆွေသစ်များကို တွေ့နေဟန် တူပါသည်။





စနေ

ဇွန် ၂၀၊ ၁၉၄၂

ရက်အနည်းငယ်မျှ ကျွန်မ မှတ်တမ်းမရေးခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်မ၏ မှတ်တမ်းကို ပြန်လည် သုံးသပ်လိုခြင်းကြောင့် ဖြစ်ပါသည်။ ရှေးယခင်က ဤသို့ မှတ်တမ်းမျိုး မထားခဲ့မိသည့်အတွက် သာမက ၁၃ နှစ်အရွယ် ကျောင်းသူကလေးတစ်ဦး၏ ထုတ်ဖော်ပြော ဆိုချက်များကို စိတ်ဝင်စားဖွယ်ရာ ဖြစ်လေမည်လားစသော ရည်ရွယ်ချက်များဖြင့် မှတ်တမ်းထားရန် ကျွန်မစိတ်ကူးရခဲ့ခြင်းဖြစ်သည်။ ကျွန်မသည် မှတ်တမ်းရေးလိုလှ၏။ ထို့ထက်ပို၍ ကျွန်မအသည်း နှလုံးအတွင်း၌ သိုသိပ်မြှုပ်နှံထားရသမျှကို ဖော်ထုတ်လိုလှပါသည်။

"စက္ကူသည် လူထက်သည်းခံ၏" ဟူသော ဆိုရိုးစကားတစ်ရပ် ရှိပါသည်။ တစ်နေ့သ၌ အပြင်ထွက်ရကောင်းနိုးနိုး၊ အိမ်မှာပဲ နေရကောင်းနိုးနိုးနှင့် ဝေခွဲမရဖြစ်ကာ ငေးမိငေးရာ ထိုင်နေစဉ် ဤဆိုရိုးစကားကလေးကို ကျွန်မပြန်သတိ ရမိပါသည်။ မှန်ပါသည်။ စက္ကူ၌ သည်းခံနိုင်စွမ်း ရှိသည်ဟူသောအချက်မှာ သံသယရှိစရာ မလိုပါ။ "မှတ်တမ်း" ဟု ဝင့်ဝင့်ကြွားကြွား စာတန်းရေးထိုးထားသော ဤကတ်ထူဖုံး မှတ်တမ်းစာအုပ်ကို ကျွန်မသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ စစ်မှန်သော မိတ်ဆွေကောင်းကို မတွေ့မချင်း မည်သူ့ကိုမျှ ပြဖို့မရည်ရွယ်ပါ။ ယခုမှပင် ပြဿနာအရင်းအမြစ်သို့ ရောက်လာပါသည်။ မှတ်တမ်းဟူ၍ ထားရခြင်းအကြောင်းရင်းမှာ ကျွန်မတွင် အယက်ပါ စစ်မှန်သော မိတ်ဆွေမျိုး မရှိသေးသည့် အတွက်ပင် ဖြစ်ပါသည်။

ဤအကြောင်းကို ပို၍ရှင်းအောင် ရေးပါရစေ။ အသက် ၁၃ နှစ်သာရှိသေး သော မိန်းကလေးတစ်ယောက်မှာ ဤကမ္ဘာကြီးအလယ်တွင် အထီးကျန် ဖြစ်နေ ရသည်ဆိုလျှင် မည်သူကမျှ ယုံကြည်မည် မဟုတ်ပါ။ ကျွန်မတွင် ချစ်လှစွာသော မိဘနှစ်ပါးနှင့် အသက်၁၆ နှစ် ရှိ အစ်မတို့



www.burmeseclassic.com

www.burmeseclassic.com



ရှိကြသည်။

မိတ်ဆွေများဟု ခေါ်ဆိုရမည့်သူပေါင်း ၃၀ ခန့်ကို ကျွန်မ သိသည်။ လစ်လျှင် လစ်သလို ချောင်းမြောင်းကြည့်လေ့ရှိသော ကျွန်မအပေါ်၌ စူးစိုက်လေ့ရှိသော ယောက်ျားကလေး မိတ်ဆွေများလည်း ရှိကြသည်။ အလားတူပင် ချစ်လှစွာသော အဒေါ်များ၊ ဦးလေးများ၊ ဆွေမျိုးများလည်း ကျွန်မတွင်ရှိပါသည်။ သာယာနှစ်လိုဖွယ်သော အိမ်လည်းရှိပါသည်။ ဘာမျှ လိုလေသေးမရှိပါ။ သို့ရာတွင် ဤအရာများအားလုံးမှာ ကျွန်မ၏မိတ်ဆွေ များကဲ့သို့ပင် ရယ်လိုက်မောလိုက် ကစားလိုက်စသည့် သဘောလောက်သာ ရှိပါသည်။ ပို၍နီးကပ်လာအောင် ကျွန်မကြိုးစားသော်လည်း မရပါ။ ဤသည်မှာ တစ်ချက်ပင်ဖြစ်သည်။ ကျွန်မမှာ ယုံကြည်မှု ကင်းမဲ့နေ၍ လားတော့မသိပါ။

ထိုအကြောင်းများကြောင့် မှတ်တမ်းကိုရေးပါသည်။ ကျွန်မ၏ မိတ်ဆွေ တစ်ယောက်ယောက်၊ စောင့်မျှော်နေရသူ တစ်ယောက်ယောက် အကြောင်းကို စိတ်၏မျက်စိအစုံတွင် တာဝစဉ် သတိရမှတ်မိနေစေရန် အတွက် အများတကာ လုပ်လေ့ရှိသလို မှတ်တမ်းတွင် ရှည်ရှည်ဝေးဝေး လျှောက်မရေးချင်လှပါ။ ဤ မှတ်တမ်းသာလျှင် ကျွန်မ၏မိတ်ဆွေဖြစ်စေ လိုလှသည်။ ကျွန်မ၏ ဤမိတ်ဆွေကို ကစ်တီဟုခေါ်ပါမည်။ ယခုကစ်တီ ထံသို့ စာရေးသည့်အနေမျိုးဖြင့် ကျွန်မဘဝ၏ ဇာတ်လမ်းအကျဉ်းချုပ်ကို စရေးပါတော့မည်။

ဖေမေနှင့် ဖေဖေ လက်ထပ်စဉ်အချိန်က ဖေဖေ့အသက်မှာ ၃၆၊ မေမေမှာ ၂၅ ဖြစ်ပါသည်။ ကျွန်မအစ်မ မားဂေါ့ကို ၁၉၂၆ ခုနှစ် တွင် ဖရင့်ဖတ်အွန်မိန်းမြို့၌ ဖွားမြင်ပါသည်။ ကျွန်မကိုမူ ၁၉၂၉ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် မွေးပါသည်။ ကျွန်မတို့မှာ ဂျူးလူမျိုးများ ဖြစ်သည့်အတိုင်း၊ ၁၉၃၃ ခုနှစ်တွင် ဟော်လန်နိုင်ငံသို့ ပြောင်းရွှေ့ ခိုဝင်လာခဲ့ကြသည်။ ဖေဖေမှာ ထရာဗီအင်ဗီလုပ်ငန်း၏ အုပ်ချုပ်ရေး ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံရသည်။ ဤလုပ်ငန်းမှာ ကျွန်မဖေဖေ အစုရှယ်ယာ





ထားသော အဆောက်အအုံ တစ်ခုထဲ၌ အတူတူဖွင့်လှစ်ထားသည့် လင်အင်ကိုး· လုပ်ငန်းနှင့် များစွာနီးကပ်သော အဆက်အသွယ်များ ကြသည်။

ကျန်ရှိသော ကျွန်မတို့ မိသားစုများမှာမူ ဟစ်တလာ၏ ဂျူးဆန့် ကျင်ရေး ဥပဒေးဒဏ် ကို အပြည့်အဝခံစားကြရသည့်အတွက် သူတို့ဘဝမှာ မ်းမြေ့သာယာခြင်း အလျဉ်းမရှိပါ။ ၁၉၃၈ ခုနှစ်တွင် ကျွန်မ၏ ဦးလေး စ်ယောက် (မေမေ့မောင် နှစ်ယောက်)တို့မှာ အမေရိကန်သို့ ထွက်ပြေး သွားကြရသည်။ ဘွားဘွားမှာ ကျွန်မတို့နှင့် အတူလာနေသည်။ ထိုအချိန်က ဘွားဘွား အသက် ၇၃ နှစ်ရှိပါပြီ။ ၁၉၄၀ ခုနှစ် မေလ နောက်ပိုင်း တွင်ကား အချိန်ကာလသည် လျင်မြန်စွာ ကုန်ဆုံးပျောက်ကွယ်သွားခဲ့ ပါသည်။ ပထမဦးစွာ စစ်ကြီးဖြစ်လာသည်။ ထို့နောက် အရှုံးပေးလိုက်ရ သည်။ နောက်တွင် ဂျာမန်များ ရောက်ရှိလာပါတော့သည်။ ဤသည်မှာ ကျွန်မတို့ ဂျူးများအတွက် တကယ့်အတိဒုက္ခတွေ စတင်ခြင်းပင် ဖြစ်ပါ သည်။ ဂျူးဆန့်ကျင်ရေး အမိန့်ဒီဂရီများ တစ်ခုပြီးတစ်ခု ဆက်တိုက် ပေါ်ထွက်လာသည်။ ဂျူးမှန်လျှင် ကြယ်ဝါ တပ်ထားရမည်။ ဂျူးမှန်လျှင် ဘိုင်စကယ်သာ စီးရမည်။ ဓာတ်ရထား မစီးရ။ ကားမမောင်းရ။ ၃ နာရီမှ ၅ နာရီအတွင်းသာ ဈေးဆိုင်ကနားများ၌ ဝယ်ခြမ်းခွင့်ရှိသည်။ ဈေးဝယ် သောအခါ 'ဂျူးများအတွက်ဆိုင်'ဟု သီးသန့် စာတန်းထိုးထားသည့် ဆိုင်များ၌သာ ဝယ်ရမည်။ ည ၈ နာရီဆိုလျှင် ဂျူးလူမျိုးတိုင်း အိမ်ထဲ၌ သာနေရမည်။ ၈ နာရီကျော်လျှင် ခြံဝင်းအတွင်း၌ပင် ထိုင်ခွင့်မရှိ။ ဂျူးမှန် လျှင် ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် အခြားပျော်ပွဲရွှင်ပွဲ နေရာများသို့ မသွားရ။ အားကစား ပွဲများ၌မပါရ။ ရေကူးကန်များ၊ ဟာင်းနစ်ကွင်းများ၊ ဟော်ကီ ကွင်းများနှင့် အခြားအားကစားကွင်းများသို့ မလာရ။ ဂျူးမှန်လျှင် ခရစ်ယာန်များဆီသို့ မလာရ။ ဂျူးကျောင်းများ၌သာ တက်ရမည် စသည် ဖြင့် ချုပ်ခြယ်မှုတွေ စုံနေပါတော့သည်။

ဒါတွေကို မလုပ်နိုင်၊ ဒါတွေကို မလုပ်ရဟူသော ထုံးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကန့်သတ်ချက်များ အကြားမှပင် ဘဝသည် ရှင်သန်ဆဲပါတကား။ ကျွန်မတို့၏ လွတ်လပ်မှုကို တင်းကြပ်စွာ ကန့်သတ်ထားခြင်း ခံနေရပါပြီ။

၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ဘွားဘွား ကွယ်လွန်ပါသည်။ ဘွားဘွား အပေါ်၌ ကျွန်မဘယ်လောက်ချစ်သည်၊ ကျွန်မရင်တွင်း၌ ဘွားဘွားအတွက် အဘယ်မျှ သတိရ တမ်းတနေမိသည်ကို မည်သူမျှ သိမည်မဟုတ်ပါ။

၁၉၃၄ ခုနှစ်တွင် ကျွန်မသည် မွန်တက်ဆိုရီ သူငယ်တန်းကျောင်း၌ တက်ရောက်ခဲ့ရာ ဆဋ္ဌမတန်း(ဘီ)သို့အရောက် ပညာသင်နှစ် ကုန်ဆုံးချိန်၌ မစ္စက်ကေကို အပြီးအပိုင် နှုတ်ဆက်ခွဲခွာခဲ့ရသည်။ ကျွန်မတို့ နှစ်ယောက်စလုံး ငိုကြွေးကြသည်။ အလွန်တစ်ရာ ဝမ်းနည်းကြသည်။ ၁၉၄၁ ခုနှစ်တွင် အစ်မ မားဂေါ့နှင့်အတူ ဂျူးအလယ်တန်း ကျောင်း၌ တက်ရသည်။ မမက စတုတ္ထတန်း၊ ကျွန်မက ပထမတန်း အသီးသီး တက်ကြရသည်။

ယခုအထိ ကျွန်မတို့လေးယောက်အတွက် အရာရာမှာ အဆင်ပြေနေပါသေးသည်။ ယနေ့အထိပဲ ဆိုပါတော့။

* * *

စနေ

ဇွန် ၂၀၊ ၁၉၄၂

ချစ်သော ကစ်တီ

လိုရင်းကိုပဲ စပါတော့မယ်။ မေမေနဲ့ ဖေဖေတို့ အပြင်သွားနေတုန်း မမ တစ်ယောက် လည်း၊ သူ့မိတ်ဆွေအချို့နဲ့ ပင်ပေါင်သွား ကစားတုန်း အင်မတန် တိတ်ဆိတ်နေတဲ့ အချိန်အတန့်ပါပဲ။

ကိုယ်ကိုယ်တိုင်လည်း ပင်ပေါင်တော်တော်ကလေး ကစားပါတယ်။ ကိုယ်တို့ ပင်ပေါင် ဝါသနာအိုးတွေဟာ အိုက်စကရင်းကို သိပ်ကြိုက်တယ်





မဟုတ်လား။ ပင်ပေါင်ပွဲပြီးတိုင်း ဂျူးတွေအတွက် ခွင့်ပြုထားတဲ့ 'အိုအေစစ်' တို့ 'ဒဲလ်ဖီ' တို့ အစရှိတဲ့ အနီးဆုံး အိုက်စကရင်းဆိုင်တွေကို သွားလေ့ရှိကြတယ်။ 'အိုအေစစ်'မှာဆိုရင် အမြဲတမ်းလိုလို လူပြည့်နေတတ်ပြီး ကိုယ်တို့အထဲက အင်မတန် ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေတွေကိုလည်း၊ တစ်ယောက်မတွေ့ တစ်ယောက်တော့ တွေ့ရမြဲပဲ။

ကိုယ့်လို အသက်အရွယ်မှာ ယောက်ျားလေး မိတ်ဆွေဆိုတဲ့ စကားမျိုးကို ပြောရ ပါမို့လားဆိုပြီး မင်းက ကိုယ့်အပေါ် အံ့ဩနေမလားတော့မသိဘူး။ ကျောင်းမှာတော့ ဒီလိုကိစ္စမျိုးဟာ ရှောင်လွှဲလို့ရမယ် မထင်ဘူး။ ယောက်ျားလေး တစ်ယောက်ယောက်က အိမ်ကိုဘိုင်စကယ်နဲ့ လိုက်ပို့ပါရစေ ဘာညာဆိုပြီး စကားလက်ဆုံကျမိတာနဲ့ တစ်ပြိုင်နက် သူဟာ ကိုယ့်အပေါ် မျက်စိကျနေပြီ၊ မျက်စိအောက်က အပျောက်မခံတော့ဘူးဆိုတာ ၁၀ပုံ ပုံရင် ၉ပုံမှာ သေချာပါတယ်။ နောက်တော့လည်း တဖြည်းဖြည်း သွေးအေးသွားကြတာပါပဲ။

တကယ်လို့ ယောက်ျားကလေးက 'မိဘကိုပြောမယ်' ဆိုတဲ့အထိ ပြောလာရင် ကိုယ်က ဘာလုပ်သလဲသိလား။ ဘိုင်စကယ်ပေါ်မှာ ကိုယ်ကို နည်းနည်းတိမ်း ထားလိုက်ပြီး ကျောင်းလွယ်အိတ်ကို လွှတ်ချလိုက်တယ်။ ဒီလိုဆိုရင် သူဟာ ကမန်းကတန်း အောက်ဆင်းပြီး လွယ်အိတ်ကို ကောက်ပေးရတယ်။ အဲဒီအခါကျတော့ ကိုယ်ကစကားလမ်းကြောင်းကို ပြောင်းပစ်လိုက်တာပေါ့။

အဲဒါတွေဟာ အင်မတန် အပစ်ကင်းစင်ပါတယ်။ နမ်းဖို့ ကြိုးစားသူ၊ လက်မောင်းကို ဆုပ်ကိုင်ဖို့ ကြိုးစားသူတွေလည်း ရှိသပေါ့။ အဲဒီလူမျိုးဆိုရင်တော့ ကိုယ်က ဘိုင်စကယ်ပေါ်က ချက်ချင်းဆင်း၊ သူနဲ့အတူ တွဲမသွားတော့ဘူးလို့ပြော၊ ဒါမှမဟုတ်လဲ အစော်ကားခံရသလို ဟန်ဆောင်လိုက်ပြီး ဒီလို မရေမရာအလုပ်မျိုး တွေကို မလုပ်ဖို့ ပြောလိုက်တာပဲ။

ကိုယ်တို့ရဲ့ ချစ်ကြည်မှုအခြေခံဟာ ဒါပါပဲ။ မနက်ဖြန်မှ တွေ့ကြသေးတာပေါ့။

မင်းရဲ့ အင်နာ

* * *



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ
ဇွန် ၂၁၊ ၁၉၄၂

ချစ်သော ကစ်တီ

ကိုယ်တို့ အတန်းတစ်တန်းလုံး တုန်လှုပ်ချောက်ချားနေ ကြတယ်။ ဘာဖြစ် လို့လဲဆိုတော့ ဆရာများအစည်းအဝေးကို မကြာမီ ပြုလုပ် တော့မှာကိုး။ ဘယ်သူတွေကို ရွေ့မယ်၊ ဘယ်သူတွေကို ဒီအတိုင်းထား မယ်ဆိုတဲ့ ကောလာဟလ သတင်းတွေကလည်း ထွက်လို့ပေါ့။ မိယက် ဒီဂျူးနဲ့ ကိုယ်ကတော့ ကိုယ်တို့နောက်နားက ဝင်းနဲ့ ဂျက်ဆိုတဲ့ ယောက်ျား ကလေး နှစ်ယောက်ရှိလို့ သိပ်ပျော်နေကြတာပဲ။

ကိုယ့်အထင်တော့ တစ်တန်းလုံးမှာရှိတဲ့လူ လေးပုံတစ်ပုံလောက် ကို ဒီအတိုင်း ထားသင့်တယ်ထင်တယ်။ အင်မတန် စကားများသူအချို့ လည်း ရှိသပေါ့။ ဒါပေမယ့် ဆရာတွေဟာ လောကမှာ စိတ်ထင်ရာလုပ်တဲ့ အထူးဆန်းဆုံးလူတွေပါပဲ။ တစ်ခါတလေတော့ မှန်ကန်တဲ့လမ်းဆီကို စိတ်ထင်ရာလုပ်တာမျိုးများ ရှိလေမလားတော့ မသိဘူး။

ကိုယ့်အတွက်ရော ကိုယ့်ရဲ့ မိန်းကလေးမိတ်ဆွေတွေ အတွက်ရော ကိုယ်တော့ မကြောက်ပါဘူး၊ သင်္ချာမှာ သိပ်မသေချာပေမယ့် ကိုယ်တို့ ကောင်းကောင်းကြီးလိုက်နိုင်ပါတယ်။ ကိုယ်တွေ့ခဲ့ဖူးတဲ့ ဆရာ ၇ယောက် ဆရာမ ၂ယောက် စုစုပေါင်း ဆရာ ၉ ယောက်စလုံးဟာ ကိုယ်နဲ့ သင့်မြတ်ပါတယ်။ သင်္ချာဆရာ အဘိုးကြီး မစ္စတာကက်ပီတာကတော့ ကိုယ့်ကို သိပ်သဘောမကျချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က သိပ်စကားများတယ်တဲ့။ အဲဒါကြောင့် ကိုယ်လည်း 'စကားတောင်စား တစ်ယောက် အကြောင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ စာစီစာကုံး တစ်ပုဒ် ရေးရသေးတယ်။ ကဲ စကားတောင်စားတဲ့။ ဘယ်လိုလုပ်ရေးရမလဲ အဲဒီအကြောင်းကို ကိုယ့်မှတ်စုစာအုပ်မှာ ရေးပြီးတဲ့အခါကျတော့ ကိုယ်လည်း တိတ်တိတ်ဆိတ်ဆိတ်နေဖို့ ကြိုးစားခဲ့တယ်လေ။

အဲဒီညနေမှာ ကိုယ့်ရဲ့ တခြားအိမ်စာတွေလုပ်လို့ ပြီးစီးသွားတဲ့





အခါကျတော့ မှတ်စု စာအုပ်ထဲက စာစီစာကုံးခေါင်းစဉ်ကို ကိုယ်သွား တွေ့မိတယ်။ ဖောင်တိန် ဖင်ပိုင်းကို ပါးစပ်နားမှာ တေ့လိုက်ရင်း စာကြောင်းတွေ အများကြီး၊ စာလုံးတွေအများကြီးနဲ့ အဓိပ္ပာယ် ရေရေ ရာရာမရှိဘဲ လျှောက်ရေးရင်လည်း ဖြစ်တာပဲလို့ စဉ်းစား နေမိတယ်။ ဒါပေမယ့် ဘာ့ကြောင့် စကားပြောဖို့ လိုအပ်တယ်ဆိုတာကို သာဓက ပြဖို့က ခက်နေတယ်။

ကိုယ်ဟာ တွေးပြီးရင်း ထပ်တွေးရင်းနဲ့ ချက်ချင်းဆိုသလိုပဲ အကြံ ရလာတယ်။ ဒါနဲ့ပဲ သုံးမျက်နှာတိတိ ကျေကျေနပ်နပ်ကြီး ရေးချလိုက် တာပါပဲ။ ကိုယ်ပေးတဲ့ ဆင်ခြေကတော့ ဒီလိုပါ။ စကားပြောတယ်ဆို တာဟာ မိန်းမသားတို့ရဲ့ အသွင် လက္ခဏာတစ်ရပ်ဖြစ်တယ်၊ ကျွန်မဟာ ထိန်းထိန်းသိမ်းသိမ်း စကားပြောရမယ်၊ ဒါပေမယ့် စကားမပြောပဲနေလို့ မဖြစ်ဘူး၊ ကျွန်မမေမေလည်း ကျွန်မလိုပဲ စကားပြောတယ်၊ ကျွန်မ ထက်တောင်ပိုဦးမယ်၊ မေမေ့အမွေကို ဆက်ခံရာမှာ မညံ့သင့်ဘူး စသဖြင့် ပေါ့လေ။ ကိုယ်က ရေးလိုက်တာ ဆရာကက်ပတာက ဟက်ဟက် ပက်ပက်ကို ရယ်တော့တာပဲ။ ဒါပေမယ့် နောက်ထပ် စာစီစာကုံးတစ်ပုဒ် ထပ်ပေးပြန်တယ်။ ခေါင်းစဉ်က 'ကုမရသောစကား တောင်စား'တဲ့။ ကိုယ်ကလည်း ရေးပေးလိုက်တာပဲ။ နောက်ဆုံး တတိယသင်ခန်းစာ ကျတော့ ဆရာ ကက်ပတာက စကားပြောလွန်းတဲ့အတွက် အပြစ်ဒဏ် အနေနဲ့ အင်နာဟာ 'တတ်ယောင်ကား တတ်ယောင်ကားကားတဲ့ သူ့စကား' ခေါင်းစဉ်နဲ့ စာစီစာကုံးတစ်ပုဒ် ရေးရမယ်လို့ ပြောတယ်။ တစ်တန်းလုံးက ဝိုင်းရယ်ကြတာပေါ့။ ဒီအကြောင်းအရာနဲ့ ပတ်သက်လို့ ပြောစရာ ကိုယ့်မှာကုန်ပြီလို့ ထင်ပေမယ့် ကိုယ်လည်း လိုက်ရယ်မိတာပဲ။

ဒါပေမယ့် ကိုယ်က ကံကောင်းတယ်။ ကိုယ့်သူငယ်ချင်း ဆန်နီက ကဗျာအရေးကောင်း မဟုတ်လား။ သူကကဗျာတွေ ရေးပေးမယ်တဲ့။ စာစီစာကုံး တစ်ပုဒ်လုံးကို ကဗျာနဲ့ရေးပေါ့တဲ့။ ကိုယ်တော့ ပျော်လွန်းလို့ ထခုန်မိတာပဲ။ ဆရာကက်ပတာက ကိုယ့်ကို ဒီအကြောင်းအရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး အရှုံးလုပ်တာပဲ။ ကိုယ်ကလည်း ဘယ်ခံမလဲ။ သူ့ကိုပြန်ပြီး တစ်တန်းလုံးက ဝိုင်းရယ်အောင်တော့ လုပ်ရမှာပေါ့။

ကဗျာလည်း ပြီးသွားပြီ။ ကဗျာထဲမှာ ဘဲကလေးသုံးကောင်ရှိတဲ့ ဘဲမ တစ်ကောင်နဲ့ ငန်းထီးတစ်ကောင်အကြောင်း ရေးထားတယ်။ ဘဲကလေးတွေ စကားများရမလားဆိုပြီး အဖေလုပ်တဲ့ငန်းက ကိုက်သတ်ပစ်လိုက်တယ်။ ကံကောင်းချင်တော့ ဆရာ ကက်ပတာဟာ ဒီစာစီစာကုံး ကဗျာကို တစ်တန်းလုံးကို အသံထွက်ပြီး ဖတ်ပြတယ်။ သူ့ထင်မြင်ချက်တွေကို လည်းပြောတယ်။ တခြားအတန်းတွေကိုလည်း သွားဖတ်ပြလိုက်သေးတယ်။

အဲဒီအချိန်ကစပြီး ဒဏ်ပေးမခံရတော့ဘဲနဲ့ ကိုယ်ဟာ စကားပြောခွင့် ရလာခဲ့တယ်။ ဆရာ ကက်ပတာကလည်း ဒီအရကြောင်းကို နောက်လို့ မဆုံးဘူး။

မင်းရဲ့ အင်နာ

* * *

ဗုဒ္ဓဟူး
ဇွန် ၂၄၊ ၁၉၄၂

ချစ်သော ကစ်တီ

ပူလိုက်တာလွန်ပါရော။ ဒီလောက် အပူရှိန်ထဲမှာပဲ ကိုယ်တော့ နေရာ တကာကို လျှောက်သွားတာပဲ၊ ဓာတ်ရထားစီးရတာ ဘယ်လောက်ကောင်းတယ် ဆိုတာကို ကိုယ်အခုမှသိတယ်။ ဒါပေမယ့် ဒီဓာတ်ရထားတွေကို ဂျူးတွေ မစီးရဘူးဆိုပြီး ပိတ်ပင်တားမြစ်ထားလေတော့ ကိုယ်တို့အတွက်ကတော့ မြင်းပုကလေးလို တလှုပ်လှုပ်လျှောက်ရတာ အကောင်းဆုံးပါပဲ။ မနေ့က နေ့လယ်စာစားချိန်မှာ ကိုယ်ဟာ ဂျန်လျူကင်စထရက်က သွားစိုက်ဆရာဆီ သွားရတယ်။ ကိုယ်တို့ကျောင်းကနေပြီး တော်တော် ကလေးသွားရတယ်။ မွန်းလွဲပိုင်းလည်းကျရော ကိုယ်တော့ ကျောင်းမှာ အိပ်ပျော်လုနီးပါး ဖြစ်နေတာပဲ။





အီစတာ ပွဲတော်ရက်အတွင်း ကိုယ့်ဘိုင်စကယ် လူခိုးခံရတယ်။ ဒါကြောင့် ကျောင်း မတက်ချင်လှဘူး။ ဖေဖေကလည်း မေမေ့ဘိုင်စကယ်ကို လုံခြုံအောင်ဆိုပြီး ခရစ်ယာန်မိသားစု တစ်စုဆီ ပေးလိုက်တယ်။ မနေ့ကတော့ ပျော်စရာကလေးတစ်ခု ဖြစ်ခဲ့သေးတယ်။

ကိုယ့် ဘိုင်စကယ်ထားတဲ့ ရုံနားကဖြတ်လျှောက်တုန်း ကိုယ့်နာမည်ကို လှမ်းခေါ်သံ ကြားလိုက်ရတယ်။ ကိုယ်က လှည့်ကြည့်လိုက်တော့ ရုပ်ရည်သနားကမား ယောကျ်ားကလေးတစ်ယောက်ကို တွေ့ရတယ်။ သူ့ကို ကိုယ်တွေ့ဖူးတယ်။ ကိုယ့်မိန်းကလေးမိတ်ဆွေ အီဗာရဲ့ အိမ်မှာပေါ့။ သူက ကိုယ့်နားကို လျှောက်လာပြီး သူဟာ ဟယ်ရီဂိုးလ်ဘတ် ဖြစ်ကြောင်း မိတ်ဖွဲ့တယ်။ သူဘာလိုချင်သလဲဆိုတာ တွေးပြီး ကိုယ်ကတော့ အံ့အားလည်းသင့်၊ အံ့လည်း အံ့သြပေါ့။ သူ့ကိုလည်း စောင့်ဘူး။ သူကကျောင်းကို အတူလိုက်ဖို့ ခွင့်ပြုမလားလို့ မေးတယ်။

'လမ်းကြုံနေရင်တော့ အတူသွားမယ်' လို့ ကိုယ်က ပြန်ပြောလိုက်တယ်။ ကိုယ်တို့ အတူတူပဲ ကျောင်းကိုသွားကြတယ်။ ဟယ်ရီက ဆယ့်နှစ် ရှိပြီ။ ရယ်စရာ ပုံတိုပတ်စကလေး တွေကိုလည်း ပြောတတ်တယ်။

ဒီကနေ့မနက်လည်း သူကကိုယ့်ကို စောင့်နေတယ်။ နောက်နေ့တွေမှာလည်း ဒီလိုပဲ စောင့်နေဦးတော့မှာပဲ။

မင်းရဲ့ အင်နာ

* * *

အင်္ဂါ
ဇွန် ၃၀၊ ၁၉၄၂

ချစ်သော ကစ်တီ

ကနေ့အထိပဲ. မင်းဆီကို စာရေးချိန်ရယ်လို့ မရခဲ့သေးဘူး။ ကြာသပတေးနေ့ တစ်နေ့လုံး ကိုယ့်မှာ မိတ်ဆွေတွေနဲ့ချည်း ဖြစ်နေပြီး သောကြာနေ့မှာတော့ ဧည့်သည်တွေ ရောက်နေလိုက်တာ ဒီနေ့အထိပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့။ တစ်ပတ်အတွင်း ကိုယ်နဲ့ ဟယ်ရီတို့ဟာ ကောင်းကောင်းကြ သိကျွမ်းသွားကြတယ်။ သူက သူ့ အကြောင်းတွေကို အများကြီး ပြန်ပြေ ပြတယ်။ ဟော်လန်ကို သူတစ်ယောက် တည်းလာတယ်။ အခု ဘိုးဘွ တွေနဲ့ အတူနေတယ်။ သူ့မိဘ တွေကတော့ ဘယ်လ်ဂျီယံမှာတဲ့။

ဟယ်ရီမှာ ဖင်နီဆိုတဲ့ မိန်းကလေးမိတ်ဆွေရှိတယ်။ ကိုယ်က လည်း သူ့ကိုသိတယ်။ အင်မတန်နူးညံ့ပျော့ပျောင်းပြီး ထုံထိုင်းတဲ့ သတ္တဝါ ကလေးပါပဲ။ အခု ဟယ်ရီက ကိုယ့်ကိုတွေ့တဲ့အခါကျတော့ သူဟ ဖင်နီရဲ့အပါးမှာ နေ့လယ် အိပ်မက်မက်နေခဲ့တယ်ဆိုတာ သဘောပေါက် လာတယ်တဲ့။ သူ့ကို ကိုယ်က နှိုးလိုက်သလိုပါပဲတဲ့။ ကဲ ကိုယ်တို့မှ ပြောစရာစကားတွေ အသီးသီးနဲ့ဆိုတာ မင်းသိပြီလား။

စနေနေ့ညက ဂျူပီ ဒီမှာလာအိပ်ပြီး တနင်္ဂနွေနေ့ကျတော လက်ဂူဆင် ဆီသွားတယ်။ ကိုယ်လည်း ပျင်းကျန်ရစ်တာပေါ့။ ဟယ်ရီ ညနေပိုင်းကျမှ လာလေ့ရှိတယ်။ ညနေ ၆ နာရီမှာ သူဖုန်းဆက်တယ် ကိုယ်လဲ တယ်လီဖုန်းဆီထသွားပြီး နားထောင်မိတယ်။

'ဟယ်ရီဂိုးလ်ဘတ် စကားပြောနေပါတယ်။ အင်နာကို ကျေး ပြုပြီး ပြောပါရစေ'

'ဟုတ်တယ် ဟယ်ရီ၊ အခု အင်နာ စကားပြောနေတယ်'

'ဟလို အင်နာ၊ နေကောင်းရဲ့လား'

'ကောင်းပါတယ်၊ ကျေးဇူးပါပဲ'

'ဒီညနေ ကိုယ်မလာနိုင်ဘူး၊ သိပ်ဝမ်းနည်းတာပဲ၊ ဒါပေမ အခု နည်းနည်းလောက် ပြောစရာရှိတယ်၊ ၁၀ မိနစ်အတွင်းလာရ ဖြစ်မလား'

'ဖြစ်ပါတယ်၊ ဂွတ်ဘိုင်'

'မကြာခင် ကိုယ်လာမယ်'

တယ်လီဖုန်းကိုချလိုက်ပြီး ကိုယ်ဟာ ချက်ချင်းအဝတ်လဲတယ ဆံပင် ကိုလည်း သပ်သပ်ရပ်ရပ် ပြုပြင်တယ်၊ ပြီးနောက် ပြတင်းကာ





သူ့ကို စောင့်နေမိတာပဲ။ ဟော သူလာနေတာ ကိုယ်တွေ့ရပြီ။ ကိုယ်က ပြေးမထွက်သွားဘဲနဲ့ တံခါးဝက ခေါင်းလောင်းမြည်ချိန်အထိ စိတ်ရှည် လက်ရှည် စောင့်နေမိတာဟာ အံ့ဩစရာ မဟုတ်ဖူးလား။

ကိုယ်က အောက်ထပ်ကိုဆင်းလာပြီး တံခါးဖွင့်ပေးလိုက်တယ်။

'အင်နာ၊ မင်းဟာ ကိုယ်နဲ့ အမြဲတမ်းလိုလို အပြင်ကို အတူထွက် ဖို့အတွက် ငယ်ပါသေးတယ်တဲ့။ ဘွားဘွားက ပြောတယ်။ ကိုယ်လည်း လီယာ့စ်ကို သွားရမယ်။ ဖင်နီနဲ့လည်း ကိုယ်အတူတူ မထွက်တော့ဘူး ဆိုတာ မင်းသိတယ်နော်'

'ဟင့်အင်း၊ မသိဘူး၊ ဘာဖြစ်လို့လဲ၊ မင်းတို့ ရန်ဖြစ်ထားလို့လား'

'မဟုတ်ဘူး၊ လုံးလုံးမဟုတ်ဘူး၊ ကိုယ်တို့ အတူတူထွက်နေတာ မကောင်း ဘူး၊ အဲဒီတော့ နောက်ကိုအတူတူမထွက်ဘဲနေရကြအောင်။ ဒါပေမယ့် ကိုယ့်အိမ် ကိုတော့လာပါ၊ ခရိုးဦးကြို ပြုပါတယ်'လို့ ကိုယ်က ဖင်နီကို ပြောပြတယ်။ ဖင်နီဟာ တခြားယောကျ်ား ကလေးတစ်ယောက် နဲ့ တွဲနေတယ်ထင်ပြီး ကိုယ်က ဒီလိုပြော လိုက်တာပါ။ နောက်ကျတော့ မှ ကိုယ်မှားမှန်းသိရတယ်။ ကိုယ့်ဦးလေးက ဖင်နီကို တောင်းပန်ခိုင်းတယ်၊ ကိုယ်က မတောင်းပန်ချင်ဘူး။ ဒါနဲ့ပဲ ကိစ္စပြတ်တာပဲ။ အဲဒါဟာ အကြောင်းများစွာထဲက တစ်ကြောင်းပဲရှိသေးတယ်။ ကိုယ့်ဘွားဘွားက ကိုယ် ဖင်နီနဲ့တွဲထွက်ရင် မင်းနဲ့တွဲထွက်တာထက်တောင် ပြောသေးတယ်။ လူကြီး တွေဟာ တစ်ခါတလေတော့ တော်တော်ခက်တယ်။ ဒီကနေ့ ကစပြီး ဗုဒ္ဓဟူးနေ့ ညနေတိုင်း ကိုယ်အားတယ်၊ အဘိုး အဘွားကျေနပ် အောင် သစ်ယွင်းပန်းပုသင်တန်းကို သွားတက်ချင် ဟန်ဆောင်ပြီး တကယ် ကျတော့ ကိုယ်ဟာ ဂျူးလူပ်ရှားမှု အစည်းအဝေးတွေ သွားသွားတက် တာပဲ၊ သေသေချာချာ ဖြောင်တက်လို့လည်း မဖြစ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်အဘိုး အဘွားများက ဂျူးဝါဒသမားတွေကို ဆန့်ကျင်ကြ လို့ပါပဲ။ တကယ်ဆိုတော့ ကိုယ်ဟာ အရူးမဟုတ်ဘူး။ ဒါပေမယ့် ကိုယ့်အယူအဆနဲ့ ကိုယ့်စိတ်ဝင်စားမှု ကိုတော့ ကိုယ်သိတယ်။ သို့တော့



www.burmeseclassic.com

www.burmeseclassic.com



လူကသိပ်များ လာလို့ ကိုယ်ထွက် လိုက်တော့မယ်။ လာမယ့်ဗုဒ္ဓဟူးနေ့မှာ နောက်ဆုံးပဲ။ ဒါကြောင့် နောက်ဗုဒ္ဓဟူးနေ့ ညနေတိုင်း မင်းကို လာတွေ့နိုင်တော့မယ်။ စနေနေ့ မွန်းလွဲပိုင်း၊ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွေမှာလဲ တွေ့နိုင်မယ်"

"ဒီလိုတွေ့မှာကို ဘိုးဘွားတွေက မကြိုက်ဘူး မဟုတ်လား။ မကြိုက်ရင် မလုပ်နဲ့ပေါ့"

"အချစ်ဆိုတာ လမ်းစရှိစမြဲပါပဲ"

ကိုယ်တို့ဟာ လမ်းထိပ်က စာအုပ်ဆိုင်ကို ဖြတ်လျှောက်သွားကြတယ်။ ဗီတာ့ဝဲဆယ်နဲ့ တခြားယောက်ျားကလေးနှစ်ယောက် ရပ်နေတာ တွေ့ရတယ်။ သူက 'ဟာလို'လို့ ကိုယ့်ကို နှုတ်ဆက်တယ်။ ကဲ နှစ်ပေါင်းများစွာ အတွင်းမှာ သူဟာကိုယ့်ကို ပထမဆုံးအကြိမ် နှုတ်ဆက်တာပဲ။ ကိုယ်တော့ သိပ်ကျေနပ်သွားတယ်။

ဟယ်ရီနဲ့ ကိုယ်ဟာ လျှောက်လိုက်ကြတာ မောရပန်းရမှန်းတောင် မသိဘူး။ နောက် တစ်နေ့ညနေ ၇ နာရီထိုးဖို့ ၅ မိနစ်အလိုမှာ ကိုယ်က သူ့အိမ်ရှေ့မှာ သူနဲ့တွေ့ဖို့ ချိန်းပြီးတော့မှပဲ ကိုယ်တို့ ခရီးစဉ်ဟာ အဆုံးသတ်ပါတယ်။

မင်းရဲ့ အင်နာ

သောကြာ
ဇူလိုင် ၃၊ ၁၉၄၂

ချစ်သော ကစ်တီ

မနေ့က ကိုယ့်မိဘတွေနဲ့ တွေ့ဖို့ဆိုပြီး ဟယ်ရီလာတယ်။ မလိုင်ကိတ်၊ သကြားလုံး၊ လက်ဖက်ခြောက်၊ ဘီစကွတ်မုံတွေ ကိုယ်တို့ ဝယ်ထားခဲ့ပေမယ့် ကိုယ်ရော၊ ဟယ်ရီရော မတုန်မလှုပ် ထိုင်နေကြရတာကို မလိုလားတာနဲ့ လမ်းလျှောက်ထွက်ကြတယ်။ ကိုယ့်ကို သူ





ပြန်ပို့တော့ ၈ နာရီထိုးပြီးလို့ ၁၀ မိနစ် ကျော်ပြီ။

ဖေဖေက ကိုယ့်ကို သိပ်စိတ်ဆိုးပုံရတယ်။ ၈ နာရီနောက်ပိုင်းမှာ ဂျူး တစ်ယောက် လမ်းထွက်တာဟာ အင်မတန် အန္တရာယ်ကြီးတယ် မဟုတ်လား။ ဒါကြောင့် ကိုယ်ခုလိုလုပ်တာ မှားတယ်လို့ ယူဆဟန် တူတယ်။ နောက်ကို ၈ နာရီ မထိုးခင် ၁၀ မိနစ်အလိုမှာ ပြန်အရောက် လာပါမယ်လို့ ကိုယ်က ကတိပေးလိုက်ရတယ်။

မနက်ဖြန်မှာ သူ့အိမ်လာလည်ဖို့ ကိုယ့်ကိုဖိတ်တယ်။ ကိုယ့်မိန်းကလေး မိတ်ဆွေ ဂျူပီကဆို ဟယ်ရီ့အကြောင်းပဲ ကိုယ့်ကို စနေတာပဲ။ တကယ်ဆိုတော့ ကိုယ်နဲ့သူဟာ တစ်ယောက်ကို တစ်ယောက် ချစ်နေကြသေးတာ မဟုတ်ပါဘူး။ ရိုးရိုးသားသား ပြောတာပါ။ ယောက်ျားကလေး မိတ်ဆွေဆိုတာကတော့ ရှိရမှာပေါ့။ အဲဒီမိတ်ဆွေတွေထဲမှာ တစ်မူ ထူးခြားတဲ့လူဆိုတာလည်း ရှိရမှာပေါ့။

တစ်ညနေမှာ ဟယ်ရီဟာ အီဗာနဲ့ တွေ့တယ်တဲ့။ အဲဒီတော့ အီဗာက မေးတယ်။ 'မင်း ဘယ်သူ့ကို အကြိုက်ဆုံးလဲ၊ ဖင်နီကိုလား၊ အင်နာကိုလား'လို့ မေးတော့ ဟယ်ရီက 'နင်နဲ့ ဘာမှမဆိုင်ပါဘူး'လို့ ပြန်ပြောခဲ့တယ်တဲ့။ သူတို့ အဲဒီတစ်ညနေလုံး စကားမပြောကြ တော့ဘူး။ ဒါပေမယ့် ဟယ်ရီက ပြန်ခါနီးမှာ 'ငါ့အကြိုက်ဆုံးသိချင်လား၊ အင်နာပေါ့။ ဘယ်သူ့ကိုမှ သွားမပြောနဲ့ဦး' ဆိုပြီး ထွက်သွားရောတဲ့။

ဟယ်ရီဟာ ကိုယ့်ကို ချစ်နေပြီဆိုတာ သိသာပါတယ်။

'ဟယ်ရီဟာ လူရည်သန့်တဲ့ သူငယ်'လို့ မမမားဂရဲက ပြောလေ့ ရှိတယ်။ ကိုယ်ကလည်း သဘောတူပါရဲ့။ ဒါပေမယ့် ဒါထက်မက ပိုသေးတယ်။ မေမေကဆို သိပ်ကြည့်ကောင်းတဲ့သူငယ်၊ လူရည်သန့်တယ်၊ ရည်မွန်တယ်၊ သဘောကောင်းတယ် စသည်ဖြင့် စုံအောင် ချီးကျူးပါတယ်။ မိသားစုတစ်စုလုံးက ဒီလိုသဘောကျကြတဲ့အတွက် ကိုယ်လည်း သိပ်ဝမ်းသာတာပဲ။ သူကလည်း ကိုယ့်မိသားစုကို သဘော ကျပါတယ်။ ဒါပေမယ့် ကိုယ့် မိန်းကလေးမိတ်ဆွေတွေဟာ သိပ်ကလေးဆန်တယ်လို့ သူက



www.burmeseclassic.com

www.burmeseclassic.com



ထင်နေတယ်။ အဲဒါ မှန်ပါတယ်။

မင်းရဲ့ အင်နာ

* * *

တနင်္ဂနွေ နံနက်
ဇူလိုင် ၅၊ ၁၉၄၂

ချစ်သော ကစ်တီ

ပြီးခဲ့တဲ့ သောကြာနေ့က ဂျူးဇာတ်ရုံမှာ ကိုယ်တို့ စာမေးပွဲ အောင်စာရင်း တွေကို ကြေညာတယ်။ ကိုယ့်အောင်မှတ်တွေကတော့ မဆိုးလှပါဘူး။ တစ်အိမ်သား လုံးကလည်း ကျေနပ်ကြတယ်။ စာမေးပွဲ အောင်မှတ်တွေနဲ့ ပတ်သက်လို့ ကိုယ့်မိဘ တွေရဲ့ သဘောက တစ်မျိုးပဲ။ အများတကာကနဲ့မတူဘူး။ အောင်မှတ်ကောင်းတာ မကောင်းတာကို သူတို့က သိပ်ဂရုမပြုဘူး။ ကိုယ်ပျော်တယ်၊ ကောင်းကောင်းမွန်မွန် နေတယ်ဆိုရင် ပြီးတာပဲ။ ကျန်တာတွေတော့ သူတို့ဘာသာသူတို့ လာလိမ့်မယ်ပေါ့။

ကိုယ်ကတော့ သူတို့နဲ့ ဆန့်ကျင်တယ်။ တပည့်ဆိုးတစ်ယောက် မဖြစ်ချင်ဘူး။ မွန်တက်ဆိုရီကျောင်းက သတ္တမတန်းမှာ ကိုယ်တကယ် နေချင်တယ်။ ဒါပေမယ့် ဂျူး အလယ်တန်းကျောင်းကပဲ ကိုယ့်ကို လက်ခံတယ်။ ကိုယ့်အစ်မ မားဂေါ့ရဲ့ အောက်မှတ်တွေကတော့ ခါတိုင်း လိုပဲ ကောင်းပါတယ်။

ဖေဖေလည်း ဟိုတုန်းကလို အပြင်ကို သိပ်မထွက်တော့ဘူး။ အလုပ်ကလည်း သိပ်မရှိတော့ဘူး၊ မဟုတ်လား။ လွန်ခဲ့တဲ့ ရက်အနည်း ငယ်တုန်းက ကိုယ်တို့ လမ်းလျှောက် သွားကြတော့ ဖေဖေက ပုန်းလျှိုးနေရမယ်ဆိုတဲ့အကြောင်း စပြောတယ်။ ဒီလိုစကားမျိုးကို ဖေဖေ ဘာဖြစ်လို့ ပြောရသလဲလို့ ကိုယ်သိပ်အံ့သြ နေမိတာပေါ့။

'ဟုတ်တယ် အင်နာ။ ဖေဖေတို့ပိုင်တဲ့ ပစ္စည်းတွေကို ဂျာမန်တွေက





မှာ။ သူတို့လက်ခုပ်ထဲကို ဖေဖေတို့ကျရမှာ မလိုလားဘူး။ ဒါကြောင့် ဖေတို့ဘာသာ ရှောင်နေကြမယ်။ သူတို့ လာဖမ်းချိန်အထိ စောင့် နေနိုင်ဘူး'လို့ ဖေဖေက ပြောတယ်။

'ဒါဖြင့် ဘယ်တော့လောက် ရှောင်နေမှာလဲ ဖေဖေ'လို့ ကိုယ် မေးတဲ့အခါကျတော့ ဖေဖေက ကိုယ့်အံ့အားသင့်လောက်အောင် သးလေးနက်နက်ကြီး ပြန်ပြောတယ်။

'ဒါအတွက် မပူနဲ့သမီးရယ်။ အားလုံးကို ဖေဖေတို့ စီစဉ်ပါ့မယ်။ မီး ပျော်ပျော်ပါးပါး နေရမယ့်အခိုက်မှာ ပျော်ပျော်ပါးပါးသာနေ'တဲ့။ ဖေ့စကားကတော့ ဒါပါပဲ။ အို ဒီစကားတွေ အကောင်အထည်ပေါ်လာဖို့ တော့ ဝေးသေးတယ် ထင်တာပဲကွယ်။

မင်းရဲ့ အင်နာ

* * *

ဗုဒ္ဓဟူး
ဇူလိုင် ၈၊ ၁၉၄၂

်သော ကစ်တီ

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကစပြီး ကနေ့အထိနေရတဲ့ အချိန်ကာလ တာ အကြာကြီးလိုပါပဲ။ အဖြစ်အပျက်တွေလည်း အများကြီးပဲ။ တစ်ကမ္ဘာ ။ ကျွမ်းကိုးမှောက်ခုံ ဖြစ်နေသလိုပေါ့။ ဒါပေမယ့် ကစ်တီရေ၊ ကိုယ်တော့ ခုအထိ အသက်နဲ့ကိုယ် မြဲနေပါသေးတယ်။' ဒါအရေးအကြီးဆုံးလို့ ဖေက ပြောထားတယ်မဟုတ်လား။

ဟုတ်တယ် ကစ်တီ။ ကိုယ်အခုအထိ အသက်နဲ့ကိုယ် မြဲနေ သးတာ သေချာပါတယ်။ ဒါပေမယ့် ဘယ်နေရာမှာ ဘယ်လို အသက် ကိုယ် မြဲနေသေးသလဲ ဆိုတာကိုတော့ မမေးပါနဲ့။ စကားလုံးတစ်လုံး ည်းနဲ့ပြောလို့ မင်းနားလည်မှာ မဟုတ်ဘူး။ အဲဒါကြောင့် တနင်္ဂနွေနေ့ န်းလွဲ ပိုင်းမှာ ဘာဖြစ်ခဲ့တယ်ဆိုတာကစပြီး ကိုယ် ပြောပြပါ့မယ်။

သုံးနာရီလောက်မှာ (ဟယ်ရီထွက်သွားပြီး ပြန်လာခါစပဲ) ရှ



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်က ခေါင်းလောင်းမြည်သံကို ကြားရတယ်။ ကိုယ်မ
ဝရံတာမှာ ပျင်းပျင်းရှိတာနဲ့ လှဲရင်း စာတစ်အုပ်ကို ဖတ်နေတေ
ခေါင်းလောင်းသံကို မကြားလိုက်မိဘူး။ ခဏအကြာမှာ မားဂေ့
မီးဖိုတံခါးပေါက်ဝနားမှာ တွေ့ရတယ်။ သူဟာ တုန်လှုပ် နေတယ
'ဖေဖေ့ကို လာတွေ့ဖို့ဆိုပြီး နာဇီပုလိပ်တွေက ဆင့်ခေါ်တဲ့စာပို့ လိုက်တယ
မေမေတော့ မစ္စတာ ဖန်ဒန်းတို့နဲ့ သွားတွေ့ပြီ'လို့ မားဂေ့
လေသံနဲ့ပြောတယ်။ (ဖန်ဒန်းဆိုတာ ဖေဖေနဲ့ လုပ်ငန်းအတူလုပ်နေ
မိတ်ဆွေပေါ့။) ဒါဟာကိုယ့် အတွက်အကြီးအကျယ် တုန်လှုပ်စေပါတယ
ဆင့်ခေါ်တယ်တဲ့။ ဆင့်ခေါ်တယ် ဆိုတာရဲ့ အဓိပ္ပာယ်ကို လူတိုင်းသိ
တယ်။ ညှဉ်းပန်းရေးစခန်းတွေနဲ့ တစ်ကိုယ် တည်းနေရတဲ့ အချုပ်ခ
ကျဉ်းကလေးတွေကို ကိုယ်သတိရမိတယ်။ ဖေဖေ့ကို ဒီနေရာမျိုးတွေ
ပို့ထားခံရမှာကို ကိုယ်တို့ ကြည့်ရက်ပါ့မလား။ ဖေဖေကတော့ သူ
ခေါ်ရာကို သွားမှာ မဟုတ်ဘူး သေချာတယ်။ မနက်ဖြန်မှာ တို့ပုန်းအော
ရမယ့်နေရာဆီကို ရွှေ့ရကောင်းမလားလို့ မေမေက မစ္စတာ ဖန်ဒ
တို့မိသားစုနဲ့ သွားတိုင်ပင်တယ်။ 'ဖန်ဒန်းတို့ မိသားစုကလည်း တ
အတူနေမယ် ဆိုတော့ တို့အားလုံး စုစုပေါင်းခုနစ်ယောက်ရှိမယ်'တ
မားဂေ့က ပြောတယ်။ ပြီးတော့ တိတ်နေတယ်။ ဖေဖေ့အကြော
ကိုတွေး၊ မေမေ့ကိုစောင့်၊ အပူဒဏ်ကိုခံရင်း ကိုယ်တို့ဟာ တစ်ယောက်
တစ်ယောက် စကားမပြောနိုင်ကြဘူး။

ချက်ချင်းဘဲ တံခါးခေါင်းလောင်းမြည်လာပြန်ရော။ 'ဒါ ဟယ်ရီ
တံခါး မဖွင့်နဲ့'လို့ ကိုယ်က မားဂေ့ကို ပြောလိုက်တယ်။ မားဂေ့
ကိုယ့်ကိုကွယ်ထားတယ်။ ဒါပေမယ့် မလိုတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတေ
မေမေနဲ့ မစ္စတာဖန်ဒန်းတို့ဟာ အောက်ထပ်မှာ ဟယ်ရီနဲ့အတူ စက
ပြောရင်း လျှောက်လာတာကို ကြားရလို့ပါပဲ။ သူတို့ဟာ အတွင်းဘက်
ဝင်လာပြီး တံခါးကိုလည်း ပိတ်လာခဲ့တယ်။ တံခါး ခေါင်းလော
မြည်သံကြားတိုင်း ကိုယ်နဲ့ မားဂေ့ဟာ တံခါးကိုဖွင့် မပေးသေ





ဖေဖေများလားလို့ ချောင်းကြည့်ရတာ အမောပဲ။

မားဂေ့နဲ့ကိုယ့်ကို အခန်းအပြင်ဘက်ထွက်ခိုင်းတယ်။ မစ္စတာ ဖန်ဒန်းက မေမေနဲ့ နှစ်ယောက်တည်းစကားပြောချင်တယ်။ ကိုယ်တို့ နှစ်ယောက် အိပ်ခန်းမှာ ကျန်နေရစ်တဲ့ အခါကျတော့ မားဂေ့က ဆင့်ခေါ်တာဟာ ဖေဖေ့ကိုမဟုတ်ဘူး။ သူ့ကိုသာ ဖြစ်တယ်ဆိုတဲ့ အကြောင်း ပြောပြတယ်။ ကိုယ်တော့ အံ့ဩလို့မဆုံး၊ ထိတ်လန့်လို့ မဆုံးဖြစ်ပြီး ငိုမိတာပါပဲ။ မားဂေ့ဟာ အသက် ၁၆ နှစ်ပဲ ရှိပါသေးတယ်ကွယ်။ ဒီလိုအသက်အရွယ်နဲ့ မိန်းကလေးတွေကို သူတို့က ခေါ်သွားမယ်တဲ့လား။ ကိုယ်တို့ ပုန်းနေရမယ်ဆိုပြီး ဖေဖေက ပြောတာ ဒါကြောင့်ကိုး။

ပုန်းနေရမယ်၊ ဘယ်မှာပုန်းရမလဲ။ မြို့မှာလား၊ တောမှာလား။ အိမ်ထဲမှာလား၊ တဲကလေးထဲမှာလား။ ဘယ်တော့လဲ၊ ဘယ်လိုလဲ။ ဘယ်မှာလဲ။

အဲဒါဟာ ကိုယ်ကမေးခွင့်မရပေမယ့် ကိုယ့်စိတ်ထဲက ထုတ်ပစ်လို့မရ တဲ့မေးခွန်းတွေပါပဲ။ မားဂေ့နဲ့ ကိုယ်ဟာ အရေးပါတဲ့ ကိုယ်ပိုင်ပစ္စည်းအချို့ကို ကျောင်းလွယ်အိတ်တွေထဲ ထည့်ကြတယ်။ ပထမဆုံး ကိုယ်ထည့်တဲ့ပစ္စည်းကတော့ ဒီမှတ်တမ်းစာအုပ်ပါပဲ။ နောက်ပြီး ဆံပင်ကောက်ဆံညှပ်တွေ၊ လက်ကိုင်ပုဝါတွေ၊ ကျောင်း စာအုပ်တွေ၊ စာဟောင်းတွေနဲ့ ဘီးတစ်ချောင်းကိုပါ ထည့်တယ်။ ကိုယ်တို့တော့ သွားပုန်းနေရတော့မယ်ဆိုတဲ့ စိတ်ကူးနဲ့တွေ့ရာ ပစ္စည်းကို ထည့်ယူတာပဲ။ ဒါပေမယ့် ကိုယ်ဝမ်းမနည်းပါဘူး။ ကိုယ့်အတွက် အမှတ်ရဖွယ်ဆိုတာဟာ ကိုယ့်အဝတ်အစားတွေထက် တန်ဖိုးရှိနေမယ်မဟုတ်လား။

၅ နာရီထိုးတော့ ဖေဖေရောက်လာတယ်။ မစ္စတာကူဖစ်ကို ညနေဘက်မှာ လာနိုင်ရင်လာဖို့ ဖုန်းဆက်လိုက်တယ်။ မစ္စတာ ဖန်ဒန်းလည်း အပြင်ထွက်သွားပြီး မိယက်ကို ခေါ်လာတယ်။ မိယက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၃ ခုနှစ် လောက်ကစပြီး ဖေဖေနဲ့ အလုပ်အတူတူလုပ်လာပြီး သူ့အသစ်စက်စက် ယောက်ျားဟန်လိုပဲ ဖေဖေနဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေ ဖြစ်လာတယ်။ မီယက်ရောက်လာပြီး ဖိနပ်၊ အဝတ် အစား၊ ကုတ်အင်္ကျီ၊ အတွင်းခံတွေ၊ ခြေစွပ်တွေကို သူ့အိတ်ထဲမှာ ထည့်ယူသွားပြီး ညနေပိုင်းမှ ပြန်လာမယ်လို့ ပြောသွားတယ်။

ဒီနောက်တော့ တစ်အိမ်လုံးဟာ တိတ်ဆိတ်နေတယ်။ ကိုယ်တို့ တစ်အိမ်သားလုံး ဘာမှစားသောက်ချင်ဟဲ့စိတ်လည်း မရှိကြဘူး။ ပူက လည်း ပူသေးတယ်။ အရာရာတိုင်း ဟာလည်းအံ့ဩစရာ တွေချည်း ဖြစ်နေတာကိုး။ ကိုယ်တို့ရဲ့ အထက်ထပ်ကို မစ္စတာ ဂေါ့စမစ်ဆိုတဲ့ လူကို ငှားထားတယ် မဟုတ်လား။ သူဟာ အသက်သုံးဆယ်လောက်ရှိ တဲ့ တစ်ခုလတ်ပဲ။ အင်မတန်လည်း အလိုက်မသိတတ်ဘူး။ အဲဒီညနေ မှာ လာထိုင်နေလိုက်တာ ည ၁၀ နာရီ လောက်မှပြန်သွားတယ်။ ၁၁ နာရီ ထိုးတော့ မီယက်နဲ့ ဟန့်ဗန်ဆန်တင်တို့ ရောက်လာကြတယ်။ နောက် တစ်ခါ ခြေစွပ်တွေ၊ ဖိနပ်တွေ၊ စာအုပ်တွေကို သူတို့ရဲ့အိတ်ကြီးတွေထဲ ထည့်ကြပြန်ရော။ ကိုယ်လည်း ခြေပစ်လက်ပစ် မောပန်းနွမ်းနယ်နေတာ ပဲ။ ကိုယ့်အိပ်ရာမှာ အိပ်ရတာ ဒီညဟာ နောက်ဆုံးပဲဆိုတာ ကိုယ်သိ ပေမယ့် ချက်ချင်းပဲအိပ်ပျော်သွားပြီး မနက် ၅ နာရီခွဲမှာ မေမေက လာနှိုးတယ်။

ကံကောင်းချင်တော့ ဒီနေ့ဟာ တနင်္ဂနွေနေ့ကလို မပူဘူး။ တစ်နေ့လုံး မိုးကလေး ဟာဖွဲဖွဲရွာနေတယ်။ ကိုယ်တို့ဟာ မြောက်ဝန်ရိုး စွန်းကိုသွားကြတော့ မယ့်အတိုင်းပဲ အဝတ်အစားတွေကိုယူလို့။ အင်း အခုလိုအချိန်မျိုးမှာ အဝတ်အစား သေတ္တာတွေကိုယူပြီး အပြင်ထွက်ဝံ့တဲ့ ဂျူးရယ်လို့ မရှိပါလား။ ကိုယ်ကတော့ ဇာဖောက်ထားတဲ့ ဖိနပ်၊ သိုးမွေး ဦးထုပ် စသည်တွေနဲ့ အဝတ်အစား အပြည့်အစုံကို ဝတ်ထားတာပဲ။

မာဂေါ့ကတော့ သူ့လွယ်အိတ်ထဲမှာ ကျောင်းစာအုပ်တွေ အပြည့် ထည့်ပြီး မီယက် နောက်ကနေ သူ့ဘိုင်စကယ်နဲ့ လိုက်လာတယ်။ ဘယ်





...လဲဆိုတာတော့ ကိုယ်မသိဘူးပေါ့။ ကိုယ်တို့ လျှို့ဝှက်ပုန်းအောင်း ...ယ့်နေရာဟာ ဘယ်မှာလဲဆိုတာ ကိုယ် အခုအထိ မသိသေးဘူး။ ...နာရီခွဲကျတော့ ကိုယ်တို့နောက်က တံခါးကို ပိတ်လိုက်တယ်။ ကိုယ်က ...ာခါနီးအဖြစ် နှုတ်ဆက်မိတာကတော့ ကိုယ့်ကြောင် ကလေးပါပဲ။ ...ိမ်နီးချင်းတွေက သူ့ကို စောင့်ရှောက်ပါလိမ့်မယ်။ ဒီအကြောင်းတွေကို ...စ္စတာ ဂေါ့စမစ်ဆီရေးတဲ့ စာယုံမှာ ဖော်ပြထားတယ်။

ကြောင်ကလေးအတွက် မီးဖိုထဲမှာ အသားတစ်ပေါင်ရှိတယ်။ မနက်စာ စားနေကျ ပန်းကန်တွေဟာ စားပွဲပေါ်မှာ ဒီအတိုင်းပဲ။ အိပ်ရာ တွေဟာလည်း ဟောင်းလောင်းပေါ့။ ကိုယ်တို့ဟာ ကမန်းကတန်း ထွက်ခွာ သွားရတယ်ရယ်လို့ ထင်မြင်ယူဆစရာပဲ။ ဒါပေမယ့် ဒီထင်မြင်ယူဆ ချက်တွေကို ကိုယ်တို့ ဂရုမစိုက်နိုင်ပါဘူး။ အဝေးကိုသာ ထွက်သွားချင် တယ်။ လွတ်မြောက်ချင်တယ်။ လုံလုံခြုံခြုံနေရာကို ရောက်ချင်တယ်။ ဒါထက်ပိုပြီး ဘာမှမလိုချင်ဘူး။ မနက်ဖြန်မှ ဆက်ဦးမယ်။

မင်းရဲ့ အန်နာ

* * *

ကြာသပတေး

ဇူလိုင် ၉၊ ၁၉၄၂။

ချစ်သော ကစ်တီ

တစွေစွေရွာသွန်းနေတဲ့ မိုးထဲမှာ ကိုယ်ရယ်၊ ဖေဖေရယ်၊ မေမေ ရယ် လမ်းလျှောက်ထွက်ခွာလာကြတယ်။ ကျောင်းလွယ်အိတ်တွေထဲ မှာရော၊ ဈေးဝယ်ခြမ်းတဲ့အခါသုံးတဲ့ အိတ်တွေထဲမှာရော ရသမျှပစ္စည်း တွေကို ဖြစ်သလို ထည့်လို့ပေါ့။

အလုပ်သွားကြတဲ့ လူတွေကလည်း ကိုယ်တို့ကို ကြင်နာတဲ့ အကြည့်နဲ့ ကြည့်ကြတယ်။ ကိုယ်တို့ကို လိုက်မပို့နိုင်ကြတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ဝမ်းနည်းကြေကွဲကြတာကို သူတို့ရဲ့ မျက်နှာတွေမှာ တွေ့ရတယ်။ ကိုယ်တို့ကိုယ်မှာ ဟပ်ထားရတဲ့ ကြယ်ဝါကြီးတွေက ရှိနေသေးတယ် မဟုတ်လားကွယ်။

လမ်းကျတော့မှပဲ ဖေဖေနဲ့ မေမေတို့က ကိုယ့်ကို အစီအစဉ်နဲ့ ပတ်သက်ပြီး ပြောကြ တော့တာပဲ။ ကိုယ်တို့အတွက် လိုအပ်တဲ့ပစ္စည်းတွေကို လပေါင်းများ စွာကကတည်းကစပြီး ကြိုပို့ထားပြီးပြီ။ ဇူလိုင်လ ၁၆ ရက်နေ့မှာ ကိုယ်တို့ စိတ်ဆန္ဒအလျောက် ရှောင်တိမ်း ပုန်းအောင်းဖို့အတွက် အစစအရာရာ အသင့်ဖြစ်နေပြီ။ ဒါပေမယ့် ဒီအစီအစဉ်ကို ၁၀ ရက်စောပြီးလုပ် လိုက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆင့်ခေါ်စာ ရောက်လာလို့ပေါ့။ ဒါကြောင့် ကိုယ်တို့ နေရမယ့်နေရာကို ကောင်းစွာ မစီစဉ်ရသေးပေမယ့် အကောင်းဆုံးဖြစ်အောင်တော့ ဖန်တီးပြီးနေကြမယ်ပေါ့။ ပုန်းရမယ့်နေရာကတော့ ဖေဖေရဲ့ ရုံးခန်းရှိရာ အဆောက်အအုံမှာပါပဲ။ အပြင် လူဆိုရင် သိမှာမဟုတ်ဘူး။ အဲဒါကို နောက်တော့ ကိုယ်ရှင်းပြပါ့မယ်။

ဖေဖေ့လုပ်ငန်းမှာ အလုပ်လုပ်နေကြသူရယ်လို့ သိပ်များများစားစားမရှိ လှဘူး။ မစ္စတာ ကရာဂါ၊ ကူဖစ်၊ မီယက်နဲ့ ကိုယ်တို့ရောက်လာတာ ကိုသိတဲ့ အသက် ၂၃ နှစ်ရှိ လက်နှိပ်စက်စာရေးမ အဲလီဗော့ဆင်တို့ပဲ ရှိကြတယ်။ အဲလီရဲ့အဖေ ‘မစ္စတာဗော့ဆင့်နဲ့ တခြားလူနှစ်ယောက်က ကုန်လှောင်ရုံမှာ အလုပ်လုပ်ကြသူများ ဖြစ်လေဇော့ သူတို့ကို အသိမပေးဘူး။

အဆောက်အဦအကြောင်းကို ကိုယ်ရေးပြမယ်။ အောက်ထပ်မှာ စတိုခန်းအဖြစ် အသုံးပြုတဲ့ ကုန်လှောင်ရုံကြီးရှိတယ်။ ကုန်လှောင်ရုံ တံခါးပြီးရင် ဝင်ပေါက်မျက်နှာစာတံခါး ရှိတယ်။ မျက်နှာစာတံခါး အတွင်းဘက်မှာ အထပ်ခိုးကိုသွားတဲ့ ဒုတိယ တံခါးပေါက်ရှိတယ်။ အထပ်ခိုးရောက်ရောက်ချင်း တံခါးပေါက် တစ်ပေါက် ရှိတယ်။ ဒီတံခါးပေါက်ကမှန်မှာ “ရုံးခန်း”ဆိုတဲ့ စာလုံးအနက်ကို ဖန့်လန့်ဖြတ် ရေးထားတယ်။





အဲဒါဟာ ရုံးခန်းကျယ်ကြီးပါပဲ။ အင်မတန်ကျယ်တယ်။ လင်းတယ်။ အဲလီရယ်၊ မီယက်ရယ်၊ မစ္စတာကူဖစ်ရယ် ဒီအခန်းမှာ အလုပ်လုပ်ကြတယ်။ နောက်တစ်ခါ မီးခံသေတ္တာ တစ်လုံး၊ ဘီရိုတစ်လုံးရှိတဲ့ ရုံးခန်းမဲမှောင်မှောင်လေးလည်း ရှိသေးတယ်။ ဒီရုံးခန်းလေးကိုတော့ မစ္စတာ ကရာဂါနဲ့ မစ္စတာဖန်ဒန်းတို့ အသုံးပြုကြပြီး အခုတော့ မစ္စတာ ကရာဂါ တစ်ယောက်ပဲ အသုံးပြုတယ်။ လူသွားလမ်းကနေပြီး မစ္စတာ ကရာဂါရဲ့ ရုံးခန်းကိုတော့ ရောက်နိုင်တယ်။ ဒါပေမယ့် အတွင်းကသာ ဖွင့်နိုင်တဲ့ မှန်တံခါးကတစ်ဆင့် သွားမှရောက်မယ်။ ဒီမှန်တံခါးကြီးကို အပြင်ဘက်က ဖွင့်ဖို့တော့ မလွယ်ဘူး။

ကရာဂါရဲ့ရုံးခန်းကနေပြီး စကြံရှည်အကိုင်းသွားပြီး အထက်ကို လေးလှမ်း တက်ရင် အဆောက်အဦတစ်ခုလုံးရဲ့ ပြခန်းဖြစ်တဲ့ သီးသန့်ရုံးခန်းကိုရောက်နိုင်တယ်။ ဒီအခန်းက ကြမ်းပြင်ပေါ်မှာ ကော်ဇောခင်းထားတယ်။ ရေဒီယိုရှိတယ်။ လှပတဲ့ မီးတိုင်လည်းရှိတယ်။ အိမ်ထောင်ပရိဘောဂတွေဆိုလည်း အကောင်းစားတွေချည်းပဲ။ အဲဒီကဆက်သွားရင် ရေနွေး ပိုက်တို့၊ ဓာတ်ငွေ့မီးဖိုတို့ရှိတဲ့ မီးဖိုခန်းကို ရောက်မယ်။ ပြီးတော့မှ အိမ်သာခန်း။ အဲဒါကတော့ ပထမအထပ်ပဲ။

အောက်ထပ် လူသွားလမ်းကနေ ဒုတိယအထပ်ကိုတက်တဲ့ သစ်သား လှေကားထစ်ကလေး ရှိသေးတယ်။ လှေကားအဆုံးမှာ အထပ်ခိုးရှိတယ်။ အထပ်ခိုးရဲ့ တစ်ဖက်တစ်ချက်မှာ တံခါးပေါက်တွေရှိပြီး လက်ဝဲဘက် တံခါးပေါက်က အိမ်အရှေ့ဘက် စတိုခန်းနဲ့ အိမ်ရဲ့အထက် အမြင့်ဆုံးအထပ်ကို သွားလို့ရတယ်။ တစ်ဖက်မှာတော့ ဒတ်ချ်တွေ အသုံးပြုလေ့ရှိတဲ့ လှေကား ထစ်တွေကနေပြီး လမ်းမဘက်ကို ထွက်လို့ရတဲ့ အပေါက်လည်းရှိတယ်။

လယ်ယာဘက်တံခါးပေါက်ကတော့ ကိုယ်တို့ရဲ့ ‘လျှို့ဝှက်ခန်းဆောင်’ကို ရောက်တယ်။ အညိုရောင်တံခါးရဲ့ နောက်နားမှာ ဒီလောက်များတဲ့ အခန်းတွေ ရှိလိမ့်မယ်လို့ ဘယ်သူကမှ ထင်မှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



တံခါးရှေ့နားမှာ ဝင်ပေါက် သေးသေးကလေးရှိတယ်။ အဲဒီကသွား အထဲကို ရောက်သွားတာပါပဲ။

အဲဒီဝင်ပေါက်ကလေးနဲ့ မျက်နှာချင်းဆိုင်မှာ လှေကားကလေ ရှိတယ်။ လက်ဝဲဘက်က စင်္ကြံကလေးအတိုင်းသွားရင် ဖရင့်မိသားစု အိပ်ခန်းနဲ့ ဧည့်ခန်းပေါ့။ အဲဒီအခန်းနဲ့ ကပ်ရက်သားအခန်းကျဉ်းကလေ တစ်ခုရှိသေးတယ်။ ဒီအခန်းကလေးက အဲဒီမိသားစုထဲက မိန်းမငယ် နှစ်ယောက်အတွက် စာကြည့်ခန်းနဲ့ အိပ်ခန်းပဲ။ လက်ယာဘက်က ပြတင် တံခါးမရှိတဲ့ အခန်းငယ်ကလေးမှာတော့ ရေချိုးခန်း၊ အိမ်သာခန်းကလေ တွေခွဲထားပြီး တစ်ဖက်တံခါးပေါက်ကနေ တွက်လိုက်ရင် မားဂေါ့ ကိုယ့်အခန်းကို ရောက်လာနိုင်တယ်လေ။

တကယ်လို့သာ မင်းဟာ နောက်ထပ်လှေကားတစ်ခုကနေပြီ အပေါ်ထပ်ကို တက်သွားရင် တူးမြောင်းဘေးနားက ဒီလိုဟောင်းနွမ်း တဲ့အိမ်မှာ ဒီလောက်အလင်း ရောင်ရပြီး ကျယ်ဝန်းတဲ့အခန်းကြီး ရှိနေ ပါကလားလို့ မင်းတော့ အံ့သြနေမှာပါပဲ။ အဲဒီအခန်းမှာ ဓာတ်ငွေ့မီးဖို ရှိတယ်။ ဒီမှာ ဗန်ဒန်းတို့မိသားစုနေကြတယ်။

စင်္ကြံဘက်က အခန်းငယ်ကလေးကတော့ ပီတာဗန်ဒန်းရဲ့ အခန်းဖြစ်လာတယ်။ ကဲ အဲဒါဟာ ကိုယ်တို့ရဲ့ လှပတဲ့ 'လျှို့ဝှက်ခန်း ဆောင်' ကို မင်းနဲ့ မိတ်ဆက်ပေးလိုက်တာပါပဲ။

မင်းရဲ့ အင်နာ

* * *

သောကြာ

ဇူလိုင် ၁၀၊ ၁၉၄၂

ချစ်သော ကစ်တီ

ကိုယ်တို့နေတဲ့ အိမ်အကြောင်းကို ရှည်ရှည်လျားလျားကြီးလျှောက်





ဖော်ပြခဲ့တဲ့အတွက် မင်းတော့ တော်တော်ပဲ ရှင်းသွားပလားမသိဘူး။ အခုဆိုရင် ကိုယ်တို့ စခန်းချရာကို မင်းသိရောပေါ့။

ဒါပေမယ့် ကိုယ့်ဇာတ်လမ်းက မဆုံးသေးဘူးဆိုတော့ ဒီဇာတ်လမ်း ကို ကိုယ်ဆက် ရဦးမယ်။ စခန်းချမယ့်နေရာကိုလည်း ရောက်သွားရော မီယက်က ကိုယ်တို့ကို အပေါ်ထပ်က လျှို့ဝှက်အခန်းကို ခပ်သုတ်သုတ်ပဲ ခေါ်သွားတယ်။ ကိုယ်တို့နောက်က တံခါးကို မီယက်က ပိတ်လိုက်တဲ့ အခါကျတော့ ကိုယ်တို့ချည်းပဲ ကျန်နေတော့တာပေါ့။ မားဂေါ့ကတော့ ဘိုင်စကယ်နဲ့လာသူမို့ ကိုယ်တို့ အရင် ရောက်နေနှင့်ပြီး ကိုယ်တို့ကို စောင့်နေတယ်။ ကိုယ်တို့ နေရမယ့် အခန်းရော၊ တခြားအခန်းတွေရော ဟာ အမှိုက်သရိုက်တွေနဲ့ ပွလို့ပေါ့။ ရုံးကိုပို့ခဲ့တဲ့ စက္ကူသေတ္တာကြီး တွေဟာဆိုရင်လည်း ခုတင်တွေပေါ်မှာရော၊ ကြမ်းပြင်ပေါ်မှာရော ပြန့်ကြဲ နေတယ်။ အခန်းတွေကို ချက်ချင်းပဲ ကိုယ်တို့ရှင်းလင်းကြရတာပေါ့။ ဒီညမှာ သန့်သန့်ပြန့်ပြန့်နဲ့ ကောင်းကောင်းမွန်မွန် အိပ်ချင်ရင် ကိုယ်တို့ မရှင်းလင်းလို့ မဖြစ်ဘူး။

မေမေနဲ့ မားဂေါ့ကတော့ ချည့်ချည့်နဲ့နဲ့တွေ မဟုတ်လား။ အဲဒါ ကြောင့် အခင်းမခင်းရသေးတဲ့ ခုတင်ပေါ်မှာ နွမ်းနွမ်းနယ်နယ် ပင်ပင် ပန်းပန်း ထိုင်နေကြတယ်။ ဒါပေမယ့် မိသားစုထဲက ဖေဖေနဲ့ ကိုယ်က တော့ ချက်ချင်းလုပ်ငန်းစချင်ကြတယ်လေ။

တစ်နေ့လုံးလိုလိုပါပဲ အထုပ်တွေကိုဖြေ၊ ကပ်ထူပြားတွေကိုကပ်၊ တူတွေထုနဲ့ အလုပ်ရှုပ်ကြတာပါပဲ။ အဲဒီညကျတော့ သန့်သန့်ရှင်းရှင်း ဖြစ်နေတဲ့ အိပ်ရာပေါ်မှာ မြေပစ်လက်ပစ် အိပ်ချလိုက်တယ်။ တစ်နေ့လုံး နွေးထွေးစရာဆိုလို့လည်း ကိုယ်တို့မှာ ဘာမှမရှိဘူး။ မေမေနဲ့ မားဂေါ့တို့ မောပန်းနေကြသလောက် ကိုယ်နဲ့ဖေဖေလည်း အလုပ်ရှုပ်ရတာပါပဲ။

အင်္ဂါနေ့ကျတော့ ကိုယ်တို့ထွက်ခွာလာခဲ့တဲ့ နေရာဟောင်းကို သွားကြသေးတယ်။ အဲလီနဲ့ မီယက်တို့က ကိုယ်တို့အတွက် ရိက္ခာတွေကို



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းပေးတယ်။ ကိုယ်တို့ အဲဒီနေ့တစ်နေ့လုံး မီးဖိုခန်း ကြမ်းပြင်ကို ကိုက်ကြတယ်။ ဒါနဲ့တစ်နေ့ကုန် ပြုန်ကာပါပဲ။

ဗုဒ္ဓဟူးနေ့အထိ ကိုယ်ဟာ ကိုယ့်ဘဝမှာ အကြီးအကျယ် ပြောင်းလဲနေတာကို သတိ မထားခဲ့မိသေးဘူး။ ကဲ ဒီနေရာကို ရောက်လာချိန်ကစပြီး ပထမဆုံး အကြိမ်အဖြစ် အဲဒီအပြောင်းအလဲအကြောင်း မင်းကိုပြန်ပြောပြဖို့ရော၊ ကိုယ့်မှာ ဘာဖြစ်ခဲ့သလဲ၊ မရှေ့ဆက် ဘာဖြစ် ဦးမလဲ ဆိုတာကိုပါ ကိုယ့်ကိုယ်ကို သဘောပေါက်ရဖို့ရော အခွင့်အရေးတစ်ရပ် ရခဲ့ပါပြီ။

မင်းရဲ့ အင်နာ

* * *

စနေ
ဇူလိုင် ၁၁၊ ၁၉၄၂

ချစ်သော ကစ်တီ

၁၅ မိနစ်တိုင်း တစ်ကြိမ်ကျ ကိုယ်တို့ကို အချိန်နာရီပြောပြနေတဲ့ ဝက်စတာတိုရင် နာရီကြီးရဲ့အသံကို ဖေဖေ၊ မေမေနဲ့ မားဂရက်တို့ဟာ ကျင့်သားမရနိုင် လောက်အောင် ဖြစ်နေကြသေးတယ်။

ကိုယ်ကတော့ ကျင့်သားရနေပြီ။ သူ့အသံကို စကြားကြားချင်း ကိုယ် သဘောကျတယ်။ အထူးသဖြင့် ညဘက်များဆိုရင် ဒီနာရီသံဟာ သစ္စာရှိတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ အသံလိုပါပဲ။ ကိုယ်တို့ အခုလို 'ပျောက်ကွယ်'နေကြပုံဟာ ဘာနဲ့တူသလဲဆိုတာ မင်းသိပ်စိတ်ဝင်စားမလား မသိဘူး။ ကိုယ်တော့ အခုအထိ မသိသေးဘူး။ ခိုအောင်းနေရတဲ့ ဒီနေရာမှာ ကိုယ့်ရဲ့ အိုးအိမ်စစ်စစ်ပဲလို့တော့ ဘယ်တော့မှထင်မဟာ မဟုတ်ပါဘူး။ ဒီလိုဆိုလိုက်တော့ ဟောဒီအိမ်မှာနေရတာ ကိုယ် ပျင်းရိငြီးငွေ့နေပြီလို့ အဓိပ္ပာယ်မကောက်စေချင်ဘူး။ အင်မတန် တသီးတခြား





...င်လှတဲ့ ဘော်ဒါအိမ်တစ်အိမ်မှာ အားလပ်ချိန်ယူနေရတာမျိုးနဲ့ သိပ်တူ...ယ်လို့ ကိုယ်ဆိုချင်တယ်။

'လျှို့ဝှက်ခန်းဆောင်'ဟာ တကယ် တိတ်ဆိတ် အေးချမ်းတဲ့ ...အောင်း စရာနေရာပါပဲ။ တစ်ဖက်ကို နည်းနည်းယိုင်နေပေမယ့် ...အိမ်လောက် ချမ်းမြေ့တဲ့ နေရာကို အမ်စတာဒမ် တစ်မြို့လုံးမှာသာမက ...ဟော်လန်တစ်ပြည်လုံးမှာတောင် ရှာလို့တွေ့မယ် မထင်ဘူး။

ကိုယ်တို့ရဲ့အခန်းကျဉ်းကလေးဟာ ပထမတုန်းကတော့ ဟာလာ...င်းလင်း၊ သက်သက်ပဲ။ နံရံမှာလည်း ဘာမှမရှိဘူး။ နောက်တော့ ...ယ့်ရဲ့ ရုပ်ရှင်ဓာတ်လိုက်ပုံတွေ၊ ဓာတ်ပုံပို့စကတ်တွေကို ယူလာခဲ့တဲ့ ...ဖေရဲ့ ကျေးဇူးကြောင့် သုတ်ဆေးဘူးနဲ့ စုတ်တန်တို့ရဲ့ အကူအညီနဲ့ ...ခန်းနံရံကို ဆေးခြယ်လိုက်တာပါပဲ။ ဒီတော့ အခန်းကလေးကို ...ကြည့်ရတာ ပိုလှလာတယ်ပေါ့။

မားဂရက်နဲ့ မေမေတို့က အခုတော့ တော်တော်လေး နေကောင်း...ကြပါပြီ။ မနေ့ကဆိုရင် မေမေဟာ ပထမဆုံးအကြိမ်အဖြစ် စွပ်ပြုတ်...တ်နိုင်တဲ့အထိ အားအင်ပြည့်ဖြိုးလာတယ်။

မစ္စတာကူဖစ်ကတော့ ကိုယ့်အတွက် 'လူငယ်များ၏ နှစ်ပတ်...ည်'ဆိုတဲ့ စာအုပ်တစ်အုပ်ယူလာတယ်။ ကိုယ်တို့လေးယောက်ဟာ ...နေ့ညနေက သီးသန့် ရုံးခန်းထဲသွားပြီး ရေဒီယို နားထောင်ကြတယ်။ ...တစ်ယောက်ယောက်ကများ ကြားသွားမလားဆိုပြီး ကိုယ်ဟာ သိမ့်သိမ့်...ုန်အောင် ကြောက်လာတာနဲ့ အပေါ်ထပ်ကို ပြန်တက်ကြပါစို့ဆိုပြီး ...ဖေ့ကို အတင်းဆွဲခေါ် မိသည်အထိ ဖြစ်ရတယ်။ ကိုယ်ဖြစ်နေပုံကို ...မေကလည်း နားလည်လေတော့ ကိုယ်တို့နဲ့အတူ အပေါ်ထပ်ကို ...န်လိုက်လာတယ်။ အိမ်နီးချင်းတွေကများ ကြားသွားမလား။ ကိုယ်တို့ ...ဖြစ်အပျက်တွေကိုများ တွေ့သွားမလားလို့ ကိုယ်တို့ဟာ ထိတ်လန့်စိုးရိမ်...ကြရတာလည်း အလွန်ပဲ။

ရောက်ရောက်ချင်း ကိုယ်တို့ဟာ ...တန့်လန့်ကာတွေကို ချုပ်ကြ...



www.burmeseclassic.com

www.burmeseclassic.com



ကာကြတယ်။ ကန့်လန့်ကာရယ်လို့တော့ ခေါ်သာရုံပေါ့လေ။ အရော… အသွေးနဲ့ အဆင်အမျိုးမျိုး ဖြစ်နေတဲ့ အစတွေကို ကိုယ်နဲ့ ဖေဖေတို့… ချုပ်ပြီး ကန့်လန့်ကာ လုပ်ကြတာပေါ့။

ကိုယ်တို့ရဲ့ညာဘက်မှာ လုပ်ငန်းအဲဆောက်အဦး ခပ်ကြီးကြီ… အချို့ရှိတယ်။ ဘယ်ဘက်မှာတော့ အိမ်ဖောင်ပရိဘောဂအလုပ်… တစ်ရုံရှိပြီး အလုပ်ချိန်ပြီးရင် အဲဒီမှာ ဘယ်သူမှမရှိပေမယ့် ညဘက်ဆိုရ… အသံပလံတွေကို ကြားနိုင်တာမို့ မားဂေါ့ကို အအေးမိနေတဲ့ကြားထဲက… ချောင်းမဆိုးရဘူးလို့ ကိုယ်တို့က ပြောထားတယ်။ သူ့ခမျာ ချောင်းဆို… ပျောက်ဆေးပြား တွေကိုချည်း နင်းကန်စားနေရတာပေါ့။

ကိုယ်ကတော့ အင်္ဂါနေ့ရောက်ဖို့ပဲ စောင့်နေမိတယ်။ ဘာဖြစ်လို့… ဆိုတော့ ဖန်ဒန်းတို့မိသားစု ရောက်လာမှာမို့ပဲ။ သူတို့ရောက်လာရ… ဒီလောက်လည်း မတိတ်ဆိတ်တော့ဘူး။ ပိုပြီး ရယ်ရ၊ ပျော်ရမယ်… မဟုတ်လား။ အခုတော့ ညနေဘက်နဲ့ ညဘက်များဆိုရင် တိတ်ဆိတ်… နေလွန်းလို့ ကိုယ်ဟာ ကြောက်နေတယ်။ ကိုယ်တို့ကို ကာကွယ်… စောင့်ရှောက်နေကြတဲ့ လူတွေထဲက တစ်ယောက်ယောက်များ ကိုယ်တ… နဲ့အတူ လာအိပ်ပါစေတော့လို့ ဆုတောင်းမိတယ်။

အပြင်ကို မထွက်နိုင်တာ ဘယ်လောက် အခံရခက်တယ်ဆိုတ… မင်းကို ကိုယ်ပြောမပြနိုင်လောက်အောင်ပါပဲ။ ကိုယ်တို့ကို ရှာတွေ့သွ… ပြီး ပစ်သတ်ခံရလို့ သေရမှာလည်း အကြီးအကျယ် ဆောက်တည်ရာမ… နိုင်လောက်အောင် ကြောက်နေမိတယ်။ သာယာလှပတဲ့ အလားအလ… မဟုတ်တာတော့ သေချာပါတယ်ကွယ်။ နေ့ဘက်ဆိုရင် ကိုယ်တို့ဟ… တိုးတိုးကလေး လေသံနဲ့ပြောပြီး ညင်ညင်သာသာ နေရတယ်။ ဘာဖြ… လို့လဲဆိုတော့ ကိုယ်တို့အသံကို ကုန်လှောင်ရုံထဲက ကြားသွားမှာစိုးလို့ပဲ…

တော်သေးပြီ။ တစ်ယောက်ယောက်က ကိုယ့်ကိုခေါ်နေတယ်…

မင်းရဲ့ အင်…



သောကြာ

ဩဂုတ် ၁၄၊ ၁၉၄၂

…ချစ်သော ကစ်တီ

မင်းဆီကို တစ်လလုံးလုံး ကိုယ်စာမရေးခဲ့ဘူး။ မင်းကို တစ်လ…လုံးလုံး ကိုယ်က ပစ်ထားခဲ့မိတယ်။ ရိုးရိုးသားသားပြောပါရစေ။ ကိုယ်တို့…ဆီမှာ ဘာမှသတင်း ထူးတာရယ်လို့မရှိတော့ နေ့စဉ် မင်းကိုပြောဖို့ ပျော်စရာရွှင်စရာ အကြောင်းအရာ ရယ်လို့ ကိုယ်ရှာမတွေ့ဘူး။

ဖန်ဒန်းတို့မိသားစုကတော့ ဂျူလိုင် ၁၃ရက်နေ့မှာ ရောက်လာ…ခဲ့ကြတယ်။ သူတို့ ၁၄ရက်နေ့မှလာလိမ့်မယ်လို့ ကိုယ်တို့ က ထင်နေတာ။ ဒါပေမယ့် ဂျူလိုင် ၁၃ရက်နဲ့ ၁၆ ရက်ကြားမှာ ဂျာမန်တွေက လူမှန်သမျှ အကုန်လိုက်ဆင့်ခေါ် နေလေတော့ အခြေအနေ မငြိမ်မသက်နဲ့မို့ သူတို့…လည်း တစ်ရက်စောပြီး လုံခြုံရာကို ရွှေ့လာကြတာပေါ့။

မနက် ၉ နာရီခွဲ (ကိုယ်တို့နံနက်စာ စားနေတုန်း)မှာ ဖန်ဒန်းရဲ့သား …ပီတာ ရောက်လာတယ်။ သူဟာ အသက် ၁၆ နှစ်တောင် မပြည့်သေးဘူး။ …ပျော့ပျောင်းတယ်၊ ရှက်တတ်တယ်၊ ပုံပန်းမကျ ခပ်အအပဲ။ သူနဲ့အဖော် …လုပ်လို့ သိပ်ရမယ်မထင်ဘူး။ သူ့ကြောင် မိုရှီကိုလည်း ခေါ်လာတယ်။ …မစ္စတာဖန်ဒန်းနဲ့ သူ့မိန်းမတော့ နာရီဝက်လောက်ကြာမှ ရောက်…လာတယ်။

သူတို့ရောက်လာတဲ့အချိန်ကစပြီး ကိုယ်တို့ဟာ စကားတပြော…ပြောနဲ့ ထမင်းအတူတူ စားကြတယ်။ သုံးရက်ကြာပြီးတဲ့နောက်ပိုင်း…ကျတော့ တစ်မိသားစုထဲလို ဖြစ်သွားကြတာပဲ။ လူနေတဲ့ကမ္ဘာကြီးမှာ …သူတို့ဟာ ကိုယ်တို့ထက်ပိုပြီး ရက်ကြာကြာနေခဲ့ရတာမို့ ကိုယ်တို့ကို …အကြောင်းအရာတွေ အများကြီး ပြန်ပြောနိုင်ကြတယ်။ ကိုယ်တို့အိမ်…ရော မစ္စတာဂေါ့စမစ်ရော ဘယ်လိုဖြစ်ကုန်ကြတယ်ဆိုတာဟာ စိတ်ဝင်…စားစရာ အကောင်းဆုံးပဲ။ မစ္စတာဖန်ဒန်းက ဘယ်လို ပြောသလဲဆိုတော့…

တနင်္လာနေ့ မနက် ၉ နာရီမှာ မစ္စတာဂေါ့စမစ်က ကျုပ်ကိုလာတို့



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ခေါ်တာနဲ့ ကျုပ်သွားတယ်၊ ဟိုလဲရောက်ရော သူဟာ အကြီး
အကျယ် ထိတ်လန့်နေပြီး စာတစ်စောင်ကို ပေးဖတ်တယ်။ စာထဲမှာတော့
ဖရင့်မိသားစုဟာ ထွက်ခွာ သွားပြီ။ ကြောင်ကလေးကို အိမ်နီးပါးချင်း
တွေက ဂရုစိုက်ဖို့ မှာထားတဲ့အကြောင်း တွေ့ပါတယ်။ ကျုပ်ကတော့
စာကိုဖတ်ပြီး သိပ်ကျေနပ်နေတာပါပဲ။ အိမ်ကိုရှာမှာ သူက စိုးရိမ်နေတာနဲ့
ကျုပ်တို့ဟာ အခန်းတိုင်းက ပစ္စည်းတွေကို လိုက်ရှင်းပစ်တာပဲ။ အဲဒီအခိုက်
မစ္စတာဖရင့်ရဲ့ စာရေးစားပွဲပေါ်မှာ မာ့စ္စထရစ်ကို လိပ်စာအသင့် တပ်ပြီး
သား စာတစ်စောင် သွားတွေ့တယ်။ ဒီစာကို တမင်ထားခဲ့မှန်း ကျုပ်
သိထားပဲ။ သိပေမယ့် အံ့ဩချင်ဟန်၊ စိတ်လှုပ်ရှားဟန်ဆောင်ပြီး ဒီစာလေး
ကို ဆုတ်ဖြဲပစ်ဖို့ မစ္စတာဂေါ်စမစ်ကို ပြောလိုက်တယ်။

'တစ်ချိန်လုံးလုံး ခင်ဗျားတို့ ပျောက်သွားတာကို မသိတဲ့
ဟန်ဆောင်လာတာပဲ။ ဒါပေမယ့် စာရွက်ပိုင်းကလေးကို တွေ့ပြီးတဲ့
အခါကျတော့ ကျုပ်ဦးနှောက်တွေ ဆူပွက်သွားတာပဲ။ ဒါနဲ့ ကျုပ်က
မစ္စတာ ဂေါ်စမစ်၊ ဒီလိပ်စာနဲ့ပတ်သက်လို့ ကျုပ်စဉ်းစားလို့ရလာ
တာရှိတယ်။ လွန်ခဲ့တဲ့ ၆ လလောက်တုန်းက အထက်တန်း အရာရှိကြီး
တစ်ဦး ဒီမှာရှိခဲ့ဖူးတယ်။ သူဟာ မစ္စတာဖရင့်နဲ့ တော်တော်လေး ရင်းနှီးပြီး
လိုအပ်ရင် ကူညီမယ် ဘာမယ်တောင် ပြောခဲ့တာပဲ။ အခု သူဟာ မာ့
ထရစ်မှာ ရှိနေလေတော့ အကူအညီပေးနိုင်မယ် ထင်တာပဲ။ ဘယ်လို
ဂျီယံကိုပဲ ဖြစ်ဖြစ်၊ ဆွစ်ဇာလန်ကိုပဲဖြစ်ဖြစ် ခေါ်ထုတ်သွားပေး နိုင်မလားလ
မသိဘူး။ ဒီအကြောင်း စုံစမ်းတဲ့ လူတိုင်းကို ကျုပ်ပြောရမယ်။ ဒါပေမယ့်
မာ့စ္စထရစ် ဆိုတာကိုတော့ မပြောဘူး'လို့ ပြောလိုက်သည်။

'ကျုပ်လည်း ဒီလိုပြောပြီး အိမ်ကထွက်လာခဲ့တယ်။ ခင်ဗျား
မိတ်ဆွေအများ စုက သိနှင့်ကြပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်နဲ့တွေ့တဲ့
လူတိုင်းက ကျုပ်ကို ပြောခဲ့ကြလို့ပါပဲ'

မစ္စတာ ဖန်ဒန်းပြောတာကို နားထောင်ပြီး ကိုယ်တို့လည်း စိတ်
လက်ပျောက် ဖြစ်ကြတယ်။ စိတ်ပါလက်ပါလည်း ရယ်မောကြတယ်





လူအမျိုးမျိုးက စကားအမျိုးမျိုး ပြောကြတယ်ဆိုတာကို။ တချို့က
မနက်စောစော ကိုယ်တို့ညီအစ်မ ဘိုင်စကယ်စီးသွားတာကို တွေ့လိုက်
တယ်တဲ့။ တချို့ကတော့လည်း ညသန်းခေါင် ယံလောက်မှာ ကိုယ်တို့ကို
စစ်ကားတစ်စီးက လာခေါ်သွားတာ သေသေချာချာ တွေ့လိုက်ရတယ်ဆိုပဲ။

မင်းရဲ့ အင်နာ

• • •

သောကြာ

ဩဂုတ် ၂၁၊ ၁၉၄၂

ချစ်သော ကစ်တီ

ကိုယ်တို့ ခိုအောင်းနေတဲ့ နေရာဆီဝင်တဲ့ အဝင်ပေါက်ကို အခုတော့
ကျကျနန လျှို့ဝှက်ပြီးပါပြီ။ တံခါးရဲ့ရှေ့နားမှာ စာအုပ်စင် တစ်ခုထားရင်
ပိုကောင်းမယ်လို့ မစ္စတာ ကရာဂါက ယူဆတယ်။ (ဘာဖြစ်လို့လဲဆိုတော့
ဘိုင်စကယ်တွေ ဝှက်ထား ရကောင်းမလား ဆိုပြီးအိမ်တွေ အများအပြားကို
ရှာခဲ့လို့ပါပဲ။)

အဲဒီစာအုပ်စင်ကတော့ တံခါးလို အလွယ်တကူ ဖွင့်နိုင်အောင်
ရွှေ့ပြောင်းလို့ရတဲ့ စင်ကလေးပါပဲ။ ဒီလုပ်ငန်းတစ်ခုလုံးကို မစ္စတာ
ဗော့ဆင်က လုပ်ပေးပါတယ်။ တကယ်လို့ ကိုယ်တို့ အောက်ထပ်ကို
ဆင်းချင်ရင် နည်းနည်းလေးလျှော့ပြီး အောက်ကို ခုန်ချလိုက်ရတယ်။
ဘာဖြစ်လို့လဲဆိုတော့ လှေကားကို ဖြုတ်ချထားတာကိုး။ တံခါးပေါက်
ကိုလည်း နိမ့်ထားတော့ ကိုယ်တို့နဖူးတွေမှာ တိုက်မိခိုက်မိလို့ အဖု
အထစ်တွေတောင် ရလို့ပေါ့။ အခုတော့ တံခါးဘောင်ထိပ်နားမှာလွှစာ
မှုန့်တွေ သိပ်ထားတဲ့ အဝတ်ကိုကားကျက်ထားရတယ်။

အခိုက်အတန့်အားဖြင့်တော့ ကိုယ်သိပ်အလုပ်မလုပ်ဘူး။ စက်တင်
ဘာအထိ ကိုယ့် ကိုယ်ကို အနားပေးထားတယ်။ ဖေဖေက ကိုယ့်ကို
စာသင်ပေးတယ်။ ကိုယ် ဘယ်လောက် မေ့ကုန်ပြီလဲဆိုတာ တွေးမိပြီး
စိတ်ထဲမှာ တုန်လှုပ်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ရဲ့ဘဝဟာ အပြောင်းအလဲရှယ်လို့ သိပ်မရှိလှပါဘူး။ မစ္စတာ ဖန်ဒန်နဲ့ ကိုယ်ကတော့ ဘယ်တော့မှ မျက်နှာကြောမတည့်ဘူး။ သူက မားဂရေ့ကိုမှ အရေး ပေးတယ်လေ။ မေမေကလည်း တစ်ခါတလေ ကိုယ့်ကို တကယ့်သမီးပေါက်စလေးလို ဆက်ဆံတယ်။ ဒါကို သိပ်အခံရ ခက်တာပဲ။ တခြားဟာတော့ အားလုံးကောင်းပါတယ်။ အခုအထိတော့ ပီတာကို ကိုယ်သဘောမတွေ့မိသေးဘူး။ သူဟာ နေ့တစ်ဝက်လုံးလုံး ပျင်းပျင်းရိရိနဲ့ ခုတင်ပေါ်မှာ ကျောခင်းနေလေ့ရှိတယ်။ တစ်ခါ တလေ လက်သမားကိရိယာတွေနဲ့ ထလုပ်ပြီး တစ်ခါတလေတော့ ကြက်အိပ် ကြက်နိုး မှေးနေတာပဲ။ ကဲ ဘယ်လို အရူးလဲမသိဘူး။

ရာသီဥတုကတော့ ချစ်စရာပါပဲ။ ဖွင့်ထားတဲ့ ပြတင်းတံခါးပေါက်က နေရောင် တောက်ပနေတတ်တဲ့ အထက်ဆုံးအထပ်ခိုးပေါ် မှာရှိတဲ့ အိပ်ရာပေါ်မှာ လဲလျောင်းရင်း အဖြစ်နိုင်ဆုံး၊ အကောင်းဆုံး အပန်းဖြေ အနားယူနေရတာပါပဲကွယ်။

မင်းရဲ့ အင်နာ

* * *

ဗုဒ္ဓဟူး

စက်တင်ဘာ ၂၊ ၁၉၄၂

ချစ်သော ကစ်တီ

မစ္စတာနဲ့ မစ္စက်ဖန်ဒန်းတို့ အကြီးအကျယ် ရန်ဖြစ်ကြတယ်။ တစ်ခါမှ ဒီလိုရန်ဖြစ် တာမျိုးကို ကိုယ်မတွေ့ဖူးဘူး။ မေမေနဲ့ ဖေဖေ တို့ဟာဆိုရင် တစ်ယောက် ကိုတစ်ယောက် အော်ဟစ်ဟောက်လားတောင် မလုပ်ဘူး။ ရန်ဖြစ်ကြရတဲ့အကြောင်း ကလည်း ဘာမှဖြစ် လောက်တာ မဟုတ်ဘူး။ အင်း-လူတွေဟာ ကိုယ့်စိတ်ကြိုက်တော့ လိုက်လုပ်နေကြ ဟာ ချည်းပါပဲလား။

ဒါပေမယ့် အနားမှာရှိနေတဲ့ ပီတာ့အတွက်တော့ စိတ်မချမ်း





မြှဖြစ်ရမှာ ဓမ္မတာပဲပေါ့။ သူဟာ ပျင်းတယ်၊ တစ်ကိုယ်တည်း နေလေ့ တယ်မို့ ဘယ်သူကမှ သူ့ကိုလေးလေး နက်နက်ထည့် စဉ်းစားကြတာ ဟုတ်ဘူး။ မနေ့က သူ့လျှာဟာ နီနေရမယ့်အစား ပြာနေတယ်ဆိုပြီး စိတ်လန့်တကြားပေါ့။ ဒီနေ့တော့ သူ့လည်းပင်းမှာ မာဖလာပတ်လို့။ နာတယ်လို့ ပြောတာပဲ။ နလုံးကနာတယ်၊ ကျောက်ကပ်က နာတယ်၊ ဆုတ်တွေဟာ ပုံမှန်မဟုတ်တော့ဘူးဆိုပြီး၊ တစ်မျိုးမဖြစ် တစ်မျိုးတော့ ဖစ်နေတာပဲ။ သူဟာ တကယ့်စိတ္တဇဝေဒနာသမားပဲ။ (ဒီလိုလူမျိုးကို စကားလုံးသုံးရမယ် မဟုတ်လားဟင်)။

မေမေနဲ့ မစ္စက်ဖန်ဒန်တို့ကလည်း သိပ်မတည့်ကြပါဘူး။ တစ်ယောက်နဲ့ တစ်ယောက်အဆင်မပြေစရာ အကြောင်းတွေကလည်း အများကြီးပဲလေ။ ဥပမာ ပြရမယ်ဆိုရင် အများအတွက်သုံးရမယ့် အဝတ် ဂီရိုထဲက အခင်းတွေအနက် မစ္စက်ဖန်ဒန်းက သူ့အခင်းသုံးခုကို ယူသွား တယ်။ မေမေ့အခင်းတွေကိုသာ အများအတွက် သုံးပစေဆိုတဲ့ သဘော ပဲ။ မေမေကလည်း သူ့နမူနာအတိုင်း လိုက်လုပ်ပြတော့ သူအံ့သြသွား တာပေါ့။

နောက်ပြီး ညစာ စားတဲ့အခါမှာ သူ့ပန်းကန်တွေသာသုံးပြီး ကိုယ်တို့ပန်းကန်တွေကို မသုံးဘဲထားတာကိုလည်း အင်မတန် အခံရခက် နေတူတယ်။ ကိုယ်တို့ ပန်းကန်တွေ ဘယ်မှာထားတယ်ဆိုတာ အမြဲတမ်း လိုက်စုံစမ်းနေတော့တာပဲ။ မနေ့က ကိုယ့်ကြောင့် မစ္စက်ဖန်ဒန်းရဲ့ င်းချို ပန်းကန်တစ်ချပ်ဟာ အစိတ်စိတ်အမွှာမွှာ ကွဲသွားတယ်။ နည်းနည်းလောက်မှ ဂရုမစိုက်ဘူးလား၊ ကျပ်မှာ စုစုပေါင်းမှ ဒီတစ်ချပ် ဲ ကျန်တော့တယ်"လို့ မစ္စက်ဖန်ဒန်းက ပြောသည်။

မစ္စတာဖန်ဒန်းကတော့ ကိုယ့်အပေါ်မှာ ချိုချိုသာသာပါပဲ။ ကြာရှည် ပါစေလို့ ဆုတောင်းရတာပဲ။ မေမေနဲ့ ကိုယ်ဟာ ဘယ်တော့မှ တည့်တယ်လို့ မရှိဘူး။ ဖေဖေကတော့ ကိုယ့်ကို သိပ်ချစ်တယ်။ ကိုယ့် အပေါ် စိတ်ဆိုးလည်း ငါးမိနစ်လောက်ဆိုပြီး ပြီးသွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့အပတ်က ကိုယ်တို့ရဲ့ ငြီးငွေ့စရာ ‘လောကကလေးမှ
အနှောင့်အယှက် အနည်းငယ်ဖြစ်ခဲ့ရတယ်။ မိန်းမအကြောင်း ရေးထား
စာအုပ်တစ်အုပ်နဲ့ ပီတာကြောင့်ပေါ့။ မစ္စကာကူဖစ် ငှာပေးထားတဲ့ စာအု
အားလုံးလိုလိုကို မားဂေ့ါနဲ့ ပီတာတို့က ဖတ်ခွင့်ရကြတယ်။ ဒါပေမယ်
မိန်းမအကြောင်းရေးထားတဲ့ စာအုပ်တွေကိုတော့ သူတို့ဟာ သိမ်းသိမ်
းထားကြတယ်။ ပီတာကလည်း အင်မတန် အံ့သြလေသလားတော့ မသိ
ဘူး။ ဒီစာအုပ်ကို သူကဝှက်ထားတယ်။ ရက်တော်တော်လေးကြာသည်
အထိ ဘာမှမဖြစ်ကြသေးဘူးပေါ့။ သူဘာလုပ် နေတယ်ဆိုတာကို သူ
အမေက သိပေမယ့် ဘာမှမပြောဘူး။ နောက်ဆုံး သူ့အဖေကသိသွား
တော့ စိတ်ဆိုးမာန်ဆိုးနဲ့ စာအုပ်ကိုယူသွားတယ်။ ဒီကိစ္စဟာ ဒီလောက်နဲ့
ပြီးသွား မယ်လို့ထင်တာပေါ့။ ပီတာကလည်း ဒီစာအုပ်ကို ထပ်ပြီ
သိမ်းထားဖို့ အမျိုးမျိုးကြံစည်တာ ပေါ့လေ။ အဲဒီအချိန်မှာ မစ္စက်ဖန်ဒန်
က မေမေ့ကို ဘယ်လိုသဘောရ သလဲလို့ မေးတယ်။ ဒီလိုစာအုပ်မျိုးက
မားဂေ့ါဖတ်ဖို့ မသင့်လျော်ဘူးလို့ ထင်တယ်။ ဒါပေမယ့် စာအုပ်များများ
ဖတ်တာကတော့ အန္တရာယ်မရှိဘူးလို့ထင်တယ် စသည်ဖြင့် ပြော
လိုက်တယ်။

‘မားဂေ့ါနဲ့ ပီတာရဲ့အကြားမှာ အကြီးအကျယ် ခြားနားချက်
တယ် . မစ္စက်ဖန်ဒန်းရဲ့။ ပထမဆုံးအချက်က မားဂေ့ါဟာ အပျိုအရွယ်
မိန်းကလေး၊ မိန်းကလေး ဆိုတာ ယောက်ျားလေးထက် ပိုပြီးအရွယ်
ရောက်မြန်တယ်။ ဒုတိယအချက်ကတော့ မားဂေ့ါဟာ အင်မတ
လေးနက်တဲ့ စာအုပ်တွေကို တော်တော်များများ ဖတ်ပြီးနေပြီမို့ သူ့အတွက်
တားမြစ်ပိတ်ပင်ထားတဲ့ အရာတွေကို အထူးတလည် ရှာဖွေနေဖို့မလိုဘူး
တတိယအချက်အနေနဲ့ မားဂေ့ါဟာ ချင့်ချိန်နိုင်းဆနိုင်တဲ့ အရွယ်
ရောက်နေပြီ’ လို့ မေမေက ပြောပြလိုက်တယ်။ မစ္စက်ဖန်ဒန်းက မေမေ
ပြောတာကို သဘောတူတယ်။ ဒါပေမယ့် အရွယ်ရောက်ပြီးသူတွေအတွက်
ရေးသားထားတဲ့ စာအုပ်တွေကို ကလေးတွေက ဖတ်တာမှုအားဖြ





မှားတယ်လို့ မစ္စက်ဖန်ဒန်းက ယူဆနေသေးတယ်လေ။

အဲဒီအချိန်မှာ ပီတာဟာ အနှောင့်အယှက်မရှိ၊ ဆူပူမယ့်သူမရှိ၊ သူတစ်ယောက် တည်း လွတ်လွတ်လပ်လပ်နေနိုင်တဲ့ အချိန်တစ်ချိန်ကို ရနေတယ်။ အဲဒီအချိန် ကတော့ ည ၇ နာရီခွဲ၊ အားလုံးဟာ သီးသန့်ရုံးခန်းထဲဝင်ပြီး ရေဒီယို နားထောင် နေချိန်ပေါ့။

ဒီအချိန်မှာပဲ သူဟာ သိမ်းထားတဲ့စာအုပ်ကိုယူပြီး အပေါ်ဆုံးအထပ်မှာ တက်ဖတ်နေရော။ အမှန်တော့ သူဟာ ည ၈ နာရီခွဲမှာ အောက်ထပ်ကို ပြန် ရောက်ရမယ်။ ဒါပေမယ့် စာအုပ်မှာ သိပ်စိတ်ဝင်စားနေတာမို့ ပြန်မရောက်နိုင်ဘဲ သူ့အဖေရောက်တဲ့ အချိန်ကျမှ သူဟာလည်း အခန်းထဲကို ပြန်ရောက်လာတယ်။ ကဲ နောက်ဆက်တွဲဘာတွေ ဖြစ်မယ်ဆိုတာ မင်းစဉ်းစားကြည့်စမ်း။ ရိုက်တာရော နှက်တာရော စုံသွားတာပဲ။ စာအုပ်လည်း စားပွဲပေါ်မှာ ရောက်နေပြီး ပီတာကတော့ အထက်ဆုံးအထပ်မှာ တက်နေတယ်။

ဒီလိုဖြစ်တော့ ကိုယ်တို့ဟာ စားပွဲမှာထိုင်နေကြတယ်။ ပီတာဟာ ညစာ မစားဘဲနဲ့ အပေါ်ထပ်မှာပဲ နေတော့တာပဲ။ သူ့ကိုလည်း ဘယ်သူ့ကမှ လိုက်မခေါ်ဘူး။ ကိုယ်တို့က ခါတိုင်းလိုပဲ ပြောပြောဆိုဆို ရယ်ရယ်မောမောနဲ့ ထမင်းစားနေတုန်း အသံတိုးတိုးနဲ့ ရှူးရှူးရှရှပြောတဲ့စကားလုံးတွေကို ကြားလိုက်ရတော့ ထမင်းစားတာ ကိုရပ်ပြီး တစ်ယောက်ကိုတစ်ယောက် စိုးရိမ်တကြီး ကြည့်နေမိကြတယ်။ မီးခိုး ခေါင်းတိုင်ဆီကနေ အောက်ဘက်ကိုငုံ့ပြီး အော်ပြောနေတဲ့ ပီတာ့အသံကို ကြားရတယ်။ ‘ကျွန်တော် ဘယ်နည်းနဲ့မှ အောက်ကို ဆင်းမလာဘူးလို့ ပြောပြီးပြီမဟုတ်လား’ တဲ့။ အဲဒီတော့ မစ္စတာဖန်ဒန်းဟာ ထိုင်နေရာက ထလိုက်တယ်။ သူ့မျက်နှာ ဟာ နီရဲတက်လာတာပဲ။ ‘တော်စမ်း၊ တော်စမ်း၊ ငါ မကြားချင်ဘူး’ လို့ ဟစ်အော်လိုက်တယ်။

ဖေဖေက မစ္စတာဖန်ဒန်းရဲ့ လက်မောင်းကို လှမ်းဆွဲထားတယ်။ ရှေ့လျှောက်ပြီး ဘာတွေဖြစ်ဦးမလဲဆိုတာကိုလည်း ဖေဖေဟာ စိုးရိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပုံပဲ။ နောက်ပြီး သူတို့နှစ်ယောက် အပေါ်ဆုံးအထပ်ကို တက်သွားကြတယ်။ ငြင်းကြ ခုန်ကြနဲ့ အချေအတင် ပြောပြီးတဲ့ အခါကျတော့ ပီတာဟာ သူ့အခန်းဆီကို ဆင်းလာပြီး တံခါးပိတ်နေတယ်။ ဒီတော့မှ ကိုယ်တို့ဟာ ထမင်းဆက်စားရတယ်။ မစ္စက်ဗန်ဒန်းက သူ့သားအတွက် ပေါင်မုန့် တစ်ချပ်ချန်ထားဖို့ ကြိုးစားတယ်။ ဒါပေမယ့် သူ့ယောကျ်ားက ခေါင်းမာ မာနဲ့ ငြင်းတာပေါ့။ 'တောင်းပန်ရင် တောင်းပန်၊ မတောင်းပန်ရင် ဒီကောင် အပေါ်ဆုံး အထပ်မှာ အိပ်ရမယ်'တဲ့၊ ကိုယ်တို့ကတော့ ဝိုင်းကန့်ကွက်ကြ တယ်လေ။ ညစာမကျွေးဘဲ ထားတာကိုက အပြစ်ပေးတာ လုံလောက် နေပါပြီ။ ဒီလိုမှမဟုတ်လို့ ပီတာကို အပေါ်ဆုံးအထပ်မှာ အိပ်ခိုင်းပြီး အအေးမိနေရင် ကိုယ်တို့ ဆရာဝန် ခေါ်လို့လည်း မဖြစ်ဘူးမဟုတ်လား။

ပီတာက မတောင်းပန်ဘူး။ အပေါ်ဆုံးအထပ်မှာပဲ နေရတယ်။ ဖေဖေက ဖျောင်းဖျောင်း ဖျဖျ ပြောဆိုတောင်းပန်ပြီး ဖြန်ဖြေလိုက်ပါတယ်။ သုံးရက်လုံးလုံး မျက်စိမျက်နှာတွေ မကောင်းကြ။ တိတ်ဆိတ်နေကြတာဘဲ။ ပြီးတော့လည်း အရာရာတိုင်းဟာ ခါတိုင်းလို အေးအေးချမ်းချမ်း ပြန်ဖြစ် ရပြန်တာပါပဲ။

မင်းရဲ့ အင်နာ

* * *

တနင်္လာ

စက်တင်ဘာ ၂၁၊ ၁၉၄၂

ချစ်သော ကစ်တီ

ဒီနေ့တော့ ကိုယ်တို့ရဲ့ အထွေထွေသတင်းတွေ မင်းကို ပြောပြ မယ်။ မစ္စက်ဗန်ဒန်းဟာ အင်မတန် မခံချိမခံသာ ဖြစ်နေကယ်။ ကိုယ့်ကို စကားများရ ကောင်းလားဆိုပြီး ဘုကွေချည်း မှတ်နေတာပဲ။ ကိုယ်တို့ အပေါ်မှာလည်း တစ်နည်းမဟုတ် တစ်နည်းနဲ့ တွက်ကပ်တယ်။ ပန်းကန် ခွက်ယောက်တွေ ဆေးဖို့ ကြောဖို့ များများစားစား ကျန်တယ်ဆိုရင် မဆေးဘူး။ တစ်ခါတလေ မားဂေါ်က ဆေးကြော နေရရင်တော့ 'အင်း





ဘယ့်နှယ်ရှိစ မားဂေါ်၊ အလုပ်ရှုပ်နေပြီ မဟုတ်လား' ဘာလားနဲ့ ဒီမိန်းမကြီးက လာလာပြောလေ့ရှိတယ်။

ကိုယ်ကတော့ ဖေဖေနဲ့အတူ အလုပ်များနေတယ်။ မိသားစုထဲက အကြောင်း တွေကို ဖေဖေက ပြန်ပြောတာ နားထောင်ရတာ ကိုယ်တော့ သိပ်စိတ်ဝင်စားတာပဲ။ မစ္စတာကူဖစ်က အပတ်တိုင်းလိုလိုပဲ ကိုယ့်အတွက် စာအုပ်တွေ ယူယူလာကယ်။ 'နွေလယ်မှ ရှုးသွတ်ခြင်း'ကို ကိုယ်လေး ခေါက်တိတိ ဖတ်ပြီးပြီ။ အဲဒီစာအုပ်ထဲက အဖြစ်အပျက်တွေကို တွေးမိတိုင်း ရယ်ချင်နေပါသေးတယ်။

အချိန်ရခိုက်ဆိုပြီး ကိုယ်တော့ ပြင်သစ်စာကို ကြိုးကြိုးစားစား သင်နေတယ်။ တစ်နေ့ကို ကိရိယာငါးမျိုးအထိ ရအောင်ကျက်နေတာပဲ။ ပီတာကတော့ သူ့အင်္ဂလိပ် စာကိုပဲ အော်ကြီးဟစ်ကျယ် လုပ်လုပ်ဖတ် တယ်။ ကျောင်းစာအုပ်တချို့လည်း ထပ်ရောက်လာတယ်။ ခဲတန်၊ ဗလာ စာအုပ်၊ ခဲဖျက်တွေလည်း ကိုယ်တို့မှာ အလုံ အလောက် ရှိနေပါတယ်။ တစ်ခါ တလေတော့ လန်ဒန်ကလွှင့်တဲ့ ဒတ်(ချ်)သတင်းတွေကို ကိုယ် နားထောင်တယ်။ မကြာခင်ကဆို ဂျူလီယာနာ မင်းသမီးဟာလာမယ့် ဇန်နဝါရီလလောက်မှာ သားသမီးမွေးဖွားလိမ့်မယ်လို့ ဘန်းဟတ်မင်းသား က ကြေညာ တာကိုတောင် ကြားလိုက်ရတယ်။ ဆွေတော်မျိုးတွေတွေနဲ့ ပတ်သက်လို့ ကိုယ် အင်မတန်စိတ်ဝင်စားပါလားလို့ တချို့ကများ အံ့သြ လေမလား မသိဘူး။

ကိုယ့်ကို စာတွေ သိပ်ဖတ် သိပ်ရေးတယ်လို့ ပြောကြတယ်။ ကိုယ်ကတော့ အသက် ၁၄ နှစ်၊ ၁၅ နှစ်လောက်ရောက်တဲ့အထိ ဒီပထမတန်းမှာ ဆက်မနေချင်ဘူး။ နောက်ပြီး မေမေတို့ကဆိုရင် စာအုပ် တွေ အားကြီးဖတ်တာပဲ။ မားဂေါ့ကိုလည်း ပေးဖတ်တယ်။ ဒါပေမယ့် ကိုယ့်ကို တချို့စာအုပ်ကျတော့ ဖတ်ခွင့်မပေးဘူး။ ပထမအချက်အနေနဲ့ ကိုယ်ဟာ ကိုယ့်အစ်မလို အရွယ်ရောက်ရင့်သန်လာရမယ်။ ကိုယ်ဟာ အဘိဓမ္မာနဲ့ စိတ္တဗေဒတွေမှာ ဘာမှနားမလည်ဘူးလို့ သူတို့က ပြောကြ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ ဒီအကြောင်းတွေကို ကိုယ်လည်း ဘာမှမသိဘူး။ နောင်နှစ်ဆိုရင်တော့ ကိုယ်ဟာ ပိုပြီးပညာရှိ လာမလားမသိဘူး။ အဲဒီခက်ခဲတဲ့ စကားလုံးတွေကို ဒတ်(ချ်) အဘိဓာန်စာအုပ်ထဲမှာ ကိုယ်ဟာ ချက်ချင်းလိုက်ရှာကြည့်မိသေးတယ်။

ဆောင်းတွင်းအတွက် ကိုယ့်မှာ လက်ရှည်အင်္ကျီတစ်ထည်နဲ့ အတွင်းခံ သိုးမွေးအင်္ကျီ သုံးထည်ပဲရှိသေးတယ်ဆိုတာ သတိရပြီး အိပ်ရာက လန့်နိုးတယ်။ သိုးဖြူမွေးနဲ့ထိုးဖို့ ဖေဖေ့ဆီက ခွင့်တော့ တောင်းပြီးပြီ။ အကောင်းစား သိုးမွေးတော့ မဟုတ်ပေမယ့် နွေးရင်ပြီးတာပဲ မဟုတ်လား။ ကိုယ်တို့အဝတ်အစားတွေကို မိတ်ဆွေတွေဆီ အပ်ထားတာ ရှိသေးတယ်။ ဒါပေမယ့် သူတို့နဲ့ စစ်ကြီးမပြီးမချင်း တွေ့လို့မဖြစ်သေးဘူး။ ကိုယ်က မစ္စက်ဖန်ဒန်းအကြောင်း ရေးနေတုန်း သူဝင်လာတယ်။ ကိုယ်က စာအုပ်ကို ပိတ်လိုက်တယ်။

'ဟေး အင်နာ၊ ငါမကြည့်ရဘူးလား'

'ဟင့်အင်း၊ မကြည့်ရဘူး'

'ဒါဖြင့် နောက်ဆုံးစာမျက်နှာပဲ ကြည့်မယ်'

'ဟင့်အင်း၊ ဝမ်းနည်းပါတယ်'

ကိုယ်ဟာ အင်မတန် တုန်လှုပ်ချောက်ချားသွားတယ်။ ဘာဖြစ်လို့လဲသိလား။ အဲဒီစာမျက်နှာမှာမှ သူ့အကြောင်းကို တိတိကျကျ မကွယ်မထောင် ကိုယ်က ရေးထားတာကိုး။

မင်းရဲ့ အင်နာ

* * *

သောကြာ

စက်တင်ဘာ ၂၅၊ ၁၉၄၂

ချစ်သော ကစ်တီ

မနေ့ညနေက ကိုယ် အထက်ထပ်ကိုတက်ပြီး ဖန်ဒန်းမိသားစုဆီ သွားလည် တယ်။ စကားစမြည်ပြောဖို့ ကိုယ်ဒီလိုပဲသွားလေ့ရှိတယ်။





တစ်ခါတလေတော့ ရယ်စရာသိပ်ကောင်းတယ်။ ပိုးတွေ မှုတွေတက်နေတဲ့ ဘီစကွတ်တွေကို ကိုယ်တို့ စားကြ၊ လိမ္မော်ရည်လေးဘာလေး သောက်ကြပေါ့လေ။

နောက်ပြီး ပီတာ့အကြောင်း ကိုယ်တို့ ပြောကြတယ်။ ပီတာက မကြာခဏ ကိုယ့်ပါးကို ဘယ်လိုတို့လား၊ ဆွဲလိမ်လား၊ လုပ်တယ်ဆိုတာ သူတို့ကို ပြောပြ လိုက်တယ်။ ယောက်ျားလေးတွေက ကြမ်းကြမ်းတမ်းတမ်း တို့တာကိုင်တာကို ကိုယ်မကြိုက် တဲ့အတိုင်းပဲ သူကလည်း မလုပ်ပါစေနဲ့လားလို့ ကိုယ်ဆုတောင်းမိတယ်။

မိဘတွေရဲ့ ထုံးစံအတိုင်းပေါ့လေ။ ပီတာဟာ ကိုယ့်ကို သိပ်သဘောကျ နေတာမို့ ပီတာကိုများ ကိုယ်ကမချစ်ဖူးလားလို့ ကိုယ့်ကို မေးကြတယ်။ ကိုယ်ကတော့ ဘုရားတ လိုက်မိပါရဲ့။ မင်းစဉ်းစားကြည့်လေ။

ပီတာဟာ ပုံမကျ ပန်းမကျပါ။ ဒါဟာလည်း ရှက်တတ်လွန်းလို့ ဖြစ်ပါလိမ့်မယ်။ မိန်းကလေးတွေနဲ့ အဆက်အဆံ သိပ်မရှိဖူးတဲ့ တခြားယောက်ျားလေး တွေလိုပဲလို့ ကိုယ်က ပြန်ပြောလိုက်တယ်။

လျှို့ဝှက်ခန်းဆောင်က ခိုကိုးနေသူများကော်မတီ (အမျိုးသားဌာန)ပေါ့လေ။ အဲ သူတို့ဟာ တော်တော်လေး အကြံအဖန်ကောင်းနေကြတယ်ကွယ့်။ ယရာဗီလုပ်ငန်းရဲ့ ကိုယ်စားလှယ်ချုပ်လည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်တဲ့ မစ္စတာဗန်ဒက်ဆီကို ကိုယ်တို့သတင်းတွေရောက်အောင် ဘယ်လိုလုပ်သလဲ။ အခု ကိုယ်ပြောပြမယ်။ ဖေဖေ့လုပ်ငန်းနဲ့ အဆက်အသွယ်ရှိတဲ့ ဓာတုဗေဒသမားတစ်ယောက်ဟာ တောင်ပိုင်း ဇီလန်မှာ နေတယ်။ သူ့ကို လက်နှိပ်စက်နဲ့ စာတစ်စောင်ရိုက်ပြီး ပို့လိုက်တယ်။ စာပြန်ဖို့ လိပ်စာအသင့်ပါတဲ့ စာအိတ်ကိုပါ ထည့်ပေးလိုက်တယ်။ ဖေဖေက စာပြန်ဖို့ ရုံးလိပ်စာကို ပေးလိုက်တယ်။ ဒီစာအိတ် ဇီလန်က ပြန်ရောက်တဲ့အခါမှာ အထဲကစာကို ဆွဲထုတ်လိုက်တော့ အသက်ရှင်လျက်ရှိသေးတယ်ဆိုတဲ့ ဖေဖေ့လက်ရေးနဲ့ စာတစ်စောင်အစားထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သဘောကတော့ မစ္စတာဗန်ဒက်ဟာ ကိုယ်တို့ ဆီကစာကို ဖတ်ပြီးတဲ့အခါ တစ်စုံတစ်ရာ သံသယမရှိဘူးဆိုတဲ့ သဘောပါပဲ။ တောင်ပိုင်းဇီလန်အရပ်ကို ဘာဖြစ်လို့ ရွေးရသလဲဆိုတော့ ဒီအရပ်ဟာ ဘယ်လ်ဂျီယံနဲ့ သိပ်နီးတဲ့အပြင် နယ်စပ်ကနေ စာကိုလွယ်လွယ်ကူကူ ခိုးထုတ်သွားနိုင်တယ်။ နောက်ပြီး ဇီလန်ကို သွားခွင့်မရဘဲ ဘယ်သူမှ မသွားရဘူးမဟုတ်လား။ ဒီတော့ ကိုယ်တို့ဟာ ဇီလန်မှာ ရောက်နေတယ်လို့ သူထင်သွားရင် ကိုယ်တို့ကို နောက်ထပ် ရှာတော့မှာမဟုတ်ဘူး။

မင်းရဲ့ အင်နာ

* * *

တနင်္ဂနွေ

စက်တင်ဘာ ၂၇၊ ၁၉၄၂

ချစ်သော ကစ်တီ

မေမေနဲ့ စကားအပေါက်အလမ်း သိပ်မတည့်တာနဲ့ အခုတလော သိပ်မတွေ့ရဘူး။ မားဂေါ့နဲ့လည်း ကိုယ်မျက်နှာချင်းဆိုင်မိတယ်လို့ကို မရှိသေးဘူး။ ကိုယ်တို့ မိသားစုထဲမှာ တစ်ယောက် နဲ့တစ်ယောက်စကားအပေါက်အလန်း မတည့်ဘူးဆိုရင် ဒီလိုပဲ တစ်ယောက်နဲ့ တစ်ယောက် ခပ်ရှောင်ရှောင်နေလိုက်ရင် တဖြည်းဖြည်း သွေးအေးသွားကြတဲ့ ထုံးစံရယ်လို့ ရှိနေကယ် မဟုတ်လား။

ဒါပေမယ့် ကိုယ့်အတွက်ကတော့ ဒီလိုနေရတိုင်း စိတ်ချမ်းသာလှပြီလို့ မဆိုနိုင်ပါဘူး။ မားဂေါ့နဲ့ မေမေတို့ရဲ့ သဘာဝဟာ ကိုယ့်အတွက် အင်မတန်အံ့သြဖွယ်ရာ အထူးအဆန်းကို ဖြစ်နေတာပဲ။ ကိုယ့်မေမေထက် ကိုယ့်မိတ်ဆွေတွေကို ပိုပြီးနားလည်လို့ ရသေးတယ်။ ကဲ မခက်လား။

စစ်ပြီးရင် ဘာလုပ်ကြမလဲဆိုတဲ့ ပြဿနာတွေကို ကိုယ်တို့ မကြာခဏ ဆွေးနွေးကြတယ်။ ဥပမာဆိုရင် အစေခံတွေကို ဘယ်လိုခေါ်ဝေါ်ရမယ်၊ စကားပြောရမယ် ဆိုတာမျိုးပေါ့။

မစ္စက်ဖန်ဒန်းကလည်း နောက်ထပ် စိတ်ဆိုးမာန်ဆိုး ဖြစ်နေလေရဲ့။





သူ့စိတ်ဟာ ကြောက်စရာကောင်းလောက်အောင် တိုတောင်းနေတယ်။ သူပိုင်ဆိုင်တဲ့ ပစ္စည်းလေးတွေဆိုရင် အတွင်းသာ သိမ်းနေတော့တာပဲ။ ဖန်ဒန်း မိသားစုပိုင် ပစ္စည်းတစ်ခုခု ပျောက်သွားတယ်ဆိုတာနဲ့ တစ်ပြိုင်နက် မေမေကလည်း ဖရင့်မိသားစုပိုင် ပစ္စည်းတစ်ခုခုကို အစအန ပျောက်အောင် သိမ်းပြီး အဖြေပေးလိုက်တာပဲ။ ကိုယ့်သားသမီးအပြင် တခြားလူရဲ့ သားသမီးကိုပါ ချစ်ခင်ပြုစုတဲ့ လူတချို့ ရှိတယ်မဟုတ်လား။ အဲ ဖန်ဒန်းမိသားစုဟာ အဲဒီလို လူစားမျိုးတွေပါပဲ။

မားဂေါ့ကတော့ မလိုပါဘူး။ သူဟာသဘောကောင်း၊ မနောကောင်းပါ။ ချောက်ပစ်ကင်းပါ။ ဒါပေမယ့် ကိုယ်နဲ့ နှစ်ယောက်သား မျက်နှာချင်းဆိုင်လိုက်တိုင်း မတည့်တော့ဘူး။ ထမင်းစားရင်လည်း မျက်နှာချင်းဆိုင် ရန်ဖြစ်တာပဲ။ စကားများ တာပဲ။ ဒီလိုအခါမျိုးကျရင် မေမေနဲ့ ဖေဖေက ကိုယ့်ဘက်က အမြဲတမ်း ကာကွယ်ပါတယ်။ ကိုယ့်ကို စကားသိပ်မပြောနဲ့လို့ သူတို့က ပြောတယ်။ အပင်ပန်းမခံနဲ့၊ အရာရာကို မစပ်စုနဲ့လို့ ပြောတယ်။ ဒါပေမယ့် ကိုယ့်ကို ဘယ်လိုမှ လုပ်လို့ရမှာ မဟုတ်ပါဘူး။ တကယ်လို့ ကိုယ်တို့မိသားစုထဲမှာ ဖေဖေသာ ကိုယ့်အပေါ် တကယ် မကောင်းဘူး၊ သည်းမခံဘူးဆိုရင် ကိုယ်ဟာ ကိုယ့်မိဘတွေ အပေါ်မှာ တစ်သက်လုံး ကျေနပ်တော့မှာ မဟုတ်ဘူး။

အစားအစာ စားသောက်တဲ့အခါ တစ်ခါတလေ တခြားအသီးအရွက်တွေထက် အာလူးကို ကိုယ်က ပိုစားတယ်။ အဲဒီ အခါကျရင် ဖန်ဒန်းမိသားစုဟာ အကြီး အကျယ် မကျေနပ် ဟန်နဲ့–

'လာလာ အင်နာ၊ အသီးအရွက်တွေ နောက်ထပ် နည်းနည်းစားဦး'လို့ တန်းတန်းမတ်မတ် ပြောတော့တာပဲ။

'ကျေးဇူးတင်ပါတယ် မစ္စက်ဖန်ဒန်း၊ ကျွန်မမှာ အာလူးတွေ အများကြီးရှိပါတယ်'

'အသီးအရွက်ဟာ ညည်းအတွက် ပိုကောင်းတယ်၊ ညည်းမေမေကလည်း ဒီအတိုင်းပြောတာပဲ၊ နည်းနည်းထပ်ယူပါဦးလား'ဆိုပြီး ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကို အတင်းထိုးပေးတာပဲ၊ အဲဒီအခါမှ ဖေဖေကလာခေါ်မှ ကိုယ်လည်း ဒီပင့်ကလွှတ်တော့တယ်။

ဒီတော့ မစ္စက်ဖန်ဒန်းက 'ညည်းသာ ငါ့အိမ်မှာ ရှိစေချင်စမ်းတယ်၊ တို့တော့ စည်းနဲ့စနစ်နဲ့ ကြီးပြင်းလာတာပဲ၊ အင်နာတစ်ယောက် ဒီလောက် ပျက်စီးရတာ အံ့ဩစရာပဲကွယ်၊ အင်နာသာ ငါ့သမီးဖြစ်ရင်လေ' လို့ ဆက်ပြောတယ်။

'အင်နာသာ ငါ့သမီးဖြစ်ရင်လေ' ဆိုတာ သူ့ရဲ့ ပထမဆုံးနဲ့ နောက်ဆုံး စကားလုံးပါပဲ။ တော်ပါပြီ၊ ကြောက်လှပါရဲ့။ သူ့သမီးလည်း မဖြစ်ပါရစေနဲ့။

ကြီးပြင်းလာအောင် ပြုစုပျိုးထောင်ဖို့ဆိုတဲ့ ပြဿနာပြန်ပေါ်သေးတယ်ကွယ့်။ မနေ့က မစ္စက်ဖန်ဒန်းနဲ့ စကားပြောပြီးတဲ့ အချိန်ကစပြီး တော်တော်လေး တိတ်ဆိတ် အေးချမ်းနေ တယ်။ ဖေဖေက 'အင်နာဟာ ကောင်းကောင်းကြီး အရွယ်ရောက် ကြီးပြင်းလာပြီလို့ ကျုပ်ထင်တယ်။ ဗဟုသုတလည်း ရှိလာပြီ။ အဲဒီတော့ ခင်ဗျား သိပ်ပြောနေစရာ လိုမယ် မထင်ဘူး။ အသီးအရွက်ကိစ္စနဲ့ ပတ်သက်လို့ကတော့ ခင်ဗျား ပန်းကန်ထဲပဲ ပြန်ကြည့်ပါဦး'လို့ ပြောလိုက်တယ်။

မစ္စက်ဖန်ဒန်းဟာ အရှိုက်ကို အထိုးခံလိုက်ရသလိုပါပဲ၊ တကယ့်ကို အထိုးခံရတာပဲ။ အသီးအရွက်တွေ အများကြီး သူစားတာပဲ။ ဒါပေမယ့် သူဟာ ဘာမှမဖြစ်ဘူး။ ညနေဘက် စားတာများသွားတော့ ဝမ်းချုပ်တာပေါ့။ ကိုယ့်အတွက် ဒီမိန်းမကြီးဟာ ဘာဖြစ်လို့ ပါးစပ်မပိတ်ထားနိုင်တာလဲ မသိပါဘူးကွယ်။

မစ္စက်ဖန်ဒန်းဟာ မျက်နှာကြီး နီနီနေတတ်တယ်။ ကိုယ်က မနီဘူး မဟုတ်လား။ အဲဒီတော့ သူကမုန်းတာပေါ့။

မင်းရဲ့ အင်နာ

* * *





တနင်္လာ

စက်တင်ဘာ ၂၈၊ ၁၉၄၂

[...]သော ကစ်တီ

မနေ့က ကိုယ် စာမပြီးသေးပေမယ့် ရပ်ထားလိုက်ရတယ်။ [...]ာက်ထပ် ရန်ဖြစ်တာ တစ်ခု ပြောရဦးမယ်။ ဒါမပြောခင် တခြား [...]ကြောင်းလည်း ပြောစရာ ရှိသေးတယ်လေ။

အရွယ်ရောက်ပြီးသူများဟာ ဘာဖြစ်လို့ဒီလောက် မဟုတ်က [...]တ်က အကြောင်း ကလေးတွေနဲ့ အလွယ်တကူ ရန်ဖြစ်ကြရသလဲ။ [...]လေးတွေသာ ငယ်တုန်းငယ်ခိုက်မို့ မိုက်မဲကြပေမယ့် အရွယ်ရောက် [...]ပြင်းလာတဲ့အခါကျတော့ ဒါတွေပပျောက်သွားတယ်လို့ ကိုယ်အခုအထိ [...]င်နေတယ်။ တစ်ခါတလေတော့ တကယ်အကြောင်းကိုရှိလာလို့ [...]ကယ်ရန်ဖြစ်တာ မှန်ပါတယ်။ ဒါပေမယ့် ဒီအကြောင်းဆိုတာကလည်း [...]ဖြစ်ဖို့ပြုကြတဲ့ ဆင်ခြေတွေကိုး။ ကိုယ်လည်း ဒီလိုပဲ နေနေကျလာပြီနဲ့ [...]တယ်။ ကိုယ်ဟာ ဆွေးနွေးစရာ ပြဿနာတစ်ခုလို ဖြစ်နေသမျှ [...]ယ့်အတွက် ဒီလိုပဲဖြစ်နေမှာပဲ။ (ရန်ဖြစ်တယ်ဆိုတဲ့ စကားလုံးအစား [...]ွေးနွေးတယ်လို့ သူတို့ကသုံးတယ်။)

ကိုယ်နဲ့ပတ်သက်လို့ တစ်ခုမှ မှန်တာမရှိဘူး။ ကိုယ့်ရုပ်ရည်သွင်ပြင်၊ [...]ယ့် အကျင့်စာရိတ္တ၊ ကိုယ့်စိတ်နေသဘောထားတွေကို ကကြီးကနေ [...]အထိ သူတို့ ဆွေးနွေးကြတယ်။ သူတို့အမိန့်အရဆိုရင် ကိုယ်ဟာ [...]တို့ပြောသမျှ အဆိုးအကောင်း ဟူသမျှကို တစ်လုံးတစ်ပါဒမျှ ပြန်မပြော [...]င့်ခံရမယ်။ ကိုယ်ကတော့ မခံနိုင်ဘူး။ ကိုယ့်အပေါ် ဒီလိုစော်ကား [...]ာတွေကို လျစ်လျူမပြုထားနိုင်ဘူး။ အင်နာဟာ မနေ့ တစ်နေ့ကမှ [...]ဘာမဟုတ်ဘူးဆိုတာ သူတို့ကိုပြရမယ်။

အဲဒီအခါကျတော့ သူတို့ဟာ အံ့ဩနေရစေ့မယ်။ ကိုယ်က သူတို့ [...]ပညာပေး မယ်ဆိုတာ သိသွားပြီးတော့ သူတို့ပါးစပ်တွေကို ပိတ်ထား[...] [...]စေ့မယ်။ ဒီသဘောမျိုး ကိုယ်ထားရမယ်သီလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတော့ သူတို့ရဲ့ ကြောက်ခမန်းလိလိ စိတ်နေသဘောထ
တွေကို ထပ်ခါတလဲလဲ အံ့သြနေမိတာပါပဲ။ အထူးသဖြင့် (မစ္စက်ဖန်ဒန်
ရဲ့ မိုက်မဲမှုကိုပေါ့။ နေသားကျတဲ့ အခါကျရင် သူတို့စကားလုံးမျိုးဖေ
သူတို့ကို ပြန်ပေးရမှာပေါ့။ အဲဒီအခါမှာ သူတို့ရဲ့ လေသံဟာ ပြောင်းလ
ရမယ်လေ။

ကဲ သူတို့ပြောနေသလို ကိုယ်ဟာ တကယ်ပဲစိတ်ကောင်း မ
ဘူးလား၊ ကောက်ကျစ်တတ်သလား၊ ခေါင်းမာသလား၊ လောကြီးသလာ
မိုက်မဲသလား၊ ပျင်းရိသလား၊ စသည်ဖြင့်ပေါ့လေ။ တကယ်ဆိုတေ
မဟုတ်ပါဘူးကွယ်၊ မဟုတ်ပါ ဘူး။ လူတိုင်းလိုပါပဲ။ ကိုယ့်မှာလည်
ချွတ်ယွင်းချက်တွေတော့ ရှိသပေါ့။ ဒါကို ကိုယ်သိပါတယ်။ ဒါပေမ
ဒီချွတ်ယွင်းချက်ကို သူတို့က ပိုပြောနေကြတာပါ။

ဒီဒုက္ခ သုက္ခတွေကြားမှာ ကိုယ်ဘယ်လိုနေရမယ်ဆိုတာ မင်း
မလား ကစ်တီ။ နောက်ပြီး ဒီဒုက္ခ သုက္ခတွေကို ကိုယ်က ဘယ်လော
အထိ ခံနိုင်ပါ့မလဲ။ တစ်နေ့နေ့တော့ ပေါက်ကွဲထွက်မှာပဲ။

ရန်ဖြစ်တဲ့အကြောင်းတွေကိုပြောပြီး မင်းကိုပျင်းအောင် လုပ်ထ
သလိုများ ဖြစ်နေပြီလားတော့ မသိဘူး။ ဒါပေမယ့် စိတ်ဝင်စားစ
အကောင်းဆုံးဆွေးနွေး ချက်တစ်ခုကို ကိုယ်ပြောပြဦးမယ်။ စကားစပ်
ကြရင်းနဲ့ပင် (ဖေဖေ့နာမည်ဝှက်)ရဲ့ အထူးတလည် ရိုးသားမှုအကြောင်း
ပြောကြတယ်။ ဖေဖေနဲ့ပတ်သက်လို့ အင်မတန်မိုက်မဲတဲ့ လူတွေကတော
ရိုးသားတယ်လို့ ဝန်ခံရတယ်။ ဒီတော့ မစ္စက်ဖန်ဒန်းက 'ကျုပ်လည
ကျုပ်ယောကျ်ား ထက်တောင် နှိမ့်ချတဲ့သဘော ရှိသေးတယ်'လို့ ဝင်ပြေ
တယ်။

ကဲ ဘယ့်နယ်ရှိစ။ ဒီအကြောင်းကိုက သူဟာ ဘယ်လော
ရှေ့လောကြီး တယ်ဆိုတာ ရှင်းနေတာပဲ။ မစ္စတာဖန်ဒန်းရဲ့ မိန်းမ
သူ့ကိုထည့်ပြောသွားတာနဲ့ ပတ်သက်လို့ 'ကျုပ်ကတော့ သိပ်မရိုးသ
ချင်ဘူး၊ ကျုပ်အတွေ့အကြုံအရ ရိုးသားတယ်ဆိုတာ ဘာမှအကျိုးမရှိ





လို့ ဝင်ပြောပြီး ကိုယ့်ကို 'ငါအကြံပေးတာကို နားထောင် အင်နာ၊ သိပ်မနှိမ့်ချနဲ့ သိလား။ သိပ်နှိမ့်ချလို့ မင်းမှာ ဘာမှအကျိုးထူးမှာ မဟုတ်ဘူး'တဲ့။

ဒါကို မေမေကလည်း သဘောတူတယ်။ ဒါပေမယ့် မစ္စက်ဖန်ဒန်းကတော့ ထုံးစံအတိုင်း နငယ်အမြီးတပ်ရမှ ကျေနပ်မှာကိုး။ သူပြောတဲ့စကားက မေမေနဲ့ ဖေဖေကို တမင်ရည်စူးပြီးပြောတာ။ ရှင်တို့ဟာ ဘဝနဲ့ပတ်သက်လို့ ထူးဆန်းတဲ့ အမြင်တွေရှိတယ်။ အင်နာအတွက်တော့ အထူးအဆန်းများ ဖြစ်နေမလားမသိဘူး။ 'ကျုပ် ငယ်ငယ်ကနဲ့တော့ သိပ်ကွာတာပဲ။ အခုအထိ ဒီအတိုင်းရှိနေသေးတယ်လို့ ထင်တယ်'ဆိုပြီး သူကပြောတယ်။ ဒါက မေမေ့ကို တိုက်ရိုက်ထိတဲ့စကားပဲ။

အဲဒီအချိန်မှာ မစ္စက်ဖန်ဒန်းရဲ့ မျက်နှာဟာ ရဲရဲနီနေတယ်။ မေမေကတော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပဲ။ ရှက်နေတဲ့ လူများဟာ စိတ်တိုတယ်၊ ဒေါသဖြစ်တယ်နော်။ မေမေက မတုန်မလှုပ်လုပ်နေပေမယ့် စကားစကို ဖြတ်ချင်တဲ့သဘောနဲ့ နည်းနည်းလောက် စဉ်းစားနေပြီးမှ ဘာပြောသလဲသိလား။ 'ဟုတ်တယ် မစ္စက်ဖန်ဒန်းရဲ့၊ လူတွေဟာ သိပ်အလွန်အကျွံ မရိုးသားဘူးဆိုရင် ဘဝမှာပိုကောင်းတဲ့နေရာကို ရကြတာပဲ။ အခုကြည့်လေ ကျွန်မယောကျ်ားရယ်၊ မားဂေါ့ရယ်၊ ပီတာရယ်ဟာ သိပ်ရိုးကြပဲ မဟုတ်လား။ ရှင့် ယောကျ်ားနဲ့ အင်နာနဲ့လေ၊ ရှင်ရယ်၊ ကျွန်မရယ်ကတော့ တစ်ယောက်နဲ့တစ်ယောက် သိပ်မကွာပေမယ့် ကျွန်မတို့ကို ကျွန်မတို့ ကစ်ဖက်ကို လုံးလုံးအရောက် တွန်းမပို့သင့်ဘူး'တဲ့။

မစ္စက်ဖန်ဒန်းက 'မစ္စက်ဖရင့်၊ ရှင့်ကို ကျွန်မ နားမလည်ဘူး၊ ကျွန်မဟာ သိပ်ကိုရိုးတယ်၊ စိတ်လည်းကျနေတယ်၊ ဒါနဲ့တောင် ကျွန်မကို မရိုးဘူးလို့ ရှင်ဘယ်လိုလုပ်ပြောနိုင်သလဲ'တဲ့။

မေမေက 'ရှင်ဟာဟာက်လူပါလို့ ကျွန်မ မပြောပါဘူး၊ ဒါပေမယ့် စိတ်ကျ နေပြီလို့လည်း ဘယ်သူကမှ ရှင့်ကိုပြောမှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ဖန်ဒန်းက 'ကောင်းပြီ၊ ဒီကိစ္စကို ကျွန်မတို့ အပြီးတိုင် ရှင်းရှင်း လင်းလင်း ဖြစ်အောင် လက်စသတ်လိုက်ကြရအောင်။ ကျွန်မဟာ ဘယ်လမ်းလိုက် နေတယ်ဆိုတာ ကျွန်မသိချင်တယ်။ ကျွန်မသိတာ ကစ်ခုတော့ရှိတယ်ရှင့်။ တကယ်လို့သာ ကျွန်မကိုယ် ကျွန်မ မကြည့်ဘူး ဆိုရင် ကျွန်မငတ်နေတာ ကြာလှပြီ'

ဒီစိတ်ကူးယဉ် သက်သက်မှတ်ချက်စကားကို မေမေက ဟား တိုက်ပြီးရယ် တော့တာပေါ့။ မစ္စက်ဖန်ဒန်းဟာ ဂျာမန်နဲ့ ဒတ်(ချ်)၊ ဒတ်(ချ်)နဲ့ ဂျာမန်စပ်တွေရဲ့ အမှုအရာမျိုးနဲ့ ရေငုံနှုတ်ပိတ်နေပြီး ထိုင်နေရာက ထတော့တာပဲ။

အဲဒီအခိုက်ချက်ချင်း သူ့မျက်လုံးတွေဟာ ကိုယ့်ဆီကို ရောက်လာ တယ်။ ဒါပေမယ့် သူလည်းလှည့်ထွက်သွားရော ကိုယ်ဟာ ဝမ်းပန်းတနည်း ခေါင်းကိုရမ်းခါ နေမိတယ်။ တမင်တော့ မဟုတ်ပါဘူး။ ပြောမယ့်စကား တွေမထွက်နိုင်တော့လို့ သူ့အလိုအလျောက် ခေါင်းက ရမ်းခါနေမိတာပါ။

မစ္စက်ဖန်ဒန်းဟာ လှည့်ထွက်သွားတယ်။ ကြမ်းကြမ်းတမ်းတမ်း ဂျာမန်စကားလုံး တွေကိုလည်း ကရားရေလွှတ်သလို ရွတ်လို့၊ မျက်နှာ တစ်ခုလုံးလည်း နီရဲလို့။ အံ့ဖွယ်သူရဲ ထူးကဲတဲ့ မြင်ကွင်းပါပဲ ကစ်တီရေ။ တကယ် မိုက်ဟဲ့ရှူးတဲ့ မိန်းမကြီးပါပဲ။

ဘာပဲဖြစ်ဖြစ်လေ ကိုယ်ကတော့ အခုသင်ခန်းစာတစ်ခု ရလိုက် ပြန်ပြီ။ လူဟူကို ပျော်ပျော်ရွှင်ရွှင်နဲ့ ရောရောနှောနှော ပေါင်းသင်းဆိုက်မှာမှ ဒီလူတွေ ရဲ့အကြောကို သိနိုင်မှာ။ အဲဒီအခါကျမှ ဒီလူတွေရဲ့ အကျင့် စာရိတ္တအစစ်ကို ခန့်မှန်းလို့ရမှာ။

မင်းရဲ့ အင်နာ





အင်္ဂါ

စက်တင်ဘာ ၂၉၊ ၁၉၄၂

ချစ်သော ကစ်တီ

ပုန်းအောင်းနေရတဲ့ လူတွေအတွက် အထူးတလည် အရာတွေ ဖြစ်ပေါ် တတ်တယ်။ ကိုယ်တို့မှာ ရေချိုးစရာမရှိတော့ လက်ဆေးတဲ့ ကြွေဇလုံကိုသုံးရတယ်။ နောက်ပြီး ရုံးမှာ (ရုံးမှာဆိုတာက အောက်ထပ် တစ်ထပ်လုံးကို ဆိုလိုတာနော်။) ရေနွေးရယ်လို့လည်း မရှိတဲ့အတွက် ကိုယ်တို့ လူဦးရေ ခုနစ်ယောက်စလုံးဟာ ဒီဇိမ်ခံပစ္စည်းကြီးကို အလှည့်နဲ့ အသုံးပြုကြရတယ်။

ဒါပေမယ့် ကိုယ်တို့အားလုံးဟာ တစ်ယောက်တစ်မျိုးစီ မဟုတ် လား။ လူတချို့က လူတချို့ထက်ပိုပြီး ရှိုးကြအကြတယ် မဟုတ်လား။ ဒီတော့ ရေချိုးနည်း မျိုးစုံကို ကိုယ်ကြိုက်သလို သုံးကြတာပဲ။ ပီတာက မီးဖိုမှာမှန်တံခါးတွေ တပ်ထားပေမယ့် ရေချိုးရင် ဒီမီးဖိုထဲမှာပဲ ချိုးတယ်။ သူဟာ အဲဒီလို ရေချိုးဖို့သွားတိုင်း ကိုယ်တို့ကို တစ်ယောက်စီလိုက်တွေ့ ပြီးနောက် နာရီဝက်အတွင်း မီးဖိုခန်းဘက်ဆီ ဖြတ်သန်းသွားလာခြင်း မပြုရဘူးလို့ လာလာပြောလေ့ရှိတယ်။ ဒီလိုဆိုရင် လုံလောက်ပြီလို့ သူထင်နေတယ်နဲ့တူတယ်။

မစ္စတာဖန်ဒန်းကတော့ အပေါ်ထပ်မှာ တက်တက်ပြီး ရေချိုးတယ်။ ရေကို သူ့အခန်းက ဖြတ်ဖြတ်ပြီးသယ်သွားရတော့ သူ့အခန်းတစ်ခန်းလုံး ရေရွှဲကုန်တာပဲ။ မစ္စက်ဖန်ဒန်းကတော့ အခုအထိ ရေကိုမချိုးသေးဘူး။ ဘယ်နေရာဟာ အကောင်းဆုံး လဲဆိုတာ စောင့်ကြည့်နေဟန်နဲ့ တူတယ်။ ဖေဖေက သူ့ရုံးခန်းထဲမှာပဲ ရေချိုးတယ်။ မေမေက ဆိုရင် မီးဖိုခန်းထဲက မီးကာနောက်ဘက်မှာ ဝင်ချိုးတယ်။ မားဂေါ့နဲ့ ကိုယ့်အတွက်ကတော့ မျက်နှာစာဘက်က ရုံးခန်းကို အသုံးပြုရတယ်။ စနေနေ့ ညနေပိုင်းတွေမှာ ကန့်လန့်ကာတွေချထားလို့ ကိုယ်တို့ရေချိုးတဲ့နေရာဟာ ခပ်မှောင်မှောင် လေး ဖြစ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ဒီနေရာကို ကိုယ်မကြိုက်တော့ဘူး၊ နောက်ပြီ
လွန်ခဲ့တဲ့ အပတ်ကစလို့ ပိုပြီးကောင်းမယ်ထင်တဲ့နေရာကို ကိုယ်ရှာ
ထားခဲ့တယ်လေ။ ပီကာက ပုံးခန်းကြီးရဲ့ အိမ်သာခန်းကို အသုံးပြုဖို့
အကြံပေးတယ်။ အဲဒီအခန်းမှာ ကိုယ်ဟာ တံခါးကိုသော့ပိတ်၊ မီးဖွင့်
ရေကို အားရပါးရမလောင်းနဲ့ မိက်တိုင်းကျ ချိုးနိုင်တယ်။ ချောင်းမြောင်း
ကြည့်မယ့် မျက်စိတွေရဲ့ ဘေးကလည်း လွတ်တယ်လေ။

ဟာနက်နွေမနေ့မှာ ကိုယ့်ရေချိုးခန်းကို ပထမဆုံးအကြိမ်အဖြစ်
စမ်းကြည့်တယ်။ အသံသိပ်မြည်တာပဲ။ ဒါပေမယ့် အကောင်းဆုံး နေရာလို့
ကိုယ်ထင်တယ်။ ပြီးခဲ့တဲ့ အပတ်ကတော့ ရုံးခန်းအိမ်သာက ရေဆင်း
မိလ္လာဆင်းပိုက်တွေကို လူသွားလမ်း အောက်ရွှေ့ဖို့ ပိုက်ပြင်ဆရာတွေ
အောက်ထပ်မှာလာအလုပ်လုပ်ကြတယ်။ အဆောင်းတွင်းမှာ သိပ်အေးရင်
ပိုက်တွေထဲမှာ ခဲကုန်မှာစိုးလို့ ကြိုတင်ကာကွယ်တဲ့သဘောပါပဲ။ ပိုက်ပြင်
ဆရာတွေ လာတာဟာ ကိုယ်တို့အတွက် အင်မတန် ကြည်နူးဖွယ်မရှိတဲ့
ကိစ္စပဲကွယ့်။ တစ်နေ့လုံး ရေမဆွဲရတဲ့အပြင် အိမ်သာကိုတောင် ကိုယ်တို့
မသွားကြရဘူး။ ဒီအခက်အခဲကို ဘယ်လိုကျော်လွှားရတယ်ဆိုတာ မင်းကို
ပြောပြလို့ မသင့်ပေဘူး။ ဒါပေမယ့် ဒီအရာတွေကို မပြောနိုင်လောက်
အောင် ကျနေ့ခြေဆောင်လွန်းတဲ့ မိန်းမမျိုးလည်း မဟုတ်ပါဘူး။

ဒီနေရာကိုရောက်လာချိန်ကစပြီး ဖေဖေနဲ့ ကိုယ်ဟာ ကိုယ်တ
အတွက် အိုးတစ်လုံးကို ယိုလိုမယ်မယ ဆောင်ထားခဲ့တယ်။ ပိုက်ပြ
ဆရာတွေလာနေ တဲ့ရက်မှာ ဒီအိုးကိုကိုယ်တို့ အသုံးပြုတာပဲ။ တစ်နေ့လုံ
စကားမပြောဘဲ ထိုင်နေရ တာထက်စာရင်တော့ ဆိုးလှတယ်လို့ ကိုယ
မထင်ဘူး။ ဟို 'ဒေါ်လေပေါ်'တော့ ဒီအခက်အခဲကို ဘယ်လိုဖြေရှင်းသလ
ကိုယ်မသိဘူး။

သာမန်နေ့တွေမှာဆို ကိုယ်ဟာ လေသံကိုးတိုးနဲ့ စကားပြောတာပဲ
စကားကျယ်ကျယ် မပြောရတာ၊ ဘယ်မှမသွားရတာ သိပ်အခံရ ခက်
တယ်။ သုံးရက်လောက်ဆက်ပြီး ဒီအတိုင်းထိုင်နေရတော့ ကိုယ
နောက်ကြောတွေ တက်လာတယ်။ နာလည်း နာလာတယ်။ ဒါကြော





ိပ်ရာဝင်ချိန်မှာ လေ့ကျင့်ခန်း လုပ်ပေးရသေးတယ်။

မင်းရဲ့ အင်နာ

* * *

ကြာသပတေး
အောက်တိုဘာ ၁၊ ၁၉၄၂

ချစ်သော ကစ်တီ

မနေ့ကတော့ ကိုယ်တော်တော်ပဲ တုန်လှုပ်သွားတယ်။ ၈ နာရီ
လောက်မှာ လူခေါ်ခေါင်းလောင်း ကျယ်ကျယ်လောင်လောင် မြည်သံကို
ကြားလိုက်ရတယ်။ တစ်စုံတစ်ယောက်ကများ လာသလားလို့ ကိုယ်
ထင်တယ်။ ဘယ်သူဖြစ်မယ်ဆိုတာ စဉ်းစားလို့မရဘူး။ ဒါဟာလမ်းက
လူရှုပ်လူနှောက်ကလေး တစ်ယောက်ယောက် ဖြစ်ရမယ်။ ဒါမှမဟုတ်
စာပို့သမား ဖြစ်ရင်လည်းဖြစ်ရမယ်လို့ အားလုံးကပြောကြ တော့မှာပဲ
ကိုယ့်ရင်ထဲမှာ အလုံးကြီးကျသွားတယ်။

ကိုယ်တို့နေရတဲ့ နေ့ရက်တွေဟာ ပိုလို့သာတိတ်ဆိတ်လာတယ်။
စွတာကရာဂါကို မှီခိုပြီးအလုပ်ကူလုပ်ပေးနေတဲ့ ဂျူးကလေးလီဝင်
ဆိုတာရှိတယ်။ သူဟာ ဟောဒီအဆောက်အဦး တစ်ခုလုံးကို စေ့စေ့စပ်စပ်
သိထားသူမို့ ဓာတ်ခွဲခန်း ဟောင်းထဲကိုများ ချောင်းမြောင်း ကြည့်လေ
လားလို့ ကိုယ်တို့သိပ်စိုးရိမ်နေ ကြတယ်။ ကိုယ်တို့လည်း ကြွက်ကလေး
တွေလို ငြိမ်နေတာပဲ။ လွန်ခဲ့တဲ့ သုံးလလောက်ကဆိုရင် အင်မတန်
စကားများတဲ့ အင်နာတစ်ယောက် အခုတော့ နာရီပေါင်းများစွာ မလှုပ်
မယှက် ထိုင်နေရလိမ့်မယ်လို့ ဘယ်သူကများ ထင်မှာလဲ။ ဒါထက်ကော
ဘာများတတ်နိုင် ပါ့မလဲကွယ်။

၂၉ ရက်နေ့ဟာ မစ္စက်ဖန်ဒန်းရဲ့ မွေးနေ့ပါပဲ။ ခမ်းခမ်းနားနား
မလုပ်နိုင်ပေမယ့် သူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ ကိုယ်တို့က ပါတီလေးလုပ်တယ်။
ထမင်းဟင်း ကောင်းကောင်းချက်ပြီး သူ့ကိုလည်း လက်ဆောင်အချို့နဲ့
ပန်းတွေကိုပေးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ဖန်ဒန်း အကြောင်းကို အသာထားပြီး မစ္စက်ဖန်ဒန်း ဖေဖေ့မျက်နှာနဲ့ ဆံပင်ကို မထိတထိကိုင်၊ သူ့ဂါဝန်အပေါ်စကို ဆွဲဆွဲတ မထိတထိစကားတွေကို လည်း ပြောတယ် ဆိုတဲ့အကြောင်း ကိုယ်ပြော သေးတယ်။ ဖေဖေက သူ့အပေါ် ဂရုစိုက်လာအောင် ဒီနည်းနဲ့ လုပ်တာ ဒါပေမယ့် ဖေဖေက သူ့အပေါ်မှာ စွဲမက်စရာ ရှာတွေ့ဟန် မတူဘ အဲဒါကြောင့် ကုန္နေမပျက် ခပ်တည်တည်ပဲ။

မေမေကတော့ မစ္စတာဖန်ဒန်းအပေါ် ဘယ်တော့မှ ဒီလိုမလုပ်ဘူ ကိုယ်ကလည်း အဲဒီအတိုင်း မစ္စက်ဖန်ဒန်းကို တည့်တိုးကြီး ပြော လိုက်တယ်။

ပီတာတစ်ယောက်လည်း တစ်ခါတလေဆိုသလို သူ့အခန်းလေ ထဲက ထွက်ပါရဲ့၊ ပိုလည်းရယ်စရာကောင်းလာပါရဲ့။ ကိုယ်တို့မှ တူညီနေတာ တစ်ခု တော့ရှိတယ်။ ဒါက ဘာလဲဆိုတော့ ရယ်စ မောစရာကို ကြံဖန်ရှာကြတာပါပဲ။ ကိုယ်တို့ဟာ မကြာခဏဆိုသ အဝတ်အစားတွေ လဲလဲပြီး ဝတ်ကြတယ်။ မစ္စက်ဖန်ဒန်းရဲ့ ကြပ်နေတ အပ်ပတ်တွေကို သူကယူဝတ်ပြီး ကိုယ်က သူ့အဝတ်စုံကို ဝတ်တယ် သူက မိန်းမဆောင်း ဦးထုပ်ဆောင်းပြီး ကိုယ်ကယောကျ်ားဦးထုပ်ဆောင် တယ်။ ကိုယ်တို့ကို ကြည့်ပြီး လူကြီးတွေက အူတက်မတတ် ရယ်ကြတ ကိုယ်တို့လည်း သိပ်သဘောကျတာပဲ။

ကိုယ်နဲ့ မားဂေါ့အတွက် အဲလီက ဂါဝန်တစ်စုံစီ ယူလာသေးတယ် မကောင်းပါဘူး။ လှလည်းမလှဘူး။ တစ်ထည်က ၂၄ ဖလော်ရင် တစ်ထည်က ၇ ဖလော်ရင်ခွဲ ပေးရတယ်။ စစ်မဖြစ်မီကနဲ့ မကွာလာ

မားဂေါ့၊ ပီတာနဲ့ ကိုယ့်အတွက် စာပေးစာယူနည်းနဲ့ လက်ရေ တိုသင်ဖို့ အဲလီက စီစဉ်ပေးတယ်။ နောက်နှစ်ကျရင် ကိုယ်တို့ဟာ ဘယ်လောက်ကျွမ်းကျင်တဲ့ ပါရဂူကြီး တွေဖြစ်နေမယ်ဆိုတာ မင်းစော ကြည့်ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် စကားဝှက်နည်းနဲ့ စာရေးနိုင်ဖို့လည် အင်မတန်ကို အရေးကြီးသေးတယ်လေ။

မင်းရဲ့ အင်န

* * *





စနေ

အောက်တိုဘာ ၃၊ ၁၉၄၂

ချစ်သော ကစ်တီ

မနေ့က သောင်းကျန်းလိုက်ကြသေးတယ်။ မေမေဟာ ကြောက်စရာ ကောင်းလောက်အောင် ဆူပူပြီး ဖေဖေ့ကို ကိုယ့်အကြောင်းတွေသွားပြောတယ်။ နောက်ပြီး မေမေငိုတယ်။ ကိုယ်လည်းပဲ ငိုတာပေါ့။ ငိုရလို့ ခေါင်းကို ကိုက်လာတာပဲ။ နောက်ဆုံးကျတော့ ကိုယ်က ဖေဖေ့ကို မေမေ့ထက် ပိုချစ်တယ်လို့ ပြောလိုက်တယ်။ ကိုယ်ဟာ မေမေနဲ့ သင့်မြတ်အေးငြိမ်းအောင်နေနိုင်ဖို့ ကိုယ့်ဘာသာ ကြိုးစားရဦးမှာပါ။ ဖေဖေ့ သဘောကတော့ မေမေခေါင်းကိုက်တဲ့အခါမှာဖြစ်စေ၊ နေမကောင်း နေချိန်မှာဖြစ်စေ ကိုယ်ကမေမေ့ကို ကူစေချင်တယ်။ ကိုယ်က မကူဘူး။

အခု ကိုယ်ကတော့ ပြင်သစ် သင်ခန်းစာတွေကိုပဲ ဖိကြိုးစား နေပါတယ်။

မင်းရဲ့ အင်နာ

* * *

သောကြာ

အောက်တိုဘာ ၉၊ ၁၉၄၂

ချစ်သော ကစ်တီ

ကနေ့တော့ မင်းကို ကြေကွဲဝမ်းနည်းစရာကောင်းလှတဲ့ သတင်းတွေပြောရလိမ့်မယ်။ ကိုယ်တို့ရဲ့ ဂျူးလူမျိုး မိတ်ဆွေအများအပြားဟာ အစုအပြုံလိုက် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံနေရပါပြီ။ ဒီလူတွေကို ဂက်စတာပိုတွေက လုံးလုံးသက်ညှာခြင်း မရှိကြဘူး။ တိရစ္ဆာန်တင်တဲ့ ထရပ်ကားကြီးတွေထဲမှာ ပြွတ်သိပ်တင်ပြီး ဒရင်တီမှာရှိတဲ့ ဂျူးစခန်းကြီး 'ဝက်စတာဘော့'ကို ပို့တာပဲ။

'ဝက်စတာဘော့' ဆိုတာ နာမည်ကြီးကြားရုံနဲ့ ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



လုတဲ့ အရပ်ပေါ့။ နေရာတာက ကျဉ်းကျဉ်းကြပ်ကြပ်၊ လူတစ်ရာလောက်အတွက်မှ ကိုယ်လက်ဆေးကြောဖို့ အခန်းတစ်ခန်းပဲရှိတယ်။ အိမ်သာလည်း အလုံအလောက် မရှိဘူး။ သီးခြားနေရာထိုင်ခင်းရယ်လို့လည်း မရှိဘူး။ ယောကျာ်း-မိန်းမ-ကလေးအားလုံး အတူတူရောနှော အိပ်ကြရတယ်။ မိန်းမတွေမဆိုထားနဲ့၊ အဲဒီမှာအချိန်ကြာကြာနေရတဲ့ အပျိုအရွယ်ကလေးတွေတောင် ကိုယ်ဝန်နဲ့ ဖြစ်ကုန်ကြတာပဲ။

နောက်ပြီး၊ ဒီအခန်းက ထွက်ပြေးဖို့လည်း မဖြစ်နိုင်ဘူး။ စခန်းကို ရောက်သွားတာနဲ့ တစ်ပြိုင်နက် အကျဉ်းသားမှန်းသိရအောင် ကတုံးရိပ်ပစ်တယ်။ နောက်ပြီးတော့ ဂျူးဆိုတာကလည်း သီးခြားထင်ရှားတဲ့ ရုပ်ရည်က ရှိနေသေးတာကိုး။

ဟော်လန်ကနေပြီး တခြားဝေးလံရိုင်းစိုင်းတဲ့ အရပ်တွေကို သွားပို့သေးသလားလို့ တွေးတောတွေးကြတာပါပဲ။ ဒါပေမယ့် ခေါ်ဆောင်သွားခြင်းခံရသူ အများစုကို သတ်ပစ်လိုက်ကြ ပြီနဲ့ တူပါတယ်။ သူတို့ကို ဓာတ်ငွေ့လွှတ်ပြီးသတ်တယ်လို့ ဗြိတိသျှရေဒီယိုက ပြောတာပဲ။

ဒီနည်းဟာ သေနည်းမျိုးစုံထဲမှာ အမြန်ဆုံးနည်းများဖြစ်မလား မသိဘူး။ ကိုယ်တော့ အများကြီး ထိတ်လန့်ချောက်ချားနေမိတယ်။ ဒီအကြောင်းတွေကို မိယက်ဆီက တစ်ဆင့်ကြား ရတဲ့အခါမှာ ကိုယ်ဟာ မျက်ရည်မဆည်နိုင်ဘူး။ မိယက်လည်း တော်တော်ကို စိတ်ထိခိုက်တာပေါ့။ ဥပမာဆိုရင် မကြာခင်ကဘဲ မစွမ်းမသန် ဖြစ်နေတဲ့ ဂျူးမိန်းမကြီးတစ်ယောက်ဟာ သူ့အိမ်ပေါက်ဝမှာ ထိုင်နေတယ်။ အဲဒါကို ဂက်စတာပိုတစ်ယောက်ကလာပြီး ဒီမှာစောင့်နေဖို့ပြောပြီး သူကတော့ ဒီဂျူးမကြီးကို တင်ခေါ်သွားဖို့ ကားသွားယူတယ်ပေါ့။

သနားစရာ မိန်းမကြီးဟာ ခေါင်းပေါ်က ဗြိတိသျှလေယာဉ်ပျံတွေကပစ်တာ ခတ်တာ ကိုလည်းကြောက်၊ တဝင်းဝင်း တလက်လက်ထိုးနေတဲ့ ဆလိုက်မီးရောင်တွေကို လည်းကြောက်နေတာပေါ့။ မိယက်ကလည်း ဒါကိုတွေ့ပေမယ့် သူ့မှာအန္တရာယ်ရှိတာမို့ ဒီမိန်းမကြီးကို သွား





မခေါ်ရဲဘူး။ ဘယ်သူကမှ ဒီလောက်အန္တရာယ်ထဲကို သွားရဲကြမှာမဟုတ်ဘူး။ ဂျာမန်တွေကလည်း နည်းနည်းကလေးမှ သနားညှာတာတာရယ်လို့မရှိဘဲ ရိုက်ကြ နှက်ကြတော့တာပဲ။

အဲလီလည်း အခုတော့ ငြိမ်နေရတယ်။ သူ့ယောကျာ်းကလေးမိတ်ဆွေက ဂျာမနီကို သွားရတော့မယ်။ ခေါင်းပေါ်မှာ ဝဲပျံနေတဲ့ လေယာဉ်တွေကပဲ ဗုံးတွေများ တည့်တည့်ဖြုတ်ချလိုက်မလားလို့ ကြောက်ရတာကလည်း ရှိသေးသကိုး။

ဂျူးယောကျာ်းကလေးတွေကိုလည်းနေ့စဉ် ရထားအပြည့်ခေါ်ခေါ်သွားနေတာပဲ။ လမ်းခရီးက ဘူတာသေးကလေးတစ်ခုခုမှာရပ်ရင် တချို့တော့လည်း အမှတ်တမဲ့ ထွက်သွားလေ့ရှိကြတယ်။ လွတ်တဲ့လူလည်း လွတ်ကြတာပေါ့။ ကိုယ့်ဆီက သတင်းဆိုးတွေ ဆိုတာနဲ့ မဆုံးသေးဘူး။ အာမခံတွေအကြောင်း၊ ဓားစာခံတွေ အကြောင်းရော ကြားဖူးသလား။ အဖျက်လုပ်ငန်းလုပ်လို့ဆိုပြီး ပြစ်ဒဏ်ပေးတာတွေလည်း ရှိသေးတယ်။ ဒီလောက် ကြောက်စရာကောင်းတဲ့ အရာတွေရှိသေးရဲ့လားလို့ စဉ်းစားကြည့်စမ်း။

ထင်ရှားတဲ့လူတွေ၊ အပြစ်ကင်းမဲ့တဲ့လူတွေကို အကျဉ်းထောင်ထဲသွင်းထားတယ်။ ဒီလူတွေဟာ ကံကြမ္မာရဲ့ စီရင်ချက်ကို စောင့်နေကြရတယ်။ အဖျက်လုပ်ငန်းတစ်ခုခုကို လုပ်သွားလို့ လက်သည်မပေါ်ဘူးဆိုရင် ဂက်စတာပိုက ဓားစာခံ ငါးယောက်လောက်ကို နံရံနားတန်းစီ ခိုင်းလိုက်တာပဲ။ သူတို့ သေဆုံးကြောင်း ကြေညာချက်တွေကို သတင်းစာထဲမှာ နေ့စဉ်လိုလို တွေ့နေရတယ်။

ဒီလို ရက်စက်မှုတွေကို 'ဆိုးရွားသော မတော်တဆဖြစ်မှု' ရယ်လို့ ဖော်ပြ ကြတယ်။ ကဲ- ဘယ့်လောက်တော်တဲ့ ဂျာမန်တွေလဲ။ အခုနေ ကိုယ်ဟာ ဂျာမန်များဖြစ်ရင်ဆိုတဲ့ အတွေးမျိုး တွေးမိတယ်။ အို တကယ်ဆိုတော့လည်း မဖြစ်နိုင်ပါဘူး။ ကိုယ်တို့လူမျိုးကို ဟစ်တလာက အစတုံးအောင် လုပ်ခဲ့တာကြာပါပြီ။ အမှန်မတော့ ဂျာမန်နဲ့ ဂျူးတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီကမ္ဘာမှာ အကြီးဆုံးရန်သူတွေပါပဲ။

မင်းရဲ့ အင်နာ

* * *

သောကြာ

အောက်တိုဘာ ၁၆၊ ၁၉၄၂

ချစ်သော ကစ်တီ

ကိုယ် သိပ်အလုပ်များနေတယ်။ ပြင်သစ်ဝတ္ထုကိုဖတ်ပြီး အခန်းတစ်ခန်းကို ဘာသာပြန်တယ်။ နောက်ပြီး သင်္ချာတွေ တွက်တယ်။ ပြင်သစ် သဒ္ဒါကိုလည်း သုံးမျက်နှာလောက် ရေးလိုက်သေးတယ်။ သင်္ချာတွေကိုတော့ နေ့တိုင်းမတွက်ပါဘူး။ ဖေဖေကလည်း သင်္ချာဟာ မကောင်းဘူးဆိုတာ သဘောတူတယ်။ ကိုယ်ရော ဖေဖေရောဟာ သင်္ချာမှာ ညံ့လှပေမယ့် ကိုယ်ကဖေဖေ့ထက်စာရင် ပိုတော်တယ် ဆိုရမယ်ပေါ့။ ဒါပေမယ့် သင်္ချာနဲ့ ပတ်သက်လာရင် ကိုယ်တို့ဟာ မားဂေါ့ကိုသာ အားကိုးရတာပါပဲ။ လက်ရေးတို့မှာတော့ ကိုယ်က အားလုံး ထက်သာတယ်။

စီစီဖန် မာ့စ်ဝဲဟာ ပထမတန်း စာရေးဆရာမတစ်ယောက်လို့ ကိုယ်ထင်တယ်။ ကိုယ့်မှာသာ သားသမီးတွေရလာရင် သူ့စာအုပ်တွေကို ကျိန်းသေ ဖတ်ခိုင်းမှာပဲ။

မားဂေါ့ရယ်၊ မေမေရယ်၊ ကိုယ်ရယ်ဟာ တပူးတွဲတွဲ ဖြစ်နေကြပြန်ပြီ။ မနေ့ညက မားဂေါ့နဲ့ကိုယ် တစ်ခုတင်ထဲအိပ်တယ်။ အများကြီး စကားပြောကြပေမယ့် ရယ်စရာတွေလည်း ပါပါတယ်။ မားဂေါ့က ကိုယ့်မှတ်တမ်းကို ဖတ်ရမလားလို့ မေးတယ်။ ကိုယ်က 'ဖတ်ပေါ့၊ အများကြီး ဖတ်ပေါ့၊ ဒါပေမယ့် မမ မှတ်တမ်းကိုလည်း ဖတ်ချင်တယ်' လို့ပြောတော့ သူက သဘောတူတယ်။

နောက် ကိုယ်တို့ဟာ အနာဂတ်နဲ့ပတ်သက်တဲ့ အကြောင်းတွေဆီ စကားရောက်သွားကြတယ်။ ကြီးလာရင် ဘာဖြစ်ချင်သလဲလို့ ကိုယ်က





မေးတော့ သူက မဖြေဘူး။ လျှို့ဝှက်ထားတယ်။ ကိုယ်ကတော့ ကျောင်းဆရာမလုပ်ဖို့ ရည်ရွယ်ထားတာတွေ လျှောက်ပြောတာပဲ။ မှန်သလား မှားသလားတော့ မသိဘူး။ ဒါပေမယ့် ကိုယ်မှန်တယ်ထင်တာပဲ။

ဒီနေ့မနက်တော့ ကိုယ်ဟာ ပီတာ့အိပ်ရာပေါ်မှာ သွားလှဲနေတယ်။ ပီတာဟာ ကိုယ့်ကို သိပ်စိတ်ဆိုးနေတယ်။ ဒါပေမယ့် ကိုယ်ဂရုမစိုက်ပါဘူး။ မနေ့က ပန်းသီး တစ်လုံး၊ သူ့ကိုပေးထားပြီးမို့ ခါတိုင်းထက်စာရင် သူဟာ ကိုယ်နဲ့ မိတ်ရင်းဆွေရင်းလို ဖြစ်နေရမှာပေါ့၊ မဟုတ်လား။

ကိုယ်ဟာ အလွန်အရုပ်ဆိုးသလားလို့ မားဂေါ့ကိုမေးမိတယ်။ သူကဘာပြော သလဲဆိုတော့ ကိုယ်ဟာ ချစ်စရာကောင်းပါတယ်။ မျက်လုံးကလေးတွေကလည်း လှတယ်တဲ့။ ဟုတ်မယ်မထင်ပါ ဘူးကွယ်၊ ဟင် ဘယ့်နှယ့်လဲ။

တွေ့ကြသေးတာပေါ့။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ

အောက်တိုဘာ ၂၀၊ ၁၉၄၂

ချစ်သော ကစ်တီ

အလန့်တကြားဖြစ်ပြီးတာ နှစ်နာရီလောက် ကြာသွားပေမယ့် ကိုယ့်လက်တွေ ခြေတွေဟာ အခုအထိ တုန်ရီလှုပ်ရှားနေသေးတယ်။ ကိုယ်တို့အိမ်မှာ မီးသတ်ဘူး ငါးဘူးရှိတယ်။ ဒီဘူးတွေကို တစ်စုံတစ်ယောက်က ဆေးအသစ်လာဖြည့်မယ်ဆိုတာ ကိုယ်တို့သိတယ်။ ဒါပေမယ့် ဘယ်သူလာဖြည့်မယ်ဆိုတာကို ဘယ်သူကမှ ကိုယ်တို့ကို သတိပေးမထားဘူး။

ဖြစ်ပုံကတော့ ဒီလို ဒီလို။ ကိုယ်တို့အောက်ဆင်းတဲ့ လှေကားရင်း စာအုပ်စင် တံခါးတစ်ဖက်ဆီက တူထုသံကိုကြားရတယ်။ ဒီအသံဟာ လက်သမားဆီက အသံပဲလို့ ယင်တာနဲ့ ကိုယ်တို့နဲ့အတူ ထမင်းစားနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလူဟာ ၁၅ မိနစ်လောက် အလုပ်လုပ် ပြီးတဲ့အခါကျတော့ သူ့တူနဲ့ လက်သမားကိရိယာတွေကို အသာချပြီးတော့ ကိုယ်တို့ရဲ့ တံခါးကို ခေါက်ပါလေရော။

ကိုယ်တို့ဟာ ကြက်သေသေနေတယ်။ သူဟာ တစ်စုံတစ်ခုများ ကြားသွားလို့ ကိုယ်တို့ရဲ့ လျှို့ဝှက်အခန်းကိုများ စူးစမ်းနေတာလားလို့ ဇတွေးမိတယ်။ တွေးစရာ ကလည်း ဖြစ်နေတာကိုး။ ခေါက်သံ၊ ကွန်းသံ၊ ဆွဲသံတွေကို ဆက်ကြားနေရတယ်။ ဒီလူဟာ ကိုယ်တို့ရဲ့ လုပတဲ့လျှို့ဝှက် ပုန်းအောင်းရာ နေရာကလေးကို များတွေ့သွားမလားလို့ တွေးမိပြီး ကိုယ်ဟာ မေ့မြောသွားမတတ်ဘဲ။ ကိုယ်တော့ သေရတော့မယ့်အချိန် နီးကပ်နေပြီလို့ တွေးမိနေခိုက်မှာ 'တံခါးဖွင့်စမ်းပါ၊ ကျုပ်ပါ'လို့ပြော လိုက်တဲ့ မစ္စတာကူဖစ်ရဲ့အသံကို ကြားလိုက်ရတော့တာပဲ။ ကိုယ်တို့က ချက်ချင်း ဖွင့်ပေးလိုက်ပြီး မစ္စတာကူဖစ်ကိုမြင်ရတော့မှာပဲ စိတ်သက်သာရာ ရတော့တယ်။ လက်သမားဆရာက လာပြင်တာမှန်တယ်။ သူအလုပ်ပြီးလို့ ပြန်ဆင်းသွားမှ မစ္စတာကူဖစ်ဟာ အဲလီကို လာခေါ်တာပဲ။ ကိုယ့် စိတ်ကူး ထဲမှာတော့ ကိုယ့်စိတ်ထဲမှာတော့ စောစောက ကိုယ်ထင်နေတဲ့ လူဟာ တဖြည်းဖြည်း ကြီးသထက် ကြီးလာပြီး ကိုယ်တို့အခန်းထဲလည်း ရောက်ရော သူဟာ ဘီလူးဖြစ်နေပြီး ကမ္ဘာမြေကြီးပေါ်မှာ လမ်းလျှောက် နေတဲ့ အကြီးဆုံး ဖက်ဆစ်ဖြစ်နေတာပါပဲ။

အင်း ဒီတစ်ကြိမ်တော့ အရာရာတိုင်းဟာ ကသိုလ်ကံကောင်း ချင်တော့ အဆင်ပြေပါတယ်။ တနင်္လာနေ့တုန်းကတော့ ကိုယ်တို့ အများကြီး ပျော်ရွှင်ကြရသေးတယ်။ မီယက်ရော၊ ဟန့်ရော ကိုယ်တို့ဆီမှာ အိပ်ကြတယ်။ အဲဒီညတော့ ကိုယ်နဲ့ မားဂေါ့က ဖေဖေတို့ အခန်းမှာ သွားအိပ်ကြတယ်။ ဟန့်က ကိုယ့်အခန်းမှာ အိပ်နိုင်အောင်လို့ပေါ့။

ထမင်းလည်းစားလို့ သိပ်ကောင်းတာပဲ။ အနှောင့်အယှက်တစ်ခု တော့ ဖြစ်သေးတယ်။ ဖေဖေ့မီးလုံးက စနက်တံပေါက်သွားလို့ မှောင်ကြီး မဲကြီးထဲမှာ ကိုယ်တို့ ထိုင်နေကြရတယ်။ ဘာလုပ်ကြမလဲ။ အိမ်ထဲမှာတော့





စနက်တံတပ်ဖို့ ဝါယာကြိုးရှိလေရဲ့။ ဒါပေမယ့် စနက်တံ ရှိတဲ့နေရာက မဲမှောင်နေတဲ့ ကုန်သိုလှောင် ခန်းရဲ့နောက်ဘက်တည့်တည့်မှာရှိတယ်။ မှောင်သွားရင် လုပ်ဖို့မကောင်းတဲ့ အလုပ်မျိုးဘဲ။ ဒါကို ယောကျာ်းတွေက ဝိုင်းဝန်းပြီး လုပ်လိုက်ကြတာ ၁၀ မိနစ်လောက် ကြာတော့ မီးပြန်လင်း တာပါပဲ။

ဒီနေ့မနက် ကိုယ် အစောကြီးနိုးတယ်။ ဟန့်တော့ ရှစ်နာရီခွဲ မှာပြန်ဖို့ပဲ။ မနက်စာ စားပြီးတဲ့အခါကျတော့ မီယက်ကအောက်ထပ်ကို ဆင်းသွားတယ်။ နောက်အပတ်ဆိုရင် အဲလီက ကိုယ်တို့နဲ့ တစ်ရက်လာ နေမယ်တဲ့။

မင်းရဲ့ အင်နာ

• • •

ကြာသပတေး
အောက်တိုဘာ ၂၉၊ ၁၉၄၂

ချစ်သော ကစ်တီ

ဖေဖေ နေမကောင်းနေလို့ ကိုယ်သိပ်စိတ်ပူတာပဲ။ တစ်ကိုယ်လုံး အပူချိန် တက်ပြီး အင်ပြင်တွေထွက်တာ နီရဲနေတယ်။ ဒါပေမယ့် ဆရာဝန်ခေါ်လို့ မဖြစ်ဘူး။ ဒါကြောင့် မေမေက ချွေးထုတ်ပေးပြီး အဖျားကိုကျအောင် ချပေးနေရတယ်။

ဖန်ဒန်းတို့အိမ်က အိမ်ထောင်ပရိဘောဂတွေအားလုံးကို ရွှေ့ပြီးပြီလို့ ဒီနေ့မနက် မီယက်က လာပြောတယ်။ မစ္စက်ဖန်ဒန်းကိုတော့ ပြောမ ပြသေးပါဘူး။ အခုတောင် ဒီလောက်သောကများ၊ နေတဲ့ဥစ္စာ၊ သူ့အိမ်မှာ ထားရစ်ခဲ့တဲ့ အိမ်ထောင်ပရိဘောဂတွေ အကြောင်းကို နောက်ထပ်လို့ မပြောချင်ပါဘူး။ ကောင်းပေ့ဆိုတဲ့ ပစ္စည်းကလေးတွေကို ကိုယ်တို့လည်း ထားရစ်ခဲ့ရတာပဲ မဟုတ်လား။

မကြာမီကစပြီး ကိုယ် စာအုပ်တွေတော်တော်များများ ဖတ်ခွင့်ရလာ တယ်။ အရွယ်ရောက်ပြီးသူတွေမှ ဖတ်ရမယ်ဆိုတဲ့ စာအုပ်တွေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နိုကိုဗန်ဆတ်တေလင်ရဲ့ 'အီတာ ငယ်စဉ်ဘဝ'ကို ကိုယ်အခု ဖတ်နေတယ်။ ဒီဝတ္ထုနဲ့ ကျောင်းသူကလေးတွေဖတ်တဲ့ အချစ်ဝတ္ထုတွေနဲ့ သိပ်မကွာလှပါဘူး။ အမှောင်လမ်းတွေမှာ ကိုယ့်ကိုယ်ကို ယောကျ်ားတွေဆီ ရောင်းချနေရတဲ့ မိန်းမတွေအကြောင်းလည်း ပါသပေါ့။ ဒါ့အတွက် သူတို့က ပိုက်ဆံတောင်းတယ်လေ။ ကိုယ်များ အဲဒီလိုဖြစ်ရတယ်ဆိုရင်တော့ ရှက်လွန်းလို့ သေမှာပါပဲ။ နောက်ပြီး အီတာဟာ ဓမ္မတာလာတယ်လို့လည်း ရေးထားတယ်။ ကိုယ်လည်း ဓမ္မတာလာဖို့ကို စောင့်စားနေတာပဲ။ ဒါဟာ သိပ်အရေးကြီးတယ်လေ။

ရှီသီနဲ့ ရှီဂါတို့ရဲ့ ပြဇာတ်တွေကို ဖေဖေက အခန်းဟောင်းထဲက ရလာတယ်။ ညနေတိုင်း ကိုယ့်ကိုဖတ်ပြတယ်။ 'ဒွန်ကာလို'ကို အခု ကိုယ်တို့ဖတ်နေပါပြီ။

ဖေဖေ့နမူနာကောင်းကိုယူပြီး မေမေကလည်း ဓမ္မတေးစာအုပ်ကို ကိုယ့်လက်ထဲ လာထည့်နေတယ်။ ကြည့်ကောင်းအောင်လို့ ကိုယ်က ဂျာမန်ဘာသာနဲ့ ဓမ္မတေးအချို့ကို ကိုယ်ဖတ်ပါတယ်။ ဓမ္မတေးဟာ လှပါတယ်။ ဒါပေမယ့် ဆွဲဆောင် နိုင်ခြင်းမရှိဘူး။ မေမေဟာ ဘာဖြစ်လို့ ကိုယ့်ကို အတင်းဘုရားတရား ကြည်ညိုခိုင်းနေတာလဲ။ သူ့ကို ရှိသေအောင်လို့လား။

မနက်ဖြန်ဆို ပထမဆုံးအကြိမ်အဖြစ် ကိုယ်တို့ဟာ မီးဖိုတော့မယ်။ မီးခိုး တွေနဲ့များ မွန်းနေစ်နေမလား မသိဘူး။ ခေါင်းတိုင်ကိုမရှင်းတာ ဘယ်နှစ်နှစ် ဘယ်နှစ်ကာလရှိပလဲ။ အဆင်ပြေပါစေလို့ မျှော်လင့်ရတော့တာပဲ။

မင်းရဲ့ အင်နာ





စနေ

နိုဝင်ဘာ ၇၊ ၁၉၄၂

သော ကစ်တီ

မေမေဟာ ကြောက်စရာကောင်းလောက်အောင် ဆူ တတ်ယ်။ ကိုယ့် အပေါ်မှာလည်း ဘယ်တော့မှ ကြည်သာတယ်လို့မရှိဘူး။ မေနဲ့ ဖေဖေက မားဂေါ့ အပေါ်မှာ ဘာမှပြောလေ့မရှိတော့ အရာရာင်း ကိုယ့်အပေါ် ပုံချနေတာပဲ။

မနေ့ညနေကပေါ့။ မားဂေါ့ဟာ ချစ်စရာ ပန်းချီကားကလေး ပါတဲ့ စာအုပ် တစ်အုပ်ကို ဖတ်နေတယ်။ နောက်အပေါ်ထပ် တက်သွားတော့ စာအုပ်ကို နောက်မှဖတ်မယ်ဆိုပြီး ချထားတယ်။ အဲဒီအခိုက်မှာယ်က စာအုပ်ကိုတွေ့တာနဲ့ ဘာရယ်မဟုတ်ပါဘူး။ ရုပ်ပုံတွေကို န်လှောကြည့်နေမိတယ်။ မားဂေါ့ပြန်လာတော့ သူ့စာအုပ်ကို ကိုယ့်လက်မှာလည်းတွေ့ရော နှဖူးကြောကြီးတွေရှုံ့ပြီး ပြန်တောင်းတာပေါ့။ ယ်က ချက်ချင်းမပေးသေးဘဲနဲ့ ရှေ့ဆက်ကြည့်နေတော့ မားဂေါ့ဟာ စိတ်ဆိုးလာတယ်။ မေမေကလည်း ဝင်လာပြီး မားဂေါ့ကို စာအုပ်ပြန် လိုက်စမ်း၊ သူဖတ်နေတာ မဟုတ်လားလို့ ပြောတယ်။

အဲဒီအခိုက် အခန်းထဲကို ဖေဖေဝင်လာတယ်။ ဖေဖေက ဘာဖြစ်တယ် ဆိုတာကို မသိသေးပေမယ့် မားဂေါ့မျက်နှာ မကောင်းတာကို တာနဲ့ တစ်ပြိုင်နက် ကိုယ့်ကို ချက်ချင်းအပြစ်တင်တော့တာပဲ။ 'မင်း အုပ်တွေကိုသာ မားဂေါ့က ဒီလိုကြည့်နေရင် မင်းဘာပြန်ပြောမယ်ဆိုတာ ချင်လိုက်တာ'လို့ ပြောတယ်။ ဒီတော့ ကိုယ်က စာအုပ်ကို ချက်ချင်း ပြီး အခန်းထဲက ထွက်လာခဲ့တာပဲ။ ကိုယ်ဟာ ဘာအပြစ်မှ ကျူးလွန် ရယ်လို့ မရှိဘဲနဲ့ ဖေဖေကိုယ်တိုင်လည်း အကျိုးအကြောင်း အစုံကို သေးဘဲနဲ့ ဒီလိုဆုံးဖြတ်တာ မှားတာပေါ့။ ဖေဖေနဲ့ မေမေကသာ စွက်ရင် မားဂေါ့စာအုပ်ကို ကိုယ်မြန်မြန်ပြန်ပေးမှာပဲ။ သူတို့က ဂေါ့ဟာ အကြီးအကျယ် မတရားအလုပ်ခံရတာ ကျနေတာပဲ။ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မားဂေ့ါဘက်က မျက်နှာလိုက်လိုက်ကြတာ။

မားဂေ့ါဘက်မှာ မေမေက အမြဲတမ်းရှိနေတာ သေချာပါတယ်
ဘာဖြစ် လို့လဲဆိုတော့ သူတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် အမြဲတမ်
အားပေးထောက်ခံ နေကြတာကိုး။ မေမေရဲ့ ဆူပူကြိမ်းမောင်းတာတွေ
မားဂေ့ါရဲ့ အပြုအမူတွေ အကြားမှာ ကိုယ်ဟာ လုံးလုံးလျားလျား တသီ
တခြားလို ဖြစ်နေတယ် မဟုတ်လား။

သူတို့ကို ကိုယ်ချစ်ပါတယ်။ ဒါပေမယ့် ကိုယ့်အမေနဲ့ အစ်မ
ဖြစ်နေလို့သာ ချစ်တာနော်။ ဖေဖေနဲ့စာရင်တော့ မတူဘူး။ ဖေဖေက
သာ မားဂေ့ါကို အစစအရာရာ နမူနာတင်၊ သူလုပ်သမျှ သဘောကျ
သူ့ကိုပဲ ကြံဖန် ချီးမွမ်းနေမယ် ဆိုရင်တော့ ကိုယ့်ရင်ထဲမှာ တစ်ခု
ဖြစ်နေမှာ သေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ဖေဖေ့ကို
ချစ်တာကိုး။ ဒီကမ္ဘာကြီးမှာ ကိုယ်ချစ်တာ ဖေဖေတစ်ယောက်တည်း
ရှိသေးတယ်။ မားဂေ့ါအပေါ် ပြုမူဆက်ဆံပုံတွေဟာ ကိုယ့်အပေါ် ပြုမူ
ဆက်ဆံပုံတွေနဲ့ မတူဘူးဆိုတာ ဖေဖေသတိမထားမိဘူး။

အခုတော့ မားဂေ့ါဟာ ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံး
အချောဆုံး၊ အလှဆုံး မိန်းကလေးလိုဖြစ်နေပြန်ပြီ။ ဒီတော့ ကိုယ့်ဘက်
ကလည်း လေးလေး နက်နက်စဉ်းစားစရာ ရှိလာတယ်ပေါ့။ ကိုယ့်မှာ
ဘယ်လိုဖြစ်နေသလဲဆိုရင် အမြဲတမ်း ထုံထိုင်းတယ်။ ကိုယ်လုပ်ခဲ့
တာတွေအတွက် အမြဲတမ်း အလျော်ပြန်ပေးရတယ်။ ဒီတော့ကနဦးမှာ
ကိုယ်က တေးတေးပြီး မှတ်တာပဲ။ မှတ်ရကာများရင် ရင်ထဲမှာ နာလာ
တာပေါ့။ တစ်ဖက်သတ် မျက်နှာသာပေးတဲ့ ဝါဒကို ကိုယ်လုံးလုံး
သဘောမကျတော့ဘူး။ ကိုယ့်ကို ဖေဖေမပေး နိုင်တဲ့အရာကို ကိုယ်က
လိုချင်နေသလို ဖြစ်နေပြီ။

မားဂေ့ါကို ကိုယ်ဝန်တိုစိတ်မရှိဘူး။ ဘယ်တုန်းကမှလည်း မရှိခဲ့ဘူး
မားဂေ့ါရဲ့ ကြည့်ကောင်းတာ၊ လှတာကိုလည်း မနာလိုစိတ် မရှိခဲ့ဘူး
ကိုယ်လိုချင်တာ တစ်ခုတည်းရှိတယ်။ အဲဒါက ကိုယ့်ကို သမီးတစ်ယောက်





အနေနဲ့သာမက အင်နာဆိုတဲ့ ကိုယ့်အတွက် ဖေဖေက တကယ်ချစ်တာ
ကိုပဲ လိုချင်တယ်။

ဖေဖေ့ကို ကိုယ်တွယ်တာတာ အမှန်ပဲ။ ဘာဖြစ်လို့လဲ ဆိုတော့
မိသားစုစိတ်သဘော အကြွင်းအကျန်ကို ဖေဖေ့ဆီက တစ်ဆင့်သာ ကိုယ်
ရခဲ့တာကိုး။ တစ်ခါတစ်ရံ ကိုယ့်ခံစားချက်တွေကို မေမေ့အပေါ် စုပုံဖို့
လိုအပ်တယ်ဆိုတာ ဖေဖေ နားမလည်ဘူး။ မေမေက ကိုယ့်အပေါ်ထားတဲ့
သဘောထားနဲ့ပတ်သက်လို့ ကိုယ်က ပြောမှာကို ဖေဖေသိပ်စိုးတာပဲ။
အပြောမခံဘူး။ ဒီတော့ မေမေရော၊ မေမေ့ စိတ်သဘောရောဟာ
ကိုယ့်အတွက်ဆိုရင် အင်မတန် ခက်ခဲတိမ်းကားတယ်လို့ ထင်လာတယ်။
ဘယ်လိုလုပ်ရမယ်ဆိုတာလဲ ကိုယ်မသိဘူး။ မေမေရဲ့ ဆူပူပုံ၊ စောင်းမြောင်း
ထေ့ငေါ့ပြောပုံ၊ ချိုသာခြင်းကင်းပုံတွေကို ကိုယ်သတိမထားဘဲ မနေနိုင်ဘူး။
ကိုယ့်ဘက်ကလည်း အမြဲတမ်းမှားနေတယ်လို့ ကိုယ်မယုံဘူး။

အရာရာတိုင်းမှာ ကိုယ်တို့ဟာ ဆန့်ကျင်ဘက်ချည်းပဲ။ ဒီတော့
သဘာဝ အတိုင်းပေါ့။ ကိုယ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်း
ဆန့်ကျင်နေတော့တာပေါ့။ မေမေ့စာရိတ္တနဲ့ ပတ်သက်လို့ ကိုယ်က
ဆုံးဖြတ်ချက် မချချင်ဘူး။ ကိုယ်က တစ်ခါတလေ မဆုံးဖြတ်နိုင်ဘူး။
သူ့ကို အမေအဖြစ်နဲ့ ကိုယ်ကမြင်ပေမယ့် သူက ကိုယ့်ကိုကျတော့ အတို့
အလှည့် ပြန်မမြင်ဘူး။ ကိုယ်သာလျှင် ကိုယ့်အမေ ဖြစ်နေရတာပဲ။

သူတို့အားလုံးနဲ့ ခပ်ကွာကွာနေဖို့ ကိုယ် ကြိုးစားပါတယ်။ ကိုယ့်ရွက်
ကိုယ် ဖွင့်တာပဲ။ ဘယ်သောင် ဘယ်ကမ်းဆိုက်မယ်သာ မသိဘာ။
ဒီလို ဘာကြောင့် ဖြစ်သလဲဆိုတော့ ကိုယ့်မျက်စိထဲမှာ မိခင်ကောင်း
တစ်ယောက်၊ ဇနီးကောင်းတစ်ယောက်ရဲ့ သွင်ပြင်လက္ခဏာ ရုပ်ပုံလွှာကို
အမြဲတမ်း မြင်နေရပြီး မေမေ့ကိုတော့ ကိုယ့် 'မေမေ' ရယ်လို့ ခေါ်သာ
ခေါ်နေရ ပေမယ့် ကိုယ့်မျက်စိထဲက ရုပ်ပုံလွှာမျိုးနဲ့ လုံးလုံးမတူတဲ့
အတွက်ပါပဲ။

မေမေ့ရဲ့ ချွတ်ယွင်းတဲ့ နမူနာတွေကို မတွေ့မိလို့၊ သတိမထား



www.burmeseclassic.com

www.burmeseclassic.com



မိဖို့ကိုယ် ပိုင်းဖြတ်ထားတယ်။ မေမေရဲ့ အကောင်းဘက်ကိုပဲ ကြည့်ချင်တယ်။ မေမေ့ဆီမှာ မတွေ့ရတာကိုမှ ကိုယ် ရှာဖွေတဲ့သဘောပါပဲ။ ဒါပေမယ့် မအောင်မြင်ပါဘူး။ အဆိုးဆုံးကတော့ ကိုယ့်ဘဝရဲ့ အဲဒီခြားနားကွဲလွဲချက်ကို ဖေဖေရော၊ မေမေရော မမြင်ကြ၊ နားမလည်ကြခြင်းဘဲ။ ဒါတွေအတွက် သူတို့ကို ကိုယ်တော့ အပြစ်တင်တယ်။ ဒီကမ္ဘာလောကကြီးမှာ ကိုယ့်သားသမီးကိုလုံးဝ အလိုပြည့်ကျေနပ်အောင် ထားတဲ့အလုပ်မှာ အောင်မြင်သူတွေများ ရှိနေသေးသလားလို့ ကိုယ်သိချင်လိုက်တာကွယ်။

တစ်ခါတလေတော့ ဘုရားသခင်ကများ ကိုယ့်ကို စမ်းသပ်နေတာလားလို့ ထင်လာ မိတယ်။ အခုရော၊ နောင်ရော ကိုယ့်ကြိုးစားမှုနဲ့ ကိုယ်လူကောင်း တစ်ယောက် ဖြစ်လာရမှာပေါ့။ အဲဒီတော့ ကိုယ်ဟာ ပိုပြီးခိုင်မာ ရဲရင့်လာရမှာပေါ့။

ဒီစာတွေကို ကိုယ်မှတစ်ပါး ဘယ်သူက ဖတ်မှာလဲ။ ကိုယ့်စိတ်ချမ်းသာမှုကို ကိုယ့်ဆီ ကမှအပ အခြားဘယ်သူ့ဆီကရမှာလဲ။ ကိုယ်ဟာ မကြာခဏဆိုသလို အားနည်းချက်ရှိတယ်။ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်တယ်။ ကိုယ့်ချွတ်ယွင်းချက်တွေဟာ ကြီးကြီးလာတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို အားပေးနှစ်သိမ့်ဖို့ သိပ်လိုအပ်တယ်။ ဒါကို ကိုယ်သိတယ်။ သိလို့လည်း နေ့စဉ်နေ့တိုင်း ကိုယ့်ကိုယ်ကို တိုးတက်ဖို့ ထပ်ခါတလဲလဲ ကြိုးစားတာပေါ့။

ကိုယ့်အပေါ် သူတို့ရဲ့ အပြုအမူတွေဟာလည်း ပိုပြီးကွဲပြားလာတယ်။ ဒီနေ့ အင်နာဟာ စိတ်သဘောထား သိပ်နူးညံ့ပျော့ပျောင်းပြီးတော့ အရာရာကို သိခွင့်ပေးထားပေမယ့် နောက်တစ်နေ့ကျတော့ အိုအင်နာဆိုတာ တကယ့် မနူးမနပ် ကောင်မလေး၊ ဘာဆိုဘာမှ မသိတတ်တဲ့ ကောင်မလေးဖြစ်ရင် ဖြစ်နေပြန်ရော။ တကယ်ဆိုရင် ကိုယ်ဟာ ကိုယ်ဘာလုပ်လုပ် ရယ်စရာဖြစ်နေလောက်အောင် ရူးတူန်း မိုက်တူန်း အရွယ်မဟုတ်တော့ပါဘူး။ စကားလုံးအဖြစ် မပြောတတ်သေးပေမယ့် ကိုယ့်မှာ ကိုယ်ပိုင်အမြင်၊ အစီအစဉ် စိတ်ကူးတွေရှိတယ်။





ခုတင်ပေါ်မှာ လဲလျောင်းနေရင်း အမြဲတမ်းလိုလို ကိုယ့်ရည်ရွယ်ချက်တွေကို တလွဲတွေးနေကြတဲ့ လူတွေအပေါ် စိတ်ပျက်မိတယ်။ ကိုယ့်ရင်ထဲမှာလည်း အတွေးတွေ၊ အရာဝတ္ထုတွေဟာ လုံးထွေးရစ်ပတ်နေတယ်။ ဒါကြောင့် အဆုံးကျရင် ကိုယ့်မှတ်တမ်း ဆီကို အမြဲတမ်းလိုလို ပြန်လာရတာပဲ။ ဒီမှတ်တမ်းမှာ ကိုယ်စတယ်၊ ဒီမှတ်တမ်းမှာပဲ ကိုယ်ဆုံးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကစ်တီက သည်းခံတာကိုး။

အခက်အခဲတွေအကြားမှာ ကိုယ့်ကိုယ်ကို ထိန်းသိမ်းမယ်၊ ကိုယ့်မျက်ရည်တွေကို သိမ်းသပ်မယ်ဆိုတာ ကစ်တီကို ကိုယ်ကတိပေးပါ့မယ်။ ကိုယ့်ကိုချစ်တဲ့ သူတစ်ယောက် ယောက်ဆီက တစ်ခါတလေအားပေးတာ၊ သို့မဟုတ် အောင်မြင်မှု ရတာတွေကိုတော့ တွေ့မြင်ရဖို့ ကိုယ်ဆုတောင်းပါတယ်။

ကိုယ့်ကို အထင်မသေးနဲ့ဦး၊ မရှုံ့ချနဲ့ဦးနော်။ တစ်ချိန်မှာ ကိုယ်ဟာလည်း ထိပ်တန်း ကိုရောက်နိုင်တယ်ဆိုတာ သတိရပါ။

မင်းရဲ့ အင်နာ

* * *

တနင်္လာ

နိုဝင်ဘာ ၉၊ ၁၉၄၂

ချစ်သော ကစ်တီ

မနေ့က ပီတာ အသက် ၁၆ နှစ် ပြည့်မြောက်တဲ့ မွေးနေ့ပဲ။ လက်ဆောင် ကောင်းလေးတွေ ရပါတယ်။ လက်ဆောင်တွေထဲမှာ ကစားစရာကတစ်ခု၊ သင်ဒုံးဓားက တစ်လက်၊ မီးခြစ်က တစ်လုံးပါတယ်။ သူဆေးလိပ်မသောက်ပေမယ့် ဒီမီးခြစ်ကို အလှကိုင်မှာပေါ့။

တစ်နာရီမှာ မစ္စတာဖန်ဒန်းက ပြောတဲ့သတင်းကြောင့် ကိုယ်တို့အကြီးဆုံး အံ့သြကြရတယ်။ ဗြိတိသျှတွေဟာတူးနစ်၊ အယ်လ်ဂျီယား၊ ကာဆာဘလင်ကာနဲ့ အိုရန်တို့ကို တက်ရောက်လာကြပြီလို့ သူက ပြောတယ်။ 'ဒါဟာ နိဂုံးရဲ့အစပဲ' လို့ လူတိုင်းက ပြောပေမယ့် ဒီလိုပြောတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို အင်္ဂလန်က ကြားသွားဟန်တူတဲ့ ဗြိတိန်ဝန်ကြီးချုပ် ချာချီ
"ဒါဟာ နိဂုံးမဟုတ်ဖူး။ နိဂုံးရဲ့အစလည်း မဟုတ်သေးဘူး။ ဒါပေမယ်
အစရဲ့နိဂုံးသာ ဖြစ်ပါလိမ့်မယ်"လို့ ပြောတာပဲ။ ကွဲလွဲချက်ကို မြင်ပြီလာ
ကောင်းဖို့အကြောင်းတော့ ရှိဦးမှာပေါ့။ သုံးလလုံးလုံး ကာကွယ်ထား
ကြရတဲ့ ရပ်ရှားကမြို့တစ်မြို့၊ စတာ့လင်ဂရက်ဟာလေ၊ အခုအထ
ဂျာမန်တွေ လက်ထဲကို ရောက်မသွားသေးဘူး။

ကဲ ကိုယ်တို့ရဲ့ လျှို့ဝှက်ကမ္ဘာကလေး၊ အကြောင်းကို ဆက်ပြ
ဦးစို့လား။ ကိုယ်တို့ရဲ့ ရိက္ခာထောက်ပံ့ရေးအကြောင်း မင်းကို ပြောပြမယ်
ထိပ်ဆုံးအထပ်မှာ ဖါကယ်လောဘကြီးတဲ့ ဝက်တချို့ရှိတာ မင်းအသိပ
ပေါင်မုန့်ကိုတော့ မစ္စတာကူဖစ်ရဲ့ မိတ်ဆွေ မုန့်သည်တစ်ယောက
ဆီကရတယ်။ အိမ်မှာရနေသလောက်တော့ မရဘူးပေါ့။ ဒါပေမယ
လုံလောက်ပါတယ်။ ရာရှင်ကပ်ပြား လေးခုကိုလည်း တိတ်တဆိတ
ယူထားတယ်။ သူတို့ဈေးကလည်း တက်နေတာပဲ။ အခု ဖလော်ရင
၂၇ က ၃၃ ဖလော်ရင်အထိ ဖြစ်သွားပြီ။ စာရွက်ကလေးကျတော
သေးသေးကလေး။

ကိုယ်တို့မှာ အသီးအရွက်ဘူး ၁၅၀ ရှိပေမယ့် စားတော်ပ
ပဲအမျိုးမျိုး ပေါင် ၂၇၀ ကိုလည်း ဝယ်ထားသေးတယ်။ ဒါတွေဟ
ကိုယ်တို့အတွက်ချည်း မဟုတ်ဘူး။ ရုံးကလူတွေ အဖွက်လည်းပါတယ

ဒီပစ္စည်းတွေကို ဆာလာအိတ်ကြီးတွေနဲ့ ထည့်ထားတာ ဝန်
လေးအား ကြီးတော့ အိတ်တွေပေါက်ထွက်ကုန်ပါလေရော။ အဲဒီတေ
အထက်ဆုံး အထပ်ခိုး ကိုရွှေ့ထားရင် ကောင်းမယ်ဆိုပြီး အပေါ်ထပ်
ဒီအိတ်တွေဆွဲတင်ဖို့ အလုပ်ကို ပီတာ့ကိုခိုင်းတယ်။

အပေါ်ထပ်ကို သူဟာအိတ်ပေါင်း လေးငါးခြောက်အိတ်လော
တော့ ဆွဲတင်နိုင်ပါတယ်။ ဆင့်မမြောက် အိတ်ကိုလည်း ဆွဲတင်ေ
လမ်းခုလယ်မှာတင် အိတ်ပေါက်ပြီး ပဲတွေဟာ မိုးရွာချသလို၊ အို မဟု
သေးဘူး။ ပဲမုန်တိုင်းဆင်သလို အောက်ထပ်ကို တဖွဲဖွဲကျကုန်ပါလေ





ိတ်ထဲထည့်ထားတဲ့ပဲက ပေါင်၅၀ လောက်ရှိတဲ့ ပဲစေ့တွေကျတဲ့ အသံဟာ
သသူကိုတောင် နိုးစေမယ့်အသံပဲ။

အောက်ထပ်တွေကတော့ တစ်အိမ်လုံး ပြိုကျလာပြီလားလို့
ထင်ကြတယ်။ (ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် အဲဒီအချိန်မှာ
သူစိမ်းတရံဆိုလို့ တစ်ယောက် မှမရှိဘူး။) ပီတာဟာ ကြောက်သွားတာ
ပေါ့။ နောက်တော့ သူဟာ ရယ်တာပဲ။ အထူးသဖြင့် အောက်ထပ်မှာ
ပဲတွေက ပင်လယ်လို ဝိုင်းထားတဲ့အကြားမှာ ကျွန်းကလေးလိုရပ်နေတဲ့
ကိုယ့်ကိုမြင်တော့ ပိုရယ်တာပေါ့။ ပဲတွေ ကလည်း ကိုယ့်ခြေချင်းဝတ်ကို
ရောက်တာပဲ။ နောက်ပြီးရောက်ရာ ပေါက်ရာကို ပဲတွေက လိမ့်ဆင်းသွား
ကြတယ်။ အခုတော့ အောက်ထပ်မှာ ဖြတ်လျှောက်သွားတဲ့ လူတိုင်းက
စ္စက်ဖန်ဒန်းကို ပဲလက်တစ်ဆုပ်စာလောက်စီတော့ ကောက်ပြီး
သက်ဆောင် ပေးကြရတာပဲ။

ဖေဖေ နေကောင်းလာပြီဆိုတာတောင် ပြောဖို့မေ့သွားတယ်။

မင်းရဲ့ အင်နာ

တ်ချက်။ ။ အယ်လ်ဂျီယား ကျသွားပြီဆိုတဲ့သတင်း အခုပဲ ရေဒီယို
ာ လာတယ်။ မော်ရိုကို၊ ကာဆာဘလင်ကါနဲ့ အိုရန်တို့တော့ ဗြိတိသျှ
က်ထဲရောက်နေတာ ရက်အတန်ကြာသွားပြီ။ တူးနစ်အတွက် ကိုယ်တို့
ောင့်ဆဲပဲ။

* * *

အင်္ဂါ

နိုဝင်ဘာ ၁၀၊ ၁၉၄၂

ချစ်သော ကစ်တီ

တကယ့်သတင်းကြီးတစ်ရပ် ပေးလိုက်ရဦးမယ်။ ဒါကတော့
ခြားမဟုတ်ဘူး။ ရှစ်ယောက်မြောက် လူတစ်ယောက်ကို ကိုယ်တို့
ခေါ်ထားချင်တယ်ဆိုတဲ့ သတင်းပဲ။ ဟုတ်တယ်၊ တကယ်ပါ။ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အတွက် နေရာထိုင်ခင်းရော အစားအသောက်ရော ကိုယ်တို့
အလုံအလောက်ရှိပါတယ်။ မစ္စတာကူဖစ်နဲ့က ရာဂါတို့ကို နောက်ထ
ဒုက္ခပေးရမှာကိုသာ ကိုယ်တို့အားနာတာ။

အခုတော့ ဂျူးတွေနဲ့ပတ်သက်ပြီး ကြားရတဲ့အကြောင်းတွေဟ
ဆိုးသထက် ဆိုးလာတယ်။ ဖေဖေ့မလည်း ဆုံးဖြတ်ရမယ့် လူနှစ်ယော
ရှိတယ်။ 'အန္တရာယ် ရှိတာကတော့ ခုနစ်ယောက်ဆို လည်းရှိတာ
ရှစ်ယောက်ဆိုလည်း ရှိတာပဲ'လို့ သူတို့က ပြောတယ်။ ဒါဟာမှန်ပါတယ
အဲဒီတော့ နောက်တစ်ယောက် ထပ်ခေါ်ထား မယ်ဆိုတဲ့ ပြဿနာပ
ပြေလည်သွားရော။ ကိုယ်တို့ရဲ့ 'မိသားစု' အသိုက်အမြုံထဲမှာ ဘယ်သူ့
ခေါ်ထားမယ်ဆိုတာ စဉ်းစားကြရပြန်တယ်။ ဖန်ဒန်းတို့အမျိုးအဆွေ
ထဲကတစ်ယောက်ကိုမှ ဖေဖေကလက်မခံဘူး။ သွားစိုက်ဆရာ အ
ဘဒူဆဲကိုပဲ ဖေဖေက လက်ခံလိုက်တယ်။ သူ့မိန်းမကတော့ စစ်ဖြစ်တာ
တစ်ပြိုင်နက် နိုင်ငံအပြင်ကို ထွက်သွားနိုင်ခဲ့တယ်။ သူဟာ လူေ
တစ်ယောက်လို့ဆိုတယ်။ မီယက်ကလည်း သူ့ကိုသိတယ်။ ကိုယ်တ
အကူလာနေဖို့ မီယက်ကပဲ အစီအစဉ်လုပ် ပေးနိုင်ပါလိမ့်မယ်။

သူလာရင် မားဂေ့ါအခန်းမှာ မအိပ်ရဘူး။ ကိုယ့်အခန်းမှာ အိ
မယ်။ မားဂေ့ါအခန်းကို အပျင်းပြေကျောခင်းဖို့နေရာအဖြစ် ထားလိမ့်မ

မင်းရဲ့ အင

* * *

ကြာသပတေ
နိုဝင်ဘာ ၁၂၊ ၁၉

ချစ်သော ကစ်တီ

ခိုအောင်းစရာ နေရာတစ်ခု တွေ့ထားပြီလို့ မီယက်က ပြော
အခါကျတော့ ဒူဆဲဟာ သိပ်ဝမ်းသာ ကျေနပ်နေတာပဲ။ အမြန်ဆုံးလ
လည်း မီယက်က ပြောတယ်။ စနေနေ့ဆို ပိုကောင်းတယ်ပေါ့လေ
သူကတော့ လူနာတွေဆီသွားရဦးမယ်၊ စာရင်းတွေရှင်းရဦး





ဆိုပြီး တွန့်ဆုတ်ဆုတ် လုပ်နေသေးတယ်တဲ့။ ဒီအကြောင်းကို မီယက်က
ဒီနေ့မနက်ပဲ လာပြောတယ်။ 'စနေနေ့မှာလာဖို့ အစီအစဉ်ကို တွန့်ဆုတ်နေ
တာ ကိုယ်တို့က သဘောမကျဘူး။ သူက ဒီအစီအစဉ်တွေကို တခြားမှာ
လျှောက်ပြောရင် မခက် ဘူးလား။ စနေနေ့မှာလာရင်လာ၊ စနေနေ့
မှာမှမလာရင် မလာနဲ့တော့လို့ မီယက်က သွားပြောတယ်တဲ့။

ဒူဆဲက မလာနိုင်ဘူး၊ တနင်္လာနေ့မှ လာမယ်တဲ့။ ကိုယ်ကတော့ဘက်က
အကြံ ပေးတာကို ဘာပဲဖြစ်ဖြစ် သူလိုက်နာဖို့ကောင်းတယ်။ သူ့ကို
အပြင်ဘက်မှာနေတုန်း ဖမ်းမိသွားရင် သူ့လူနာတွေကိုရော ကြည့်နိုင်
ပါ့မလား။ သူ့ငွေရေး ကြေးရေးတွေရော ရှင်းနိုင်ပါ့မလား။ ဒါနဲ့တောင်
ဘာဖြစ်လို့ နှောင့်နှေးနေရသလဲ။ သူ့ကိုခေါ်ဖို့ ဖေဖေက စဉ်းစားတာ
မှားတာပဲလို့ ကိုယ်ထင်တယ်။

တခြားသတင်းမရှိသေးဘူး။

မင်းရဲ့ အင်နာ

* * *

အင်္ဂါ
နိုဝင်ဘာ ၁၇၊ ၁၉၄၂

ချစ်သော ကစ်တီ

ဒူဆဲတော့ ရောက်လာပြီ။ အားလုံးကောင်းကောင်းမွန်မွန်ပါပဲ။
၁၁ နာရီတိတိမှာ စာတိုက်ရှေ့က တစ်နေရာမှာ စောင့်နေ၊ လူတစ်ယောက်
လာတွေ့ လိမ့်မယ်ဆိုပြီး မီယက်က သူ့ကိုချိန်းကယ်တဲ့။ ဒူဆဲကလည်း
ချိန်းထားတဲ့နေရာ တစ်ပိုက်မှာ မယောင်မလည် သွားစောင့်နေတာပေါ့။

သူ့ကိုသိတဲ့ မစ္စတာကူဖစ် ရောက်လာပြီး ချိန်းထားတဲ့လူ မလာ
နိုင်ဘူး။ ဒါပေမယ့် ရုံးမှာမီယက်ရှိတာမို့ လိုက်ခဲ့ပါလို့ခေါ်ပြီး ကူဖစ်က
ဓာတ်ရထားနဲ့ ပြန်လာတယ်။ ဒူဆဲကတော့ လမ်းလျှောက်လာခဲ့တယ်။
၁၁ နာရီထိုးပြီး မိနစ် ၂၀ မှာ သူဟာ ရုံးခန်းထဲကိုရောက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာတပ်ထားရတဲ့ ကြယ်ဝါကြီးကို မမြင်နိုင်အောင် မီယက်က ကုတ်အင်္ကျီတစ်ထည်ပေးပြီး ဝတ်ခိုင်းထားလိုက်တယ်။ နောက်ပြီး သူ့ကို ကိစ္စတစ်ခုခုရှိလို့ ခေါ်လာဟန်နဲ့ အပေါ်ထပ်ကိုခေါ်သွားပြီး စာအုပ်စင်ကလေးကိုဖယ် လျှို့ဝှက်လှေကားကလေးအတိုင်း ခေါ်တက်လာခဲ့တယ်။'

အသစ်ရောက်လာသူကို ကြိုဆိုဖို့အတွက် အပေါ်ထပ်မှာ ကိုယ်တို့က ကော့ဖီအရက်နဲ့ ကော်ဖီကို စားပွဲမှာ အသင့်ပြင်ပြီး စောင့်နေကြတယ်။ ကိုယ်တို့ရဲ့ ညွှန်ခန်းကို မီယက်က အရင်လိုက်ပြတယ်။ ကိုယ်တို့အိမ်ထောင်ပရိဘောဂတွေကို ဒူဆဲဟာ ချက်ချင်းမှတ်မိသွားပြီး အပေါ်ထပ်မှာ ကိုယ်တို့ရှိနေပြီဆိုတာ သေသေချာချာ ယုံသွားတာပေါ့။ ဒါပေမယ့် သူဟာ သိပ်အံ့သြနေဖို့ အချိန်မရလိုက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မီယက်က အပေါ်ထပ်ကို တန်းတန်းမတ်မတ် ခေါ်လာတာကိုး။

ဒူဆဲဟာ ကုလားထိုင်မှာ ကိုယ်မြုပ်အောင် ခြေပစ်လက်ပစ်ထိုင်ရင်း ကိုယ်တို့ တစ်ယောက်စီကို စေ့စေ့စပ်စပ်ကြည့်ပြီး စကားလည်း မပြောနိုင်ဘူး။ တော်တော်ကလေးကြာမှ 'ဟင် ခင်ဗျားတို့ ဘယ်လ်ဂျီယံမှာ မဟုတ်တော့ဘူးပေ့ါ။ ဒီကိုလာတာ ချောချောမောမော လွတ်လာတာပေ့ါ' တဲ့။ အထစ်ထစ် အငေ့ါငေ့ါနဲ့ ပြောတယ်။

ကိုယ်တို့ကို လိုက်ရှာရင် လမ်းလွဲအောင်ဆိုပြီး လူတွေကြား အထူးသဖြင့် ဂျာမန်တွေကြားမှာ ဒီလိုသတင်းလွှင့်ခဲ့ရတဲ့အကြောင်း ကိုယ်တို့က ရှင်းပြလိုက် တယ်။

ဒူဆဲဟာ ဒါနဲ့ မပြီးသေးဘူး။ ကိုယ်တို့ရဲ့ လျှို့ဝှက်ခန်းဆောင်ကလေးမှာ အစစအရာရာ ပိပိရိရိ စီစဉ်ထားပုံကို သိပ်သဘောကျပြီး အံ့အားသင့်နေသေးတယ်။

နေ့လယ်စာကို အားလုံး အတူတူစားကြတယ်။ နောက်လက်ဖက် ရည်သောက်ကြပြီး မီယက်က ကြိုဝယ်ထားတဲ့ ပစ္စည်းပစ္စယကလေးတွေကို ပေးတယ်။ ဒီနောက်တော့ သူဟာ ကိုယ့်အိမ် ကိုယ့်ယာကို ရောက်နေသလို ဖြစ်နေတယ်ထင်တာပဲ။ အထူးသဖြင့် လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့





'လျှို့ဝှက်ခန်းဆောင် စည်းမျဉ်းဥပဒေများ' (ဗန်ဒန်းရဲ့လက်ရာ)ကို ရပြီးတဲ့အခါကျတော့ ပိုပြီးများ ပျော်သွားမလား မသိဘူးလေ။

## 'လျှို့ဝှက်ခန်းဆောင်' လမ်းညွှန်နှင့် ကျိုးကြောင်းဖော်ပြချက်

ဂျူးများနှင့် အလားတူ လူမျိုးများအတွက်
ယာယီနေအိမ်အဖြစ် အသုံးပြုသော အထူးဌာန။

တစ်နှစ်ပတ်လုံးဖွင့်သည်။ ။အမ်စတာဒမ် မြို့လယ်ကောင်၌ ရှိပြီး လုပသည်။ အေးချမ်းသည်။ သစ်တောဝန်းကျင်မှ ကင်းရှင်းသည်။ ဓာတ်ရထား အမှတ် ၁၃နှင့် ၁၇တို့ဖြင့် လာနိုင်သည်။ ကားနှင့်လည်းကောင်း၊ ဘိုင်စကယ်နှင့်လည်းကောင်း လာနိုင်သည်။ အထူးကိစ္စအဖြစ် ဂျာမန်များက သယ်ယူပို့ဆောင်ရေးယာဉ်များကို တားမြစ်ထားလျှင် ခြေကျင်လည်း လာနိုင်သေးသည်။

တည်းခိုနေထိုင်ရေး။ ။ အခမဲ့ ။

### အထူးတလည် စီစဉ်ထားသော အစားအသောက်

ရေ။ ။ရေချိုးခန်းထဲ၌ ရေရှိသည်။ (ချိုးစရာနေရာမရှိ)။ နံရံအတွင်း အပြင်ဘက်သို့ ဒလဟော စီးဆင်းနေသည်။

စတိုခန်း။ ။ ပစ္စည်းအားလုံး စုပြုံသိုလှောင်သည်။

ကိုယ်ပိုင်အသံလွှင့်ဌာန။ ။ လန်ဒန်၊ နယူးယောက်၊ တဲလဗစ်အပြင် အခြားသော အသံလွှင့်ဌာနများနှင့် အဆက်အသွယ်ရှိသည်။ ဤအသံဖမ်းကိရိယာကို ညနေ ၆ နာရီကျော်မှသာလျှင် သုံးခွင့်ရှိသည်။ အခြားအသံလွှင့်ချက်များကို မဖမ်းရဟု ပိတ်ပင်တားမြစ်ခြင်းမရှိ။ သို့သော် ဂျာမန်အသံလွှင့်ဌာနတို့မှ ထုတ်လွှင့်ချက်များအနက် အထူးကိစ္စအဖြစ် ဖျော်ဖြေရေးဂီတများကိုမူ ဖမ်းယူခွင့်ပြုသည်။

အနားယူချိန်။ ။ည ၁၀ နာရီမှ နံနက် ၇ နာရီအထိ။ တနင်္ဂနွေနေ့များတွင် နံနက် ၁၀ နာရီ ၁၅ မိနစ်အထိ။ အခြေအနေက ခွင့်ပြုလျှင် တစ်နေ့လုံး နားနေနိုင်သည်။ အများပြည်သူတို့ သုံးခြုံရေး



www.burmeseclassic.com

www.burmeseclassic.com



အကျိုးငှာ အနားယူချိန်ကို ကြပ်တည်းစွာ လိုက်နာစောင့်စည်းရမည်။
အားလပ်နေ့များ ။ ။အိမ်အပြင်ဘက်သို့ ထွက်ခြင်းများကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားသည်။
စကားပြောဆိုသုံးနှုန်းခြင်း။ ။အမြဲတမ်း ညင်သာစွာ စကားပြောရမည်။ ဤ အမိန့်ကို တင်းကြပ်စွာ လိုက်နာရမည်။ ယဉ်ကျေးသော ဘာသာစကားအားလုံးကို ခွင့်ပြုသည်။ ထို့ကြောင့် ဂျာမန်ဘာသာစကား မပြောရ။
သင်ခန်းစာများ။ ။ရက်သတ္တ တစ်ပတ်လျှင် လက်ရေးတို့ ရေးဖြေ သင်ခန်းစာ တစ်ခု၊ အင်္ဂလိပ်၊ ပြင်သစ်၊ သင်္ချာနှင့် ရာဇဝင် အချိန်မရွေး။
အလှမွေးတိရစ္ဆာန်ငယ်များ။ ။အထူးဌာနရှိသည်။ (ခွင့်ပြုချက် ရယူရန်လိုသည်။) ကောင်းစွာ ပြုစုကျွေးမွေးနိုင်သည်။ (ပိုးမွှားများမှအပ)။
ထမင်းစားချိန်။ ။နံနက်စာ တနင်္ဂနွေနှင့် ဘဏ်ပိတ်ရက်များမှ အပ နေ့စဉ် နံနက် ၉ နာရီ။ တနင်္ဂနွေနှင့် ဘဏ်ပိတ်ရက်များအတွက် နံနက် ၁၁း၃၀ နာရီခန့်။
နေ့လယ်စာ။ ။(အကြီးအကျယ် မဟုတ်။) နေ့လယ် ၁း၁၅နာရီမှ ၁း၄၅ နာရီအထိ။
ညစာ။ ။အအေး သို့မဟုတ် အပူ။ အချိန်ကန့်သတ်ချက်မရှိ။ (သတင်းကြေညာချက်များအပေါ်၌ မူတည်သည်။)
တာဝန်များ။ ။နေထိုင်သူများသည် ရုံးလုပ်ငန်း၌ ကူညီရန် ထာဝစဉ်အသင့် ရှိစေရမည်။
ရေချိုးခြင်း။ ။တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှစ၍ ရေချိုးရန်နေရာ ရယူနိုင်သည်။ အိမ်သာခန်း၊ မီးဖိုခန်း၊ သီးသန့်ရုံးခန်း၊ သို့မဟုတ် ရုံးခန်းကျယ်။ ကြိုက်နှစ်သက်ရာနေရာ။
မူးယစ်စေသော အဖျော်ယမကာ။ ။ဆရာဝန်၏ ညွှန်ကြားချက်အရသာ။

ပြီး၏။

မင်းရဲ အင်နာ





ကြာသပတေး
နိုဝင်ဘာ ၁၉၊ ၁၉၄၂

ချစ်သော ကစ်တီ

ဒူဆဲဟာ ကိုယ်တို့ထင်ခဲ့တဲ့အတိုင်း လူကောင်းတစ်ယောက်ပဲ။ ကိုယ့်အခန်း ကလေးမှာ အတူတကွ မျှနေဖို့ကိုလည်း သူကလက်ခံတယ်။

သူစိမ်းတရံ လူတစ်ယောက်ယောက်က ကိုယ့်အသုံးအဆောင်တွေကို သုံးမယ် ဆိုတာနဲ့ ပတ်သက်လို့ ရိုးရိုးသားသား ပြောရရင် ကိုယ်သိပ်တော့ ဘဝင်မကျလှဘူး။ ဒါပေမယ့် မွန်မြတ်တဲ့ လမ်းစဉ်အတွက် လူတစ်ဦးတစ်ယောက်ဟာ အနစ်နာ ခံစရာရှိရင် ခံရမယ်မဟုတ်လား။ အဲဒါကြောင့် ကိုယ်လည်း ကိုယ့်ရဲ့မဖြစ်ပလောက် အရာကလေးကို စိတ်စေတနာကောင်းကောင်းနဲ့ လှူရတော့မှာပေါ့။ 'တို့ဟာ လူတစ်ဦးတစ်ယောက်ကို ကယ်တင်ထားနိုင်တယ်ဆိုရင် တခြားအရာတွေဟာ ဘာမှအရေး မကြီးတော့ဘူး'လို့ ဖေဖေက ပြောဖူးတယ်။ ဖေဖေဟာ မှန်းဝမှန်ကန်ပါတယ်။

ဒီကို ဒူဆဲ စရောက်ရောက်ချင်း မေးခွန်းမျိုးစုံကို မေးတာပဲ။ သက်တို လက်ရှည် ခိုင်းရတဲ့မိန်းမ ဘယ်တော့လာလေ့ရှိသလဲ။ ရေချိုးခန်းကို ဘယ်အချိန် အသုံးပြုရသလဲ။ အိမ်သာကိုရော ဘယ်အချိန် သုံးခွင့်ရသလဲ။ ဒီမေးခွန်းတွေ ကိုကြားရင် မင်းကတော့ ရယ်မလားမသိဘူး။ ဒါပေမယ့် ပုန်းအောင်းနေရတဲ့ နေရာမှာတော့ အင်မတန် အရေးကြီးပါတယ်။

နေ့ဘက်ဆိုရင် အောက်ထပ်က ကြားစေမယ့်အသံဗလံဟူသမျှကို ပြည်ရအောင် ကိုယ်တို့ သတိထားရတယ်။ သူစိမ်းတရံတစ်ယောက်ယောက်မှာ နေ့စား အခိုင်းအစေ မိန်းမတစ်ယောက်လောက်များ လာတဲ့နေ့ဆိုရင် ကိုယ်တို့ဟာသာပြီး သတိထားနေရသေးတယ်။ ဒူဆဲကို ကိုယ်က သေးစိတ် ရှင်းပြလိုက်တယ်။ ဒါပေမယ့် သူဟာ နားလည်ခဲတယ်။ အရာတိုင်းကို အနည်းဆုံး နှစ်ခါပြန်တော့ မေးတာချည်းပဲ။ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မှတ်လည်း မှတ်မိပုံမရဘူး။ ချောင်တခင် အပြောင်းအလဲတွေကြောင့် ထုံနေလို့လားတော့ မသိပါဘူးကွယ်။

ဒီလို အသေးအဖွဲ့ကလေးတွေမှအပ တခြားအရာတိုင်းကတော့ အားလုံး ကောင်းကောင်းမွန်မွန်ပါပဲ။ ကိုယ်တို့မသိတဲ့ အပြင်လောကရဲ့ အကြောင်းတွေကို ဒူဆဲက ပြန်ပြောပြတယ်။ အင်မတန် ဝမ်းနည်းစရာ သတင်းတွေပါပဲ။ မရေ မတွက်နိုင်တဲ့ မိတ်ဆွေတွေ၊ အသိအကျွမ်းတွေဟာ ကြောက်မက်ဖွယ် ကြမ္မာဆိုးတွေနဲ့ တွေ့နေကြရပြီ။ ညနေတိုင်း ညနေတိုင်း အစိမ်းရောင် အညိုရောင် စစ်ကားကြီးတွေ ရောက်ရောက်လာတယ်။ ဂျာမန်တွေဟာ အိမ်ပေါက်စေ့လိုက်ပြီး ဂျူးတွေရှိ မရှိ စစ်ဆေးတယ်။ ရှိခဲ့ရင်တော့ အိမ်သားအားလုံးကို ခေါ်သွားပြီ သာမှတ်ပေတော့။ တစ်အိမ်မှာမတွေ့ရင် နောက်တစ်အိမ်မှာ ဆက်ရှာတယ်။ ပုန်းလျှိုးမနေ ရင်တော့ လွတ်လမ်းရယ်လို့ မရှိဘူး။ ဂျာမန်တွေဟာ လူစာရင်းကို ကိုင်ပြီးလိုက်တာပဲ။ ဘယ်နေရာကိုဝင်ရှာရင် တသီကြီးမိမယ် ဆိုတာလည်း သူတို့ သိတယ်။ တစ်ခါတလေတော့ လူတစ်ယောက်ကို ငွေဘယ်လောက် ပေးဆိုပြီး ငွေပေးလိုက်ရင် လွတ်တာပဲ။ ရှေးတုန်းက ကျေးကျွန်တွေကို လိုက်ဖမ်းတာမျိုးနဲ့ မတူဘူးလား။

ဒါပေမယ့် ဒီကိစ္စတွေဟာ ပေါ့ပေါ့တန်တန် မဟုတ်ဘူး။ အင်တမန် ဝမ်းနည်းစရာတွေပါ။ ညနေဘက် မှောင်လာပြီဆိုရင် ဂျာမန်တွေက ရိုက်နှက် ကန်ကြောက်ပြီး အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရာနောက် လိုက်သွားကြရတဲ့ လူတွေကို ကိုယ်ဟာ မကြာခဏဆိုသလို တွေ့ရတယ်။ လူကြီး၊ လူငယ်၊ ကလေးသူငယ်ကအစ ကိုယ်ဝန် ဆောင်မိန်းမရော၊ မကျန်းမာသူတွေပါအဆုံး တွေ့သမျှကို ဖမ်းတာပဲ။ သူတို့ဟာ သေမင်းဆီ ကို အတူတကွ သွားနေကြရပြီလေ။

ကဲ ကိုယ်တို့တော့ ဒီမှာ လုံလုံခြုံခြုံနဲ့ ရောက်နေတာ ဘယ်လောက် ကုသိုလ်ကောင်းလိုက်ပါသလဲ။ ကိုယ်တို့က အကူအညီမပေးနိုင်တဲ့ အသိ မိတ်ဆွေ တွေအတွက် သောကမရောက်ဘူးဆိုရင် ကိုယ်တို့ဟာ အဲဒီ အတိဒုက္ခတွေအတွက် ပူစရာမလိုပါဘူး။

ကိုယ့်ရဲ့အချစ်ဆုံး အသိမိတ်ဆွေတွေဟာ အေးမြတဲ့ ညအမှောင်





ထဲမှာ အရိုက်အနှက်ခံ အညှဉ်းဆဲခံနေရစဉ် ကိုယ်က ဟောဒီနွေးထွေးတဲ့ အိပ်ရာပေါ် အိပ်နေရတာ လိပ်ပြာမလုံဘူး။ ကမ္ဘာမြေပြင်ကြီးပေါ်မှာ လမ်းသလားနေတဲ့ အဆိုးဆုံး အရက်စက်ဆုံးလူတွေရဲ့ လက်ထဲရောက် သွားကြရတဲ့ မိတ်ဆွေတွေ အကြောင်းကို စဉ်းစားရင်း ကိုယ်ဟာ ကြောက်ကြောက်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးဟာ ဂျူးတွေ မဟုတ်လား။

မင်းရဲ့ အင်နာ

* * *

သောကြာ

နိုဝင်ဘာ ၂၀၊ ၁၉၄၂

ချစ်သော ကစ်တီ

အခုအထိတော့ ဂျူးတွေနဲ့ပတ်သက်တဲ့ သတင်းဟာ ကိုယ်တို့ထဲ မှာ စူးစူးရှရှ ဝင်မလာသေးလေတော့ ကိုယ်တို့ဟာ တတ်နိုင်သမျှ ပျော်ပျော်ရွှင်ရွှင်နေတာ အကောင်းဆုံးပဲလို့ ထင်ကြတယ်။ အသိမိတ်ဆွေ တစ်ယောက်တော့ ဘာဖြစ် သွားပြန်ပြီ စသည်ဖြင့်ပေါ့လေ။ မီယက်ကလာ ပြောတိုင်း ရေမမေနဲ့ မစ္စက်ဗန်ဒန်းတို့မှာ ငိုကြတာပဲ။ အဲဒီတော့ နောက်ထပ် မပြောတာကောင်းတယ်လို့ မီယက်က တွေးမိပါလိမ့်မယ်။

ဒါပေမယ့် ဒူဆဲကိုတော့ အားလုံးက မေးခွန်းတွေ ဝိုင်းမေးကြ တာပဲ။ သူ့ဆီကကြားရတဲ့ ဇာတ်လမ်းတွေက မေ့ပျောက်နိုင်စရာမရှိအောင် ကြောက်စရာ၊ တုန်လှုပ်စရာ ကောင်းလှပါတယ်။

အဲဒီ ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်တွေ ကိုယ်တို့စိတ်ထဲမှာ မေးမှိန်ပျောက်ကွယ်သွားတာနဲ့ တစ်ပြိုင်နက် ကိုယ်တို့ဟာ ရယ်စရာ မောစရာပြောကြ၊ နောက်ပြောင်ကြပေါ့လေ။ အပြင်က လူတွေအတွက် လည်းမကူညီနိုင်။ ကိုယ်တို့ ကလည်း ငေးတိငေးမှိုင်ဆိုရင် ဘာအကြောင်း ထူးဦးမှာလဲ။ ကိုယ်တို့ရဲ့ လျှို့ဝှက်ခန်းဆောင်ကို ဝမ်းနည်းကြေကွဲဖွယ်ရာ လျှို့ဝှက်ခန်းဆောင်အဖြစ် ပြောင်းပစ်လို့ ဘာများအကျိုးရှိပါမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဘာပဲလုပ်လုပ် တခြားလူတွေအကြောင်းကို အမြဲပဲစဉ်းစားနေရမလား။ အကြောင်းတစ်ခုခုအတွက် ကိုယ်ရယ်ချင်ရင်တောင် မရယ်ဘဲ မြိုသိပ်ပြီး ဒီလောက် ပျော်နေရကောင်းလားလို့ ကိုယ်ဘာသာကိုယ် ရှက်နေရမလား။ ဒါဖြင့် တစ်နေ့လုံးရော ငိုနေရမလား။ မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ နောက်ပြီး ကြေကွဲဝမ်းနည်း စရာတွေဟာ တစ်ချိန်မှာ ပပျောက်သွားကြရမှာပါ။

အဲဒီ့ အတိဒုက္ခတွေအပြင် တခြားကိစ္စတစ်ခုကလည်းရှိသေး။ ဒါကတော့ ကိုယ်ရေးကိုယ်တာသက်သက်ပေါ့လေ။ အရေးလည်းမကြီးလှပါဘူး။ မကြာမီ အချိန်ကစလို့ ကိုယ်ဟာ အများတကာရဲ့ စွန့်ပစ်ထားခြင်း ခံနေရတယ်လို့ ထင်နေ တယ်။ ကိုယ်ဟာ ရှောင်ရရှားရတဲ့ စည်းကမ်းတွေ ဝန်းရံပြီး နေရတယ်။ ပျော်ရွှင်ခဲ့တာတွေ၊ ကြည်နူးခဲ့တာတွေ၊ ကိုယ့်မိန်းကလေး အသိအကျွမ်းတွေကို အမြဲတမ်း သတိရနေတယ်။ အခုတော့ ဝမ်းနည်းကြေကွဲစရာတွေကိုရော၊ ကိုယ့်ကိုယ်ကိုရော စဉ်းစားတယ်။ ကြာတော့ ကိုယ်ရဲ့ ကုန်လွန်လေပြီးသော ကမ္ဘာကျဉ်းကလေးထဲမှာ ကိုယ် အင်မတန်ချစ်တဲ့ ဖေဖေဟာ နေရာမယူနိုင် သေးတာကို ကိုယ်ရှာဖွေ တွေ့ရှိလာရတယ်။ ဒီလို ရှုံးရှုံးမိုက်မိုက်အရာတွေကို ပြောပြီးမင်းကို ဘာဖြစ်လို့ ကိုယ်စိတ်ညစ်အောင် လုပ်မိသလဲ။ ကိုယ်ဟာ ကျေးဇူးမဲ့သိ တတ်ဘူးနော် ကစ်တီ၊ ဒါကို ကိုယ်သိတယ်။

မင်းရဲ့ အင်နာ

• • •

စနေ

နိုဝင်ဘာ ၂၈၊ ၁၉၄၂

ချစ်သော ကစ်တီ

လျှပ်စစ်ဓာတ်အားကို အချိုးအစားထက်ပိုပြီး ကိုယ်တို့သုံးခဲ့တယ်။ အဖြေ ဘာတွက်လာသလဲ။ အစွမ်းကုန်ချွေတာဖို့နဲ့ ဓာတ်အားကို ဖြတ်တောက်ပစ်ဖို့ အလားအလာပဲ။ ဒါနဲ့ ဓာတ်အား ၁၅ ရက် ဖြတ်ထားလိုက်တယ်။ နောက်ထပ် ဒီလိုမဖြစ်ရဘူးလို့ ဘယ်သူက ပြောနိုင်မလဲ။





ညနေ ၄ နာရီကကျော်ရင် စာဖတ်လို့မကောင်းဘူး။ မှောင်တယ်။ ယ်တို့ဟာ အချိန်ကုန်အောင်ဆိုပြီး နည်းမျိုးစုံကို အသုံးချကြရတော့ ာပဲ။ စကားထာဝှက်တယ်။ အမှောင်ထဲမှာ ကိုယ်လက်လှုပ်ရှား ာကျင့်တယ်။ အင်္ဂလိပ်နဲ့ ပြင်သစ်စကားပြော ကျင့်တယ်။ စာအုပ်တွေကို းန်တယ်။

မနေ့ညနေကတော့ ကိုယ်ဟာ အသစ်အဆန်းတစ်ခုကို ရှာဖွေ ွေ့ရှိခဲ့တယ်။ အနောက်ဘက်က မီးလင်းနေတဲ့အိမ်ကို ကိုယ့်မှန်ပြောင်းနဲ့ ာင်းကြည့်တယ်လေ။ နေ့ခင်း နေ့လယ်ဘက်ဆိုရင် ကိုယ်တို့ဟာ ဆီးတွေကြားက ပြူလို့တောင် မကြည့်ရဲဘူး။ မှောင်သွားရင်တော့ ည့်လို့ရပါတယ်။ အိမ်နီးချင်းတွေဟာ ဒီလောက်စိတ်ဝင်စားစရာ ာင်းလိမ့်မယ်လို့ ဟိုတုန်းက ကိုယ်မသိခဲ့ဘူး။ ကိုယ်တို့ အိမ်နီးချင်း ွကတော့ အင်မတန် စိတ်ဝင်စားစရာကောင်းနေပါလား။ တစ်အိမ်က ွဟာ အတူထမင်းစားနေတာ၊ တစ်အိမ်က မိသားစုတစ်ခုလုံး အိမ်တွင်း ှင် ကြည့်နေတာ၊ မျက်နှာချင်းဆိုင်က သွားစိုက်ဆရာကတော့ မကြီးတစ်ယောက်ကို သွားနုတ်ပေးနေတာ ဒီအရာတွေအားလုံးကို ယ်တွေ့ရတယ်။

မစ္စတာ ဒူဆဲကတော့ ကလေးတွေကို ချစ်တတ်တယ်။ ကလေး ွနဲ့ အတူနေလေ့ရှိတယ်လို့ အားလုံးကပြောကြတယ်။ အခု သူ့ရဲ့ ကိုအရောင်ပေါ်လာ ပြီ။ သူဟာ စည်းစနစ်ကြီးတယ်၊ ထိုင်းမှိုင်းလေးလံ ည်၊ ဟောပြောသွန်သင်တယ်။

ကဲ၊ ကိုယ်ကံကောင်းတယ်လို့ ဆိုမလား။ မဟုတ်ဘူး။ ကံမကောင်း ဒီလောက် ဘာသာတရား ရှိသေကိုင်းရှိုင်းပြီး စည်းကမ်းကြီးလှတဲ့လူနဲ့ ခန်း ဟည်းနေရတော့ ကိုယ်ဟာ လူငယ်သုံးယောက်ထဲမှာ အဆိုးဆုံး၊ ာဆုံး လိုဖြစ်နေပြီး ရှေးရိုးအစဉ်အလာ ဆုံးမတာတွေ သတိပေးတာ ကို လွတ်အောင် မနည်းရှောင်နေရတယ်။ သူသာ ဒီလောက် တီတိုး ်တတ်ဘူး၊ မေမေ့ကိုရော တီးတိုး သွားသွား မပြောတတ်ဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာ ဒါလောက် ဒုက္ခလေးတွေကို ခံနိုင်ပါတယ်။

ပုန်းအောင်းနေတဲ့ စည်းစနစ်ကြီးကြီး မိသားစုထဲမှာ 'ဆိုးဆို
တေတေ' ကလေးဖြစ်နေရတဲ့ ဒုက္ခဟာ မသေးလှကြောင်း မင်းတွေး
ချင်မှ တွေးမိမယ်ပေါ့။

ညညကျလို့ရှိရင် အိပ်ရာပေါ်မှာ လဲလျောင်းပြီး ကိုယ်ဟာ ကိုယ
အပြစ်တွေ၊ မကောင်းမှုတွေကို စဉ်းစားမိကိုင်း ရယ်ချင်သလိုလို ငိုချ
သလိုလို ကိုယ့်စိတ်ထဲမှာ ရှုပ်ထွေးပြီး ဝေခွဲမရ ဖြစ်ရတာပဲ။

ကိုယ်ဖြစ်ချင်တဲ့အဖြစ်၊ ကိုယ်ပြုမူချင်တဲ့ အပြုအမူတွေနဲ့ ခြားနား
အဖြစ် တွေ၊ အပြုအမူတွေကို ရချင်လှချည့်ရဲ့ဆိုတဲ့ မိုက်မိုက်ကန်းကန
ဆန္ဒနဲ့ ကိုယ်ဟာ အိပ်မောကျရတာချည်းပဲ။ ဒါတွေကို ရေးနေရတဲ့အတွ
ခွင့်လွှတ်ပါ။ ကိုယ်ဟာ ဖြစ်သဲမှုအကြောင်းတွေကို ရင်ထဲမှာ မြှုသိပ်လို့ချ
မထားနိုင်ဘူး။ အခုတလော စာရွက်ကလည်းရှားလို့ စာရွက်တွေ
အလကားမဖြုန်းနိုင်ဘူး။ ဒါ့ကြောင့် နောက်ဆုံးစာကြောင်းကို နောက
တစ်ခေါက်ထပ်ပြီး မဖတ်ဖို့ ကိုယ်အကြံပေးချင်ပါတယ်။ နားလည
လည်း မကြိုးစားပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ မင်းဘယ်လိုကြိုးစား ကြိုးစ
အောင်မြင်မှာ မဟုတ်တဲ့အတွက်ပါပဲ။

မင်းရဲ့ အင်

* * *

တနင်္

ဒီဇင်ဘာ ၇၊ ၁၉၅

ချစ်သော ကစ်တီ

ဒီနှစ်မှာ မီးထွန်းပွဲတော်နဲ့ စိန့်နီကိုလပ် ပွဲတော်နေ့တွေဟာ တစ်
ပဲခြားကြတယ်။ မီးထွန်းပွဲတော်နေ့ အတွက်တော့ ဘာမှအကြီးအကျယ်
လုပ်ပါဘူး။ လက်ဆောင်လေး ဘာလေးပေးကြ၊ ဖယောင်းတိုင်
ထွန်းကြပေါ့လေ။ ဖယောင်းတိုင် အလုံအလောက်မရှိလို့ တစ်တိုင





ဆယ်မိနစ်ပဲထွန်းရတယ်။ ဒါပေမယ့် မီးထွန်းပွဲတော်လေးတွေရှိနေရင်
ပြီးတာပဲမဟုတ်လား။ မစ္စတာ ဖန်ဒန်းက သစ်သားဖယောင်းတိုင်ကိုလည်း
လုပ်သေးတယ်။

စိန့်နီကိုလပ်ပွဲတော်ရက်ဖြစ်တဲ့ စနေနေ့ ညနေခင်းကတော့ ပိုပြီး
ပျော်စရာပဲ။ မီယက်နဲ့ အဲလီတို့က ဖေဖေနဲ့ မကြာခဏဆိုသလို
တီးတိုးပြောကြတော့ သူတို့ ဘာတွေပြောတယ်ဆိုတာ ကိုယ်တို့က သိပ်
သိချင်ကြတယ်။ ဘာများဖြစ်ပြန်ပလဲလို့လဲ အမျိုးမျိုး မှန်းဆကြရတာပေါ့။

ထင်တဲ့အတိုင်းပါပဲ။ ည ၈ နာရီမှာ ကိုယ်တို့အားလုံးကို မဲမှောင်နေ
တဲ့ သစ်သားလှေကားက ဆင်းခိုင်းပြီး အောက်ထပ်ကို ခေါ်သွားတယ်။
ဒီအခန်းမှာက ပြတင်းပေါက်ရယ်လို့ မရှိတဲ့အတွက် မီးတွေထွန်းထား
တယ်။ နောက်ပြီး ဖေဖေက ဘီရိုတစ်လုံးကို ဖွင့်လိုက်တော့ ထောင့်နားမှာ
နိ့်နီကို လပ်ပုံတော်ကို စက္ကူနဲ့ လုပ်ထားတဲ့ ခြင်းကြီးကိုတွေ့ရတယ်။
ကိုယ်တို့က 'ဟာ လှလိုက်တာ' လို့ အော်မိကြတယ်။

ခြင်းကိုအပေါ်ထပ် ကိုယ်တို့ယူခဲ့ကြသည်။ အားလုံးအတွက်
လက်ဆောင် ပစ္စည်းလေးတွေလည်း ပါတယ်။ ကိုယ်က အရုပ်တစ်ရုပ်၊
ဖေဖေက စာအုပ်ညှပ်တာ တစ်ခုစီ ရကြတယ်။ ဘာပဲဖြစ်ဖြစ်လေ
င်မတန်ကောင်းတဲ့ စိတ်ကူးပါပဲ။

မင်းရဲ့ အင်နာ

* * *

ကြာသပတေး

ဒီဇင်ဘာ ၁၀၊ ၁၉၄၂

သော ကစ်တီ

မစ္စတာ ဖန်ဒန်းဟာအသား၊ ဝက်အူချောင်းနဲ့ ဟင်းခပ် အမွှေး
ကြိုင် လုပ်ငန်းတွေမှာ ကျွမ်းကျင်တယ်။ ဒါ့ကြောင့်လည်း ဖေဖေ့
ငန်းမှာ သူ့ကိုခေါ်ထားခဲ့တာပဲ။ အခုတော့ သူဟာ တကယ့်ဇာတ်မှန်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြလာပြီ။ ကိုယ်တို့က သဘောမတူနိုင်တာတွေပေါ့။

အခက်အခဲရှိလာရင် သုံးနိုင်အောင်ဆိုပြီး ကိုယ်တို့က အသာ
အများကြီး မှာထားခဲ့တယ်။ အဲဒီအသားတွေကိုစင်းပြီး ဝက်အူချောင်
သွတ်တယ်။ အသား သွတ်ထားတဲ့ ဝက်အူချောင်းတွေကို ချောက်အောင်
ဆိုပြီး အခန်းထဲမှာ တန်းလန်းဆွဲ လှမ်းထားတာကို ကြည့်ရတာ သိပ်ရယ်
စရာကောင်းတာပဲ။

မစ္စတာ ဖန်ဒန်းကတော့ အလုပ်အရှုပ်ဆုံးပေါ့။ သူ့မိန်းမရဲ့
ခါးစည်းတစ်ထည်ကို သူ့ခါးမှာစည်းပြီး အသားတွေကိုခုတ်ရ စင်းရပေါ့လေ
ခသွေးစွန်းနေတဲ့လက်၊ နီမြန်းနေတဲ့မျက်နှာ၊ စွန်းထင်းနေတဲ့ ခါးစည်းတွေ
နဲ့ မစ္စတာဖန်ဒန်းဟာ တကယ့် သားသတ်သမားနဲ့ တူနေတာပဲ။ မစ္စက်
ဖန်ဒန်းကတော့ တစ်ချိန်တည်းမှာ အလုပ်အကုန်လုံးကို လုပ်ချင်တ
ခိန်းမကြီးပဲ။ ဟင်းချိုအိုးကိုမွှေ၊ အသားခုတ်ပုံကို စောင့်ကြည့်၊ နာနေတ
သူ့နံရိုးအကြောင်း ပြောပေါ့လေ။ နံရိုးနာသွားတာကလည်း သူ့ကိုယ်
အလေးချိန်ကို လျှော့ဖို့ ကြီးတောင့်ကြီးမားနဲ့ လေ့ကျင့်ခန်းတွေ သွားလုပ်
တာကိုး။

ဒူဆဲကတော့ နာနေတဲ့ မျက်စိတစ်ဖက်ကို လက်ဖက်ခြောက်ရေ
ဆေးနေပြီး၊ ဖေဖေဟာ တံခါးပေါက်ကပင်လာတဲ့ နေရောက်ခြည်အောက်
မှာ ကုလားထိုင်တစ်လုံးနဲ့ ထိုင်လို့၊ အကြောအဆစ်ရောင်တဲ့ ရောဂ
ကြောင့်နဲ့တူပါတယ်။ ဖေဖေဟာ မစ္စတာဖန်ဒန်း လုပ်ကိုင်တာက
ထိုင်ကြည့်နေပေမယ့် မျက်နှာမကောင်းဘူး။ တကယ့် လူအိုကြီးလိုပါပဲ

ပီတာကတော့ သူ့ကြောင်နဲ့ တစ်ခန်းလုံး လှည့်ကစားနေတာပဲ
မေမေရယ်၊ ကိုယ်ရယ်၊ မားဂေ့ါရယ်ကတော့ အာလူးတွေ အခွံသင်နေကြ
တယ်။ ကိုယ်တို့ အားလုံးဟာ အများတွေချည်း လုပ်မိနေတယ်လာ
ဘာဖြစ်လို့လဲဆိုတော့ မစ္စတာ ဖန်ဒန်းကို ကိုယ်တို့က အလုပ်ရှုပ်ခဲ့
စောင့်ကြည့်နေတာကိုး။

ဒူဆဲက သူ့သွားနုတ်သွားစိုက်အလုပ်ကို စတယ်။ သူ့ရဲ့ပထမ





လူနာ အကြောင်းကို ကိုယ်ပြောပြဦးမယ်။ မေမေက မီးပူတိုက်နေခိုက်
မစ္စက်ဖန်ဒန်းဟာ အခန်းအလယ်ကောင်က ကုလားထိုင်ပေါ် သွားထိုင်ခ
လိုက်တာပဲ။ ဒူဆဲကလည်း သူ့ဆေးကိရိယာသေတ္တာကို ရေးကြီးသုတ်ပျ
ဖွင့်လို့ပေါ့လေ။ လိုရင်သုံးရအောင်ဆိုပြီး အော်ဒီကလုံး ရေမွှေးတွေဘာ
တွေ တောင်းလို့။

မစ္စက်ဖန်ဒန်းရဲ့ ပါးစပ်ထဲကို သူကြည့်လိုက်တော့ နဲ့နေတ
သွားနှစ်ချောင်းကို တွေ့ရရော။ သွားတွေက ဘယ်လောက်နဲ့သလဲဆိုရင
ကိုင်လိုက်တာနဲ့ တစ်ပြိုင်နက် မစ္စက်ဖန်းဒန်းဟာ နာလွန်းလို့ တလွန့်လွ
တညည်းညည်းပေါ့။ အကြာကြီး စစ်ဆေးကြည့်ရှုပြီးတဲ့ အခါကျတေ
ဒူဆဲက အပေါက်တစ်ပေါက်ကို ခြစ်ပစ်တယ်။ ကြောက်လည်း မကြော
နဲ့ဦး ကစ်တီရေ၊ ကိုယ်တို့ရဲ့ လူနာကတော့ ခြေနှစ်ဖက် လက်နှစ်ဖ
ကို အရပ်ရှစ်မျက်နှာ ဆန့်တန်းပြီး၊ အော်တော့တာပါပဲ။ ဒီလိုရုန်းက
အော်ဟစ်တော့ ခြစ်တဲ့ကိရိယာဟာ မစ္စက်ဖန်ဒန်းရဲ့ သွားကြားမှ
ညပ်ကျန်လေရော။

အဲဒီမှာ ပွက်ပွက်လောင်တော့တာပေါ့။ ဒီခြစ်တဲ့ ကိရိယာတစ်ခု
ပါးစပ်ထဲ ရောက်နေတဲ့ကြားကကို သူကငိုသေးတယ်။ နောက်ပြီး ပါးစပ်
က ဆွဲထုတ်ဖို့ ကြိုးစားတယ်။ မစ္စတာ ဒူဆဲကတော့ ရယ်စရာဇာတ်
ဘည်တည်ငြိမ်ငြိမ်ဘဲ စောင့်ကြည့်နေတာပေါ့။ တခြားပွဲကြည့် ပရိသ
ကလည်း စိတ်မထိန်းနိုင်တော့ဘဲနဲ့ ဝိုင်းရယ်ကြတယ်။ ဟိုလှည့်လို
ဒီလှည့်လိုက်၊ ကန်လိုက် ကြောက်လိုက်၊ အော်လိုက် ဟစ်လိုက် လုပ်ပြ
တော့မှ သွားဖုံးခြစ်တဲ့ကိရိယာ ထွက်လာပေတော့တာပဲ။ အဲဒီ တော့
မစ္စတာဒူဆဲဟာ ဘာမှမဖြစ်သလို သူ့အလုပ် သူလုပ်တာပါပဲ။

မစ္စက်ဖန်ဒန်း နောက်ထပ် မူယာမာယာလုပ်ဖို့ အချိန်မရနိ
လောက်အောင် မစ္စတာဒူဆဲက မြန်လှပါတယ်။ ဒါပေမယ့် သူ့တစ်သက်မှ
ဒီတစ်ခါလောက် အကူအညီတောင်းရတာမျိုး မရှိသေးဘူးတဲ့။ ဖန်ဒန်း
ကိုယ်က ဘေးကနေပြီး ကူရတယ်လေ။ မြင်ကွင်းတစ်ခုလုံးဟာ



www.burmeseclassic.com

www.burmeseclassic.com



အလယ်ခေတ် ပန်းချီကားတွေထဲက အတိုင်းပါပဲ။ အခိုက်အတန့်မှာတေ လူနာဟာ လူနာလိုမနေဘူး။ ဟင်းချိုအိုးကိုရော ထမင်းကိုရော မျက် အောက် က အပျော့က်မခံဘူး။ တစ်ခုတော့ သေချာတာရှိတယ်။ အဲဒါက ဘာလဲဆိုတော့ မစွက်ဖန်ဒန်းဟာ နောက်ဒီလိုကုသတာမျိုးကို လွယ်လွယ် ခံမှာ မဟုတ်တော့ဘူး ဆိုတာပါပဲ။

မင်းရဲ့ အင်နာ

* * *

တနင်္ဂ
ဒီဇင်ဘာ ၁၂၊ ၁၉၄

ချစ်သော ကစ်တီ

ရုံးခန်းကျယ်ထဲမှာ ကိုယ်ဟာ တစ်ယောက်တည်းထိုင်ရင်း ခန်းဆီ ဟနေတဲ့ ကြားလေးထဲကနေ အပြင်ကို ကြည့်နေမိတယ်။ အမှောင်တော ပျိုးလာပါပြီ။ ဒါပေမယ့် မင်းဆီကို စာရေးလို့တော့ လုံလောက်တ အလင်းရောင် ရပါသေးတယ်။

လမ်းပေါ်မှာ သွားလာနေကြတဲ့လူတွေကို ကြည့်ရတာ အင်မတ ထူးခြားတဲ့မြင်ကွင်းပေါပဲ။ သူတို့ဟာ အလျှားမှောက်လဲမတတ် အလျင်စလ သွားလာနေ ကြတယ်လို့ ကိုယ်ထင်တယ်။ ဆိုင်ကယ်သမားတွေကလည် သိပ်မြန်တာပဲ။ ဘယ်လိုလူတွေကများ စီးနေကြသလဲမသိဘူး။

အဲဒီအနီးအနားတစ်ဝိုက်က လူတွေကတော့ သိပ်စွဲမက်စရ မရှိပါဘူး။ ကလေးတွေကလည်း ညစ်ပတ်လိုက်တာ လက်ဖျားနဲ့တော တို့ချင်စရာမရှိဘူး။ နောက်ပြီး ဒီကလေးတွေဟာ တကယ့်တေတေပေပေ ကလေးတွေပါ။ သူတို့ပြောတဲ့ စကားကို တစ်လုံးမှ ကိုယ်နားမလည်ဘူ

မနေ့က ကိုယ်နဲ့ မားဂေါ့ ဒီအခန်းထဲမှာ ရေချိုးနေတုန်း ကိုယ်က ‘တို့ရေချိုး နေတုန်း ဒီနားဖြတ်သွားတဲ့ ကလေးတွေကို တစ်ယောက်ပြီ တစ်ယောက် ခေါ်သွင်းရေချိုးပေး၊ အဝတ်အစားတွေလဲပေးပြီးမှ သွားခိုင် ရင် ဘယ့်နှယ်နေမလဲ’လို့ မေးတော့ မားဂေါ့က ကြားဖြတ်ပြီး ‘မနက် ကျတော့ အရင်ကအတိုင်း စုတ်စုတ်ပြတ်ပြတ် ညစ်ပေပေနဲ့ပဲ ပြန်ဖေ





ဦးမှာပေါ့’လို့ ပြောတယ်။

အမှန်ကတော့ ကိုယ်ဟာ အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြော နေတာပါ။ တခြားကြည့်စရာတွေ ရှိသေးတယ်။ ကားတွေ၊ လှေတွေ၊ မိုးရွာနေတာတွေပေါ့။ ဖြတ်သွားတဲ့ ဓာတ်ရထားက အသံတွေကို ကိုယ် သဘောအကျဆုံးပဲ။

ကိုယ်တို့မှာ ကိုယ်တို့အကြောင်းကလွဲပြီး တခြားတွေးစရာရယ်လို့ သိပ် မရှိဘူး။ ဂျူးတွေ အကြောင်းတွေ၊ ဂျူးတွေအကြောင်းကနေ အစားအသောက် အကြောင်း၊ အစားအသောက် အကြောင်းကနေ နိုင်ငံရေးအကြောင်း စလို့ပေါ့လေ။ ဒါနဲ့ နေပါဦး။ ဂျူးဆိုလို့ မနေ့က ဂျူး နှစ်ယောက်ကို ကန့်လန့်ကာကြားကနေပြီး ကိုယ် တွေ့လိုက်ရ တယ်။ သူတို့ကိုမြင်တော့ ကိုယ့်မျက်စိတွေကို ကိုယ်မယုံဘူး။ သူတို့ ကိုကြည့်ပြီး စိတ်မကောင်းဘူး။ သူတို့အပေါ်မှာ ကိုယ်ဟာ သစ္စာဖောက် နေပြီလို့ ယူဆတယ်။

မျက်နှာချင်းဆိုင်မှာတော့ မော်တော်တစ်စင်းရှိတယ်။ မော်တော် မှာ အိမ်လုပ်ပြီး မိသားစုတစ်စုနေကြတယ်။ မော်တော်နားမှာ အင်မတန် တဲ့ ခွေးလေးတစ်ကောင်ရှိတယ်။ သူဟောင်တာကိုလည်း ကြားရတယ်။ တစ်ခါတလေ မော်တော်ပေါ်မှာ လျှောက်ပြေးနေတတ်တယ်။

ဟော မိုးတွေ ရွာလာပြန်ရော။ လူအများစုဟာ ထီးတွေအောက်ကို ရောက်ကုန်ကြပြီ။ မိုးကာအင်္ကျီတွေမှအပ တခြားဘာကိုမှ ကိုယ်မတွေ့ တော့ဘူး။ တကယ်ဆိုတော့လည်း ဒါ့ထက်ပိုကြည့်ဖို့ ကိုယ့်မှာ မလိုအပ် တော့ပါဘူး။ လက်ပွေ့ အိတ်တွေကို လက်မောင်းမှာပိုက်ပြီး ဥဒဟို သွားနေကြတဲ့ မိန်းမဟူသရွေ့ကို ကိုယ်လည်း တစ်ချက်ကြည့်ရုံနဲ့ အလို အလျောက် သိပြီးသားဖြစ်နေပြီ။ သူတို့ မျက်နှာတွေဟာ သူတို့ ယောက်ျားများရဲ့ သဘောအလိုကိုလိုက်ပြီး အိုရင်လည်း အိုနေတယ်။ ငယ်ရင်လည်း ရှင်နေတယ်။ ဟုတ်ရဲ့လား။

မင်းရဲ့အင်နာ

* * *



www.burmeseclassic.com

www.burmeseclassic.com



အ

ဒီဇင်ဘာ ၂၂၊ ၁၉၄

ချစ်သော ကစ်တီ

ခရစ္စမတ်အတွက် လူတစ်ယောက်ကို ထောပတ်ပေါင်တစ်စိတ်
စီ အပိုရမယ်ဆိုတဲ့ ဝမ်းသာစရာသတင်းကို ကိုယ်တို့ လျှို့ဝှက် ခန်းဆော
က ကြားရတယ်။ သတင်းစာထဲမှာတော့ ပေါင်ဝက်ရမယ်တဲ့။ ဒါပေမ
ဒါဟာ အစိုးရဆီက ရာရှင် လက်မှတ်ရထားတဲ့ လူတွေအတွက်သာဖြစ်
စာအုပ် ရှစ်အုပ်အစား တရားမဝင်တဲ့ စာအုပ်လေးအုပ်နဲ့သာ ဝယ်နိုင်
ပုန်းလျှိုးကွယ်လျှိုး ဂျူးတွေမပါဘူးတဲ့။

ထောပတ်တွေနဲ့ ကိုယ်တို့ မုန့်တစ်မျိုးမျိုးတော့ ဖုတ်ကြတာပေ
ကိုယ်ကတော့ ဒီနေ့မနက် ဘီစကွတ်အချို့နဲ့ ကိတ်နှစ်လုံးဖုတ်တယ်
အပေါ်ထပ်မှာတော့ အားလုံး အလုပ်ရှုပ်နေကြတယ်။ မေမေက ကိုယ့်
အိမ်အလုပ် မပြီးမချင်း အပေါ်ထပ်သွားပြီး အလုပ်မလုပ်ရ၊ ဒါမှမဟုတ်
စာမဖတ်ရလို့ ပြောထားတယ်။

မစ္စက်ဗန်ဒန်းဟာ နံရိုးက နာတယ်ဆိုပြီး အိပ်ရာထဲမှာချ
နေတယ်။ ပတ်တီးအသစ် စည်းခိုင်းတယ်။ တစ်နေ့လုံးလုံး ဆ
ငြိမ်းမောင်းနေတယ်။ ဒါနဲ့တောင် အားရကျေနပ်ဟန်မတူဘူး။ ကို
ကတော့ ထူထူထောင်ထောင်နေပါစေလို့ ဆုတောင်းတယ်။ သူဟာ ထ
ထောင်ထောင်နေနိုင်ရင် ဝီရိယလည်းရှိတယ်။ လုံ့လလည်းရှိတာ
ပျော်စရာအကောင်းသား။

နေ့ခင်း နေ့လယ်ဘက်မှာ လေသံနဲ့ လူခေါ်တာကိုလည်း မကြ
ရဘူး။ ဒါပေမယ့် ကိုယ်နဲ့တစ်ခန်းတည်း နေကြရတဲ့အဖော်က ကိုယ့်
ဒီလိုပဲ တရှုံရှုံလေသံနဲ့ ခေါ်နေလေတော့ ကိုယ်က ဂရုမစိုက်ချင် ဟန်ဆော
ပြီး နောက်ကျတော့ သူ့လိုပဲ လေသံနဲ့ ပြန်ခေါ်လိုက်သေးတယ်။

တနင်္ဂနွေနေ့ကျတော့ သူဟာ ကိုယ့်ကိုစိတ်ဆိုးအောင်လုပ်တယ
မနက်အစောကြီး လေ့ကျင့်ခန်းယူဖို့ဆိုပြီး မီးတွေဖွင့်တယ်။ သူ





ကြောက်ခမန်းလိလိ လက်မောင်းလှုပ်ရှားမှု လေ့ကျင့်ခန်းတွေပြီးသွား
တဲ့အခါကျတော့ ကိုယ်တော် မြတ်ကြီးက ကိုယ်လက်သန့်စင်ဖို့ အစပျိုး
တာပါပဲ။ သူ့ဘောင်းဘီတွေဟာ တန်းတွေမှာ ကိုးလို့တွဲလောင်းနဲ့။ စားပွဲ
ပေါ်မှာတော့ သူ့လည်စည်းက ကျလို့။ အဲဒါတွေကို လိုက်သိမ်းတော့
ကုလားထိုင်တွေကို ဟိုတွန်း ဒီတွန်းနဲ့ပေါ့။

ဒီလူကြီးအကြောင်းတော့ နောက်ထပ်ပြီး မရေးချင်တော့ပါဘူး။
ဘာမှလည်း အကြောင်းမထူးဘူး။ နောက်ပြီး ကိုယ့်ရဲ့ လက်စားချေရေး
အစီအစဉ်တွေ (မီးဖြုတ်ထားတာ၊ တံခါးပိတ်ထားတာ၊ သူ့အဝတ်အစား
တွေကို ဝှက်ထားတာ)ကိုလည်း ငြိမ်းချမ်းရေးရဖို့အတွက် ရပ်လိုက်တော့
မယ်။

ဒီမှာနေသမျှ ကိုယ်တို့ဟာ တစ်ဦးကိုတစ်ဦးက ထောက်ထားရမယ်၊
သင်ရမယ်၊ နားထောင်ရမယ်၊ နှုတ်ပိတ်နေရမယ်၊ ကူပံ့ရမယ်၊ စိတ်ကောင်း
စေတနာ ထားရမယ်၊ ရက်ရောရမယ် စသည်ဖြင့်ပေါ့လေ။ နောက်ထပ်
ဘာတွေကျန်သေးသလဲ ကိုယ်မသိဘူး။ ကိုယ့်ဦးနှောက်တွေကို အလျင်စလို
အသုံးမချလိုက်မိမှာ ကိုယ်စိုးတယ်။ ကိုယ့်မှာကလည်း ဦးနှောက်များများ
ရှိတာ မဟုတ်ဘူး။ စစ်ပြီးတဲ့အခါကျတော့ ကိုယ့်မှာ ဦးနှောက် ရယ်လို့
မကျန်ဘဲနေဦးမယ်။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး

ဇန်နဝါရီ ၁၃၊ ၁၉၄၃

ချစ်သော ကစ်တီ

ကနေ့မနက်တော့ အရာရာတိုင်းအတွက် ကိုယ် စိတ်သောက
ရောက်မိတယ်။ ဒါကြောင့် ဘာတစ်ခုကိုမှ ချောချောမောမော ကိုယ်
လုပ်လို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်က အခြေအနေဟာ ပိုပြီးကြောက်မက်ဖို့ ကောင်းနေတယ်။ သနားစရာကောင်းလှတဲ့ လူတွေကို နေ့ရောညပါ အတင်းအဓမ္မဆွဲခေါ်သွားနေကြတာပါပဲ။ သူတို့မှာ ရှိစုမဲ့စု အစုတ်အပြတ်ကလေး၊ ငွေစကြေးစကလေးတွေကိုယူပြီး လိုက်သွားကြရပေမယ့် လမ်းရောက်ရင် ပစ္စည်းပစ္စယကလေးတွေတောင် ရှိချင်မှ ရှိတော့တယ်။ မိသားစုချင်းလည်း အတူတူမနေရဘူး။ လင်တခြား မယားတခြား၊ သားသမီးတွေကတခြားပေါ့။ ကျောင်းကပြန်လာတဲ့ ကလေးတွေဟာ အိမ်လည်းရောက်ရော သူတို့ မိဘတွေကို ရှာမတွေ့တော့ဘူး။ ဈေးဝယ်ထွက်တဲ့ အမေကလည်း အိမ်ပြန်လာတော့ အိမ်မှာ သူ့အိမ်သားတွေမရှိတော့ဘူး။ ကဲ ဒီလိုအဖြစ်မျိုး တွေချည်းပါပဲ။

ဒတ်(ချ်)လူမျိုးတွေမလဲ စိုးရိမ်ကြောင့်ကြနေကြရတယ်။ သူတို့သားတွေကို ဂျာမနီပို့ထားတယ် မဟုတ်လား။

ညစဉ်ညတိုင်း ဟော်လန်ပြည်ပေါ်ကနေ ဂျာမနီကို ဖြတ်ပျံနေတဲ့ လေယာဉ်ပျံတွေဟာ ကမ္ဘာ့မြေမျက်နှာပြင်ကို သူတို့ရဲ့ဗုံးတွေနဲ့ ဖွာရရာကျဲအောင် ဆွပစ်နေတယ်။ ဒါကြောင့်လည်း ရုရှားနဲ့ အာဖရိကမှာဆို ထောင်ပေါင်းများစွာသော လူတွေဟာ သေကြေနေကြရတယ်။ ဘယ်သူမှ မလွတ်တော့ဘူး။ ကမ္ဘာကြီးတစ်ခုလုံးဟာ စစ်ခင်း နေကြတယ်။ မဟာမိတ်တွေဘက်က အခြေအနေကောင်းနေတယ်ဆိုပေမယ့် စခန်း သိမ်းဖို့ကို မမြင်သေးပါဘူး။

ကိုယ်တို့အတွက်ဆိုရရင်တော့ ကံကောင်းတယ်ပေါ့။ လူသန်းပေါင်းများစွာထက် ကိုယ်တို့က ပိုကံကောင်းတယ်ပေါ့။ လုံခြုံတယ်၊ အေးချမ်းတယ်၊ နောက်ပြီး မြို့ထဲမှာပဲ နေနေရတယ်လို့ ဆိုပါစို့။

'စစ်ပြီးရင်'ဆိုတဲ့ စကားမျိုးကိုပြော၊ အဝတ်အစားသစ်၊ ဖိနပ်အသစ်တွေ အကြောင်းပြောပြီး ပိုက်ဆံကြတော့ ချေးပြားတစ်ပြားကအစ စုဆောင်းခြွေတာနေရတဲ့ ကိုယ်တို့ရဲ့အဖြစ်ဟာ တစ်ခါတလေတော့ ကိုယ်ကျိုးကြည့်ရာ မရောက်လွန်းပေဘူးလား။





ကလေးတွေဟာ လမ်းပေါ်မှာ အပေါ်အင်္ကျီမပါ၊ ဦးထုပ်မပါ၊ ခြေအိတ်မပါ၊ သူတို့ကိုလည်း ကယ်မယ့်သူမရှိ၊ အဝတ်အစား အစုတ်အပြတ်နဲ့ လျှောက်သွား နေကြရတာပဲ။ အိမ်မှာတော့လည်းအေး၊ လမ်းထွက်တော့လည်းအေး၊ ကျောင်းရောက်တော့လည်း ပိုအေးပေါ့။

ဟော်လန်မှာ လမ်းသွားလမ်းလာတွေကို ရပ်ခိုင်းပြီး တောင်းရမ်းစားသောက် နေတဲ့ ကလေးတွေ မရေမတွက်နိုင်လောက်အောင် ပေါနေတာလည်း ဆိုးလှတယ်။ စစ်က ယူဆောင်လာတဲ့ အတိဒုက္ခတွေကိုသာ ကိုယ်ပြောရရင် မဆုံးနိုင်ပါဘူး။ ဘာမှလည်း မတတ်နိုင်ဘူး။ အတိဒုက္ခတွေ အဆုံးသတ်မယ့်အချိန်အထိ တည်တည်ငြိမ်ငြိမ် စောင့်ရုံပဲတတ်နိုင်တယ်။ ဂျူးများနဲ့ ခရစ်ယာန်များက စောင့်နေတယ်။ မြေပြင်တစ်ခုလုံး စောင့်နေတယ်။ နောက်ပြီး သေခြင်းတရားကို စောင့်နေကြသူတွေ အများကြီးရှိပါသေးတယ်။

မင်းရဲ့ အင်နာ

* * *

စနေ

ဇန်နဝါရီ ၃၀၊ ၁၉၄၂

ချစ်သော ကစ်တီ

ကိုယ်ဟာ ဒေါသထွက်လွန်းလို့ တစ်ကိုယ်လုံးကို တုန်ယင်နေတာပဲ။ ကိုယ့်ခြေထောက်အစုံပေါ် ကျုံးရပ်ပြီး မေမေ့ကို ကောင်းကောင်းပြောချင်တယ်။ ငိုချင်တယ်။ ခဏခဏ ကိုယ့်အပေါ်မှာ ညှုစူစောင်းမြောင်းတဲ့ စကားလုံး အပြောအဆို အပြုအမူတွေကြောင့်ပါပဲ။

မားဂေါ့၊ ဗန်ဒန်း၊ ဒူဆဲနဲ့ ဖေဖေ့ကိုပါ 'ကျွန်မ အေးအေးဆေးဆေး နေပါရစေ၊ ခေါင်းအုံးမှာ မျက်ရည်မစိုဘဲ မျက်လုံးတွေမမို့ဘဲ တစ်ညလောက် ကောင်းကောင်းမွန်မွန် အိပ်ပါရစေ။ ဒါတွေနဲ့ဝေးရာမှာ ဖြစ်နိုင်ရင် ကမ္ဘာကြီးနဲ့ဝေးရာမှာ နေပါရစေ'လို့ ဟစ်အော် ပြောလိုက်ချင်တယ်။

ဒါပေမယ့် တကယ်တမ်းကျတော့ ကိုယ် ဒီလိုမလုပ်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ် သောကတွေကို သူတို့မမြင်စေချင်ဘူး။ သူတို့ကြောင့် ကိုယ့်မှာရထားတဲ့ ဒဏ်ရာဒဏ်ချက်တွေကိုလည်း သူတို့ မတွေ့စေချင်ဘူး။ သူတို့ရဲ့ ကြင်နာမှုတွေ၊ သနား ချင်သလိုလိုနဲ့ နောက်တာ ရွှတ်တာတွေကို ကိုယ်မကြားချင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်က ပိုပြီးသူတို့အပေါ် အညှိုးကြီးနေမိမှာမို့ပါ။

ကိုယ်စကားပြောရင် ဒီကောင်မလေးထပြီလို့ သူတို့ထင်တယ်။ ကိုယ်က ငြိမ်နေရင် ဒီကောင်မလေး စိတ်ကောက်ပြီထင်တယ်။ ကိုယ်က ဖြေရင် ရိုင်းတယ်၊ ကိုယ်က အကောင်းပြောရင် သူတို့က အဆိုးထင်တယ်။ ကိုယ်ကပင်ပန်းရင် သူတို့ကပျင်းနေတယ်ထင်တယ်။ ကိုယ့် ပါးစပ်ပြည့်နေအောင် တစ်လုပ်တလေစားမိရင် ကိုယ်ဟာ ကိုယ်ကျိုးကြည့်တယ်၊ ခေါင်းမာတယ်၊ သူ့ရဲဘောကြောင်တယ်၊ ဉာဏ်များတယ် စသည် စသည် ဖြင့်ပေါ့လေ။ ဘယ်တော့မှ ကိုယ့်အပေါ် အကောင်းမထင်ကြဘူး။ ကိုယ်၊ ၊ အထိမခံ ရှေပန်းကန် ကောင်မတားမျိုးလေး ဆိုတာမျိုး ပြောတာ ကိုလည်း မကြားချင်လို့ မနေရဘူး။ ကိုယ်က ဒီစကားတွေကို မကြားချင်ဟန်ဆောင်၊ သတိမမူမိအောင် နေပေမယ့် ကိုယ့်စိတ်မှာတော့ မကျေဘူး။

အခု ကိုယ့်သဘာဝနဲ့ ခြားနားတဲ့ သဘာဝကို ပေးသနားတော်မူပါဘုရားလို့ ဘုရားသခင်ကို ကိုယ်လျှောက်ထားချင်တယ်။ ဒါမှ ကိုယ့်ကို မငြိုငြင်ကြမှာကိုး။ ဒါပေမယ့် မဖြစ်နိုင်ပါဘူးကွယ်။ ကိုယ့်အတွက် ပေးအပ်လိုက်တဲ့ သဘာဝကို ကိုယ်ရ ခဲ့ပြီးပြီ။ ဒီသဘာဝဟာ ဆိုးလှတယ် ရယ်လို့ ကိုယ်မယင်ဘူး။ လူကိုင်းကျေနပ်အောင် ကိုယ် အစွမ်းကုန် ကြိုးစားတာပါပဲ။ ကိုယ်ဒီလို ကြိုးစားဟာဟာ သူတို့ထင်တာ ထက်တောင် ပိုပါသေးတယ်။ ဒါပေမယ့် ကိုယ် အရေးမထားပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ဒုက္ခတွေကို သူတို့မတွေ့စေချင်လို့ပါပဲ။ တစ်ယောက်ကို တစ်ယောက် ခွန်းတုံ့ပြန်ပြောကြပြီးတဲ့နောက် ကိုယ်က မေမေ့ကို 'မေမေတို့ ဘာပဲပြောပြော ကျွန်မဂရုမစိုက်ဘူး၊ ကျွန်မဘာသာနေပါရစေ၊ ကျွန်မဟာ မျှော်လင့်စရာ မရှိဘူး မဟုတ်လား'လို့ ပြောလိုက်တယ်။ ထုံးစံအတိုင်းပေါ့





ကိုယ့်ကို ရိုင်းစိုင်းတယ်ဆိုပြီး နှစ်ရက်လောက် ခပ်ခွာခွာ နေကြရော။ နောက်တော့ ဒါတွေကိုမေ့သွားပြီး ခါတိုင်းလိုပဲ မေးထူးခေါ်ပြော ပြန်လုပ်ကြပြန်ရော။ ကိုယ်ကတော့ တစ်နေ့မှ တစ်နေ့ဝ မလုပ်ချင်ဘူး။ ကိုယ့်အတွက်ကတော့ အကောင်းဆုံးနည်းလမ်း (အကောင်းဆုံး ဖြစ်ချင်မှဖြစ်မယ်ပေါ့။) ကိုရွေး၊ ကိုယ့်အတွေးတွေကို ကိုယ့်ဆီမှာပဲထားပြီး သူတို့အပေါ်မှာ သဘောထားမှန်အောင်ထားဖို့ ကြိုးစားနေတာပဲ။ ရမှရပ့်မလား တော့ မသိဘူး။

မင်းရဲ့ အင်နာ

• • •

သောကြာ

ဖေဖော်ဝါရီ ၅၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ်တို့ရဲ့ အငြင်းအခုန်တွေ ရန်ခိုက်ဒေါသတွေ အကြောင်းကို မရေးတာ တော်တော်ကြာပြီနော်။ ဒါပေမယ့် ဘာမှအပြောင်းအလဲရယ်လို့ မရှိသေးဘူး။ ကိုယ်တို့ လက်ခံလာကြတဲ့အတိုင်း မသင့်မတင့် ဖြစ်ရ ဘာတွေဟာ မစ္စတာဒူဆဲအဖို့ အစ ပထမတော့ တကယ့်ဒုက္ခကြီးလို့ မြင်ရင်လည်းမြင်မှာပဲ။ ဒါပေမယ့် အခုတော့ သူလည်း နေသားကျလာ ပြီးတွေးတောင် မတွေးတော့ဘူးနဲ့ တူတယ်။

မားဂေါ့နဲ့ ပီတာတို့က သူတို့ခေါ်နေကျစကားအတိုင်း 'အငယ်' တွေမဟုတ် ကြတော့ဘူး။ လူကြီးလို ငြိမ်ငြိမ်သက်သက်နဲ့ပေါ့လေ။ ကိုယ်ကတော့ သူတို့ကို ကြောက်ခမန်းလိလိ အမြင်ကပ်ပြီး ဆန့်ကျင်ဘက် လုပ်တာချည်းပဲ။ 'မားဂေါ့နဲ့ ပီတာတို့ လုပ်နေတာ မတွေ့ဘူးလား၊ ဒီလို နမူနာကောင်းတွေကျတော့ ဘာဖြစ်လို့ မလိုက်သလဲ'လို့ ကိုယ့်ကို အမြဲပြောကြတယ်။ ကိုယ်ကတော့ မသိသလို လုပ်နေလိုက်တာပဲ။

မင်းကို ကိုယ်ပြောချင်တယ်။ ကိုယ်ဟာ မားဂေါ့နဲ့ နည်းနည်းမှ မတူချင်ဘူး။ ကိုယ့်သဘောပြောရရင် မားဂေါ့ဟာ ပျော့လွန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



အေးလွန်းတယ်။ လူတိုင်း သူ့အနားမှာ စကားပြောနေတာကို ခွင့်ပြုတယ်။ တခြားသူတွေရဲ့ အလိုကိုလိုက် လွန်းတယ်။ ကိုယ်ကတော့ ဒါထက်ပိုပြီး နိုင်မာချင်တယ်။ ဒါပေမယ့် ဒီစိတ်ကူးကို ကိုယ့်ဆီမှာပဲ ထားတယ်။ ကိုယ့်သဘောထားဟာ ဒီလိုပါလို့ ရှင်းပြရင်လည်း သူတို့က ရယ်ချင် ရယ်ကြဦးမှာ။

စားပွဲမှာ ထိုင်လိုက်တာနဲ့တစ်ပြိုင်နက် အခြေအနေဟာ တင်းမာလာလေ့ ရှိတယ်။ ဒါပေမယ့် 'ဟင်းချိုသောက်သမား'တွေလို့ နာမည်ပေးထားတာ ခံနေရတဲ့ ရုံးကလူတွေလာပလားဆိုရင် ရန်ပွဲတော့ တစ်မိုးငြိမ်းသွားတတ်ကာပါပဲ။ ဒီနေ့ မွန်းလွဲပိုင်းမှာ မစ္စတာဖန်ဒန်းက မားဂေါ့ အစားနည်းတဲ့အကြောင်းကို စကားစပ်မိရာက 'ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျအောင် လျှော့စားနေတာလား'လို့ ပြောတယ်။ မားဂေါ့ဆိုရင် အမြဲတမ်းကာကွယ်တဲ့ မေမေက 'ဒီလောက်စကားများ တာကျုပ်တော့ နားမခံသာဘူး'လို့ အော်ပြောပါလေရော။ အဲဒီတော့ မစ္စတာဖန်ဒန်းဟာ ကြက်သေသေပြီး ဘာမှလည်း ပြန်မပြောနိုင်တော့ဘူး။

ကိုယ်တို့မှာ မကြာမကြာ ရယ်စရာတွေ့ရတတ်တယ်။ မကြာခင်က မစ္စက် ဖန်ဒန်းတစ်ယောက်လည်း အတိတ်ကဇာတ်ကြောင်းတွေကို ပြန်လှန်ရင်း သူ့အမေ ရှိစဉ်က သူနဲ့ ဘယ်လောက် ပနာစားတယ်ဆိုတာ တွေကိုပြောပြတာပေါ့။ လူတစ်ယောက်ယောက်က ကိုယ့်ကို ရန်စလာပလားဆိုရင် အမေက ဘာပြောလေ့ ရှိသလဲ သိလား။ ဒီလို ပြန်ပြောလိုက်ပေါ့ 'ကိုဘယ်သူ၊ ကိုဘယ်ဝါရေ့၊ ကျုပ်ဟာ မိန်းမသားတစ်ယောက် ဆိုတာကို သတိရပါ'လို့ ပြန်ပြောလိုက်။ မင်းဘာ ပြောတယ် ဆိုတာကို အဲဒီလူ နားလည်လိမ့်မယ်လို့ မှာခဲ့ကြောင်းပြောတော့ ကိုယ်တို့ကလည်း ရယ်စရာ ကောင်းလှတယ်ဆိုပြီး ဝိုင်းရယ်ကြတာပေါ့။ ခါတိုင်းငြိမ်နေတဲ့ ပီတာ တောင် ရယ်တာကိုး။ သူဟာ အဓိပ္ပာယ်မသိပေမယ့် နိုင်ငံခြား စကားလုံး တွေကိုမှ မြတ်နိုးတယ်လေ။

မင်းရဲ့ ,အင်နာ

* * *





စနေ

ဖေဖော်ဝါရီ ၂၇၊ ၁၉၄၃

ချစ်သော ကစ်တီ

မဟာမိတ်ဘက်က ထိုးဖောက် တိုက်ခိုက်လာတော့မယ်လို့ ဖေဖေကတော့ မျှော်လင့်နေတာပဲ။ ချာချီလည်း အဆုတ်အအေးမိလို့တဲ့။ ဒါပေမယ့် အခုတော့ တော်တော်သက်သာလာပြီဆိုတယ်။ လွတ်လပ်ရေးကို ချစ်မြတ်နိုးတဲ့ အိန္ဒိယက ဂန္ဒီလည်း၊ သူ့ရဲ့ရက်ရှည် အစာငတ်ခံ တိုက်ပွဲကို ဆက်လက် ဆင်နွှဲတုန်းပဲ။

ကိုယ်တို့ဖတ်ဖို့ဆိုပြီး ဟန့်က ဝတ်ပြုသူများအတွက် ဂိုဏ်းချုပ်ကြီးရဲ့ စာမိတ္တူတစ်စောင်ကို ယူလာတယ်။ ဖတ်ရတာ ကောင်းလည်းကောင်းတယ်၊ အားလည်းရှိတယ်။ 'နယ်သာလင် ပြည်သူအပေါင်းတို့၊ အနားမနေကြနှင့်၊ လူတိုင်း လူတိုင်းသည် မိမိတို့နိုင်ငံ မိမိတို့ပြည်သူနှင့် မိမိတို့ဘာသာရေး လွတ်လပ်မှုအတွက် မိမိတို့ ကိုယ်ပိုင်လက်နက်များဖြင့် တိုက်ပွဲဝင်လျက်ရှိကြသည်'တဲ့။ နောက်ပြီး 'သဒ္ဓါတရား ကြီးမားကြ၊ အကူအညီပေးကြ၊ စိတ်ပျက်ငေးငိုင်မနေကြနှင့်'တဲ့။ ဒါကတော့တရားဟောဆရာတွေ ဟောရိုးဟောစဉ်ပါပဲ။ ကိုယ်တို့ ဘာသာတရားရှိတဲ့ လူမျိုးတွေအတွက် အကူအညီဆိုတာ မရပါဘူးကွယ်။

အခု ကိုယ်တို့ ဘယ်လိုဖြစ်နေတယ်ဆိုတာ မင်းစဉ်းစားကြည့်မိသေးသလား။ ဒီအဆောက်အဦးကို ပိုင်တဲ့ပိုင်ရှင်က ကူဖစ်နဲ့ ကာရာဂါတို့ကို အသိမပေးဘဲ ရောင်းပစ်လိုက်ပြီတဲ့။ တစ်မနက်မှာ ပိုင်ရှင်သစ်ဟာ အဆောက်အအုံကို စစ်ဆေးကြည့်ရှုဖို့ဆိုပြီး ပိသုကာတစ်ယောက်နဲ့ အတူရောက်လာတယ်။ မစ္စတာကူဖစ်က သူတို့ကို 'လျှို့ဝှက်ခန်းဆောင်'မှအပ တခြားနေရာအားလုံးကို လိုက်ပြတယ်လေ။ ဆက်သွယ်ရေး တံခါးသော့ပေါက်ကျတော့ သော့မေ့ကျန်နေတယ်ဆိုပြီး သူကပြောလိုက်တယ်။ ပိုင်ရှင်သစ်ကလည်း ထပ်မမေးတော့ဘူး။ နောက်တစ်ကြိမ် သူပြန်လာပြီး 'လျှို့ဝှက်ခန်းဆောင်'ကို မကြည့်သမျှ ကာလပတ်လုံးတော့ အဆင်ပြေနေမှာပါပဲ။ ကိုယ်တို့ ခန်းဆောင်ကို တွေ့သွားရင်လည်း မကောင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

မားဂေ့ါနဲ့ ကိုယ့်အတွက် ဖတ်ပြီးသားစာအုပ်တွေကို စာရင်းလုပ်ပြီးထည့်ဖို့ ကတ်ပြားထည့်တဲ့ အံဆွဲကလေးတစ်ခုကို ရှင်းပေးတယ်။ ကိုယ်တို့ ဘာစာအုပ် တွေဖတ်ပြီးပြီ၊ ဒီစာအုပ်တွေကို ဘယ်သူရေးတယ်ဆိုတာတွေ ကိုယ်တို့က ရေးမှတ်ထားရမယ်ပေါ့။ နိုင်ငံခြားဘာသာစကားတွေမှတ်ဖို့ နောက်ထပ် မှတ်စုစာအုပ် ကလေးတစ်အုပ် ကိုယ်ဝယ်ထားသေးတယ်။

မကြာမီကစပြီး ကိုယ်နဲ့ မေမေလည်း နည်းနည်း သင့်သင့်တင့်တင့်ဖြစ်လာတယ်။ လုံးလုံးလျားလျားတော့ မဟုတ်သေးဘူးပေါ့။ မားဂေ့ါကတော့ ခါတိုင်း ထက်တောင်ပိုပြီး ချွဲနေသေးတယ်။

ထောပတ် ရာရှင်အသစ်တွေတော့ စားပွဲပေါ် ရောက်ကုန်ပြီ။ အသီးသီးရဲ့ ဝေစုကို ထမင်းပန်းကန်ပြားတွေထဲမှာ ထည့်ထားတယ်။ ဖန်ဒန်းတို့သားအမိဟာ အညီအမျှ ဝေပေးတယ်လို့ ကိုယ်မထင်ဘူး။ ဒါပေမယ့် ကိုယ့်မိဘတွေက ဒီလောက်ကိစ္စလေးကို ပြောပြီးစကားများရမှာ စိုးတယ်မဟုတ်လား။ ဘယ်လောက် သနားစရာကောင်းသလဲ။ သူတို့လို လူတွေကျတော့ ပါးကိုက်ရင် နားကိုက်နိုင်မှ ဖြစ်လိမ့်မယ်လို့ ကိုယ်ထင်တယ်။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး
မတ် ၁၀၊ ၁၉၄၃

ချစ်သော ကစ်ကီ

မနေ့ညနေက လေယာဉ်ပျံတွေလာသေးတယ်။ အမြောက်သံတွေကိုလည်း ကြားနေရတယ်။ ပစ်တာခတ်တာတွေ လေယာဉ်တွေနဲ့ ပတ်သက်လို့ ကြောက်တဲ့ စိတ်ဟာ ကိုယ့်မှာပျောက်ကိုမပျောက်သေးဘူး။ ဒါ့ကြောင့် ဖေဖေ့ခုတင်ဘက်ကို ညဟိုင်ကျရင် အားရှိလာအောင် ချောင်းကြည့်ရတာ အမောပါပဲ။





ဒါဟာ ကလေးဆန်လှတယ်ဆိုတာ ကိုယ်သိပါတယ်။ ဒါပေမယ့် [illegible]ကြောက်တာယ်ဆိုတာ ဘာနဲ့တူသလဲဆိုတာကိုလည်း မင်းသိမှာပေါ့။ [illegible]လေယာဉ်ပစ် အမြောက်တွေရဲ့ အသံဟာ ကိုယ့်စကားသံ ကိုယ်မကြား[illegible]င်လောက်အောင် ကျယ်လောင်တယ်။ မစ္စက်ဖန်ဒန်း တစ်ယောက်[illegible]တော့ ငိုပြီး အို စိတ်ညစ် လိုက်တာ၊ အို တကယ်ကို ပစ်နေကြ[illegible]ာပါလား' လို့ သံသေးသံကြောင်နဲ့ ပြောနေတာပဲ။ တကယ်ဆိုတော့ [illegible]ကြောက်နေတာပါ။

မှောင်ထဲမှာထက်စာရင် ဖယောင်းတိုင် မီးရောင်အောက်မှာ နေရ[illegible]ာ တော်သေးတယ်ပေါ့။ ကိုယ့်တစ်ကိုယ့်လုံးမှာ တုန်ပြီးအဖျားတက်[illegible]လို ဖြစ်လာတာနဲ့ ဖေဖေ့ကို ဖယောင်းတိုင် ထပ်ထွန်းပေးဖို့ တောင်းပန်[illegible]တယ်။ ဖေဖေဟာ တောင်းပန် လို့မရဘူး။ မီးတွေကိုလည်း ပိတ်ထား[illegible]တ်ပဲ။ အဲဒီအခိုက် စက်သေနတ်ပစ်သံတွေကို ကြားလိုက်ရတယ်။ [illegible]က်သေနတ်ပစ်သံက အမြောက်သံထက် ၁၀ဆလောက် ပိုဆိုးသေးတယ်။ [illegible]မေဟာ အိပ်ရာပေါ်ကခုန်ထပြီး ဖေဖေပြောနေတဲ့ကြားထဲက ဖယောင်း[illegible]င်ကို ထွန်းတော့တာပဲ။ ဖေဖေက မထွန်းဖို့ပြောတဲ့ အခါကျတော့ [illegible]မေက 'ဘာပဲဖြစ်ဖြစ် အင်နာဟာ တိုက်ပွဲကပြန်လာတဲ့ စစ်သားဟောင်း[illegible]ဟုတ်ဘူး' ဆိုပြီး ခပ်ပြတ်ပြတ်ပဲ အဖြေပေးလိုက်တယ်။ ဒီတော့ ကိစ္စလ[illegible]က်သွားရော။

မစ္စက်ဖန်ဒန်းရဲ့ နောက်ထပ် ကြောက်စရာတစ်ခုကိုများ ကိုယ်[illegible]ာပြပြီး ပလားမသိဘူး။ မပြောရသေးဘူးနဲ့ တူတယ်။ 'လျှို့ဝှက်[illegible]အောင်'မှာ ဖြစ်ပွားတဲ့ အဖြစ်အပျက်တွေ အားလုံးကိုသာ ကိုယ်ပြေ[illegible]ပြီဆိုရင် အဲဒီအကြောင်းကို မင်းသိမှာပဲ။

တစ်ညမှာ မစ္စက်ဖန်ဒန်းဟာ အပေါ်ထပ်က ခြေသံလိုလို သူခိုး[illegible]သလိုလို အသံကြားရတာနဲ့ ကြောက်ပြီး သူ့ယောက်ျားကို နှိုးတယ်[illegible]ယောက်ျားက နိုးလာတော့ သူခိုးအသံဗလံတော့ မကြားရဘူး။ ကြားနေ[illegible]ာက အကြောက် လွန်နေတဲ့ သူ့မိန်းမရဲ့ နှလုံးခုန်သံပဲ။ 'အို ပွဋ်[illegible]တာဖန်ဒန်းရဲ့ နာမည်ဝှက်)သေချာတယ်။ ဝက်အူချောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သစ်သောသီးတွေ၊ ပဲတွေတော့ ပါကုန်ပြီ'၊ 'ပီတာရော ကောင်းကော
မွန်မွန်မှ ရှိသေးရဲ့လား'၊ 'ပီတာ့ကိုတော့ နိုးသွား မယ်မထင်ဘူး' စသ
ဖြင့်ပေါ့လေ။ 'လျှောက်ပြောနေတာပါပဲ။ မစ္စက်ဖန်ဒန်းဟာ အိပ်လို့လ
မရတော့ဘူးတဲ့။

ဒီလိုဖြစ်ပြီး ရက်အတန်ကြာတော့ ညတစ်ညမှာ ဖန်ဒန်
သားအမိ တစ်စုလုံးဟာ ကြောက်စရာအသံကြီးတွေကြောင့် နိုးပြန်ရော
ပီတာဟာ လက်နှိပ်ဓာတ်မီးကိုယူပြီး အပေါ်ထပ်ကို ပြေးတက်သွားတ
ဘာတွေထင်သလဲ။ ကြွက်တွေ ကြွက်တွေ။ ကဲ သူခိုးအစစ် ဘယ်
ဆိုတာ သိရတဲ့အခါကျတော့ ကိုယ်တို့က ကြောင်ကို အပေါ်ထပ်
သွားသိပ်လိုက်တယ်။ မဖိတ်ဘဲလာလေ့ရှိတဲ့ ဧည့်သည် များလည်း
အချိန်ကစပြီး မလာတော့ဘူး။

ပီတာဟာ သတင်းစာဟောင်းတွေ ယူဖို့ဆိုပြီး အပေါ်ထပ်
ညနေတိုင်း တက်တက်သွားတယ်။ အောက်ဆင်းရင် တွဲလောင်းခိုဆ
ရတော့ သူ့လက်တွဲလောင်း ခိုထားတုန်း ကြွက်ကြီးတစ်ကောင်က ကိုက
လေရော။ သူ့ညဝတ်အကျီမှာ သွေးတွေစွန်းပြီး လူလည်းဖြူဖတ်ဖြူ
ဖြစ်လို့။ ကြွက်ကြီးတစ်ကောင်တလေကိုမှ မရိုက်ရဘဲ အကိုက်သာခံလို
ရတယ်ဆိုတာကတော့ အခက်သားပဲ။

မင်းရဲ့ အင်

* * *

သော

မတ် ၁၂၊ ၁၉

ချစ်သော ကစ်တီ

မင်းကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးပါရစေလား။ သူက
တခြား မဟုတ်ဘူး။ လူငယ်ရေးရာမှာ တစ်နံပါတ်စွဲသူ မေမေဖရန့်
လူငယ်တွေအတွက် ထောပတ်၊ ခေတ်လူငယ်တွေရဲ့ ပြဿ
စသည်ဖြင့် မေမေဟာ အမြဲတမ်း လူငယ်တွေဘက်က ကာကွယ်တ
သူ့နည်းလမ်းနဲ့သူ ကာကွယ်တာပေါ့လေ။ နောက်ပြီး မိုရှီနဲ့ မိုဖီတို့အတ

ညတာ။ ဒါ့ထက် မိုဖီဆိုတဲ့ ကြောင်မလေးအကြောင်းကို ပြောရဦးမယ်။
သူက ကိုယ်တို့ မရောက်ခင်ကတည်းက ဒီမှာရှိတဲ့ကြောင်။ ဂိုဒေါင်စောင့်
စောင့်ပေါ့။ စတိုခန်းထဲက ကြွက်တွေကိုလည်း သူပဲ ကိုက်ပစ်တာပဲ။
ိုင်ငံရေးဆန်ဆန် နာမည်ကိုတော့ ရှင်းပြဖို့လိုဦးမယ်။ ဒီကုန်တိုက်မှာ
ကြောင်နှစ်ကောင်ရှိတယ်။ တစ်ကောင်က ကုန်လှောင်ရုံအတွက်၊
တစ်ကောင်က အထက်ဆုံးအထပ်ခိုး အတွက်ပေါ့။ ကြောင်နှစ်ကောင်ဟာ
တစ်ကောင်နဲ့တစ်ကောင် တွေ့ကြပလားဆိုရင် အငြိုးတကြီး ကိုက်ကြ
တာပဲ။ ရန်စသမားကတော့ ကုန်လှောင်ရုံကကြောင်၊ အနိုင်ရတာကတော့
အခြားနိုင်ငံတွေလိုပေါ့လေ။ အထက်ဆုံး အထပ်ခိုးကကြောင်။ ဒါ့ကြောင့်
ကုန်လှောင်ရုံကကြောင်ကို ဂျာမန် သို့မဟုတ် မိုဖီ၊ အထက်ထပ်ခိုး
ကကြောင်ကို အင်္ဂလိပ် သို့မဟုတ် တွန်မီလို့ နာမည်ပေးထားခဲ့တယ်။

ပဲတွေ စားရလွန်းလို့ ကိုယ်တော့ ပဲကိုကြည့်တောင် မကြည့်ချင်
တော့ဘူး။ ပဲအကြောင်းတွေးလိုက်ရင်တောင် ဖျားချင်သလိုလိုပဲ။
ညနေဘက်မှာ အခု ပေါင်မုန့်မပေးတော့ဘူး။ ဖေဖေကလည်း နေမကောင်း
ဘူးလို့ ပြောတယ်။ ဖေဖေ့ မျက်လုံးတွေဟာ ဝမ်းနည်းနေသလိုပဲ။ သနား
ရော ဖေဖေပဲနော်။

ဂျာမနီကိုလည်း လေကြောင်းက အကြီးအကျယ် တိုက်ဟယ်တဲ့။
တွတာ ဖန်ဒန်းတော့ စီးကရက်မရလို့ဆိုပြီး စိတ်တိုနေတယ်။ ဟင်းသီး
ဟင်းရွက် စည်သွတ်ဘူးတွေ သုံးသင့်မသုံးသင့်ကိုလည်း ဆွေးနွေးကြ
တယ်။

ကိုယ့်မလည်း ဖိနပ်အသစ်တစ်ရံလောက် မရဘူး။ စကိတ်စီးဖိနပ်
တော့ ရဟယ်။ 'အိမ်ထဲမှာ ဘာလုပ်ရမှာလဲ။ ဖေဖေလည်း ဆံပင်မညှပ်ရလို့
ဆံပင်တွေ ရှည်လှပြီမို့ ကိုယ်ညှပ်ပေးရဦးမယ်။ စစ်ပြီးရင်လည်း ဖေဖေက
ဆံပင်ညှပ်သမား မရှာတော့ဘူး ဟဲ '။ ကိုယ်ကပဲ ညှပ်ပေးရမယ်တဲ့။
အကယ်လို့ သူ့နားရွက်ကို ခဏခဏ မညှပ်မိရင်ပေါ့လေ။

မင်းရဲ့ အင်နာ။

* * *





www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေ
မတ် ၁၈၊ ၁၉၄

ချစ်သော ကစ်တီ

တူရကီ စစ်ထဲကိုဝင်လာပြီ။ အံ့ဩစရာပဲ၊ သတင်းတွေကို စော
ဆိုင်းတုန်းပဲ။

မင်းရဲ့ အင်နာ

* * *

သောကြ
မတ် ၁၉၊ ၁၉၄

ချစ်သော ကစ်တီ

ပျော်နေရပြီး နောက်တစ်နာရီအကြာမှာ မကျေချမ်းစရာနဲ့ တေ
ရတာပဲ။ တူရကီဟာ စစ်ထဲမှာမပါသေးဘူးတဲ့။ သူတို့ရဲ့ ကြားနေရေးက
မကြာခင် စွန့်ပစ်တော့မယ်လို့သာ ဝန်ကြီးတစ်ယောက်က ပြောတာတဲ့
'တူရကီက အင်္ဂလန်ဘက် ဇာပါပြီ'လို့ လမ်းကသတင်းစာရောင်းသမာ
လေးကတော့ အော်သွားတာပဲ။

၅၀၀ တန်နဲ့ ၁၀၀၀ တန် ငွေစက္ကူတွေကို တရားမဝင်ဘူး
ကြေညာတယ်။ မှောင်ခိုသမားတွေကို ထောင်ချောက်ဆင်တာလို့ ဆိုပေမ
ထိတော့ 'ငွေမည်း' ထားတဲ့လူတွေရော၊ ပုန်းနေတဲ့လူတွေရောထိတာ
လက်ထဲမှာ ၁၀၀၀ တန်ငွေထားချင်ရင် အတိအလင်း ကြေညာပြီးထ
ရမယ်။ ဘယ်က ရတယ်ဆိုတာလည်း ပြောရမယ်တဲ့။ 'ဒီငွေကို အမြ
တော်ကြေးပေးရာမှာ သုံးနိုင်သေးတယ်။ ဒါပေမယ့် နောက် တစ်ပတ်
ရက်ကကျန်တယ်။

ဂျာမန်ပြည့်ရှင်'အဓိပတိ'ကြီးက ဒဏ်ရာရတဲ့ စစ်သားတွေ
စကားပြောသံကိုလည်း ကြားရတယ်။ နားထောင်ရတာ သနားစရာ
အမေး အဖြေက အောက်ပါအတိုင်းပါပဲ။

'ကျွန်တော့်နာမည် တိန်းရစ်ရှက်ပဲလ်ပါ'





'ဘယ်မှာ ဒဏ်ရာရခဲ့သလဲ'
'စတာင်လင်ဂရက် နားမှာ'
'ဘယ်လို ဒဏ်ရာမျိုးလဲ'
'ခြေထောက်နှစ်ဖက်ပြတ်တယ်၊ လက်ဝဲလက်မောင်း အဆစ်ကျိုး
ယ်'

အဲဒါ တကယ့်ကြောက်စရာ ရေဒီယိုဇာတ်လမ်းပါပဲ။ ဒဏ်ရာ
သူတွေက သူတို့ရတဲ့ ဒဏ်ရာတွေအတွက် ဂုဏ်ယူဟန်တူတယ်။
စ်ယောက်ကဆိုရင် အဓိပတိကြီးကို လက်ဆွဲနှုတ်ဆက်ရတာ ဝမ်းသာ
န်းလို့ စကားတောင်မပြောနိုင် ဘူးတဲ့။ (သူ့မှာ လက်ရှိသေးရင်ပေါ့လေ။)

မင်းရဲ့ အင်နာ။

* * *

ကြာသပတေး
မတ် ၂၅၊ ၁၉၄၃

ချစ်သော ကစ်တီ

မနေ့က မေမေ၊ ဖေဖေ၊ မားဂေါ်နဲ့ ကိုယ်တို့ ကြည်ကြည်နူးနူး
တူ တကွထိုင်နေကြတုန်း ပီတာဝင်လာပြီး ဖေဖေ့နားနားကို တိုးတိုး
ပ်ပြော။ 'ကုန်လှောင်ရုံပေါ်ကို တစ်ခုခုကျသံကြားတယ်'၊ 'တံခါးက
တစ်ယောက် မယောင်မလည်လုပ်နေတယ်'လို့ တစ်စွန်းတစ်စ ကိုယ်က
ြားလိုက်တယ်။ မားဂေါ်ကလည်း ကြားတာပဲ။ ဒါပေမယ့် ဖေဖေနဲ့
တာလည်း ထွက်သွားကြရော မားဂေါ်က ကိုယ့်ကို စိတ်မပူဖို့ပြောတယ်။
ာဖြစ်လို့လဲဆိုတော့ ထုံးစံအတိုင်းပေါ့။ ကိုယ့်မှာဖြူပတ်ဖြူရော်ဖြစ်လို့။

ကိုယ်တို့ သုံးယောက်စလုံး စနိုးစနောင့်နဲ့ စောင့်နေကြတယ်။
စ်မိနစ် နှစ်မိနစ်လောက်အကြာမှာ မစ္စက်ဖန်ဒန်း အပေါ်ကိုတက်လာ
ယ်။ သီးသန့်ရုံးခန်းထဲမှာ အသံဖမ်းစက်ကို နားထောင်နေတုန်း
အဖေရောက်လာပြီး အပေါ်ထပ်ကို တဖြည်းဖြည်းတက်ခိုင်းတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးတိတ်ဆိတ်ချင်ရင် လှေကားအိုတွေက ပိုပြီး မြည်တယ်လေ။ နောက် ငါးမိနစ်လောက်အကြာမှာ ပီတာနဲ့ ဖေဖေပြန်ရောက်လာတယ်။ သူတို့ အတွေ့အကြုံကို ပြန်ပြောတယ်။

သူတို့ဟာ လှေကားအောက်မှာပုန်းပြီး စောင့်နေတာ ပထမတော့ ဘာမှ မထူးဘူး။ ဒါပေမယ့် ဒီအချိန်အတန်မှာပဲ အိမ်ထဲက တံခါးပေါက်ကို ကန့်ဖွင့် လိုက်သလို အသံကျယ်ကျယ်လောင်လောင် ကြားရတယ်။ ဖေဖေက အပေါ်ထပ်ကို ချက်ချင်းပြန်တက်ပြီး အသံဗလံတွေ တမြည်မြည် လုပ်နေတဲ့ ဒူဆဲကိုတော့ ပီတာက သွားသတိပေးတယ်။ ပြီးတော့ ကိုယ်တို့ အားလုံး ခြေဖွဖွနင်းပြီး အောက်ထပ် မစ္စတာ ဖန်ဒန်းဆီကို သွားကြတယ်။ မစ္စတာဖန်ဒန်းဟာ အအေးမိနေတာမို့ အစောကြီး အိပ်ရာဝင်နေလေတော့ သူ့ခုတင်နားမှာ ကိုယ်တို့ကဝိုင်းထိုင်ပြီး မသင်္ကာစရာ အကြောင်းကို ပြောပြလိုက်တယ်။

မစ္စတာဖန်ဒန်း ချောင်းဆိုးတာကလည်း အကျယ်ကြီးပဲ။ နောက်မှ သတိရလို့ ချက်ချင်းသက်သာတဲ့ ချောင်းဆိုးပျောက်ဆေးပြားလေးတွေကို တိုက်လိုက်ရတယ်။ ကိုယ်တို့ဟာ နောက်ထပ် ဘာများဖြစ်ဦးမလဲလို့ စောင့်နေလိုက်တာ အကြာကြီးပါပဲ။ နောက်ဆုံးကျတော့ သူခိုးဝင်တာ အမှန်ပဲ။ ဒါပေမယ့် အထဲက ခြေသံတွေကိုကြားရလို့ သူခိုးလည်း ဖနောင့် နဲ့ တင်ပါး တစ်သားတည်းကျအောင် ပြေးပြီလို့ အဓိပ္ပာယ် ကောက်ရ တော့တာပဲ။

အောက်ထပ်က အသံဖမ်းစက်မှာတော့ အင်္ဂလန်ကို ဖမ်းထားတုန်း ကုလားထိုင်တွေလည်း ဝိုင်းချထားတုန်းမို့ တံခါးကိုသာဖွင့်မိလို့ လေကြောင်းရန် ကာကွယ်ရေးမှူးတွေကများ သတိထားမိသွားရင် ပုလိပ်ကို အကြောင်းကြားမယ်၊ ပုလိပ်ကို အကြောင်းကြားရင်လည်း ပေါ်ထွက်လာ မယ့်အဖြေဟာ ဆိုးရွားမှာအမှန်ပဲ။ ဒါ့ကြောင့် မစ္စတာဖန်ဒန်းဟာ အပေါ်ကျီကို ထပ်ဝတ်ပြီး အောက်ထပ်က ဖေဖေ့ဆီကို လိုက်သွားတယ်။ ပီတာက သူ့အဖေနောက်က အရေးပေါ်ရင်သုံးရအောင်ဆိုပြီး တူကြီး





တစ်ချောင်းကို ကိုင်လို့လိုက်သွားရော။ အပေါ်ထပ်မှာတော့ အမျိုးသမီးကြီး တွေ (မားဂေါ့ရော ကိုယ်ပါပေ့ါ။) ဟာ အသက်တောင် ပြင်းပြင်းမရှူရဲဘဲ စောင့်နေရတယ်။ နောက် ငါးမိနစ်လောက်အကြာမှာ လူကြီးမင်းတွေ ပြန်လာကြပြီး အိမ်ထဲမှာ တိတ်ဆိတ်နေပါပြီလို့ပြောမှ ဟင်းချနိုင်တော့ တာပဲ။

အိမ်သာထဲမှာ ရေမဆွဲဖို့၊ ပလပ်ခေါင်းကို မနှိပ်ဖို့ စီစဉ်ထားတယ်။ ဒါပေမယ့် ဘယ်လောက်အကြောက်လွန်တယ် မလွန်တယ်ဆိုတာ စဉ်းစား ကြည့်စမ်း။ ကိုယ်တို့တော့ တစ်ယောက်ပြီး တစ်ယောက်အိမ်သာဝင် ရတာပဲ။

ကမောက်ကမဆိုတာ တစ်ခုပြီးတစ်ခု ဖြစ်တတ်တာမျိုးလို့ဆို တယ်။ အခု တစ်ခါ လာပြန်ပြီ။ နံပါတ်တစ်က ကိုယ်အမြဲစိတ်ချခဲ့တဲ့ နက်စတာတိုရင် နာရီကြီးပဲ။ သူက မမြည်တော့ဘူးလေ။ နံပါတ်နှစ် ကတော့ မစ္စတာဖော့ဆင်ဟာ မနေ့ညနေ ကထက်စောပြီး ပြန်သွားတယ်။ ဒီတော့ အဲလီဟာ သော့မှ ယူထားလိုက်ရဲ့လား။ တံခါးမှ ပိတ်သွားရဲ့ လားဆိုတာ ကိုယ်တို့မသိရဘူး။– တစ်ညနေလုံး တအုံတနွေးနွေးနဲ့ နေလိုက်ရတာ ည ၁၀ နာရီခွဲကျတော့ ဘာသံမှ မကြားရတော့မှဘဲ စိတ်အေးသွားတာပဲ။

ကိုယ်တို့ တစ်ယောက်မှ အိပ်မပျော်ကြဘူး။ ဖေဖေ၊ မေမေနဲ့ မစ္စတာ ဒူဆဲတို့ နိုးနေကြတယ်။ ကိုယ်လည်း တစ်မှေးမှ မရဘူးဆိုရင် ပိုပြောရာ မရောက်ပါဘူး။ မနက်ကျတော့ ယောကျ်ားတွေက အောက်ထပ် ဆင်းပြီးကြည့်တယ်။ ခြေရာလက်ရာ မပျက်ရှိနေတာ တွေ့ရတယ်။ ကိုယ်တို့ လည်း ဒီအကြောင်းကို တစ်ယောက်နဲ့တစ်ယောက် ပြန်ပြောပြီး မြုံ့ပြန် ရယ်ကြမောကြပေ့ါ။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



စ

မတ် ၂၇၊ ၁၉၄

ချစ်သော ကစ်တီ

လက်ရေးဟို သင်တန်းပြီးသွားလို့ ကိုယ်တို့ဟာ အခု အမြန်အရေ
ကျင့် နေကြပြီ။ ကဲ ကိုယ်ကို ပိုပြီး လိမ္မာမနေဘူးလား။ ကိုယ့်ရဲ
အချိန်ကုန်အောင်လုပ်နည်း၊ အကြောင်းအရာတွေကို ပြောပြရဦးမယ်
(ဒီလိုပဲပြောရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့ တစ်နေ့ အချိန်တွေ
မြန်နိုင်သမျှ မြန်အောင်၊ ကုန်အောင် လုပ်စရာ ဘာမှမရှိဘဲ။)
ဘာသာရေး စာအုပ်တွေကို ကိုယ်တော့ အရူးအမူးဖတ်တာပဲ။ ဂရိတ်
ရောမက နတ်ဘုရားတွေအကြောင်းကို ပိုဖတ်တယ်။ ကိုယ့်အသက်
အရွယ်လောက်ရှိတဲ့ လူငယ်လူရွယ်ထဲက တစ်ယောက်မှ သူတို့အကြောင်
ကို စိတ်ဝင်စားတာရယ်လို့ ရှိသေးဟန်မတူဘူး။ ကိုယ်က ပထမဆုံးပေါ့

မစ္စတာဖန်ဒန်း အအေးမိနေတယ်။ လည်ချောင်းက နည်းနည်း
ပိုပြီးနာတယ်။ ဒါအတွက် သူဟာ သိပ်စိတ်ညစ်နေပုံရတယ်။ ဆေးတွေ
သောက်ရုံမက လည်ချောင်းကိုလည်း ဆေးတွေလူးတယ်။ ရင်ဘတ်
နှာခေါင်း၊ သွား၊ လျှာ အိ အကုန်လုံးကို လူးတာပဲ။ ပြီးတော့လည်း
ရှုံ့ရှုံ့မဲ့မဲ့နဲ့၊ သူ့မှာမသက်သာဘူး။

ဂျာမန်ထဲက ကြီးကြီးတစ်ယောက်ဖြစ်တဲ့ ရော့တာက ဒီနေ
မိန့်ခွန်းပြောတယ်။ 'ဂျူလိုင်လ ၁ ရက်မတိုင်မီ ဂျူးလူမျိုးအားလုံးဟာ
ဂျာမန်သိမ်းပိုက်ထားတဲ့ တိုင်းပြည်တွေထဲက ထွက်သွားရမယ်။ ဧပြီလ
၁ ရက်နဲ့ မေလ ၁ ရက်အတွင်းမှာ အက်ထရက် ပြည်နယ်တစ်ခုလုံးကို
ရှင်းပစ်မယ်။ (ဂျူးတွေကို ပိုးဟပ်လို သဘောထားမယ်ပေါ့။) မေလ
၁ ရက်က ဂျွန်လ ၁ ရက်အတွင်း၊ ဟော်လန်ပြည်မြောက်ပိုင်း န
တောင်ပိုင်းကို ရှင်းမယ်'တဲ့။

လူတွေကို ဖမ်းဆီးသွားပြီး နာနေတဲ့ တိရစ္ဆာန်တွေလို အစုအပြုံ
လိုက် သားသတ်ရုံထဲပို့နေတာပဲ။ ဒါပေမယ့် ဒီအကြောင်းတွေကို ကိုယ်





မပြောချင် တော့ပါဘူး။ ဒါတွေကို တွေးလိုက်တိုင်း ကိုယ့်မှာ မျောက်အိပ်မက် မက်နေသလိုမို့ပါ။

သတင်းကောင်းလေး တစ်ပုဒ်တော့ရှိတယ်။ အဲဒါက ဂျာမန်အလုပ်သမား ဆက်သွယ်ရေးရုံးကို မီးတင်ရှို့လိုက်တယ် ဆိုတဲ့သတင်းပဲ။ နောက် ရက်အနည်းငယ်အတွင်းမှာ မှတ်ပုံတင်ရုံးလည်း၊ ဒီလမ်းအတိုင်း လိုက်သွားရတယ်။ ဂျာမန် ပုလိပ်ယူနီဖောင်းဝတ်ထားတဲ့ လူတွေက အစောင့်တွေကို ချုပ်နှောင်ပြီး အရေးကြီးတဲ့ စာရွက်စာတမ်းတွေကို ဖျက်ဆီးသွားနိုင်ခဲ့တယ်တဲ့။

မင်းရဲ့ အင်နာ။

* * *

ကြာသပတေး
ဧပြီ ၁၊ ၁၉၄၃

ချစ်သော ကစ်တီ

ကိုယ်ဟာ ဧပြီလကို အရူးအမူးဖြစ်နေသူ (ရက်စွဲကိုကြည့်ပါ။) မဟုတ်ပါဘူး။ ကနေ့တော့ 'ကြမ္မာဆိုးတို့မည်သည် တစ်ခုတည်းမလာ' ဆိုတဲ့ ဆိုရိုးစကားကို ကိုယ် လွယ်လွယ်ကလေး ကိုးကားရတော့မှာပေါ့။

ကိုယ်တို့ကို အမြဲတမ်းကူညီခဲ့တဲ့ မစ္စတာကူဖစ်ဟာ ဗိုက်ထဲမှာ သွေးသွန် ရောဂါဖြစ်ပြီး အနည်းဆုံး ရက်သတ္တသုံးပတ်လောက် အိပ်ရာထဲမှာ နေရမယ်ဆိုတဲ့ သတင်းက ပထမပါပဲ။ ဒုတိယကတော့ အဲလီ တစ်ယောက် တုပ်ကွေးမိလို့တဲ့။ တတိယကတော့ မစ္စတာဗိုးဆင်လည်း နောက်အပတ်မှာ ဆေးရုံတက်ရမယ်။ စတုတ္ထအနေနဲ့ အရေးကြီးတဲ့ လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲတွေကို စီစဉ်ထားဟာ တွေ့ရှိကယ်။ ဒီအတွက် ဖေဖေက မစ္စတာကူဖစ်ကို ကြိုတင်ပြီး အသေးစိတ် ဆွေးနွေးပြောပြပြီးသားပဲ။ ဒါပေမယ့် မစ္စတာကူဖစ်လည်း ဒီအစည်းအဝေးကို မတက်နိုင်တော့ ခက်နေတာပေါ့။

အစည်းအဝေးတက်မယ့်လူတွေလည်း ရောက်ကုန်ကြပြီ။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



မလာခင် ကတည်းက ဖေဖေဟာ အစည်းအဝေးဘယ်လိုဖြစ်မယ်ဆိုတာ စိတ်စောပြီး နေမထိ ထိုင်မထိဖြစ်နေတယ်။ ‘ငါသာ အောက်ထပ်မှာ ရှိနေရင် ငါသွားလို့ရရင်’ ဆိုပြီး ဒီအစည်းအဝေးမှာ သူမပါနိုင်တာကိုပဲ တဖြစ်တောက်တောက် ညည်းတွားနေတာပေါ့။ ‘ကြမ်းပြင်မှာ နားရွက်ကပ်ပြီး နားထောင်ရင် အားလုံးကိုမကြားရပါလား’ ဆိုတော့မှ ဖေဖေ့မျက်နှာဟာ ရွှင်ပြသွားတယ်။

မနေ့မနက် ၁၀ နာရီခွဲကတော့ ဖေဖေနဲ့ မားဂေါ့ဟာ (နားရွက်နှစ်ခုဟာ တစ်ခုထက်ပိုကောင်းတယ်။) ကြမ်းပြင်မှာ နေရာယူကြတယ်။ မနက်ပိုင်းမှာ ဆွေးနွေးပွဲမပြီးဘူး။ မွန်းလွဲပိုင်းကျတော့ ဖေဖေဟာ နားထောင်ရေးလုပ်ငန်းကြီးကို ဆက်လုပ်နိုင်လောက်အောင် အခြေအနေမရှိတော့ဘူး။ တစ်ခါမှ မနေစဖူးတဲ့ အနေအထားမျိုးနဲ့ နေနေရတော့ သူ့ကိုယ်တစ်ချမ်းဟာ သေနေသလိုပဲ။ နှစ်နာရီခွဲမှာ ကိုယ်က သူ့နေရာ ဝင်ယူရတယ်။ မားဂေါ့လည်း အတူတူပေါ့။ သူတို့ပြောတာ ဆွေးနွေးတာတွေလည်း ကြာလွန်းတော့ ကိုယ်လည်း အေးမြမြကြမ်းပြင်ပေါ်မှာ အိပ်ပျော်သွားတာပဲ။ မားဂေါ့က ကိုယ့်ကိုလည်း မနှိုးရဲဘူး။ စကားလည်း မပြောရဲဘူး။ အောက်က ကြားသွားမှာစိုးလို့။ နာရီဝက်လောက် ကိုယ်အိပ်မောကျသွားပြီး နောက်မှလန့်နိုးတယ်။ ဘာတွေပြောကြဆိုကြတယ်ဆိုတာလည်း သတိမရတော့ဘူး။ မားဂေါ့က ဂရုတစိုက် နားထောင်ထား လို့တော်သေးတာပေါ့။

မင်းရဲ့ အင်နာ။

သောကြာ

ဧပြီ ၂၊ ၁၉၄၃

ချစ်သော ကစ်တီ

ကစ်တီရေ ကိုယ်တော့ နာမည်ပျက်တစ်ခု ရပြန်ပြီ။ မနေ့ညနေက





ကိုယ်ဟာ အိပ်ရာထဲမှာလှဲရင်း ဘုရားဝတ်ပြုဖို့ ဖေဖေအလာကို စောင့်နေတယ်။ ဖေဖေကတော့ မလာဘူး။ မေမေဝင်လာပြီးတော့ ကိုယ့်ဘေး နားဝင်ထိုင်ရင်း ‘အင်နာရေ ဖေဖေတော့ မလာနိုင်ဘူး။ မေမေနဲ့ပဲ ဘုရားဝတ်ပြုပါလား’လို့ မေးတယ်။ ကိုယ်က ငြင်းလိုက်တယ်။

မေမေဟာ ထိုင်ရာကထ၊ ကိုယ့်ခုတင်နားမှာ ခေတ္တရပ်နေပြီး တံခါးဆီ ကိုထွက်သွားတယ်။ နောက်ချက်ချင်းပြန်လှည့်လာပြီး ‘ငါမုန်း လည်း မမုန်းချင်ဘူး၊ ချစ်တယ်ဆိုတာလည်း အတင်းအဓမ္မ ချစ်လို့ရတာ မဟုတ်ဘူး’ လို့ ပြောပြီး မျက်ရည်တွေကျပြီး အခန်းထဲက ထွက်သွားတာပါပဲ။

ကိုယ်ကတော့ အိပ်ရာပေါ်မှာ လှဲကျန်နေရင်း မေမေ့အပေါ် ဒီလောက် ရိုင်းရိုင်းပျပျ လုပ်မိလေခြင်းလို့ နောင်တရနေမိတယ်။ ဒါပေမယ့် ကိုယ့်စိတ်ထဲ မပါတာကိုလည်း မလုပ်ချင်ဘူးဆိုတာ ကိုယ်သိတယ်။ မေမေ့အတွက် ကိုယ် ဝမ်းနည်း တာပဲ၊ သိပ်ကို ဝမ်းနည်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ အေးတိအေးစက် အပြုအမူအပေါ် မေမေ စိတ်ဆိုးသွားတာကို ပထမဆုံးအကြိမ် တွေ့ရလို့ပါပဲ။ အတင်းအဓမ္မ ချစ်လို့ရတာ မဟုတ်ဘူးဆိုတာကို ပြောတုန်းက မေမေ့မျက်နှာမှာ ဝမ်းနည်းတဲ့ အရိပ်အရောင်သန်းနေတာကို ကိုယ်တွေ့လိုက်ရတယ်။

တကယ်ဆိုတော့ အမှန်ဆိုတာ တော်တော်ပြောဖို့ ခက်တယ်။ ကိုယ့်ကို ပထုတ်ယားတာ မေမေပဲ။' ကိုယ်မနှစ်သက်တဲ့ မေမေရဲ့ ပြောဆိုပုံတွေ၊ ခပ်ကြမ်းကြမ်း ဟာသတွေကြောင့် ကိုယ်ဟာ မေမေ့ဆီက ချစ်ခင် ယုယမှုကို မယူချင်သလောက် ဖြစ်နေခဲ့တယ်။ အဲဒါအမှန်ပဲ။ မေမေရဲ့ မောင်းမဲကြိုးပါးတဲ့ စကားတွေကို ကိုယ်က ဂရုမစိုက်သလို နေလေလေ မေမေ့နှလုံးသားမှာ ကိုယ်တို့ရဲ့ချစ်ခြင်းဟာ ဝေးကွာ နေပြီ ဆိုတာကို သဘောပေါက်လေ ဖြစ်လာတယ်။

မေမေဟာ ညဝက်လုံးလုံးငိုနေပြီး အိပ်လည်းမအိပ်ဘူး။ ဖေဖေက ဆိုတာ ကိုယ့်ကို ကြည့်တောင်မကြည့်ဘူး။ တကယ်လို့ တစ်စက္ကန့်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ် ဆိုရင်ပဲ 'ဘာဖြစ်လို့ ဒီလောက် ရက်စက်ရသလဲ၊ ကိုယ့်အမေကို ဘာဖြစ်လို့ ဒီလောက်စိတ်ညစ်အောင် လုပ်ရသလဲ' လို့ ဖေဖေ့မျက်လုံးတွေက ကိုယ့်ကိုမေးမြန်း နေလိမ့်မယ်ထင်တယ်။ •

ကိုယ့်ဘက်က တောင်းပန်ဝန်ချမလားလို့ သူတို့က မျှော်လင့်တယ်။ ကိုယ်ကတော့ မတောင်းပန်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က အမှန်ကိုသာ ပြောခဲ့လို့ပါပဲ။ ကိုယ် ဒီလို အမှန်ပြောခဲ့တယ်ဆိုတာကို နောက်တော့ မေမေလည်း သိလိမ့်မပေါ့။ မေမေ့မျက်ရည်နဲ့ ဖေဖေ့အကြည့်ဟာ မထူးဘူးလို့ ကိုယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်အမြဲတမ်း ခံစားလာရတာပေွကို ဖေဖေနဲ့ မေမေဟာ အခုမှ တစ်စွန်းတစ်စ သိသွားကြတဲ့အကွက်ပါပဲ။ မေမေ့အတွက် ကိုယ်ဝမ်းနည်းပါတယ်။ မေမေ့စိတ်နေသဘောထားတွေအတိုင်း ကိုယ်လည်း ထားနေပြီဆိုတာ မေမေက အခုမှတွေ့တာကိုး။

ကိုယ့်အတွက်ကတော့ တုဏှိဘာဝေ ဆိတ်ဆိတ်သာ နေမှာပဲ။ အမှန် တရားနားက တစ်ဖဝါးမှမခွာတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမှန်နဲ့ကင်းကွာတာ ကြာလေလေ သူတို့အတွက် ဒီအမှန်တရားကို ကြားရတိုင်း အခက်တွေနဲ့ တွေ့လေလေကိုး။

မင်းရဲ့ အင်နာ။

• • •

ကြာသပတေး

ဧပြီ ၂၇၊ ၁၉၄၃

ချစ်သော ကစ်တီ

တစ်အိမ်လုံး မိုးချုန်းသလိုပဲ အကြီးအကျယ် ရန်ဖြစ်ကြတယ်။ ကိုယ်နဲ့မေမေ၊ ဖန်ဒန်းတို့ သားအဖနဲ့ ဖေဖေ၊ မေမေနဲ့ မစ္စက်ဖန်ဒန်း၊ အို– အကုန်လုံးဆိုပါစို့၊ လူတိုင်းဆိုပါစို့။ လူတိုင်းက လူတိုင်းကို စိတ်ဆိုးနေတာပါပဲ။ ဘယ်လောက်ကောင်းတဲ့ ပတ်ဝန်းကျင်လည်းဟင်။ အင်နာရဲ့





သမားရိုးကျ အပစ်အနာအဆာတွေကိုလည်း တစ်ခါပြန်ဖော်ပြီး ရေးကြီးခွင်ကျယ် လုပ်ကြပြန်ရော။

မစ္စတာ ဗော့ဆင်တော့ ဆေးရုံတက်နေရပြီ။ မစ္စတာ ကူပစ်ကတော့ ကျန်းမာလာပြီတဲ့။ မီးသတ်ဌာနက မှတ်ပုံတင်ရုံးကို လျှော်ကြေးပေး ရတယ်လို့ သူကပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ မီးညွှန့်မီးတောက်တွေကို မသတ်ဘဲ ရုံးတစ်ရုံးလုံးကို ရေမြုပ်အောင် လုပ်ပစ်လိုက်လို့တဲ့။ ကဲ ကိုယ်တော့ သိပ်ဝမ်းသာတာပဲ။

ကာလ်တန်ဟိုတယ်လည်း ရစရာမရှိအောင် ပျက်စီးသွားရှာယ်။ ဗြိတိသျှ လေယာဉ်ပျံ နှစ်စင်းက ဂျာမန်အရာရှိများ ကလပ်တည့်တည့်ကို မီးလောင်ဗုံးတွေ ကြဲချတာ အနီးအနားတစ်ဝိုက် အကုန်လုံး မီးလောင်ကုန်တာပဲ။ ဂျာမန်မြို့တွေကို လေကြောင်းက တော်တော်လေး တိုက်နေတယ်။ နေ့စဉ်လိုလိုပဲ။ တစ်ညမှ အေးအေးလူလူ အိပ်ရတယ်မရှိသေးဘူး။ ကိုယ်တို့ရဲ့ အစားအသောက်တွေလည်း ညံ့လာတယ်။ မနက်စာအစား အခုပေါင်မုန့်ခြောက်နဲ့ ကော်ဖီပဲရတော့တယ်။ ညစာကိုတော့ ခြံထွက်ဟင်းသီးဟင်းရွက်ကလေး ဘာလေးပဲပေါ့။ စင်းကောမုန်လာရွက်ရတယ်။ စင်တီမီတာ ၂၀ လောက် အလျားရှိတဲ့ အာလူးလည်းရတယ်။ အရသာကတော့ ပုပ်ချဉ်ချဉ်နဲ့ပေါ့။

ကိုယ်ကာယသေးသွယ် လှပအောင် သင်တန်းတက်ချင်သူတိုင်း 'လျှို့ဝှက် ခန်းဆောင်' မှာ လာနေသင့်တယ်။ အစားအသောက်ကိစ္စကို သူတို့က ခါးခါးသည်းသည်း ဝေဖန်ကြ၊ ပြောကြပေမယ့် ကိုယ်ကတော့ ဒါဟာ တကယ့်သနား စရာအဖြစ် မဟုတ်သေးဘူးလို့ ထင်နေတယ်။ ၁၉၄၀ ပြည့်နှစ်က စစ်ထဲပါဖူးသူ တွေရော၊ စစ်သားအဖြစ် စုဆောင်းထား ခံရဖူးသူတွေကိုရော အဓိပတိကြီးအတွက် စစ်သုံ့ပန်းများအဖြစ် အလုပ်လုပ်ကြဖို့ ဆင့်ခေါ်နေတယ်။ မဟာမိတ်ဝင်မှာကိုများ ကြိုင်တင် ကာကွယ်တာလား။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



စနေ

မေ ၁၊ ၁၉၄၃

ချစ်သော ကစ်တီ

ကိုယ်တို့ ဒီမှာ ဘယ်လိုနေရတယ်ဆိုတာကိုတွေးမိရင် ဒီလိုပုန်း မနေနိုင်တဲ့ တခြားဂျူးလူမျိုးတွေ နေရတာနဲ့ စာလိုက်တော့ ကိုယ်တို့ဟာ နိဗ္ဗာန်ရောက် နေတာပဲလို့ ကောက်ချက်ချမိတယ်။ ဒါတောင် နောက် အခြေအနေတွေ ပုံမှန်ဖြစ်သွား တဲ့ အခါကျလို့ ပြန်တွေးမိရင် ကိုယ်တို့လို အိမ်မှာ ပြည့်ပြည့်စုံစုံနေလာတဲ့ လူတွေဟာ အခုလို ခက်ခက်ခဲခဲ အဆင့် အတန်း နိမ့်နိမ့်နေခဲ့နိုင်တာကို အံ့ဩလို့ ဆုံးမှာမဟုတ်ဘူး။ အဆင့်အတန်း နိမ့်နိမ့်နေရလို့ ကိုယ်တို့ရဲ့အသွင်သဏ္ဌာန်တွေဟာလည်း ဆုတ်ယုတ် ကျဆင်းလာတယ်။

ဥပမာဆိုရရင် ဒီကို စရောက်ကတည်းက ကိုယ်တို့စားပွဲမှာ စားပွဲခင်း တစ်ထည်ပဲခင်းထားခဲ့တာ အခုအထိ အထပ်ထပ် သုံးထားတော့ စားပွဲခင်းလည်း ညစ်ပတ်လို့ပေါ့။ စားပွဲဟာလည်း ဒီလိုပါပဲ။ ဖန်ဒန်းတို့ မိသားစုကတော့ တစ်ဆောင်းတွင်းလုံး အိပ်ရာခင်းတစ်ခုတည်းပဲ ခင်းခဲ့ ရတယ်။ ညစ်နေပေမယ့် ရာရှင်ရတဲ့ ဆပ်ပြာမှုန့်က မလုံလောက်တော့ မလျှော်နိုင်ဘူး။ ဖေဖေ့ဘောင်းဘီတွေဟာ ရိတ်ပွဲနေပြီး လည်စည်းကလည်း သုံးဖန်များလွန်းလို့ ဖွတ်ဖွတ်ကြေမနေပြီ။ မေမေရဲ့ အတွင်းခံကိုယ်ကြပ်အင်္ကျီ တွေကတော့ ရှိကုန်လို့ ချုပ်မရတဲ့အဖြစ်မျိုး ရောက်နေတယ်။ မားဂေါ့ ကဆို သူ့နဲ့ အင်မတန်ကြပ်တဲ့ ဘရာစီယာပဲ ဝတ်နေရတယ်။

မေမေနဲ့ မားဂေါ့တို့တော့ တစ်ဆောင်းလုံးလုံး အတွင်းခံအင်္ကျီ လက်တို သုံးထည်ကို လဲဝတ်ခဲ့တာပဲ။ ကိုယ့်အင်္ကျီကတော့ တိုလွန်းလို့ ကိုယ့်ဗိုက်နားတောင် မရောက်ဘူး။

ဒါတွေအားလုံးဟာ ကျော်လွှားနိုင်ရမယ့် အရာတွေဖြစ်ကြောင်း မှန်ပါတယ်။ ဒါပေမယ့် 'အင်း စစ်မဖြစ်ခင်က ကိုယ်တို့ အဆင့်အတန်းကို မှ ပြန်ရောက်နိုင်ပါဦး မလားလို့' တစ်ခါတလေတော့ တွေးမိသား။

မနေ့ညကတော့ ကိုယ့်ကို ဆူပူလွန်းလို့ လေးကြိမ်တိုင်တိုင် ကိုယ့်





ပစ္စည်းတွေ ကိုယ်စုထားမိတဲ့အထိ ဖြစ်ရတယ်။ ကနေ့ဆို ထွက်ပြေးဖို့ဆို ပြီး ကိုယ့်အဝတ် အစားသေတ္တာကို အသင့်ပြင်ထားမိတယ်။ ဒါပေမယ့် မေမေက 'ဘယ်ကိုထွက် ပြေးမှာလဲ'တဲ့။ ဟုတ်တယ်။ မေမေ မေးတာ မှန်တယ်။ ဟော်လန်တစ်ပြည်လုံးဟာ အင်မတန်ဆိုးနေလို့ အရေးကြီးတဲ့ အခြေအနေအဖြစ် ကြေညာထားရတယ်။ ကဲ ကိုယ်ဘယ်လောက်မိုက် နေပြီလဲ။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ

မေ ၁၈၊ ၁၉၄၃

ချစ်သော ကစ်တီ

ဂျာမန်နဲ့ ဗြိတိသျှစစ်လေယာဉ်ပျံတွေ အကြီးအကျယ် တိုက်ကြ တာကို ကိုယ်တွေ့ရတယ်။ ကုသိုလ်ဆိုးတဲ့ မဟာမိတ်တပ်သားတချို့ဟာ မီးလောင်နေတဲ့ လေယာဉ်ပျံတွေထဲက ခုန်ချကြရတယ်။ ဟာဖ်ဝက်မှာနေပြီး ကိုယ်တို့ဆီ နို့လာလာပို့ တဲ့လူက လမ်းဘေးမှာ ကနေဒါလူမျိုးလေးယောက် ထိုင်နေတာကိုတွေ့ခဲ့တယ်တဲ့။ သူတို့အထဲက တစ်ယောက်က ဒတ်ချ် စကားကို ရေရေလည်လည် ပြောတတ်တယ်ဆိုပဲ။ သူ့ဆီက မီးတစ်ခြစ် တောင်းပြီး မေးကြည့်တော့ သူတို့အားလုံးပေါင်း ခြောက်ယောက်ပါတယ် လို့ ပြောတယ်တဲ့။ လေယာဉ်မောင်းသမားက မီးလောင်သေသွားပြီး ပဉ္စမမြောက် လူကတော့ ပျောက်နေတယ်တဲ့။ ဒီလေးယောက်ကို ဂျာမန် တွေက လာဖမ်းသွားပြီး ကြောက်စရာကောင်းလှတဲ့ လေထီးခရီးအပြီးမှာ သူတို့ 'ဘယ်လိုဒီလောက် ဦးနှောက် ကောင်းနေကြသေးတယ် ဆိုတာ တွေးမိတိုင်း ကိုယ်တော့ အံ့ဩလို့မဆုံးဘူး။

အတော်ကလေး နွေးထွေးလာပေမယ့် မီးကိုတော့ ဖိုရသေးတာပဲ။ ဟင်းသီး ဟင်းရွက်အကျန်တွေကို မီးရှို့ပစ်ရတာကိုး။ အမှိုက်ပုံးထဲကို



www.burmeseclassic.com

www.burmeseclassic.com



သွားပစ်လို့လည်း မဖြစ်ဘူး။ ကုန်ရုံစောင့် ကောင်ကလေးက ယုံထင်ကြောင်ထင် ထင်မှာစိုးလို့။ အသေးအဖွဲ့ကိစ္စလေးကို ဂရုမစိုက်မိရင် ကြီးကျယ်တဲ့ ဘေးဒုက္ခတွေ့တတ်တယ် မဟုတ်လား။

အခုနှစ်မှာ ဒီဂရီလိုချင်တဲ့ ကျောင်းသား၊ ပညာဆက်သင်လိုတဲ့ ကျောင်းသား မှန်သမျှ ဂျာမန်ကို ထောက်ခံကြောင်း၊ အုပ်ချုပ်ရေးအသစ်ကို ထောက်ခံကြောင်း၊ အမမ္ဘလက်မှတ်ထိုးကြရတယ်တဲ့။ အဲဒီထဲက ကျောင်းသား ရှစ်ဆယ်ရာခိုင်နှုန်းဟာ မှုရင်း ယုံကြည်ချက်ကို မစွန့်ကြဘူးတဲ့။ ဒီတော့ သူတို့အတွက် နောက်ဆက်တွဲ အဖြစ်တွေဟာ ဆိုးမှာသေချာပါတယ်။ လက်မှတ်ထိုးဖို့ ငြင်းဆန်တဲ့ ကျောင်းသား အားလုံးဟာ ဂျာမနီမှာရှိတဲ့ အလုပ်သမားစခန်းတွေကို သွားကြရမယ်။ ဂျာမနီမှာ လူငယ်တွေအားလုံးသွားပြီး အလုပ်ကြမ်းလုပ်ရမယ်ဆိုရင် အဲဒီလူငယ်တွေရဲ့ တိုင်းပြည်ဟာ ဘယ်လိုဖြစ်သွားမလဲ။

မနေ့ညကတော့ ပစ်သံခတ်သံတွေ များလွန်းလို့ဆိုပြီး ပြတင်းပေါက်ကို ပိတ်ထားလိုက်တယ်။ ကိုယ်ကတော့ ဖေဖေ့အိပ်ရာမှာ။ အဲဒီအခိုက်မှာပဲ မစ္စက်ဖန်ဒန်းဟာ ကြောင်က သူ့ကိုကိုက်တဲ့အတိုင်း အိပ်ရာပေါ်က ထခုန်တဲ့ အသံဗလံ တွေကိုလည်း ကြားရတယ်။ ကိုယ့်ခုတင်နားမီးလောင်ဗုံးကျတဲ့ အတိုင်းပဲ။ ကိုယ်က 'မီးထွန်းပါ၊ မီးထွန်းပါ'လို့ ပြောတော့ ဖေဖေက မီးကိုမြှင့်လိုက်တယ်။ ကိုယ်တို့ အခန်းထဲမှာ ဘာမှမဖြစ်ဘူး။ ဒါနဲ့ အပေါ်ထပ်ကို ပြေးတက်လာကြတော့ မစ္စတာ ဖန်ဒန်းတို့လင်မယားဟာ ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေပြီး မီးတောက်ရဲရဲကြီးကို ကြည့်နေတာ တွေ့ရတယ်။ အနီးအပါးမှာ မီးလောင်နေပြီ။ ကိုယ်တို့အိမ်တော့ လောင်နေပြီလို့ မစ္စတာဖန်ဒန်းက ထင်တယ်တဲ့။ အသံဗလံတွေ နီးလာလေလေ မစ္စက်ဖန်ဒန်းဟာ ကြောက်ဒူးတုန်လေလေပေါ့။ ဒါပေမယ့် နောက်ထပ် ဘာမှ မဖြစ်တော့တာနဲ့ ကိုယ်တို့လည်း အိပ်ရာထဲ ပြန်ဝင်လာကြရတာပဲ။

နောက် ဆယ့်ငါးမိနစ်လောက်အကြာမှာ ပစ်သံခတ်သံတွေကို





ပစ်ကြား ရပြန်ရော။ မစ္စက်ဖန်ဒန်းဟာ တံခါးကို အယောင်ယောင် မှားမှားဖွင့်ပြီး အောက်ထပ်က မစ္စတာ ဒူဆဲရဲ့အခန်းကို သွားတယ်။ ဒူဆဲက 'လာ၊ ကျုပ်အိပ်ရာ ကိုလာခဲ့ ကလေးမ' ဆိုတဲ့စကားနဲ့ ကြိုဆိုလိုက်တယ်လေ။ ကိုယ်တို့လည်း မအောင့်နိုင်တော့ ဝိုင်းရယ်ကြတာပဲ။ သနတ်သံတွေဟာ ကိုယ်တို့ကို ကြာကြာ ဒုက္ခမပေးနိုင်ပါဘူး။ ကိုယ်တို့ ကြောက်တာတွေလည်း ပျောက်ကုန်ပြီ။

မင်းရဲ့ အင်နာ။

* * *

တနင်္ဂနွေ

ဇွန် ၁၃၊ ၁၉၄၃

ချစ်သော ကစ်တီ

ဖေဖေက ကိုယ့်မွေးနေ့အတွက်ပေးတဲ့ ကဗျာကို မင်းဖတ်ဖို့ ပိုကောင်းတယ်။ ဖေဖေက ကဗျာကို ဂျာမန်ဘာသာနဲ့ ရေးလေ့ရှိတဲ့ တိုင်း ရေးထားတော့ မားဂေါ့က စေတနာ့ဝန်ထမ်း ဘာသာပြန်ပေး တယ်။ မားဂေါ့ပြန်တာ ကောင်းမကောင်း မင်းဘဲဆုံးဖြတ်ပေတော့။ တစ်နှစ် တွင်း အဖြစ်အပျက်တွေကို အကျဉ်းချုပ်သုံးသပ်ပြီးတဲ့နောက် ဟောဒီလို က်ရေးထားတယ်။

မင်းဟာ အငယ်ဆုံးပေမယ့် ကာကယ်တော့ မငယ်လှတော့ပြီ။
သို့ရာတွင် ဘဝဟူသည်မှာ ခက်ခဲကြမ်းတမ်းလှသည်။
ကိုယ့်ကိုယ်ကို ကြံထွင်လေ့လာစေလိုသည်။
ကျွန်ုပ်တို့တွင် အတွေ့အကြုံများခဲ့ပြီးပြီ။
ကိုယ့်ထက်ကြီးသူများမှာ ထာဝစဉ် ရင့်သန်သည်ဟု သိရမည်။
အသီးသီးတွင် ချွတ်ယွင်းချက်ဟူသည် ရှိစမြဲ။
ဝေဖန်ပြောဆိုရန်လည်း လွယ်စမြဲ။
ဆုံးမပဲ့ပြင်သော မိခင် ဖခင်နှင့် အတူသာ ရှိစေချင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲပြင်ခြင်းဟူသည် တစ်ခါတစ်ရံ ကိုယ့်စိတ်နှင့် မတိုက်ဆိုင်
ခါးသည်းသော ဆေးကို မြိုရသကဲ့သို့လည်းဆိုနိုင်။
သို့သော် အေးငြိမ်းစေလိုလျှင် ပွဲပြင်ခြင်းကို ခံရမည်သာပင်
ကျွန်မ ဝတ်စရာမရှိပြီ။
အဝတ်အစားတွေ ကြွပ်ကုန်ပြီ။
ကိုယ်ကြွပ်အင်္ကျီတွေ စုတ်ကုန်ပြီ။
မင်း၊ ဒါတွေကို ပူတတ်လှသည်။
အို သမီးချစ်ရယ်၊ ဖေဖေ သောကများလှပြီတဲ့။

အစားအသောက် အကြောင်းတွေနဲ့ပတ်သက်ပြီး မားဂရေါက က
မယူတတ်လို့ မပြန်ရတာတွေလည်း ရှိသေးတယ်။ ဒါတွေကိုတော့ ထ
လိုက်ပါတော့။ ကိုယ့်မွေးနေ့ ကဗျာကလေးက မကောင်းလား။ တစ်ဖ
က ကိုယ့်ကိုဆူပူ ကြိမ်းမောင်းပေမယ့် လက်ဆောင်ကောင်းလေး ဘာတွေ
တော့ရသား။ ကိုယ် ချစ်တတ်တဲ့ တိရစ္ဆာန်လေးတွေအကြောင်း စာအု
တစ်အုပ်၊ ဂရိတ်နှင့် ရောမ မဟာဝင်စာအုပ်တွေကို ရလိုက်တယ်။ သူကြ
လုံးတော့ နည်းလှတယ်လို့ ပြောလို့ မဖြစ်တော့ဘူး။ အားလုံးကလည်
ရှိစုမဲ့စု ကျန်တာလေးတွေ ဝိုင်းပေးကြတာပဲ။ ပုန်းနေရတဲ့ မိသားစုတေ
အနက်မှာတော့ ကိုယ်ဟာ ရသင့်ရထိုက်တာထက်ပိုပြီး ဂုဏ်ပြုခံရသူပါပဲ

မင်းရဲ့ အင်နာ

* * *

အင်္ဂါ

ဇွန် ၁၅၊ ၁၉၄၃

ချစ်သော ကစ်တီ

အဖြစ်အပျက်တွေကတော့ အများကြီးပဲ။ ဒါပေမယ့် စိတ်ဝင်
စားစရာ မကောင်းလှတဲ့ ကိုယ့်စကားလုံးတွေကြောင့် မင်းမှာ ပျင်းနေမှာမို့
ကိုယ့်ဆီကစာကို ခဏခဏမရတာဘဲ ကောင်းတယ်လို့များ မင်းထင်နေ





သလားဆိုပြီး မကြာမကြာ တွေးမိတယ်။ ဒါကြောင့် သတင်းအတိုချုပ်ပဲ
ပေးတော့မယ်။

အူမှာဖြစ်တဲ့ရောဂါအတွက် မစ္စတာဗော့ဆင်ကို မခွဲတော့ဘူးတဲ့။
သူ့ကို ဆရာဝန်တွေက ခွဲလိုက်တဲ့အခါကျတော့ ခွဲဖို့ခက်တဲ့ ကင်ဆာ
ရောဂါဖြစ်မနေတာကို တွေ့ရတယ်တဲ့။ ဒါနဲ့ပြန်ချုပ်ပေးပြီး အိပ်ရာထဲမှာ
သုံးပတ်နေခိုင်းတယ်။ အစားအသောက်တွေ ကောင်းကောင်းကျွေးတယ်။
နောက်တော့ ပြန်လွှတ်လိုက်တာပါပဲ။ ကိုယ်တော့ သူ့ကို သိပ်သနား
တာပဲ။ နောက်ပြီး သူ့ကို အားပေးရအောင် အပြင်ကိုမှမထွက်နိုင်တဲ့
ကိုယ်တို့အဖြစ်ကိုလည်း တွေးမိပြီး စိတ်မကောင်းဘူး။ ဒီ မစ္စတာ
ဗော့ဆင်ဟာ ကိုယ်တို့အပေါ် အကောင်းဆုံးအကူအညီ ပေးခဲ့တဲ့အပြင်
လုံခြုံရေးအတွက် အကြံပေးသူလည်းဖြစ်ပါတယ်။ သူ့ကိုတွေ့မှ တွေ့နိုင်
ပါဦးတော့ မလား။

နောက်လဆိုရင် ကိုယ်တို့ ရေဒီယို ကိုင်ရမယ့်အလှည့်ပဲ။ မစ္စတာ
ကူဖစ်မှာ လျှို့ဝှက်သိမ်းထားတဲ့ ရေဒီယို အသေးလေးတစ်လုံးရှိတယ်။
အဲဒါကို ကိုယ်တို့ဆီက ဖိုးလစ်အစား သုံးဖို့ပေးထားမယ်တဲ့။ ဒီရေဒီယို
အသေးလေးကို အပေါ်ထပ်မှာ ထားမယ်လေ။ အပေါ်ထပ်က ပုန်းနေတဲ့
ဂျူးတွေဆီမှာ လျှို့ဝှက်သိမ်းထားတဲ့ ပိုက်ဆံရှိတယ်။ လျှို့ဝှက်ပြီးလည်း
ဝယ်ချမ်းကြတယ်။ ဒါ့အပြင် အခု ကိုယ်တို့က လျှို့ဝှက်ရေဒီယိုကိုပ
ထပ်အဆစ်ယည့်လိုက်ဦးမယ်။ ရေဒီယိုကြီးကိုတော့ လူတိုင်းက လိုချင်
ကြပြီး သတ္တိမွေးကြတယ်ပေါ့။ အပြင်ဘက်က သတင်းတွေကို နားထောင်
လို့ သတင်းတွေ ဆိုးသထက် ဆိုးလာပြီဆိုရင် ရေဒီယိုကအသံဟာ
ကိုယ်တို့ စိတ်ဓာတ်ကို မြှင့်တင်ပေးနေသလိုပါပဲ။ 'မိုကောင်းတဲ့အချိန်
ကို ရောက်ဦးမှာပေါ့'လို့ အားပေးနေသလိုပါပဲ။

မင်းရဲ့ အင်နာ၊

* * *



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ

ဇူလိုင် ၁၁၊ ၁၉၄၃

ချစ်သော ကစ်တီ

အပြစ်ရှာပြီး ရေရွတ်ကြိမ်းမောင်းနေတဲ့ မိုးသီးမိုးပေါက်တွေဟာ နွေဦးရဲ့ လေမွှေးကလေးထဲမှာ ဝေ့ပါသွားအောင် ကိုယ်လည်းအားလုံးကို ကူညီဖို့ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ဖြစ်ဖို့နဲ့ အရာရာတိုင်းမှာ အဆင်ပြေစေဖို့ ကိုယ်တကယ် ကြိုးစားနေတယ်။ ကိုယ်နဲ့ အသွင်မတူတဲ့ လူတွေအပေါ် ဒီလိုစံပြဖြစ်စေမယ့် အပြုအမူတွေနဲ့ ဆက်ဆံရမှာကတော့ အကြီးဆုံးအခက်အခဲပဲ။ ဒါပေမယ့် ကိုယ်ထင်ရာကို ဘယ်သူမှ မထောက် မညှာဘဲ ပြောတဲ့ ကိုယ့်အကျင့်ဟောင်းအစား သူတို့ကို အလိုက်သင့် အလျားသင့်နေကြည့်တာ ပိုကောင်းပါတယ်လို့ ကိုယ်ပိုင်းဖြတ်ထားတယ်။ (ဘယ်သူကမှတော့ ကိုယ့်ထင်မြင်ချက်ကိုမေးတာ အရေးထားတာရယ်လို့ မရှိပါဘူး။

ဒါပေမယ့် ကိုယ်လည်း ဒီလိုထိန် ထိန်းသိမ်းသိမ်း နေတဲ့ကြားက လွတ်လွတ် ထွက်သွားတယ်။ မတရားဘူးထင်တာကို အတင်းကြိတ်မှိတ်ခံနေလို့ မရဘူး။ ဒီတော့ ဘာဖြစ်သလဲ။ တစ်လလုံးလုံး ဟောဒီကမ္ဘာပေါ်မှာ အရှက်အကင်းဆုံး၊ လျှာအရှည်ဆုံး ကောင်မလေးအကြောင်းကို မဆုံးနိုင်အောင် စကားဖောင်ကြပါလေရော။

အဲဒီတော့ တစ်ခါတလေ ကိုယ့်မှာရော မကျေနပ်စရာ အကြောင်းရယ်လို့ မရှိရတော့ဘူးလား။ ကိုယ်လည်း လက်ရေးတိုလေ့ကျင့်တာကို လျှော့လိုက်တယ်။ လက်ရေးတိုကို လျှော့လိုက်ရတာက အကြောင်းနှစ်ကြောင်း ရှိတယ်ပေါ့။ ပထမ အကြောင်းက သင်ချင်တဲ့ တခြားဘာသာရပ်တွေများလို့။ ဒုတိယအကြောင်းကတော့ ကိုယ့်မျက်စိကြောင့်ပဲ။ ကိုယ့် မျက်စိတွေ မွဲလာတယ်။ မျက်မှန်တပ်သင့်နေတာ ကြာပြီ။ (ဘယ့်လောက်များ ဇီးကွက်နဲ့ တူလိုက်မလဲ။) ဒါပေမယ့် မင်းသိတဲ့အတိုင်းပဲ။ ပုန်းနေရတုန်းမှာ မျက်မှန်တပ်ဖို့ဆိုတာ မဖြစ်နိုင်သေးဘူး။

မနေ့က အင်နာရဲ့မျက်စိအကြောင်းကို လူတိုင်းပြောနေကြတယ်။





သူတို့မှာ တခြားပြောစရာ အကြောင်းရယ်လို့မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကို မစ္စတာကူဖစ်နဲ့အတူ မျက်စိကုဆရာဝန်ဆီ ပို့မလို့ဆိုတာကိုး။ အပြင်ကိုထွက်ဖို့၊ လမ်းမကိုထွက်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ။ ကိုယ်က အကြောက်အကန် ငြင်းတာပေါ့။ ဒီလိုပဲ ငြင်းကြ ကန်ကြပေါ့လေ။ သဘောတူညီချက်ကို တော်တော်နဲ့ မရနိုင်ကြဘူး။ မီယက်က ကိုယ်နဲ့အတူ လိုက်မယ်ဆိုပေမယ့် အခက်အခဲတွေ အန္တရာယ်တွေအားလုံးကို သတိကြီးကြီးနဲ့ စဉ်းစားရသေးတယ်။

အဲဒီအခိုက်အတန့်မှာပဲ ကိုယ်ဟာ ဘီရိုထဲက ကိုယ့်အညိုရောင်ကုတ်အင်္ကျီကို သွားထုတ်ကြည့်တယ်။ အင်္ကျီက ကိုယ့်ညီမ အငယ်ဆုံးဝတ်တဲ့ အင်္ကျီလို့ ထင်ရလောက်အောင် သေးနေပြီ။

ကိုယ်အပြင်ထွက်ရေးကိစ္စ ဘယ်လိုများ ဖြစ်လာမလဲလို့ စောင့်နေတာပေါ့လေ။ ဒါပေမယ့် ဒီအစီအစဉ်ဟာ ဖြစ်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗြိတိသျှတပ်တွေက စစ္စလီကျွန်းပေါ်ကို တက်ကြပြီမို့ ဖေဖေက ဒီအရေးကိစ္စတွေ မြန်မြန်ပြီးသွားလိမ့်မယ်လို့ မျှော်လင့်နေလို့ပါပဲ၊

မားဂေါ့နဲ့ ကိုယ့်ကို အဲလိက ရုံးအလုပ်တွေ အများကြီးလာခိုင်းတယ်။ ဒီတော့ ကိုယ်တို့ကလည်း ကိုယ့်ကိုယ်ကို သိပ်အရေးပါလှပြီလို့ အထင်ရောက်တာပေါ့။

မီယက်ကတော့ တကယ့်ဝန်တင် မြင်းမလေး ကျနေတာပဲ။ ကိုယ်တို့ဆီကို ပစ္စည်းတွေ အများကြီးအများကြီး ယူယူလာတယ်။ နေ့တိုင်းလိုလို ဟင်းသီးဟင်းရွက်တွေကို သူ့ဘိုင်စကယ်နဲ့တင်ပြီး ယူလာပေးတယ်။ ကိုယ်တို့ စာအုပ်တွေ ရောက်လာမယ့် စနေနေ့ကိုလည်း မျှော်ရတာ မဆုံးဘူး။ လက်ဆောင်ထောင်းကို စောင့်တဲ့ ကလေးလေးတွေလိုပေါ့။

ကိုယ်တို့အတွက် စာအုပ်ဟာ ဘယ်လောက်အဓိပ္ပာယ်ရှိတယ်ဆိုတာကို သာမန်လူတွေက မသိကြဘူး။ စာဖတ်တာ၊ စာသင်တာ၊ ရေဒီယိုနားထောင်ရတာဟာ ကိုယ်တို့အတွက် စိတ်ဖြေစရာ အပျော်အပါးပါပဲ။

မင်းရဲ့ အင်နာ

* * *



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ

ဇူလိုင် ၁၃၊ ၁၉၄၃

ချစ်သော ကစ်တီ

မနေ့ကတော့ ဖေဖေ့ရဲ့ခွင့်ပြုချက်အရ ကိုယ်တို့ အခန်းထဲက စားပွဲအသေးကလေးကို ညနေ ၄ နာရီက ၅ နာရီခွဲအထိ တစ်ပတ်ကို နှစ်ကြိမ်အသုံးပြုခွင့်ပေးဖို့ ဒူဆဲကို ကိုယ်ကတောင်းပန်တယ်။ အဲဒီစားပွဲမှာ ကိုယ်ဟာ ဒူဆဲအိပ်နေခိုက် မွန်းလွဲ ၂ နာရီခွဲက ၄ နာရီအထိ နေ့စဉ်လိုလို ထိုင်နေတတ်တယ်။ ဒူဆဲ အိပ်ချိန်မဟုတ်ရင် အခန်းရှေ့၊ စားပွဲရောဟာ ကိုယ့်အတွက်သုံးဖို့ လပ်မမြင်ဘူး။ အတွင်းဘက်က အများအတွက်ထားတဲ့အခန်းကျတော့လည်း ဘယ်တော့မှ အားတယ်မရှိဘူး။ နောက်ပြီး အဲဒီကစာရေးစားပွဲမှာ ဖေဖေကလည်း အလုပ်လုပ်နေတတ်တယ်လေ။

ဒီတော့ ကိုယ့်မေတ္တာရပ်ခံချက်ဟာ ကျိုးကြောင်းဆီလျော်နေတော့ ကိုယ်ကလည်း ယဉ်ယဉ်ကျေးကျေးပဲ သွားပြောပါတယ်။ ဒါပေမယ့် အင်မတန်ဉာဏ်ပညာ ဗဟုသုတနဲ့ပြည့်စုံတဲ့ ဒူဆဲက ဘာပြန်ပြောတယ် ထင်သလဲ 'ဟင့်အင်း'တဲ့။ ကဲ ခပ်ရှင်းရှင်းပဲ။ သူ့ 'ဟင့်အင်း'သံကြားတော့ ကိုယ်ကမကျေနပ်ဘူး။ ဒါနဲ့ ဘာ့ကြောင့် 'ဟင့်အင်း'ရသလဲ ဆိုတာကိုမေးတော့ သူ့အဖြေကိုကြားရတာ ကိုယ် နားကွဲမတတ်ဘဲ။ သူ့အဖြေက -

'ငါလည်း အလုပ်လုပ်ကာပဲ၊ မွန်းလွဲပိုင်းမှာမှ အလုပ်မလုပ်နိုင်ရင် ငါ့အတွက် လုံးလုံးအချိန်မရှိတော့ဘူး။ ငါ့အလုပ် တာဝန်တွေကို ပြီးအောင် လုပ်ရမယ်။ မလုပ်ရင် အစပျိုးလာတာတွေဟာ အလကား ဖြစ်မှာပဲ။ နောက်ပြီး မင်းဟာ ဘာမှလည်း ရေရေရာရာလုပ်တာ မဟုတ်ဘူး။ မင်းဖတ်နေတဲ့ ဒဏ္ဍာရီတွေကရော ဘယ်လို စာအုပ်မျိုးတွေလဲ၊ ခ‌ာထိုးတာနဲ့ စာဖတ်တာဟာ တစ်ခုမှ အလုပ်လို့မခေါ်နိုင်ဘူး။ စားပွဲဟာ ငါ့စားပွဲပဲ။ ဒီစားပွဲမှာ ငါနေရမှာပဲ'

ကိုယ့်အဖြေကတော့





'ဒီမှာ မစ္စတာဒူဆဲ၊ ကျွန်မ အလုပ်ကို သေသေချာချာ လုပ်တယ်၊ ာက်ပြီး မွန်းလွဲပိုင်းကျရင် ကျွန်မ အလုပ်လုပ်စရာ နေရာကိုမရှိဘူး။ ကြောင့် ကျွန်မ မေတ္တာရပ်ခံတာကို သက်သက်ညှာညှာ စဉ်းစားဖို့ န်မတောင်းပန်ပါတယ်'

ဒီစကားလုံးများနဲ့အတူ တချိုးခဲလိုက်ရပြန်တဲ့ အင်နာဟာ အင်မတန် ဉာဏ် ပညာနဲ့ပြည့်စုံတဲ့ ဆရာဝန်ကို ကျောခိုင်းလိုက်ခဲ့ပြီး လုံးလုံးလျားလျား စ်လျူပြု လိုက်တာပါပဲ။ ကိုယ်ဟာ ဒေါသအမျက် ချောင်းချောင်း က်နေတယ်။ ဒူဆဲဟာ ကြောက်စရာ ကောင်းလောက်အောင် ရိုင်းစိုင်း မယ့် ကိုယ်ဟာ သူ့အပေါ် အင်မတန် ရင်းနှီးတဲ့စိတ်မျိုး ထားနိုင်ပါ့ လားလို့ တွေးနေမိတယ်။

ညနေဘက်ကျတော့ ဖေဖေနဲ့ သွားဆုံမိတာနဲ့ ဖြစ်ခဲ့တဲ့အကြောင်း တွေကို ပြန်ပြောပြပြီး ဘာဆက်လုပ်ရင် ကောင်းမလဲဆိုတာ ဆွေးနွေး ကြည့်တယ်။ ဘာဖြစ် လို့လဲဆိုတော့ ကိုယ်ကအရှုံးမပေးနိုင်ဘူး။ အပြီး ပြတ် ရှင်းရှင်းလင်းလင်း လုပ်ချင်တယ်။ ဖေဖေက ဒီပြဿနာကို ကိုယ်ဘယ်လို ဖြေရှင်းသင့်တယ်ဆိုတာပြောပြပြီး ကိုယ့်စိတ်ထူပူနေတဲ့ တွက် မနက်ဖြန်ကျမှ ဆက်ပြောရင်ကောင်းမယ်လို့ သတိပေးတယ်။ ဖေဖေသတိပေးတာကို ကိုယ်က ဘေးဖယ်ပြီး ဒူဆဲကို စောင့်နေလိုက် တယ်။ ဖေဖေကတော့ ကိုယ်တို့နဲ့ကပ်လျက်အခန်းမှာ ထိုင်နေလေရဲ့။ ကြောင့် ကိုယ်က အားတက်နေတယ်လေ။

ဒါနဲ့ ကိုယ်က 'မစ္စတာ ဒူဆဲ၊ ပြဿနာကို ဆက်ဆွေးနွေးဖို့ လမ်းမမြင်ဘူးလို့ ရှင်မြင်ချင်လည်းမြင်မယ်၊ ဒါပေမယ့် ကျွန်မကတော့ ဆက်ဆွေးနွေးဖို့ ပြောရမှာပဲ'ပြောလိုက်တော့ ဒူဆဲက ချိုချိုပြုံးပြုံး လုပ်နေပြီး 'ပြဿနာကို ဆွေးနွေးဖို့ ငါက အချိန်မရွေး အမြဲတမ်း ဆင်သင့်ပါပဲ။ ဒါပေမယ့် ပြဿနာက ပြီးနေတဲ့ ဥစ္စာ'တဲ့ ပြန်ပြောတယ်။

ဒူဆဲက ကြားက ဖြတ်ဖြတ်ပြီး ပြောနေပေမယ့် ကိုယ်ကတော့ ဆက်ပြောတာပဲ။ 'ရှင် ဒီကိုရောက်လာကာစတုန်းက ဒီအခန်းဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် နေဖို့ဆိုပြီး စီစဉ်ခဲ့တယ်။ ဒီတော့ ဒီအခန်း
မှုမှုတတ နှစ်ယောက်အတွက် ခွဲဝေရင် ရှင်က မနက်ပိုင်ပြီး ကျွန်မ
တစ်ညနေ လုံးပိုင်ရမယ်။ ဒါပေမယ့် ဒီလောက်အများကြီးလည်း ကျွ
မတောင်းပါဘူး၊ မွန်းလွဲပိုင်းအချိန် နှစ်ချိန်လောက် တောင်းတာ
အင်မတန် လျော်ကန်သင့်မြတ်တယ်၊ ကျိုးကြောင်းဆီလျော်တယ်
ကျွန်မထင်တယ်'ဆိုပြီး ကိုယ်က ပြောလိုက်တဲ့အခါ ဒူဆဲဟာ သူ့
တစ်စုံတစ်ယောက်က အပ်နဲ့ထိုးလိုက်သလို ထခုန်ပြီးတော့ 'အခွင့်အ
စကားကို ဒီမှာ လုံးလုံး ပြောလို့မဖြစ်ဘူး။ မင်းက ဒီလို အခွင့်အ
စကားပြောနေရင် ငါက ဘယ်သွားနေရမလဲ။ ကဲ ပြောစမ်းပါဦး။ မစ္စတ
ဖန်ဒန်းကို ငါ့အတွက်၊ အပေါ်ဆုံးအထပ်မှာ အခန်းကျဉ်းကလေ
ဆောက်ပေးဖို့ ပြောရမယ်။ အဲဒီအခါကျရင် ငါသွားနေမယ်။ ဘယ်နေ
မှာမှ ငါအလုပ်လုပ်လို့ မဖြစ်ဘူး။ မင်းနဲ့ဆို လုံးတိုင်း ဒုက္ခရောက်တာ
မင်းထက်ပိုပြီး လိမ္မာရေးခြားရှိတဲ့ မားဂရေ့ကသာ ငါ့ဆီ ဒီလို လာတော
ပန်ရင် ငြင်းစရာမရှိဘူး။ ဒါပေမယ့် မင်းကို ငြင်းရမယ်'တဲ့။

'ဒါပေမယ့်၊ မင်းကတော့ စကားတောင် ပြောလို့ဖြစ်တဲ့ကလေး
မဟုတ်ဘူး။ မင်းလိုချင်တာ မရသမျှ အင်မတန် ကိုယ်ကျိုးကြည့်ပြီ
လူတစ်ဖက်သားကို ချောက်တွန်းရာမှာလည်း ဝိဇ္ဇာပဲ။ ဒီလိုကလေးမမျိ
ငါတော့ တစ်ခါမှ မတွေ့ခဲ့ မိသေးဘူး။ ကဲ ထားပါတော့လေ။ အ
ကိစ္စမှာတော့ မင်းရွေးချင်တဲ့လမ်းကို ငါက ဖယ်ပေးဖို့ကြိုးစားပါ့မယ်
ဒီလိုမှ မလုပ်ရင် တော်တော်ကြာ အင်နာဖရင့် စာမေးပွဲ ကျတာ
ငါ့ကြောင့်။ ဘာဖြစ်လို့လဲဆိုတော့ စားပွဲကို မစ္စတာဒူဆဲက ဖယ်မပေးလို့
ပြောစမှတ်ကြီး ဖြစ်နေဦးမယ်'တဲ့။

ဒီလိုနဲ့ လျှောက်ပြောလိုက်တာ စုံလို့ပေါ့လေ။ ကိုယ်လည်း
တော်တော် ကြီးကို ဒေါသထွက်နေတာပဲ။ သူ့လိမ်လည်ချက်တွေနဲ့အတ
မျက်နှာကျက်ဟက်ပြီး ကပ်နေအောင် သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး
ကိုယ်က အသံကုန် ဟစ်အော်ပစ် ချင်စိတ် ပေါက်လာတယ်။ ဒါပေမယ့်





ကိုယ့် ကိုယ်ကို 'သတိထား၊ သတိထား' လို့ ထိန်းချုပ်ထားရတယ်။
ဒီလို လူစားမျိုး ဟာ အဖက်လုပ်ဖို့တောင် တန်တဲ့လူစားမျိုး မဟုတ်ဘူး။

မစ္စတာဒူဆဲဟာ အပြီးသတ်လည်းကျရော စိတ်ဆိုးတာနဲ့
အောင်မြင်တာ ရောထွေးနေတဲ့ မျက်နှာပေးမျိုးနဲ့ အခန်းထဲက ထွက်သွား
တယ်။ ကိုယ်ကလည်း ချက်ချင်း ဖေဖေ့ဆီလာပြီး အကျိုးအကြောင်းအစုံ
ပြန်ပြောလိုက်တယ်။ ဖေဖေက ဒူဆဲကို ဒီကိစ္စပြောဖို့ ဆုံးဖြတ်လိုက်ပြီ
လို့ ပြောလည်းပြောတာပဲ။ တစ်နာရီခွဲ ကျော်ကျော်ကြာတယ်။ ပြောပုံ
ဆိုပုံ သဘောကတော့ ဒီလိုနဲ့တူပါတယ်။ ပထမ အင်နာကို စားပွဲမှာ
ထိုင်ခိုင်းသင့်၊ မသင့် ပြောကြတယ်။ ဖေဖေက လူငယ်ရှေ့မှာ လူကြီးက
မမှားမိဖို့၊ ဒီကိစ္စကို အရင်တစ်ကြိမ် ပြောစဉ်ကတည်းက ဒူဆဲဘက်က
သဘောတူခဲ့တယ်လို့ ဖေဖေက ထင်တယ်။ ဒူဆဲကတော့ ကိုယ်စကား
ပြောတာ လွန်တယ်၊ သူ့ကို အရာရာ လက်ဝါးကြီးအုပ်ချင်တဲ့ ကျူးကျော်
ရေးသမားအဖြစ်မျိုးအထိရောက်အောင် မပြောသင့်ဘူးလို့ ထင်တယ်။
ဒါပေမယ့် ဖေဖေက လက်မခံဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် ဒီလို
စကားမျိုးကို လေသံတောင်မဟခဲ့တာ ဖေဖေသိထားကိုး။

ဒီလိုနဲ့ပဲ ဖေဖေက ကိုယ့်ဘက်က ကာကွယ်၊ ဒူဆဲကလည်း သူ့
ဘက်သူ ကာကွယ်နဲ့ အကြိတ်အနယ် ပြောတော့တာပေါ့လေ။

နောက်ဆုံးတော့ ဒူဆဲက လျှော့ပေးလိုက်ရတယ်။ ကိုယ်ကလည်း
ရက်သတ္တ တစ်ပတ်ကို နှစ်ကြိမ်ကျနဲ့ ညနေ ၅နာရီအထိ အနှောင့်အယှက်
ကင်းမှကင်း အလုပ်လုပ်ခွင့်ရတာပဲ။ ဒူဆဲက မျက်စိမျက်နှာတွေ ပျက်ပြီး
ကိုယ့်ကို နှစ်ရက်လုံးလုံး စကားမပြောဘူး။ နောက်ပြီး ၅နာရီက ၅နာရီခွဲ
အထိ စားပွဲမှာထိုင်တုန်းပဲ။ ဘယ်လောက် ကြောက်စရာကောင်းလောက်
အောင် ကလေးဆန်လိုက်သလဲဟင်။

အသက် ၅၄ နှစ်တောင် ရှိနေပေမယ့် ဒီလောက် စိတ်သဘောထား
သေးသိမ်နေတဲ့ လူမျိုးဟာ ရှေ့မှာ ဘာမှတိုးတက်မှာ မဟုတ်ဘူး။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



သောကြာ

ဇူလိုင် ၁၆၊ ၁၉၄၃

ချစ်သော ကစ်တီ

သူခိုး ကပ်ပြန်ပြီ။ ဒီတစ်ခါတော့ တကယ်ပဲ။ ကနေ့မနက် ၇ နာရီမှာ ပီတာဟာ ကုန်လှောင်ရုံကို ထုံးစံအတိုင်းသွားတော့ ကုန်လှောင်ရုံ တံခါးနဲ့ လမ်းဘက် က တံခါးဟာ ဟစ္စေ့စေ့ဖြစ်နေတာကို တွေ့ရတယ်။ ဒီတော့ သီးသန့်ရုံးခန်းထဲမှာ တံခါးပိတ်ပြီး ဂျာမနီက အသံလွှင့်တာတွေကို နားထောင်နေတဲ့ ဖေဖေ့ကို သွားပြော တယ်။ နောက်ပြီး သူတို့နှစ်ယောက် အပေါ်ထပ်ကို တက်သွားကြတယ်။

ဒီလိုအချိန်မျိုးအတွက် အမြဲတမ်းထုတ်ထားတဲ့ အမိန့်တွေရှိတယ်။ မနက် ၈ နာရီအတွင်း လုပ်စရာရှိတာ အကုန်လုပ်ထားရတယ်။ တိတ်တိတ်နေ၊ အဝတ်မလျှော်ရ၊ မျက်နှာမသစ်ရ၊ ခြေသံမကြားရ၊ အိမ်သာမသွားရ။ ကိုယ်တို့တော့ အိပ်မောကျနေလို့ ဒါတွေကို မသိလိုက်တာ ဝမ်းသာစရာပဲ။

၁၁ နာရီခွဲကျမှ မစ္စတာကူဖစ်ဆီက ကြားရတယ်။ သူခိုးတွေဟာ အပြင် တံခါးကိုကပ်ဖွင့်၊ ကုန်လှောင်ရုံထဲကို ဝင်ကြတယ်။ ဒါပေမယ့် ကုန်လှောင်ရုံထဲမှာ ခိုးစရာမတွေ့တော့ တွေ့လို တွေ့ငြားဆိုပြီး အပေါ်ထပ်ကို တက်ကြရောတဲ့။ ဖလော် ရင်ငွေ ၄၀ နဲ့ ချက်စာအုပ်တွေထားတဲ့ ငွေသေတ္တာ နှစ်လုံးနဲ့ သကြားကီလို ၁၅၀ အတွက် ကူပွန်လက်မှတ်တွေကို ခိုးသွားတယ်တဲ့။

ဒီကောင်တွေဟာ လွန်ခဲ့တဲ့ ရက်သတ္တခြောက်ပတ်လောက်က တံခါးသုံးခုစလုံး ဖွင့်ဖို့ကြိုးစားတဲ့ ကောင်တွေနဲ့ တစ်ဂိုဏ်းတည်းပဲ ဖြစ်ရမယ်လို့ မစ္စတာ ကူဖစ်က ထင်တယ်။ အဲဒီအချိန်တုန်းက မအောင်မြင်ခဲ့ဘူး။

ဒီအကြောင်းဟာ အဆောက်အဦတစ်ခုလုံး အုတ်အော်သောင်းနင်းဖြစ်လို့ ပေါ့လေ။ ဒါပေမယ့် ဒီလိုသတင်းမျိုးမှ မရှိရင်လည်း





'လျှို့ဝှက်ခန်းဆောင်' အဖို့ တည်နေလို့မဖြစ်ဘူး။ ညနေတိုင်း အပေါ်ထပ်ကို ကင်ထားတဲ့ ကိုယ်တို့ရဲ့ လက်နှိပ် စက်တွေနဲ့ ငွေတွေ ပါမသွားတာကိုပဲ ဝမ်းသာလှပြီ။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ

ဇူလိုင် ၁၉၊ ၁၉၄၃

ချစ်သော ကစ်ကီး

တနင်္ဂနွေနေ့က အမ်စတာဒမ်မြို့ မြောက်ပိုင်းကို အကြီးအကျယ် ဗုံးကြဲတယ်။ အပျက်အစီးကတော့ ကြောက်စရာကောင်းလောက်အောင် ရှိမယ်လို့ထင်ရတယ်။ လမ်းမကြီးတွေအားလုံးဟာ ပျက်စီးနေတာပဲ။ လူတွေကိုဖော်ထုတ်ဖို့ မနည်းကြာဦးမယ်။ အခုအထိတော့ သေသူ ၂၀၀ နဲ့ ဒဏ်ရာရသူတွေ မရေမတွက်နိုင်သေးဘူး။ ဆေးရုံတွေလည်း ပြည့်ကျပ်နေပြီ။ မီးခိုးတလူလူဝေနေတဲ့ အပျက်အစီးတွေကြားမှာ မိဘကို တမ်းတ ရှာဖွေနေတဲ့ ကလေးတွေ၊ ပျောက်ဆုံးတဲ့ ကလေးတွေ အကြောင်းကို မင်းကြားရဲ့လား။ အဝေးဆီမှာ တုန်လှုပ်နေတဲ့အသံကြီးကို ပြန်ပြန်တွေးမိတိုင်းကိုယ် ကျောချမ်းလှတယ်။ ကိုယ်တို့အတွက်လည်း နီးကပ်လာတဲ့ အပျက်အစီးကို ပြနေတာပါပဲ။

မင်းရဲ့ အင်နာ။

* * *

သောကြာ

ဇူလိုင် ၂၃၊ ၁၉၄၃

ချစ်သော ကစ်တီ

ကိုယ်တို့အားလုံး အပြင်ကိုတစ်ဖန် ပြန်ထွက်ခွင့်ရခဲ့လို့ရှိရင်ပထမဆုံး ဘာလိုချင်သလဲဆိုတဲ့ အသီးသီးရဲ့ ဆန္ဒကို စိတ်ပြေလက်ပျောက်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြော ပြမယ်။ မားဂေါ့နဲ့ မစ္စတာဖန်ဒန်းတို့က ရေခွေးနဲ့ ချိုးဖို့ကို ပထမဆုံးလိုချင်တယ်။ ရေနွေးနဲ့ နာရီဝက်လောက်ကြာအောင် ချိုးမယ်။ မစ္စက်ဖန်ဒန်းကတော့ ကရင်းကိတ်မုန့်ကို ချက်ချင်းသွားစားမယ်။ ဒူဆဲက ဆို ဘာမှမလိုချင်ဘူး။ သူ့မိန်းမကိုပဲ တွေ့ချင်တယ်။ မေမေက သူသောက်နေကျကော်ဖီ၊ ဖေဖေက ပထမဆုံး မစ္စတာဗော့ဆင်ဆီ သွားတွေ့ချင်တယ်။ ပီတာကတော့ မြို့ထဲလျှောက်လည်ပြီး ရုပ်ရှင်သွားမယ်တဲ့။ ကိုယ်ကတော့ ဘယ်ကစပြီး ဘာလုပ်ချင်တယ်ဆိုတာတောင် ရွေးဖို့ခက်နေတယ်။ ဒါပေမယ့် ကိုယ်အလိုချင်ဆုံးကတော့ ကိုယ်တို့ အိမ်ကို ပြန်ချင်တယ်။ ကိုယ်တို့ လွတ်လွတ်လပ်လပ် သွားလာချင်တယ်။ ကျောင်း ပြန်တက်ချင်တာပဲ။

အဲလီကာ ကိုယ်တို့အတွက် သစ်သီးတချို့ ယူလာတယ်။ ဈေးတွေကတော့ ကြီးလိုက်တာလွန်ရော။ ဒါနဲ့တောင် ညနေတိုင်း သတင်းစာထဲမှာ 'မှုမှုတာတရောင်းပါ၊ ဈေးနှုန်းတွေလျှော့ချပါ' ဆိုတဲ့ စာလုံး မည်းကြီးတွေကို တွေ့နေရသေးတယ်။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ
ဇူလိုင် ၂၆၊ ၁၉၄၃

ချစ်သော ကစ်တီ

မနေ့ကတော့ ပစ်သံ ခတ်သံ ဗုံးကြဲသံတွေပဲ ဆူညံနေခဲ့တယ်။ ထိတ်လန့် တုန်လှုပ်စရာ မဖြစ်တဲ့နေ့ရယ်လို့ မရှိတော့ဘူးလားလို့ မင်းက မေးသင့်နေပါပြီ။

နံနက်စာ စားနေတုန်း ပထမ သတိပေးသံကို ကြားရတယ်။ ဒါပေမယ့် 'လေယာဉ်တွေ ကမ်းခြေကို ဖြတ်ကျော်နေပြီ' ဆိုတဲ့ သဘောလောက်ပဲ ကိုယ်တို့က ထင်လိုက်တယ်။

နံနက်စာလည်းစားပြီးရော ကိုယ်ဟာ ကျောဘက်ကနာတာနဲ့





တစ်နာရီ လောက်သွားလှဲနေပြီး အောက်ထပ်ကို ဆင်းလာခဲ့တယ်။ အဲဒီတော့ နှစ်ချက်ထိုး လောက်ရှိနေပြီ။ မားဂေါ့ ရုံးအလုပ်က နှစ်နာရီခွဲ လောက်မှပြီးတော့ အချက်ပေးသံတွေ စကြားစတဲ့အခါ သူ့ပစ္စည်းပစ္စယတွေ ဘာမှမယူရသေးလို့ ကိုယ်နဲ့အတူ အပေါ်ထပ်ကို ပြန်တက်လာတယ်။ အပေါ်ထပ်ရောက်လို့မှ ငါးမိနစ်မကြာသေးဘူး၊ ပစ်လိုက်ခတ်လိုက်ကြတာ ကိုယ်တို့လည်း စင်္ကြံမှာ ရပ်နေရတယ်။ တစ်အိမ်လုံးလဲ တုန်လှုပ် နေတာပဲ။ ဗုံးတွေကလည်း ကျလို့ပေါ့။

အရေးအကြောင်းပေါ်လို့ ပြေးရရင် အဆင်သင့်လုပ်ထားတဲ့ အိတ်ကို ကိုယ့်အနားမှာ ယူထားလိုက်တယ်။ တကယ်လို့ ထွက်ပြေး ရင်လည်း ကိုယ်အလို ချင်ဆုံးပစ္စည်းလေးတွေကို ယူသွားနိုင်အောင်လို့ပေါ့။ ဒါပေမယ့် အကြောက်လွန်လို့ ဒီနေရာက ထွက်ပြေးပြန်လည်း ကိုယ်တို့ ပြေးရမယ့် လမ်းဟာ လေကြောင်းရန် ထက်တောင် ဘေးအန္တရာယ်များတဲ့ လမ်းဖြစ်နေဦးမှာ။ ဒီကိစ္စတွေဟာ နာရီဝက်လောက်အကြာမှာ ပြီးသွားတယ်။ ဒါပေမယ့် အိမ်ထဲမှာတော့ ပျာယာခတ်ကြတုန်းပဲ။ ပီတာက အပေါ်ဆုံး ထပ်ခိုး သူ့မျှော်စင်က ပြန်ဆင်းလာတယ်။ ဒူဆဲကတော့ ရုံးခန်းကြီးထဲမှာ၊ မစ္စက်ဖန်ဒန်းက သိုးသန့်ရုံးခန်းထဲ ဝင်ခိုနေပြီး မစ္စတာဖန်ဒန်းကဆို အခြေအနေကို စောင့်ကြည့်နေတုန်း။ ကိုယ်တို့ ညီအစ်မကတော့ လှေခါး ခွဲလိုက်တယ်။ ကိုယ်က ဆိပ်ကမ်းဘက်က မီးခိုးလုံးကြီးတွေကိုကြည့်ဖို့ အပေါ်ထပ်ကို တက်လာခဲ့တယ်။

ညစာ စားချိန်ကျတော့ တစ်ခါလေကြောင်းရန် အချက်ပေး နေပါရော။ ထမင်းက စားလို့ကောင်းနေပေမယ့် အချက်ပေးသံလည်း ကြားရော ကိုယ့်မှာဆာနေတာတွေ ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး။ ဘာမှတော့ မဖြစ်ပါဘူး။ ၄၅ မိနစ်လောက်ကြာတော့ အားလုံးပုံမှန်အတိုင်း ပြန်ဖြစ်သွားတာပါပဲ။ စားသောက်ပြီးလို့ ဆေးကြောနေတုန်း ဟောတစ်ခါ အချက်ပေးသံ ကြားရပြန်ပါလေရော။ 'လွန်လှချည်လား' လို့ ကိုယ်တို့ ညည်းတွားမိပေမယ့် ဘာအရာရောက်မှာလဲ။ လေယာဉ်တွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဗုံးမိုးရွာချတာပဲ။ ဒီတစ်ခါတော့ အမ်စတာ ဒမ်လေဆိပ်လို့ ပြောတာပဲ။ လေယာဉ်တွေဟာ ထိုးချလိုက် ပျံတက်လိုက်နဲ့ စက်သံကြီးတွေကို ကြားနေရတယ်။ ဒီလိုကြားရတိုင်း 'ဟော တစ်စင်းတော့ တက်ပြန်ပြီ၊ တစ်စင်းတော့ ကျပြန်ပြီ'လို့ ကိုယ်က တွေးမိတယ်။

ည ၉ နာရီ အိပ်ရာဝင်တဲ့အထိ အကြောက်က မပြေသေးဘူး။ ၁၂ နာရီ ထိုးတော့ တစ်ခါနိုးပြန်ရော။ လေယာဉ်ပျံတွေ လာပြန်ပြီလေ။ ပစ်ခတ်သံတွေကို ကြားရတာနဲ့တစ်ပြိုင်နက် ကိုယ်လည်းအိပ်ရာက ခုန်ထလိုက်မိတာပဲ။ ဖေဖေ့အနားမှာ နှစ်နာရီလောက်ကြာအောင် သွားနေရတယ်။ နောက် ပစ်သံခတ်သံတွေ ရပ်သွားတော့မှ ကိုယ်လည်း အိပ်ရာဝင်ခဲ့တယ်။ နှစ်ချက်ခွဲနေပြီ။

မနက် ၇ နာရီမှာ နိုးတယ်။ မစ္စတာဖန်ဒန်းကတော့ ဖေဖေနဲ့ ဘာတွေ ပြောနေလဲ မသိဘူး။ သူခိုးတွေအကြောင်းကိုယ် ပထမဆုံး တွေးမိတယ်။ မစ္စတာ ဖန်ဒန်းပြောနေတဲ့ အထဲမှာ 'အကုန်လုံးပဲ'ဆိုတဲ့ စကားလုံးပါတယ်။ သူခိုးတွေကများ အကုန်လုံး ခိုးသွားတာကို ပြောတာလားလို့ ကိုယ်က ထင်နေတယ်။ ဒါပေမယ့် မဟုတ်ဘူး။ ကြားရတဲ့ သတင်းက သတင်းကောင်းလေ။ လပေါင်းများစွာ ဒါမှမဟုတ် စစ်ဖြစ်နေတဲ့ နှစ်ပေါင်းများစွာအတွင်း မကြားခဲ့ရတဲ့ သတင်းမျိုးပါ။ ဒါက ဘာလဲ ဆိုတော့ 'မူဆိုလီနီ နုတ်ထွက်သွားပြီး အီတလီဘုရင်က အစိုးရအဖွဲ့ကို ချုပ်ကိုင်လိုက်ပြီ' ဆိုတဲ့ သတင်းပါပဲ။ ကိုယ်တို့ကတော့ ပျော်လွန်းလို့ ထခုန်မိကြတယ်။ မနေ့ကဆို တစ်နေ့လုံး ကြောက်စရာတွေချည်း တွေ့ခဲ့ရပြီး ဒီနေ့ကျတော့ ကောင်းလာပြန်ရော။ မျှော်လင့်ချက် ရှိစရာဖြစ်လာပြန်ရော။ ပြဿနာတွေပြီးစီးဖို့ မျှော်လင့်ချက်၊ ငြိမ်းချမ်းရေး မျှော်လင့်ချက်တွေပေါ့။

မစ္စတာ ကရာလ် လာပြီး စကားပြောနေတုန်း လေကြောင်းရန် အချက်ပေးသံ ကြားရပြန်တယ်။ ကိုယ်လည်း ကြောက်လိုက်တာတုန်လို့။ သိပ်လည်းပင်ပန်းနေတာပဲ။ အီတလီက သတင်းတွေကြားရတဲ့အတိုင်း





ဆိုရင်တော့ ဒီနှစ်ထဲတင် ပြီးစီးလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။

မင်းရဲ့ အင်နာ

* * *

ကြာသပတေး
ဇူလိုင် ၂၉၊ ၁၉၄၃

ချစ်သော ကစ်တီ

မစ္စက်ဖန်ဒန်း၊ ဒူဆဲနဲ့ ကိုယ်တို့ဟာ ဆေးကြောတိုက်ချွတ်နေကြတုန်း ကိုယ်တော့ သိပ်ကို တိတ်ဆိတ်နေလိုက်မိတယ်။ ဒါဟာ ကိုယ့်မှ ဖြစ်တောင့်ဖြစ်ခဲ့ မို့ သူတို့ကလည်း သတိပြုမိမှာ သေချာတယ်။

ပြဿနာတွေကို ရှောင်နိုင်အောင်ဆိုပြီး ကိုယ်က တခြားစကားတွေ မပြော တော့ဘဲ 'အခြားတစ်ဖက်က ဟင်နရီ'ဆိုတဲ့ စာအုပ်အကြောင်းကိုသာ ပြောမိတယ်။ ဒါပေမယ့် မရဘူး။ မစ္စက်ဖန်ဒန်းက စရင်စ မစရင် မစ္စတာဒူဆဲက စတာပဲ။ ဒီစာအုပ်ဟာ အင်မတန်ကောင်းတဲ့ စာအုပ်ဆိုပြီး မစ္စတာဒူဆဲက ကိုယ်တို့ကို ပြောခဲ့ဖူးတယ်။ ကိုယ်နဲ့ မားဂေါ့ ကလည်း ကောင်းကြောင်းသိပါတယ်။ လူငယ်လေးရဲ့ သရုပ်ကိုပေါ်အောင် ရေးထားပါတယ်။ တခြားအကြောင်းတွေကိုတော့ထားလိုက်ပါ။ ကိုယ်ကလည်း ဒီလောက်ပဲ ပြောနေတုန်း ပြဿနာကပေါ်လာတော့တာပဲ။

လူတစ်ယောက်ရဲ့ စိတ္တဗေဒကို မင်းဘယ်လိုနားလည်နိုင်သလဲ၊ ကလေးတစ်ယောက်အကြောင်းဆို သာမခက်ဘူးလား။ ဒီလို စာအုပ်မျိုးကိုဖတ်ဖို့ မင်းသိပ်ငယ်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသက် ၂၀ လောက် လူတစ်ယောက်တောင်ဖတ်လို့ သဘောပေါက်နိုင်တာမှ မဟုတ်ဘဲ' စသည်ဖြင့် ဒူဆဲက လျှောက်ပြောနေတယ်။ (ဒါဖြင့် ဘာဖြစ်လို့ မားဂေါ့နဲ့ ကိုယ့်ကို ဖတ်ဖို့ သူကထောက်ခံခဲ့ရသလဲ။) အခုတစ်ခါ ဒူဆဲနဲ့ မစ္စက်ဖန်ဒန်းတို့က ဆက်ပြောပြန်တယ်။ 'မင်းနဲ့ မသင့်လျော်တဲ့ ကိစ္စအများကြီးကို မင်းဟာ အများကြီးသိလွန်းနေတယ်။ လမ်းလွဲလိုက်ပြီး ကြီးကောင်ဝင်လာတာမင်းပဲ။ နောက် အသက်ကြီးလာတဲ့အခါ ဘာကိုမှ



www.burmeseclassic.com

www.burmeseclassic.com



သိမှာမဟုတ်ဘူး။ အဲဒီအခါကျတော့ အဲ့ ဒါတွေကို စာအုပ်ထဲမှာ ဖတ်ဖူးတာ အနှစ် ၂၀ လောက်တောင်ရှိပြီလို့ မင်းပြောမှာ သေချာတယ်။ ယောကျ်ား တစ်ယောက်ယောက် လိုချင်လို့ဖြစ်စေ၊ ရည်းစားထားချင်လို့ဖြစ်စေ မင်းစိတ်တိုင်းကျ ဘာတစ်ခုမှ ဖြစ်မှာမဟုတ်ဘူး။ စာတွေမှာတော့ မင်းဟာ တော်တော်ဟန်နေပြီ။ လက်တွေ့သာလိုနေတာ'

ကောင်းကောင်းမွန်မွန် အရွယ်ရောက်လာဖို့ဆိုတာ၊ သူတို့စိတ်ထဲမှာ ကိုယ့် မိဘကို အမြဲဆန့်ကျင်နေမှ ဖြစ်မယ်လို့ သူတို့တွေးဟန်တူတယ်။ ဘယ်လောက် ခက်သလဲ။ ကိုယ့်ကို အရှုံးလုပ်ရကောင်းလားလို့ သူတို့ နှစ်ယောက်စလုံး မျက်နှာကို ရိုက်ပစ်ချင်စိတ် ပေါက်လာတယ်။ တစ်နေ့လုံး ကိုယ်ဟာ စိတ်ညစ်နေရတယ်။ ဒီလို လူစားမျိုးတွေကြားက ရှန်းထွက် လွတ်မြောက်ဖို့လဲ ကြိုးစားမိပါရဲ့။

မစ္စက်ဖန်ဒန်းကလည်း တော်ပါပေတယ်။ နမူနာကောင်းပြတယ် လေ။ သူဟာ ချောက်တွန်းတယ်၊ ကိုယ်ကျိုးကြည့်တယ်၊ ကောက်ကျစ် တယ်၊ ကိုယ့် အတွက်ပဲ တွက်တယ်၊ မတည်ငြိမ်ဘူးဆိုတာ အများသိ ကြပြီပဲ။ မာနကြီးတယ်၊ ဘဝင်မြင့်တယ်ဆိုတာ ဒီစာရင်းထဲမှာ ကိုယ်က ထပ်ထည့်လိုက်ဦးမယ်။ သူဟာ တကယ့်ကို ပြောမဖြစ်တဲ့ ဘယ်လိုမှ သဘောတူစရာ အကြောင်းမမြင်တဲ့ မိန်းမပဲ။ တစ်နေ့တော့ ဒီအမျိုး သမီးကြီးအကြောင်း တခမ်းတနား ကိုယ်ရေးနိုင်ဘူးလို့ ဘယ်သူက ပြောမလဲ။

လူတိုင်း လူတိုင်းဟာ အပေါ်ရံကတော့ ရွှေမှုန် ကြဲထားနိုင်တာ ချည်းပဲ။ အထဲကသာ နောက်ချေးခံရင် ခံထားကြတာ။ မစ္စက်ဖန်ဒန်းဟာ သူစိမ်းတရံတွေ အထူးသဖြင့် ယောကျ်ားတွေအပေါ်မှာ သိပ်ရင်းနှီး ကျွမ်းဝင်တာပဲ။ ဒါ့ကြောင့် သူ့ကို ခဏကလေး သိရုံနဲ့တောင် သူ့အမှား တွေ အများကြီးတွေ့နိုင်တယ်။ မေမေကတော့ သူနဲ့ပတ်သက်လို့ ပြောနေရင် လေကုန်ရုံပဲတဲ့။ မားဂေါ့ကလည်း သူ့ကို သိပ်အရေးမထား ဘူး။ ဖေဖေ ကတော့ အရုပ်ဆိုးတယ်တဲ့။ (အဆင်းကြည့်ကြည့်၊ အချင်း





ကြည့်ကြည့်) ကိုယ်ကရော၊ ကိုယ်က အသေအချာလေ့လာ အကဲခတ်ပြီး မှ ဝန်တိုစိတ် ကင်းကင်းပြောရရင် ဒီမိန်းမကြီးဟာ သုံးလို့ကို မရဘူးလို့ ဆိုချင်တယ်။ မီလောက်အရည်အချင်းဆိုးတွေများတာ။

မင်းရဲ့ အင်နာ။

မှတ်ချက်။ ။ဒီဇာတ်လမ်းကို ရေးတဲ့အခါ စာရေးသူဟာ သူ့ရဲ့ ဒေါသ တွေ မအေးငြိမ်းသေးဘူးဆိုတာကို စာဖတ်သူက ထည့်မှင်းစဉ်းစား မလား။

* * *

အင်္ဂါ

ဩဂုတ် ၃၊ ၁၉၄၃

ချစ်သော ကစ်တီ

နိုင်ငံရေး သတင်းတွေကတော့ ကောင်းလှတယ်။ အီတလီမှာ ဖက်ဆစ် ပါတီကို ပိတ်ပင်လိုက်တယ်တဲ့။ ဖက်ဆစ်တွေကို နေရာတိုင်းမှာ ပြည်သူတွေ ကတိုက်နေပြီး တိုက်ပွဲမှာ စစ်တပ်ကတောင် ပါနေသတဲ့။ ဒီလိုတိုင်းပြည်မျိုးကများ အင်္ဂလန်ကို စစ်ပြုနိုင်မတဲ့လား။

ကိုယ်တို့ကတော့ တတိယအကြိမ် လေကြောင်းက တိုက်တာကို ခံရပြန်ပြီ။ ကိုယ့်ကိုယ်ကို ရဲဆေးတင်တဲ့အနေနဲ့ အံကြိတ်ထားမိတယ်။

'ကြောက်မက်ဖွယ်ရာသော အဆုံးသတ်မှုမျိုးဟာ လုံးဝအဆုံး မသတ်ဟာ ထက်စာရင် ကောင်းသေးတယ်'ဆိုတဲ့ မစ္စက်ဖန်ဒန်းရဲ့ လက်သုံးစကားဟာ အခုဆို ကိုယ်တို့အားလုံးကို သူရဲဘောကြောင်အောင် လုပ်နေဟာပဲ။ မစ္စက်ဖန်ဒန်းဟာ ဒီမနက်ဆိုရင် ကြောက်လွန်းလို့ တုန်နေပြီး ငိုတောင် ငိုတယ်။ ရက်သတ္တတစ်ပတ် လုံးလုံး ရန်ဖြစ်ထားခဲ့တဲ့ သူ့ယောကျ်ားက သူ့ကို ချော့မော့နှစ်သိမ့်နေတုန်း မစ္စက် ဖန်ဒန်းရဲ့ မျက်နှာကိုကြည့်ရတာ ကိုယ့်အတွက်တော့ စိတ်ကူးယဉ်စရာလိုပဲ။

ကြောင်မွေးရတာ အကျိုးလည်းမရှိဘူး၊ အကျိုးလည်းရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကိုယ်တို့ ကြောင်မိရှိက သာခကျေပြနေတယ်။ တစ်အိမ်လုံးမှ
ကြောင်သန်း တွေကိုပွလို့။ မစွတာ ကုဖစ်က ချောင်တိုင်း၊ ထောင့်တိုင်းကို
ဆေးမှုန့်တွေဖြူးပေမယ့် ကြောင်သန်းကတော့ မဖြုန်ပါဘူး။ အားလုံးရေ
လက်မောင်းတွေ၊ ခြေထောက်တွေ၊ အို နေရာအနှံ့အပြားမှာ ကြောင်သန်
ကိုက်တာ ခံနေကြရတယ်။ ဒါကြောင့် ကိုယ်တို့ဟာ အားကစာ
လေ့ကျင့်ခန်းတွေ လုပ်ပေးရတယ်။ ဒါပေမယ့် အားကစားလေ့ကျင့်ခန်
မလုပ်တာကြာတော့ ခေါင်းကိုတောင် ဖြောင့်ဖြောင့်တန်းတန်း မလှည
နိုင်ကြဘူး။

မင်းရဲ့ အင်နာ

* * *

ဗုဒ္ဓဟူ
ဩဂုတ် ၄၊ ၁၉၄၃

ချစ်သော ကစ်တီ

အခု ကိုယ်တို့ဟာ လျှို့ဝှက်ခန်းဆောင်မှာ ရောက်နေတာ
တစ်နှစ်ကျော် သွားပြီဆိုတော့ ကိုယ်တို့နေရထိုင်ရတဲ့ ဘဝတချို့ကို
မင်းသိပြီးပြီနော်။ ဒါပေမယ့် တချို့ကတော့ ဖော်ပြစရာတောင်မကောင်
ဘူး။ သာမန်အချိန်၊ သာမန်လူတွေ နေရထိုင်ရတာနဲ့ အင်မတန် ခြားနာ
ဟာမို့ ပြောစရာတွေကို အများကြီးပဲ။ ဒါပေမယ့် ကိုယ်တို့ရဲ့ဘဝ
အတွေ့တွေကို မင်း ပိုနီးကပ်အောင်သိဖို့အတွက် သာမန်နေ့တစ်နေ့
အကြောင်းကို ထပ်ပြီးရေးပြဦးမယ်။

ကနေ့ညနေနဲ့ ညက ကိုယ်စပြောမယ်။

ည ၉ နာရီ။ ။ 'လျှို့ဝှက်ခန်းဆောင်' မှာ အိပ်ရာဝင်ချိန်ပေါ့။ ဒီလို
အိပ်ရာ ဝင်ချိန်ဆိုတော့ အလုပ်ကြီး [illegible] ကျယ် စကြရတယ်။ ကုလားထိုင်
တွေကိုရွှေ့၊ နံ့ရံကပ်အိပ် [illegible] တွေကို [illegible] စောင်တွေကို ဖြန့်၊ နေ့ခင်းဘက်
က အရာတွေ့ တစ်ခုမှမကျန်စေရဘူး။ ကိုယ်က အလျားတစ်မီတာခွဲထက်





ပိုမရှည်တဲ့ နံ့ရံကပ် ခုံတန်းရှည်လေးမှာ အိပ်တယ်။ ဒါကြောင့်
ကုလားထိုင်နဲ့ ဆက်ရတယ်။ နေ့ခင်း ဘက်ဆို ဒူဆဲရဲ့ အိပ်ရာမှာသွားမှ
ထားရတဲ့ အခင်းတွေ၊ စောင်တွေ၊ ခေါင်းဦးတွေကို ပြန်ယူရတယ်။
တစ်ဖက်ခန်းက ကြောက်စရာအသံကိုလဲ ကြားရတယ်။ ဒီအသံက တခြား
မဟုတ်ဘူး။ မားဂေ့ရဲ့ ခေါက်ခုတင်ကို ဆွဲထုတ်တဲ့အသံ။ အပေါ်ထပ်က
အသံကလဲ မိုးကြိုးပစ်သံလိုပဲ ပြင်းထန်တယ်။ မစ္စက်ဖန်ဒန်း ခုတင်က
မြည်သံလေ။ သူ့ခုတင်ကို ပြတင်းဘက်ဆွဲပြီး ရွှေ့ရတယ်။ ဒါမှ ပန်းရောင်
ညဝတ်အင်္ကျီ ဆင်မြန်းထားတဲ့ ထိပ်ခေါင်တင် ဘုရင်မကြီးရဲ့ ရွှေနှာခေါင်း
တော်က လေကောင်းလေသန့်ကို ရတော်မူမှာကိုး။

ပီတာ့အလှည့်ပြီးတော့ ကိုယ်လက်ဆေးကြောသုတ်သင်တဲ့ အခန်း
ကလေးထဲကို ကိုယ်ဝင်တယ်။ ကိုယ်ကို ဆေးကြောသုတ်သင်တယ်။
တစ်ခါတစ်ရံ (ပူတဲ့အပတ်၊ ပူတဲ့လတွေ)မှာဆိုရင် ရေပေါ်မှာ ကြောင်သန်း
လေးတွေ ပေါလောပေါ်နေတတ်တယ်။ နောက်ပြီးတော့ သွားတိုက်၊
ဆံပင်ကောက်၊ လက်သည်းဆိုး၊ ပြီးမှ တစ်ခါ ကိုယ့်ခြေအိပ်ခင်းတွေကို
(အမွေးတုံးအောင်) ဟိုဒရိုဂျင် ပါရိုဇိုက် အရည်ထဲမှာနှစ်၊ အဲ့ဒီအလုပ်
အားလုံးကို နာရီဝက်အတွင်း အပြီးလုပ်တာပဲ။

၉ နာရီခွဲ။ ။ အဝတ်မြန်မြန်လဲ၊ လက်တစ်ဖက်က ဆပ်ပြာ
ကိုင်၊ တခြား တစ်ဖက်က ဆံညှပ်၊ ဆံပင်ကောက်၊ ဆံပင်ညှပ်စတဲ့
ပစ္စည်းတွေကိုကိုင်ပြီး ရေချိုးခန်းက မြန်မြန်ထွက်တာပဲ။ ဒါပေမယ့်
ဘယ်တော့မဆို ကိုယ့်ကို နောက်တစ်ခါ ထပ်ထပ်ခေါ်ကာခံရတယ်။
ဘာဖြစ်လို့လဲဆိုတော့ ဆံပင်မွှေးတွေဟာ အမြဲတမ်း လက်ဆေးခွက်မှာ
တင်ကျန်နေပြီး ဒီလိုဆံပင်မွှေးတွေ ကျန်နေတာကိုလဲ နောက်လူက
ဘယ်တော့မှ ယူမပစ်ချင်လို့ပေါ့။

၁၀ နာရီ။ ။ မီးတွေမှိတ်ပြီ။ ကောင်းသောညပဲ။ အနည်းဆုံး
၁၅ မိနစ်လောက်တော့ ခုတင်တွေက တမြည်မြည်နဲ့။ ကြိုးပျဲနေတဲ့
စပရင်တွေက တကျွိကျွိနဲ့။ ပြီးတော့ အားလုံးငြိမ်သွားတာပဲ။ အကယ်လို့

www.burmeseclassic.com



အပေါ်ထပ်က ကိုယ်တို့အိမ်နီးချင်းတွေက အိပ်ရာထဲမှာ ရန်မဖြစ်ရင် ပေါ့လေ။

၁၁ နာရီခွဲ။ ။ ရေချိုးခန်းတံခါးမြည်ပြီး အခန်းထဲကို အလင်းရောင်တန်းကလေး ဝင်နေတယ်။ ဖိနပ်သံတွေနဲ့အတူ ယောကျ်ားဝတ်အင်္ကျီထက်ကြီးတဲ့ ကုတ်အင်္ကျီကြီးကိုဝတ်ပြီး မစ္စတာဒူဆဲဟာ ကရာလာ ရုံးခန်းထဲမှာ အလုပ်လုပ်နေရာ က ပြန်လာတယ်။ ကြမ်းပြင်ကို ၁၀မိနစ်လောက် တရှဲရှဲ ရှပ်တိုက်၊ စက္ကူတွေကို တဂျွတ်ဂျွတ်ဆုတ် (စွန့်ပစ်ရမယ့် အစာတွေလေ။) ပြီးတော့ အိပ်ရာခင်းတာပဲ။ ဒီနောက် သူဟာပျောက်သွားပြီး အိမ်သာဘက်က မသင်္ကာစရာအသံတွေကို တစ်ခါတစ်ရံ ကြားရတာပဲ။

၃ နာရီ။ ။ ကိုယ့်ခုတင်အောက်က သတ္တုအိုးထဲမှာ အလုပ်လုပ်စရာရှိတာနဲ့ ကိုယ်ခဏထရတယ်။ ယိုထွက် ပေါက်ထွက်ကုန်ရင် ကိစ္စများမှာစိုးလို့။ ဒီအိုးကို ရော်ဘာပြားပေါ် တင်ထားရတယ်။ အိုးထဲကို ကျသံဟာ တောင်ပေါ်ကချောင်း ရေကျသလိုနေတာမို့ ဒီအလုပ်လုပ်တိုင်း အမြဲတမ်း ကိုယ့်အသက် အောင့်ထားရတယ်။

ဒီနောက် အိုးကိုနေရာတကျပြန်ထားပြီး 'ညှံ့လိုက်တဲ့ ညဝတ်အင်္ကျီ' ရယ်လို့ မာဂေါ့က ညနေတိုင်းညည်းတွားရတဲ့ ညဝတ်အင်္ကျီကို ဝတ်ထားတဲ့ အဲဒီ သဏ္ဍာန်တစ်ခုဟာ အသာသူ့အိပ်ရာထဲ သူဝင်သွားတာပဲ။

နောက် တစ်စုံတစ်ယောက်ဟာ အိပ်ရာထဲမှာ ၁၅မိနစ်လောက် မှေးနေရင်း ညရဲ့အသံတွေကို နားထောင်ရတယ်။ ပထမအချက်က အောက်ထပ်မှာ သူခိုးဝင် မဝင်၊ နောက်ပြီး တခြား အိပ်ရာတွေ၊ အပေါ်ထပ်အနားက တံခါးနဲ့ ကိုယ့်အခန်းထဲကိုများ သူခိုးဝင် မဝင်၊ တစ်အိမ်လုံး အိပ်မောကျနေကြရင် ကိုယ့်အခန်းကနေပြီး တစ်စုံ တစ်ယောက်ဟာ ထွက်သွားနိုင်တယ်။

နောက်တစ်ခုကတော့ စိတ်ပျက်စရာအတိပဲ။ အထူးသဖြင့် ဒူဆဲ





အမည်ရှိ အိမ်သားတစ်ယောက်နဲ့ ပတ်သက်လာရင်ပေါ့။ ပထမအချက် ငါးတစ်ကောင် အငန်းမရ အသက်ရှူသံလို အသံကို ကိုယ်ကြားရတယ်။ ကိုးကြိမ်က ၁၀ ကြိမ်လောက်အထိ ထပ်ခါတလဲလဲနဲ့။ နောက်တော့ ခုတင်ပေါ်မှာ လူးလှိမ့်သံ၊ သွားကြိတ်သံ၊ ခုတင်ပေါ်မှာ ခေါက်ထိုး ပြောင်းပြန်ဖြစ်သံတွေ ဆက်တိုက်ပေါ်လာတာပဲ။

ငါးမိနစ်လောက် ကောင်းကောင်းကြီး ငြိမ်သွားပြီးတော့ နောက်ထပ်အလား တူအဖြစ်မျိုး သုံးကြိမ်လောက် ဖြစ်ပြန်ရော။ ဆရာဝန် အိပ်မပျော်မချင်းပေါ့လေ။ မနက် ၁ နာရီနဲ့ ၄ နာရီအကြားလောက်မှာ ပစ်သံခတ်သံတွေကို ကြားရတတ်သေးတယ်။ တစ်ခါတလေ အကျင့်ဖြစ်နေတော့ အိပ်ရာဘေးမှာ ထရပ်နေမိပြီးမှ ဒီပစ်သံခတ်သံတွေကို သေသေချာချာ ကွဲကွဲပြားပြား သိလာတယ်။ တစ်ခါတစ်ရံ တော့လည်း ကိုယ်ဟာ ပြင်သစ်ဘာသာက ကိရိယာတွေ၊ အပေါ်ထပ်က ရန်ဖြစ်တာတွေကို အိပ်မက်မက်တယ်။ ပစ်သံခတ်သံတွေကို ကြားတာနဲ့တစ်ပြိုင်နက် ကိုယ်တော့ ခေါင်းအုံးလေးကိုပိုက်ပြီး ဖေဖေ့ဆီကို အသာလျှိုထွက်လာတော့တာပဲ။

ဖေဖေ့ခုတင်ပေါ်ရောက်ရင် အကြောက်ပြေရော။ ပစ်သံခတ်သံတွေက သိပ်မဆိုးလာဘူးဆိုရင်ပေါ့လေ။

၆ နာရီ ၄၅ မိနစ်။ ။ နာရီက အချက်ပေးသံဟာ တစ်နေ့လုံး အချိန် မရွေး ပေါ်လာတတ်တယ်။ (တချို့က ဒီအချိန်၊ တချို့က ဟိုအချိန်) မြည်တာ နဲ့တစ်ပြိုင်နက် မစ္စက်ဖန်ဒန်းက ပိတ်လိုက်တာပဲ။ မစ္စတာဖန်ဒန်း လည်းနိုးပြီး ရေချိုးခန်းကို အရှိန်ပြင်းပြင်းနဲ့ ထွက်သွားတာပဲ။

၇ နာရီ ၁၅ မိနစ်။ ။ တံခါးမြည်သံတွေ ထွက်လာပြန်ပြီ။ ဒူဆဲ တစ်ယောက် ရေချိုးခန်းကို ဝင်နိုင်ပြီ။ ကဲ ဒါနဲ့ပဲ 'လျှို့ဝှက်ခန်းဆောင်' ရဲ့ နေ့သစ်ဟာ စတင်ပါပြီ။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေး
ဩဂုတ် ၅၊ ၁၉၄၃

ချစ်သော ကစ်တီ

ဒီနေ့ ကိုယ် နေ့လယ်စာ စားချိန်အကြောင်းပြောမယ်။

၁၂ နာရီခွဲ။ ။ လူအားလုံး စုရုံးကြပြီ။ ကုန်လှောင်ရုံစောင့် ကောင်လေးက ဒီအချိန်ဆို အိမ်ပြန်သွားပြီဆိုတော့ မစ္စက်ဖန်ဒန်းရဲ့ တစ်ခုတည်းသော၊ လှပသော ကော်ဇောပေါ်က ဖုန်စုတ်စက်သံကို ကြားရပြီ။ မားဂေါ့ကတော့ ဒတ်ချ်သင်ခန်းစာတက်ဖို့ စာအုပ်ချိုင်းကြားညှပ် ထွက်သွားတယ်။ ဖေဖေကဆို သူ့အကြိုက်ဆုံး ဒစ်ကင်းရဲ့စာအုပ်ကိုင်ပြီး တစ်နေရာရာ၊ တချောင်ချောင်မှာ အေးငြိမ်းမှုကို ရှာနေလေရဲ့။ မေမေက အပေါ်ထပ်က ဝီရိယကောင်းတဲ့ အိမ်ရှင်မကို သွားကူပြီး ကိုယ်ကတော့ ရေချိုးခန်း ဝင်တာပဲ။

၁၂ နာရီ ၄၅မိနစ်။ ။ လူတွေတဖွဲဖွဲ ရောက်လာကြရော။ ပထမ မစ္စတာဗန်ဆန်တင်၊ နောက် ကူဖစ်၊ သို့မဟုတ် ကရာဂါ၊ အဲလီနဲ့ တစ်ခါတလေ မီယက်တို့ပေါ့။

၁ နာရီ။ ။ ရေဒီယို အသေးလေးနား ဝိုင်းထိုင်ပြီး ဘီဘီစီကို နားထောင်တာပဲ။ အဲဒီအချိန်ဟာ 'လျှို့ဝှက်ခန်းဆောင်'က အဖွဲ့ဝင်တွေ တစ်ဦး ကိုတစ်ဦး အနှောင့်အယှက်မပေးတဲ့အချိန်ဘဲ။

၁ နာရီ ၁၅မိနစ်။ ။ ဝေစုတွေ ခွဲကြပြီ။ အယုတ်အလတ် အမြတ်မရွေး ဟင်းချိုတစ်ပန်းကန်စီရကြတယ်။ ပူတင်းလည်းရတယ်။ မစ္စတာ ဗန်ဆန်တင်ဟာဆိုရင် စာရေးစားပွဲကို မှီထိုင်ရင်း ဝမ်းသာနေတာပဲ။ သူ့နားမှာ သတင်းစာရယ်၊ ကြောင်ရယ်၊ လက်ဖက်ရည်ခွက်ရယ် ဝိုင်းနေတတ်တယ်။ အဲဒီသုံးမျိုးထဲက တစ်မျိုးမျိုးပဲ့နေရင် သူကလောင်တော့တာပဲ။ ကူဖစ်က မြို့ထဲက နောက်ဆုံး သတင်းတွေကို ပြောတယ်။ သူဟာ တကယ်လည်း သတင်းရတဲ့လူပါပဲ။ ကရာဂါ ကတော့ လက်ဖဝါးနှစ်ဖက်ကို ပွတ်ကာသပ်ကာနဲ့ အပေါ်ထပ်တက်သွားရော။ သူ့ဟန်ပန်ကို





[illegible]ကြည့်ရင် သူစိတ်ကောင်း ဝင်နေသလား။ စကားဖောင်နေပြီလား။ ဒါမှမဟုတ် စိတ်ဆိုးနေပြီလား၊ ငြိမ်နေပြီလားဆိုတာ သိနိုင်တယ်။

၁နာရီ ၄၅ မိနစ်။ ။ စားပွဲက လူတိုင်းထပြီး ကိုယ့်အလုပ်ရှိရာ ကိုယ်သွားကြတယ်။ မားဂေါ့နဲ့ မေမေက ဆေးကြော၊ မစ္စတာဖန်ဒန်းတို့ လင်မယားက သူတို့အခန်း၊ ပီတာက အထက်ထပ်၊ ဖေဖေက အောက် ထပ်အခန်း၊ ဒူဆဲက သူ့အိပ်ရာ၊ အင်နာကတော့ သူ့အလုပ်ခွင်ပေါ့လေ။ ဒီနောက် အတိတ်ဆိတ်ဆုံး အချိန်ကို ရောက်လာတာပဲ။ လူတိုင်းအိပ်ကြပြီကိုး။

ဒူဆဲကဆို ကောင်းပေ့ဆိုတဲ့ အစားအသောက်တွေကို အိပ်မက်မက်နေ တတ်တယ် ထင်ရတယ်။ သူ့မျက်နှာကြည့်ရတာ ဒီအတိုင်းပဲ။ ဒါပေမယ့် ကြာရှည် ကြည့်မနေနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အချိန်က အကုန်မြန်ပြီး လေးနာရီထိုးတာနဲ့ တစ်ပြိုင်နက် အချိန်မှန်လှတဲ့ ဆရာဝန်ဟာ အိပ်ရာက ကျုံးဝါးထပြီး နာရီကို လက်မှာကိုင်ထားတာပဲ။ ဘာကြောင့်လဲ သိလား။ သူ့အတွက် စားပွဲက ဖယ်ပေးဖို့ ကိုယ်ဟာ တစ်မိနစ် နောက်ကျသွားတာကိုး။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ
ဩဂုတ် ၉၊ ၁၉၄၃

ချစ်သော ကစ်တီ

'လျှို့ဝှက်ခန်းဆောင်'ရဲ့ နေ့စဉ် အချိန်ဇယားကို ကိုယ်ဆက်ပြောဦးမယ်။ အခု ညစာ စားပုံကို ကိုယ်ဖော်ပြမယ်။

မစ္စတာ ဖန်ဒန်းက စရမယ်။ သူက အမြဲတမ်း ဟင်းခွက်စနိုက်ပြီး သူကြိုက်တာမှန်သမျှ အကုန်ယူတာပဲ။ နောက်ပြီး တစ်ချိန်တည်းမှာ စကားလည်း ပြော၊ သူပြောတာ နားထောင်မှသာ တန်ဖိုးရှိတဲ့အတိုင်း သူ့ထင်မြင်ချက်တွေ လျှောက်ပြော၊ ဒါနဲ့ မဆုံးတော့ဘူး။ တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကများ မေးခွန်းထုတ်ရဲတယ်ဆိုရင် သူဟာ စကားကို ဆက်
မပြီးပြန်ဘူး။ ကိုယ်ကတော့ ဘယ်တော့မှ သူနဲ့ဖက်ပြိုး မငြင်းဘ
မင်းလည်း တစ်ခါပြောပြီးရင် သူနဲ့ နောက်ဘယ်တော့မှ ပြောဖို့ကြိုး
တော့မှာ မဟုတ်ဘူးဆိုတာ ကိုယ်သိတယ်။ သူသာလျှင် အကြံကော
ဉာဏ်ကောင်းရှိတယ်။ သူသာလျှင် အရာရာကိုသိတယ်။ ကောင်းပါ
သူ့မှာ ဦးနှောက်ရှိတယ်ဆိုပါတော့။ ဒါပေမယ့် ဒီလူကြီးမှာ 'ကိုယ့်ကို
ကို ကျေနပ်စိတ်'က အထွတ်အထိတ် ရောက်နေတယ်လို့ ကိုယ်ထင်တယ

ဒေါ်ဖြန်ဒန်း။ ။ သူနဲ့ပတ်သက်လို့တော့ ကိုယ်က ရေငုံနှု
ပိတ်ဆဲ။ သူ စိတ်ဆိုးနေပြီဆိုရင် သူ့မျက်နှာကို ကြည့်ရက်စရာတော
မရှိဘူး။ အနီးကပ် လေ့လာတော့ သူဟာ ငြင်းကြ ခုန်ကြရတဲ့ အကြော
ရင်းတွေရဲ့ တရားခံပဲဆိုတာ တွေ့ရတယ်။ လူတိုင်းက သူပြဿနာ
မသိချင်ဟန်ဆောင်ဖို့ ကြိုးစားတယ်။ တချို့ကတော့လည်း သူ့
'မီးလောင်လေပင့်'လို့ ခေါ်ကြတယ်။ ပြဿနာတွေ ပေါ်တော့လည်
ရယ်စရာပဲ။ မစ္စက်ဖရင့်က အင်နာကို ဆန့်ကျင်ပြီး မားဂရေ့က ဖေဖေ
မတည့်ဆိုတော့ ဘယ်အေးချမ်းပါ့မလဲ။

စားတဲ့ သောက်တဲ့အခါကျတော့ မစ္စက်ဖန်ဒန်းက အသေးဆုံ
အာလူးတွေကို ပါးစပ်အပြည့် ပလုပ်ပလောင်းထည့်၊ ကောင်းမွေ့ဆိုတ
တွေကို ပန်းကန်ထဲမှာ ထားရတာ သူ့စနစ်ပဲ။ ပြီးတော့မှ တခြားလူတွေက
ကိုယ့်အလှည့်ကျ ဟင်းထည့်ကြပေါ့လေ။ နောက်ပြီး သူက စကားပြော
ဘယ်သူ စိတ်ဝင်စားတယ်၊ ဘယ်သူ နားထောင်တယ်ဆိုတာ အရေးမကြ
ဘူး။ 'မစ္စက်ဖန်ဒန်း ပြောတာဆို လူတိုင်း စိတ်ဝင်စား ရတယ်' လို့မျ
ထင်နေသလားမသိဘူး။ မြူတဲ့အပြုံးမျိုးပြုံး၊ အရာရာကို သိပါတယ်ဆိုတ
မျက်နှာပေးနဲ့ လူတိုင်းကို အားပေးတယ်။ အကြံပေးတယ်။ ခဏတော
အထင်ကြီးစရာပဲ။ ရေရှည်နားထောင်လေ အကောင်းဟူသမျှ ပပျောက်
သွားလေပေါ့။

တစ်-သူဟာ ဝီရိယရှိတယ်။ နှစ်၊ သူဟာ ရွှင်ရွှင်ပျပျရှိတယ





သုံး၊ မြူတယ်။ တစ်ခါတစ်ရံ လှတယ်။ အဲ သူကတော့ မီထရှိနယ်လာ ဖန်ဒန်းပါတဲ့ရှင်။

တတိယမြောက် စားဖော်သောက်ဖက်။ ။သူ့ဆီကတော့ စကားသံ သိပ်မကြားရဘူး။ မစ္စတာဖန်ဒန်း အငယ်စားက အမြဲတမ်း ခပ်အေးအေး နေလေ့ရှိပြီး သူ့ကိုယ်သူလည်း သိပ်မဖိမထားဘူး။ စားတဲ့ သောက်တဲ့ ဝမ်းဗိုက်ကတော့ ဘယ်တော့မှမပြည့်တဲ့ အညာဆန် လေဝမ်း ခေါင်းအတိုင်းပဲ။ အစားကို အလောသုံးဆယ်စားပြီပလားဆိုရင် နောက်ထပ် နှစ်ဆ ထပ်စားနိုင်သေးတယ်လို့ ခပ်တည်တည် ကြေညာတတ်သေးတယ်။

နံပါတ် ၄၊ မားဂရေ့။ ။ကြွက်မလေးလိုစားပြီး လုံးလုံး စကား မပြောဘူး။ သစ်သီးနဲ့ ဟင်းရွက်ဘဲစားတယ်။ ဒါကြောင့် ပိန်တာလို့ ဖန်ဒန်းတို့က ဆုံးဖြတ်တယ်။ ကိုယ်တို့ကတော့ လေကောင်းလေသန့် မရလို့၊ မကစားရလို့ ထင်တယ်။

သူ့အပြင် မေမေ။ ။စားလည်းစား၊ စကားလည်း ကြွယ်ပေါ့။ မစ္စက် ဖန်ဒန်းလို အိမ်ရှင်မပါကလားလို့ ဘယ်သူကမှ အထင်မခံရဘူး။ မစ္စက် ဖန်ဒန်းက ချက်ပြုတ်ပြီး မေမေက ဆေးကြောတိုက်ချွတ်တာကိုး။

နံပါတ် ၆ နဲ့ ၇။ ။ဖေဖေနဲ့ ကိုယ့်အကြောင်းတော့ သိပ်မပြောတော့ဘူး။ ဖေဖေဟာ စားပွဲတစ်ခုလုံးမှာ အကဲခတ်ရ အခက် ဆုံးပဲ။ သူ့အတွက်ဆိုရင် ဘာမှမလိုသလိုဘဲ။ အကောင်းဆုံး စံပြ တစ်ယောက်ပဲ။ သူ့နားမှာတော့ 'လျို့ဝှက် ခန်းဆောင်ရဲ့ အာရုံကြောများ စုစည်းထားသူ' ပေါ့။

ဒေါက်တာဒူဆဲ။ ။သူ့ဖို့ပဲ သူသိတယ်။ တခြားသူအတွက် မကြည့်။ အစားကို တွင်တွင်စား၊ စကား ဘယ်တော့မှမပြော။ တကယ်လို့ သူပြောရင်လည်း အစားအသောက်အကြောင်းကလွဲလို့ မပါဘူး။ အစား အသောက်က ကောင်းတယ်လို့ ဘယ်တော့မှ မပြောဘူး။ မကောင်း ဘူးလို့တော့ ခဏခဏပြောတယ်။ ကုတ် အကျီအနီ၊ ခြေသုပ်ဖိနပ် အနက်၊ ကော်ကိုင်းတပ် မျက်မှန်တပ်ပြီး စားပွဲမှာ တကုန်းကုန်း အလုပ် လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာချည်းပဲ။ သူ့အကြိုက်ဆုံးအလုပ်ဖြစ်တဲ့ စားစရာ့ဂိုရင်ရို၊ အိပ်ချင်ရင်အိပ်၊ သူအသွားဆုံးနေရာဖြစ်တဲ့ အိမ်သာတက်ရင်တက်၊ တခြားအချိန်မှာတော့ စားပွဲမှာချည်းပဲ။ အိမ်သာတက်တာကတော့ တရားလွန်တယ်။ တစ်နေ့ကို သုံးလေးကြိမ်တက်ပြီး တစ်ခါတစ်ခါတက်လည်း မပြီးနိုင်ဘူး။ သွားချင်တဲ့လူက ပိန်လိန်ပြီး အောင့်အီးစောင့်ပေတော့။ မအောင့်နိုင်လို့ တံခါးခေါက်လည်း သူက အသွားမပျက်ဘူး။ ၇ နာရီ ၁၅ မိနစ်က ၇ နာရီခွဲအထိ၊ ၁၂ နာရီခွဲက ၁ နာရီအထိ၊ ၂ နာရီက ၂ နာရီ ၁၅ မိနစ်အထိ၊ ၄ နာရီက ၄ နာရီ ၁၅ မိနစ်အထိ။ အဲဒီအချိန်တွေကို သေသေချာချာ မှတ်ထားလို့ရတယ်။ အဲဒီအချိန်တွေဟာ မှန်မှန် 'ထိုင်ချိန်'တွေပဲ။ တံခါးနားက တစ်စုံတစ်ယောက်လာပြီး မအောင့်အီးနိုင်လို့ ဘယ်လိုအသံပေးပေး သူကတော့ မဖွင့်သေး။

နံပါတ် ၉ ကတော့ 'လျှို့ဝှက်ခန်းဆောင်' မိသားစုဝင် မဟုတ်ဘူး။ အိမ်အကူဖော်၊ စားပွဲအဖော်ပေါ့။ သူက အဲလီလေ။ စားတဲ့နေရာမှာ ပန်းကန်ပြောင်အောင် စားတယ်။ ချေးလည်းမများဘူး။ လူတိုင်းကိုလည်း ချစ်ခင်အောင်နေတတ်တယ်။ ပျော်တတ်တယ်။ စိတ်ကောင်းရှိတယ်။ သဘောသကာယ ကောင်းတယ်။ အဲဒါ သူ့အသွင်လက္ခဏာတွေပါပဲ။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ

ဩဂုတ် ၁၀၊ ၁၉၄၃

ချစ်သော ကစ်တီ

အကြံသစ်ရပြီ။ ထမင်းစားချိန်မှာ ကိုယ်ဟာ တခြားလူတွေထက် ကိုယ့်ကိုယ်ကိုလောက်ပဲ စကားပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကြောင်းနှစ်ရပ် ရှိလို့ပါပဲ။

ပထမအကြောင်းက တစ်ချိန်လုံး ကိုယ် စကားမများရင် အားလုံးက ဝမ်းသာကြပြီး ဒုတိယအကြောင်းကတော့ တခြားလူတွေရဲ့ အကြံဉာဏ် ရှုပ်ရှုပ် ထွေးထွေးတွေကို ကိုယ် မလိုချင်လို့ဘဲ။ ကိုယ့်အကြံဉာဏ်တွေဟာ တခြားလူတွေ ရဲ့ အကြံဉာဏ်တွေလို တိမ်တာမျိုးမဟုတ်တဲ့အတူတူ ကိုယ့်ဘာသာပဲ အေးအေးနေတာ ပိုကောင်းတယ်ထင်တယ်။ ကိုယ်မစားချင်တဲ့ အစားအစာပါလည်း ဒီအတိုင်း ပဲ အရသာရှိဟန်ဆောင်နေလိုက်တယ်။

မနက်ဘက် အိပ်ရာက ကိုယ်ထရင် ထ ထချင်း စိတ်မကြည်သာဘူး။ ပြတင်းပေါက်ကိုပြေး၊ လေကောင်းလေသန့်ရှူ၊ အိပ်ရာကို ကမန်းကတန်း သိမ်းလိုက်ရတယ်။ မေမေက ဒါကို ဘယ်လိုခေါ်တယ် မှတ်သလဲ။ 'အသက်ရှင်နေထိုင်နည်း'တဲ့။ ဘယ်လောက်ရှေးဆန်သလဲ။

ပြီးခဲ့တဲ့အပတ်ကတော့ ကိုယ်တို့အားလုံး အချိန်သိဖို့အတွက် စိတ်စောနေ ကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့ရဲ့ ချစ်လှစွာသော ဝက်စတာတိုရင် နာရီကြီးက ခေါင်းလောင်းကို စစ်ရေးအတွက် ဖြုတ်ယူသွားကြလို့ နေ့ရောညပါ ကိုယ်တို့ဟာ တိကျတဲ့အချိန်ကိုမသိနိုင်တော့ဘူး။

ကိုယ်ဟာ အပေါ်ထပ်မှာနေနေ၊ အောက်ထပ်မှာပဲနေနေ ဘယ်မှာပဲဖြစ်ဖြစ် ကိုယ့်ခြေအစုံဟာ (ခုကာလမျိုးမှာ)အကောင်းဆုံးဆိုနိုင်တဲ့ ဖိနပ်ကလေးနဲ့ နေနေရတယ်။ မိယက်က သုံးပြီးသား ဒီဖိနပ်တစ်ပတ်ရစ်ကို ၂၇ ဖလော်ရင်ခွဲပေးပြီး ဝယ်ခဲ့တယ်။ အရောင်က ပယင်းရောင်၊ သားရေပျော့နဲ့ ခုံမြင့်မြင့်လေးပေါ့။ ကိုယ့် နဂိုအရပ်ထက်တောင် မြင့်သွားသလား ထင်ရတယ်။

ဒူဆဲက ကိုယ်တို့အသက်ကို သွယ်ဝိုက်ပြီး အန္တရာယ်ပေးနေတယ်။ မူဆိုလီနီနဲ့ ဟစ်တလာကို ဆဲထားလို့ ပိတ်ပင်ထားတဲ့ စာအုပ်တစ်အုပ်ကို သူက မိယက်ကို မရမကရှာနိုင်းတယ်။ မိယက်ဟာ လမ်းမှာ ဂျာမန်စစ်ပုလိပ်ကားတွေနဲ့ တည့်တည့်ကြီး တိုးတော့မလို့။ တကယ်လို့သာ မိယက်ပါသွားရင် ဘယ်လိုဖြစ်မယ်ဆိုတာ မတွေးရဲလောက်အောင်ဘဲ ဖြစ်ရတယ်။

မင်းရဲ့ အင်နာ။

* * *







www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူး
ဩဂုတ် ၂၇၊ ၁၉၄၃

ချစ်သော ကစ်တီ

အခု စာတို ပေစလေးအတွက် ခေါင်းစဉ်ကိုတော့ 'တစ်နေ့တာအတွက် အများလုပ်ငန်း၊ အာလူးအခွံခွာခြင်း' လို့ ပေးလိုက်မယ်။

တစ်ယောက်က သတင်းစာတွေကိုယူ၊ တခြားတစ်ယောက်က မောင်းချ ဓားတွေကိုယူ၊ နောက်တတိယတစ်ယောက်နဲ့ စတုတ္ထတစ်ယောက်ကတော့ ရေတစ်ပုံးသယ်လို့ပေါ့။

မစ္စတာ ဒူဆဲကစပြီး အခွံခွာတယ်။ ကောင်းကောင်းခွာတတ်တာလည်း မဟုတ်ဘူး။ ဘယ်ညာကြည့်လိုက်၊ သူခွာချင်သလို ခွာလိုက်နဲ့ပေါ့လေ။ ဒီလို လုပ်နေပေမယ့် ကောင်းကောင်းလုပ်တာ မဟုတ်သေးဘူး။ 'အင်နာ ဒီမှာကြည့်စမ်း၊ မောင်းချဓားကို ငါ့လက်ထဲမှာ ဒီလိုကိုင်လိုက်တယ်။ နောက်ပြီး အပေါ်ကနေ အောက်ကို ဟောဒီလိုခွာချ၊ ဟိုလိုမဟုတ်ဘူး။ ဒီလို'

'ကျွန်မ ဒီအတိုင်းလုပ်တာ သဘောကျတယ် မစ္စတာဒူဆဲ' လို့ ကိုယ်က ချက်ချင်းပဲ ပြန်မှတ်ချက်ချလိုက်တယ်။

သူကတော့ သူ့နည်းသာ အကောင်းဆုံးဖြစ်ကြောင်းပြောပြီး ဆက်ပြတာပေါ့လေ။ ကိုယ်ကလည်း ကိုယ့်နည်းနဲ့ ကိုယ်ခွာတာပဲ။ နောက်ပြီး သူ့ဆီကိုမသိမသာ စောင်းကြည့်လိုက်မိတယ်။ သူဟာ လေးလေးပင်ပင် ခေါင်းခါနေတာပဲ။ (ကိုယ့်ကိုခါတယ်လို့ထင်တယ်။) ဒါပေမယ့် ဘာမှတော့ မပြောတော့ဘူး။

ဖေဖေထိုင်နေတဲ့ဆီကို ကိုယ်လှမ်းကြည့်လိုက်တယ်။ သူ့အတွက်ကတော့ အာလူးအခွံခွာတယ်ဆိုတဲ့ အလုပ်ဟာ သာမန်အလုပ်မဟုတ်ဘူး။ အင်မတန် တိကျ သေချာတဲ့ အလုပ်ပဲ။ အာလူးပဲခွာခွာ၊ ပဲဘဲအခွံသင်သင် ဖေဖေဟာ သိပ်အာရုံ စူးစိုက်တာပဲ။ နောက်ပြီး အာလူးတစ်လုံးကို သေသေချာချာခွာလို့ မပြီးမချင်း ဘယ်တော့မှ လက်ကမချဘူး။

နေရီရီစာအုပ်တိုက်



မစ္စက်ဖန်ဒန်းကတော့ ဒူဆဲက သူ့ကို အာရုံစိုက်လာအောင် လုပ်နေတာပဲလို့ ကိုယ်တွေ့ရတယ်။ ဒူဆဲဆီကိုချည်း လှမ်းလှမ်းကြည့်နေပေမယ့် ဒူဆဲကလည်း သူ့ကိုသတိထားပုံမပေါ်ဘူး။ မစ္စက်ဖန်ဒန်းက မျက်လုံးကစားတယ်။ ဒူဆဲက အလုပ်ပဲ ဆက်လုပ်တယ်။ မစ္စက်ဖန်ဒန်းက ရယ်ပေမယ့် ဒူဆဲက အာရုံမစိုက်ဘူး။ ဒီတော့ မေမေကလည်း ရယ်တာပေါ့။ မေမေကရယ်ပေမယ့်လည်း ဒူဆဲအမှတ်တမဲ့ပဲ။ ဒီတော့ မစ္စက်ဖန်ဒန်းဟာ တခြားနည်းလမ်းတစ်ခုခုကို စဉ်းစာရပြန်ရော။ ဒီတော့ ခဏနားနေပြီး သူ့ယောက်ျားကို 'မနက်ဖြန် ရှင့်အဝတ်စွန်းနေတာတွေကို လျှော်ပေးမယ်' လို့ ပြောတယ်။

'ငါ့အဝတ်တွေ မညစ်သေးပါဘူး'

နောက် တိတ်နေကြပြန်ရော။

ရှင် ဘာဖြစ်လို့ မထိုင်တာလဲ'

'ရပ်နေရတာ ပိုနေသာတယ်၊ သဘောလည်းကျတယ်' တစ်ခါ နားနေကြပြန်ရော။

'ရှင့်လုပ်တာ ပေရေကုန်ပြီ'

'ဟုတ်တယ် မအေကြီးရဲ့၊ ကျုပ်လည်း သတိထားတာပဲ'

ဒီတော့ မစ္စက်ဖန်ဒန်းက တခြား အကြောင်းအရာတစ်ခုကို ရှာရပြန်တယ်။

'အခု အင်္ဂလိပ်တွေက ဘာဖြစ်လို့ လေကြောင်းက မတိုက်ပြန်တာလဲ'

'ရာသီဥတုက ဆိုးလို့ပေါ့'

'မနေ့ကဘဲ ကောင်းပါသေးတယ်တော်၊ အဲဒီအချိန်ကစပြီး သူတို့ လေယာဉ်ပျံတွေ မလာတာပဲ'

'ဒီအကြောင်း မပြောစမ်းပါနဲ့ကွာ'

'ဘာဖြစ်လို့လဲ၊ ဟိုအကြောင်း ဒီအကြောင်း လေးတွေမှ မပြောရတော့ဘူးလား။ ထင်မြင်ချက်လည်း မပေးရတော့ဘူးလား'

နေရီရီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း'

'ဘာဖြစ်လို့လဲ'

'တိတ်တိတ်နေစမ်းပါကွာ'

'မစ္စတာ ဖရင့်သာဆိုရင် သူ့မိန်းမမေးတာကို အမြဲဖြေတယ်၊ မဟုတ်ဘူးလား'

ဒါကို မစ္စတာဖန်ဒန်းဟာ ဘယ်တော့မှ မခံနိုင်ဘူး။ ဒီတော့ မစ္စက်ဖန်ဒန်းက ဆက်ပြောပြန်ရော။

'မဟာမိတ်တွေ လာဖို့ဆိုတာကလည်း လမ်းမမြင်သေးပါဘူး'

မစ္စတာဖန်ဒန်းရဲ့ မျက်နှာဟာ ဖြူဖတ်ဖြူရော် ဖြစ်လာတယ်။ မစ္စက်ဖန်ဒန်းရဲ့ မျက်နှာကတော့နီလို့။ ဒါပေမယ့် ဆက်ကိုပြောလိုက်ရသေးတယ်လေ။

'ဗြိတိသျှတွေဟာ ဘာမှလဲမလုပ်ဘူး'

'ကဲ မင်း တိတ်တိတ်နေမလား၊ မနေဘူးလား'

မေမေကတော့ ရယ်တာကို မချုပ်တီးနိုင်ဘူး။ ကိုယ်လည်း ရှေ့တည့်တည့်ကိုပဲ ကြည့်နေလိုက်မိတယ်။

ဒါမျိုးတွေကတော့ နေ့တိုင်း ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။ နောက်ပြီးတော့လဲ သူတို့ဟာ ရင်ငှနှုတ်ပိတ်သွားကြတာပါပဲ။

ကိုယ်က အပေါ်ဆုံးအထပ်တက်ပြီး အာလူးယူတယ်။ ပီတာဟာ အဲဒီမှာ ကြောင်နဲ့ အလုပ်ရှုပ်တုန်းပေ့ါ။ ကြောင်ကို လိုက်ဖမ်းရင်း ရေတံလျှောက်ထဲ ချော်ကျလို့ ကိုယ်ဖြင့် ရယ်လိုက်ရတယ်။

မင်းရဲ့ အင်နာ။

* * *

သောကြာ

ဩဂုတ် ၂၀၊ ၁၉၄၃

ချစ်သော ကစ်တီ့

ကုန်လှောင်ရုံကလူဟာ ၅နာရီခွဲတိတိမှာ ပြန်သွားတာမို့ ကိုယ်တို့





လည်း လွတ်လပ်သွားဟာပေ့ါ။

၅နာရီခွဲ။ ။အဲလီ လာတယ်။ ကိုယ်တို့လည်း လုပ်ငန်းစကြရတယ်။ ပထမဆုံး ကိုယ်က အဲလီနဲ့အတူ အပေါ်ထပ်ကိုတက်တယ်။ ကိုယ်တို့ရဲ့ ဒုတိယ သင်ခန်းစာကို ဒီမှာသင်တာပဲ။

အဲလီမှ မထိုင်ရသေးခင် မစ္စက်ဖန်ဒန်းက သူလိုချင်တာ ဟူသမျှကို စိတ်ကူးတော့တာပဲ။ 'အို၊ အဲလီ၊ ငါလိုချင်တာ တစ်ခုပဲရှိတယ်'လို့ အစချီလိုက်ရင်ပဲ အဲလီက ကိုယ့်ကိုလှမ်းကြည့်တယ်။ အပေါ်ထပ်ကို ဘယ်သူလာလာ မစ္စက်ဖန်ဒန်းဟာ သူလိုချင်တာတွေကို မလွတ်တမ်း ပြောတော့တာပဲ။ ဒါကြောင့် လူအများက အပေါ်ထပ်ကို မလာချင်ကြတာဖြစ်မှာဘဲ။

၅နာရီ ၄၅မိနစ်။ ။အဲလီ ပြန်သွားပြီ။ ကိုယ်လည်း ဘာတွေကို ကြည့်ဖို့ အောက်ထပ်ကိုဆင်းလာတယ်။ ပထမ မီးဖိုခန်း၊ နောက် သီးသန့်ရုံးခန်း၊ နောက် ကြောင်ဝင်ပေါက်ပေ့ါလေ။ အဲဒီလို ကြည့်ရှုလို့ပြီးတဲ့ အခါကျတော့ ကိုယ်ဟာ ကရာဂါရဲ့ ရုံးခန်းထဲ ဝင်နေလိုက်တာပဲ။ ဖန်ဒန်းကတော့ စားပွဲအံဆွဲတွေ ဟိုဖွင့်၊ ဒီဖွင့်နဲ့ပေ့ါ။ ပီတာက ကုန်လှောင်ရုံသော့ကို ကိုင်လို့။ ဖေဖေက အပေါ်ထပ်မှာ လက်နှိပ်စက်ပြင်နေတယ်။ မစ္စက်ဖန်ဒန်းက ရေနွေးအိုးတည်နေတယ်။ မေမေကတော့ အာလူးဇလုံကိုကိုင်ပြီး အောက်ထပ်ကိုဆင်းလာတယ်။ လူတိုင်း လူတိုင်း ကိုယ့်အလုပ်ကိုယ်သိကြတယ်လေ။

မကြာခင် ပီတာဟာ ကုန်လှောင်ရုံကပြန်လာတယ်။ ပထမဆုံးမေးခွန်းကတော့ ပေါင်မုန့်ပဲ။ ပေါင်မုန့်ကို မီးဖိုခန်းက ကြောင်အိမ်ပေါ်မှာ အမြဲတင်တင် ထားတယ်။ ဒါပေမယ့် အဲဒီမှာမရှိဘူး။ မေ့များသွားကြသလား။ ပီတာက ရုံးခန်းကျယ်ထဲမှာ သွားရှာတတ်တယ်။ သူဟာ တံခါးရှေ့မှာ သူ့ကိုယ်သူ အရပ်ပုသထက် ပုအောင်လုပ်၊ သံမဏိသေတ္တာ ခလောက်နားကို မိကျောင်းလို တွားသွားပြီးတော့ ဒူးထောက်ပြီး ပေါင်မုန့်ကို ယူတာပဲ။ ဒီလိုနေတုန်း သူ့ကြောင်က သူ့ကိုယ်ပေါ် ခုန်တက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စာရေးစားပွဲအောက်မှာ သွားထိုင်နေတယ်။

ပီတာကလိုက်ရှာပြီး စားပွဲအောက်မှာလည်း သွားတွေ့ရော တစ်ခါတည်း ဒီတီရှစ္လာန်လေးကို အမြီးကကိုင်ဆွဲထုတ်တယ်။ ကြောင်က သူ့လက်ထဲက ရုန်းထွက်သွားပြီး ပြတင်းပေါက်နားမှာ သွားထိုင်ရင်း ပီတာ့လက်က လွတ်အောင်ပြေးနိုင်တာကို ကျေနပ်နေသလိုပဲ။ ကိုယ်လည်း ဒီသတ္တဝါနှစ်ဦးရဲ့ အဖြစ်အပျက်ကို ရယ်ကြည့်နေလိုက်မိတယ်။ နောက်တော့ ကိုယ်တို့အလုပ် ဆက်လုပ်ကြပေါ့။ ဟော၊ သုံးချက်ခေါက်သံ ကြားတယ်။ ဒါဆို ထမင်းစားချိန်ဆိုတဲ့ အဓိပ္ပာယ်ပဲ။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ

ဩဂုတ် ၂၃၊ ၁၉၄၃

ချစ်သော ကစ်တီ

'လျှို့ဝှက်ခန်းဆောင်'ရဲ့ နေ့စဉ်အချိန်ဇယားကို ဆက်ရေးပြဦးမယ်၊ မနက် ၈ နာရီခွဲတာနဲ့ တစ်ပြိုင်နက် မားဂေါ့နဲ့ မေမေတို့အသံပဲ ကြားရတာပဲ။ 'ရှူး၊ ဖေဖေ တိုးတိုး' စသည်ဖြင့်ပေါ့လေ။ ၈ နာရီခွဲပြီ ဒီကို ပြန်လာတော့၊ ရေ နောက်ထပ်ယူလို့ရမှာ မဟုတ်ဘူး၊ ဖြည်းဖြည်းလျှောက်' အဲဒါတွေကတော့ ရေချိုးခန်းထဲ ရောက်နေတဲ့ ဖေဖေ့ဆီကို လှမ်းပြောတဲ့ အသံဗလံတွေပဲ။

၈ နာရီခွဲတာနဲ့ တစ်ပြိုင်နက် ဖေဖေဟာ သူနေတဲ့အခန်းထဲမှာ ရှိနေရမယ်။ ရေသံ တစ်စက်မကြားရ။ အိမ်သာမတက်ရ။ လမ်းမလျှောက်ရ။ အားလုံးတိတ်တိတ်နေ။ ရုံးအမှုထမ်းတွေ မရောက်သမျှ ကိုယ်တို့ အသံဟူသမျှကို ကုန်လှောင်ရုံက ကြားနိုင်တယ်မဟုတ်လား။

၈ နာရီ မိနစ်နှစ်ဆယ်မှာ အပေါ်ထပ်က တံခါးပွင့်လာတယ်။ ကြမ်းပြင်ကို သုံးချက်ခေါက်တာနဲ့ တစ်ပြိုင်နက် ကိုယ်ဟာ အပေါ်ထပ်တက်ပြီး ကိုယ့် 'ခွေးစားခွက်' ပန်းကန်ကို သွားယူရတယ်။ နောက်





ကိုယ့်အခန်း ကိုယ်ပြန်ဆင်းလာရတယ်။ အားလုံးဟာ ခပ်သုတ်သုတ် ချည်းပဲ။ ဆံပင်ကိုရှင်း။ အိပ်ရာတွေသိမ်း။ အပေါ်ထပ်မှာတော့ မစ္စက် ဖန်ဒန်းဟာ အိပ်ရာဝင်ချိန်စီးတဲ့ ခြေညှပ်ဖိနပ်ကို ဝတ်ထားရတယ်။ မစ္စတာဖန်ဒန်း တစ်ယောက်လည်း တိတ်လို့ပေါ့။

ကဲ၊ အခုဆို မိသားစုဘဝဆန်ဆန်လေး ကိုယ်တို့ နေရတယ် ဆိုပါစို့။ ကိုယ်က စာဖတ်ချင်ဖတ်၊ အလုပ် လုပ်ချင်လုပ်။ မားဂေါ့ရော၊ ဖေဖေရော၊ မေမေရော ဒီအတိုင်းပါပဲ။ ဖေဖေက မွေ့ရာမှ ကောင်း ကောင်းမရှိတဲ့ အိပ်ရာအစွန်းနားမှာ ထိုင်လို့။ (ဒစ်ကင်းရဲ့စာအုပ်ကို အဘိဓာန်စာအုပ်နဲ့ အတူကိုင်လို့ပေါ့။)

ဖေဖေဟာ စာဖတ်တာနဲ့ တစ်ပြိုင်နက် စာထဲမှာပဲ လုံးလုံး လျားလျား စိတ်ဝင်စားတော့တာပဲ။ ခဏခဏလည်း ရယ်တယ်။ မေမေက အဲဒီအကြောင်း ကိုပြောပြခိုင်းရင် ဖေဖေက 'အခု အချိန်မရှိဘူး'လို့ ပြန်ဖြေလေ့ရှိတယ်။ ဖေဖေဟာ သဘောမကျတဲ့ အကြည့်မျိုးနဲ့ မေမေ့ကို ခဏလောက်ကြည့်နေပြီးမှ ဆက်ဖတ်တယ်။ ဖတ်နေရင်းက သဘောကျ တာ တစ်ခုခုများတွေ့ရင် 'မအေကြီး၊ ဒီစာအုပ် ဖတ်ရမယ်' လို့ လှည့် ပြောတတ်တယ်။ မေမေကတော့ နံရံကပ်အိပ်ရာမှာထိုင်ရင်း စာဖတ်ရင် လည်းဖတ်၊ စက်ချုပ်ရင်လည်းချုပ်၊ သိုးမွေးထိုးရင်လည်းထိုး။ ဒါမှမဟုတ် အလုပ်လုပ်ချင်လည်း လုပ်လို့ပေါ့လေ။ သူကြိုက်သလို နေဟာပဲ။ ပြီးတော့ လည်း ငြိမ်သက်နေကြပြန်ရော။

မားဂေါ့က ဖတ်လက်စစာအုပ်ကို ပိတ်လိုက်တယ်။ ဖေဖေကတော့ မျက်နှံ မွေးကိုပင့်ပြီး စာအုပ်ထဲမှာ စျာန်ဝင်စားနေပြန်ရော။ မေမေ ကဆိုရင် မားဂေါ့နဲ့ စကားတဲ့ပြောပြော လုပ်နေတော့ ကိုယ်လည်း ဘေးနားကအသာ နားထောင်နေ ရတာပေါ့။ ၉ နာရီထိုးရင် နံနက်စာ စားချိန်ပေါ့။

မင်းရဲ့ အင်နာ၊

* * *



www.burmeseclassic.com

www.burmeseclassic.com



သောကြာ
စက်တင်ဘာ ၁၀၊ ၁၉၄၃

ချစ်သော ကစ်တီ

ထူးခြားတယ်ထင်တဲ့ အဖြစ်အပျက်တွေ ပေါ်လာတိုင်း မင်းဆီကို ကိုယ်က စာရေးပြတယ်နော်။ ဒါပေမယ့် ဒီအဖြစ်အပျက်တွေဟာ ဝမ်းသာကြည်နူးစရာ မကောင်းတဲ့ အဖြစ်အပျက်တွေက များများနေတယ်။ ဘာပဲဖြစ်ဖြစ်လေ အခုအံ့သြစရာတွေ ဖြစ်နေပြန်ပြီ။

ပြီးခဲ့တဲ့ စက်တင်ဘာလ ၈ ရက် ဗုဒ္ဓဟူးနေ့ ညနေက ည ၇ နာရီလာတဲ့ သတင်းကို ကိုယ်တို့ ဝိုင်းစုပြီး နားထောင်နေခိုက် ပထမဆုံး ကြားရတာကတော့ 'စစ်ကာလတစ်လျှောက်လုံးရဲ့ အကောင်းဆုံး သတင်းကို ကြေညာပါတော့မယ်။ အီတလီက အညံ့ခံလိုက်ပါပြီ'တဲ့။ အီတလီဟာ ချွတ်ယွင်းချက်မရှိ လက်နက်ချလိုက်ပါပြီ။ အင်္ဂလန်က ဒတ်ချ်ဘာသာ အစီအစဉ်ကို ၈ နာရီခွဲမှ စလွှင့်တယ်။ 'သောတရှင်များ ခင်ဗျား၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကဆိုရင် အီတလီက အရှုံးပေး အညံ့ခံပြီဆိုတဲ့ အံ့သြစရာသတင်းကို ကျွန်တော်တို့ ရခဲ့ပြီးပါပြီ။ ဒီသတင်း ကြေညာစဉ်မှာ ကျွန်တော်ဟာ တစ်နေ့အတွက် မှတ်တမ်းကို ရေးနေတုန်း ပါပဲ။ ပျော်လွန်းတဲ့အတွက် ကျွန်တော့်ပိုက်ဆံတွေကို အမှိုက်ခြင်းထဲမှာ သွားမဝှက်ထားတော့ဘူးဆိုတာကိုတော့ ကျွန်တော် သေသေချာချာ ပြောပြနိုင်ပါတယ်' ဆိုပြီး ပြောတာပဲ။ နောက်တော့ အင်္ဂလိပ်အမျိုးသားသီချင်း၊ အမေရိကန် အမျိုးသားသီချင်းနဲ့ အင်တာနေရှင်နယ် သီချင်းတွေကို လွှင့်တာပါပဲ။ ဒတ်ချ်ဘာသာ အစီအစဉ်ဟာ ထုံးစံအတိုင်း တက်တက်ကြွကြွတော့ လုပ်ပါရဲ့။ ဒါပေမယ့် သိပ်အားတက်စရာတော့ မကောင်းလှသေးဘူး။

ကိုယ်တို့မှာ အခုအထိ ဒုက္ခရောက်နေသေးတယ်။ မစ္စတာ ကူဖစ်အတွက်ပေါ့။ သူဟာ ပျော်ပျော်နေတတ်တယ်။ သတ္တိရှိတယ်။ ဒါကြောင့် ကိုယ်တို့ကလည်း သူ့ကို ချစ်ခင်ကြတယ်ဆိုတာ မင်းသိတဲ့





အတိုင်းပဲ။ 'မစ္စတာကူဖစ်များလာရင် နေ့မင်းကြီးထွက်လာသလိုပဲ'လို့ မကြာခင်က မေမေက ပြောတယ်။ မေမေပြောတာ မှန်တယ်။ အခုသူဟာ ဆေးရုံတက် ဗိုက်ခွဲရမယ်၊ ရက်သတ္တပတ် လေးပတ်လောက် နေရမယ်တဲ့။ သူက ကိုယ် တို့ကို သွားကာနီး နှုတ်ဆက်တာဟာ ဘာမှမဖြစ်သလို၊ ဈေးဝယ်သွားကာနီး နှုတ်ဆက်သွားဟာမျိုးပါပဲ။

မင်းရဲ့ အင်နာ။

* * *

သောကြာ
စက်တင်ဘာ ၁၆၊ ၁၉၄၃

ချစ်သော ကစ်တီ

ကိုယ်တို့အတွင်း ဆက်ဆံရေးဟာ ပိုလို့သာ ဆိုးလာတယ်။ ထမင်းစားချိန် ကျရင် (ထမင်းလုပ်သွင်းဖို့ကလွဲလို့) ဘယ်သူမှ ပါးစပ် မဟရဲကြဘူး။ ဘာဖြစ်လို့ လဲဆိုတော့ ဒီလို ပါးစပ်ဟလိုက်တာဟာ တစ်ယောက်ယောက်ကို အနှောင့်အယှက်ဖြစ်မှာစိုးတယ်။ ဒါမှမဟုတ် တစ်ယောက်ယောက်က အထင်လွဲမှာ စိုးတယ်။ ဒါကြောင့်ပါပဲ။

စိုးရိမ်စိတ်၊ သောကစိတ်တွေက သက်သာရာ ရအောင်ဆိုပြီး ကိုယ်လည်း ဆေးပြားလေးတွေ သောက်ပါရဲ့။ ဒါပေမယ့် နောက်တစ်နေ့ ကျတော့ ပိုပြီးတော့တောင် ဆိုးနေသေးတယ်။ တစ်ခါလောက် စိတ်ရှိ လက်ရှိ ရယ်လိုက်ရရင် ဆေးပြား ၁၀ ပြားထက် ခရီးပေါက်မယ်ဆိုတာ သိတယ်။ ဒါပေမယ့် ရယ်ဖို့ဆိုတာကိုတောင် မေ့လုခမန်း ဖြစ်နေပြီ။ ဒီလောက်တောင် ဣန္ဒြေကြီးတစ်ခွဲသားနဲ့နေရတာ ကြာသထက် ကြာသွားရင် ကိုယ့်မျက်နှာဟာ ရှည်လျားလျားကြီးနဲ့ နှုတ်ခမ်းစုစုကြီးများ ဖြစ်နေမလားလို့ ကိုယ်စိုးရိမ်မိတယ်။

တခြားလူတွေလည်း အလားတူပါပဲ။ မပျော်ပိုက်ကြဘူး။ လူတိုင်း လူတိုင်းဟာ ကြောက်ဖွယ်လိလိ ဆောင်းတွင်းကြီးကို အထိတ်တလန့် စောင့်စားနေကြရတယ်လေ။ နောက်တစ်ခုက ကုန်လှောင်ရုံစောင့်ဟာ



www.burmeseclassic.com

www.burmeseclassic.com



'လျှို့ဝှက်ခန်းဆောင်' ကို သက်ာမကင်း ဖြစ်နေတယ်ဆိုတဲ့ အချက်ပဲ သူဟာ ယုံသာယုံကြည်ရပြီး ပြောဖို့မခက်တဲ့ လူစားမျိုးဆိုရင်၊ သူက အခြေအနေအပေါ် ဘာပဲထင်ထင်၊ ကိုယ်တို့ သောကရောက်မယ် မထင်ဘူး။

တစ်နေ့တော့ ကရာဂါဟာ ပိုပြီးသတိထား စောင့်ကြည့်ချင်တာနဲ့ တစ်နာရီထိုးဖို့ ဆယ်မိနစ်အလိုမှာ သူ့ကုတ်အင်္ကျီကိုယူပြီး လှည့်လည်ကြည့်ရှုတယ်။ နောက် ငါးမိနစ်မှမပြည့်သေးခင် ပြန်ရောက်လာပြီးတော့ ကိုယ်တို့ရှိရာကို တိတ်တိတ်ကလေး သူခိုးလို တက်လာတယ်။ ၁ နာရီနဲ့ ၁၅ မိနစ်မှာ သူပြန်ဆင်းမယ်လုပ်နေတုန်း အဲလီရောက်လာပြီး ရုံးခန်းထဲမှာ ကုန်လှောင်ရုံစောင့် ရောက်နေတဲ့အကြောင်း လာသတိပေးတယ်။ ဒါနဲ့ သူလည်း တစ်နာရီခွဲတဲ့အထိ ကိုယ်တို့ဆီမှာပဲ ထိုင်နေရ တာပေါ့။ နောက် သူဟာ ဖိနပ်ကိုချွတ်ပြီး ရှေ့ဘက်အခန်းတံခါးပေါက်နားကို ဖြည်းဖြည်းကလေးကပ်၊ အောက်ထပ်ကို တဖြည်းဖြည်းချင်းဆင်း၊ ၁၅ မိနစ် လောက် အခြေအနေကို စောင့်ကြည့်နေပြီးတော့မှ သူ့ရုံးခန်းထဲကို အပြင်ဘက်က လျှို့ဝင် လိုက်ရတယ်။

အဲဒီအချိန်မှာ အဲလီက ကုန်လှောင်ရုံစောင့်ကို ခေါ်ထုတ်သွားပြီးမှ ကိုယ်တို့ဆီ တက်လာပြီး ကရာဂါကို လာခေါ်တယ်။ ဒါပေမယ့် ကရာဂါကတော့ ဖိနပ်တွေကို ချွတ်ကိုင်ထားပြီး၊ လှေကားပေါ် ရပ်နေတဲ့အချိန် ဖြစ်နေတာကိုး။ အပြင်က လူတွေကများ ဖိနပ်မပါဘဲ လှေကားမှာရပ်နေတဲ့ မန်နေဂျာကို တွေ့ရင် ဘယ်လိုထင်မလဲ မသိဘူး။

မင်းရဲ့ အင်နာ။

* * *

သောကြာ

စက်တင်ဘာ ၂၉၊ ၁၉၄၃

ချစ်သော ကစ်တီ

ဒီနေ့ဟာ မစ္စက်ဗန်ဒန်းရဲ့ မွေးနေ့ပေါ့။ သူ့ကို ကိုယ်တို့က





ယိုတစ်ဘူးရယ်၊ ဒိန်ခဲ၊ အသားနဲ့ပေါင်မုန့်၊ ကူပွန်တွေ ပေးတယ်။ သူ့ယောက်ျားဆီကရော၊ ဒူဆဲအပြင် ကိုယ်တို့ကို ဝက်ပေးထားတဲ့ လူတွေဆီကရော စားစရာတွေ ပန်းတွေကို သူရသေးတယ်။ နေရတဲ့ အခြေအနေအလျောက် ဒါတွေလောက်ပဲ ပေးနိုင်မပေါ့။

ဒီတစ်ပတ်အတွင်းမှာ အဲလီဟာ ဦးနှောက်အရှုပ်ဆုံးနေမှာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ကို ခဏခဏအပြင်ထွက်ပြီး ဟိုဟာယူခိုင်း၊ ဒီဟာယူခိုင်းနဲ့ ခိုင်းကြတာကိုး။ အောက်ထပ်မှာ ရုံးအလုပ်တွေလည်း ပြီးအောင်လုပ်ရသေးတယ်။ ကူဖစ်ကလည်း နေမကောင်း၊ မီယက်က အအေးမိလို့ မလာနိုင်။ သူကိုယ်တိုင်လည်း သူ့အဖေအတွက် သောကကတစ်မျိုး။ အချစ်သောကတွေက တစ်ဖုံဆိုတော့ သိပ်အားနာစရာကောင်းတာပဲ။ အပြင်ကိုခိုင်းတိုင်း အချိန်မရှိဘူးလို့ပြောရင် သူ့ကို ဝယ်ခိုင်းတဲ့ ပစ္စည်းစာရင်းမှာ နည်းနည်းတော့ လျော့သွားမှာပေါ့လို့ သူ့ကို ကိုယ်တို့ကဖျောင်းဖျရတယ်။

မစ္စက်ဗန်ဒန်းတော့ တစ်ခုခုဖြစ်နေပြန်ပြီ။ ကိုယ် သေသေချာချာ သိတယ်။ ဖေဖေကလည်း အကြောင်းတစ်ခုခုကို ရမယ်ရှာပြီး သိပ်စိတ်ဆိုးနေတတ်တယ်။ အို ကိုယ်တို့အထဲမှာ ဘယ်လိုများ ပေါက်ကွဲကြဦးမလည်း မသိဘူး။ ဒီလိုရန်စောင် နေကြတဲ့အထဲမှာ ကိုယ် မပါချင်ဘူး။ လွတ်ရာလွတ်ကြောင်း ကိုယ်ရှာချင်တယ်။

မင်းရဲ့ အင်နာ။

* * *

တနင်္ဂနွေ

စက်တင်ဘာ ၁၇၊ ၁၉၄၃

ချစ်သော ကစ်တီ

ကုသိုလ်ကောင်းချင်တော့ မစ္စတာ ကူဖစ်တစ်ယောက် ပြန်ရောက်လာပြန်ပြီ။ သူကြည့်ရတာ ပိန်ချုံးနေပေမယ့် ဗန်ဒန်းတို့အတွက် အဝတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းပေးဖို့ ခပ်ပျော်ပျော်ပဲ ထွက်သွားတယ်။

ဖန်ဒန်းတို့မှာ ပိုက်ဆံပြတ်နေပြီဆိုတာ သိရတာ စိတ်မချမ်းသာစရာပဲ။ မစ္စက်ဖန်ဒန်းကတော့ သူ့ကုတ်အင်္ကျီတွေ၊ အဝတ်အစားတွေ၊ ဖိနပ်တွေကို မခွဲနိုင်မခွာရက်ဖြစ်နေသေးတယ်။ သူ့အဝတ်အစားတွေကို လွယ်လွယ်နဲ့ ရောင်းချပစ် လို့မရဘူး။ ဘာဖြစ်လို့လဲ သိလား။ သူက သိပ်လောဘကြီးပြီး ဈေးများများ လိုချင်လို့ပေါ့။ ဒါနဲ့တင် ဇာတ်လမ်းက မဆုံးသေးဘူး။ မကြာခင် သူ့သားမွေး ကုတ်ကြီးကို ရောင်းပစ်ရလိမ့်ဦးမယ်။ ဒါကြောင့် သူတို့လင်မယား ခဏခဏ အကြီးအကျယ် စကားများ ရန်ဖြစ်ကြပြီး အတော်ကြာကျတော့ 'အချစ်ရေ၊ မိန်းမရေ'နဲ့ ရင်ကြားစေ့သွားကြပြန်ရော။

လွန်ခဲ့တဲ့လအတွင်း ဒီအိမ်ထဲမှာ ဖြစ်ပေါ်ခဲ့တဲ့ ဆဲရေးတိုင်းထွာမှုတွေကြောင့် ကိုယ်တော့ သိပ်ကိုငြီးငွေ့ စက်ဆုပ်နေတာပဲ။ ဖေဖေက ဆိုရင် ဘယ်သူနဲ့မှ စကားမပြောဘူး။ သူ့ကို တစ်ဦးတစ်ယောက်က စကားလာပြောရင်လည်း ဝတ်ကြေတန်းကြေလောက်ပဲ ပြောတယ်။ မားဂေါ့ကတော့ ခဏခဏ ခေါင်းကိုက်တယ်လို့ ညည်းတွားတယ်။ ဒူဆဲက မအိပ်နိုင်ဘူးတဲ့။ မစ္စက်ဖန်ဒန်းကဆို တစ်နေ့လုံးလုံး ပေါက်ပေါက်ဖောက်သလို တတွတ်တွတ် ပြောနေလေတော့ ကိုယ်တစ်ယောက် တည်းပဲ ငြိမ်နေရတာပေါ့။ တစ်ခါတလေတော့ ဘယ်သူဟာ ဘယ်သူနဲ့ရန်ဖြစ်ပြီး ဘယ်သူနဲ့ ဘယ်သူ တည့်နေကြပြီလဲဆိုတာ ကိုယ်လည်းမေ့ကုန်ပြီ။

စိတ်ငြိမ်ဖို့ တစ်ခုတည်းသော နည်းလမ်းကတော့ စာတွေကို လေ့ကျက်တာပဲ။ ကိုယ်လည်း ဒါကြောင့် စာပဲများများကျက်တယ်။

မင်းရဲ့ အင်နာ။

* * *





သောကြာ

အောက်တိုဘာ ၂၉၊ ၁၉၄၃

ချစ်သော ကစ်တီ

မစ္စတာဖန်ဒန်းတို့ လင်မယား အကြီးအကျယ် ရန်ဖြစ်ကြလေရဲ့။ မင်းကို ကိုယ်ပြောဖူးတဲ့အတိုင်းပဲ။ သူတို့မှာ ငွေပြတ်နေပြီလေ။

တစ်နေ့တော့ ကူဖစ်က သူနဲ့ရင်းနှီးတဲ့ လူတစ်ယောက်အကြောင်းကို ပြောပြ တယ်။ သူဟာ ငွေကြေးနဲ့လည်း ပြည့်စုံတယ်တဲ့။ ဒီတော့ ဖန်ဒန်းဟာ သူ့မိန်းမရဲ့ သားမွေးကုတ်အင်္ကျီကို ရောင်းဖို့အကြံရလာတာပေါ့။ ဒီအင်္ကျီဟာ ယုန်ရေနဲ့ချုပ်ထား ပြီး မစ္စက်ဖန်ဒန်းဝတ်လာတာ ၁၇ နှစ် ရှိနေပြီ။ ဒီအင်္ကျီအတွက် ၃၂၅ ဖလော်ရင် ရတယ်။ ငွေကတော့ အများကြီးပါပဲ။ ဒါပေမယ့် ဒီငွေကို မစ္စက်ဖန်ဒန်းက စစ်ပြီးရင် အဝတ်အစားသစ်တွေဝယ်ဖို့ ချန်ထားချင်တယ်။ မစ္စတာဖန်ဒန်းကတော့ အိမ်သုံးစရိတ် အတွက် အရေးတကြီး လိုနေတာတွေမှာ သုံးချင်တယ်။

အို၊ သူတို့နှစ်ယောက်သား အော်လိုက် ဟစ်လိုက်၊ ဆဲဆိုလိုက်ကြတာ မကြားဝံ့ မနာသာပါပဲ။ ကြောက်စရာကို ကောင်းလာတယ်။ ကိုယ်တို့မိသားစုကတော့ လှေကားဝမှာ အသက်ပြင်းပြင်းမရှူရဲဘဲရပ်ပြီး ဝင်ဖျန်ဖြေဖို့ အသင့်စောင့်နေကြ ရတာပေါ့။ ဒီလို အော်ကြီးဟစ်ကျယ် ရန်ဖြစ်ကြ၊ ငိုယိုကြတာဟာ ပြဿနာကို ပြေမသွားစေတဲ့အပြင် ကိုယ်တော့ စိတ်ရှုပ်လွန်းလို့ ညနေလည်းကျရော အိပ်ရာ ပေါ်မှာထိုင်ရင်း ငိုမိတာပဲ။

မစ္စတာကူဖစ်တစ်ယောက် ဗိုက်ရောဂါ ပြန်ထလို့ မလာနိုင်ပြန်ဘူး။ သွေးလွန်နေတာ ရပ်မရပ်တောင် သူမသိဘူး။ နေထိုင်မကောင်းလှဘူး ဆိုပြီး ကိုယ်တို့ ကိုပြောတော့ သူ့မျက်နှာ သိပ်မကောင်းတာကို ပထမဆုံးအကြိမ် ကိုယ်တို့ သတိထားလိုက်မိတယ်။

ကိုယ်တော့ အာဟာရမဖြစ်တာကလွဲလို့ အားလုံးကောင်းကောင်း မွန်မွန်ပါပဲ။ 'မင်းကြည့်ရတာ သိပ်နေမကောင်းသလိုပဲ'လို့ ကိုယ့်ကို ပြောကြတယ်။ ကိုယ့်ကိုသူတို့ အစွမ်းကုန်ပြုစုကြတယ်လို့ ပြောရမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



စပျစ်သီး၊ ငါးကြီးဆီ၊ ယိစ်ဆေးပြားနဲ့ ကာလ်စီယံ ဆေးတွေလည်း ကိုယ့်နားမှာ တန်းစီလို့။

အထူးသဖြင့် တနင်္ဂနွေနေ့များမှာ ကိုယ်ဟာနေလို့ ပိုမကောင်းဘူး။ ပတ်ဝန်း ကျင်တစ်ခုလုံးဟာ ပျင်းရိငြီးငွေ့စရာကောင်းပြီး တသန်းသန်း တဝေဝေနဲ့ သွေးလေးပြီး အိပ်ချင်နေတာပဲ။ အပြင်ဘက်က ငှက်ကလေး တစ်ကောင်တလေရဲ့ တေးဆို သံတောင် မကြားရဘူး။ နေရာတကာမှာ အကြီးအကျယ် တိတ်ဆိတ်နေတတ်တယ်။ ဒီအခါမျိုးမှာ ကိုယ်ဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ ကမ္ဘာတစ်ခုထဲကို အတင်း ဆွဲသွင်းတာ ခံနေရသလိုပါပဲ။

ဒီလိုအချိန်မျိုးမှာ ဖေဖေ၊ မေမေနဲ့ မားဂရက်တို့က ကိုယ့်ကို အထီးတည်းပစ်ထားတာပဲ။ ဒီတော့ ကိုယ်က တစ်ခန်းဝင် တစ်ခန်းထွက် အောက်ထပ်ဆင်းလိုက်၊ အပေါ်တက်လိုက်နဲ့ အတောင်ပံတွေကို ရက်ရက် စက်စက် ရိုက်ချိုးထားတာခံနေရတဲ့ ငှက်လို လှောင်ချိုင့်ရဲ့ သံတန်းတွေ ကို မှောင်နဲ့မည်းမည်း ဝင်ဝင်တိုးမိတဲ့ ငှက်လို ဖြစ်နေတာပါပဲ။ အပြင်ကို ထွက်၊ ရယ်လိုက်စမ်း၊ လေကောင်းလေသန့်ကို တစ်ဝကြီး ရှူလိုက်စမ်း ဆိုတဲ့အသံဟာ ကိုယ့်ရင်ထဲမှာ မြည်ဟီးနေတယ်။ ဒါပေမယ့် ကိုယ့်ဆန္ဒ က မပြည့်ဝနိုင်တဲ့ ဆန္ဒပါလား။ ဒါ့ကြောင့် ကိုယ်ဟာ အိပ်ရာပေါ်ထက် လဲလျောင်းပြီး အိပ်ပျော်ဖို့ကြိုးစားတယ်။ အိပ်ပျော်ရင် အချိန်မြန်မြန် ကုန်မယ်။ ဆိတ်ငြိမ်တာတွေ၊ ကြောက်မက်ဖွယ်ရာတွေဟာလည်း မြန်မြန် ကုန်ဆုံးသွားမယ်။ သူတို့ကို တိုက်ဖျက်ဖို့ ဒီနည်းမှအပ တခြားနည်းရယ် လို့ မရှိဘူးမဟုတ်လား။

မင်းရဲ့ အင်နာ။

* * *





ဗုဒ္ဓဟူး
နိုဝင်ဘာ ၃၊ ၁၉၄၃

ချစ်သော ကစ်တီ

ပညာရဖို့အတွက် ကိုယ်တို့ကို တစ်ခုခုလုပ်စေချင်တာနဲ့ ဖေဖေက လေဒင် မှာရှိတဲ့ ဆရာဖြစ်သင်သိပ္ပံက ဘာသာရပ် စာရင်းတစ်ခုကို မှာပေးတယ်။ မားဂရက်က သူကြိုက်ရာဘာသာကို ရှာလိုက်တာ ဒီစာအုပ် ထူကြီးကို အနည်းဆုံး သုံးကြိမ်လောက် လှန်လှောပြီးသွားတဲ့ အထိပါပဲ။ ဖေဖေကတော့ မြန်တယ်လေ။ 'အခြေခံ လက်တင် ဘာသာ'ကို အစမ်း သင်ပေးဖို့ စာရေးလိုက်တယ်။

ကိုယ့်အတွက်လည်း အသစ်အဆန်းဖြစ်စေဖို့ ကလေးတွေအတွက် ကျမ်းစာကို ယူလာဖို့ မစ္စတာကူဖစ်ကို မှာလိုက်တယ်။ အနည်းဆုံး သမ္မာကျမ်းစာသစ်နဲ့ ပတ်သက်လို့ ကိုယ်နားလည်လို နားလည်ငြားပေါ့လေ။ 'ဒီနှစ် မီးထွန်းပွဲတော်မှာ အင်နာကို ကျမ်းစာလက်ဆောင် ပေးမလား'လို့ မားဂရက်ကမေးတော့ ဖေဖေက 'စိန့်နီကိုလတ်နေ့က ပိုကောင်းတယ်၊ မီးထွန်းပွဲတော်မှာ သခင်ယေရှုမလာဘူး'တဲ့ ပြန်ဖြေတယ်။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ ညနေ
နိုဝင်ဘာ ၈၊ ၁၉၄၃

ချစ်သော ကစ်တီ

ကိုယ့်စာတွေကို တစ်စောင်ပြီးတစ်စောင် မင်းဖတ်ပြီးတဲ့အခါကျရင် စာတွေ မှာရေးထားတဲ့ သဘောအတိုင်း မင်းလည်းစိတ်လှုပ်ရှားမှုအမျိုးမျိုး ပေါ်နေလိမ့်မယ်။ ဒီပတ်ဝန်းကျင်ကိုသာ မှီခိုနေရတဲ့အတွက် ကိုယ့်ကိုယ်ကို အပြစ်တင်မိတယ်။ ဒါပေမယ့် ကိုယ်တစ်ယောက်တည်း မဟုတ်ပါဘူး။ အားလုံးဟာ ဒီအတိုင်းအတူတူချည်းပါပဲ။ စာအုပ်တစ်အုပ်ကို ကြိုက်လို့ဖတ်လိုက်မိပြီဆိုရင် တခြားလူတွေနဲ့ မရောနှောခင် ကိုယ့်လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီစာအုပ်ကို စွဲစွဲမြဲမြဲ ကိုင်ထားရတာပဲ။ ဒီလိုမှမလုပ်ရင် ကိုယ်စိတ်လေနေပြီလို့ သူတို့က ထင်ကြဦးမယ်။ အဲဒီလို အခိုက်အတန့်မျိုးမှာ ကိုယ်ဟာ စိတ်အဆင်းရဲဆုံးပါပဲ။ ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဆိုတာတော့ ကိုယ်မပြောနိုင် တာအမှန်ပဲ။ ဒါပေမယ့် ဒီလိုဖြစ်ရတာဟာ ကိုယ်က သူ့ရဲဘောနည်းတဲ့အတွက်ကြောင့် ဖြစ်ရတာလို့တော့ ကိုယ်ထင်မိတယ်။

ဒီနေ့ညနေရုံးမှာ အဲလိုရှိနေတုန်း စူးစူးရှရှ တံခါးခေါက်သံကို ကြားရတယ်။ ကိုယ်လည်း ကြောက်လွန်းလို့ ဖြူဖတ်ဖြူရော်ဖြစ်ပြီး ရင်တွေတုန်နေတယ်။ ညဘက် အိပ်ရာဝင်တော့ ဖေဖေလည်းမရှိ၊ မေမေလည်း မရှိမို့ ကိုယ်တစ်ယောက်တည်း အကျဉ်းခန်းကလေးထဲ ရောက်နေပုံကိုချည်း စိတ်ထဲမှာမြင်နေမိတယ်။ တစ်ခါ တလေတော့လည်း လမ်းဘေးမှာ၊ ဒါမှမဟုတ် ကိုယ်တို့ရဲ့ 'လျှို့ဝှက်ခန်းဆောင်'မှာ မီးများလောင်နေပြီလား၊ သို့မဟုတ် ညကြီးမင်းကြီးမှာ ကိုယ်တို့ကိုများ လာခေါ်သွားပြီလားလို့ ထင်ယောင်ထင်မှား ဖြစ်နေမိတယ်။

ဒါတွေဟာ အဖြစ်မှန်ကိုမြင်နေတာလို့ ကိုယ်ထင်တယ်။ ဒါကြောင့် ဒီလို အဖြစ်အပျက်တွေကို မကြာခင် တွေ့ရတော့မှာပါလားလို့ ကိုယ်ထင်နေမိတယ်။ မီယက်ကတော့ ကိုယ်တို့အတွက် ဒီနေရာမှာ အေးအေးဆေးဆေးနေရလို့ ဝမ်းသာ လှပါပြီရယ်လို့ မကြာခဏ ပြောလေ့ရှိပါရဲ့။ ဒါဟာ မှန်ကောင်းမှန်ပါလိမ့်မယ်။ ဒါပေမယ့် သူဟာ ကိုယ်တို့ ဘယ်လောက် စိုးရိမ်ကြောက်ရွံ့နေရတယ်ဆိုတာကို တွေးမိဟန်မတူပါဘူး။ ဒီကမ္ဘာကြီးဟာ ကိုယ်တို့အတွက် ပုံမှန်မှန်ဖြစ်တော့မယ်လို့ ကိုယ် တကယ်ပဲ မထင်မိတော့ဘူး။

'စစ်ပြီးရင်' ဆိုတဲ့စကားကို ကိုယ်တို့က အလွယ်ကလေးသာ ပြောနေတာ။ တကယ်ဆိုတော့ လေထဲမှာ တိုက်အိမ်ဆောက်သလိုပါပဲ။ တကယ်တမ်း မဖြစ်နိုင် တော့ပါဘူး။ ကိုယ်တို့နေခဲ့တဲ့အိမ်၊ ကိုယ့်သူငယ်ချင်းမိန်းကလေးတွေ၊ ကျောင်းမှာ ရယ်မောပျော်ရွှင်ခဲ့ရတာတွေကို ပြန်တွေးကြည့်မိတိုင်း ဒါတွေဟာ ကိုယ်မဟုတ်ဘဲ တခြားလူတစ်ယောက်က ခံစား





နေထိုင်ခဲ့ရတဲ့ အရာတွေလို့သာ ထင်မိတော့တာပဲ။

'လျှို့ဝှက်ခန်းဆောင်'မှာ နေကြရတဲ့ ကိုယ်တို့ ရှစ်ယောက်ရဲ့ အဖြစ်ကို တွေးလိုက်တိုင်း ကိုယ်တို့ဟာ မိုးညှာ်းတိမ်လိပ်တွေ ဝန်းရံထားတဲ့ ကောင်းကင်ပြာထဲက ဘုံဗိမာန်မှာနေရသလို ထင်မြင်မိတယ်။ ကိုယ်တို့ ရပ်တည်နေတဲ့ နေရာဟာ အခုအထိ လုံခြုံနေသေးပေမယ့် မဲမှောင်တဲ့ မိုးသားတိမ်တောင်တွေဟာ ကိုယ်တို့ကို ဖုံးသထက်ဖုံးလာတယ်။ အန္တရာယ်ဟာလည်း ပိုနီးသထက် နီးလာတယ်ပေါ့။ အခုတော့ ကိုယ်တို့သာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ပရမ်းပတာ ရှာဖွေနေရတဲ့ အတိုင်း တစ်ယောက်ကိုတစ်ယောက် အန္တရာယ်နဲ့ အမှောင်တိုက် ကြားမှာ ပွေ့ဖက်ထားကြရတာပါပဲ။

ကိုယ်တို့အားလုံး အောက်ကိုငုံ့ကြည့်ကြတယ်။ အောက်ကိုငုံ့ကြည့်တော့ လူတွေဟာ တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက် သတ်ဖြတ်နေကြတယ်။ ကိုယ်တို့က အပေါ်ကို မော့ကြည့်ပြန်တယ်။ ဆိတ်ငြိမ်တယ်။ သဘောကျတယ်။ ဒါပေမယ့် ကိုယ်တို့ကို အပေါ်မတက်နိုင်အောင် တားထားတဲ့ အမှောင်ထုကြီးက ကိုယ်တို့အကြားမှာ ကန့်လန့်ဖြတ်တားလိုက်တယ်။ ကျော်တက်လို့မဖြစ်နိုင်တဲ့ နံရံကြီး။ ကိုယ်တို့ကို ဖျက်ဆီးဖြိုခွင်းဖို့ ကြိုးစားနေတဲ့ နံရံကြီးပေါ့။

ကိုယ်ကတော့ ငိုကြွေးပြီး 'အမှောင်ထုကြီးပြိုကွဲပြီး ကျွန်မတို့အတွက် လမ်းစတွေ့ရရင်'လို့သာ တမ်းတနေမိတာပါပဲ။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေး၊

နိုဝင်ဘာ ၁၁၊ ၁၉၄၃

ချစ်သော ကစ်တီ

ဒီစာအတွက် ခေါင်းစဉ်ကောင်းတစ်ခု ကိုယ့်မှာရှိတယ်။

**ကျွန်မဖောင်တိန်အတွက် အမှတ်ရ ပျို့လကာ**

ကိုယ့်ဖောင်တိန်ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အမြတ်တနိုးပစ္စည်းတစ်ခုဖြစ် တယ်။ ထူထဲတဲ့ နစ်သွားနဲ့မှ စာရေးတတ်လို့ ထူထဲတဲ့ နစ်သွားတဲ့ ဒီဖောင်တိန် ကို ကိုယ်သိပ်တန်ဖိုးထားတယ်။ ကိုယ့်ဖောင်တိန်ဟာ အင်မတန်ရှည်လျားပြီး စိတ်ဝင်စားစရာကောင်းတဲ့ ဖောင်တိန် အတ္ထုပ္ပတ္တိလည်း ရှိတယ်။ အခုဒါကို ကိုယ် ပြောပြမယ်။

ကိုယ် ကိုးနှစ်အရွယ်ကျတော့ ကိုယ့်ဖောင်တိန်ဟာ သိုးမွေးချည်စကလေးတွေ ပတ်လျက်သား ကိုယ့်ဆီကို ရောက်လာတယ်။ ကိုယ့်အပေါ်မှာ အမြဲကြင်နာတတ်တဲ့ ဘွားဘွားက သူနေထိုင်နေတဲ့ အားချင်းကနေပြီး 'တန်ဖိုးမရှိသော နမူနာ' ပစ္စည်းအဖြစ် ပို့ပေးခဲ့တယ်လေ။ အိမ်တစ်ဝိုက်မှာ ဖေဖော်ဝါရီလရဲ့ လေရူးငှေ့ရမ်း တိုက်ခတ်နေတုန်း ကိုယ်လည်း အိပ်ရာထဲမှာ တုပ်ကွေးနဲ့ လဲလို့ပေါ့။

အရောင်တောက်တောက် ဖောင်တိန်ကလေးမှာ သားရေအိတ်ကလေး ကလည်း ပါလိုက်သေးတယ်။ ကိုယ်လည်း ချက်ချင်းပဲ သူငယ်ချင်းတွေကို လျှောက်ပြလိုက်မိတယ်။ ကိုယ် အင်နီဖရင့်ဟာ ဒီဖောင်တိန်ရဲ့ ပိုင်ရှင်ကြီးပေါ့။ ကိုယ် ဆယ်နှစ်အရွယ် ရောက်တော့ ဖောင်တိန်ကို ကျောင်းယူသွားခွင့်ရတယ်။ ဒီဖောင်တိန်နဲ့လည်း စာရေးဖို့ ဆရာမကြီးက ခွင့်ပေးတယ်။

ဒါပေမယ့် ကိုယ့်အသက် ဆယ့်တစ်နှစ်အရွယ်ကျတော့ ဖောင်တိန်ကလေးကို ဝေးရာမှာထားရပြန်ရော။ ဘာဖြစ်လို့လဲဆိုတော့ ဆဋ္ဌမတန်းက ဆရာမက ကျောင်းမှာရှိတဲ့ ကလောင်တံနဲ့ မင်အိုးကိုသာ သုံးရမယ်ဆိုတဲ့အတွက်ပါပဲ။





ကိုယ် ဆယ့်နှစ်နှစ်အရွယ်မှာ ဂျူး ရှေးဟောင်းစာသင်တဲ့ အလယ်တန်း ကျောင်းကို ပြောင်းတက်တော့ အင်မတန် ကြီးကျယ်တဲ့ ဒီအထိမ်းအမှတ်အတွက် အိတ်ကလေးတစ်အိတ် ထပ်ရတယ်။ ခဲတံလည်း ထည့်လို့ရတယ်။ နောက်ပြီး ဇစ်နဲ့ပိတ်ထားလို့ ရတယ်ဆိုတော့ ပိုကြည့်ကောင်းတဲ့ အိတ်ကလေးပေါ့။

အသက် ဆယ့်သုံးနှစ်မှာ ဒီဖောင်တိန်ဟာ ကိုယ်တို့နဲ့အတူ 'လျှို့ဝှက်ခန်းဆောင်'ကို ပါလာတယ်။ ဒီမှာပဲ နေ့စဉ်မှတ်တမ်းတွေ၊ စာစီစာကုံးတွေကို မရေမတွက်နိုင်လောက်အောင် ရေးတဲ့နေရာမှာ အသုံးတော်ခံရရှာတယ်။

အခုတော့ ကိုယ့်အသက်ဟာ ဆယ့်လေးနှစ်ရှိပြီ။ ကိုယ်တို့အတူတကွ နေရတဲ့ နောက်ဆုံးနှစ်ပါပဲ။

သောကြာနေ့ ညနေ ငါးနာရီထိုးပြီးစပေါ့။ ကိုယ်ဟာ အခန်းထဲကထွက်လာပြီး စာရေးစားပွဲမှာ ထိုင်စာရေးမယ်လို့ စိတ်ကူးပေမယ့် စားပွဲမှာ မားဂေါ့နဲ့ ဖေဖေက လက်တင်ဘာသာ လေ့ကျင့်ဖို့ ရှိနေလေတော့ ကိုယ်ဟာ ထုံးစံအတိုင်း ဘေးဖယ်လိုက်ရတာပေါ့။ ဒါပေမယ့် ဖောင်တိန်ဟာတော့ စားပွဲပေါ်မှာ ကျန်နေခဲ့တယ်။ ကိုယ်ဟာ စားပွဲထောင့်နားမှာ ထိုင်ပြီး ပဲတွေကိုချွတ်ရတယ်။ ပဲချွတ်ပြီးတော့ ၆ နာရီထိုးဖို့ ၁၅ မိနစ်အလိုမှာ ကြမ်းပြင်က အမှိုက်သရိုက်ကိုရှင်း၊ ပဲခွံတွေကိုရော၊ အမှိုက်သရိုက်တွေကိုရော သတင်းစာတစ်ရွက်နဲ့ စုထုပ်ပြီး မီးဖိုထဲထည့်လိုက်တယ်။ မီးတောက်မီးလျှံဟာ ကြောက်ခမန်းလိလိ တောက်လောင်ပြီးတော့နောက် မကြာခင် ငြိမ်းသွားတယ်။

လက်တင်ဆရာတွေလည်း သူတို့လေ့ကျင့်ခန်းပြီးသွားပြီ။ ဒီတော့ စားပွဲ ကိုသွားပြီး ကိုယ့်ရေးစရာ ပစ္စည်းကိရိယာတွေကို ရှင်းလင်းတော့ စားပွဲပေါ်မှာ ကိုယ့်ဖောင်တိန်ကို မတွေ့ရတော့ဘူး။ ကိုယ်လည်း ရှာတယ်။ မားဂေါ့ကလည်း ရှာတယ်။ ဒါပေမယ့် ဘယ်မှာမှ မတွေ့ဘူး။ 'ပဲခွံတွေနဲ့များ မီးဖိုထဲကျသွားသလား' လို့ မားဂေါ့က ပြောတယ်။ 'မဖြစ်နိုင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မကျနိုင်တာ သေချာတယ်’လို့ ကိုယ်ကပြန်ဖြေလိုက်တယ်။ ဒါပေမယ့် ညနေသာရောက်ရော ကိုယ့်ဖောင်တိန်လည်း ပေါ်မလာလေတော့ စောစောကမီး ဒါလောက်တောက်တာဟာ ဖောင်တိန်ကော် ကြောင့်နဲ့တူ တယ်ဆိုပြီး ကိုယ့်ဖောင်တိန်တော့ မီးထဲပါသွားပြီလို့ ယူဆရတော့တာပဲ။ မနက်ကျတော့ ဖေဖေက မီးဖိုကိုရှင်းတယ်။ အဲဒီအခါ ဖောင်တိန်ချိတ်တဲ့ ညှပ်ကလေးကို ပြာထဲက သွားတွေ့ရတယ်။ ရွှေနစ်သွားကိုတော့ အစွန်းအစတောင် မတွေ့ရဘူး။

ကိုယ်မလည်း စိတ်ဖြေစရာတစ်ခုတော့ ရသွားတာပေါ့။ ကိုယ့်ဖောင်တိန် ကလေးကို သဂြိုဟ် လိုက်ရပြီလေ။ နောင်ကျတော့ ကိုယ့်အတွက်လည်း လိုအပ်လာဦးမယ့် သဂြိုဟ်ခြင်းမဟုတ်လား။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး
နိုဝင်ဘာ ၁၇၊ ၁၉၄၃

ချစ်သော ကစ်တီ

အဖြစ်တွေကတော့ အမျိုးမျိုးအဖုံဖုံ ဖြစ်တုန်းပဲ။ အဲလီတို့အိမ်မှာ ဆုံဆို့နာ တွေဖြစ်နေကြတာနဲ့ အဲလီလည်း ကိုယ်တို့ဆီမလာနိုင်တာ ရက်သတ္တခြောက်ပတ် ရှိသွားပြီ။ သူ မလာတော့ ပျင်းတာကို အသာထားလိုက်ဦး။ အစားအသောက် အတွက်၊ ဈေးနှာဝယ်ခြမ်းဖို့အတွက် အကြီးအကျယ် အခက်အခဲတွေ့ရတာပါပဲ။ ကူဖစ်တစ်ယောက်လည်း အိပ်ရာထဲလဲနေဆဲ။ ကရာဂါကတော့ အလွန်အမင်း အလုပ်ရှုပ်လို့ပေါ့။

မားဂေါ့က အဲလီနာမည်နဲ့ ပို့လိုက်တဲ့ လက်တင်ဘာသာ သင်ခန်းစာတွေကို ဆရာတစ်ယောက်က ပြင်ပြီးပြန်ပို့လိုက်တယ်။ ဆရာဟာ အင်မတန်တော်ပါတယ်။ ရွှင်လည်းရွှင်ပါတယ်။ ဒီလို လိမ္မာတဲ့ တပည့်တစ်ယောက်ရလို့ သူများဝမ်းသာ နေမလားတော့ မသိဘူး။





ဒူဆဲကဆိုရင် ဘာဖြစ်လို့လဲမသိဘူး။ ကုတ်လွှန်းလှတယ်။ အပေါ်ထပ်က မဆင်းဘူး။ ရေငုံနှုတ်ပိတ်နေပြီး မစ္စတာဗန်ဒန်းကိုရော သူ့မိန်းမကိုရော စကားတစ်လုံးမှ မပြောဘူး။ ဒီလိုနဲ့ ရက်တော်တော်ကြာတော့ မေမေကလည်း မနေသာ တော့ဘူး။ ဒီလိုသာလုပ်နေရင် မစ္စက်ဗန်ဒန်းဟာ သဘောမတူနိုင်စရာတွေကို လျှောက်လုပ်ကုန်လိမ့်မယ်လို့ ဒူဆဲကို သတိပေးရတော့တာပဲ။

မစ္စတာဗန်ဒန်းကစပြီး စကားမပြောတာမို့ သူကလည်း ပြောစရာ အကြောင်း မရှိဘူးလို့ ဒူဆဲက ပြန်ပြောတယ်။

မနေ့က နိုဝင်ဘာလ ၁၆ ရက်က သူ ‘လျှို့ဝှက်ခန်းဆောင်’ကို ရောက်တဲ့ တစ်နှစ်မြောက်နေ့ပဲ။ ဒီအထိမ်းအမှတ်အတွက် မေမေ့ကို သစ်ပင်တစ်ပင် လက်ဆောင်ပေးတယ်။ ရက်များစွာက ကြိုတင်ပြီး လက်ဆောင်လေး ဘာလေးပေးဖို့ စကားလမ်းကြောင်းခဲ့တဲ့ မစ္စက်ဗန်ဒန်းကတော့ ဘာပစ္စည်းမှ မရဘူး။

သူ့ကို ကိုယ်ကျိုးမငဲ့ဘဲ ဒီမှာခေါ်ထားတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောရမယ့်အစား တစ်လုံးတစ်ပါဒမှ မပြောဘူး။ ၁၆ ရက်နေ့ မနက်မှာ ကိုယ်က ဝမ်းနည်းရမလား၊ ဝမ်းသာရမလားလို့ မေးတော့ သူက ဒါတွေဟာ သူ့အတွက် ဘာမှအရေးမကြီးပါဘူးတဲ့ ပြန်ပြောတယ်။ ငြိမ်းချမ်းရေးလုပ်ချင်တဲ့ မေမေလည်း ရှေ့ဆက်ပြီး ဘာမှလုပ်လို့မရဘူး။ နောက်ဆုံးတော့ အခြေအနေက ဒီအတိုင်းပဲ။

လူနေချိုကြား စိတ်နေဘုံဖျား ဆိုတာမျိုးပေါ့။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



စနေ

နိုဝင်ဘာ ၂၇၊ ၁၉၄၃

ချစ်သော ကစ်တီ

မနေ့ညက ကိုယ်အိပ်မပျော်မီ ကိုယ့်မျက်စိထဲမှာ ဘယ်သူပေါ်လာတယ် ထင်သလဲ။ လက်လေ၊ လက်ဂူဆင်ပေါ့။

သူ့အဝတ်အစားတွေဟာ စုတ်ပြတ်ပြီး ပိန်ချုံးလို့။ သူ့မျက်လုံးကြီးတွေဟာ ပြူးကျယ် ဝိုင်းစက်နေတယ်။ သူ့အကြည့်ဟာ ဝမ်းနည်းတဲ့ အကြည့်ပါပဲ။ သူက 'အို အင်နာ၊ မင်း ကိုယ့်ကို စွန့်ခွာသွားခဲ့တယ် မဟုတ်လား၊ ကိုယ့်ကိုကယ်ပါ၊ ဟောဒီငရဲထဲက လွတ်အောင်ကယ်ပါ' လို့ ပြောနေသလိုပါပဲ။

ကိုယ်ကလည်း သူ့ကိုမကယ်နိုင်ဘူး။ တခြားလူတွေ ဘယ်လို အတိဒုက္ခ ခံစားနေရတယ်၊ သေဆုံးနေရတယ်ဆိုတာကိုကြည့်ပြီး ဘုရားသခင်ဆီမှာ ဆုတောင်း ရုံပဲ တတ်နိုင်ပါတယ်။

အခုတော့ တခြားလူတွေကို မမြင်မိဘဲ လက်ဂူဆင်ကိုသာ မြင်မိတာ ဘာကြောင့်လဲ ဆိုတာကို ကိုယ်နားလည်လာတယ်။ ကိုယ်ဟာ ဒီမိန်းကလေးရဲ့ အခက်အခဲတွေကို နားလည်ဖို့ အင်မတန်ငယ်တဲ့ အရွယ်ပဲရှိပါသေးတယ်။ နောက်ပြီး တခြားမိန်းကလေးသူငယ်ချင်းကိုမှ ခင်ရမလားဆိုပြီး ကိုယ်က သူ့ကို ဖျောင်ဖျောင် ဖယ်ဖယ် လုပ်နေခဲ့တယ်။ ဒီတော့ သူ့ရင်ထဲမှာ ဘယ်လိုခံစားရမယ်ဆိုတာ ကိုယ် သိပါပြီလေ။

တစ်ခါတလေတော့ ကိုယ်ဟာ လက်ဂူဆင်ရဲ့ ဘဝကို တစေ့တစောင်း ဆိုသလို ပြန်ပြောင်းသတိရမိပါရဲ့။ ဒါပေမယ့် နောက်ကျတော့ ကိုယ့်ပျော်ရွှင်မှုတွေ၊ ကိုယ့်ပြဿနာတွေ အကြားမှာ ပြန်နစ်မြုပ်နေမိပြန်တာပဲ။ သူ့အပေါ်မှာ ကိုယ်က ဒီလိုပြုမူခဲ့မိလို့လား မသိဘူး။ အခု ကိုယ့်ကိုကြည့်နေတဲ့ သူ့မျက်နှာဟာ အားကိုး အားထားစရာ တစ်ခုခုကို ရှာဖွေနေသလိုပါပဲ။ ကိုယ်ကများ သူ့ကို ကူညီနိုင်ရင် ဘယ့်လောက်ကောင်းမလဲနော်။





အို အခုနေအခါမှာ ကိုယ့်အတွက်ကတော့ ဆုတောင်းရုံပဲ တတ်နိုင်တဲ့ ဘဝမဟုတ်လား။ တကယ်ဆိုတော့ ကိုယ့်အဖြစ်ကလည်း သူ့လိုပါပဲ။ ကိုယ့် သူငယ်ချင်းတစ်ယောက် သေသလား၊ ရှင်သလား မသိရတဲ့အချိန်မှာ ကိုယ်ကရော အသက်ရှင် နေထိုင်ရေးအတွက်လောက်ပဲ ဆုတောင်းလို့ ဖြစ်မှာမလား။ ကိုယ်တို့ အကြားမှာ ဘာများခြားနားချက် ရှိလို့လဲ။ ကိုယ်တို့ဟာ ဘာကြောင့်တစ်ယောက်နဲ့ တစ်ယောက် ဝေးကွာကွဲပြားနေကြရတာလဲ။

ရိုးရိုးဝန်ခံရရင် ကိုယ်ဟာ လပေါင်းအတန်ကြာ သူ့ကိုသတိမရခဲ့မိရိုး အမှန်ပါပဲ။ တစ်နှစ်လောက်ကြာရင်လည်း ကြာသွားပါလိမ့်မယ်။ လုံးလုံးလျားလျား မေ့လိုက်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အခုလောက် သူ့ကို တစ်ခါမှ ကြီးကြီး ကျယ်ကျယ် သတိရဖူးတာရယ်လို့ မရှိသေးဘူး။

အို၊ လက်ဂူဆင်ရေ စစ်ပြီးချိန်အထိ မင်း အသက်ရှင်နေဦးမယ်ဆိုရင်တော့ ကိုယ်တို့ဆီကို ပြန်လာပါကွယ်။ ကိုယ်တို့အပေါင်းအသင်းတွေကြားကို ပြန်ရောက်ရင် မင်းအပေါ် ကိုယ်မှားခဲ့တာတွေအတွက် ဝန်ချလိုပါတယ်ကွယ်။

ဒါပေမယ့် သူ့ကို ကိုယ်က ကူညီနိုင်မယ့်အချိန်ကျတော့ အခုလောက်လည်း အကူအညီလိုချင်မှ လိုတော့မှာ။ ကိုယ့်ကိုများ သူသတိရရဲ့လား မသိဘူး။ သတိများ ရတယ်ဆိုရင် သူ့ရင်ထဲမှာ ဘယ်လိုနေလေမလဲဆိုတာ ကိုယ်သိချင်လိုက်တာ။

ကျေးဇူးတော်ရှင် ဘုရားသခင်၊ ကျွန်မသူငယ်ချင်းမှာ အထီးကျန်မဖြစ်အောင်တော့ စောင်မကြည့်ရှုတော်မူပါ။ တပည့်တော်မက သတိရနေတယ်ဆိုတာကိုလည်း အသိပေးတော်မူပါ။

ဒီအကြောင်းတွေကိုတော့ ကိုယ်ဆက်တွေးလို့မဖြစ်ဘူး။ ဆက်တွေးဖို့ မတတ် နိုင်တော့ဘူး။ သူ့မျက်လုံး ဝိုင်းဝိုင်းကြီးတွေကိုပဲ ကိုယ်တွေးနေရတယ်။ ကိုယ် မေ့ပျောက်လို့မရဘူး။ လက်ဂူဆင်တစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူမှ ယုံကြည်မှုရှိ သေးရဲ့လား။ သူ ဘာတွေဖြစ်နေရပြီလဲဆိုတာ ကိုယ်မသိနိုင်ဘူး။

ကိုယ် ဘာမှမသိဘူး။ သူ့ကိုလည်း မမေးခဲ့မိဘူး။

လက်ဂူဆင်ရေ မင်းကိုသာ ကိုယ်ခေါ်လိုက်ချင်တယ်။ ကိုယ်နဲ့ အေးအတူ ပူအမျှ နေစေချင်တယ်။ အခုတော့ နောက်ကျကုန်ပါပြီ။ ကိုယ်က ကူလည်းမကူ နိုင်တော့ဘူး။ ကိုယ့်အမှားတွေကိုလည်း မပြင်နိုင်တော့ဘူး။ ဒါပေမယ့် ကိုယ်ထာဝစဉ် သတိရနေမယ်။ မင်းအတွက် ကိုယ် အမြဲတမ်း ဆုတောင်းမေတ္တာ ပို့သနေမယ်။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ
ဒီဇင်ဘာ ၆၊ ၁၉၄၃

ချစ်သော ကစ်တီ

စိန့်နီကိုလတ်နေ့လည်း နီးသထက် နီးလာပြီ။ မနှစ်က ကိုယ်တို့ လုပ်ခဲ့တဲ့ ပန်းခြင်းကလေးတွေ ဘာတွေကို စိတ်ထောင်မကူးနိုင်ကြပါဘူး။ အထူးသဖြင့် ဒီနှစ်မှာ ဘာတစ်ခုတလေမှ မလုပ်နိုင်ရင် ပျင်းချောက်ချောက်ကြီး ဖြစ်နေလိမ့်မယ်လို့ တွေးမိကြတယ်။ ဒါနဲ့ကိုယ်လည်း ရယ်စရာ တစ်ခုခုပေါ့လေ ထွင်လိုက်ရတာပေါ့။

ကိုယ်က ဖေဖေနဲ့တိုင်ပင်ပြီး ရက်သတ္တတစ်ပတ်လောက်ကစလို့ လူတစ်ဦးစီကို ကဗျာတိုကလေး စပ်ခိုင်းတယ်။

တနင်္ဂနွေနေ့ ညနေ ၇နာရီ ၄၅မိနစ်မှာ ကိုယ်တို့အားလုံး အပေါ်ထပ်မှာ စုရုံးကြတယ်။ အဝတ်လျှော်သံပုံးကို အလှအပခြယ်ပြီး ကိုယ်တို့ အလယ်မှာချ။ ဒီသံပုံးကို အညိုရောင်စက္ကူတွေကပ်ထားပြီး အဲဒီစက္ကူမှာတော့ စာတစ်စောင်ကို တွယ်အပ်နဲ့ထိုးထားတယ်။

ကိုယ်က ဒီစာကိုယူပြီး ဖတ်လိုက်တယ်။

ရှေးယခင်ကလို တိတ်တဆိတ်မဟုတ်ဘဲ။

စန္တာကလော့တော့ ထပ်လာပြန်တယ်။





မနှစ်ကလိုတော့ သူ့နေ့ကို ကောင်းမွန် ပျော်ရွှင်စွာ
ကိုယ်တို့ မကျင်းပနိုင်သေး။
သူ့ဝိညာဉ်ကို သတိရစေကာမူ
ကိုယ်တို့မှာ ဘာမျှပေးစရာမရှိ။
ဘာများလုပ်ရပါ့မလဲဟု တွေးမိသောအခါ
လူတိုင်း၊ လူတိုင်းရဲ့ ဖိနပ်ထဲမှာ ကြည့်ပါ။

သံပုံးထဲက ကိုယ့်ဖိနပ်ကို ကိုယ်ဆွဲယူပြီး ကြည့်လိုက်တဲ့အခါကျတော့ လူတိုင်းရဲ့ ရယ်သံတွေ တသောသော ထွက်လာပါလေရော။ ဖိနပ်ထဲမှာ စာရွက်ကလေးတွေပါတယ်။ အဲဒီစာရွက်ကလေးတိုင်းမှာ ဖိနပ်ပိုင်ရှင်ရဲ့လိပ်စာကို ရေးထားတာ တွေ့ကြရလေရဲ့။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး
ဒီဇင်ဘာ ၂၂၊ ၁၉၄၃

ချစ်သော ကစ်တီ

ကနေ့အထိ တုပ်ကွေးဖျား ဝင်နေတာကြောင့် မင်းဆီကို စာမရေးနိုင်ခဲ့ဘူး။ ဒီနေရာမှာ ဖျားနာရတာဟာ ဆိုးရွားလှပါတယ်။ ချောင်းတစ်ချက် နှစ်ချက် ဆိုးချင်တိုင်း စောင်အထပ်ထပ်ကြားထဲဝင်ပြီး အသံကို ဖျောက်ပစ်ဖို့ ကြိုးစားရတာပါပဲ။

ရောဂါကတော့ မပျောက်ဘူး။ နို့တို့၊ ပျားရည်တို့၊ သကြားတို့ ကတော့ စားလိုက်သောက်လိုက်ရတာ အမောပဲ။ ကိုယ့်ကို ကုသပေးနေတာအကြောင်း တွေးလိုက်တိုင်း ကိုယ်လည်း စိတ်ပျက်တာပဲ။ ချွေးထုတ်ရတယ်။ အနှိပ်ခံရတယ်။ ရင်ဘတ်ပေါ် အဝတ်စိုတင်ရတယ်။ ရင်ဘတ်ပေါ် အဝတ်ခြောက်တွေတင်၊ ရေနွေးတွေသောက်၊ အာလုပ်ကျင်း၊ လည်ချောင်းဆေးလူး၊ မလှုပ်မယှက်အိပ်နေ၊ နွေးထွေး အောင်အထူဝတ်၊ ရေနွေးပုလင်းကပ်၊ လီမွော်ရည်သောက်၊ နောက် ဒါ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီတစ်ခါ အပူချိန်တိုင်း။

ဒီလိုလုပ်တာနဲ့ပဲ နေကောင်းလာပါ့မလား။ အဆိုးဆုံးအချိန်ကတော့ မစ္စတာ ဒူဆဲက သူ့ကိုယ်သူ ဆရာဝန်လုပ်ပြီး ကိုယ့်အနားလာ၊ နောက်ပြီး ကိုယ့်ရဲ့အဝတ် ဗလာကျင်းနေတဲ့ ရင်ဘတ်ကို သူ့ဆီလှူးနေတဲ့ ခေါင်းကြီး ကပ်ကပ်ပြီး အသံနားထောင်တဲ့ အချိန်ပါပဲ။ သူဟာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ဆေးပညာ ကိုသင်ခဲ့ပြီး ဆရာဝန်ဘွဲ့ ရလာတယ် ဆိုပေမယ့် သူ့ဆံပင်တွေဟာ ယားကျိကျိ နဲ့ထိနေတော့ အနေရခက်လှတယ်။ ဒီလူကြီးဟာ ဘာဖြစ်လို့ ကိုယ့်နှလုံးသား ပေါ် လာလာပြီး ကပ်နားထောင်ရတာလဲ။ နောက်ပြီး သူဟာ ကိုယ့်ချစ်သူလည်း မဟုတ်ဘူး။ လုံးလုံးမဟုတ်ဘူး။ ကိုယ့် ကိုယ်ခန္ဓာအတွင်းမှာ ကျန်းမာတယ်၊ မကျန်းမာဘူးဆိုတာကို သူဘယ်လိုမှ သိနိုင်မှာလဲ မဟုတ်ဘူး။ သူ့နားက လဲ တဖြည်း ဖြည်းလေးလာတာမို့ နားကြပ်များလိုနေလေမလား မသိဘူး။

ကဲ၊ ဖျားတာနဲ့ ပတ်သက်လို့ကတော့ တော်လောက်ပါပြီ။ အခုတော့ ကိုယ်ဟာ မာလာပါပြီ။ တစ်စင်တီမီတာမြင့်လာတယ်။ နှစ်ပေါင် ပိုလေးလာတယ်။ စာတွေကျက်နိုင်လောက်အောင် အားရှိလာပါပြီ။

ပြောစရာ သတင်းရယ်လို့ များများစားစား မရှိလှသေးဘူး။ အပြောင်းအလဲ တစ်ခုခုအတွက် ကိုယ်တို့ဟာ စောင့်စားနေကြတာပါပဲ။ ရန်လည်းမဖြစ်ကြတော့ဘူး။ ခြောက်လလောက် ဒီလိုတစ်ခါမှ မအေးချမ်းခဲ့သေးဘူး။ အဲလီတစ်ယောက်လည်း ကိုယ်တို့နဲ့ ကွဲကွာနေတုန်းပါပဲ။

ခရစ္စမတ်အတွက် ဆီရယ်၊ သကြားလုံးရယ်၊ သစ်သီးရည်တွေရယ် ကိုယ်တို့ အပိုရကြတယ်။ အဓိက လက်ဆောင်ကတော့ ငွေသားနှစ်ဆင့်ခွဲနဲ့ လုပ်ထားတဲ့ ရင်ထိုးကလေးပါပဲ။ တောက်ကလည်း တောက်၊ လှက လည်းလှပါဘိနဲ့။ ချစ်စရာ ကောင်းပုံကိုတော့ မဖော်ပြတတ်တော့ဘူး။ မစ္စတာဒူဆဲက မေမေနဲ့ မစ္စက် ဖန်ဒန်းတို့အတွက် မီယက်ကို ကြိုဖုတ်ခိုင်းထားတဲ့ ကိတ်မုန့်တစ်လုံး လက်ဆောင် ပေးတယ်။ မီယက်က အလုပ်များတဲ့ အကြားကပဲ ခိုင်းသမျှကို လုပ်ပေးပါတယ်။ ကိုယ်လည်း ကိုယ့်အတွက် ဝေစုရတဲ့ သကြားကိုစုလာတာ နှစ်လရှိပြီ။ မစ္စတာ ကူဖစ်





ရဲ့ အကူအညီနဲ့ သကြားလုံးလုပ်တယ်လေ။

ရာသီဥတုက ဆိုးတယ်။ မီးဖိုက အနံ့နံတယ်။ အစားအသောက်တွေ ကလည်း အရသာမရှိဘူး။ စစ်ကတော့ဖြစ်တုန်း။ စိတ်ဓာတ်တွေ ကလည်း ကျနေကြတုန်းပေါ့။

မင်းရဲ့ အင်နာ။

* * *

သောကြာ

ဒီဇင်ဘာ ၂၄၊ ၁၉၄၃

ချစ်သော ကစ်တီ

ပတ်ဝန်းကျင်ကြောင့် ကိုယ်တို့မှာ ဘယ်လောက် ထိခိုက်နေရတယ်ဆိုတာ အရင်က ကိုယ်ရေးပြခဲ့ပြီးပြီနော်။ ကိုယ့်အတွက်တော့ ဒီအန္တရာယ်ဟာ ပိုလို့သာ ဆိုးလာတယ်လို့ ကိုယ်ထင်တယ်။

ဒီနေရာဟာ ဘာနဲ့တူသလဲဆိုတော့ ရှိသို့ရေးခဲ့သလို 'ကမ္ဘာလောကကြီးရဲ့ ထိပ်ဆုံး၊ သို့မဟုတ် ဆုံးရှုံး ပျက်စီးမှုများရဲ့ အောက်ဆုံး' လို့ ဆိုရမှာပါပဲ။ တခြား ဂျူးကလေးသူငယ်တွေနဲ့ နှိုင်းစာပြီးဘယ်လောက်ကောင်းသလဲလို့ ကိုယ်တွေးမိရင် ကိုယ်ဟာ ကမ္ဘာလောကကြီးရဲ့ ထိပ်ဆုံးမှာပါပဲ။ ဒါပေမယ့် ကနေ့ မစ္စတာ ကူဖစ်က သူ့သမီး ကော်ရီရဲ့ ဟော်ကီကလပ်အကြောင်း၊ လှေလှော်ခရီးထွက်တဲ့ အကြောင်း၊ ဇာတ်ပွဲ သွားတဲ့အကြောင်းတွေကို လာပြောတာ ကြားရတော့ ကိုယ့်အဖြစ်ဟာ ဆုံးရှုံးပျက်စီးမှုများရဲ့ အောက်ဆုံးမှာ ရောက်နေတယ်လို့ ထင်မိပြန်တာပဲ။

ကော်ရီ့အပေါ်မှာ မနာလိုဝန်တိုစိတ်ရယ်လို့ ကိုယ့်မှာ မရှိပါဘူး။ ဒါပေမယ့် ပျော်ရွှင်ကြည်နူးမှုတွေကို တစ်ကြိမ်လောက်ပဲဖြစ်ဖြစ်ရလိုက်ချင်တယ်ဆိုတဲ့ မျှော်လင့်ချက်ကိုတော့ ကိုယ် တားဆီးထားဖို့ မတတ်နိုင်ဘူး ကစ်တီ။ အထူးသဖြင့် အခုလို နှစ်သစ်ကူးတဲ့အချိန်၊ ခရစ္စမတ် အချိန်မျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ အနေရအခက်ဆုံး ဖြစ်နေတာပါပဲ။ ဒီအကြောင်းတွေကို ကိုယ် မရေးချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရေးလို့အကျိုးလည်း မထူးဘူး။ စိတ်ညစ်စရာသာဖြစ်မှာမို့ပါပဲ။ ဒါပေမယ့် ကိုယ့်အပေါ်မှာ မင်းက ဘယ်လို ပဲဆင်ထင်၊ ကိုယ့်ရင်ထဲမှာချည်း မြိုသိပ်လို့မထား နိုင်ဘူး။ ဒါကြောင့် 'စာရွက်သည့် သည်းခံ၏' ဆိုတဲ့ ကိုယ့်စာလုံးကလေးတွေကို မင်းသတိရ သင့်ပါတယ်။

အဝတ်အစားမှာ အပြင်လေ အနံ့အသက်ပါပြီး မျက်နှာကလည်း အေးအေး ချမ်းချမ်းနဲ့ အပြင်ကတစ်ယောက်ယောက်များ ကိုယ့်တို့ဆီ ဝင်လာပြီလားဆိုရင် ကိုယ်ဟာ စောင်အထပ်ထပ်ကြားမှာ ခေါင်းကို မြှုပ်ထားလိုက်ပြီး အပြင်အကြောင်းကို မတွေးမိဖို့ ကြိုးစားရတာပဲ။ လေကောင်းလေသန့်ကိုများဘယ်တော့ ရှူရှိုက်ခွင့် ရမှာလဲ။

စောင်အထပ်ထပ်ရဲ့ကြားမှာ ခေါင်းကို ဝှက်မထားဘဲ ကိုယ်ခေါင်း ကို မော့၊ စိတ်ကို ရဲရဲထားပေမယ့် အတွေးတွေကတော့ မရေမတွက်နိုင်လောက်အောင် ပေါ်ပေါက်လာတတ်တာပဲ။ ဘယ်လိုပဲ ခိုင်လုံတဲ့ တရားအကြောင်းတွေရှိရှိ၊ ကျေးဇူး တရားတွေရှိရှိ ရင်ထဲက ခံစားမှုတွေကိုတော့ ဖျက်ပစ်လို့မရဘူး။ ကြိုက်ချေပစ် လို့မရဘူး။ ဘိုင်စကယ်စီးဖို့၊ ကခုန်ဖို့၊ တေးညည်းဖို့၊ အပြင်ကမ္ဘာကို လှမ်းမျှော် ကြည့်ရဖို့၊ ငယ်ငယ် ရွယ်ရွယ် ဘဝပါလားလို့ ခံစားရဖို့၊ ငါဟာလွတ်လပ် နေပါ့ကလားလို့ သိရဖို့ဆိုတာတွေဟာ ကိုယ့်ရဲ့ တောင့်တ ချက်တွေပါပဲ။ ဒါပေမယ့် အခု အထိ ဒီတောင့်တချက်တွေကို ကိုယ်မပြဘူး။ ဘာဖြစ် လို့လဲဆိုတော့ ကိုယ်တို့ ရှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် သနားနေကြ လို့ပဲဖြစ်ဖြစ်၊ တစ်ယောက်မျက်နှာကို တစ်ယောက်မကြည့် ချင်ကြတော့ လို့ပဲဖြစ်ဖြစ် အဲဒီလိုသာ တစ်ခုခုဖြစ်ကြရင် ကိုယ်တို့ဟာ ဘယ်လမ်း ဘယ်စခန်း ဆိုက်သွားမလဲဆိုတာ တွေးမိလို့ပါပဲ။

တစ်ခါတလေ 'ကျွန်မဟာ ပျော်ရွှင်ကြည်နူးမှုကို အငမ်းမရ လိုအပ်နေတဲ့ မိန်းမလေးသာ ဖြစ်ပါတယ်'ဆိုတာကို ဂျူးပဲဖြစ်ဖြစ်၊ ဂျူး





မဟုတ်သူပဲဖြစ်ဖြစ်၊ တစ်စုံတစ်ယောက်သော သူကများ သိနားလည်ကြပါ့မလား' လို့ ကိုယ့်ကိုယ်ကို မေးမိတယ်။ ဒါကို ကိုယ်လည်းမသိဘူး။ တခြားတစ်ယောက်ယောက်ကိုလည်း မပြောနိုင်ဘူး။ ပြောလို့ အဖြေမှန်ကို ကိုယ် သိရင် ငိုမိမှာပါပဲ။ ငိုကြွေးတာဟာ သက်သာရာတော့ရသား။

ကိုယ့်စာတွေ့ သဘောတရားတွေအားလုံးရဲ့ အကြားက ဒုက္ခအဖုံဖုံကို ကိုယ် ဘယ့်လောက်ပဲခံခံ နေ့စဉ်နေ့တိုင်း ကိုယ့်ကိုနားလည်တဲ့ မိခင်စစ်တစ်ယောက် နဲ့ ကိုယ်ဟာ လွဲနေခဲ့ရတယ်။ ဒါကြောင့် နောင်အခါကျရင် ရှိလာမယ့် ကိုယ့် သားသမီးတွေအတွက် ရည်ရွယ်ပြီး ကိုယ်လုပ်တာတွေရော၊ ကိုယ်ဖြစ်ချင်တာ တွေကိုရော ရေးနေတာပါပဲ။ အပျင်းပြေ ပြောတဲ့စကားတွေကို အကျမကောက်ဘဲ လေးလေးနက်နက်ပြောတဲ့ စကားတွေကို ဂရုတစိုက်ရှိတဲ့ မိခင်မျိုး ဖြစ်ချင်တယ်။ ကိုယ်က 'မေမေ' လို့ လိုက်လိုက်လှဲလှဲ အားပါးတရခေါ်ပြီး လေးစားဂုဏ်ပြုလို့ အားပါးတရ ချစ်ရမယ့် မိခင်မျိုး ကိုယ်လိုချင်တယ်။

ကဲ ဒါတွေကတော့ တော်လောက်ပါပြီ။ ဒီလိုရေးလိုက်ရတော့ 'ဆုံးရှုံး ပျက်စီးမှုရဲ့ အောက်ဆုံး'ကို ရောက်နေတဲ့ ကိုယ့်အတွေးတွေဟာ လွင့်စဉ်သွား တယ်ပေါ့။

မင်းရဲ့ အင်နာ။

* * *

စနေ

ဒီဇင်ဘာ ၂၅၊ ၁၉၄၃

ချစ်သော ကစ်တီ

ခရစ္စမတ်ပွဲတော်ရက်အတွင်းမှာ ကိုယ်ဟာ ဖေဖေ့အကြောင်း ကိုချည်း တွေးနေမိတယ်။ သူငယ်ငယ်က ဘဝအကြောင်းတွေကို ဖေဖေက ပြန်ပြောတယ်။ မနှစ်ကဆိုရင် သူ့စကားရဲ့အဓိပ္ပာယ်ကို အခုလောက် နားမလည်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဒီအကြောင်းတွေကို ဘာဖြစ်လို့ပြောသလဲဆိုတော့ တခြားလူတွေရဲ့ နှလုံးသား လျှို့ဝှက်ချက်ကိုနားလည်တဲ့ ဖေဖေဟာ သူကိုယ်တိုင်ရဲ့ ခံစားချက်တွေကို ထုတ်ပြောချင်လို့ပါပဲ။ အကြောင်း ဘဲနဲ့တော့ ဖေဖေဟာ ဘယ်တော့မှ သူ့အကြောင်းကို မပြောဘူး။ ဖေ ပြောတဲ့သဘောကို မားဂရေ့တောင်နားလည် တယ် ကိုယ်မထင်ဘူး ဖေဖေဟာ သနားစရာပါပဲ။ သူ့အကြောင်းတွေကို မမေ့ဘူး။ လစ်လျ ပြုစိတ်တွေလည်း များလာတယ်။ ကိုယ်လည်း အတိတ်ကအကြောင်း တွေအားလုံးကို ပြန်သတိမရဘဲ သူ့လိုပဲကြီးပြင်း အိုမင်းလာဖို့သာ မျှော်လင့်တယ်။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ

ဒီဇင်ဘာ ၂၇၊ ၁၉၄၃

ချစ်သော ကစ်တီ

သောကြာနေ့ညနေက ကိုယ့်တစ်သက်မှာ ပထမဆုံးအကြိမ် အဖြစ် ခရစ္စမတ် အတွက် လက်ဆောင်ရတယ်။ ကူဖစ်နဲ့ ကရာဂါတို့ရဲ့ သမီးများက ချစ်စရာ ကောင်းလောက်အောင် အံ့အားသင့်ဖို့ လုပ်ကြတယ်။ မီယက်က ခရစ္စမတ် ကိတ်မုန့်တစ်လုံး ပို့တယ်။ ကိတ်မုန့်ပေါ်မှာ 'ငြိမ်းချမ်း ရေး ၁၉၄၄' လို့ ရေးထားတယ်။ အဲလီကတော့ စစ်မဖြစ်မီက ဘီစကွတ် အချိုမျိုး တစ်ပေါင်ပို့ပေးတယ်။ လူကြီး တွေအတွက် ဘီယာတစ်လုံးစီ လက်ဆောင်ရကြတယ်။

သူတို့ကသာ ဒီလိုမလုပ်ရင် ခရစ္စမတ်ဟာ ကိုယ်တို့အတွက် လျှင်မြန်လွန်း လှတယ်လို့ ထင်စရာပါပဲ။

မင်းရဲ့ အင်နာ။

* * *





ဗုဒ္ဓဟူး

ဒီဇင်ဘာ ၂၉၊ ၁၉၄၃

ချစ်သော ကစ်တီ

မနေ့ညနေကတော့ ကိုယ်ဟာ မပျော်ပြန်ဘူး။ ဘွားဘွားကိုရော လက်ဂူဆင် ကိုရော ပြန်သတိရမိလို့ပါပဲ။ အင်တာမန် ချစ်လှစွာသော ဘွားဘွားရဲ့ ခံစားချက်တွေ၊ ချစ်စရာကောင်းပုံတွေကို ကိုယ်တို့ဟာ နည်းနည်းပဲနားလည်ခဲ့တယ်။ ဘွားဘွားဟာ သူ့မှာဖြစ်နေတဲ့ ကိုယ်တွင်း ရောဂါကို ကြိတ်မှတ်ပြီးခံခဲ့တယ်။ ကိုယ့်တို့အားလုံးကို စိတ်ဒုက္ခအဖြစ် မခံဘူး။ ကိုယ်ဟာ ဘယ်အခြေအနေ ဘယ်ဘဝရောက်ရောက် ဘွားဘွား ကိုတော့ သတိမရဘဲ မနေနိုင်ဘူး။

ဘွားဘွားက ကိုယ့်ကိုချစ်ရဲ့လား၊ ကိုယ့်အပေါ်မှာရော နားလည် ရဲ့လားဆိုတာ ကိုယ်မသိရိုးအမှန်ပဲ။ အားလုံးကတော့ ဘွားဘွားအကြောင်း ကို မပြောကြတော့ဘူး။ ကိုယ်တို့ရဲ့အကြားမှာပဲ ဘွားဘွားဟာ ဘယ်လောက်အထီးကျန်ဖြစ်နေခဲ့ရသလဲ။ လူတစ်ယောက်ဟာ လူပေါင်း များစွာက ချစ်တဲ့ခင်တဲ့ကြားကပဲ အထီးကျန် ဖြစ်နေနိုင်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ လူတိုင်းအတွက် 'တစ်ဦးတည်း သောသူ' မဖြစ်နိုင်လို့ပါပဲ။

လက်ဂူဆင်တစ်ယောက်ရော အသက်ထင်ရှား ရှိမှရှိသေးရဲ့လား။ သူဘာ တွေလုပ်နေသလဲ။ ဘုရားသခင်က သူ့ကို စောင်မတော်မူပါ။ လက်ဂူဆင်ရယ် မင်းကို ကိုယ်ရတော့ ထာဝစဉ် မြင်ယောင်နေပါတယ်။ မင်းရဲ့နေရာမှာ ကိုယ်ဝင် ကြည့်ပါတယ်။

ကြောက်စရာ အကောင်းဆုံးအရာတွေကိုသာ ဘာဖြစ်လို့ ကိုယ်ဟာ အိပ်မက် မက်နေရသလဲ။ ကိုယ့်မှာလည်း ကြောက်လွန်းလို့ စိတ်ရှိလက်ရှိ အော်ဟစ်လိုက်ချင်နေပြီ။ ဘာဖြစ်လို့လဲဆိုရင် ကိုယ်ဟာ ဘုရားသခင် အပေါ်မှာ အပြည့်အဝ ယုံကြည်ကိုးကွယ်ခြင်း မရှိသေးလို့ပါပဲ။ ဘုရား သခင် ဟာကိုယ့်ကို နည်းအမျိုးမျိုးနဲ့ စောင့်ရှောက်ခဲ့တာမှန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင်မှ ကိုယ်ဟာ နေ့စဉ် အမှားတွေကိုချည်း တွေ့နေရသေးတယ်။ ကိုယ့်လို ဘဝတူသတ္တဝါတွေအကြောင်း စဉ်းစားမိတိုင်း အမြဲပဲငိုချင်တယ်။

သူတို့ကို ကရုဏာထားဖို့ ကယ်ဆယ်ဖို့ ဘုရားသခင်ဆီမှာ ဆုတောင်း ရုံလောက်ပဲ တတ်နိုင်ပါတယ်။ ကိုယ်တတ်နိုင်တာလဲ ဒါလောက်ပဲလို့ ထင်ပါတယ်။

မင်းရဲ့ အင်နာ။

* * *

တနင်္ဂနွေ

ဇန်နဝါရီ ၂၊ ၁၉၄၄

ချစ်သော ကစ်တီ

ဒီနေ့မနက် ဘာမှလုပ်စရာမရှိတာနဲ့ ကိုယ့်မှတ်တမ်းကို ပြန်ဖတ်နေမိတယ်။ စာမျက်နှာတော်တော်များများမှာ 'မေမေ'ဆိုတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး ရေးထားတဲ့စာတွေကို တွေ့မိတော့ စိတ်ထဲမှာ တုန်လှုပ်ထူပူနေတာပဲ။

'အင်နာ ညည်းဟာ မုန်းတီးမှုကို တကယ်ဖော်ပြတာလား၊ အို ဘယ်ဖြစ် နိုင်ပါ့မလဲ အင်နာရယ်'လို့ ကိုယ့်ကိုယ်ကို ပြောနေမိတယ်။ စာအုပ်ကို ဖွင့်လျက်သား ကိုယ့်လက်ထဲမှာကိုင်ရင်း ဘာကြောင့် ကိုယ် ဒီလိုဖြစ်နေရသလဲ။ ဘာကြောင့် မုန်းတီးစိတ်တွေအကြောင်းကို စဉ်းစား နေရသလဲဆိုတာ တွေးနေမိတယ်။ ကိုယ်ဟာ လွန်ခဲ့တဲ့တစ်နှစ်လောက်က အင်နာကို နားလည်ဖို့ကြိုးစားတယ်။ ခွင့်လွှတ်ဖို့လည်း ကြိုးစားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖြေရှင်းဖို့မတတ်နိုင်ဘဲ ဒီစွပ်စွဲချက်တွေနဲ့ ချည်းထား ရမယ်ဆိုရင် ကိုယ့်စိတ်ထဲမှာ ဘယ်တော့မှ လိပ်ပြာသန့်တော့မှာ မဟုတ် လို့ပါပဲ။

ကိုယ့်ဦးခေါင်းကို ရေထဲမှာနှစ်ထားသလို (ဒီလိုပဲဆိုကြပါစို့) ခံနေရ လို့ ပေါ်လာတဲ့ သဘောတွေကြောင့် ကိုယ်ဟာအခုလည်း စိတ်ဝေဒနာ ခံစားရတယ်။ ဟိုတုန်းကလည်း ခံခဲ့ရတယ်။ တစ်ဖက်က စကားကို





မှန်မမှန် ဆုံးဖြတ်နိုင်ဖို့ ခွင့်မပေးဘဲ အရာဝတ္ထုတိုင်းကို စိတ္တဇဆန်ဆန် ကိုယ့်ကို မြင်ခိုင်းတယ်။ အတင်းအကျပ် ဖြေခိုင်းတယ်။ ဒီတော့ အင်မတန် ခေါင်းမာတဲ့ ကိုယ့်မှာ မပျော်ပိုက်နိုင်တော့ဘူး။

ကိုယ့်ကိုယ်ကို ကိုယ့်အတွင်းမှာပဲ သိုဝှက်ထားပြီး ကိုယ်သာလျှင် ကိုယ်ဖြစ် တယ်လို့ ယူဆကြတယ်။ ဒါ့ကြောင့် ကိုယ်ပျော်ရွှင်ရတာ၊ ဝမ်းနည်းရတာတွေကို ရွေးချယ်ပြီး ကိုယ့်မှတ်တမ်းထဲ သွင်းထားလိုက် တာပါပဲ။ ဒီမှတ်တမ်းဟာ ကိုယ့်အတွက် အများကြီး တန်ဖိုးရှိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ နေရာတကာမှာ မှတ်တမ်းစာအုပ် တစ်အုပ် အဖြစ်ကို ရောက်လာလို့ပါပဲ။ ဒါပေမယ့် တချို့စာမျက်နှာ တော်တော် များများမှာတော့ ကိုယ်ဟာ 'အတိတ်နှင့်လုပ်ငန်း' ဆိုတာကို သေသေ ချာချာရေးထားရပါလိမ့်မယ်။

မေမေနဲ့ မကြာခဏဆိုသလို ကိုယ် စိတ်ဆိုးလေ့ရှိတယ်။ အခုလည်း ဒီအတိုင်းပဲ။ သူက ကိုယ့်ကို နားမလည်တာမှန်တယ်။ ဒါပေမယ့် ကိုယ်ကလည်း သူ့ကိုနားမလည်ဘူး။ သူဟာကိုယ့်ကို အင်မတန် ချစ်ပါတယ်။ သူကိုယ်တိုင်လည်း ချစ်စရာကောင်းပါတယ်။ ဒါပေမယ့် ကိုယ့်ကြောင့် သူ့မှာ မကြည်မသာဖြစ်ရတယ်။ တခြားသောကတွေ အခက် အခဲတွေကြောင့် သူ့မှာ သောကဗျာပါဒများရတယ်။ ဒါတွေဟာ သေသေ ချာချာ နားလည်နိုင်ပါတယ်။

ဒါတွေကို ကိုယ်က အလေးအနက်သဘောထားပြီး မေမေ့ကို အာခံတယ်။ ကြမ်းတမ်းရိုင်းစိုင်းတယ်။ ဒီတော့ အတုံ့အလှဲ့က ဘာလဲ။ မေမေဟာ မပျော်ပိုက်ဘူး။ ဒါနဲ့ပဲ တစ်ချိန်လုံးလုံး ရှုပ်ထွေးပြီး မကြည် မသာ ဖြစ်ကြရရော။ ကိုယ်တို့ နှစ်ယောက်စလုံးအတွက် မကောင်းပါဘူး။ ဒါပေမယ့် ပြီးတာတွေက ပြီးပြီလေ။

ဒီအရာတွေအားလုံးကို ကိုယ် မဖြစ်ချင်ဘူး။ ကိုယ့်ကိုယ်ကိုလည်း သိပ်သနားတယ်။ ဒါကိုလည်း နားလည်သင့်ပါတယ်။ နားလည် နိုင်ကောင်း ပါတယ်။ ဒေါသဆိုတာ ထွက်ချင်ပေမယ့် မထွက်ရတော့အကြိတ်အခဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုကြီးလာကြတယ်။ သာမန်ဘဝမျိုး သာဆိုရင် အခန်းထဲမှာ ခြေဆောင့်ပြီး မေမေ့နာမည်ကို ကျောဘက်က အော်ခေါ်ပစ်လိုက်မိမှာပဲ။

မေမေ့ကို မျက်ရည်ကျအောင် လုပ်ခဲ့မိတဲ့ အချိန်ကာလဟာ လွန်ခဲ့ပါပြီ။ ကိုယ်လည်း အသိအလိမ္မာ တိုးလာပါပြီ။ မေမေ့အာရုံကြောတွေကလည်း အဆုံးစွန် ကို မရောက်သေးပါဘူး။ ကိုယ်က မကျေနပ်ရာတွေ လည်းပါးစပ် ပိတ်ထားတယ်။ မေမေကလည်း ဒီလိုပဲဆိုတော့ ကိုယ်တို့နှစ်ယောက်ရဲ့ အခြေဟာပိုပြီး ကောင်းလာတယ်ပေါ့။

ကိုယ်ဟာ အားထားမှီခိုနေရတဲ့ ကလေးလေးတစ်ယောက်အဖြစ်နဲ့ မေမေ့ကို မချစ်နိုင်တာအမှန်ပဲ။ ဒီလိုခံစားမှုမျိုး ကိုယ့်မှာ မရှိဘူး။

ခက်ခဲမာကြောတဲ့ စကားလုံးတွေကို မေမေက သူ့နှလုံးသားထဲမှာ သိုဝှက် ထားမယ့်အစား စာရွက်ပေါ်မှာပဲ ထားလိုက်တာ ကောင်းတယ်လို့ တွေးပြီး ကိုယ့်စိတ်ကို အေးရာအေးကြောင်း ရှာနေရတယ်။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး
ဇန်နဝါရီ ၅၊ ၁၉၄၄

ချစ်သော ကစ်တီ

ဒီနေ့တော့ မင်းကို ကိုယ်က ဖြောင့်ချက်ပေးစရာ အချက်နှစ်ချက် ရှိလေရဲ့။ ဒီလိုဖြောင့်ချက်ပေးဖို့အတွက်အချိန်လည်း တော်တော်ကြာပါလိမ့်မယ်။ ဒီအကြောင်းကို ကိုယ်က တစ်စုံတစ်ယောက်ကိုတော့ ပြောရမှာပါပဲ။ ဘယ်သူ့ကို ပြောရ မလဲဆိုတော့ ဘာပဲဖြစ်ဖြစ် လျှို့ဝှက်ထားလေ့ရှိကြောင်း ကိုယ်သိပြီးဖြစ်တဲ့အတိုင်းပဲ မင်းကိုသာပြောဖို့ အကောင်းဆုံးပါ။

ပထမ အချက်က မေမေ့ကိစ္စ။ မေမေ့အကြောင်းကို ကိုယ်အများကြီးပြောခဲ့ ပြီးပြီဆိုတာ မင်းအသိပဲ။ အခုအထိ မေမေနဲ့ သင့်တင့်အောင် နေဖို့ ကိုယ်ကြိုးစား ခဲ့ပါတယ်။ အခုတော့ သူ့မှာ ဘာလိုနေတယ်ဆိုတာ





ကိုယ် ရှင်းရှင်းလင်းလင်း သိလာပြီ။ ကိုယ်တို့အပေါ်မှာ သမီးများအဖြစ်ထက် မိတ်ဆွေများအဖြစ်ပိုပြီး ပြုစုစောင့်ရှောက်ခဲ့တယ်လို့ မေမေက ပြောလေ့ရှိတယ်။ ဒါဟာ အင်မတန်ကောင်းပါတယ်။ ဒါပေမယ့် မိတ်ဆွေတစ်ယောက်ဟာ မိခင်နေရာမှာ အစားဝင်လို့မရပါဘူး။ ကိုယ့်အမေဟာ ကိုယ့်အတွက် နမူနာဖြစ်စေချင်တယ်။ သူ့အပေါ်မှာ ကိုယ်က လေးစားနိုင်ဖို့ ကိုယ်လိုလားတယ်။ မားဂေါ့ကတော့ ဒါတွေကို တစ်မျိုးတွေးမယ်။ မင်းကို ကိုယ်က ပြောပြနေတာတွေကိုလည်း နားလည်နိုင်မှာ မဟုတ်ဘူးလို့ ကိုယ်ထင်တယ်။ ဖေဖေကဆို မေမေနဲ့ပတ်သက်တဲ့ အငြင်းပွားစရာဟူသမျှ ရှောင်နေတာပဲ။

မိခင်တစ်ယောက်ဆိုတာဟာ ပထမဦးစွာ ကိုယ်တို့အသက်အရွယ်မျိုးရှိလာတဲ့ သားသမီးအပေါ်မှာ နည်းပရိယာယ်နှင့် လိမ္မာရေးခြားရှိရှိ ပြုကျင့်အပ်တယ်။ တစ်စုံ တစ်ခုလိုချင်တဲ့အတွက် ငိုတဲ့ကိုယ့်ကို မရယ်မောတဲ့ မိခင်မျိုးဖြစ်အပ်တယ်လို့ ကိုယ်ထင်တယ်။

တစ်ခုရှိတာက ရှုးမိုက်ရာများ ကျနေမလားတော့ မသိဘူး။ ကိုယ်က သူ့ကိုခွင့်မလွှတ်ခဲ့တာပါပဲ။ တစ်နေ့ ကိုယ်သွားစိုက် ဆရာဝန်ကြီးဆီ သွားရတဲ့နေ့မှာပေါ့။ မေမေနဲ့ မားဂေါ့တို့က ကိုယ်နဲ့အတူ လိုက်မယ်တဲ့။ နောက်ပြီး ကိုယ့် ဘိုင်စကယ်ကိုလည်း ယူသွားဖို့ သဘောတူတယ်။ သွားစိုက်ဆရာဝန်ဆီသွားပြီး အပြန်တစ်ခုခုကြည့်ဖို့လား၊ တစ်ခုခုဝယ်ဖို့လားတော့မသိဘူး။ ကိုယ် ကောင်းကောင်း မမှတ်မိတော့ဘူး။ မြို့ထဲလှည့်ကြတယ်။ ကိုယ်ကလည်း သွားချင်တာပေါ့။ ဒါပေမယ့် ကိုယ့်မှာ ဘိုင်စကယ်ပါတဲ့အတွက် ကိုယ့်ကို ခွင့်မပြုဘူး။ ကိုယ်လည်း မျက်ရည်တွေကျလာတာပေါ့။ ဒါကို မေမေနဲ့ မားဂေါ့က ဝိုင်းရယ်ကြတယ်လေ။

ကိုယ်လည်း လှမ်းသွားလမ်းလာတွေ အံ့အားသင့်လောက်အောင် စိတ်ဆိုး၊ မာန်ဆိုး ပြောဆို အော်ဟစ်ပြီးဘိုင်စကယ်နဲ့ အိမ်ပြန်လာခဲ့တယ်။ ဒါ့အတွက် အကြာ ကြီး ငိုကြွေးခဲ့ရတယ်ဆိုတာ ကိုယ်သိတယ်။

အဲဒီ မွန်းလွဲပိုင်းတုန်းက ကိုယ် ဘယ်လောက် စိတ်ဆိုးခဲ့ရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တွေးကြည့်ထဲ့အခါတိုင်း မေမေလုပ်ခဲ့တဲ့ ဒဏ်ရာဒဏ်ချက်ဟာ အခုအထိ လောင်ကျွမ်း နာကြင်နေတုန်းလို့ ထင်တယ်။

ဒုတိယအချက်ကတော့ ကိုယ့်အကြောင်း ဖြစ်နေတဲ့အတွက် ပြောဖို့ တော်တော်ခက်ပါတယ်။

မနေ့က ဟေးစတားရေးတဲ့ ရှက်သွေးဖြာခြင်းနဲ့ ပတ်သက်တဲ့ ဆောင်းပါးကို ကိုယ်ဖတ်တယ်။ ဒီဆောင်းပါးဟာ ကိုယ့်ကိုယ်များ ရည်ညွှန်း ရေးလိုက်တာလားမသိ။ ကိုယ်ဟာအလွယ်တကူတော့ ရှက်သွေး မဖြာတတ်ပါဘူး။ သူကဘာရေးထားသလဲဆိုတော့ အကြမ်းဖျင်းအားဖြင့် အရွယ်ရောက်လာတဲ့ မိန်းကလေး တစ်ယောက်ဟာ ကိုယ့်ကိုယ်ကို စိတ်ဝင်စားတယ်။ သူ့ခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာတဲ့ အံ့သြစရာတွေ အကြောင်းကို စဉ်းစားစ ပြုလာတယ် စသည်ဖြင့်ပေါ့လေ။

ကိုယ်လည်း ဒီအတွေ့အကြုံကိုရလာခဲ့ပြီ မဟုတ်လား။ ဒါကြောင့် မကြာမီကစလို့ မားဂေါ့၊ မေမေနဲ့ ဖေဖေတို့အတွက်ကိုယ့်မှာ အနှောင့်အယှက် ဖြစ်စရာတွေ ပေါ်လာတယ်လို့ ထင်နေတာပဲ။ ရယ်စရာကောင်းတာတစ်ခုက ကိုယ့်ထက် ရှက်တတ်တဲ့ မားဂေါ့က လုံးလုံးအနှောင့်အယှက် မဖြစ်ဘဲနေနိုင်တဲ့ကိစ္စပါပဲ။

ကိုယ့်မှာ ဘာဖြစ်နေတယ်ဆိုတာ ကိုယ့်ခန္ဓာကိုယ်မှာ မြင်နိုင်တာတွေသာမက အတွင်းဘက်မှာ ဖြစ်ပျက်နေတာတွေအားလုံးဟာ အံ့သြစရာတွေပါပဲ။ ဒီအကြောင်းတွေကို ကိုယ့်ဘာသာကိုယ်သော်လည်းကောင်း၊ တခြားသူနဲ့သော်လည်းကောင်း ဆွေးနွေးခြင်းမပြုခဲ့ဘူး။ ဒါ့ကြောင့် ဒီအကြောင်းတွေကို ကိုယ့်ဘာသာ ကိုယ်ပြောရတာပါပဲ။

ကိုယ့်မှာ ဓမ္မတာလာတာ သုံးကြိမ်လောက်ပဲ ရှိသေးတယ်။ အဲဒီလို ဓမ္မတာတစ်ကြိမ်လာတိုင်း နာကျင်မှု၊ နေမထိထိုင်မသာဖြစ်မှု၊ ပေရေမှုတွေအကြားကပဲ ကိုယ့်မှာ သင်းပျံ့တဲ့ လျှို့ဝှက်ချက်ရယ်လို့ ရှိခဲ့တယ်။ တစ်နည်းအားဖြင့် ဓမ္မတာလာတာဟာ ကိုယ့်အတွက် အနှောင့်အယှက်ဖြစ်ရိုးမှန်ပေမယ့် ဒီလိုဓမ္မတာလာချိန်ကိုပဲ ကိုယ် အမြဲစောင့်စားမိတယ်။





ကိုယ့်စိတ် စေတသိက်ထဲမှာ လျှို့ဝှက်ချက်ရယ်လို့ နှလုံးပိုက်မှာပါပဲ။

ဟေးစတားက ဒီလိုအရွယ် မိန်းကလေးတွေဟာ မတည်ငြိမ်ဘူး။ ကိုယ့်ကိုယ်ကို မယုံဘူး။ အတွေးအခေါ် အကြံအစည်နဲ့ အမူအကျင့်တွေ ရှိပြီးသူတွေသာ ဖြစ်တယ်လို့လဲ ရေးထားတယ်။ ကိုယ်ဟာ အသက် ၁၄ နှစ် ရှိလာတော့အများ မိန်းကလေးတွေလိုပဲ ကိုယ့်အကြောင်းကိုယ် တွေးမိတဲ့အခါ ကိုယ်ဟာလည်း 'တစ်ယောက်သောလူ'ပါလားလို့ သိလာတယ်။ တစ်ခါတလေ အိပ်ရာပေါ်မှာ လဲလျောင်းရင်း ကိုယ့်ရင်သားတွေကို စမ်းသပ်တို့ကိုင်ဖို့၊ ကိုယ့်နှလုံးသားအချက် ညီညီခုန်တာကို နားထောင်ဖို့ ပြင်းပြတဲ့ဆန္ဒတွေ ပေါ်လာတတ်တယ်။

ဒီလိုမဖြစ်ခင် အလားတူခံစားမှုမျိုးကို ကိုယ်ဟာ မသိလိုက်မသိဘာသာ တွေ့ခဲ့ရဖူးပါပြီ။ တစ်ခါက မိတ်ဆွေ မိန်းကလေးတစ်ယောက်နဲ့ အတူအိပ်တာကို ကိုယ် အမှတ်ရသေးတယ်။ ဒီလိုအိပ်ရင်း သူ့ကိုကိုယ်က သိပ်နမ်းချင်တဲ့ဆန္ဒဖြစ်လာတာနဲ့ နမ်းလိုက်တယ်။ သူက သူ့ကိုယ်ကို အမြဲတမ်းဝှက်ထားတဲ့အတွက် သူ့ကိုယ် ခန္ဓာကို စူးစမ်းချင်စိတ် ကိုယ့်မှာ ချိုးနှိမ်လို့ မရတော့ဘူး။ ကဲ ဒီတော့ မိတ်ဆွေပီသတဲ့ သာဓကအဖြစ် တစ်ယောက်ရင်သားကို တစ်ယောက်ဆွဲရ စမ်းရအောင်လားလို့ ပြောတော့သူက ငြင်းဆိုခဲ့တယ်။

ဗီးနပ်(စ်)တို့လို ကိုယ်လုံးတီး မိန်းမတစ်ယောက်ရဲ့ပုံကို တွေ့တိုင်း ကိုယ့်စိတ်ဟာ ထိန်းမနိုင် သိမ်းမရ ဖြစ်ခဲ့ဖူးတယ်။ သိပ်စိတ်လှုပ်ရှားပြီး အံ့သြလွန်း အံ့အားသင့်လွန်းလို့ ကိုယ့်ပါးပြင်ပေါ်ကို မျက်ရည်တသွယ်သွယ် စီးကျနေမှန်းတောင် မသိခဲ့ဘူး။

တကယ်လို့သာ ကိုယ့်မှာ မိန်းကလေး မိတ်ဆွေတစ်ယောက်သာ ရှိခဲ့ရင်။

မင်းရဲ့ အင်နား

* * *



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေး
ဇန်နဝါရီ ၆၊ ၁၉၄၄

ချစ်သော ကစ်တီ

တစ်ယောက်ယောက်နဲ့ စကား ပြောချင်တဲ့စိတ်ဟာ ဘယ်လောက် ပြင်းပြ လာသလဲဆိုတော့ ပြောစရာမရှိတဲ့အဆုံး ပီတာကိုပဲ စကားပြော ဘက်ရွေးမိတဲ့ အထိဖြစ်လာတယ်။

တစ်ခါတလေ နေ့ခင်းတက် အပေါ်ထပ်က ပီတာ့အခန်းထဲ ကိုယ်ရောက်နေတတ်တဲ့ အခါမျိုးမှာ ကိုယ်ဟာ တော်တော်လေး အနေ ကြပ်တယ်လို့ထင်တယ်။ ဒါပေမယ့် ပီတာဟာ ဖော်ဖော် ရွေရွေရှိပါတယ်။ နောက်ပြီး လူတစ်ယောက်က သူ့ကို ဘယ့်လောက်ပဲ အနှောင့်အယှက် ပေးပေး လွယ်လင့်တကူ ကျောခိုင်းမယ့်လူ မဟုတ်ဘူး။ ကိုယ်ကလည်း သူ့အခန်းထဲမှာ ကြာကြာ မနေနိုင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်က အနှောင့်အယှက်ပေးတယ်လို့ သူထင်သွားမှာစိုးလို့ပါပဲ။

ဒါပေမယ့် သူ့အခန်းထဲမှာဝင်ပြီး စကားပြောခွင့်ရဖို့ အမှတ်မထင် ကိုယ်က ကြိုးစားခဲ့တော့ မနေ့ကဘဲ ဒီအခွင့်အရေးကို ရခဲ့တယ်။ အဲဒီ အချိန်မှာ ပီတာဟာ ဖဟောင့်ဒ် ရောဂါထနေပြီး ဘာတစ်ခုမှလဲ ဖြေလို့ မရတဲ့အချိန်ကိုး။ ဒီတော့ ကိုယ်ကပါ ကူဖြေပေးတယ်။ စားပွဲလေး တစ်လုံးမှာ သူက ကုလားထိုင်ပေါ်က ကိုယ်က နံရံကပ် ခုတင်လေးပေါ် က မျက်နှာချင်းဆိုင်လို့ ထိုင်နေမိကြတယ်။

သူ့ရဲ့ မျက်လုံးပြာကြီးတွေကို ကြည့်မိတိုင်း ကိုယ့်မှာ စိတ်လှုပ်ရှား တယ်။ သူ့နှုတ်ခမ်းအစုံဟာ အဓိပ္ပာယ်နက်နဲတဲ့သဘောနဲ့ ပြုံးရယ်နေသ လိုပါပဲ။ သူ့အတွင်း စိတ်ကို ကိုယ်နားလည်နိုင်ပါပြီ။ အကူအညီမဲ့ ဖြစ်နေပုံ၊ ဘယ်လိုပြောဆို နေထိုင် ရမယ်ဆိုတာမသိဘဲ မတည်မငြိမ် ဖြစ်နေပုံကို သူ့မျက်နှာမှာ မြင်ရတယ်။ နောက်ပြီး လူလားမြောက်နေတဲ့ လူတစ် ယောက်ရဲ့ အတွေ့သဘောကိုလည်း ကိုယ်အရိပ်အကဲ ဖမ်းမိနေ တယ်။

ခပ်ရှက်အမ်းအမ်းဖြစ်နေတဲ့ သူ့စိတ်သဘောကို ကိုယ် သတိထား





မိပြီး သိပ်ကိုလည်း ကျေနပ်နှစ်သိမ့်မိတာပဲ။ မဲမှောင်တဲ့ မျက်လုံး ပြာကြီး တွေကို ကိုယ်ကမကြည့်ဘဲမနေနိုင်ဘူး။ နောက်ပြီး သူ့ကို ကိုယ့်နှလုံး သားထဲကနေပြီး အကဲခတ် စူးစမ်းနေလိုက်မိတယ်။ အို မင်းရဲ့ အတွင်းစိတ်မှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကိုယ့်ကို ပြောစမ်းပါကွာ။

ဒါပေမယ့် ညနေပိုင်း အချိန်သာကုန်ရော ကိုယ်က ရှက်သွေးဖြာ ခြင်း အကြောင်းကို ပြောပြတာမှအပ ဘာမှတော့ မဖြစ်ပါဘူး။ ဒီ အကြောင်းပြောရ တာကလည်း သူဟာအရွယ်ရောက်လာပြီမို့ သူ့ကိုယ်သူ ပိုပြီး ယုံကြည်စိတ်ချအောင်ပေါ့။

အိပ်ရာပေါ်မှာ လဲလျောင်းပြီး အခြေအနေတစ်ခုလုံးကို ကိုယ်စဉ်း စားကြည့်တဲ့အခါကျတော့ စောစောကဖြစ်ခဲ့တဲ့အဖြစ်ဟာ အားတက်ဖို့ ကောင်းတာ မဟုတ်ဘူး။ ... 

ဒီလိုဆိုလိုက်တာနဲ့ ကိုယ်ဟာ ပီတာ့အပေါ် ချစ်နေပြီလို့တော့ မထင်လေနဲ့။ လုံးလုံးကိုမဟုတ်ဘူး။ ဖန်ဒန်းတို့လင်မယားမှာ သားအစား သမီးတစ်ယောက်ရှိတယ်ဆိုလည်း သူနဲ့မိတ်ဆွေဖြစ်ဖို့ ကိုယ်ကြိုးစားမှာပဲ။

ဒီနေ့မနက် ၇ နာရီထိုးဖို့ ငါးမိနစ်လောက်အလိုမှာ ကိုယ်နိုးတယ်။ နိုးတာနဲ့ ကစ်ပြိုင်နက်တည်းမှာပဲ ညက ဘာအိပ်မက်မက်ခဲ့တယ်ဆိုတာ ကိုယ်ချက်ချင်း သိတယ်။ ကိုယ်က ကုလားထိုင်မှာထိုင်ပြီး ကိုယ့်ရှေ့မှာ ပီတာရယ်၊ ဝဲဆယ်ရယ် ထိုင်လို့။ မာရီဘိုစ်ဆွဲတဲ့ ပန်းချီပုံစာအုပ်ကို ကိုယ်တို့ အတူတူကြည့်နေကြတယ်။ အိပ်မက်က ဘယ်လောက်သေချာ သလဲဆိုတော့ စာအုပ်ထဲက ပန်းချီပုံတချို့ကို ကိုယ် အခုအထိ မှတ်မိ နေသေးတယ်။ ဒါကင်ပြီးပလားဆိုတော့ မဟုတ်သေးဘူး။ အိပ်မက် အဆက်က ဘယ်လိုလဲဆိုတော့ ပီတာနဲ့ ကိုယ်ရဲ့မျက်လုံးတွေဟာ ဆုံစည်း

www.burmeseclassic.com



မိကြပါလေရော။ သူ့ရဲ့ လှပပြီး ပြာမှိုင်းနေတဲ့ မျက်လုံးအစုံကို ကိုယ်က အကြာကြီး ကြည့်နေလိုက်မိတယ်။ နောက်တော့ ပီတာက 'စောစောကသာ မင်းကိုသိရင် မင်းဆီကို ကိုယ်လာတာကြာပြီ'လို့ ဖြည်းဖြည်းသာသာပြောတယ်။ ကိုယ်က ရှက်လွန်းလို့ နောက်ကိုလှည့်နေလိုက်မိတယ်။ အဲဒီနောက်ပိုင်းမှာ ကိုယ့်ပါးပြင်ကို အေးစက်ပျော့ပျောင်းတဲ့ ပါးပြင်တစ်ခုက လာထိတယ်။ အို၊ ကိုယ့်စိတ်ထဲမှာ သိပ်နှစ်သိမ့်သာယာလို့ပေါ့။

အဲဒီအချိန်မှာ ကိုယ်နိုးတာပါပဲ။ သူ့ပါးပြင်က ကိုယ့်ပါးပြင်ကို ကပ်ထားဆဲ။ သူ့မျက်စိအစုံက ကိုယ့်နှလုံးသားထဲကို စူးစူးရှရှ ထိုးဖောက်ကြည့်နေဆဲမှာ နိုးလာတယ်ဆိုပါတော့။ သူ့အကြည့်ဟာ သူ့ကိုကိုယ် ဘယ်လောက်ချစ်ခဲ့တယ်၊ အခုအထိ ဘယ်လောက်ချစ်နေသေးတယ်ဆိုတာကို ထွင်းဖောက်ပြီး သိနေသလိုပဲ။

ကိုယ့်မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လျှံလာတယ်။ သူ့ကို ဆုံးရှုံးရတဲ့အတွက် ကိုယ်ဝမ်းနည်းတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ ဝမ်းသာမိနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပီတာကို တစ်ဦးတည်းသောသူအဖြစ် ကိုယ်သေသေချာချာ ရွေးချယ်လိုက်မိလို့ပါပဲ။

ဒီလို အထင်အရှား ရုပ်ပုံလွှာတွေကို ခဏခဏ အိပ်မက် မက်တာဟာ သိပ်ထူးဆန်းတာပဲ။ ပထမ ကိုယ့်အဖေဘက်က ဘွားဘွားကို အိပ်မက် မက်တယ်။ အိပ်မက်ထဲမှာ မြင်ရတဲ့ရုပ်ဟာ ဘယ်လောက် ပြတ်သားကြည်လင်သလဲဆိုတော့ ဘွားဘွားရဲ့ ကတ္တီပါလို ပျော့ပျောင်း ပြည့်ဖြိုးတဲ့ အသားအရေကိုတောင် ရှင်းရှင်းကြီး မြင်နေရတယ်။ နောက် အမေ့ဘက်က ဘွားဘွားကို သူရဲကောင်းမ်ိနတ်သမီးအဖြစ် တွေ့ရပြန်ရော။ နောက်တစ်ခါ လက်ဂူဆင်လေ။ လက်ဂူဆင်ကိုတော့ ကိုယ်တို့ မိန်းကလေး သူငယ်ချင်းအားလုံး၊ ဂျူးလူမျိုးအားလုံးရဲ့ အတိဒုက္ခတွေကို ကိုယ်ခံစား နေရသူအဖြစ် တွေ့ရတယ်။ သူ့အတွက် ကိုယ်ဆုတောင်းမေတ္တာပို့သတာဟာ ဂျူးအားလုံးအတွက် ဆုတောင်းမေတ္တာပို့သတာနဲ့ အတူတူပါပဲ။





အခုတစ်ခါ ပီတာ။ ကိုယ့်အချစ်ဆုံး ပီတာရဲ့ရုပ်ပုံလွှာကို တစ်ခါမှ ကိုယ့် စိတ်ထဲမှာ ဒီလောက် စွဲစွဲမြဲမြဲ မမြင်မိသေးဘူး။ သူ့ဓာတ်ပုံကို ကိုယ်မလိုပါဘူး။ ကိုယ့်မျက်စိထဲမှာ ပြတ်ပြတ်သားသား ကောင်းကောင်းမွန်မွန် မြင်နေနိုင်ပြီပဲ။

မင်းရဲ့ အင်နာ။

* * *

သောကြာ
ဇန်နဝါရီ ၇၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ်ဟာ ဘယ်လောက်မိုက်မဲတဲ့ ကောင်မလေးလဲဟင်။ ကိုယ်နဲ့ ကိုယ့် ယောက်ျားလေး မိတ်ဆွေအားလုံးရဲ့ ရာဇဝင်ကို မပြောရသေးဘူးဆိုတာ ကိုယ်လုံးလုံးမေ့ထားခဲ့တယ်။

အင်မတန် ငယ်သေးတဲ့အရွယ် သူငယ်တန်းတုန်းကပေါ့။ ကိုယ်နဲ့ အခင်ဆုံးဟာ ကာရယ်ဆမ်ဆင်ပဲ။ သူ့မှာအဖေမရှိဘူး။ အမေရယ် အဒေါ်ရယ်နဲ့ နေရတယ်။ ကာရယ်ရဲ့ ညီအစ်ကိုတစ်ဝမ်းကွဲ ရော့ဘီကတော့ အသားညိုညိုနဲ့ ကြည့်ကောင်းတယ်။ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်ပဲ။ သူက ကာရယ်ထက်ပိုပြီး ခင်စရာကောင်းတယ်။ ဒါပေမယ့် ကိုယ်ဟာ ကာရယ်ကို နှစ်ပေါင်းများစွာ ချစ်ခင်လာခဲ့တယ်။

ကိုယ်တို့ဟာ အတူတကွ အကြာကြီး နေလေ့ရှိကြပေမယ့် နောက်ပိုင်းကျတော့ ကိုယ့်အချစ်ဟာ လျော့ပါးသွားခဲ့တယ်။

ဒီနောက် ပီတာဝဲဆယ်တစ်ယောက် ပေါ်လာတာပဲ။ ကလေးဆန်ဆန် ပေါ့လေ။ ကိုယ်လည်း သူ့ကို သိပ်ချစ်နေမိတယ်။ သူကလည်း ကိုယ့်ကို အင်မတန်ချစ်တယ်။ ဒါနဲ့ ကိုယ်တို့ဟာ တစ်နွေလုံးလုံး မခွဲမခွာ နေခဲ့ကြတယ်။ သူက အဖြူရောင်ချည်ထည်စုံ၊ ကိုယ်က နွေရာသီဝတ်စုံ ဝတ်ကြပြီး လမ်းမတကာမှာ အတူတူ လက်တွဲလျှောက်ခဲ့ကြတာကိုအခု



www.burmeseclassic.com

www.burmeseclassic.com



အထိသတိရနေမိသေးတယ်။

နွေရာသီ ကျောင်းပိတ်ရက်ပြီးတော့ သူဟာ အထက်တန်းကျောင်းက ပထမတန်းကိုရောက်သွားပြီး ကိုယ်က အလယ်တန်းကျောင်းက ဆဌမတန်းကို ရောက်သွားတယ်။ သူနဲ့ကိုယ်ဟာ ကျောင်းဆင်း ကျောင်းတက်တွေမှာ တလဲစီ စောင့်ကြ တွေ့ကြတာပဲ။ ပီတာဝဲဆယ်ဟာ အင်မတန် ကြည့်လို့ကောင်းတဲ့ ယောကျ်ားလေးပဲ။ အရပ်မြင့်တယ်၊ ရှုပ်ချောတယ်၊ ကိုယ်လုံးကိုယ်ထည် ပြေပြစ်တယ်၊ တက်ကြွ တည်ငြိမ် အကင်းပါးတဲ့ မျက်နှာရှိတယ်။ သူ့ဆံပင်ဟာ နက်မှောင် နေပြီး မျက်လုံးက အညိုရောင်၊ ပါးပြင်က မို့ဖောင်းဖောင်း၊ နှာတံပေါ်ပေါ်နဲ့ပေါ့။ သူ့ရဲ့ ဟက်ဟက်ပက်ပက် ရယ်မောပုံကို ကိုယ်ဟာ အရှုးအမူး စွဲလမ်းနေမိခဲ့တယ်။

ကျောင်းပိတ်ရက်မှာ ကိုယ်က တောသွားတယ်။ ကိုယ်ပြန်လာတော့ ပီတာဟာ တစ်နေရာကိုရွှေ့ပြီး သူ့ထက်အသက်ကြီးတဲ့လူတစ်ယောက်နဲ့ အတူနေတယ်။ ကိုယ်ဟာ ကလေးစိတ်မပျောက်သေးတဲ့ ကောင်းမလေးဖြစ်ကြောင်း အဲဒီလူက နားချလေတော့ ပီတာကလည်း ကိုယ့်ကို ပစ်ပယ်လာတယ်။ ကိုယ်က သူ့ကို အလွန်အမင်း ချစ်တာမို့ အမှန်တရားကို ကိုယ်လက်မခံနိုင်ခဲ့ဘူး။

ဂျူး အလယ်တန်းကျောင်းကို ကိုယ်တက်တော့ အတန်းထဲက ယောကျ်ားလေး တော်တော်များများဟာ ကိုယ်နဲ့ ရင်းနှီးကြတယ်။ ဒီလို ရင်းနှီးတာဟာ ပျော်စရာ ဂုဏ်ယူစရာလို့ ကိုယ်ထင်မိခဲ့တယ်။ နောက်တော့ ဟယ်ရီဟာ ကိုယ့်ကိုတန်းတန်းစွဲ အရူးအမူး ဖြစ်နေပေမယ့် မင်းကို ကိုယ်ပြောခဲ့တဲ့အတိုင်း ကိုယ်နဲ့ ချစ်ကျွမ်းဝင်ခြင်း မဖြစ်တော့ပါဘူး။

'အချိန်သည် ဒဏ်ရာဒဏ်ချက်ကို ကုစားသည်'ဆိုတဲ့ စကားပုံရှိတယ်။ ကိုယ်လည်း ဒီစကားပုံအတိုင်းပေါ့။ ကိုယ်ဟာ ပီတာဝဲဆယ်ကို မေ့လျော့ထားခဲ့ပြီ။ နောက်ထပ် သူ့အပေါ်မှာ ပြတ်ပြတ်တောင်းတောင်း ဖြတ်ခဲ့တာကို ပြန်စဉ်းစား ကြည့်မိပါတယ်။ ဒါပေမယ့် သူ့အပေါ်





ဘယ်လောက် သတိရနေသေးသလဲဆိုရင် တစ်ခါတလေများ တခြားမိန်းကလေး တွေကို မနာလိုဝန်တိုဖြစ်သည် အထိပါပဲ။ ဒါကြောင့်လည်း သူ့ကို ကိုယ်မနှစ်သက်နိုင်တော့တာပါဘဲ။ ဒီနေ့မနက်တော့ ဘာမှမပြောင်းလဲဘူးဆိုတာ ကိုယ်သိတယ်။ ဒီလို မပြောင်းလဲတဲ့အပြင် ကိုယ်ဟာ ပိုအသက် ကြီးလာတယ်။ ပိုရင့်ကျက်တည်ငြိမ်လာတယ်။ ကိုယ့်အချစ်ဟာလည်း ဒီလိုပဲ ပိုပြီးရှင်သန် ကြီးထွားလာတယ်။ ပီတာဝဲဆယ်က ကိုယ့်ကို သူငယ်နုပ်စား ရယ်လို့ထင်ခဲ့တာကို အခု ကိုယ်နားလည်လာတယ်။ နောက်ပြီး ကိုယ့်ကို လုံးလုံး လျားလျား မေ့ဖြစ်ခဲ့တာကိုလည်း အခုအထိ နာကျည်းဆဲပဲ။ သူ့မျက်နှာကို စိတ်ထဲမှာ စွဲနေတုန်းပဲ။ သူ့လောက် ကိုယ့်စိတ်ထဲမှာ ကြာရှည်စွဲမက်နေသူရယ်လို့ မရှိသေး ဘူးဆိုတာ ကိုယ်သိလာတယ်။

အိပ်မက်ကြောင့် ကိုယ် တော်တော်လေး စိတ်သောက ရောက်မိတယ်။ ဒီနေ့မနက် ဖေဖေက ကိုယ့်ကိုလာနမ်းတော့ 'ပီတာသာဖြစ်စမ်းပါတော့'လို့ ကိုယ့် ရင်ထဲက တမ်းတမိတယ်။ သူ့အကြောင်းကို တစ်ချိန်လုံး တွေးလို့မဆုံးတော့ဘဲ 'ပီတာ အချစ်၊ အချစ် ပီတာ' လို့သာ တစ်နေ့လုံးလုံး အထပ်ထပ် ရေရွတ်နေမိတော့တာပဲ၊

ကိုယ့်ကို အခု ဘယ်သူကများ ကူညီနိုင်ပါ့မလဲ။ ဒီက ကိုယ်ထွက်ခွာရတဲ့အချိန်မှာ ပီတာနဲ့တွေ့ပါစေ။ ဒီလိုတွေ့တဲ့အခါ 'အို အင်နာရယ်၊ ကိုယ်သာသိရင် မင်းဆီကိုလာတာ ကြာလှပြီ'လို့ ကိုယ့်ကို ပြောပါစေလို့သာ ဘုရားသခင်ကို ဦးချ ဆုတောင်းရမှာပါပဲ။

မှန်ထဲမှာ ကိုယ့်မျက်နှာကို ကြည့်မိတဲ့အခါကျတော့ အရင်ကနဲ့ မတူဘူး။ ကိုယ့်မျက်လုံးတွေဟာ ကြည်လင်တယ်။ လေးနက်တယ်၊ ပါးပြင်ကတော့ ပန်းနုရောင်သွေးထလို့၊ ကိုယ့်ပါးစပ်ဟာလည်း ညင်သာပျော့ပျောင်းလာတယ်။ ပျော်နေတယ်လို့ ထင်ရတဲ့ရုပ်ပါပဲ။ ဒါပေမယ့် တကယ်စင်စစ်က ဝမ်းနည်းမှု အရိပ်အယောင်တွေသန်းနေပြီး ကိုယ့်နှုတ်ခမ်းမှာလည်း အပြုံးဆိုတာမရှိတော့ပါဘူး။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မပျော်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပီတာဝဲဆယ်ရဲ့ အတွေးဟာ ကိုယ့်ဆီမှာမရှိတော့ပေမယ့် သူ့ရဲ့အုံ့သြဖွယ် မျက်လုံးများက ကိုယ့် ဆီမှာ ရစ်ဝဲနေပြီး သူ့ရဲ့နွေးထွေး နူးညံ့တဲ့ ပါးပြင်ဟာ ကိုယ့်ပါးပြင်နဲ့ ကပ်နေတယ်လို့ ထင်နေသေးလို့ပါပဲ။

ပီတာရေ ဘယ်တော့များမှ မင်းရုံပုံလွှာရဲ့ စက်ကွင်းထဲက ကိုယ် ပြေးလွတ် တော့မှာပါလဲ။ မင်းကို ကိုယ်ချစ်ပါတယ်ကွယ်။ အသည်းနှလုံး ထဲမှာ ရှင်သန်ရုံမျှမက အပြင်ကို ခုန်ထွက်ပေါက်ကွဲသွားတော့မယ့်အတိုင်း ကိုယ့်အချစ်ဟာ ကြီးမားပါတယ်။

လွန်ခဲ့တဲ့ တစ်ပတ်လောက်က အို၊ မနေ့ကအထိ ဆိုပါတော့။ တစ်စုံတစ်ယောက်က ကိုယ့်ကို 'အိမ်ထောင်ပြုဖို့အတွက် ဘယ်မိတ်ဆွေဟာ အသင့်တော်ဆုံးထင်သလဲ' လို့ မေးရင် 'ကျွန်မ မသိဘူး' ဆိုတဲ့ အဖြေမျိုးပေးခဲ့မှာပါပဲ။ ဒါပေမယ့် အခုဆိုရင် ပီတာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့ စိတ်ရောကိုယ်ပါ 'သူ့ကို ချစ်လို့ပေါ့'လို့ ကိုယ်ဖြေလိုက်မှာပါပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ သူက ကိုယ့်မျက်နှာကို တို့နိုင်ထိနိုင် တယ်။ ဒါ့ထက်တော့ မပိုဘူး။

တစ်ခါက လိင်အကြောင်း ပြောကြတော့ တောင့်တခြင်းဆိုတာကို နားလည် နိုင်မှာမဟုတ်ပါဘူးလို့ ဖေဖေက ကိုယ့်ကို ပြောတယ်။ ကိုယ် နားလည်တယ်ဆိုတာ ကိုယ်အမြဲတမ်း သိတယ်။ အခု ပိုသိတယ်။ ပီတာ့ထက်ပိုပြီး ချစ်စရာဆိုလို့ ဘာမှမရှိသေးဘူး။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး
ဇန်နဝါရီ ၁၂၊ ၁၉၄၄

ချစ်သော ကစ်တီ

အဲလီတစ်ယောက်တော့ ပြန်လာပြီ။ မိယက်နဲ့ ဟန့်တို့ကတော့ အလုပ် မလာနိုင်တာ နှစ်ရက်ရှိပြီ။ နှစ်ယောက်စလုံး ဗိုက်မကောင်းကြ လို့တဲ့။





အခုတလော ကိုယ်လည်း ဘဲလေးအကကို အရူးအမူး ဖြစ်နေပြီး ညနေတိုင်း တိုးတိုးတိတ်တိတ် အကလေ့ကျင့်နေတယ်။ မေမေပိုင်တဲ့ ဇာကို အပြာရောင် အကျီအနားမှာ ကွပ်ပြီးခေတ်အမီဆုံး အကောင်းစား အကဝတ်စုံချုပ်ထားတယ်။ ကိုယ့် ဘားကျွမ်းလေ့ကျင့်ရာမှာ စီးတဲ့ဖိနပ် တွေကို ဘဲလေးအက ကရာမှာစီးတဲ့ ဖိနပ်ဖြစ်အောင် ကြိုးစားပေးမယ့် အချည်းနှီးပဲ။ အခက်ခဲဆုံး လေ့ကျင့်ခန်းတစ်ခုကတော့ ကြမ်းပြင်ပေါ်မှာ ထိုင်၊ ဖနောင့်တွေကို လက်တစ်ဖက် တစ်ချက်မှာ ဆုပ်ကိုင်ထားပြီး ခြေထောက်ကို လေထဲမြှောက်ရတဲ့ လေ့ကျင့်ခန်းပါပဲ။ ကိုယ့် အောက်က ကူရှင်ခံထားရတယ်။ ဒီလိုမှမခံရင် ကိုယ့်ရဲ့ ပိန်ကပ်ကပ် ကျောကလေး နာနေတော့မပေါ့။

'မိုးသားတိမ်တိုက် ကင်းစင်သော နံနက်ခင်း' ဆိုတဲ့ စာအုပ်ကို လူတိုင်း ဖတ်နေကြတယ်။ ဒီစာအုပ်ဟာ အင်မတန်ကောင်းတယ်လို့ မေမေက ပြောတယ်။ လူငယ်လူရွယ်များရဲ့ ပြဿနာတွေ အများကြီး ပါတယ်တဲ့။ 'ကိုယ့်နားက လူရွယ် တွေနဲ့ပဲ အဆင်ပြေအောင် ပထမ လုပ်ပါဦး'လို့ ကိုယ့်ဘာသာ ကိုယ်တွေးလိုက်မိတယ်။

မေမေဟာ မိဘနဲ့ သားသမီးတွေ အကြားမှာ ကောင်းမွန်တဲ့ ဆက်ဆံရေးမျိုး မရှိနိုင်ဘူး။ သားသမီးအရေးမှာ သူ့ထက်ဂရုစိုက်တဲ့ မိန်းမျိုးလည်း မရှိနိုင်ဘူးလို့ ထင်ဟန်တူတယ်။ သေချာတာက ကိုယ့်လို ပြဿနာမျိုး၊ အတွေးအခေါ်မျိုး ဘယ်တုန်းကမှ မရှိခဲ့ဘူးလို့ ကိုယ်ထင်တဲ့ မားဂေါ့ကိုသာ သူကြည့်ပြောနေတာပဲ။ သမီးတွေနဲ့ပတ်သက်လို့ မေမေ့ စိတ်ကူးအတိုင်း ဖြစ်ချင်မှဖြစ်လိမ့်မယ်ဆိုတာ မေမေ့ကို ကိုယ် ထုတ် ပြောလိုက်ချင်ပေမယ့် မပြောရက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါကို သိသွားရင် မေမေဟာ အံ့သြခြင်းခြင်းမက အံ့သြပြီး ဘယ်လိုလုပ်ရမယ် ဆိုတာ မသိတတ်လောက်အောင် ဖြစ်သွားမှာမို့ပါပဲ။

မေမေရဲ့ ပျော်ပိုက်ခြင်းမရှိတဲ့အဖြစ်ကို ကိုယ် ကယ်ဆယ်ကူညီ ချင်တယ်။ ကိုယ့်အတွက်ကတော့ ဘာပဲဖြစ်ဖြစ် မထူးတော့ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သိပါတယ်။

မားဂရက်ကဲ့ ကိုယ့်ထက် သူ့ကို ပိုချစ်တယ်လို့ မေမေဟာ သေသေချာချာ ထင်နေတယ်။ ဒါဟာလည်း အခြေအနေကို လိုက်ပြီး ဖြစ်တာလို့ ယင်မေနဟာန် တူတယ်။ မားဂရဲ့ဟာ ချိုသာအေးမြတဲ့ မိန်းကလေး။ သူ့ ပင်ကိုသဘာဝနဲ့ လုံးလုံး ခြားနားတဲ့ မိန်းကလေး။ သူဟာ အရွယ်ရောက် နေပေမယ့် အခု မေမေ့နားကပ်ပြီး ချွဲနေလေတော့ တကယ့်မိတ်ဆွေ ကောင်း ဖြစ်နေတာပေါ့။ နောက်ပြီး ကိုယ့်ကျတော့ ဘာမှအရာမရောက် တဲ့ ပါမွားမလေးလို သဘောထားတုန်း။

တစ်ခါထဲလေကျတော့ ကခြားလူတစ်ဦးဦးရဲ့ မျက်စိနဲ့ ကိုယ့်ကိုယ် ကို ပြန်ကြည့်မိတယ်။ အင်နာဆိုတဲ့ ကောင်မလေးရဲ့ ပြဿနာတွေကို ကိုယ်က သုံးသပ်မိတယ်။ အထူးအဆန်း သူစိမ်းတရံ တစ်ယောက်အဖြစ် သူ့ဘဝရဲ့ စာမျက်နှာတွေကို လှန်လှောနေမိတယ်။

ဒီကို မရောက်ခင်တုန်းက အခုလောက် များပြားလာမယ့်ပြဿနာ တွေ အကြောင်းကို ကိုယ်မတွေးမိဘူး။ ကိုယ်ဟာ ဖေဖေ၊ မေမေ၊ မားဂရဲ့တို့နဲ့ ဘာမှမဆိုင်တဲ့ အပြင်လူပါလားဆိုတဲ့ အတွေးများလည်း ဝင်လာတတ်ပါရဲ့။ တစ်ခါတလေကျတော့ ကိုယ်ဟာ မိဘမဲ့တစ်ယောက် သဖွယ် ကိုယ့်ကိုယ်ကို ဟန်ဆောင်နေမိတဲ့အထိ ဖြစ်လာပြီး နောက်မှ ဒါဟာ ငါ့အပြစ်ကြောင့်ပါလား၊ ငါ့ကိုယ်ငါ သနားလွန်းနေပါလား လို့တွေး ပြီး ဖြေဖျောက် အပြစ်ပေးရတယ်။

အဲဒီအခါကျတော့ အားလုံးနဲ့ သင့်တင့်ဖို့ ကိုယ့်ကိုယ်ကို ဆုံးမရ တယ်။ မနက်တိုင်း မနက်တိုင်း အောက်ထပ်ကို တစ်ယောက်ယောက် လာတယ်ဆိုရင် 'မေမေက ကိုယ့်ကို ကောင်းသောမနက်ခင်းပါလို့ နှုတ်ဆက်ဖို့လာတာပဲ ဖြစ်ပါစေလို့ ဆုတောင်းမိတယ်။ ကိုယ့်ကို ချစ်ခင်တဲ့ အကြည့်နဲ့ကြည့်တဲ့ မေမေ့အကြည့်ကို ကိုယ်တောင့်တခဲ့တာ ကြာလှပြီ မဟုတ်လား။ ဒီလိုတွေးနေတုန်း မေမေက ကစ်ခွန်းနှစ်ခွန်းဆိုပြီး စိမ်းစိမ်းဝါးဝါး လုပ်လိုက်တယ်ဆိုရင်ပဲ ကိုယ့်နှလုံးသားဟာ နာကြင်





လာရပြန်ရော။ ဟိုတုန်းကလည်း ဒီလိုနဲ့ အိမ်ကနေ ကျောင်းကိုသွား ကျောင်းကအပြန်ကျတော့ အို မေမေဟာ သောကတွေများလွန်းလို့ ဒီလိုဖြစ်နေတာပါလို့တွေးပြီး ကိုယ့်စိတ်ကိုယ်ဖြေရတယ်။ အိမ်ကို ပျော်ပျော် ရွှင်ရွှင်နဲ့ပြန်ရောက်၊ စကားတွေ ဖောင်လောက်အောင် ပြောပြီးပလာဆိုရင် အခန်းထဲအောင်းပြီး စဉ်းစားခန်း ဝင်ရတာပါပဲ။

တစ်ခါတလေကျတော့ ဒီအတိုင်းပဲ စိမ်းစိမ်းကားကားနေဖို့ အရွဲ့တိုက်ဖို့ ကိုယ်ဆုံးဖြတ်မိတယ်။ ကျောင်းကနေ အိမ်ပြန်လာတော့ ဒီစိတ်ဟာ ပျောက်သွားရပြန်ရော။ အခုတော့ လေ့ကားထစ်ဆီက ခြေသံကို နားမထောင်တော့ဘူး။ ညညကျရင် ကိုယ့်ခေါင်းအုံးမှာ မျက်ရည်တွေနဲ့ စိုရွှဲလို့ပေါ့။

မင်းသိပြီးတဲ့ အတိုင်းပဲ၊ အခုအချိန်မှာ အရာရာတိုင်းဟာ ဆိုး သထက် ဆိုးလာကုန်ကြပြီလေ။

အခုတော့ ဘုရားသခင်က ကိုယ့်ကိုကူညီဖို့ ပီတာကို စေလွှတ် လိုက်တယ်။ ကိုယ့်ဖက်အုံးကို ပွေ့ဖက်နမ်းပြီး 'သူတို့ကို ဘာဂရုစိုက် စရာလိုသလဲ၊ ပီတာကို ငါပိုင်တယ်။ ဒီအကြောင်းကိုလည်း ဘယ်သူမှ မသိဘူး'လို့ ကိုယ့်ကိုယ်ကို ပြောလိုက်မိတယ်။

ဒီလိုနည်းလမ်းနဲ့ ကိုယ့်သောကတွေ၊ ဒေါသတွေကို အနိုင်ယူရ တာပဲ။ ငယ်ရွယ်တဲ့မိန်းကလေးတစ်ယောက်ရဲ့ စိတ်စေတသိက်ထဲမှာ ဒီလောက် အစိုင်အခဲကြီးနေရတယ်ဆိုတာကို ဘယ်သူကများ တွေးမိပါ့ မလဲ။

မင်းရဲ့ အင်နာ။

* * *

စနေ

ဇန်နဝါရီ ၁၅၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ်တို့ရန်ဖြစ်တာတွေ၊ ငြင်းခုန်တာတွေကို ပြောတဲ့အကြောင်း အသေး စိတ်ရယ်လို့ မပြောခဲ့သေးဘူး။ ကိုယ့်တို့ဟာ ထောပတ်၊



www.burmeseclassic.com

www.burmeseclassic.com



အသားစတဲ့ ပစ္စည်းတွေကို ခွဲသုံးကြပြီး ကိုယ်တို့ အာလူးကိုလည်း ကိုယ်တို့ဘာသာ ကြော်စားတဲ့အထိ တသီးတခြားစီ ဖြစ်နေကြပြီလေ။

ကာလအတန်ကြာကစပြီး အခုအချိန်အထိ ထမင်းစားချိန်တွေ အကြားမှာ အပိုအာဟာရအဖြစ် ပေါင်မုန့်ကိုစားကြတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မွန်းလွဲပိုင်း ၄ နာရီကျရင် ဝမ်းထဲက တကြုတ်ကြုတ်နဲ့ ဆာလောင် လွန်းတဲ့အတွက် ညစာကို မျှော်ကြလွန်းလို့ပါပဲ။

မေမေ့ မွေးနေ့လည်း နီးလာနေပြီ။ ကရာဂါက သကြားအပို ထုတ်ပေးတယ်။ ဒါကို မစ္စက်ဖန်ဒန်းက မနာလိုဘူး။ ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက် ခွန်းကြီးခွန်းငယ် အော်ဟစ်စကားများကြ ရန်ဖြစ်ကြ၊ မျက်ရည်ကျကြနဲ့ လုပ်နေတာ ဘာအကျိုးရှိသလဲ။ ကစ်တီရေ၊ မင်း တစ်ခုစိတ်ချစေချင်တာက သူတို့အပေါ်မှာ ကိုယ်တို့ဟာ ငြီးငွေ့နေပြီ ဆိုတာပါပဲ။

မေမေက ဖန်ဒန်းတို့ လင်မယားကို နှစ်ပတ်လောက်မကြည့်ချင် ဘူးဆိုတဲ့ ဆန္ဒဖြစ်လာတယ်။ ဒီဆန္ဒကို ထုတ်ပြောပေမယ့် အကောင် အထည်မပေါ်သေးတဲ့ ဆန္ဒပဲဖြစ်နေသေးတယ်။

တစ်အိမ်တည်း အတူနေတာကြာလာရင် ပြဿနာတော့ပေါ်မှာပဲ လို့ ကိုယ်တွေးမိတယ်။ ဒါမှမဟုတ်လည်း တစ်ယောက်နဲ့တစ်ယောက် အပြတ်အစဲ လုပ်ကြရမလား။ သူတို့ထက်ပိုပြီး ကိုယ်ကျိုးကြည့်သူ၊ တစ်ကိုယ်ကောင်း ကြံသူတွေရော မရှိဘူးလား။ လူတွေရဲ့အကြောင်းကို လေ့လာဖို့ သိပ်ကောင်းတဲ့ အဖြစ်တွေပဲလို့ ကိုယ်တွေးမိတယ်။ ဒါပေမယ့် အခု ကိုယ်ဟာ အလုံအလောက် လေ့လာပြီးပြီလို့ ထင်တယ်။

ကိုယ်တို့ အချင်းချင်း ရန်ပဲဖြစ်နေဖြစ်နေ၊ လွတ်လပ်ခွင့်နဲ့ လေကောင်း လေသန့်ကို ဘယ့်လောက်ပဲ တောင့်တောင့်တတ ဖြစ်နေနေ စစ်ကတော့ ဖြစ်နေတုန်းပဲဆိုတော့ ဒီမှာအကောင်းဆုံးဖြစ်အောင်နေဖို့ ကိုယ်တို့ကြိုးစားရမှာပဲ။ အခုတော့ ကိုယ်ဟာ စိတ်ပြေလက်ပျောက် ဖြစ်နေပါပြီ။ ဒါပေမယ့် ဒီမှာနေရတာကြာရင် ကိုယ်လည်း ရင့်ရော်





ခြောက်သွေ့တဲ့ ပဲတောင့်ရှည်လို ဖြစ်နေမှာပဲ။ ကိုယ်ကတော့ **တကယ့်** ပျိုမျစ်တဲ့ မိန်းမသားတစ်ယောက်အဖြစ်ကို ရောက်ချင်ပါသေး**တယ်။**

မင်းရဲ့ **အင်နား**

* * *

စနေ

ဇန်နဝါရီ ၂၂၊ ၁၉၄၄

ချစ်သော ကစ်တီ

လူတွေဟာ သူတို့ရဲ့ စစ်မှန်တဲ့ခံစားချက်ကို ဖုံးကွယ်ဖို့ ဘာကြောင့် ခက်ခက်ခဲခဲ ကြိုးစားရသလဲဆိုတာ မင်း ကိုယ့်ကိုပြောပြနိုင်မလားတော့ မသိဘူး။ တခြားလူတွေ ဖြစ်စေချင်တာနဲ့ တခြားစီ ကိုယ်က ပြုလုပ်နေ တာတွေကိုရော ဘယ်လိုထင်သလဲ။

ဘာဖြစ်လို့ ကိုယ်တို့ဟာ တစ်ယောက်ကိုတစ်ယောက် နည်းနည်း ကလေးသာ ယုံကြည်ကြသလဲ။ အကြောင်းတစ်ရပ်ရှိရမယ်ဆိုတာ ကိုယ်သိ တယ်။ ဒါပေမယ့် မင်းအနားက အနီးဆုံးလူကိုတောင် တကယ်တမ်း မယုံအပ်ဘူးဆိုတာကိုသိလာတဲ့ အခါကျရင် တကယ်ကြောက် စရာပါလား လို့ ကိုယ်တွေးမိတယ်။

ဟိုတစ်ည၊ အိပ်မက်မက်ပြီးတဲ့အချိန်ကစပြီး ကိုယ်ဟာအများကြီး အရွယ်ရောက် ကြီးပြင်းလာတယ်လို့ ထင်ရသလိုပဲ။ ကိုယ်ဟာ 'လွတ် လပ်တဲ့သတ္တဝါ' ပိုပြီးဖြစ်ချင်တယ်။ ဖန်ဒန်းတို့အပေါ်ထားတဲ့ ကိုယ့် သဘောထားတောင် ပြောင်းလာပါပြီလို့ဆိုရင် မင်းအံ့ဩသွားမှာ သေချာ တယ်။ ငြင်းခုန်ကြတာတွေကို ကိုယ်က အမြင်တစ်မျိုးနဲ့ ကြည့်မြင်ပြီး ဟိုတုန်းကလို ရန်ညှိုးဆိုဟာရယ်လို့လည်း မရှိတော့ဘူး။

ဘာကြောင့် ဒီလောက် အများကြီး ပြောင်းလဲရသလဲ။ တကယ် လို့သာ မေမေဟာ အစစ်အမှန် မေမေသာဖြစ်ရင် ဆက်ဆံရေးဟာ အစစ်အမှန်ဆက်ဆံရေး ဖြစ်လာရမှာပဲ။ မစ္စက်ဖန်ဒန်းလည်း ကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် စကားအပြောအဆို အပေါက်အလမ်း မတည့်ကြလို့ ဖြစ်ကြရတဲ့ ရန်ပွဲတွေကို ဖယ်ကြည့်လိုက်ရင် မေမေ့ ဘက်ကလည်း ကပ်သီးကပ်သပ် လုပ်တာမျိုးတွေရှိတယ်လို့ ကိုယ်ထင် နေတယ်။

မစ္စက်ဖန်ဒန်းမှာ ကောင်းတာလည်းရှိတယ်။ ဒါက ဘာလဲဆိုတော့ သူနဲ့ စကားပြောနိုင်တယ်ဆိုတဲ့ အချက်ပဲ။ ကိုယ်ကျိုးကြည့်တာ၊ ဉာဏ်များတာ၊ တင်စီးချင်တာတွေ သူ့မှာရှိပေမယ့် သူ့ကို ဩဇာမပေးရင်၊ သူ့ကို အများဘက်တွန်းမပို့ရင် လွယ်လွယ်ကလေး ပေါင်းသင်းလို့ ရပါတယ်။ အမြဲတမ်းတော့ ဒီနည်းလမ်းနဲ့ လုပ်လို့မရဘူးပေါ့။ ဒါပေမယ့် စိတ်ရှည်သည်းခံပြီး တစ်ခါမရ နောက်တစ်ခါ ကြိုးစားကြည့်ရင် ရပါလိမ့်မည်။

လူကြီးတွေရဲ့ ပြဿနာအားလုံး ယိုယွင်းလာရတဲ့ ပြဿနာအားလုံးရဲ့ အစကတော့ အစားအသောက်ကိစ္စပဲ။ တကယ်လို့သာ ကိုယ်တို့ဟာ ပွင့်လင်းမယ်၊ ရင်းနှီးမယ်ဆိုရင် အမြဲတမ်း ကိုယ့်ဘက်က အသာရဖို့ စိတ်မကူးစတမ်းဆိုရင် ကိုယ်တို့ ဘာမှဖြစ်မှာ မဟုတ်ပါဘူး။

'အင်နာ၊ ဒီစကားလုံးတွေဟာ မင်းရဲ့ နှုတ်ဖျားက တကယ် ထွက်လာတာ ဟုတ်ရဲ့လား'လို့ မင်း မေးမယ်ဆိုတာ ကိုယ်သိပါတယ် ကစ်တီ။ ဟုတ်တယ် ကစ်တီ။ ဒီစကားလုံးတွေဟာ အပေါ်ထပ်က လူတွေရဲ့ ကြမ်းတမ်းတဲ့စကားလုံးတွေကို အမြဲတမ်း ကြားနေရတဲ့ကိုယ်၊ မတရားမှုတွေကို ခံနေရတဲ့ကိုယ်၊ အဲဒီ ကိုယ့်ဆီက ထွက်လာတဲ့ စကားလုံးတွေပါပဲ။

ကိုယ်ကတော့ လုံးလုံးလျားလျား အောက်ခြေကစပြီး အသစ် တစ်ဖန် ပြန်စချင်တယ်။ 'လူငယ်တွေဟာ မကောင်းတဲ့နမူနာကို အမြဲတမ်း လိုက်တယ်'လို့ အပြောမခံချင်ဘူး။

ကိစ္စတစ်ခုလုံးကို ပြန်သုံးသပ်ချင်တယ်။ ဘာမှားတယ်၊ ဘာမှန် တယ် ဆိုတာ သတိကြီးကြီးနဲ့ ဆုံးဖြတ်ချင်တယ်။ ဒီလိုလုပ်လို့မှ သူတို့အပေါ် ကိုယ်က မကျေနပ်ဘူးဆိုရင် ဖေဖေနဲ့ မေမေ့လမ်းစဉ်ကိုလိုက်ရုံပဲ။ ကျေနပ်





တယ်ဆိုရင်တော့ သူတို့ရဲ့ သဘောထားတွေကို ပြောင်းပေးချင်တယ်။ ပြောင်းမပေးလို့မှ မရဘူးဆိုရင် ကိုယ့် အယူအဆ၊ ကိုယ့်အဆုံးအဖြတ်တွေအတိုင်းပဲ ဆက်ထားချင်တယ်။

မစ္စက်ဖန်ဒန်းတို့နဲ့ ပြဿနာအားလုံးကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ အခွင့်အလမ်းဟူသမျှ ကိုယ်ယူမယ်။ ဒီလိုလုပ်တဲ့အတွက် ကိုယ့်ကို အရာရာသိတဲ့ ကောင်မလေးလို့ပဲခေါ်ခေါ်၊ ကိုယ်တော့ ကြားနေကြောင်း ကြေညာဖို့ မကြောက်ပါဘူး။ ကိုယ့်မိသားစုကိုတော့ ဆန့်ကျင်ဘက် မလုပ်ဘူး။ ဒါပေမယ့် ဒီနေ့ကစပြီး ကိုယ့်ဘက်မှာ အကြင်နာကင်းမဲ့တဲ့ အတင်းအဖျင်းစကားတွေ ရှိတော့မှာမဟုတ်ဘူး။

အခုအထိတော့ ကိုယ်ဟာ မလှုပ်နိုင်သေးဘူး။ ဖန်ဒန်းတို့ဟာ အမြဲတမ်း မှားတယ်လို့ ကိုယ်ထင်တယ်။ ဒါပေမယ့် ကိုယ်တို့ဘက်ကို လည်း တစ်စိတ်တစ်ဒေသ အပြစ်တင်ရမှာပဲ။ အကြောင်းအရာ ပြဿနာနဲ့ ပတ်သက်လို့ ကိုယ်တို့သာ မှန်ကြတာချည်းပဲ။ ဒါပေမယ့် အသိဉာဏ် ရှိသူတွေ (ကိုယ်တို့ပဲဖြစ်ရမယ်လို့ ယူဆတယ်။) ဘက်ကဆိုရင် တခြား လူတွေနဲ့ ဆက်ဆံရာမှာ အတွင်းသဘောကို ပိုပြီး မျှော်လင့်တတ်ကြတယ် မဟုတ်လား။ ဒီအတွင်းသဘောကို ကိုယ်တော့ ပိုပြီးသိလာရပြီလေ။ အခါအခွင့်သင့်ရင် အသုံးချရဦးမှာပေါ့။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ

ဇန်နဝါရီ ၂၄၊ ၁၉၄၄

ချစ်သော ကစ်တီ

တစ်စုံတစ်ခုတော့ ကိုယ့်မှာဖြစ်ပြန်ပြီ။ ဒါမှမဟုတ် ရူးရူးပေါ့ပေါ့လို့ ကိုယ်ထင် တာမှအပ ဒါကို အဖြစ်အပျက်လို့ တစ်ရပ်အနေနဲ့ ဖော်ပြဖို့ တော့ ခက်သားလား။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက်က လိင်ပြဿနာကို ပြောလေ့ရှိတဲ့အခါ ဒီစကားတွေဟာ သည်းထိတ်ရင်ဖိုစရာ၊ စိတ်တက်ကြွစရာတွေလို့ ထင်ရတာပဲ။ ဒီစကားလုံးတွေကို တီးတိုးပြောကြတော့ တစ်ယောက်ယောက်က တစ်ခါတလေ မကြားလို့ နားမလည်လိုက်မိရင် သူ့ကို ဝိုင်းရယ်ကြတာပဲ။

ကိုယ်ကတော့ သိပ်အခံရခက်တယ်။ 'လူတွေဟာ ဒီအကြောင်းတွေကို ပြောရင် ဘာဖြစ်လို့ အမောတကော လျှို့ဝှက်ချင်ရတာလဲ'လို့ တွေးမိတယ်။ ဒါပေမယ့်ကိုယ်က ဘာမှတတ်နိုင်တာ မဟုတ်တော့ အမြဲတမ်း ရေငုံနှုတ်ပိတ်ပြီး နေခဲ့ရတယ်။ တစ်ခါတလေတော့ မိန်းကလေးသူငယ်ချင်းတွေကို သတင်းစနည်းနာရတယ်။

တော်တော်လေး လေ့လာမိပြီး ကိုယ့်မိဘတွေနဲ့ စကားပြောမိတဲ့အခါကျတော့ တစ်နေ့မှာ မေမေကကိုယ့်ကို 'အင်နာ၊ ညည်း ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ယောကျ်ားလေးတွေနဲ့ မပြောနဲ့။ သူတို့က စပြောလာရင်လည်း အဖြေမပေးနဲ့လို့ ငါအကြံပေးချင်တယ်'လို့ပြောတယ်။

ကိုယ့်အဖြေကို ကိုယ် သေသေချာချာ မှတ်မိနေသေးတယ်။ ကိုယ့်အဖြေ ကတော့ 'ဟင့်အင်း၊ မပြောပါဘူး'ဆိုတဲ့ အဖြေပါပဲ။ အခုလည်း ဒီအတိုင်းပဲရှိနေပါသေးတယ်။

ဒီကို ရောက်လာလို့ မေမေ ပြောစေချင်တဲ့ အကြောင်းအရာတွေကို ဖေဖေက မကြာမကြာ ပြောလေ့ရှိတယ်။ စာအုပ်တွေထဲကဖတ်၊ ပြောကြဆိုကြတာတွေကို မှတ်ပြီး ကိုယ်လည်းနားလည်လာတယ်ပေါ့။

ပီတာဖန်ဒန်းဟာ ကျောင်းက ယောကျ်ားလေးတွေလို ဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး သိပ်အပြောသန်လှသူမဟုတ်ဘူး။ တစ်လုံးစ နှစ်လုံးစတော့ ပြောတာပေါ့။ ဒါပေမယ့် ကိုယ့်ကိုစကားပြောလာအောင်တော့ မကြိုးစားပါဘူး။

ပီတာကို ဒီအကြောင်းတွေ သူမပြောဖူးဘူးလို့ မစ္စက်ဖန်ဒန်းက ပြောတယ်။ သူ့ယောကျ်ားအကြောင်းလည်း မသိဘူးတဲ့။ သူ့





ယောကျ်ားက ဘယ်လောက်သိတယ် ဆိုတာကိုတောင်သူ မသိဘူးတဲ့။

မနေ့က မားဂေါ်ရယ်၊ ပီတာရယ်၊ ကိုယ်ရယ် အာလူး အခွံခွာရင်းကြောင်ကလေး မိုဖီအကြောင်း စကားစပ်မိကြရော။ 'မိုဖီဟာ အထီးလား၊ အမလားဆိုတာ ဒီအခုအထိ မသိကြသေးဘူး'လို့ ကိုယ်က စပြောလိုက်တယ်။

'သိတယ်၊ သူဟာအထီး'တဲ့ ပီတာကဖြေတယ်။

ကိုယ်က ရယ်တာပေါ့။ 'အထီးကလဲ ဗိုက်ကြီးနဲ့နော်၊ ထူးထွေတည့်အံ့ရာ သော်ပဲ'

ပီတာနဲ့ မားဂေါ်တို့ကလည်း ရယ်ကြတာပေါ့။ လွန်ခဲ့တဲ့နှစ်လလောက်က မိုဖီဟာ မကြာခင်သားသမီးရတော့မယ်။ သူ့ဗိုက်ဟာ သိသိသာသာ ပူလာတယ်လို့ ပီတာက ပြောဖူးတယ်။ ဒါပေမယ့်လည်း ခိုးသွားတဲ့ အရိုးတွေကို စားလို့ဝလာတာလဲ ဖြစ်နိုင်တယ်။ ကိုယ်ဝန်ဆိုရင် ဒီလောက်အကြီးမြန်မယ် မထင်ဘူး။

ပီတာက သူ့ဘာသာသူ ကာကွယ်တယ်။ 'မဟုတ်ပါဘူး။ မယုံရင် ကိုယ်နဲ့ အတူလိုက်ကြည့်မလား၊ သူ့အနားမှာ တစ်ခါက ကိုယ် ကစားနေတုန်း သူဟာ အထီးဆိုတာ သေသေချာချာ တွေ့ခဲ့တာပဲ'

ကိုယ်ကလည်း အံ့အားသင့်တာကို ချိုးနှိမ်မထားနိုင်တော့ သူနဲ့အတူ ကုန်လှောင်ရုံထဲကို လိုက်သွားတယ်။ မိုဖီကို ရှာမတွေ့ဘူး။ ခဏလောက် စောင့်နေ ပြီးမှ မတွေ့တာနဲ့ အပေါ်ထပ်ကို ပြန်လာကြရော။ မွန်းလွဲပိုင်းကျတော့ ပီတာဟာ ဒုတိယအကြိမ် အောက်ထပ်ကို ဆင်းသွားတာ ကိုယ်ကြားရတယ်။ ကိုယ်လည်း စိတ်ကိုရဲရဲထားပြီး ကုန်လှောင်ရုံထဲ ရောက်အောင် လိုက်သွားတယ်။ မိုဖီဟာ စားပွဲပေါ်မှာ ရပ်ရင်း ပီတာနဲ့အတူ ကစားနေတယ်။

'မင်း သူ့ကို ကြည့်ချင်သလား'တဲ့။ ပီတာက ဗုံမဆင့်ဆိုင်းမဆင့် ပြောပြီး ကြောင်ကလေးကို ပက်လက်လှန်လိုက်တယ်။ ပြီးတော့ သင်ခန်းစာကို စတော့တာပဲ။ 'ဟောဒါ တွေ့ရဲ့လား၊ အထီးရဲ့ ကုန်ဆာ



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ဟောဒါတွေဟာ အမွေးအမှင်၊ ဟောဒါက အောက်ဆုံး’ စသည် ဖြင့်ပေါ့လေ။

တခြားယောက်ျားတစ်ယောက်ကသာ ‘အထီးရဲ့ တန်ဆာတွေ’ကို ပြမယ်ဆိုရင် ဒီယောက်ျားလေးကို ကိုယ်လှည့်ကြည့်မှာ မဟုတ်တော့ဘူး။ ပီတာကတော့ ဘာမှမဖြစ်သလို ရိုးရိုးသားသားနဲ့ ရှန့်ကြမ်းမှုလည်းမပါဘဲ ပြောတာပါပဲ။ ကိုယ့်မှလည်း ဒီတော့မှ အနေသက်သာသွားတယ်။ ကိုယ်တို့ဟာ မိုဖီနဲ့ ကစားလိုက်၊ စကားပြောလိုက်။ ပြီးတော့မှ တံခါးပေါက်ရှိရာကို လာခဲ့ကြတယ်။

‘တစ်ခုခုကို သိချင်ရင် ကျွန်မတော့ စာအုပ်တစ်အုပ်ထဲမှာဖြစ်ဖြစ် ရှာဖတ်တာပဲ၊ ရှင်ကော’လို့ ကိုယ်က မေးလိုက်တယ်။

အပေါ်ထပ်ရောက်တော့ ‘ဖေဖေက ဘာဖြစ်လို့ ကျွန်မတို့ထက်ပိုသိပြီး အတွေ့အကြုံပိုများတာလဲ’လို့ ကိုယ်က ထပ်မေးတယ်။

ဒီလိုနဲ့ အပေါ်ထပ်ရောက်လာတာမို့ ကိုယ်လည်း ပါးစပ်ပိတ်ထားလိုက်ရတယ်။

‘တစ်နေ့တော့ အဖြေမှန်ပေါ်ရမှာပေါ့’လို့ ဒတ်ချ် စာရေးဆရာဘရက်ဒီရို ရေးထားတဲ့အတိုင်းပေါ့ ဟုတ်လား။ တကယ်ပါပဲ။ ဒီလိုအကြောင်းတွေကို ဘယ်မိန်းကလေးနဲ့မှ ဒီလောက်ရိုးရိုးသားသား အေးအေးလူလူ ကိုယ် မဆွေးနွေး မိခဲ့သေးဘူး။ ဒီအကြောင်းတွေကို ယောက်ျားလေးတွေနဲ့ မပြောနဲ့လို့ မေမေက ကိုယ့်ကို သတိပေးထားဟာ အခုန ကိုယ်တို့ ပြောပုံပြောနည်းကို ရည်ရွယ်ပြီးပြောတာ မဟုတ်ဘူးလို့ ကိုယ်သေသေချာချာသိတယ်။

ကိုယ်တို့ပြောခဲ့တဲ့အကြောင်း ပြန်စဉ်းစားကြည့်တော့ အနေရခက်သား။ ဒါပေမယ့် တစ်ခုတော့ပိုပြီး ကိုယ်အသိဟရား တိုးလာတာရှိတယ်။ ဒါက ဘာလဲဆိုတော့ ဆန့်ကျင်ဘက်လိင်တွေ အပါအဝင်လူငယ်တွေထဲမှာ ဒီလိုအကြောင်း အရာတွေကို ရယ်စရာမလုပ်ဘဲ သဘာဝအတိုင်း ဆွေးနွေးတတ်တဲ့လူများလည်း ရှိနေပါကလားဆိုတဲ့ အသိပါပဲ။





ပီတာဟာ သူ့မိဘတွေကို တော်တော်များများ မေးမြန်းခဲ့ဖူးသလား ာ့ ကိုယ်မသိဘူး။ မနေ့က ကိုယ့်အပေါ်မှာ ပြုမူပြောဆိုသလို သူ့မိဘ တွေနဲ့လည်း သိက္ခာရှိရှိ၊ ရိုးရိုးသားသား ပြုမူ ပြောဆိုသလား။

ကိုယ် ဘယ့်နယ်လုပ် သိနိုင်ပါ့မလဲ။

မင်းရဲ့ အင်နာ။

* * *

ကြာသပတေး၊
ဇန်နဝါရီ ၂၇၊ ၁၉၄၄

ချစ်သော ကစ်တီ

မကြာမီကစပြီး ဆွေမျိုးအစဉ်အဆက် ဇယားတွေ၊ ဆွေတော် မျိုးတော်တွေရဲ့ အစဉ်အဆက်တွေအကြောင်းကို ကိုယ်သိပ်စိတ်ဝင်စား ာတယ်။ ဒီလို စိတ်ဝင်စားလာလို့ ဘာကောက်ချက်ချနိုင်သလဲဆိုတော့ လေ့လာမိတာနဲ့တစ်ပြိုင်နက် အတိတ်ကို နက်နက်ရှိုင်းရှိုင်း ပြန်ဝင်သွားပြီး အကြောင်းအရာသစ်တွေကို ရှာဖွေ တွေ့ရှိနိုင်တယ်ဆိုတာပါပဲ။

ကိုယ့်သင်ခန်းစာတွေကို လေ့ကျင့်ရာမှာ ကိုယ်ဟာ အင်မတန် ိုယ ကြိုးတယ်။ အသံလွှင့်တဲ့ အင်္ဂလိပ်စာကို လိုက်ရေးနိုင်တယ်။ ကြားထဲကပဲ တနင်္ဂနွေနေ့တိုင်း ကိုယ်စုထားတဲ့ ရုပ်ရှင်ဇာတ်လိုက်တွေ ရဲ့ ပုံတွေကို ရွေးသေးကြည့်သေးတယ်။

တနင်္လာနေ့တိုင်း မစ္စတာ ကဲရာဂါက ‘ရုပ်ရှင်ပြဇာတ်’ မဂ္ဂဇင်းတွေ ယူလာရင် ကိုယ်ဟာအလွန်အမင်းကျေနပ်တာပဲ။ လူ့လောက အမြင် ဘက် နည်းနည်းရောက်နေတဲ့ ကိုယ့်အိမ်သူ အိမ်သားတွေက ဒီ လက်ဆောင်တွေဟာ ပိုက်ဆံဖြုန်းတာပဲလို့ ပြောနေတဲ့အကြားကပဲ တစ်နှစ် ကျော်ကြာလာတဲ့ ရုပ်ရှကားမှာ ဘယ်မင်းသား မင်းသမီးပါ တယ်ဆိုတာ ကိုယ်ကတိတိကျကျ ပြောပြနိုင်တိုင်း အံ့သြနေကြရတယ်။

အားလပ်ရက်များမှာ ယောက်ျားကလေး မိတ်ဆွေတွေနဲ့ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



သွားတတ်တဲ့ အဲလီက ရက်သတ္တတစ်ပတ်တိုင်း ပြတဲ့ကားတွေရဲ့ နာမည်ကို ပြောပြတယ်။ ကိုယ်က ရုပ်ရှင်ဝေဖန်ချက်တွေနဲ့အတူ ဇာတ်ကားနာမည် တွေကို ဇာတ်လိုက်တွေနဲ့တွဲပြီး မှတ်ထားလိုက်တယ်။

မကြာခင်ကပဲ မေမေက နောက်ကို ကိုယ်ရုပ်ရှင်ရုံသွားဖို့ မလို တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဇာတ်လမ်းတွေရော၊ ဇာတ်လိုက်တွေ ရော၊ ဝေဖန်ချက် တွေကိုရော အလွတ်ရထားလို့ပဲလို့ ကိုယ့်ကို ပြောလေ ရဲ့။

ကိုယ်က ဆံပင်ကိုတစ်မျိုးပြင်ပြီး ရွှက်လွှင့်သလို လွှင့်လျော တဲ့ နေ့ကျရင် သူတို့က မကြိုက်တဲ့ အမူအရာနဲ့ကြည့်ပြီး ဘယ်ဇာတ်လို မင်းသမီးကို အတုခိုးတာလဲလို့ မေးကြတော့တာပဲ။ ကိုယ့်ဘာသာကိုယ် ထွင်တာပါလို့ ကိုယ်ကဖြေလည်း မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ရှိကြပြ ရော။

ဆံပင်အလှပြင်တဲ့ကိစ္စ ဆက်ပြောရရင် ဆံပင်အလှပြင်တာ မခက် ပါဘူး။ တစ်နာရီခွဲကျော်ကျော်ထက်လည်း ဒီဆံပင်ကို ပုံမထားနိုင်တော့ဘူ သူတို့မှတ်ချက် တွေကို ငြီးငွေ့လွန်းလို့ ချက်ချင်းဆိုသလို ရေချိုးခန် ထဲဝင်ပြီး ကိုယ့်ရဲ့သာမန်အိမ်၊ ဉယျာဉ်၊ မီးဖိုထဲက ဆံပင်ပုံစံ မျိုးကိုပြန်ထာ လိုက်ရတော့တာပဲ။

မင်းရဲ့ အင်နာ

* * *

သောကြာ

ဇန်နဝါရီ ၂၈၊ ၁၉၄၄

ချစ်သော ကစ်တီ

အင်နာနဲ့ပတ်သက်တဲ့ သတင်းအသစ်အဆန်းကလေးများ ကြားရ လို ကြားရခြား တောင့်တမျှော်မှန်းနေပြီး သတင်းဟောင်းတွေ ကိုသာ ထပ်ကာတလဲလဲ ကြားနေရလို့ ငြီးငွေ့နေမလားလို့ ကိုယ် ထင်မိတယ်။





ဒါတွေအားလုံးဟာ မင်းအတွက် ငြီးငွေ့စရာဖြစ်နေလိမ့်မယ် ဆိုတာ သိပါတယ်။ ဒါပေမယ့် ကိုယ့်နေရာမှာ မင်းအစားဝင်ကြည့်ပြီး ဘယ်လောက် ကိုယ့်ဘဝဟာ ငြီးငွေ့နေရမယ်ဆိုတာ စဉ်းစားကြည့်ပေါ့။ ထမင်းစားချိန်တွေမှာ နိုင်ငံရေးအကြောင်း၊ စားကောင်းသောက်ဖွယ် အကြောင်းတွေသာ စကားမစပ်မိလို့ရှိရင် မေမေကသော်လည်းကောင်း၊ မစ္စက်ဖန်ဒန်းကသော်လည်းကောင်း၊ အားလုံးက ထပ်ဖန်တလဲလဲ ကြားနေရဖူးတဲ့ သူ့ငယ်စဉ်က အကြောင်းတွေကို ပြောပြတာပဲ။ ဒါမှမဟုတ် ဒူဆဲက သူ့မိန်းမရဲ့ အဖိုးတန် အဝတ်အစားအကြောင်း၊ ပြိုင်မြင်း အကြောင်း၊ ပြိုင်လှေအကြောင်း၊ အသက်လေးနှစ်မှာ ရေကူးတတ်တဲ့ ကလေးအကြောင်း၊ ကြွက်သားတွေ နာကြင်တဲ့အကြောင်း၊ အာရုံကြော ပျက်နေတဲ့ ဝေဒနာရှင်တွေအကြောင်းကို ပြောတာပဲ။

ဒါတွေအားလုံး သတ္တချုံကြည့်လိုက်တဲ့အခါကျတော့ လူရှစ်ယောက် ထဲက တစ်ယောက်ယောက်က ပါးစပ်ဟပလားဆိုရင် ကျန်ခုနစ်ယောက် ကတော့ နားထောင်တာပဲ။ ဒါပေမယ့် ပြောတဲ့အကြောင်းတွေက ထပ်ထပ်နေတာမို့ ရယ်စရာ မောစရာရှိရင် အားလုံးကမရယ်ဘူး။ ရယ်စရာ ပြောတဲ့ လူကသာသူ့ဘာသာသူ ရယ်ရရော။

အိမ်ရှင်မ နှစ်ဦးကပြောလေ့ရှိတဲ့ နွားနို့ပို့သူတွေ၊ အချိုအချဉ် ရောင်းသူတွေ၊ သားသတ်သမားတွေအကြောင်းကို ချီးမွမ်းလိုက်၊ ကဲ့ရဲ့ လိုက်နဲ့ ပြောတဲ့စကား တွေကလည်း ကြားရဖန်များလွန်းတော့ ကိုယ့်စိတ် ထဲမှာ ဒီလူတွေဟာ မှတ်ဆိတ်တောင်ပေါက်နေပြီလို့ ထင်နေတယ်။ ဒီတော့ စကားအသစ်အဆန်းကိုပြောဖို့ မဖြစ်လောက်တဲ့ အခြေအနေမျိုးမှာ ရှိနေတယ်။

လူကြီးတွေက ကူဖစ်တို့၊ ဟန့်တို့၊ မိယက်တို့နဲ့ ပတ်သက်တဲ့ အကြောင်း တွေကို ပြောပြန်တော့လည်း သူတို့အကြိုက် အပိုအမိုတွေ ထည့်ထည့်ပြောလွန်းလို့ ကိုယ်တော့ သူတို့ကို လက်နဲ့ဆွဲပြီး အမှန် ဘက်ရောက်အောင် ပြမိမှာစိုးတာနဲ့ လက်ကို စားပွဲအောက်မှာ လျှိုထား ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်နာလို မလောက်လေး မလောက်စား ကလေးလေးကျတော့ ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် လူကြီးတွေ ဘယ့်လောက်ပဲ ညာညာ ဖျန်းဖျန်း၊ လူကြီးတွေက သူတို့ရဲ့ စိတ်ကူးစိတ်သန်းတွေကို သူတို့ အတူ ဘယ်အထိ ပြေးနိုင်းနိုင်း၊ လူကြီးတွေထက် ပိုပြီးနားလည်လို့ ဘယ်တော့ မှမဖြစ်ဘူး။

ကူဖစ်နဲ့ ဟန့်တို့က လာပြီးစကားစမြည် ပြောတတ်ကြတဲ့အခါ သူတို့ အကြိုက်ဆုံး ပြောတဲ့အကြောင်းအရာကတော့ ပုန်းလျှိုးနေသူတွေ မြေအောက် လှုပ်ရှားမှုမှာပါနေတဲ့ လူတွေအကြောင်းချည်းပဲ။ မှန်ပါတယ်၊ အဖမ်းအဆီးခံရ တဲ့လူတွေရဲ့အကြောင်းကို ကြားရင် အားလုံးကို စုတ်တ သတ်သတ်နဲ့ ကိုယ်ချင်းစာတယ်၊ လွတ်မြောက်လာတဲ့ အကျဉ်း သား အကြောင်းကိုကြားရင် ဝမ်းမြောက် ဝမ်းသာဖြစ်ရတယ်။ ဒါကို ကူဖစ်နဲ့ ဟန့်တို့က ကောင်းကောင်းနားလည်တယ်လေ။

ပုန်းလျှိုးဖို့ဆိုတာရော၊ မြေအောက်လှုပ်ရှားမှုဆိုတာကိုရော ဟိုစဉ် တုန်းက ကိုယ်တို့ အမြဲပြောလေ့ရှိခဲ့သားပဲ။

မှတ်ပုံတင်အတုတွေထုတ်၊ မြေအောက်ကလူတွေအတွက် ရန်ပုံငွေ ထောက်ပံ့၊ သင့်တော်မယ့် နေရာရှာပေးပြီး ပုန်းလျှိုးနေတဲ့ လူငယ်လူရွယ် တွေအတွက် အလုပ်လုပ်နေကြတဲ့ 'လွတ်လပ်သော နယ်သာလင်' အစရှိတဲ့ အဖွဲ့အစည်းတွေ ရှိသေးတယ်။ တခြားလူတွေကို ကယ်ဆယ်ဖို့၊ ကူညီဖို့ မိမိအသက်ကိုတောင် ပမာနမထားဘဲ သူတို့စွန့်စားလုပ်ကိုင်နေတဲ့ အလုပ်ဟာ ဘယ်လောက်မြင့်မြတ်တယ်၊ ကိုယ်ကျိုးမငဲ့တယ်ဆိုတာ တွေးမိတိုင်း အံ့ဖွယ်လိလိပါပဲ။ သူတို့ဟာ ကိုယ်တို့ကို လုံခြုံချမ်းမြေ့ တဲ့နေရာကို ခေါ်ဆောင်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ကိုယ်တို့ အတွက် ဒုက္ခရောက်တယ်၊ ဝန်လေးတယ်လို့ သူတို့ညည်းသံ တစ်ခါမှ မကြားရသေးဘူး။ ကိုယ်တို့ပေးတဲ့ ဒုက္ခတွေကိုလည်း ဘယ်တော့မှ ငြင်းပယ်လေ့မရှိကြဘူး။

နေ့တိုင်း အပေါ်ထပ်ကို သူတို့လာပြီး ယောက်ျားတွေကို လုပ်ငန်း





အကြောင်း၊ နိုင်ငံရေးအကြောင်း။ မိန်းမတွေကိုတော့ အစားအသောက် အကြောင်း၊ စစ်အတွင်း အခက်အခဲများအကြောင်း၊ ကလေးတွေကျတော့ သတင်းစာတို့ စာအုပ်တို့အကြောင်း ပြောကြတာပဲ။

သူတို့ရဲ့မျက်နှာများဟာ ထာဝစဉ် တောက်ပနေတယ်။ မွေးနေ့တွေ၊ ဘဏ် ပိတ်ရက်တွေမှာ ပန်းတွေလက်ဆောင်ယူလာကြသေးတယ်။ သူတို့တတ်နိုင်သမျှ လုပ်ပေးဖို့ အမြဲတမ်း အသင့်ရှိနေကြသူတွေပေါ့။ တခြားလူတွေက စစ်တိုက်ရာ မှာသော်လည်းကောင်း၊ ဂျာမန်တွေကို ဆန့်ကျင်ရာမှာသော်လည်းကောင်း၊ သူရဲကောင်းပီသတဲ့ သတ္တိကိုပြကြ သလို၊ ကိုယ်တို့ကို ကူညီနေသူတွေဟာလည်း သူတို့ရဲ့ ပျော်ရွှင်မှု၊ ချစ်ခင်မှု တွေနဲ့ သူရဲကောင်းပီသတဲ့သတ္တိကို ပြသနေကြသူတွေဖြစ်လို့ ကိုယ်တို့ အတွက် မေ့နိုင်စရာမရှိတော့ပါဘူး။

အသည်းထိတ်စရာအကောင်းဆုံး ဇာတ်လမ်းတွေကိုလည်း ကြားနေရတုန်းပဲ။ ဒါပေမယ့် ဒီဇာတ်လမ်းတွေအားလုံးဟာ အဖြစ်အပျက် အမှန်တွေချည်းလို့ ဆိုရမှာပါပဲ။ ဥပမာ ကူဖစ်က ပြောတယ်။ ဂဲလ်ဒါလင့်မှာ ဘောလုံးအသင်းနှစ်သင်း ဘောကစားကြတယ်။ တစ်ဖက်အသင်းက မြေအောက်တော်လှန်ရေးသမားကွ၊ တခြားအသင်းကတော့ ပုလိပ်တွေတဲ့။ ဟီလ်ဗာဆမ်မြို့မှာ ရာရှင်စာအုပ်သစ်တွေကို ထုတ်ပေးတယ်တဲ့။ အရာရှိ တွေကဆိုရင် ပုန်းလျှိုးနေရသူတွေပါရာရှင်ထုတ်ယူ လို့ရအောင် သူတို့ တတ်နိုင်သမျှ လုပ်ပေးကြတယ်တဲ့။

ဒါပေမယ့် ဂျာမန်တွေရဲ့နားကို မပေါက်ကြားသွားအောင် သူတို့ သိပ် သတိထားဖို့ လိုနေတယ်လေ။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေး
ဖေဖော်ဝါရီ ၃၊ ၁၉၄၄

ချစ်သော ကစ်တီ

မဟာမိတ်တို့ ထိုးဖောက် ဝင်ရောက်ရေးရောဂါဟာ နေ့စဉ်နဲ့အမျှ ဒိုပြီး ကြီးထွားနေတယ်။ တကယ်လို့ မင်းသာဒီမှာရှိနေရင် တစ်ဖက်က ကိုယ်အခု လုပ်နေတဲ့ ပြင်ဆင်မှုတွေကို တွေ့ရပြီး အခြားတစ်ဖက်က တော့ ဘာဖြစ်လို့ဖြစ်မှန်းမသိပေမယ့် ဇဝေဇဝါ စိတ်တွေနဲ့ လုံးလားထွေး သား ဖြစ်နေတာတွေကြည့်ပြီး မင်းတော့ရယ်မှာပဲ။

သတင်းစာအားလုံးကလည်း မဟာမိတ်တွေ ထိုးဖောက်ဝင်ရောက် ရေးနဲ့ ပတ်သက်လို့ လူတွေကို ရူးအောင်လုပ်နေတယ်။ 'ဟော်လန်သို့ ဗြိတိသျှဝင်လာလျှင် ဂျာမန်များက အစွမ်းကုန်ကာကွယ်မည်။ လိုအပ်လျှင် တစ်ပြည်လုံး ရေလွှမ်းအောင်လုပ်မည်' စတဲ့ခေါင်းစည်းတွေ တပ်သပေါ့။ ဒီသတင်းနဲ့အတူ ရေအောက်ရောက်သွားမယ့် ဟော်လန်ပြည်ရဲ့ အစိတ် အပိုင်းတွေပါတဲ့ မြေပုံကိုပါ ပုံနှိပ်ဖော်ပြကြတယ်။

ဒီလို ရေလွှမ်းခံရလို့ အမ်စတာဒမ်မြို့သာပါပြီး ရေတစ်မီတာ အမြင့်လောက် တက်လာရင် ဘယ်လိုလုပ်ကြမလဲဆိုတာ ကိုယ်တို့ အတွက် ပထမမေးခွန်းဖြစ်နေတယ်။ လူများသလောက် အဖြေကလည်း တစ်ယောက် တစ်ပေါက်ပါပဲ။

'လမ်းလျှောက်နေတုန်း၊ ဘိုင်စကယ်စီးတုန်းဆိုရင်တော့ စီးဆင်း လာတဲ့ ရေထဲမှာပဲ လျှောက်သွားရမှာပဲ'

'မဟုတ်သေးဘူး၊ ရေကူးရမှာပေါ့၊ ရေကူးဝတ်စုံတွေဝတ်၊ ရေခဲ ဦးထုပ် ဆောင်းပြီး ရေအောက်ကချည်း ကူးသွားရင်တို့ကို ဘယ်သူကမှ ဂျူးတွေရယ်လို့ သိမှာမဟုတ်ဘူး'

'ဟာ အဓိပ္ပာယ်မရှိတာတွေဘဲ။ ရေအောက်ကနေပြီး ခြေထောက် ကို ကြွက်ကိုက်တဲ့အခါ မိန်းမတွေရေကူးပုံကို ကျုပ်တော့ ကြည့်ချင်တာပဲ' (ဒီစကား ပြောတာကတော့ ယောကျ်ားတစ်ယောက်ပေါ့။ ဘယ်သူက





ဒီစကားမျိုးကို အကျယ်ဆုံးပြောမယ်ဆိုတာ စဉ်းစားကြည့်ပေါ့။)

'တို့တော့ အိမ်ထဲက ဘယ်နည်းနဲ့မှ ထွက်နိုင်မှာမဟုတ်ဘူး။ ရေသာကြီးလာရင် ကုန်လှောင်ရုံက ပြိုကျမှာသေချာတယ်။ အခုတောင် ယှဲ့ယှဲ့ပဲရှိတော့တဲ့ဥစ္စာ'

'ဒီမှာ နားထောင်ကြစမ်း၊ အနောက်အရွှတ်တွေချည်း ပြောမ နေနဲ့ဦး၊ တို့လုပ်ရမှာက လှေတစ်စင်း မရမကရှာရမှာ'

'ဘာများ ပူစရာရှိသလဲ၊ ကျုပ်က ကောင်းကောင်းနားလည်တယ်။ အပေါ်ထပ်က သစ်သားသေတ္တာ တစ်ယောက်တစ်လုံးစီစီးပြီး ဟင်းချို ခတ်တဲ့ ဇွန်းကြီးနဲ့ လှော်တာပေါ့'

'ဟန့် ကတော့ ကျိုန်းသေ သူ့မိန်းမကို ကျောပိုးပြီးခေါ်မှာဆိုတော့ သူ့မိန်းမ လည်း ကုလားမခြေတံရှည် စီးပြီးသားဖြစ်သွားမှာပေါ့'

ကဲ ကစ်တီရေ၊ ဒီအဖြေတွေနဲ့ ပတ်သက်လို့ မင်းမှာအကြမ်း သဘော လောက်တော့ သိသွားရောပေါ့။

စကားစမြည်ပြောစဉ်တော့ အင်မတန် ပျော်စရာကောင်းတာပဲ။ ဒါပေမယ့် အစစ်အမှန်ကသာ တစ်မျိုးဖြစ်ချင် ဖြစ်နေမှာ။ နောက်တစ်ခါ မဟာမိတ်တို့ ဝင်လာရေးနဲ့ ပတ်သက်တဲ့ ဒုတိယမေးခွန်းကလည်း မပေါ်လို့ မဖြစ်သေးဘူး။ တကယ်လို့ ဂျာမန်တွေ အမ်စတာဒမ်က ဆုတ်ခွာသွားရင် ကိုယ်တို့ ဘာလုပ်ကြမလဲ။

'တို့လည်း ဒီမြို့က ထွက်သွားတာပေါ့။ အတတ်နိုင်ဆုံး ရုပ်ဖျက် ထားပြီးတော့လေ'

'ဘာဖြစ်ဖြစ် ဘယ်မှမသွားနဲ့။ ဒီမှာပဲနေ။ လုပ်စရာတစ်ခုတည်း ပဲ ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီမှာနေဖို့ပဲ။ ဂျာမန်တွေဟာ တစ်တိုင်း တစ်ပြည်လုံးက လူတွေကို ဂျာမနီအထိ မောင်းခေါ်သွားနိုင်တဲ့ အရည် အချင်းရှိတယ်။ ဟိုရောက်ရင်လည်း အကုန်သေကုန်မှာပဲ'

'ဟုတ်တာပေါ့၊ ဒီနေရာဟာ အလုံခြုံဆုံးနေရာမို့တို့ ဒီမှာပဲ ဆက်နေရမှာပေါ့။ ကူဖစ်နဲ့ သူ့မိသားစု ဒီမှာလာပြီး အတူနေဖို့အစ်



www.burmeseclassic.com

www.burmeseclassic.com



တို့ကခေါ်ရမယ်။ ကြမ်းပြင်ပေါ် အိပ်နိုင်အောင် သစ်သားကွပ်ပြစ်ရှာရ
စောင်တွေဝင်ယူလာဖို့ မီယက်နဲ့ ကူဖစ်ကို ပြောကြရအောင်'

'တို့မှာ ပြောင်းဆန် ပေါင်၆၀ ပဲရှိတယ်မဟုတ်လား။
နောက်ထပ် မှာရမယ်။ စားတော်ပဲနဲ့ ပဲမျိုးစုံထပ်ရဖို့လည်း ဟ
ပြောရမယ်။ အခု တို့မှာ ပဲမျိုးစုံ ပေါင်၆၀၊ စားတော်ပဲ ၁၀ပေါင်ပဲရှိတ
အသီးအရွက်လည်း တို့မှာရှိသေးတယ်'

'တခြား အစားအသောက် ပစ္စည်းတွေရော ကျွန်မတို့
ဘယ်လောက်ရှိသေးလဲ၊ တွက်ကြည့်ပါဦး မေမေ'

'ငါးက ၁၀ဘူး၊ နို့က ဘူး၄၀၊ နို့မှုန့် ၁၀ကီလို၊ ဟင်းရွက်
၃ပုလင်း၊ ထောပတ်အိုး ၄အိုး၊ အသား ၄အိုး၊ စထရော်ဘယ်ရီ ၂ပုလ
ရပ်စ်ဘယ်ရီ ၂ပုလင်း၊ ခရမ်းချဉ်သီးပုလင်း ၂၀၊ ဂျုံလိပ် ၁၀ပေ
ဆန် ၈ပေါင်၊ ဒါအကုန်ပဲ'

'သိပ်တော့ မဆိုးလှပါဘူး၊ ညွှန်သည့်တွေလာပေမယ့် တစ်ပတ်
အပိုရတာ တွေရှိတော့ တကယ်ရရမှာထက်တောင် ပိုနေသေးတယ်
ကျောက်မီးသွေးရော၊ ထင်းရော၊ ဖယောင်းတိုင်ရော အလုံအလော
ရှိတယ်။ ဒီတော့ တို့နဲ့အတူ ပိုက်ဆံလေးဘာလေးယူသွားချင်ရင် ယူသွ
နိုင်အောင် အဝတ်အစားထဲမှာ ထည့်လျှိုထားနိုင်တဲ့ ငွေအိတ်ကလေးမေ
ချုပ်ကြဦးစို့လား'

'ထွက်ပြေးကြလို့ရှိရင် ယူသွားနိုင်အောင် အရေးအကြီးဆုံးပစ္စည်
မလေးတွေ စာရင်းလုပ်ကြရအောင်၊ အထုပ်အပိုးများလည်း အသင့်လု
ထားမှ၊ သွားကြတဲ့အခါကြတော့ ရှေ့ကတစ်ယောက်၊ နောက်က
တစ်ယောက်ကို ကင်းအဖြစ်ထား မှဖြစ်မယ်။ ဒီမှာ ကျုပ်ပြောမယ်
ရေလည်းမရှိ၊ ဓာတ်ငွေ့မရှိ၊ လျှပ်စစ်အား လည်းမရှိတော့ရင် ဒီအစာ
အသောက်တွေကို စာရင်းလုပ်နေတာ ဘာသွားအသုံး ကျမှာလဲ'

'ဒီတော့ မီးဖိုနဲ့ချက်တာပေါ့၊ ရေကို ကျိုသုံး၊ စစ်သုံးမှာပေါ့
ပုလင်းကြီး အချို့ကို စင်အောင်ဆေးပြီး ရေထည့်ထားမှာပေါ့'





အဲဒီလိုစကားတွေကိုသာ တစ်နေ့လုံးလုံး ကြားနေရတာပဲ။ မဟာ
မိတ်တွေ ဝင်လာဖို့အကြောင်း၊ ငတ်ရ၊ သေရတဲ့ အတိဒုက္ခတွေ၊
ဗုံးကြဲတာတွေ၊ မီးသတ်စက်တွေ၊ အဆိပ်ဓာတ်ငွေ့တွေ၊ အို ဒါတွေကိုပဲ
ထပ်တလဲလဲ ကြားနေရပါတယ်။ ဒီသတင်းစကားတွေဟာ တစ်ခုမှ
သာယာနာပျော်ချင့်စဖွယ် မရှိပါဘူး။

လျှို့ဝှက်ခန်းဆောင်က လူကြီးမင်းများကတော့ တော်တော်လေး
အတိအလင်း သတိပေးကြပါရဲ့။ နမူနာအဖြစ် ဟန့်စကားပြောပုံလေး
ရေးပြလိုက်မယ်။

လျှို့ဝှက်ခန်းဆောင်။ ။'ဂျာမန်တွေ ဆုတ်ခွာသွားရင် လူ
အားလုံးကို ခေါ်သွားမှာ ကျုပ်တို့ကြောက်နေတယ်'

ဟန့်။ ။'ဒါ မဖြစ်နိုင်ဘူး။ သူတို့စိတ်ကြိုက် သုံးနိုင်လောက်အောင်
ရထား တွဲမရှိဘူး'

လျှို့ဝှက်။ ။'ရထား ဟုတ်လား၊ အရပ်သားတွေကို ရထား
တွဲနဲ့များ ခေါ်မယ်ထင်သလား။ လုံးလုံးမဖြစ်နိုင်ဘူး။ လူ့ခြေထောက်
တည်းဟူသော မြင်းကလေးတွေကို သုံးမှာပေါ့' (လေးစားအပ်တဲ့ ဒူဆဲရဲ့
အမြဲတမ်း လက်သုံးစကားပေါ့။)

ဟန့်။ ။'ကျုပ်တော့ ဒါကို 'နည်းနည်းကလေးမှ' မယုံဘူး။
ခင်ဗျားက အဆိုးဘက်ကချည်း ကြည့်တာကိုး။ အရပ်သားအားလုံးကို
သူတို့နဲ့အတူ ဘာရည်ရွယ်ချက်နဲ့ ခေါ်သွားမှာလဲ'

လျှို့ဝှက်။ ။'ငါတို့ ဆုတ်ခွာရမယ်ဆိုရင် ငါတို့သိမ်းပိုက်ခဲ့တဲ့
တိုင်းပြည် အားလုံးရဲ့ တံခါးတွေကို ရိုက်ချိုးပိတ်ခဲ့ရမယ်လို့ ဂိုဘယ်လ်က
ပြောတာ ခင်ဗျားမကြားဘူးလား'

ဟန့်။ ။'ဒီလိုပြောပေါင်း များလှပြီလေ'

လျှို့ဝှက်။ ။'ဂျာမန်တွေဟာ သိပ်လူဆန်တယ်လို့ ခင်ဗျား
ထင်သလား။ တို့/အနိမ့်ကိုဆင်းရင် တို့လက်ချုပ်ထဲက လူတိုင်းကိုပါ
အနိမ့်ဆင်းခိုင်းရမယ်ဆိုပြီး သူတို့က ပြောတာကိုရော ဘယ်လို ထင်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟန့်။ ။'ခင်ဗျားလည်း အတိအကျသိတာ မဟုတ်ပါဘူး။ ထင်ရာကို မှန်းဆပြီး ပြောနေရတာပါဗျာ'

လှိုဝှက်။ ။'ကျုပ်တို့က ရှင်ကြီးဝမ်းရော ရှင်ငယ်ဝမ်းရော ဝင်ခဲ့ပြီလေ။ ပထမ ဂျာမနီမှာတွေ့ခဲ့တယ်။ အခု ဒီမှာ၊ ရုရှားမှာရော ဘယ်လိုဖြစ်နေသလဲ'

ဟန့်။ ။'ဂျူးတွေကို ထည့်မပြောနဲ့လေ။ ရုရှားမှာ ဘာဖြစ်နေသလဲဆိုတာ ဘယ်သူမှသိမယ်လို့ ကျုပ်မထင်ဘူး။ အင်္ဂလိပ်နဲ့ ရုရှားတွေဟာ ဂျာမန်တွေလိုပဲ။ အရာရာတိုင်းကို ပုံကြီးချဲ့ ပြောကြ မှာချည်းပဲ'

လှိုဝှက်။ ။'မဖြစ်နိုင်ဘူးဗျ၊ အင်္ဂလိပ်က အမြဲတမ်း၊ ရေဒီယိုကနေပြီး အမှန်ကိုသာပြောနေတာပဲ။ တကယ်လို့ သတင်းတွေကို သူတို့က ပုံကြီးချဲ့ရင် အဖြစ်အပျက်တွေဟာ ဘယ်နည်းနဲ့မဆို ပိုဆိုးနေမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပိုလန်နဲ့ ရုရှားမှာ ငြိမ်းချမ်းရေးမြတ်နိုးတဲ့လူ သန်းပေါင်းအများကြီးကို ဓာတ်ငွေ့လွှတ်ပြီး သတ်ခဲ့တယ်မဟုတ်လား'

ဒီလို စကားအပြန်အလှန်ပြောတဲ့ တခြားနမူနာတွေကိုတော့ ကိုယ်ရေး မပြတော့ပါဘူး။ ကိုယ် ကိုယ်တိုင်လည်း တိတ်တိတ်ပဲနေပြီး တွေဝေတာတွေ၊ ကြောက်လန့်တာတွေအားလုံးကိုပါ အမှတ်မထင်ဘဲ နေရတော့မယ်။ အခုတော့ ကိုယ်ဟာ ရှင်ရှင်သေသေ ဘာကိုမှ သိပ်ဂရုမစိုက်တော့တဲ့ အဆင့်မျိုးအထိ ရောက်နေပြီ။

ကိုယ်မရှိပေမယ့် ကမ္ဘာကြီးကတော့ ရှိနေဦးမှာပါပဲ။ ဖြစ်ရမယ့် အဖြစ်ဟာ ဖြစ်ရမှာပါပဲ။ ဒါကို သိပ်ငြင်းဆန်နေဖို့ မကောင်းလှဘူး။

ကိုယ်ဟာ ကုသိုလ်ကံကို ယုံတယ်။ အားလုံးဟာ ကောင်းသော အဆုံးသတ်မှုမျိုး ရှိပါစေဆိုတဲ့ မျှော်လင့်ချက်ကိုထားရင်း၊ အလုပ်လုပ်ရတာမှအပ ကိုယ့်မှာ တခြားဘာမှမရှိတော့ဘူး။

မင်းရဲ့ အင်နာ။

* * *





စနေ

ဖေဖော်ဝါရီ ၁၂၊ ၁၉၄၄

ချစ်သော ကစ်တီ

နေရောင်ဟာ ဖောက်ပနေတယ်။ ကောင်းကင်မှာတော့ အပြာရောင် ရင့်ရင့်ခြယ်လို့။ လေပြေ လေညင်းကလေး တိုက်နေတာကလည်း ချစ်စရာအတိပါပဲ။ ကိုယ်တော့ အရာရာတိုင်းကို တမ်းတနေတယ်ပေါ့။

ငိုလည်း ငိုချင်တာပါပဲ။ စိတ်ရှိလက်ရှိ အော်ဟစ်ငိုကြွေး ပေါက်ကွဲထွက်လာတော့မယ်ထင်တာနဲ့ ဒီလိုငိုမိရင် နေသာမလားလို့ တွေးမိတယ်။ ဒါပေမယ့် ငိုလို့မရပါဘူး။ ကိုယ်ဟာ တစ်ခန်းဝင် တစ်ခွန်းထွက် လျှောက်သွားပြီး ပိတ်ထားတဲ့ ပြတင်းအစပ်ကလေးကြားက ဝင်လာတဲ့ လေကို အားပါးတရ ရှူရတယ်။ 'တမ်းတရတာတွေနဲ့ အားမရတော့ဘူးလား'လို့ ခုန်နေတဲ့ နှလုံးသားက ကိုယ့်ကို မေးနေသလိုပါပဲ။

ကိုယ့်ရင်ထဲမှာ နွေဦးရာသီဟာ ဝင်ရောက် ခိုအောင်းနေတယ်လို့ ထင်တယ်။ နွေဦးရာသီဟာ နိုးကြားတဲ့ ရာသီမဟုတ်လား။ ကိုယ့်စိတ်ရော ခန္ဓာရောဟာလည်း ဒီလိုပါပဲ။ ပုံမှန်ဖြစ်ဖို့ ကြိုးစားပါရဲ့။ ဒါပေမယ့် စိတ်တွေကတော့ ထွေပြပဲ။ ဘာဖတ်ရမှန်း၊ ဘာရေးရမှန်း၊ ဘာလုပ်ရမှန်းကို မသိဘူး။ ကိုယ်ဟာ တမ်းတနေရတယ်ဆိုတာ တစ်ခုတည်းပဲ သိတော့တယ်။

မင်းရဲ့ အင်နာ။

* * *

တနင်္ဂနွေ

ဖေဖော်ဝါရီ ၁၃၊ ၁၉၄၄

ချစ်သော ကစ်တီ

စနေနေ့ကစပြီး ကိုယ့်မှာ အများကြီးပြောင်းလဲခဲ့ပြီ။ ဖြစ်ပုံကတော့ ဒီလိုပါ။ ကိုယ်ဟာ တမ်းတနေခဲ့တယ်။ အခုအထိလည်း တမ်းတမျှော်မှန်းဆဲပါပဲ။ ဒါပေမယ့် အင်မတန် မဆိုစလောက် အသေးအဖွဲ့ကိစ္စကလေး ဖြစ်လာခဲ့တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့မနက်က ပီတာဟာ တစ်ချိန်လုံးလိုလို ကိုယ့်ကို ကြည့်နေတာ ကိုယ် သတိထားမိတယ်။ ဒါ့အတွက် ပျော်လည်းပျော်တယ်။ ရှိုးရိုးတန်းတန်းတော့ ကိုယ် မပြောတတ်ဘူး။ ဘယ်လိုရှင်းပြရမလဲဆိုတာ ကိုယ်မသိဘူး။

ပီတာဟာ မားဂေါ့နဲ့ ချစ်နေကြတယ်လို့ ကိုယ်ထင်ခဲ့တယ်။ ဒါပေမယ့် မနေ့ကတော့ ဒီလိုမဟုတ်ဘူးလို့ ချက်ချင်း ကိုယ်ထင်ပြန်ရော။ သူ့ကို သိပ်ပြီးမကြည့်ဖို့ ကိုယ် အထူးကြိုးစားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ဒီလိုကြည့်လိုက်တိုင်း သူကလည်း ပြန်ကြည့်ပါရဲ့။ နောက်တော့ ကိုယ့်ရင်ထဲမှာ ချစ်စရာကောင်းတဲ့ ခံစားမှုလေး ပေါ်လာတတ်ပြီး ဒီခံစားမှုဆိုတာကလည်း ကိုယ့်မှာအမြဲတမ်းမရှိ ဖြစ်နေတာကိုး။

ကိုယ်ဟာ တစ်ယောက်ထီးတည်းပဲ နေချင်တယ်။ ကိုယ်ဟာ ခါတိုင်းလို မဟုတ်ဘူးဆိုတာ ဖေဖေက သတိပြုမိဟန် တူပေမယ့် ကိုယ်ကလည်း အရာရာတိုင်း ဖေဖေ့ကိုမပြောပါဘူး။ 'ကျွန်မ အေးအေး လူလူ နေပါရစေ၊ ကျွန်မတစ်ယောက်ထီးတည်းနေပါရစေ' ဆိုတာ ကိုယ်အမြဲတမ်း ကိုယ်လိုချင်နေတဲ့ အရာပါပဲ။ တစ်နေ့မှာ ကိုယ်လိုချင်တာထက် ပိုပြီးအထီးကျန်နေရမယ့်နေ့ကို မရောက်လာဘူးလို့ ဘယ်သူပြောနိုင်ပါ့မတုန်း။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ
ဖေဖော်ဝါရီ ၁၄၊ ၁၉၄၄

ချစ်သော ကစ်တီ

တနင်္ဂနွေနေ့ ညနေမှာ "ဂျာမန်အရှင်သခင်များရဲ့ မကွယ်ပျောက်နိုင်တဲ့ တေးသံ"ကို နားထောင်ဖို့အတွက် ကိုယ်နဲ့ ဖေဖေမှအပ တခြားလူအားလုံးဟာ ရေဒီယိုနားမှာ ဝိုင်းကိုင်နေကြတယ်။





ဒူဆဲက ရေဒီယိုကို' ဟိုလှည့် ဒီလှည့် ဟိုးလိုက် ကျယ်လိုက်နဲ့ အဆက်မပြတ် လုပ်နေတာပေါ့လေ။ ဒါကို ပီတာရော တခြားလူတွေကပါမကြိုက်ဘူး။ နာရီဝက် လောက်ကြာသွားတော့ သည်းမခံနိုင်တော့တဲ့ ပီတာက တိုးလိုက်ကျယ်လိုက်နဲ့ လက်ဆော့နေတာကို၍ ရပ်ဖို့ပြောပါလေရော။ ဒူဆဲကလည်း သူ့ထုံးစံအတိုင်း စွာလောင်စွာလောင်နဲ့ 'ကောင်းအောင် လုပ်နေတာ ဘာဖြစ်သလဲ'လို့ ပြန်ပြောတော့ ပီတာက စိတ်ဆိုးလာပြီး ရိုင်းရိုင်းစိုင်းစိုင်း ဖြစ်လာတာမို့ သူ့အဖေက အနားကို ခေါ်ထားလိုက်တယ်။ ဒူဆဲကလည်း မလုပ်တော့ဘူး။ ဒီအဖြစ်အပျက်က ဒီမှာတင် ပြီးသွားရော။

အကြောင်းရင်းကတော့ အင်မတန်မှ အရေးမကြီးတဲ့ အကြောင်းရင်းပါပဲ။ နို့ပေမယ့် ပီတာက တော်တော်လေး အမှတ်ကြီးပုံရတယ်။ ဒါကြောင့် အပေါ်ဆုံးထပ်က စာအုပ်စင်မှာ စာအုပ်တွေ မွှေနေတဲ့ ကိုယ့်နားကိုရောက်လာပြီး အဖြစ်အပျက်တစ်ခုလုံးကို သူကပြန်ပြောတာပေါ့။ ဒီအကြောင်း ကိုယ်ဘာမှမသိပါဘူး။ ဒါပေမယ့် ကိုယ်သေသေချာချာ ဂရုတစိုက်နားထောင်တာကို ပီတာက သဘောကျဟန်တူပါတယ်။

'ဟုတ်တယ်၊ မင်းကြည့်လေ။ ကိုယ်ဟာ ဘာကိုမှ အလွယ်မပြောဘူး။ ဘာဖြစ်လို့လဲဆိုရင် ကိုယ်သာ အာစေးထည့်ပြီး ပါးစပ်ပိတ်ခံရမှာကိုး။ ကိုယ့် တစ်ကိုယ်လုံးဟာ တုန်ရင်လှုပ်ရှားလာတယ်။ တစ်ခုခုကို ပြောချင်လှပြီ။ ဒါနဲ့ ပြောချလိုက်တော့ အပြောအဆိုဟာ ကြောက်စရာကောင်းလောက်အောင် ဖြစ်လာတာပေါ့။ ကိုယ့်မှာ အကျင့်မကောင်းဘူး။ အခုအထိလည်း မကောင်းသေးဘူး။ တစ်ယောက်ယောက်နဲ့ အငြင်းပွားရင် ပါးစပ်က သိပ်မပြောချင်ဘူး။ လက်သီးနဲ့ပဲ ရှင်းချင်တယ်။ ဒီနည်းဟာ ကောင်းကျိုးမပေးဘူးဆိုတာ သဘောပေါက်လာတယ်။ ဒါကြောင့် မင်းကို ကိုယ်လေးစားတာ။ မင်းဟာ စကားတစ်လုံးမမှားဘူး။ ပြောချင်တာကို အတိအကျပြောတယ်။ ဒီလိုဆိုတော့ အရှက်လည်း မကွဲဘူးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်မှားနေပြီလို့ ကျွန်မတော့ပြောနိုင်တယ်။ လူတွေကို ကျွန်မပြောချင်တာနဲ့ တခြားစီဖြစ်အောင် အမြဲပြောတယ်။ နောက်ပြီး ကျွန်မဟာ သိပ်စကားရှည်ရှည် ပြောတယ်။ အဲဒါလည်း မကောင်းသေးဘူး' လို့ ကိုယ်က ဖြေလိုက်တယ်။

နောက်ဆုံးစကားလုံးအတွက်တော့ ကိုယ်သိပ်ရယ်ချင်သွားတာပဲ၊ ဒါပေမယ့် သူ့အကြောင်း သူပြောတာကို သိပ်ကြားချင်တာနဲ့ ကြမ်းပြင်ပေါ်မှာ ဒူးနှစ်ဖက်ကို လက်နဲ့ချိတ် ထိုင်ချလိုက်ပြီး သူ့ကိုသတိထားကြည့်နေလိုက်မိတယ်။

ဒီအိမ်ကြီးထဲမှာ ကိုယ်ဝင်တဲ့လမ်းပေါက်အတိုင်း ဝင်လာနိုင်သူတစ်ယောက် ယောက်ရှိနေပြီမို့ ကိုယ်သိပ်ဝမ်းသာတာပဲ။ ကိုယ့်စကားတွေကို ကြောက်စရာမလိုဘဲ ပီတာဟာ သူ့ဘာသာ ဒူးဆိုကို စိတ်ရှိလက်ရှိ ပစ္စလက်ခွတ်ပြောတာ ကိုယ် ကြားချင်တယ်။ ကိုယ့်အတွက်ကတော့ သိပ်ကျေနပ်နေတာပေါ့။ ဘာဖြစ်လို့ လဲဆိုတော့ ကိုယ့်မိန်းကလေးမိတ်ဆွေများဆီမှာသာ ရှိတယ်လို့ထင်ခဲ့တဲ့ တကယ့်ဘဲ့တူမျိုး တစ်ယောက်ကို တွေ့ပြီလို့ထင်တဲ့အတွက်ပါပဲ။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး
ဖေဖော်ဝါရီ ၁၆၊ ၁၉၄၄

ချစ်သော ကစ်တီ

ဒီနေ့ဟာ မားဂေါ့ရဲ့မွေးနေ့ပေါ့။

၁၂ နာရီခွဲမှာ ပီတာလာပြီး လက်ဆောင်တွေကို ကြည့်ရင်းလိုအပ်တာထက် ပိုလောက်အောင် အကြာကြီးစကားတွေပြောနေတယ်။ သူ့မှာ





တခြားအကြောင်းမရှိရင် သူဒီလို အကြာကြီးပြောမှာမဟုတ်ဘူး။ မွှန်းလွဲပိုင်းကျတော့ ကိုယ်က ကော်ဖီသွားယူတယ်။ နောက်ပြီး အာလူးတွေ သွားယူတယ်။ ဘာဖြစ်လို့လဲဆိုတော့ မားဂေါ့ကို တစ်နှစ်လုံးလုံးအတွက် ဒီတစ်ရက်မှာ ကောင်းကောင်း ဒုက္ခပေးရအောင်လို့ပေါ့။

ကိုယ်က ပီတာရဲ့အခန်းကို ဖြတ်လာတော့ ပီတာဟာ လှေကားထစ်က သူ့စာရွက်တွေအားလုံးကို သိမ်းနေတယ်။ ကိုယ်က အပေါ်ဆုံးအထပ်တက်တဲ့ တံခါးပေါက်ကို ပိတ်ခဲ့ရမလားလို့မေးတော့ သူက 'အင်း ပိတ်ခဲ့။ မင်းပြန်လာရင် တံခါးကိုခေါက်လိုက်။ ကိုယ်ဖွင့်ပေးမယ်' တဲ့ ပြန်ဖြေသည်။

သူ့ကို ကျေးဇူးတင်ကြောင်းပြောပြီး အပေါ်ထပ် တက်လာခဲ့တယ်။ နောက်ပြီး စည်ကြီးထဲက သေးပေ့ဆိုတဲ့ အာလူးလေးတွေကို ၁၀ မိနစ်လောက်ရှာနေတယ်။ ဒီအခိုက် ကိုယ့်ကျောက နာလာပြန်တာနဲ့ တံခါးကို မခေါက်ဘဲ ကိုယ့်ဘာသာ ကိုယ်ဖွင့်ဝင်သွားတော့ ပီတာဟာ ကိုယ့်အနားရောက်လာပြီး ကိုယ့်လက်ထဲက ဇန်းကိုသယ်ပေးတယ်။

'ရှာလိုက်ရတာ အကြာကြီးပဲ။ ဟောဒါတွေက အသေးဆုံးလေးတွေလေ' လို့ ကိုယ်ကပြောလိုက်တယ်။

'စည်ကြီးထဲမှာ ကြည့်သေးသလား'

'ဟုတ်တယ်၊ အားလုံးကို ကြည့်ပြီးပြီ'

ဒီအချိန်မှာ ကိုယ်က လှေကားအောက်ထစ်မှာ ရပ်နေပြီး သူကတော့ သူကိုင်ထားတဲ့ ဇန်းထဲကိုပဲ ကြည့်နေတယ်။

'အို ဒါတွေဟာ ပထမတန်းစားတွေပေါ့' လို့ သူက ပြောတယ်။ ကိုယ်က . သူ့ဆီကဇန်းကို လှမ်းယူတော့ 'မင်းကို ချီးကျူးပါတယ်' တဲ့ ထပ်ပြောတယ်။ တစ်ချိန်တည်းမှာ သူ့ရဲ့ ညင်သာတဲ့အကြည့်ဟာ ကိုယ့်ရင်ထဲမှာ ချစ်ခင်နှစ်လိုတဲ့ အစိုင်အခဲကိုပေါ်စေတော့တဲ့ အထိပါပဲ။ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျေနပ်အောင် လုပ်ချင်နေတာကို ကိုယ်တွေ့နေရပြီ။ ဘာဖြစ်လို့လဲဆိုတော့ ရကားရှည်ရှည်ဝေးဝေး မပြောပေမယ့် သူ့မျက်စိက စကားအပြည့်အစုံ ပြောနေလို့ပါပဲ။

ကိုယ်ဟာ သူ့ကို ကောင်းကောင်းကြီး နားလည်လာတယ်။ ဒီ့အတွက် အကျိုးလည်းရှိသပေါ့။ သူပြောခဲ့တဲ့စကားနဲ့ သူကြည့်ခဲ့တဲ့အကြည့်ကို ပြန်တွေးတိုင်း အခုအထိ ကိုယ့်မှာ ကျေနပ်နှစ်သိမ့်နေရပါတယ်။

အောက်ထပ်ကိုရောက်တော့ မေမေက ညစာချက်ဖို့ နောက်ထပ်အာလူး ယူခိုင်းပြန်ရော။ အပေါ်ထပ်ကို နောက်တစ်ခေါက်ပြန်သွားဖို့ ကိုယ်က လိုလိုလားလားပဲ သဘောတူလိုက်တယ်။

ပီတာ့အခန်း ရောက်တော့ အနှောင့်အယှက် ထပ်ပေးရတဲ့အတွက် ကိုယ်က တောင်းပန်လိုက်တယ်။ ကိုယ် လှေကားထစ်ပေါ်လည်းရောက်ရော သူကထလာပြီး တံခါးနဲ့ နံရံအကြားမှာ ရပ်ရင်း ကိုယ့်လက်မောင်းကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားတယ်။

'ကိုယ်သွားမယ်'လို့ သူကပြောတယ်။ ဒီတစ်ခါတော့ အာလူးအသေးလေးတွေချည်း ယူဖို့မဟုတ်တဲ့အတွက် သွားဖို့မလိုပါဘူးလို့ ကိုယ်က ရှင်းပြလိုက်တော့မှ သဘောပေါက်သွားပြီး ကိုယ့်လက်ကို လွှတ်ပေးလိုက်တယ်။ အဆင်းကျတော့ သူရောက်လာပြီး တံခါးပေါက်ကို ဖွင့်ပေးရင်း ကိုယ့်လက်ထဲက ဗန်းကိုကိုင်ပေး ပြန်တယ်။

တံခါးပေါက်ကိုရောက်တော့ 'အခု ဘာသင်နေလဲ'လို့ ကိုယ်က မေးတယ်။ သူက 'ပြင်သစ်စာ'တဲ့။ ဒါနဲ့ကိုယ်က လေ့ကျင့်ခန်းတွေ ခဏတစ်ဖြုတ်ကြည့်ပါရစေလို့ ပြောလိုက်တယ်။ နောက် ကိုယ့်လက်ကို ရေဆေးပြီး ခုတင်ပေါ်ကနေ သူနဲ့ မျက်နှာချင်းဆိုင် ထိုင်လိုက်တယ်။

ပြင်သစ်စာအကြောင်းကို ကိုယ်က နည်းနည်းစရှင်းပြပြီးနောက်





မကြာခင် ကိုယ်တို့လည်း စကားစပြောကြတာပဲ။ သူက သူဟာ နောက်ကို ဒတ်ချ်ပိုင် အနောက်အိန္ဒိယကျွန်းစုသွားပြီး စိုက်ခင်းတွေဘာတွေ လုပ်ကိုင်ချင်တဲ့အကြောင်း ပြောပြတယ်။ သူ့အိမ်ကအကြောင်း၊ မှောင်ခိုဈေးအကြောင်းတွေ လျှောက်ပြောပြီး နောက်ဆုံးမှာ သူဟာ ဘာမှအသုံးမကျတဲ့ လူလို့ သူ့ကိုယ်သူထင်ကြောင်း ပြောပြတယ်။ ကိုယ်က လည်း သူဟာ သိမ်ငယ်တဲ့စိတ်ခံစားတွေ သိပ်ဝင်နေပြီလို့ ပြောပြလိုက်တယ်။

သူက ဂျူးတွေအကြောင်း ပြောပြန်ရော။ တကယ်လို့သာ ခရစ်ယာန်တစ်ယောက် ဖြစ်ခဲ့လို့ရှိရင်၊ စစ်ပြီးမှသာ လူဖြစ်လို့ရှိရင် သူ့အတွက် အရာအားလုံးဟာ ပိုလွယ် လိမ့်မယ်လို့ပြောတယ်။ ကိုယ်ကတော့ တကယ်လို့ ခရစ်ယာန်ပဲဖြစ်ဖြစ်၊ နှစ်ခြင်းဘာသာဝင်ပဲဖြစ်ဖြစ် လွယ်မယ် မထင်ဘူးလို့ ပြန်ပြောတယ်။

နောက်ပိုင်းမှာတော့ ဖေဖေ့အကြောင်း၊ လူတွေရဲ့ အကျင့်စာရိတ္တကို ခန့်မှန်းပုံအကြောင်း၊ အဲ့ ပါးစပ်ထဲတွေ့သမျှ အကြောင်းတွေကို လျှောက်ပြောကြတာပဲ။ ဘာတွေလဲဆိုတာ အတိအကျမမှတ်မိတော့ဘူး။

သူ့အခန်းက ကိုယ်ထွက်လာတော့ ညနေ ၄ နာရီခွဲပြီ။

ညနေပိုင်းကျတော့ သူက စကားစမြည်ပြောသေးတယ်။ သူ့ကို တစ်ခါတုန်းက ကိုယ်ပေးခဲ့ဖူးတဲ့ ဇာတ်လိုက်တစ်ယောက်ရဲ့ ဓာတ်ပုံအကြောင်းကို ကိုယ့်တို့ပြောကြတယ်။ ဒီဓာတ်ပုံကို သူ့အခန်းထဲမှာ ချိတ်ဆွဲထားတာ အနည်းဆုံး တစ်နှစ်ခွဲလောက်တော့ ကြာသွားပြီ။ သူကလည်း သိပ်သဘောကျတာမို့ နောက်ထပ်ပုံတွေ ကိုယ်က ထပ်ပေးဦးမယ်လို့ ပြောတော့ သူက 'ဟင့်အင်း၊ မပေးနဲ့တော့။ ဒီပုံပဲထားချင်တယ်။ ဒီပုံကို ကိုယ်နေ့တိုင်းကြည့်တယ်။ ကိုယ့်မိတ်ဆွေလို ဖြစ်နေပြီ'လို့ ပြောတယ်။

သူဟာ ဘာဖြစ်လို့ ခဏခဏ ကြောင်ကလေးကို ပွေ့ဖက်နေသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အခုတော့ ကိုယ်နားလည်လာပြီ။ သူ့မှာ ချစ်ခင်နှစ်သက်မှုရယ်လို့ လိုနေတာအမှန်ပဲ။

သူပြောတဲ့စကားတစ်ခွန်းကို ကိုယ် မှတ်မိနေတယ်။ သူက ‘ကိုယ့်ချွတ်ယွင်းချက်တွေကို တွေးမိတာမှအပ တခြားကြောက်စရာဆိုတာ မှိုကိုမရှိသေးဘူး။ ဒါပေမယ့် အဲဒီချွတ်ယွင်းချက်တွေကလည်း များများလာနေတယ်’တဲ့။

ပီတာမှာ ကြောက်မက်ဖွယ် ကောင်းလောက်တဲ့ သိမ်ငယ်စိတ်ဝင်နေတယ်။ ဥပမာ သူဟာ အမြဲတမ်းမိုက်ပြီး ကိုယ်တို့က အမြဲတမ်း သိမှာတယ်လို့ တွက်လေ့ ရှိတယ်။ ပြင်သစ် သင်ခန်းစာတွေကို ကိုယ်က ကူညီပြသပေးလိုက်ရင် ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို အကြိမ် အစ်ထောင်လောက် ပြောတော့တာပဲ။ တစ်နေ့တော့ ကိုယ်ပြောလိုက်ဦးမယ်။ ‘တိတ်တိတ်နေစမ်းပါ၊ ရှင်ဟာ အင်္ဂလိပ်စာနဲ့ ပထဝီမှာ သိပ်တော်ပါတယ်’လို့။

မင်းရဲ့ အင်နာ။

* * *

သောကြာ

ဖေဖော်ဝါရီ ၁၈၊ ၁၉၄၄

ချစ်သော ကစ်တီ

အပေါ်ထပ်ကို တက်သွားတိုင်း ‘သူ့ကို’ တွေ့ရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက် ကိုယ့်မှာ အမြဲပါနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု ကိုယ့်ဘဝမှာ ရည်မှန်းချက် တစ်ရပ်ရှိလာပြီမို့ အရာရာတိုင်း သာယာကြည်မောဖို့ကောင်းတဲ့ ရှေ့ကို လမ်းမျှော်ကြည့်မိတာပါပဲ။

ကိုယ့်ခံစားမှုတွေရဲ့ ရည်မှန်းချက်ဟာလည်း ရှိနေပြီမဟုတ်လား။





မားဂေါ့မှအပ တခြားပြိုင်ဘက်ရယ်လို့တော့ ကြောက်စရာမရှိသေးပါဘူး။ ဒီလိုဟာတွေ လျှောက်ပြောနေလို့ ကိုယ်ဟာ အချစ်ရေးထဲဝင်နေပြီလို့ မထင်နဲ့ဦး။ ဘာဖြစ်လို့လဲသိလား။ ကိုယ်ကမှ မချစ်ဘဲကိုး။ ဒါပေမယ့် ကိုယ်တို့အကြားမှာ ယုံကြည်မှု၊ ချစ်ခင်မှုကို ပေးသွမ်းနိုင်တဲ့ အရာရာ တစ်ခုခု ဖြစ်ထွန်းရှင်သန်လာလိမ့်မယ်လို့တော့ ကိုယ့်မှာ တွေးဆချက် ရှိတယ်လေ။

အခွင့်အရေးရတာနဲ့တစ်ပြိုင်နက် ကိုယ်တော့ သူ့အခန်းကို သွားတာပဲ။ ဒီလို ကိုယ်သွားတော့ သူဟာ ဘယ်ကစပြီး ဘာပြောရမှန်း မသိလောက်အောင် ဖြစ်နေတယ်မထင်နဲ့။ မှားသွားလိမ့်မယ်။ ကိုယ် အခန်းပေရောက်တာနဲ့တစ်ပြိုင်နက် သူက စကားတွေ ဖောင်နေတော့တာပဲ။

ဒါကို မေမေက သိပ်ကြိုက်ပုံမရဘူး။ သွားသွားပြီး အနှောင့်အယှက်မပေးပါနဲ့။ သူ့ဘာသာသူ အေးအေးဆေးဆေးနေပါစေလို့ ကိုယ့်ကို ပြောသေးတယ်။ ကိုယ့်စိတ်ထဲမှာ တစ်ခုခုရည်ရွယ်ချက်ရှိနေတာကို မေမေ သဘောမပေါက်ရိုး အမှန်ဘဲ။ ပီတာ့အခန်းလေးထဲကို ကိုယ်သွားတိုင်း မေမေ သုန်သုန် မှုန်မှုန်ကြည့်နေတတ်တယ်။ ကိုယ် အောက်ထပ်ပြန်ဆင်းလာတိုင်း ဘယ်သွားနေတာလဲလို့ မေးတတ်တယ်။ ကိုယ်တော့ ဒါကို တော်တော်သည်းမခံနိုင်တော့ဘူး။ တကယ့်ကို စိတ်ရှုပ်စရာလို့လည်း ထင်နေတယ်။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



စနေ

ဖေဖော်ဝါရီ ၁၉၊ ၁၉၄၄

ချစ်သော ကစ်တီ

**စနေနေ့ကို** တစ်ဖန် ပြန်ရောက်ရပြန်ပြီ။ စနေနေ့အကြောင်း **မင်းသိသားပဲ။** နံနက်ခင်းဟာ တိတ်ဆိတ်နေတယ်။ အပေါ်ထပ်မှာ သွားပြီး ကူညီခဲ့ပေမယ့် 'သူ'နဲ့ စကားတစ်လုံးစ နှစ်လုံးစပဲ ကမန်းကတန်း ပြောခဲ့ရတယ်။ နှစ်နာရီခွဲတော့ လူအားလုံး ကိုယ့်အခန်းကိုယ်အောင်းပြီး စာဖတ်သူကဖတ် အိပ်သူကအိပ်နေကြတာပေါ့လေ။

ကိုယ်လည်း စောင်တစ်ထည်ယူပြီး စာရေးချင်ရင်ရေး၊ ဖတ်ချင်ရင်ဖတ်ရအောင် သီးသန့်ရုံးခန်းထဲကိုလာခဲ့တယ်။ မကြာခင်ပဲ ကိုယ်ဟာ ဘာဖြစ်လာသလဲ မသိဘူး။ လက်မောင်းပေါ် ခေါင်းတင်ရင်း ရင်ထဲမှာလည်း သိပ်လှုပ်ရှားလို့ပေါ့။ 'သူ'သာလာပြီး ကိုယ့်ကို ချော့မော့ နှစ်သိမ့်နေရင် ဘယ့်လောက်ကောင်းလိုက်မလဲ။

လေးနာရီထိုးတော့ အပေါ်ထပ်ကိုတက်ပြီး ကိုယ့်နှလုံးသားမှာ နောက်ထပ်များ တွေ့ရဦးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ အာလူးတက်ယူတယ်။ ရေချိုးခန်းထဲဝင်ပြီး ကိုယ့်ဆံပင်တွေကို ပြင်နေတုန်း ကုန်လှောင်ရုံထဲက ကြောင်ဆီကို သူဆင်းသွားသံ ကြားလိုက်ရတယ်။

ချက်ချင်းပဲ မျက်ရည်တွေ ကျလာပြန်ရော။ ဒါနဲ့ ကိုယ်လည်း အိမ်သာခန်း ရှိရာကို လာခဲ့တယ်။ အဝတ်အစားကို ကျကျနန ပြင်ဝတ်တယ်။ ကိုယ့်အကျႌအနီရောင်မှာ မျက်ရည်စတွေ စွန်းထင်းကုန်တော့ ကိုယ့်မှာလည်း ဆိုးဆိုးရွားရွားကို စိတ်ဆင်းရဲနေမိတယ်။

ကိုယ့်မလည်း အတွေးတွေ ဝန်းရံလို့ပေါ့။ ဒီနည်းနဲ့တော့ ပီတာ့ဆီကို ရောက်နိုင်မှာမဟုတ်ဘူး။ ကိုယ့်ကို သူက လုံးလုံးလျားလျား မကြိုက်ဘူးလို့ ဘယ်သူ ကပြောနိုင်မလဲ။ ကိုယ့်အကြောင်းကို သူက





တွေးရိုးတွေးစဉ် အတိုင်းများတွေးသလား။ ချစ်ကြည်မှုမပါဘဲ ပီတာမပါဘဲ ကိုယ့် တစ်ယောက်တည်းနေတာပဲ ကောင်းပါတယ်လေ။ မကြာခင် ကိုယ့်မှာ မျှော်လင့်မှုမရှိ၊ နှစ်သိမ့်မှုမရှိနဲ့ သောင်မမြင် ကမ်းမမြင်များ ဖြစ်နေဦးမလား။ သူ့ပခုံးမှာ ကိုယ့်ခေါင်းမှီပြီးတော့သာ နေလိုက်ရရင် ဘယ့်နှယ်လဲ။ ကိုယ့်ကို ဂရုစိုက်ချင်ဟန်ဆောင်ပြီး သူက တခြား တစ်ယောက်ကိုပါ အလားတူ လုပ်မနေဘူးလို့ ဘယ်သူပြောနိုင်သလဲ။ သူဟာ ကိုယ့်အတွက်ဆိုတာ ကိုယ့်ဘက်ကများ စိတ်ဆန္ဒစောနေတာလား စတဲ့ အတွေးတွေပေါ့လေ။

ဒါပေမယ့် မကြာခင်မှာပဲ ကိုယ့်ပါးပြင်မှာ မျက်ရည်တွေ စီးကျနေပေမယ့် မျှော်လင့်ချက် အသစ်တွေဟာ ကိုယ့်ဆီ ပြန်ရောက်လာကြလိမ့်မယ်ထင်တယ်။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး

ဖေဖော်ဝါရီ ၂၃၊ ၁၉၄၄

ချစ်သော ကစ်တီ

အပြင်ဘက်မှာတော့ ရာသီဥတုဟာ ချစ်စရာမို့ ကိုယ်လည်း မနေ့ကစပြီး အေးအေးငြိမ်ငြိမ်လေး နေလာခဲ့တယ်။ ကိုယ့်အဆုတ်ထဲက လေဆိုး လေညစ်တွေကို ထုတ်ပစ်ဖို့အတွက် ပီတာ အလုပ်လုပ်ရာ အပေါ်ဆုံး အထပ်ကို မနက်တိုင်းလိုလို ကိုယ်တက်တယ်။

ကိုယ်ဟာ ပြာနှမ်းနေတဲ့ ကောင်းကင်ပြင်ကြီးကို လှမ်းကြည့်ရင်း ငွေရောင် မိုးစက်မိုးပေါက်ကလေးတွေ တွဲရရွဲခိုနေသေးတဲ့ အရိုးပြိုင်းပြိုင်း သစ်ကိုင်းတွေရယ်၊ လေထဲမှာဝဲပျံနေတဲ့ ပင်လယ်စင်ရော်နဲ့ တခြားငှက်တွေရယ်ကို ငေးကြည့်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထူထဲတဲ့ သစ်သားတိုင်ကြီးကို သူက ဦးခေါင်းနဲ့မှီရင်း ရပ်နေ ကိုယ်ကတော့ ကြမ်းပြင်မှာ ထိုင်ချလိုက်တယ်။ ကိုယ်တို့ဟာ လေကော **လေသန့်**ကို ရှူရှိုက်ရင်း အပြင်လောကကြီးကို လှမ်းကြည့်ကြတယ **ဒီအစဉ်**အလာလေးကို စကားလုံးတွေနဲ့ မချိုးဖောက်သင့်ဘူးလို့ ကိုယ် **နှစ်**ယောက်စလုံး နားလည်ကြတာနဲ့ အချိန်တော်တော်ကြာကြာ ဒီအတို -နေကြတာပဲ။

အပေါ်ထပ်တက်ပြီး ထင်းခွေ ခွဲတဲ့အခါကျရင်တော့ သူဟ တကယ်ကော်တယ်လို့ ကိုယ်ထင်စမြဲပဲ။ သူက လှေကားနဲ့ တက်သွား ကိုယ်လည်း လိုက်တက်သွားတာပဲ။ နောက် သူဟာ ၁၅ မိနစ်လော ကြာအောင် ထင်းတွေခွဲနေရင် တစ်ချိန်လုံးဟာ တိတ်ဆိတ်လို့ပေါ့။ ကိုယ် ရပ်နေရာကနေပြီး သူလုပ်တာကို စောင့်ကြည့်တယ်။ သူကလည သူ့ခွန်အားကိုပြဖို့ အစွမ်းကုန် လုပ်တာပဲ။

ဒါပေမယ့် ကိုယ်ဟာ ပွင့်နေတဲ့ပြတင်းပေါက်ကနေပြီး အိမ်အမိ တွေနဲ့ အမ်စတာဒမ်တစ်မြို့လုံးကို လှမ်းကြည့်မိပါရဲ့။ ကွေးကွေးရေးရေ အပြာရောင် ဖျော့ဖျော့လေး တောက်နေတဲ့ မိုးကုပ်စက်ဝိုင်းဆီကိုလည ကြည့်မိသေးတယ်။ 'ဒီအရာတွေ တည်ရှိနေသေးသမျှ၊ ဒီအရာတွေ ကြည့်ဖို့ ငါ့အသက်ရှင်နေသေးသမျှ ဟောဒီတောက်ပနေတဲ့ နေရောင်ရယ် မိုးသားကင်းစင်တဲ့ ကောင်းကင်ရယ် တည်နေသေးသမျှ ငါလည်း ပျော်ရွ ကြည်နူးနေရဦးတော့မှာပါလား'လို့ ကိုယ်တွေးမိတယ်။

အယီးကျန်ဘဝမို့ဖြစ်စေ၊ မပျော်မွေ့လို့ဖြစ်စေ စိုးရိမ်ကြောက် နေသူအတွက် အကောင်းဆုံးဖြေဆေးကတော့ ကောင်းကင်၊ သဘာ ဘုရားသခင်တို့နဲ့အတူ ဆိတ်ငြိမ် အေးချမ်းစွာနေနိုင်မယ့် အပြင်လောက သွားဖို့ပဲ။

ဘာဖြစ်လို့လဲ သိလား။ ဖြစ်ရမယ့်အရာဟာ ဖြစ်မှာပဲ။ နောက်ပြီ ဘုရားသခင်က ရိုးသားလှပတဲ့ သဘာဝအလယ်မှာ လူတွေ ပျော်





ပါးကြစေဖို့ ဆုတောင်းထားခဲ့တယ် ဆိုတာတွေကို ဒီတော့မှ **သိလာမှာ** မို့ပါပဲ။ ဒီအရာတွေ တည်ရှိနေသမျှ ကာလပတ်လုံး ဘယ်လိုပတ်**ဝန်း** ကျင်မှာပဲဖြစ်ဖြစ်၊ ဝမ်းနည်းမှုတွေအတွက် နှစ်သိမ့်ဖြေဖျောက်စရာရယ်လို့ ရှိနေမှာပါပဲ။ သဘာဝဟာ ဘေးဒုက္ခ အမျိုးမျိုးရဲ့အကြားမှာ ဖြေစရာကို ပေးစွမ်းတယ်လို့ ကိုယ်တော့ ခိုင်ခိုင်မာမာ ယုံကြည်တယ်။

ကိုယ့်လိုပဲ ခံစားချက်တူတဲ့ တစ်စုံတစ်ယောက်သောသူနဲ့ မကြာခင် ကိုယ်ဟာ ဒီအကြောင်းအရာတွေကို မျှဝေပြီးမခံစားရတော့ဘူးလို့ ဘယ်သူ က ပြောနိုင်မှာလဲ။

မင်းရဲ့ အင်နာ။

စဉ်းစားမိသေးတယ်။

အခွင့်အရေးဟူသမျှကို လွဲနေခဲ့တာချည်းပဲ။ ဒီလို လွဲနေခဲ့တာလဲ ကြာပါပြီ။ ကိုယ်လည်း မင်းလိုပဲပေါ့။ ကိုယ်ဟာ အပေါ်ယံအကြောင်းအရာ တွေကို ပြောနေတာမဟုတ်ပါဘူး။ လွတ်လပ်မှုနဲ့ လေကောင်းလေသန့် ကို မင်းလိုပဲ ကိုယ်လည်း တောင့်တတာပါပဲ။ ဒါပေမယ့် ဒီလိုကင်းကွာ နေရတာတွေအတွက် ကိုယ်တို့မှာ အစားပြန်ရနေပြီလို့ ထင်ပါတယ်။ ဒီနေ့မနက် ပြတင်းတံခါးနားမှာ ထိုင်နေတုန်း ဗြုန်းခနဲဆို ဒီအကြောင်း အရာကို ကိုယ်သဘောပေါက်လာတာပါပဲ။ အစားလို့ ကိုယ်ဆိုလိုတာက ကိုယ့်ရင်ထဲမှာ ဖြစ်နေတာတွေကို ဆိုလိုတာပါ။

သဘာဝနဲ့ ဘုရားသခင်တို့ကို နက်နက်ရှိုင်းရှိုင်း ကြည့်လိုက်တဲ့ အခါမှာ ကိုယ်ပျော်တယ်၊ တကယ်ပျော်တယ်။ နောက်ပြီး ပီတာ၊ ပျော်ရွှင်မှုဟာ သူ့ဆီမှာ ရှိနေသမျှ၊ သဘာဝမှာ ယစ်မူးနေသမျှ ကျန်းမာ နေသမျှ လူဆိုတာဟာ သူ့ပျော်ရွှင်မှုကို ပြန်လည်ရရှိစမြဲပဲ။

ချမ်းသာကြွယ်ဝမှုဟာ ဆုံးရှုံးနိုင်တဲ့အရာသာ ဖြစ်တယ်၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မင်းရဲ့ ကိုယ်ပိုင် အသည်းနှလုံးထဲမှာက ပျော်ရွှင်မှုဆိုတာကိုတော့ သိမ်းဆည်းထားနိုင်တယ်။ ဒီသိမ်းဆည်းမှုဟာ မင်းအသက်ရှင်နေသမျှ ကာလပတ်လုံး မင်းကို တစ်ဖန်ပြန်ပြီး ပျော်ရွှင် ချမ်းမြေ့စေမှာပါပဲ။ နိဗ္ဗာန်ဘုံကို အကြောက်အရွံ့မရှိ မင်းကြည့်မျှော်နိုင်သမျှ၊ မင်းကိုယ်မင်း ထိန်းသိမ်းထားနိုင်သမျှ ပျော်ရွှင်မှုကို မင်းရှာဖွေလို့တွေ့မှာပဲ၊

မင်းရဲ့ အင်နာ။

* * *

တနင်္ဂနွေ

ဖေဖော်ဝါရီ ၂၇၊ ၁၉၄၄

အချစ်ဆုံး ကစ်တီ

မနက်မိုးလင်းက ညမိုးချုပ်အထိ ပီတာ့အကြောင်းကို တွေးနေတာကလွဲလို့ ကိုယ်တော့ ဘာမှမလုပ်မိဘူး။ အိပ်လည်း သူ့ရုပ်ပုံဟာ ကိုယ့်မျက်စိထဲ ရောက်နေတယ်။ သူ့အကြောင်း အိပ်မက် မက်တယ်။ နိုးလာတဲ့အထိ သူဟာ ကိုယ့်ကို ကြည့်နေတုန်းပဲ။

ပီတာနဲ့ ကိုယ်ဟာ သိပ်ပြီး တစ်ယောက်နဲ့တစ်ယောက် ကွဲပြားခြားနား တာရယ်လို့ မရှိဘူးဆိုတဲ့ အတွေးဟာ ကိုယ့်မှာ သိပ်အစိုင်အခဲကြီးမားနေတယ်။ ဘာဖြစ်လို့လဲဆိုတာ ကိုယ်ပြောပြမယ်။

ကိုယ်တို့နှစ်ယောက်စလုံးမှာ အမေဆိုဟာမရှိဘူး။ သူ့အမေဟာ အပေါ်ယံ ကျလွန်းတယ်။ တည်ငြိမ်တဲ့ အချက်မရှိဘူး။ ပီတာက ဘာတွေးတယ်၊ ဘာထင်တယ် ဆိုတာကို ဘယ်တော့မှ ဂရုစိုက်လေ့မရှိဘူး။ ကိုယ့်အမေကလည်း ကိုယ့်ကို အလားတူပဲ။ ဂရုမစိုက်လှဘူး။ သည်းခံစိတ်၊ မိခင်ပီသတဲ့စိတ်လည်း မရှိဘူး။

ဒီတော့ ပီတာနဲ့ကိုယ်ဟာ ဆိုင်ရာဆိုင်ရာ အတွင်းစိတ်ခံစားမှုတွေနဲ့ နားပန်း လုံးနေရပြီး ကိုယ်တို့အပေါ် ရွက်ကြမ်းရေကျို ဆက်ဆံတာကိုလည်း ခံချင်စိတ်မရှိဘူး။ ဒါပေမယ့် ဒီလိုပဲ ခံလာရတဲ့အခါမှာ ကိုယ်က လွတ်ရာကျွတ်ရာကို ထွက်သွားချင်ပေမယ့် မဖြစ်နိုင်ပြန်တော့ ကိုယ့်ခံစားမှုတွေကို ရင်ထဲမှာမြှိုသိပ်ပြီး အများက ကိုယ့်အပေါ် မျက်စိရှုံ့နားရှုပ် ဖြစ်ရင်လည်းဖြစ်ရော ဂုန်းဒိုင်းနဲ့ ဆူပူလိုက်တာပဲ။

သူကတော့ ဆန့်ကျင်ဘက်ပဲ။ သူက မျက်စိပိတ်၊ နားပိတ်၊ စကားနည်းနည်းပြော၊ ငြိမ်ငြိမ်ကလေးနေ၊ ချောက်အိပ်မက်တွေမက်ပြီး ဒီနည်းနဲ့ သူ့ကိုယ်သူ ထိန်းသိမ်းတယ်။

ဒါပေမယ့် ကိုယ်တို့ဟာ အဆုံးခရီးကို ဘယ်နည်းဘယ်ပုံ ရောက်ကြမှာလဲ။ ဒီမျှော်လင့် တောင့်တချက်ကို ကိုယ့်အသိဉာဏ်က ဘယ်လောက်ကြာအောင် ထိန်းသိမ်းထားနိုင်ဦးမှာလဲဆိုတာ ကိုယ်လည်း မသိသေးဘူး။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ

ဖေဖော်ဝါရီ ၂၈၊ ၁၉၄၄

အချစ်ဆုံး ကစ်တီ

နေ့ရောညပါ အိပ်မက်ဆိုးတွေ မက်လာရပြီ။ တစ်ချိန်လုံးလိုလိုပဲ ကိုယ်ဟာ သူ့ကိုမြင်နေရပေမယ့် သူ့နားကို မရောက်နိုင်ဘူး။ ဒါပေမယ့် ကိုယ့်အဖြစ်ကတော့ 'ငုံးဆူ လူမသိ' အဖြစ် မဟုတ်လား။ ကိုယ့်မှာရှိတဲ့ သောက ဗျာပါဒတွေ အကြားကပဲ ပျော်ပျော်နေဖို့ ကြိုးစားရဦးမယ် မဟုတ်လား။

ပီတာဝဲဆွယ်နဲ့ ပီတာဖန်ဒန်းတို့ဟာ တစ်ပီတာတည်း ဖြစ်လာပြီလေ။ ကိုယ်ချစ်မြတ်နိုးတဲ့၊ မျှော်လင့်တောင့်တတဲ့ ပီတာပေါ့။

မေမေဟာ ငြီးငွေ့စရာကောင်းလှတယ်။ အားလုံးဟာ ငြီးငွေ့စရာပဲ ဆိုပါတော့။ အထူးပိုပြီး ငြီးငွေ့စရာကောင်းသူကတော့ မားဂရက်ပေါ့။ ဘာဖြစ်လို့ လဲဆိုတော့ ကိုယ့်မျက်နှာ ကြည်ကြည်ရွှင်ရွှင်နေတာကို







www.burmeseclassic.com

www.burmeseclassic.com



သူကအမြဲမြင်ချင်လို့ပေါ့။ ကိုယ်ကတော့ အေးအေးလူလူနေဖို့ကိုသာ လိုလားနေတာ။

အပေါ်ဆုံးက အထပ်ကလေးထဲမှာ ကိုယ်ရှိနေပေမယ့် ပီတာ မလာဘူး။ အထက်ထပ်တက်သွားပြီး လက်သမားအလုပ်တစ်ခုခု လုပ်နေတာပဲ။ သူ့ရဲ့ ထုသံ ရိုက်သံတွေကိုကြားတိုင်း ကိုယ့်ရင်ထဲက ပျော်ရွှင်မှုဆိုတာတွေဟာလည်း ကုန်ခန်းပပျောက်သွားသလိုပဲ။ အဝေးဆီက ခေါင်းလောင်းသံကို ကြားရတယ်။ ခေါင်းလောင်းသံက 'ခန္ဓာကိုယ်၌ သန့်စင်စေလော့။ စိတ်စေတသိက်၌ သန့်စင်စေလော့'လို့ ပြောနေတယ်။ တကယ်ဆိုရင် ကိုယ်ဟာ သိပ်စိတ်ကူးယဉ်နေတယ်ဆိုတာကို ရှုးရှုးမိုက်မိုက် ကိုယ်သိနေပြီလေ။ ကိုယ့်ကို ကူညီပါဦးလားကွယ်။

မင်းရဲ့ အင်နာ။

* * *

ပုဒ္ဒဟူး

မတ် ၁၊ ၁၉၄၄

ချစ်သော ကစ်တီ

သူခိုး ခိုးခံရတာနဲ့ပဲ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေ အားလုံးဟာ လွင့်စဉ် ကုန်ကြပြီ။ သူခိုးတွေကလည်း ကိုလန်အင်ကုမ္ပဏီကို လာရတာမှ ဂုဏ်ရှိတယ်များ ထင်နေသလား မသိပါဘူး။ ခုတစ်ကြိမ် သူခိုးခိုးခံရတာကတော့ ၁၉၄၃ ခုနှစ် ဇူလိုင်လထဲမှာ ခံရတာထက် ပိုပြီးရှုပ်သေးတယ်။

ည ၇နာရီခွဲမှာ ကရာဂါရဲ့ရုံခန်းကို မစ္စတာဖန်ဒန်း သွားတော့ ရုံးခန်းတံခါးနဲ့ မှန်တံခါးပေါက်တွေပွင့်နေတာ တွေ့ရတယ်။ သူက ဒါကို အံ့ဩနေပြီး ရှေ့ဆက်သွားတော့ အမှောင်ခန်းကလေးကို ဝင်တဲ့တံခါးပါ ပွင့်နေတာတွေ့ရတယ်။ ရုံးခန်းကြီးထဲမှာလည်း ရှုပ်ပွနေတာပဲတဲ့။

'သူခိုးတော့ဝင်နေပြီ' လို့ ချက်ချင်းသတိရလာတယ်။ ပိုသေချာ





အောင် အောက်ထပ်ဆင်းပြီး ရှေ့တံခါးပေါက်ကိုကြည့်တော့ တံခါးပေါက်မှာ ယေးလ်သော့ ခလောက်ခတ်ထားသား။ တံခါးတွေလည်း ပိတ်ထားလျက်သား တွေ့ရပြန်ရော။ 'ဒါဖြင့် ဒီနေ့ညနေ ပီတာနဲ့ အဲလီတို့ အလုပ်ရှုပ်ထားတာ ဖြစ်ရမှာပဲ'လို့ တွေးမိပြီး ကရာဂါ့ရုံးခန်းထဲ ခဏပြန်ဝင်၊ မီးခလုတ်ကိုပိတ်၊ တစ်ခါအပေါ်ထပ်ပြန်တက်ရော။ သူ့စိတ်ထဲမှာတော့ ပွင့်နေတဲ့ တံခါးတွေအကြောင်းကို သိပ်မပူတော့ဘူးပေါ့။

ဒီနေ့မနက်ကျတော့ ပီတာက ကိုယ်တို့တံခါးကို စောစောစီးစီး လာခေါက်ပြီး ရှေ့တံခါးမကြီး ပွင့်နေတယ်ဆိုတဲ့ စိတ်မသက်သာစရာ သတင်းကို လာပြောတယ်။ ကရာဂါရဲ့ ပရိုဂျက်တာနဲ့ ဖိုင်တွဲသေတ္တာ ပျောက်နေတယ်လို့လည်း သူကပြောတယ်။ ပီတာကို တံခါးပိတ်ဖို့ ပြောလိုက်ပြီး မစ္စတာဖန်ဒန်းက မနေ့ညနေက သူတွေ့ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြန်ပြောတော့ ကိုယ်တို့လည်း သိပ်စိတ်ပူကြရတာပေါ့။

သော့ခလောက်ဟာ ဖျက်ဆီးလို့မရနိုင်တဲ့ အမျိုးအစားမို့ သူခိုးမှာ သော့တူ ပါတယ်နဲ့ တူပါတယ်။ သူက အစောကြီး အခန်းထဲရောက်နှင့်ပြီး မစ္စတာဖန်ဒန်း အလာမှာပုန်းနေပြီးတော့မှ အလစ်မှာတံခါးကို ပြန်မပိတ်ဘဲ အလျင်စလို ထွက်သွားတယ်လို့ ယူဆရတာပဲ။

ကိုယ်တို့သော့မျိုး ဘယ်သူ့ဆီမှာရှိပါလိမ့်။ သူခိုးဟာ ဘာဖြစ်လို့ ကုန်လှောင်ရုံကို မသွားပါလိမ့်။ ကုန်လှောင်ရုံစောင့်ထဲက တစ်ယောက်ယောက်များ ကိုယ်တို့အပေါ် သစ္စာဖောက်တာလား။ ဖန်ဒန်းကိုအသံကြားရုံကင်မကဘူး မြင်သွားသလား။

အားလုံးတော့ ခေါင်းနောက်နေကြတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီသူခိုးဟာ ကိုယ့်တို့ဆီကို နောက်တစ်ခေါက် ပြန်လာဖို့ စိတ်ကူးရမရ ကိုယ်တို့မသိဘူးလေ။ ဒီအိမ်ကြီးထဲမှာ တစ်ယောက်ယောက် လမ်းလျှောက်နေတာကို တွေ့သွားလို့ တုန်လှုပ်ချောက်ချားသွားသလားလဲ မဆိုနိုင်ဘူး။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေး
မတ် ၂၊ ၁၉၄၄

ချစ်သော ကစ်တီ

မားဂေါ့နဲ့ ကိုယ် နှစ်ယောက်စလုံး အပေါ်ဆုံးအထပ်ခိုးကလေးကို ဒီနေ့ ရောက်နေကြတယ်။ ကိုယ်တို့နှစ်ယောက်ဟာ အတူနေလို့ ဘယ်တော့မှ မဖြစ်ဘူးလို့ ကိုယ်ထင်ပေမယ့် အကြောင်းအရာများစွာနဲ့ ပတ်သက်လို့တော့ ကိုယ်ခံစားချက်တွေကို သူမျှဝေခံစားချင်တယ်ဆိုတာ ကိုယ်သိပါတယ်။

အဝတ်လျှော်နေကြတုန်း အဲလီက သူစိတ်အားငယ်တဲ့အကြောင်း မေမေနဲ့ မစ္စက်ဖန်ဒန်းကို ပြောပြတယ်။ သူတို့က ဘာပြန်ပြောတယ် ထင်သလဲ။ မေမေက ဘယ်လို အကြံပေးသလဲ၊ မင်းသိလား။ ဒုက္ခရောက်နေတဲ့ တခြားလူတွေရဲ့အရေးကို စဉ်းစားရမယ်လို့ ပြန်ပြောကြသတဲ့။

စိတ်ပျက်အားငယ်နေတဲ့ လူတစ်ယောက်ကို စိတ်ပျက် အားငယ်စရာတွေ တွေးပါလို့ပြောတာ ဘာကောင်းသလဲ။ ကိုယ်က မနေနိုင်လို့ ဝင်ပြောတော့ 'အရာရာ ဝင်မပါစမ်းနဲ့'လို့ ကိုယ့်ကိုပြောတယ်။

ဒီ သက်ကြီးရွယ်အိုတွေဟာ မရူးလား၊ မမိုက်လားဟင်။ ပီတာ၊ မားဂေါ့နဲ့ ကိုယ်ဟာ အရာရာတိုင်းမှာ စိတ်ဆန္ဒချင်း မတူနိုင်ပေမယ့် မိခင်တစ်ယောက်ရဲ့အချစ်နဲ့ အင်မတန်ကောင်းတဲ့ မိတ်ဆွေတစ်ယောက်ဟာ ကိုယ်တို့ကို အများကြီး ဖေးမကူညီနိုင်ပါတယ်။ ဒီမိခင်တွေဟာ ကိုယ်တို့ အပေါ် လုံးလုံးလျားလျား နားမလည်နိုင်ကြဘူး။ မစ္စက်ဖန်ဒန်းက မေမေ့ထက်မျိုး နည်းနည်းပိုမလားမသိဘူး။ သနားစရာကောင်းလှတဲ့ အဲလီကို ကိုယ်တို့ ဖေးဖေးမမ ပြောလိုက်ချင်လှတယ်။ ကိုယ့်အတွေ့အကြုံတွေက သူ့ကို ကူညီနိုင်မယ်ဆိုတာ ကိုယ်သိတယ်။ ဒါပေမယ့် ဖေဖေက ကြားဝင်လာပြီး ကိုယ့်ကို ဖယ်ထုတ်လိုက်တာပဲ၊

သူတို့အားလုံးဟာ မခက်လား။ ကိုယ်တို့ကို ဘာထင်မြင်ချက်မှ





ပေးခွင့် မပြုဘူး။ လူတွေကို ပါးစပ်ပိတ်ထားပါလို့တော့ ပြောရင်ရတယ်။ ဒါပေမယ့် ထင်မြင်ချက်ရှိတာကိုတော့ မရှိနဲ့လို့ ပြောမရနိုင်ပါဘူး။ အသက်ငယ်သူ ဖြစ်ပေမယ့် သူတို့ရဲ့အတွေးကို ဒီလိုမတွေးရ၊ ဟိုလိုမတွေးရလို့ တားဆီးမထားသင့်ဘူး။

အဲလီ၊ မားဂေါ့၊ ပီတာနဲ့ ကိုယ်တို့အပေါ်မှာ ကြီးမားတဲ့အချစ်နဲ့ တွယ်တာမှုကသာ ကူညီနိုင်မှာပါ။ ဒါပေမယ့် ဒီအရာတွေကို ကိုယ်တို့ အားလုံးဟာ မရရှာကြဘူး။ အင်မတန် ခေါင်းမာတဲ့ 'ခပ်တိုင်းငနံမ' လေးမှအပ ဘယ်သူမှ ကိုယ်တို့ ကို နားမလည်ဘူး။ ဘာဖြစ်လို့လဲသိလား။ ကိုယ်တို့ဟာ ပိုပြီး စိတ်ကူးကောင်းလို့၊ ကိုယ်တို့ရဲ့ အတွေးအခေါ်ဟာ ဒီလူကြီးတွေရဲ့ အရူးအိပ်မက်တွေထက်ပိုပြီး ရှေ့ရောက်နေလို့ပါပဲ။

အခု အခိုက်အတန့်မှာ မေမေဟာ ပိုပြီး ကျွမ်းကိုနေတယ်။ အကြောင်းကတော့ ခုတလော ကိုယ်က မစ္စက်ဖန်ဒန်းကို သူ့ထက်ပိုပြီး စကားပြောတဲ့ အတွက်ပါပဲ။

ဒီနေ့မွန်းလွဲပိုင်းမှာ ပီတာနဲ့ဆုံမိသေးတာနဲ့ အနည်းဆုံး ၁၅ မိနစ်လောက်ကိုယ်တို့ စကားစမြည်ပြောကြတယ်။ ပီတာဟာ သူ့အကြောင်း သူပြောရမှာ အင်မတန်ဝန်လေးနေပုံပဲ။ သူ ဒီလိုပြောလာအောင် ကိုယ်က မနည်းကြိုးစားရတယ်။ နိုင်ငံရေးကိစ္စ၊ စီးကရက်ကိစ္စနဲ့ အို အရာရာတိုင်း အတွက်ဆိုပါတော့။ သူ့မိဘတွေ ဘယ်လောက် ရန်ဖြစ်တယ်ဆိုတာ သူက ပြောပြတယ်။ သူဟာ ရှက်လည်း ရှက်တတ်တယ်။

နောက်တော့ ကိုယ့်မိဘတွေအကြောင်း ကိုယ်က ပြောပြတယ်။ သူက ဖေဖေ့ကို ကာကွယ်ပါတယ်။ 'အင်မတန်တော်တဲ့လူ'လို့လည်း သူ ယူဆပုံရတယ်။ နောက်တစ်ဖန် 'အပေါ်ထပ်'နဲ့ 'အောက်ထပ်' အကြောင်းတွေကို ပြောကြပြန်ရော။ သူ့မိဘတွေကို ကိုယ်တို့က သဘောမကျဘူးဆိုတာ ကြားရတော့ သူဟာ တကယ့်ကို အံ့ဩနေတယ်။ ကိုယ်က ပြောတယ်။

'ပီတာ၊ ကျွန်မ ဘယ်လောက် ရိုးသားတယ်ဆိုတာ ရှင်သိသား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ဒီလိုဆိုရင် ဘာဖြစ်လို့ သူကိုရဲ့အပြစ်တွေကို မြင်နေတယ်ဆိုတာ ကျွန်မက ဘာဖြစ်လို့ မပြောရမှာလဲ။ ရှင့်ကို ကျွန်မ သိပ်ကူညီချင်တယ်၊ ဘယ့်နှယ်လဲ ကူညီရမလား။ အဖြစ်အပျက်တွေနဲ့ ပတ်သက်လို့ ရှင် ဘာမှမပြောပေမယ့် ရှင်ဟာ ဒါတွေကို ဂရုမထားဘူးလို့တော့ မဆိုနိုင်ဘူး'

'အို အကူအညီပေးမှာကို အမြဲတမ်း ခရီးဦးကြိုဆို ပြုပါတယ်'

'တကယ်လို့ ဖေဖေ့ဆီ သွားတိုင်ပင်ကြည့်ရင်လဲ ဖေဖေ့ကို ရှင်အလွယ်တကူ ပြောပြလို့ရပါတယ်'

'ဟုတ်တယ်၊ သူဟာ တကယ့်လူကောင်းပါ'

'ရှင် သူ့ကို သိပ်ခင်တယ်မဟုတ်လား' ပီတာက ခေါင်းညိတ်ပြတော့ ကိုယ်က ဆက်ပြောတယ်။ 'သူကလည်း ရှင့်ကိုခင်တာပဲ'

သူ့မျက်နှာဟာ တောက်ပသွားပြီး ကိုယ့်ကို ချက်ချင်းငေးစိုက်ကြည့်တယ်။ ဒီစကားလုံးလေးတွေက သူ့ကို ဘယ်လောက်ကျေနပ်စေသလဲဆိုတာ တွေ့ရတော့ ကိုယ့်စိတ်ထဲမှာ လှုပ်ရှားသွားမိတယ်။

'ဒီလိုပဲထင်သလား'တဲ့၊ သူက မေးတယ်။

'ဟုတ်တယ်၊ ဖြစ်နေတဲ့ကိစ္စတွေကို အသေးအဖွဲလေးပဲဖြစ်ဖြစ် ရှင်ပြောနိုင်ပါတယ်'လို့ ကိုယ်က ပြန်ပြောလိုက်တယ်။

ပီတာကတော့ ဖေဖေ့လို တကယ့်လူတော်လေးပါပဲ။

မင်းရဲ့ အင်နာ။

• • •

သောကြာ

မတ် ၃၊ ၁၉၄၄

ချစ်သော ကစ်တီ

ဒီအဖိတ်နေ့ ညနေဘက်မှာ ထွန်းထားတဲ့ ဖယောင်းတိုင်ကို ကြည့်ရင်း ကိုယ့်စိတ်ဟာ အေးမြတည်ငြိမ်လာတယ်။ ပျော်လာတယ်။





အိုမာ အရှင်မြတ်ဟာ ဖယောင်းတိုင်မှာ ရောက်ရှိနေပြီလို့ ကိုယ်ထင်တယ်။ အိုမာ အရှင်မြတ်သာလျှင် ကိုယ့်ကို ကာကွယ်စောင့်ရှောက်နေတယ်။ ကိုယ့်ကို ထာဝစဉ်ပျော်ရွှင်မှုတွေ ပေးသနားနေတယ်လို့ ကိုယ်ထင်ပါတယ်။

ဒါပေမယ့် ကိုယ့် စိတ်စေတသိက်တစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်ထားသူ တစ်ဦးတော့ ရှိလေရဲ့။ သူကတော့ ပီတာလေ၊ ပီတာ။ ဒီနေ့ အာလူးတက်ယူပြီး လှေကားထစ်မှာရပ်နေတုန်း၊ သူက 'နေ့လယ်စာ စားပြီးကတည်းက မင်းဘာလုပ်နေသလဲ'တဲ့ ချက်ချင်းလှမ်းမေးတယ်။

ကိုယ်က လှေကားထစ်အထက်ကို တက်သွားပြီး ထိုင်လိုက်တော့ ကိုယ်တို့ နှစ်ယောက်စကားလက်ဆုံ ကြရပြန်တာပေါ့။ နောက်တစ်နာရီအကြာ ၅ နာရီနဲ့ ၁၅ မိနစ်ကြာတော့မှ ကိုယ်တို့ခွဲခွာခဲ့ကြတယ်။

ပီတာက သူ့မိဘတွေအကြောင်း နောက်ထပ် မပြောတော့ပါဘူး။ စာအုပ်တွေ အကြောင်း၊ အတိတ်က အကြောင်းတွေကိုသာ ကိုယ်တို့ ပြောတာပါ။ ဒီလူရဲ့ အကြည့်ဟာ သိပ်နွေးထွေးတာပဲ။ ကိုယ်တော့ သူ့ကို ချစ်လုနီးနီးများ ဖြစ်နေပြီလား မသိပါဘူး။ အာလူးတွေခွာပေးပြီး သူ့ အခန်းထဲကို ညနေဘက်မှာ ကိုယ်သွားတော့ ကိုယ်လည်း သိပ်ကို ထူပူနေပြီ။

'ကျွန်မနဲ့ မားဂေါ့ တူမတူ ပြောစမ်းပါ။ အေးနေရင် ကျွန်မတို့ မျက်နှာဟာ ဖြူပြီး၊ ပူနေရင် နီနေတာပဲလား'

'ချစ်စိတ်ဝင်တဲ့အခါမှာလား'တဲ့၊ သူကမေးတယ်။

'ကျွန်မက ဘာဖြစ်လို့ ချစ်စိတ်ဝင်ရမှာလဲ'လို့ ကိုယ်က မေးဖြေဖြေတယ်။ ကိုယ့်အဖြေက တကယ်ဆိုတော့ ရယ်စရာအကောင်းသား။

'ဘာဖြစ်လို့ အချစ်စိတ်မဝင်ရမှာလဲ' ဆိုပြီး ကျွန်မလည်း ညစာစားဖို့ ထွက်သွားရော။

ဒီစကားမှာ တစ်စုံတစ်ရာကို ရည်ညွှန်းသွားတာများလားမသိဘူး။ ဒါနဲ့ ဒီနေ့တွေ့တော့ 'ကျွန်မနဲ့ စကားပြောရတာ နားငြီးသလား'လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကမေးတယ်။ သူက "ဟင့်အင်း၊ နားမငြီးပါဘူး။ ကိုယ်သဘော ကျပါတယ်"တဲ့။

ဒီအဖြေဟာ ဘယ့်လောက်အထိ ရှက်စနိုး ဖြစ်လှမယ်ဆိုတာ ကိုတော့ ကိုယ်မခန့်မှန်းနိုင်သေးဘူး။

ကစ်တီရေ၊ ကိုယ့်ချစ်သူအကြောင်းကိုသာ ပြောချင်လှတဲ့ ချစ်စိတ် ဝင်တဲ့လူလို ကိုယ်လည်း ပမာတူနေပြီ။ ချစ်သူကတော့ ပီတာပေါ့။ ဘယ်တော့များမှ သူ့ကို ကိုယ်က ဒီလိုပြောနိုင်ပါ့မလဲ။ ကိုယ့်ကိုလည်း သူက သူ့ချစ်သူလို့ ယူဆဦးမှကိုး။

ဒါပေမယ့် ကိုယ့်ကိုယ်ကို သေသေချာချာ ပြန်စစ်ဆေးနိုင်စွမ်း ရှိပါတယ်။ ဒါကို သူကောင်းကောင်းသိတယ်။ သူဟာ အေးအေးဆေးဆေး နေလေ့ရှိသူမို့ ကိုယ့်အပေါ် ဘယ်လောက်ချစ်တယ် ကြိုက်တယ်ဆိုတာ ကိုယ် မခန့်မှန်းတတ်သေးဘူး။ ဘာပဲဖြစ်ဖြစ်လေ ကိုယ်တို့တော့ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိသထက် သိလာပြီပေါ့။ ဒါ့ထက် ပိုပြီး တစ်ယောက်ကိုတစ်ယောက် ပြောရဲကြပါစေလို့ ကိုယ်ဆုတောင်း တာပဲ။ အချိန်ဟာ ကိုယ်ထင်တာထက် ပိုပြီးမြန်မလာဘူးလို့ရဲ ဘယ်သူ ပြောနိုင်မလဲ။ တစ်နေ့ကို နှစ်ကြိမ်လောက် နားလည်မှုနဲ့ ကြည့်ထား တဲ့အကြည့်ကို ကိုယ်ခံယူရတယ်။ ကိုယ်က ပြန်ကြည့်တယ်။ ကဲ နှစ်ယောက်စလုံး ပျော်တာပဲ။

သူ့အကြောင်းပြောရတာ ပျင်းလွန်းလို့ သူ့အကြောင်းကိုပဲ ပြော ချင်တဲ့စိတ်နဲ့ ကိုယ့်မှာ ရူးမတတ်ဖြစ်နေပြီထင်တယ်။ သူကလည်း ကိုယ့် လိုပဲ တွေးလိမ့်မယ်ဆိုတာ ကိုယ် သေသေချာချာ ဆိုရဲတယ်။

မင်းရဲ့ အင်နာ။





စနေ

မတ် ၄၊ ၁၉၄၄

ချစ်သော ကစ်တီ

ဒီနေ့ဟာ လပေါင်းများစွာအတွက် ပထမဆုံး စနေပါပဲ။ လပေါင်း များစွာ ဆိုတာကလည်း ပျင်းရိဖွယ်၊ ငြီးငွေ့ဖွယ်၊ ထိုင်းမှိုင်းဖွယ် မဟုတ် တဲ့ လတွေပါပဲ။ ဒီလိုဖြစ်ရတဲ့အကြောင်းကတော့ ပီတာပေါ့။

ကနေ့မနက် ကိုယ့်ခါးစည်း အဝတ်ကိုလှမ်းဖို့ အပေါ်ဆုံးအထပ်ကို တက်သွားတယ်။ ဖေဖေကလည်း ကိုယ့်ကို ပြင်သစ်စကားလေ့ကျင့်ဖို့ အပေါ်ထပ်မှာ နေချင်ရင်နေလို့ ပြောတာနဲ့ ကိုယ်က သဘောတူလိုက် တယ်။ ပထမ ကိုယ်တို့ ပြင်သစ်စကားပြော ကျင့်ကြပြီး ဒီ့နောက် အင်္ဂလိပ်စကားပြော ကျင့်ကြတယ်။ ဖေဖေက ဒစ်ကင်းရဲ့ ဝတ္ထုကို အကျယ်ကြီး အသံထွက်ဖတ်ပြတော့ ကိုယ်ဟာ ဘုံရှုနစ်ဆင့်ကို ရောက် နေသလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပီတာ့အနားကပ်ပြီး ဖေဖေ့ကုလား ထိုင်ပေါ်မှာ ကိုယ်ထိုင်နေရလို့ပေါ့။

၁၁ နာရီမှာ အောက်ထပ်ကို ပြန်ဆင်းလာပြီး နောက်တစ်ခါ ၁၁ နာရီခွဲမှာ အပေါ်ထပ်ပြန်တက်သွားတော့ သူဟာ လှေကားဝကနေပြီး ကိုယ့်ကိုစောင့်နေတယ်။ ၁၂ နာရီ ၄၅ မိနစ်အထိ စကားပြောကြတာပေါ့။ အခန်းထဲက ကိုယ်ထွက်ခါနီးမှာပဲဖြစ်စေ၊ ထမင်းစားပြီးလို့ အခွင့်အရေး ရခိုက်မှာပဲဖြစ်စေ၊ ဘယ်သူမှ မကြားနိုင်ဘူးဆိုရင် သူက 'အင်နာ၊ မင်းနဲ့ ကိုယ် မကြာခင်တွေ့ဦးမယ်'လို့ ပြောလေ့ရှိတယ်။

အို ကိုယ်တော့ သိပ်ကျေနပ်တာပါပဲ။ နောက်ဆုံးမှာ သူဟာ ကိုယ့်ကိုများ ချစ်နေပြီလားဆိုတာ သံသယဖြစ်လာမိတယ်။ ဘာပဲ ဖြစ်ဖြစ်လေ သူဟာ တကယ်ဆိုတော့ အင်မတန်ကောင်းတဲ့လူပါ။ သူနဲ့ ကိုယ် ဘယ်လောက် ချစ်စရာစကားတွေ ပြောခဲ့တယ်ဆိုတာလည်း ဘယ်သူမှ မသိပါဘူး။

သူ့ဆီကိုသွားပြီး စကားစမြည်ပြောတာကို မစွက်ဖက်ဒန်းက



www.burmeseclassic.com

www.burmeseclassic.com



သဘောတူ ပါတယ်။ ဒါပေမယ့် ဒီနေ့တော့ နောက်သလိုလိုနဲ့ 'ညည်းတို့နှစ်ယောက်တည်း အပေါ်ထပ်သွားနေတာ ယုံရရဲ့လားအေ' တဲ့၊ မေးတယ်။

'ဒါ သက်သက် ကျွန်မကို စော်ကားတာပဲ' လို့ ကိုယ်က ပြန်ပြောလိုက်တယ်။ မနက်မိုးလင်းက ညမိုးချုပ်အထိ ကိုယ်တော့ ပီတာနဲ့တွေ့ဖို့ကိုသာ စောင့်မျှော်နေမိတယ်။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ
မတ် ၆၊ ၁၉၄၄

ချစ်သော ကစ်တီ

ပီတာ့မျက်နှာကို ကြည့်ရတာ ကိုယ်တွေးသလို သူလည်းတွေးနေတယ်ဆိုတာ ကိုယ် အတတ်ပြောနိုင်ပါတယ်။ မနေ့ညနေတုန်းက ကိုယ်တို့ကို 'အကြံသမားတွေ' လို့ မစ္စက်ဗန်ဒန်းက ပြောလိုက်တော့ ကိုယ်ဟာ ဒေါသ ထွက်ခဲ့မိတယ်။ ပီတာကတော့ အနေအထိုင်အရခက်ပြီး မျက်နှာမှာ ရှက်သွေးဖြာနေပေမယ့် ကိုယ့်မှာ ဒီစကားအတွက် ပေါက်ကွဲလုမတတ် ဖြစ်ခဲ့ရတယ်။

သူတို့ဟာ ဘာဖြစ်လို့ ပါးစပ်ပိတ်မနေနိုင်သလဲမသိဘူး။

သူ့အနားမှာရပ်ပြီး သူအထီးကျန်ဖြစ်နေတာကို မြင်နေရတာနဲ့ အခုအထိ ဘာမှမလုပ်နိုင်ဘဲ ဖြစ်နေတာတွေဟာ ဘယ်လောက် ကြေကွဲကြောက်မက်ဖွယ် ကောင်းတယ်ဆိုတာ မင်းစဉ်းစားကြည့်ပေါ့။ ရန်ဖြစ်တာနဲ့ ချစ်ခင်တာတွေအကြားမှာ သူဘယ်လောက် အနေခက်ရှာမယ်ဆိုတာ ကိုယ်တော့ သူ့နေရာကဝင်ပြီး ကိုယ်ချင်းစာမိပါရဲ့။ တကယ့် သနားစရာ ပီတာပါပဲကွယ်။ သူဟာ အချစ်ကို အလွန်အမင်း လိုအပ်နေတဲ့လူပါ။

သူ့အတွက် မိတ်ဆွေမလိုပါဘူးလို့ သူကပြောလိုက်တဲ့ စကားလုံး





တွေဟာ ကိုယ့်နားထဲကို ပြင်းထန်တဲ့အရှိန်နဲ့ ဝင်လာတာပါပဲ။ သူမှားနေပြီ၊ သူမှားနေပြီ။ သူ တကယ်ပြောတာလို့ ကိုယ်မယုံဘူး။

သူ တစ်ကိုယ်ထီးတည်းနေတတ်တာ၊ သူ့မှာ ကိုန်းအောင်းနေတဲ့ မထုံတတ်တေးဖြစ်နေတာနဲ့ သူ့ရဲ့ အရွယ်ရောက်ပုံ နည်းလမ်းတွေဟာ သူ့ရင်ထဲက ခံစားမှုတွေကို မပြချင်တဲ့အတွက် သူဖက်တွယ်ထားတဲ့ အရာတွေပါပဲ။ သနားစရာ ပီတာဟာ ဒီအတိုင်း ဘယ်လောက်ကြာအောင် နေနိုင်မှာလဲ။ လူသာမန်တို့ မကြိုးပမ်းနိုင်တဲ့ ဒီကြိုးပမ်းမှုရဲ့ အခြေအမြစ်နောက်ပိုင်းမှာ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ပွင့်အံပေါက်ကွဲထွက်လာမှာ သေချာပါတယ်။

အို ပီတာရယ်။ ကျွန်မကသာ ရှင့်ကို ကူညီနိုင်မယ်ဆိုရင် ရှင်ကလည်း ကျွန်မကူညီတာကို ခွင့်ပြုမယ်ဆိုရင် ရှင်နဲ့ကျွန်မတို့ရဲ့ အထီးကျန်ဘဝကို ကျွန်မတို့ အတူတကွ မောင်းနှင်ထုတ်ပစ်နိုင်ကြမှာပေါ့။

ကိုယ်ဟာ အများကြီးတွေးပေမယ့် စကားတော့ သိပ်များများ မပြောဘူး။ သူ့ကိုမြင်ရရင် ကိုယ်ပျော်တယ်။ သူနဲ့သာအတူနေရရင် နေမင်းကြီး တောက်လင်းနေသလိုပါပဲ။ မနေ့က ကိုယ် ခေါင်းလျှော်နေခိုက် ကိုယ်တို့အနားကအခန်းမှာ သူထိုင်နေတယ်ဆိုတာ ကိုယ်သိတယ်။ ဒါပေမယ့် ဘာမှမတတ်နိုင်ဘူး။ ကိုယ့် ခန္ဓာကိုယ်ထဲမှာ ပိုလို့သာ ဆိတ်ငြိမ်သာတယ်။ လေးနက်လာပေမယ့် ကိုယ့်အပြင် သဏ္ဍာန်ကတော့ ပိုပြီး ဆူညံလှုပ်ရှားလာတယ်။

ကိုယ်တို့နှစ်ယောက်အနက် ဘယ်သူက ပထမဆုံး ပြေးတွေ့မလဲ။ ဒီအတား အဆီးကြီးကို ဘယ်သူက ပထမဆုံး ချိုးဖျက်ပစ်မလဲ။ နောက်ဆုံးတော့ ဖန်ဒန်းတို့လင်မယားမှာ သမီးမရှိဘဲ သားတစ်ယောက် ရှိနေတာကို ကိုယ်တော့ သိပ်ဝမ်းသာတယ်။ ဆန့်ကျင်ဘက် လိင်တစ်[illegible]ယောက်ကို ကိုယ်ကသာ စတင်ပြီး စိတ်ကူးတာရယ်လို့ မရှိခဲ့ရင် ကိုယ့်[illegible]ောင်မြင်မှုဟာ အခုလောက် ခက်ခဲမှာ၊ အခုလောက် လှပမှာ၊ အခုလောက် ကောင်းမွန်[illegible] လည်း မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ အင်နာ။

မှတ်ချက်။။ မင်းအပေါ်မှာ ကိုယ် အမြဲတမ်း ရိုးသားတယ်ဆိုတာလည်း မင်းသိသားပဲ။ ဒါကြောင့် ကိုယ်နဲ့ သူနဲ့တွေ့ပုံတွေကို အတိအကျ မင်းကို ပြောပြပါ့မယ်။ သူကလည်း ကိုယ့်ကို စောင့်မျှော်နေလိမ့်မယ်လို့ ကိုယ် မျှော်လင့်တယ်။ နောက်ပြီး သူ့ဘက်က ရှက်ရွံ့ရွံ့ဖြစ်နေတာကို တွေ့ရ ပြန်ရင်လည်း ကိုယ့်မှာ ရင်ဖိုလို့မဆုံးဘူး။ သူ့မှာလည်း ကိုယ့်လိုပဲ ပြောစရာတွေ အများကြီးရှိတယ်နဲ့ တူတယ်။ သူရဲ့ အဲဒီလို အချိုးအစား မကျမှုလေးကြောင့် ကိုယ်က သူ့အပေါ် စွဲလမ်းတယ်ဆိုတာ သူသိပ် သိပုံမရပါဘူး။

* * *

အင်္ဂါ

မတ် ၇၊ ၁၉၄၄

ချစ်သော ကစ်တီ

၁၉၄၂ ခုနှစ်အတွင်းက ကိုယ့်ဘဝအကြောင်းကို အခု ပြန်ပြောင်း တွေးတော ကြည့်လိုက်ရင် တကယ်မဟုတ်သလိုဘဲ ထင်ရတယ်။ အခုတော့ တကယ်ပဲ ပြောင်းလဲခဲ့ပြီလေ။ နိဗ္ဗာန်ဘုံမှာ ရှင်ပြန်ထမြောက် သလိုနေခဲ့တဲ့ အင်နာဟာ အခု ဟောဒီနံရံတွေအကြားမှာ ပိုပြီး အသိပညာ ကြီးတဲ့ အင်နာဖြစ်လာပြီ။

မှန်ပါတယ်။ အဲဒီတုန်းက ဘဝဟာ နိဗ္ဗာန်ဘုံက ဘဝမျိုးပါပဲ။ ဘယ်ဘက် ကိုကြည့်ကြည့် ယောကျ်ားလေးမိတ်ဆွေတွေနဲ့၊ ကိုယ့်သက်တူ ရွယ်တူ အသိအကျွမ်း မိတ်ဆွေနှစ်ဆယ်လောက်နဲ့၊ ဆရာ ဆရာမ အားလုံး လိုလိုက ကိုယ့်အပေါ် ချစ်ကြတာနဲ့၊ ဖေဖေနဲ့ မေမေက ခေါင်းကနေ ခြေမအထိ အလိုလိုက်တာနဲ့၊ သကြားလုံးတွေက အများကြီး၊ သုံးစရာငွေ အလုံအလောက်နဲ့ နေခဲ့ရတဲ့ဘဝလေ။ ဒါ့ထက်ပိုပြီး ဘာလိုလေသေး ရှိပါဦးမလဲ။





ဒီလို အခြေအနေ အသိုင်းအဝိုင်းကြားမှာ ကိုယ်နေခဲ့တဲ့ အဓိပ္ပာယ်ကို မင်းတော့ အံ့ဩကောင်း အံ့ဩမှာပဲ။ 'စွဲမက်စရာ' ဆိုတဲ့ ပီတာရဲ့ စကား လုံးဟာလည်း မမှန်ကန်လှသေးဘူး။ ကိုယ့်ရဲ့ ကပ်သီးကပ်သပ် အဖြေ တွေ၊ ကိုယ့်ရဲ့ ပျော်စရာမှတ်ချက်တွေ၊ ကိုယ့်ရဲ့ ပြုံးနေတဲ့မျက်နှာနဲ့ ကိုယ့်ရဲ့ အမေးအမြန်းထူတဲ့ အကြည့်မျိုးတွေက ဆရာအားလုံးကို ရွှင်ပြုံး စေခဲ့တာပါပဲ။

ကိုယ်ဟာ အဲဒီလို ဇာတ်ဇာတ်ကြဲပြီး သွက်သွက် လက်လက် ချက်ချက် ချာချာနဲ့ ရွှင်ပျမြူးတူးနေခဲ့တာပဲရှိတယ်။ ကိုယ့်မှာ အများ နဲ့မတူတဲ့ ထူးခြားချက် တစ်ချက် နှစ်ချက်ရှိတယ်။ အဲဒါတွေက ဘာလဲ ဆိုတော့ လုံ့လဝီရိယ၊ ရိုးသားမှုနဲ့ ပွင့်လင်းမှုပါပဲ။ သူများဆီကရဖို့ကို ကိုယ် ဘယ်တော့မှ အိပ်မက် မမက်ဘူး။ ကိုယ့်သကြားလုံးတွေကို ရက်ရက် ရောရော ဝေပစ်တယ်။ တခြားလူတွေအပေါ် မတွန့်တိုဘူး။

ဒီလို လေးစားချစ်ခင်မှုတွေနဲ့အတူ ကိုယ့်ဘဝဟာ ရှေ့ကို ပိုပြီး တိုးတက်ခဲ့သလား။ ဒီလို ကျက်သရေအပေါင်း၊ ဂုဏ်အပေါင်းရဲ့ အလယ်မှာ ကိုယ်ဟာချက်ချင်း လက်ငင်းဆိုသလို အမှန်တရားကို ရင်ဆိုင်လိုက်ရတယ်။ နောက်ထပ် ကိုယ့်အပေါ် အဲဒီလို လေးစားချစ်ခင်မှုတွေ ဘယ်ကမှ လာတော့မှာ မဟုတ်ဘူးဆိုတဲ့အသိနဲ့ နေသားကျဖို့ အနည်းဆုံး တစ်နှစ် လောက် ကြိုးစားခဲ့ရတယ် ဆိုပါတော့။

ကျောင်းတုန်းက ကိုယ် ဘယ်လိုနေခဲ့သလဲ။ ပျော်စရာ နောက်စရာ အသစ် တွေကိုသာ အမြဲတမ်း စဉ်းစားနေသူပီပီ ဘယ်တော့မှ စိတ်ညစ်တဲ့ အသွင်မရှိတဲ့၊ ဘယ်တော့မှ ကလေးသူငယ်လို မငိုကြွေးတဲ့ ရဲတိုက်ထဲက ဘုရင်ပမာ နေခဲ့တယ်။ ဒီတော့ ကိုယ့်အနားမှာ အားလုံးဝိုင်းနေကြတာဟာ အံ့ဩစရာ မဟုတ်ပါဘူး။"

ပျော်ရွှင်မြူးထူးနေတတ်ပေမယ့် အင်မတန် အပေါ်ယံရိကဆံတဲ့ အဲဒီတုန်းက အင်နာဟာ အခုအင်နာနဲ့တော့ ဘယ်လိုမှ ဆက်စပ်လို့ မရပါလား။ ပီတာက ကိုယ်နဲ့ပတ်သက်လို့ 'မင်းကို ကိုယ်ဆွေတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းအနားမှာ ယောက်ျားလေးတစ်ယောက် နှစ်ယောက်အပြင် မိန်းကလေး တစ်သိုက်ကြီး ဝိုင်းနေတာကိုသာ တွေ့ရတာပဲ။ မင်းဟာ အမြဲတမ်း ရယ်ပြုံးနေပြီး အရာအားလုံးရဲ့ ပင်မအဓိက ဖြစ်နေတယ်'ဆိုပြီး ပြောခဲ့ဖူးတယ်။ သူပြောတာ မှန်တယ်လေ။

အခု ဒီမိန်းကလေးမှာ ဘာတွေများ ကျန်နေပါသေးသလဲ။ သိပ်တော့ စိတ်မပူပါနဲ့ဦးကွယ်။ ရယ်မောဖို့၊ အသင့်အဖြေပြန်ပေးဖို့ တော့ ကိုယ်မမေ့သေးပါဘူး။ အတင်းအဖျင်း ပြောသူတွေအတွက် အကြိုက်မတွေ့စရာ ဖြစ်ပေမယ့် ကိုယ်ဟာ ပင်ရင်းခေါင်းကောင်းပါသေးတယ်။ နောက်ပြီး ဇာတ်ဇာတ်ကြဲတတ်ပါသေးတယ်။ ကိုယ့်အလို ဆန္ဒရှိရင်ပေါ့လေ။

ပြန်မရနိုင်မှန်းသိပေမယ့် ဒီလိုအပူအပင်မရှိ၊ အကြောင့်အကျမရှိ၊ ပျော်ရွှင်ရ တဲ့ ဘဝမျိုးကို တစ်ညနေလေးပဲဖြစ်ဖြစ်၊ ရက်အနည်းငယ်ပဲဖြစ်ဖြစ်၊ ရက်သတ္တပတ် အများကြီးပဲဖြစ်ဖြစ် ပြန်ရချင်မိသား။ တကယ်ဆိုတော့ ကိုယ်ဟာ နောက်လိုက်သမားကို မလိုချင်ဘူး။ ရွှင်ပျတဲ့အပြုံးကြောင့်မဟုတ်ဘဲ သူ့ပင်ကိုအလုပ်နဲ့ အကျင့်စာရိတ္တကြောင့် ဒီလူ့အပေါ်လေးစား တွယ်တာတဲ့ မိတ်ဆွေတွေကိုသာ ကိုယ်လိုချင်တယ်။

ကိုယ့်ကို ဝန်းတားထားတဲ့ စည်းဝိုင်းဟာ ပိုပြီး ကျဉ်းသထက် ကျဉ်းလာ တော့မယ်ဆိုတာ ကိုယ် ကောင်းကောင်းသိပါတယ်။ ဒါပေမယ့် ရိုးသားတဲ့မိတ်ဆွေ အနည်းငယ် ရှိနေသမျှ ကာလပတ်လုံး ဒါဟာ ဂရုစိုက်စရာ မရှိပါဘူး။

၁၉၄၂ ခုနှစ်အတွင်းက ကိုယ့်ဘဝမှာ အဘက်ဘက်က ပြည့်စုံနေပေမယ့် ကိုယ်တကယ်တမ်း မပျော်ခဲ့သေးဘူး။ မကြာခဏဆိုသလို အထီးကျန် ဖြစ်နေတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာ တစ်နေ့တာလုံးလုံး လျှောက်သွားနေပြီးတော့ ကိုယ်နေချင်သလို နေနိုင်ခဲ့လို့ပါပဲ။ ရယ်စရာတွေ၊ မြူးတူးစရာတွေရဲ့ အကြားမှာပဲ ဟာလာဟင်းလင်း ဖြစ်နေတတ်တဲ့ ကိုယ့်အဖြစ်ကို ပြောင်းလဲပစ်ဖို့ တမင်ပဲဖြစ်ဖြစ်၊ အမှတ်မထင်ဘဲ





ဖြစ်ဖြစ် ကြိုးစားခဲ့တယ်။ အခုတော့ ဘဝအကြောင်းကို ကိုယ် အလေးအနက် တွေးတယ်။ ရှေ့ဘာလုပ်ရမယ်ဆိုတာ တွေးတယ်။ ကိုယ့်ဘဝရဲ့ အချိန်တစ်ချိန်ဟာတော့ ထာဝစဉ် ကုန်ဆုံးသွားပြီပေါ့။ အပူအပင် ကင်းမဲ့တဲ့ ကျောင်းသူဘဝရဲ့ နေ့ရက်တွေဟာ ကုန်လွန်သွားကြပြီ။ ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး။

ဒီဘဝကို ကိုယ်မတောင့်တဘူး။ မမျှော်မှန်းတော့ဘူး။ သူတို့ကို ကိုယ် စွန့်လွှတ်လိုက်ပြီ။ အမြဲတမ်း ကိုယ့်စိတ်ဟာ အလေးအနက် ဖြစ်နေတဲ့အတွက် ကိုယ့်ကိုယ်ကိုတောင် တွယ်တာတာရယ်လို့ မရှိနိုင်တော့ဘူး။

နှစ်သစ်ရောက်လာချိန်အထိ ကိုယ့်ဘဝကို အင်အားကြီးမားတဲ့ မှန်ပြောင်း နဲ့ကြည့်သလို ပြန်လည်သုံးသပ် ကြည့်မိတယ်။ အိမ်မှာ ပူပင်စရာကင်းမဲ့တဲ့ ဘဝနဲ့နေခဲ့ရပြီး၊ ဟော ၁၉၄၂ ခုထဲမှာ ဒီနေရာကို ရောက်လာတော့ ချက်ချင်းပြောင်းလဲ သွားတယ်။ ရန်ဖြစ်ကြ၊ အော်ကြ၊ ဟစ်ကြနဲ့ပေါ့။ ဒါတွေကို ချက်ချင်းလက်ငင်း ဆိုသလို ကိုယ်မသိနားမလည် နိုင်ခဲ့ဘူး။ ကိုယ့်သိက္ခာနဲ့ ကိုယ်နေနိုင်ဖို့ တစ်ခုတည်းသော လမ်းက မဆိုင်သူပမာ နေလိုက်ဖို့သာပါပဲ။

၁၉၄၃ ခုနှစ် ပထမနှစ်ဝက်။ ဒီကာလကတော့ ကိုယ် ငိုကြွေးရတဲ့ကာလ၊ အထီးကျန်ဖြစ်ရတဲ့ ကာလပေါ့။ အင်မတန် ကြီးမားပြီး ဒါ့ထက်လည်း ပိုကြီးမားတယ်ထင်ရတဲ့ ကိုယ့်အဖြစ်တွေ ချွတ်ယွင်းချက်တွေကို တဖြည်းဖြည်း စမြင်လာတဲ့ကာလပေါ့။ တစ်ခါတလေ နေ့လယ်ကြောင်တောင်မှာ ကိုယ်ဟာ ကိုယ့်အတွေးနဲ့ ဝေးကွာလှတဲ့ တစ်စုံတစ်ခုအတွက် တစ်ကိုယ်တည်း စကားပြောနေသလိုပဲ။ ဖေဖေ့ကို ကိုယ်နဲ့ အနေနီးဖို့ ကြိုးစားတယ်။ ဒါပေမယ့် မရဘူး။

ကိုယ့်ကိုယ်ကို ပြောင်းလဲဖို့အတွက် စိတ်အားညှိုးငယ်တဲ့အထိ ဖြစ်ရတဲ့ ပြစ်တင်ချက်တွေ အားလုံးကို ကိုယ်ဟာ တစ်ကိုယ်တည်း ရင်ဆိုင်ခဲ့ရတယ်။

—



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနှစ် ဒုတိယနှစ်ဝက်မှာတော့ အရာတိုင်းဟာ နည်းနည်းပိုမိုဘိုးတက် လာတယ်။ ကိုယ်ဟာလည်း မိန်းမရွယ်ဖြစ်လာပြီမို့ အရွယ်ရောက်လာသူပမာ ဆက်ဆံတာခံရတယ်။ ဝတ္ထုတွေကိုတွေးပြီး ရေးစပြုဘယ်။ နောက်ပြီး ကိုယ့်ကို ဘယ်သူကမှ ရော်ဘာဘောလုံးလို ပစ်ချင်ရာပစ်နိုင်တဲ့ အခွင့်အရေးမရှိတော့ဘူးလို့ ကိုယ် ကောက်ချက်ချလာမိတယ်။

ကိုယ့် စိတ်ဆန္ဒအတိုင်း ကိုယ် ပြောင်းလဲချင်တယ်။ ဒါပေမယ့် ကိုယ့်ကို စိတ်ထိခိုက်လှုပ်ရှားစေတဲ့ အကြောင်းတစ်ခုတော့ ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ဖေဖေသည်ပင်လျှင် အရာရာတိုင်း ကိုယ့်အတွက် ယုံကြည်ရသူ မဟုတ်ဘူးဆိုတဲ့ အကြောင်းပါပဲ။ ကိုယ့်ကိုယ်ကလွဲလို့ ဘယ်သူ့ကို ဘယ်တော့မှ မယုံချင်တော့ဘူး။

နှစ်သစ်ရဲ့ အစပိုင်းမှာ ဒုတိယအကြီးဆုံး အပြောင်းအလဲကို တွေ့ရတယ်။ ဒါကတော့ ကိုယ့်အိပ်မက်လေ၊ ဒီအိပ်မက်ထဲမှာ ကိုယ်တောင့်တ မျှော်မှန်းရာကို ရှာတွေ့ခဲ့တယ်။ မိန်းကလေးမိတ်ဆွေတွေ မဟုတ်ဘူး။ ယောကျ်ားလေး မိတ်ဆွေ တစ်ယောက်ယောက်ကို ကိုယ်တောင့်တမျှော်မှန်းတယ်ဆိုပါတော့။ ကိုယ့်အတွင်း သန္တာန်ပျော်ရွှင်မှုရဲ့ အပေါ်ယံ သက်သက်အဖြစ်ကို ကာကွယ်မှု၊ တင့်တယ်လှပမှုကိုပါ ကိုယ်ရှာဖွေ တွေ့ရှိခဲ့တယ်။ လှပကောင်းမွန်တဲ့ အရာအားလုံးအတွက် ကိုယ့်ရဲ့ ကျယ်ဝန်းကြီးမားလှတဲ့ ဆန္ဒကိုလည်း အချိန်မီ ရှာဖွေတွေ့ရှိခဲ့တယ်လေ။

ညနေတိုင်းကျလို့ အိပ်ရာထက်မှာလဲလျောင်းရင်း ဘုရားဝတ်ပြုဆုတောင်းတိုင်း 'ကောင်းမွန်သော၊ ချစ်မြတ်နိုးဖွယ်သော၊ လှပသော အရာအားလုံးကို ပေးသနားသည့်အတွက် ဘုရားသခင်အား ကျေးဇူးတင်ပါသည်'ဆိုတဲ့ စကားလုံးတွေနဲ့ အဆုံးသတ်တယ်။

အဲဒီအခါမှာ ကိုယ်ဟာ ပျော်မဆုံးတော့ဘူး။

ဒီနောက် ကိုယ်ဟာ ကိုယ့်ကိုယ်ကို သိသိသိပ်သိပ်နေဖို့၊ ကျန်းမာဖို့ တစ်ယောက်နဲ့တစ်ယောက် ကိုယ်အား နှုတ်အားဖြင့် ဖွင့်မပြောကြသေးပေမယ့် ဖုံးကွယ်ချိုးနှိမ်ထားလို့ မရတော့တဲ့ ပီတာနဲ့ကိုယ်ရဲ့ ချစ်ခင်ရင်းနှီး





မှုကို ပိုမိုရင့်သန် ဖို့ဆိုတဲ့ 'အကောင်း'တွေကို ကိုယ်တွေးတယ်။ ကမ္ဘာကြီးမှာ တည်ရှိနေတဲ့ အချစ်၊ အနာဂတ်၊ ပျော်ရွှင်မှု၊ ကမ္ဘာလောက၊ သဘာဝနဲ့ အလှအပအားလုံးလို့ ဆိုထိုက် တဲ့ 'အလှအပ'ကို ကိုယ်ရှာဖွေတယ်။

ဒီအရာတွေ အားလုံးဟာ လှိုက်နက်နဲတယ်၊ အသိရခက်တယ်လို့ ကိုယ်မထင်ဘူး။ ဒါပေမယ့် အလှအပဆိုတာကိုတော့ ခွင်းချန်ထားရမလို ပေါ့လေ။ ဒီနေရာမှာ ကိုယ်နဲ့ မေမေဟာ လုံးလုံးလျားလျား ကွဲပြားခြားနားကြတယ်။ မေမေက 'ကမ္ဘာလောကကြီးမှာရှိတဲ့ ဘေးဒုက္ခတွေ အကုန်လုံးကိုတွေး၊ ဒီလိုတွေးပြီးတော့ ဒီဘေးဒုက္ခတွေမှာ ကိုယ်မပါ သေးပါလားဆို တာကိုပါတွေးပြီး ကျေးဇူးတင်တယ်'တဲ့။ ကိုယ်ကတော့ 'ကွင်းပြင်ကိုထွက်၊ သဘာဝနဲ့ နေရောင်တောက်ပနေတာကို ခံစားကြည့်၊ အပြင် လောကကို ထွက်ပြီး ကိုယ့် ကိုယ်တွင်းနဲ့ဘုရားသခင်ဆီက ပျော်ရွှင်မှုကို ပြန်ရဖို့ ကြိုးစား၊ ကိုယ့်အနီးအနားတဝိုက်မှာ ရှိနေတဲ့ အလှအပကို တွေးပြီး ပျော်ပျော်နေဖို့ ကြိုးစား' လို့ယူဆတယ်။

မေမေ့အယူအဆ ဘယ်လောက် မှန်နိုင်မယ်ဆိုတာ ကိုယ် မတွေးတတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘေးဒုက္ခတွေအကြားရောက်နေရင် ဒီလို ရောက်နေသူ ကိုယ်တိုင် ဘယ်နည်းဘယ်ပုံ ကျင့်ကြံမယ်ဆိုတာ ကိုယ်မှ မသေးသေးပဲကိုး။

ကိုယ်ကတော့ အလှအပဆိုတာကို သဘာဝရယ်၊ နေရောင်ခြည်ရယ်၊ ကိုယ့်ကိုယ်တွင်းမှာရယ် အမြဲရှိနေတယ်လို့ ယူဆတယ်။ ဒါတွေဟာ ကိုယ့်ကို ကူညီမှာပါပဲ။ ဒီအရာတွေကိုကြည့်၊ ဒီလိုကြည့်ပြီးရင် ဘုရားသခင်ကိုရော၊ ကိုယ့် ကိုယ်ကိုရော ပြန်တွေ့လိမ့်မယ်၊ အဲဒီအခါမှာ စိတ်အေးငြိမ်းမှု၊ တည်ငြိမ်မှုကိုရမှာပဲ။

ပျော်ရွှင်နေသူတိုင်းဟာ တခြားလူတွေကိုလည်း ပျော်ရွှင်အောင် လုပ်မှာပဲ။ ရဲစွမ်းသတ္တိနဲ့ ယုံကြည်ချက်ရှိတဲ့ သူဟာ ဘေးဒုက္ခအန္တရာယ်အကြားမှာ ပျက်သုန်းမသွားနိုင်ပါဘူး။

မင်းနဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ၊
မတ် ၁၂၊ ၁၉၄၄

ချစ်သော ကစ်တီ

မကြာခင်ကစလို့ ကိုယ်တော့ ထိုင်မနေနိုင်ဘူး။ အပေါ်ထပ်တက်လိုက်၊ အောက်ပြန်ဆင်းလိုက်၊ အပေါ်ပြန်တက်လိုက်နဲ့ ဖြစ်နေတာပဲ။ ပီတာနဲ့ စကားပြောရတာကို ကိုယ် သိပ်သဘောကျပေမယ့် သူ့အနှောင့်အယှက် ဖြစ်မှာလည်း သိပ်စိုးတယ်။

သူက အတိတ်အကြောင်း၊ မိဘတွေအကြောင်း၊ သူ့အကြောင်းတွေ အများကြီး ပြောပြခဲ့ပြီးပြီ။ ဒါပေမယ့် မလုံလောက်သေးဘူးထင်တယ်။ ဘာကြောင့် သူ့စကားတွေကို ထပ်ခါထပ်ခါ ကြားချင်နေရသလဲလို့ ကိုယ့်ကိုယ်ကို ပြန်မေးမိတယ်။ သူက ကိုယ်ဟာအစွမ်းအစမရှိဘူးလို့ ထင်ခဲ့တယ်။ ကိုယ်ကလည်း သူ့ကို ဒီအတိုင်း ထင်တယ်။ ဒါပေမယ့် အခုတော့ ကိုယ်ထင်မြင်ချက်ကို ပြောင်းလိုက်ပြီ။ သူကရော သူ့ထင်မြင်ချက်ကို ပြောင်းပြီလား။

ပြောင်းပြီလို့ ကိုယ်ထင်တယ်။ ဒီလိုပြောလိုက်ခြင်းအားဖြင့် ကိုယ်တို့ဟာ အင်မတန်ကြီးကျယ်တဲ့ မိတ်ဆွေကြီးတွေ ဖြစ်လာပြီလို့ သဘောမသက်ရောက်နိုင် သေးဘူးပေါ့။ ကိုယ်နဲ့ ပတ်သက်လို့ ပြောရရင်တော့ အချိန်အများကြီးယူရဦးမယ်ပေါ့။ ဒါပေမယ့်လည်း ကိုယ့်စိတ် သိပ်မထိန်းနိုက်ပါဘူး။ သူနဲ့ပတ်သက်လို့ ကိုယ် မြင်လာတာတွေ အများကြီးရှိပါတယ်။ ကစ်တီရေ ဒီအကြောင်းတွေနဲ့စပ်ပြီး မင်းကိုလည်းသိပ် စိတ်ဒုက္ခပေးဖို့ မလိုပါဘူး။

စနေနေ့မွန်းလွဲပိုင်းမှာ ဝမ်းနည်းစရာ သတင်းတွေ တစ်ပုံဟခေါင်းကို ကြားရပြီးတဲ့နောက် ကိုယ်ဟာ ကုတင်ပေါ်တက်ပြီး လဲလျောင်းနေလိုက်မိတယ်။ အတွေးတွေရပ်သွားအောင် အိပ်ပစ်လိုက်မိတယ်။ ညနေ ၄ နာရီအထိ အိပ်ပျော်သွားတယ်လေ။

နိုးလာတော့ ကိုယ်ဟာ ညွှန်ခန်းကို သွားတာနဲ့ တပြိုင်နက်





မေမေရဲ့ မေးခွန်းတွေအားလုံးကို အဖြေရခက်တဲ့အဖြစ်နဲ့ တို့ရေတာမီး ဒီလောက် အကြာကြီး အိပ်မိတဲ့အတွက် ဖေဖေ့ဆီမှာ ခွင့်လွှတ်ဖို့ ဘယ်လို ပြောရမလဲဆိုတာ စဉ်းစားရသေးတယ်။ 'ခေါင်းကိုက်လို့'ဆိုတဲ့ စကားကို ကိုယ် သုံးလိုက်တယ်။ လိမ်တာတော့ မဟုတ်ဘူး။ တစ်ခါတလေ ကိုက်တတ်တာပဲ။ ဒါပေမယ့် အတွင်းဖက်က အကြောင်းရှိသေးတယ် မဟုတ်လား။

သာမန်လူတွေ၊ သာမန်မိန်းကလေး၊ ကိုယ့်လို မြီးကောင်ပေါက်ကလေးတွေက ကိုယ်ဟာ ကိုယ့်ကိုယ်ကို သနားနေတဲ့ အကြွားမလေးလို့များ ထင်မလား မသိဘူး။ ဟုတ်တယ်။ ဒါဟာ အမှန်အတိုင်းပဲ။ ဒါပေမယ့် ကိုယ့်နှလုံးသားထဲက စကားကို မင်းကိုပြောပြပြီးတဲ့အခါကျတော့ တစ်နေ့လုံးလုံး ကိုယ်ဟာ ပျော်လို့၊ ကိုယ့်ကိုယ်ကို ယုံကြည်လို့ မေးခွန်းတွေကို ရှောင်နိုင်ပြီး ကိုယ့်အတွေးနဲ့ကိုယ် နေလို့ပါပဲ။

မားဂေါ့က အင်မတန်ချိုသာပါတယ်။ သူ့အပေါ်မှာ ကိုယ်က သိပ်ယုံကြည် စေချင်တယ်။ ဒါပေမယ့် အခုအထိ အရာရာတိုင်း သူ့ကို မပြောနိုင်သေးဘူး။ သူဟာ ချစ်စရာကောင်းတယ်။ စိတ်သဘောကောင်းတယ်။ လှပတယ်။ ဒါပေမယ့် သူ့မှာ အလေးအနက်ဆွေးနွေးချင်စိတ်မရှိဘူး။ ကိုယ့်အပေါ်မှာ လိုတာထက်ပိုပြီး တွေးတယ်။ ဒီလိုတွေးပြီးရင်ကော့ သူ့ညီမလေးကို သံသယအကြည့်မျိုးနဲ့ကြည့်။ ကိုယ်ပြောတဲ့ စကားလုံးတိုင်းကို အာရုံစိုက်ပြီးတဲ့နောက် ဒီစကားလုံးဟာ 'ရီစရာသက်သက်လား အတည်ပြောတာလား'လို့ တွေးတော့တာပဲ။

ဒီလိုဖြစ်နေရတာဟာ ဘာကြောင့်လဲဆိုတော့ တစ်နေ့တာလုံးလုံး ကိုယ်တို့ဟာ အတူနေရလို့ပါပဲ။ ကိုယ်က တစ်ယောက်ယောက်ကို လုံးလုံးယုံစားလိုက်မိတာနဲ့ တပြိုင်နက် ကိုယ့်အနားမှာ ဒီတစ်ယောက်ယောက်ဟာ အမြဲတမ်း ကောက်ကောက် ပါနေတာမျိုးကို ကိုယ်မလိုချင်ဘူး။

ကိုယ့်အတွေးတွေကို ဘယ်တော့များမှ ချုပ်ထိန်းနိုင်မလဲ။ အေးချမ်းမှုကို ဘယ်တော့များမှ ရှာတွေ့ပြီး ကိုယ့်စိတ်စေတသိက် ထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဘယ်တော့ နားနေရပါ့မလဲ။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ၊
မတ် ၁၄၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ့်အတွက် နည်းနည်းလေးမှ ဖြေဖျော်စရာ မဟုတ်ပေမယ့် ကိုယ်တို့ ဒီနေ့ ဘာစားသောက်ကြတယ်ဆိုတာကို ကြားရရင် မင်းအတွက်များ ဖြေဖျော်စရာ ရောက်မလာမသိဘူး။

အောက်ထပ်မှာ လက်တိုလက်ရှည်ခိုင်းထားတဲ့ မိန်းမက အလုပ်လုပ်နေတာ နဲ့ ကိုယ်လည်း ဖန်ဒန်းရဲ့ စားပွဲမှာ ထိုင်နေလိုက်တယ်။ လက်ကိုင်ပုဝါတစ်ထည် ကို ရေမွှေး(ဒီလို မလာခင်က ဝယ်ထားခဲ့တာ။) ဆွတ်၊ ကိုယ့် နှာခေါင်းနဲ့ပါးစပ်ကို စည်းထားတယ်။ ဒီလောက်ပြောရုံနဲ့မင်းသဘောပေါက်မှာ မဟုတ်တော့ အစက စတာပဲကောင်းပါတယ်။

ကိုယ်တို့အတွက် အစားအသောက် ကူပွန်လက်မှတ်တွေ ရနေကျလူတွေကို ဖမ်းမိသွားလို့ ကိုယ်တို့မှာ အခုဆို ရာရှင်လက်မှတ် ငါးစောင်ပဲရှိတာနဲ့ အပိုကူပွန်မရှိ၊ အဆီအပြားလည်းမရှိ ဖြစ်နေတယ်။

မိယက်နဲ့ ကူဖစ်တို့ကလည်း ဖျား။ အဲလီမှာ ဈေးထွက်ဝယ်ပေးဖို့ အချိန်မရှိဖြစ်နေလေတော့ ပတ်ဝန်းကျင်တစ်ခုလုံး ချောက်သွေ့နေတယ်၊ အစားအသောက်လည်း ဒီအတိုင်းပါပဲ။

မနက်ဖြန်ကစပြီး ကိုယ်တို့မှာ အဆီအပြား ထောပတ်ဆိုလို့ ဘာမှရှိတော့မှာ မဟုတ်ဘူး။ မနက်စာအတွက် ပေါင်မုန့်သက်သာအောင်ဆိုပြီး အာလူးကိုကြော်စား လာကြတာ အခု အာလူးလည်း မကြော်နိုင်လေတော့ သူ့အစား ဆန်ပြုတ်ပြုတ်စားရတယ်။ မစ္စက်ဖန်ဒန်က ကိုယ်တို့ကို ငတ်နေပြီလို့ ထင်တဲ့အတိုင်း ကိုယ်တို့ကလည်း မလိုင်အပြည့်ပါတဲ့ နွားနို့ကို တိတ်တိတ်ဝယ်ထားခဲ့ကြတယ်။





ကနေ့ကိုယ်တို့ရဲ့ ညစာကို စည်ထဲမှာ အချဉ်စိမ်လှောင်ထားတဲ့ မုန်လာထုပ်ကို နုတ်နုတ်စင်း ချက်စားရတယ်။ ဒါကြောင့် လက်ကိုင်ပဝါနဲ့ ကြိုတင်ကာကွယ် ထားရတာပေါ့။ တစ်နှစ်လောက် ဒီစည်ထဲမှာ စိမ်ထားခဲ့တဲ့ မုန်လာထုပ်ဟာ ဘယ်လိုများ နေမလဲဆိုတာ တွေးမိတိုင်း ကြက်သီးဖြန်းဖြန်းထိစရာပဲ။ သူ့အနံ့က တစ်ခန်းလုံးမှာ အုန်းသီးပုပ်၊ ကြက်ဥပုပ်နံ့တွေ ရောယှက်သလို အနံ့ဆိုးကြီးထွက်နေတယ်။ အို ဒီအစားအစာကိုစားဖို့ တွေးမိလိုက်တိုင်း ကိုယ့်မှာ ဖျားချင်သလိုလိုဖြစ်လာတယ်။

ဒါ့အပြင် အာလူးတွေကလည်း အင်မတန်ထူးခြားတဲ့ ရောဂါဝေဒနာကို ခံစားနေကြရတယ်။ အာလူးခြင်း နှစ်ခြင်းအနက် တစ်ခြင်းလုံးလုံးဟာ မီးဖိုပေါ်မှာ မရှုမလှ အလူးအလဲခံစားရတဲ့ ဝေဒနာပေါ့။ သူတို့ ခံစားနေရတဲ့ ဝေဒနာကိုရှာဖွေရင်း ကိုယ်တို့လည်း စိတ်ဖြေစရာ ရတာပေါ့။ ဒီလိုရှာလိုက်တော့ အားလူတွေဟာ ကင်ဆာရောဂါအစ ကျောက်ကပ် ရောဂါအလယ် ဝက်သက်ရောဂါအဆုံး ရောဂါအမျိုးမျိုး ခံစားနေရတယ်ဆိုတာ ကောက်ချက်ချမိတာပဲ။ စစ်ဖြစ်ခဲ့တဲ့ စတုတ္ထနှစ် အတွင်း ပုန်းအောင်းနေရဲဆဲ ကာလမှာ ဒါဟာ ရီစရာမဟုတ်ဘူးနော်။

ဒီအိမ်ကြီးမှာ တခြား ကြည်နူးသာယာစရာ နည်းလမ်းတစ်ခုခု သာရှိရင် ကိုယ်ဟာ အစားအသောက်အတွက် ဒီလောက် ဂရုမစိုက်ပါဘူး။ အခုတော့ အင်မတန် ကြပ်တည်းကျဉ်းမြောင်းစွာ နေနေကြရတဲ့အတွက် ကိုယ်တို့အားလုံးဟာ အထိမခံ ကြွေပန်းကန်တွေ ဖြစ်နေကြရပြီ။

လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး အသက်အရွယ်ရောက်ပြီးသူ ငါးဦးရဲ့ ထင်မြင်ချက်တွေကတော့ အောက်ပါအတိုင်းပါပဲ။

မစ္စက်ဖန်ဒန်

"မီးဖိုချောင်ရဲ့ ဘုရင်မအဖြစ် လုပ်ရတဲ့အလုပ်ကို မတွယ်တာတော့တာ ကြာသွားပြီ။ ဒီအတိုင်း ထိုင်နေရတာ ပျင်းတယ်။ အခြားဘာမှလည်းမရှိဘူး။ ဒါကြောင့် ထမင်းဟင်း ဝင်ချက်ပြန်ရော။ အဆီအပြားမရှိဘဲနဲ့ ဘာမှချက်လို့မရနိုင်ဘူး။ စိတ်ညစ်စရာ အနံ့ဆိုးကြီးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖျားချင် လာတယ်။ ဒါတွေကို မကျေနပ်နိုင်ဘူး။ ဒီလို အနာခံပေမယ့် ကျေးဇူး မတင်တဲ့အပြင်၊ ရှိုင်းရှိုင်းစိုင်းစိုင်း ပြန်ပြောတာတွေနဲ့ ကျေးဇူး အဆပ်ခံ ရသေး၊ နောက်ပြီး ငါ့အယူအဆကတော့ စစ်ဟာ ဘာမှ မထူးခြားဘူး။ အဆုံးမှာ ဂျာမန်တွေပဲ နိုင်မှာပဲ။ ငါတို့ ငတ်မှာပဲ ကြောက်တယ်။ ငါ စိတ်ကောင်းဝင်မနေဘူးဆိုရင် လူတိုင်းကို ငါနှုတ် သရမ်းမှာပဲ'

မစ္စတာဖန်ဒန်း

'ကျုပ်ကတော့ ဆေးလိပ်သောက်ပြီးရင်း သောက်ရင်း ဆေးလိပ် အရင်သောက်၊ နောက်မှအစား၊ နောက်မှ နိုင်ငံရေးအခြေအနေကို စဉ်းစားမယ်။ ကျုပ်မိန်းမဟာ တကယ်ဆိုတော့ မဆိုးလှပါဘူးဗျာ။ တကယ့်ကို ချစ်စရာမယားပါ'

ဒီလိုသာ ပြောတာကစ်တီရေ့၊ ဆေးလိပ်သောက်စရာမရှိရင် သူ့အတွက် ဘယ်အရာမှ မမှန်တော့ဘူး။ နောက်ပြီး သူ့မိန်းမကိုလည်း 'ငါ ဖျားနေပြီ။ ကောင်းကောင်းကိုမနေရဘူး၊ အသားလေး ဘာလေး စားမှ ဖြစ်မယ်။ ငါ့မယားဟာ ဘယ့်လောက်မိုက်မဲတဲ့မယားလဲ'ဘာလဲနဲ့ မြည်တွန်ရော။ အဲ ဒါဆိုရင် အကြီးအကျယ် ရန်ဖြစ်ပြီသာမှတ်ပေရော့။

မစ္စက်ဖရင့်

'အစားအသောက်က သိပ်အရေးမကြီးပါဘူး။ ဒါပေမယ့် ကျွန်မ တော့ ဂျုံစပါးနဲ့လုပ်ထားတဲ့ ပေါင်မုန့်ကလေး တယုက်လောက် စားရ တာကို သိပ်သဘောကျတာ။ အခုတော့ မနေနိုင် မထိုင်နိုင် ဆာလာ သလိုပဲ။ တကယ်လို့ ကျွန်မသာ မစ္စက်ဖန်ဒန်းဆိုရင် မစ္စတာဖန်ဒန်း ဆေးလိပ်သောက်တာကို ရပ်နိုင်းတာကြာလှပြီ။ ဒါပေမယ့် ကျွန်မ အခု စီးကရက်တစ်လိပ်သောက်ရမှ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အာရုံကြောတွေ ကောင်းလာအောင်ပေါ့။ ဗြိတိသျှတွေဟာ အမှားအများ ကြီး လုပ်ခဲ့ပေမယ့် စစ်ပွဲအခြေအနေကတော့ ကောင်းလာပါပြီ။ တစ်ယောက်ယောက်နဲ့ ကျွန်မ စကားပြောမှဖြစ်မယ်။ နောက်ပြီး ပိုလန်မှာ လူမဖြစ်တာပဲ ကျေးဇူးတင်ရဦးမယ်'





မစ္စတာဖရင့်

'အားလုံး အဆင်ပြေပါတယ်။ ကျုပ်တော့ ဘာမှမလိုပါဘူး။ ကျုပ် တို့မှာ အချိန်ရှိပါသေးတယ်။ ဖြေဖြေးပေါ့။ ကျုပ်အတွက် အာလူးသာ ပေးထား၊ ကျုပ် ပါးစပ်ကိုပိတ်နေမယ်။ နိုင်ငံရေး အခြေအနေကတော့ ကောင်းလာပြီ။ ကျုပ်တော့ အကောင်းဘက်ကိုချည်း မြင်နေတယ်'

မစ္စတာ ဒူဆဲ

'ကျုပ်အလုပ်တွေတော့ ဒီနေ့ပဲလုပ်မှဖြစ်မယ်။ အကုန်လုံးကို အချိန်မီ ပြီးစီးထားရမယ်။ နိုင်ငံရေးအခြေအနေက သိပ်နိုပ်လာပြီ' ကျုပ်တို့ကို ဖမ်းမိဖို့ဆိုတာ 'မဖြစ်ရေးချမဖြစ်'။ ကျုပ် ကျုပ်'

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး။

မတ် ၁၅၊ ၁၉၄၄

ချစ်သော ကစ်တီ

မဲမှောင်နေတဲ့ မြင်ကွင်းထဲက ကိုယ်ခဏဖြစ်ဖြစ် လွတ်ရာ ကျွတ်ရာကို ထွက်နေပါစေကွယ်။ ဒီနေ့ဆိုရင် 'ဒီလိုဖြစ်ရင် ဒို့တော့ အခက်တွေ့တော့မှာပဲ။ သူသာ မမာရင် အကြီးအကျယ် ဒုက္ခတွေ့ တော့မှာပဲ' စတဲ့ စကားတွေကိုချည်း ကိုယ်ကြားနေရတယ်။

ကဲ ကစ်တီရေ၊ 'လျှို့ဝှက်ခန်းဆောင်သား'တွေရဲ့ သဘော သန္တာန်တွေကို သူတို့ပြောနေကြတဲ့ စကားတွေကြားရုံနဲ့ မင်း အရိပ်အကဲ ဖမ်းမိ လောက်ရောပေါ့။

'ဖြစ်ရင်၊ ဖြစ်ရင်'ဆိုတာတွေ ဖြစ်နေရတဲ့ အကြောင်းရင်းကတော့ မစ္စတာ ကရာဂါကို မြေတူးဖို့ဆိုပြီး ဂျာမန်တွေက ခေါ်သွားလို့ပါပဲ။ အဲလီ တစ်ယောက်လည်း အအေးမိနေလို့ မနက်ဖြန်ဆို အိမ်မှာပဲနေရမယ်။ မီယက်က တုပ်ကွေးဖြစ်တာ နာလန်ကိုမထူသေးဘူး။ ကူဖစ်ဆိုရင် ရောဂါမသက်သာတဲ့အပြင် သတိမရတစ်ချက် ရစ်ချက်ဖြစ်နေတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ဆိုးဝါးရက်စက်တဲ့ ပုံပြင်တွေလည်းကွယ်။

ကုန်လှောင်ရုံက လူတွေတော့ မနက်ဖြန် အားလပ်ရက်ရကြမယ်။ အဲလို ကလည်း အိမ်မှာနေမယ်ဆိုတော့ သော့ခလောက်ကြီးပိတ်ထားရမယ်။ ကိုယ်တို့တော့ အိမ်နီးပါးချင်းတွေ မကြားအောင် ကြွက်ကလေးတွေလို ငြိမ်ကုတ်ပြီးနေဖို့ပဲ။

၁နာရီမှာ ဟန့်တစ်ယောက် ရောက်လာတယ်၊ တီရှဲ့ခ်ရုံစောင့်က တီရှဲ့ခ်ရုံယဲလာသလိုပေါ့။ ဒီနေ့ မွန်းလွဲပိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် ကြီးကျယ်လှတဲ့ ကမ္ဘာကြီးအကြောင်းကို သူကပြောပြတယ်။ သူ့အနားမှာ ကိုယ်တို့ ရှစ်ယောက်စလုံး ဝိုင်းလို့၊ အဖွားပုံပြောတာ နားထောင်နေတဲ့ အတိုင်းပါပဲ။ ကိုယ်တို့က မေးတဲ့ အစားအသောက်အကြောင်း၊ မီယက်ရဲ့ ဆရာဝန်အကြောင်း၊ အမျိုးစုံကို လျှောက်ပြောတာပေါ့လေ။

'ဆရာဝန်၊ ဟုတ်လား။ ဆရာဝန်အကြောင်းတော့ မပြောစမ်းပါနဲ့တော့။ ဒီနေ့မနက် ကျုပ်က သူ့ဆီ တယ်လီဖုန်းဆက်တော့ သူ့လက်ထောက်နဲ့ တွေ့တယ်။ ကျုပ်က တုပ်ကွေးအတွက် ဆေးညွှန်းမေးတဲ့အခါ ဆေးအညွှန်းကို မနက် ၈နာရီ နဲ့၉နာရီကြား လာယူပါလို့ အမြန်တမ်း ပြန်ပြောတာပဲ။ တကယ်လို့ တုပ်ကွေး တော်တော် ပြင်းပြင်းထန်ထန် ဖြစ်နေရင်တော့ ဆရာဝန်ကိုယ်တိုင် တယ်လီဖုန်း ဆီလာပြီး 'လျှာထုတ်ပြီး ဟားလို့ လုပ်လိုက်စမ်း။, ခင်ဗျားလည်ချောင်း အပူမှတ်ဖနပြီဆိုတာ ကျုပ် ကောင်းကောင်းကြားရတယ်။ ကျုပ် ဆေးညွှန်းရေးပေးလိုက်မယ်။ ဆေးစပ်ရုံမှာ သွားဝယ်စားပေတော့'ဆိုတဲ့ အဖြေမျိုးပဲရတယ်။ တယ်လီဖုန်းကနေ ကုရတဲ့ကုထုံး ဘယ်လောက်ကောင်းသလဲ'

ကိုယ်ကတော့ ဆရာဝန်တွေကို မဝေဖန်ချင်ပါဘူး။ သူတို့ဟာ လက်နှစ်ဖက်တည်းရှိကယ်။ နောက်ပြီး အခုဆိုရင် လူနာကများပြီး ဆရာဝန်က နည်းနေတယ် မဟုတ်လား။ တယ်လီဖုန်းကပြောတဲ့ အကြောင်းတွေကို ဟန့်ကပြောတော့ ကိုယ်တို့ ရီကြရသေးတယ်။

ဆရာဝန်တစ်ယောက်ရဲ့ ဧည့်ခန်းဟာ အခုလိုအခါမှာဘယ်လိုများ





ဖြစ်နေ မယ်ဆိုတာ ကိုယ် တွေးကြည့်မိတယ်။

မင်းရဲ့ အင်နာ။

* * *

ကြာသပတေး။
မတ် ၁၆၊ ၁၉၄၄

ချစ်သော ကစ်တီ

ရာသီဥတုကတော့ ချစ်စရာပဲ။ အလွန့်အလွန်ကို သာယာတယ်။ ဘယ်လောက် ချစ်စရာကောင်းတယ်၊ သာယာတယ်ဆိုတာ ကိုယ် မဖော်ပြနိုင်ဘူး။ ကိုယ်လဲ အပေါ်ဆုံးအထပ်ခိုးကို မိနစ်ပိုင်းအတွင်းမှာ တက်လာခဲ့တယ်။

ကိုယ်ဟာ ဘာကြောင့် ပီတာ့ထက် ပိုပြီး မနားမနေ ဖြစ်နေရတယ်ဆိုတာ အခုတော့ ကိုယ်သိလာပြီ။ သူ့မှာ အလုပ်လုပ်နိုင်၊ အိပ်မက်မက်နိုင်၊ တွေးတောနိုင်၊ အိပ်နိုင်တဲ့ ကိုယ်ပိုင်အခန်းရှိတယ်။ ကိုယ်ကတော့ ဟိုဒေါင့်ကပ် ဒီဒေါင့်ကပ် ဖြစ်နေရတာချည်းပဲ။ ကိုယ်ပိုင် အခန်းထဲမှာ နေရတာလို့ မရှိသေးဘူး။ ဒါ့ကြောင့်လည်း မကြာခဏ အပေါ်ဆုံးထပ်ခိုးကို ကိုယ်တက်သွားတာ။ အဲဒီနေရာကို သွားနေလို့ပဲဖြစ်ဖြစ်၊ မင်းနဲ့အတူဟာကွ ရှိနေလိုက်ရလို့ပဲဖြစ်ဖြစ်၊ ကိုယ်ဟာ အခိုက်အတန့်အားဖြင့် ချမ်းမြေ့တာပါပဲ။

ကိုယ့်အကြောင်း ကိုယ်တွေးပြီး ငေးမှိုင်မနေချင်ပါဘူး ။ ရဲရဲရင့်ရင့်ပဲဖြစ်ချင် ပါတယ်။ နေ့စဉ်နဲ့အမျှ မေမေ့အပေါ်မှာ ကိုယ် အေးတိအေးစက်ဖြစ်လာပြီ၊ ဖေဖေ့အပေါ်မှာလည်း သိပ်ချစ်ခင်ခြင်းမရှိတော့ဘူး။ မားဂေါ့ကိုလည်း ဘာတစ်ခုမှ မပြောတော့ဘူး။ ကိုယ့်အတွင်းစိတ်ခတ်မှာ ဘယ်နည်းဘယ်ပုံ ဖြစ်နေတယ်ဆိုတာ ဘယ်သူ့မှ ပြောနိုင်ကြမှာမဟုတ်ဘူး။

ကိုယ်ဟာ လုံးလုံးလျားလျား ရောင့်နှုတ်ပိတ်လုပ်နေခဲ့ပါပြီ။ အထူးသဖြင့် ကိုယ့်ရဲ့အပြင်သဏ္ဍာန်ကို ထိန်းသိမ်းထားရမယ်။ အတွင်းသန္တာန်



www.burmeseclassic.com

www.burmeseclassic.com



မှာ မတည်မငြိမ် ဖြစ်နေတာကိုလဲ ဘယ်သူမှ မသိစေရဘူး။ အလိုဆန္ဒနဲ့ အသိဉာဏ်ရဲ့ စစ်ပွဲပေါ့။ ဒီစစ်ပွဲမှာ အလိုဆန္ဒဟာ အသိဉာဏ် ထက်ပိုပြီး နိုင်ခန့်သန်စွမ်းပုံရပေမယ့် အသိဉာဏ်ကသာ အောင်ပွဲခံနေဆဲ ပါပဲ။

ပီတာကို တစ်စုံတစ်ရာ မပြောဖို့ဆိုတာကတော့ သိပ်ခက်တာပါပဲ။ ဒါပေမယ့် သူကသာ အစကနဦးပြောရမယ့် လူဆိုတာ ကိုယ်သိတယ်။ သူ့အတွက် ကိုယ်ဟာ နေ့တိုင်းအိပ်မက်မက်ရတယ်။ သူ့ကို ပြောစရာတွေလည်း ကိုယ့်မှာ အများကြီးပါပဲ။ မှန်တယ် ကစ်တီ၊ အင်နာဆိုတဲ့ ကောင်မလေးဟာ အရူးသက်သက်ကလေးမပါ။ ရူးသွပ်နေတဲ့အချိန်နဲ့ ရူးသွပ်စရာ ဝန်းကျင်မှာသာ ကိုယ် နေနေရတာကိုး။

ဒါပေမယ့် အခုအထိ အားတက်စရာ အကောင်းဆုံးအချက်ကလေး တစ်ချက်တော့ဖြင့် ရှိလေရဲ့။ ဒါကတော့ အခြားဟုတ်ပါရိုးလား၊ ကိုယ့် အတွေးနဲ့ ကိုယ့်ခံစားမှုတွေကို ရေးချနိုင်သေးတယ်ဆိုတာပါပဲ။ တကယ်လို့ ဒီလိုသာ မရေးနိုင်ခဲ့ရင် ကိုယ်ဟာလုံးဝခက်နေတော့မှာပဲ။ ဒီကိစ္စတွေ အားလုံးအတွက် ပီတာက ဘယ်လိုထင်သလဲဆိုတာတော့ ကိုယ်မသိဘူးပေါ့။ တစ်နေ့နေ့မှာ သူ့ကို ဒီအကြောင်း တွေ ပြောနိုင်ရမယ်ဆိုတဲ့ မျှော်လင့်ချက်ကိုတော့ ကိုယ် တမ်းတဆဲပဲ။ ကိုယ်နဲ့ ပတ်သက်လို့ သူရဲ့ တွေးဆချက်တစ်ခုခုတော့ရှိရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု အထိ သူ သိကျွမ်းခဲ့ပြီးဖြစ်တဲ့ ဗဟိဒ္ဓသဏ္ဍာန် အင်နာကို မချစ်နိုင်သေးတဲ့ အတွက်ပါပဲ။

အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် နေရတာကို ချစ်မြတ်နိုးတဲ့သူဟာ ကိုယ်ရဲ့ ဆူညံလှုပ်ရှား ပေါက်ကွဲမှုတွေကို ဘယ်လို မြတ်နိုးနိုင်ပါ့မလဲ။ ကိုယ့်ကိုယ်မှာ တန်ဆာဆင်ထားတဲ့ အကာအရံတွေကို ထိုးဖောက်ပြီး မြင်နိုင်တာ သူဟာ ပထမဆုံး လူပဲလား။ ဒီလိုမြင်နိုင်ဖို့အတွက် အချိန်အများကြီး ယူခဲ့ရသလား။ ကိုယ့်အတွက်ကလည်း ဒီလိုပဲလား။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာ မကြာကဏဆိုသလို ကိုယ့်အတွက် ဝမ်းနည်းရတာနည်းတူ သူ့အတွက်လည်း ဝမ်းနည်း





နေတုတ်လို့ပါပဲ။

ရိုးရိုးပြောကြစကာမ်းဆိုရင် ဘယ်လို စတင်ရမယ်ဆိုတာ ကိုယ်မသိသေးဘူး။ တကယ်လို့ ကိုယ်ကစာနဲ့ရေးနိုင်တယ်ဆိုရင် ကိုယ် ဘာပြောချင်တယ်ဆိုတာ လောက်တော့ သူ သဘောပေါက်မယ်ဆိုတာ ကိုယ်သိတယ်။ ဘာဖြစ်လို့လဲ သိလား၊ ပြောချင်တာတွေကို စကားလုံးနဲ့ ဖွင့်ဟပြောဖို့ ဆိုတာ ကြောက်ခမန်းလိလိ ခက်လို့ပေါ့။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊
မတ် ၁၇၊ ၁၉၄၄

ချစ်သော ကစ်တီ

"လျှို့ဝှက်ခန်းဆောင်" မှာတော့ နည်းနည်း သက်သာရာရလာကြပြီ။ ဘရာဂါကို ကျင်းဟုန်းဖို့ ခေါ်သွားတာ ရုံးတော်က ကင်းလွတ်ခွင့်ပြု လိုက်တယ်။ အဲလီကိုလည်း သတင်းစကား နားထောင်ခိုင်းထားလို့ ဒီနေ့ သူ့ကို စကားသွားမပြောဖို့ အားလုံးကို တင်းတင်းကြပ်ကြပ် တားမြစ်ထားရတယ်။ ဒီတော့ မားဂေါ့နဲ့ ကိုယ့်တို့မှာ မိဘ တွေအတွက် ငြီးငွေ့ပင်ပန်း နေရတာမှအပ အရာရာဟာ အဆင်ပြေနေပြီဆိုပါတော့။

ဒီလိုဆိုလိုက်ခြင်းအားဖြင့် ကိုယ့်အပေါ် တလွဲမထင်စေချင်ပါဘူး။ မင်းသိတဲ့ အတိုင်းပဲ။ အခုတလော ကိုယ်နဲ့မေမေဟာ သိပ်လေပေး မဖြောင့်ကြဘူး။ ကိုယ်ဟာ မေမေ့ကို ချစ်ပါတယ်။ မားဂေါ့ကလည်း ဖေဖေနဲ့ မေမေကို ချစ်ပါတယ်။ ဒါပေမယ့် ခက်တာက လူတွေဟာ အသက်အရွယ် ကြီးလာပလားဆိုရင် ကိုယ့်အတွက်လောက်ပဲ အရာရာကို ဆုံးဖြတ်တတ် တယ်။ ကိုယ့်ဘာသာကိုယ် သီးခြားသိပ်နေချင်တယ်။

ကိုယ်အပေါ်ထပ်ကိုတက်ရင် ဘာသွားလုပ်မလဲလို့ မေးတယ်။ ကိုယ်က ကိုယ့်ကိစ္စမှာ သူများဝင်တာကို မကြိုက်ဘူး။ ည ရနာရီခွဲပြီဆိုရင် ခမေမေက ကိုယ် အဝတ်လဲပြီးပြီလား၊ မလဲသေးဘူးလား လာကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖတ်မယ့် စာအုပ်တွေကို စစ်ဆေးတယ်။ သူတို့ဟာ ကိုယ့်အပေါ်မှာ လုံးလုံးလျားလျား တင်းတင်းကြပ်ကြပ်ကြီး လုပ်နေတာတော့ မဟုတ်ဘူး ဆိုတာ ကိုယ်ဝန်ခံပါတယ်။ ကိုယ်ဖတ်ချင်တဲ့ စာအုပ်အားလုံး လိုလိုကို ဖတ်နေပါတယ်။ ဒါပေမယ့် တစ်နေ့လုံး တွေ့နေ ကြားနေရတဲ့ မှတ်ချက်တွေ၊ အမေးအမြန်းတွေက စိတ်ပျက် ငြီးငွေ့စရာ ဖြစ်နေတာပါ။

အထူးသဖြင့် ကိုယ်နဲ့ပတ်သက်လို့ ကိုယ်ဟာ သူတို့အကြိုက်မဖြစ်တော့ဘူး ဆိုတဲ့အချက် ကျန်နေတယ်။ ကိုယ့်အပေါ်မှာ သူတို့ရဲ့ ချစ်ခင်ကြင်နာမှုတွေ မရှိ တော့ဘူးလို့ ကိုယ်ထင်တယ်။ ဟန်ဆောင်နေတာတွေဟာ ပိုပြီး ထိခိုက်လာတယ်။ အတိုချုပ် ပြောရရင် ခေတ္တခဏပဲ သူတို့ရဲ့ ဝေးရာမှာ ကိုယ်လွတ်ရုန်းနေချင်တယ်။

မနေ့ညတုန်းက မားဂေါ်က 'ခေါင်းကိုက်လို့ပဲဖြစ်ဖြစ်၊ နေမကောင်းလို့ပဲ ဖြစ်ဖြစ်၊ သူတို့မေးပုံမေးနည်းတွေဟာ သိပ်စိတ်အနှောင့်အယှက်ဖြစ်စရာပဲ' လို့ ပြောတယ်။

ဒါတွေဟာ ကိုယ်တို့နှစ်ယောက်စလုံးအတွက် ကြီးကျယ်တဲ့ ထိုးနှက်ချက်တွေပါပဲ။ အိမ်မှာ ကိုယ်တို့အချင်းချင်း ယုံကြည်မှုနဲ့ သင့်တင်ညီညွတ်မှု ဘယ်လောက် လျော့နည်းနေပြီလဲဆိုတာ ကိုယ်တို့ဟာ ဒီမှာ 'မျက်စေ့နောက်စရာ မိန်းမတွေ' ဖြစ်နေလို့ပါပဲ။ ဒီလို အကြောင်းအရာတွေအတွက် ကလေးတွေလို ပြုမူဆက်ဆံတာ ခံနေရပေမယ့် အတွင်းသဘောမှာတော့ ကိုယ်တို့ဟာ သက်တူရွယ်တူ မိန်းကလေး တွေထက်ပိုပြီး အိုမင်းနေပြီလို့ ဆိုလိုတာပါပဲ။

ကိုယ်ဟာ အသက် ၁၄နှစ်သာ ရှိသေးပေမယ့် ကိုယ် ဘာအလိုရှိတယ်။ ဘယ်သူမှားပြီး ဘယ်သူမှန်တယ်ဆိုတာ ကိုယ် ကောင်းကောင်း သိတယ်။ ကိုယ့်မှာ ကိုယ်ပိုင် ထင်မြင်ချက်ရှိတယ်၊ သဘောထားရှိတယ်။ မူရှိတယ်။ ဒါတွေဟာ အရွယ် ရောက်စသူတစ်ယောက်အဖို့ ရူးရူးမိုက်မိုက် သဘောပါချင်ပါပေမယ့် ကိုယ့်ကိုယ်ကို သူငယ်နှပ်စားကလေးထက် အရွယ် ရောက်ပြီး လူကြီးတစ်ယောက်လို့ သဘောရတယ်။ ဘယ်သူနဲ့မှ မဆိုင်၊ တသီးတခြား လွတ်လပ်တယ်လို့ ကိုယ့်ကိုယ်ကို ယူဆတယ်။





ကိုယ်ဟာ အကြောင်းကိစ္စများစွာတို့မှာ မေမေ့ထက်ပိုပြီး ဆွေးနွေးငြင်းခုန် နိုင်တယ်ဆိုတာ ကိုယ်သိတယ်။ ဝန်တို အာဃာတစိတ်မရှိဘူး ဆိုတာ ကိုယ်သိတယ်။ ရှိတဲ့တိုင် ပြင်းပြင်းထန်ထန်မဟုတ်ဘူး။ ပြီးတော့ ဘိကျသေချာတယ်။ မင်းရိုရင်လည်း ရိုပေရော့။ ဒါကြောင့် အရာများစွာမှာ ကိုယ်က မေမေ့ထက် သာတယ်လို့ ကိုယ်ထင်နေတာပဲ။

တစ်စုံတစ်ယောက်ကို ကိုယ်က ချစ်မြတ်နိုးတယ်ဆိုပါစို့။ ဒီလို ချစ်မြတ်နိုးတာဟာ သူ့အပေါ်မှာ လေးစားကြည်ညိုလို့ပါပဲ။ ပီတာကို နည်းလမ်းများစွာမှာ ကိုယ်က လေးစားကြည်ညိုတဲ့အတွက် ပီတာသာရှိရင် ကိုယ့်အတွက် အရာရာ အဆင်ပြေမှာပါပဲ။ သူဟာ အဲဒီလောက် ကြည့်ကောင်းတဲ့ လူကောင်းလေးပါ။

မင်းရဲ့ အင်နာ။

* * *

တနင်္ဂနွေ

မတ် ၁၉၊ ၁၉၄၄

ချစ်သော ကစ်တီ

မနေ့ကတော့ ကိုယ့်အတွက် အလွန်ထူးခြားကြီးမြတ်တဲ့နေ့ပါပဲ။ ကိုယ်ဟာ ပီတာနဲ့ကိစ္စအားလုံးကို ပြောဖို့ ဆုံးဖြတ်လိုက်တယ်။ ညစာစားဖို့ ထိုင်လိုက်တာနဲ့ တပြိုင်နက် ကိုယ်က တိုးတိုးကလေး လှမ်းပြောလိုက်တယ်။

'ဒီနေ့ ညနေ လက်ရေးတိုကျင့်ဦးမလား၊ ပီတာ'

'မကျင့်ဘူး'

'ဒါဖြင့် ပြီးတော့ ရှင်ကို ကျွန်မစကားပြောချင်တယ်'

ဒါကို သူက သဘောတူလိုက်တယ်။

စားသောက်ဆေးကြောပြီးတဲ့အခါကျတော့ သူ့ မိဘတွေရဲ့အခန်းမှာ ဟိုကြည့် ဒီကြည့်နဲ့ ခဏရပ်နေပြီး နောက်မကြာခင်ဘဲ ပီတာ့ဆီကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လိုက်သွားတယ်။ သူဟာ ဖွင့်ထားတဲ့ ပြတင်းပေါက်ရဲ့ ဘယ်ဘက်မှာ ရပ်နေလေတော့ ကိုယ်က ညာဘက်မှာ သွားရပ်ပြီး ကိုယ်တို့ စကားပြော ကြတာပဲ။ တောက်ပတဲ့ အလင်း ရောင်ထဲမှာထက် နည်းနည်းမှောင်နေတဲ့ အထဲမှာ စကားပြောရတာ ပိုလွယ်တယ်။ ပီတာလည်း ကိုယ့်လိုပဲ ထင်လိမ့်မယ်လို့ ကိုယ်ယုံကြည်တယ်။

တစ်ယောက်နဲ့တစ်ယောက် စကားတွေ အများကြီးပြောကြတယ်။ အများဆိုမှ အများကြီးပါပဲ။ အားလုံးကို ကိုယ်ပြန်မပြောနိုင်တော့ပါဘူး။ ဒါပေမယ့် ဒီညနေခင်း ကတော့ 'လျှို့ဝှက်ခန်းဆောင်'ကို ရောက်တဲ့ အချိန်ကစပြီး ချစ်စရာအကောင်းဆုံး၊ အံ့သြစရာအကောင်းဆုံး ညနေခင်း ပါဘဲ။

ကိုယ်တို့ ပြောခဲ့တဲ့ ထွေရာလေးပါးစကားတွေကို အကျဉ်းချုပ် လောက် ကိုယ်ပြန်ပြောပြမယ်။ ပထမရန်ဖြစ်တဲ့အကြောင်း၊ ဒီရန်ပွဲတွေ အပေါ် ကိုယ်အခု ဘယ်လိုသဘောထားတယ်ဆိုတဲ့အကြောင်း၊ နောက်ပြီး ကိုယ်တို့မိဘတွေနဲ့ ကိုယ်တို့အကြားက စိမ်းကားမှုအကြောင်းတွေကို ပြောကြတယ်။

မေမေ၊ ဖေဖေနဲ့ မားဂရက်တို့အကြောင်း ပီတာ့ကို ပြောပြတယ်။ ကိုယ့် အကြောင်းလည်း ပြောပြလိုက်တယ်။

တစ်ချိန်မှာ သူကမေးတယ်။

'မင်းတို့ဟာ ညအိပ်ရာဝင်ခါနီးတိုင်း တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက် နမ်း နမ်းကြတယ်ထင်တယ်။ ဟုတ်လား'

'ဟုတ်တာပေါ့၊ နမ်းကြတာပေါ့။ ရှင်ကော'

'ဟင့်အင်း ကိုယ်တော့ ဘယ်သူ့ကိုမှ မနမ်းဖူးဘူး'

'ရှင့် မွေးနေ့မှာတောင် မနမ်းဖူးဘူးလား'

'အဲဒီတုန်းကတော့ နမ်းတာပေါ့'

ကိုယ်တို့နှစ်ယောက်စလုံးဟာ မိဘများအပေါ်မှာ ယုံကြည်မှုမရှိ ဖြစ်နေ တဲ့အကြောင်းတွေကို ပြောကြပြန်တယ်။ သူ့ဆီက ယုံကြည်မှုကို





ရရှိအောင် သူ့ အပေါ်မှာလည်း မိဘက ချစ်သင့်တဲ့အကြောင်း၊ ဒါပေမယ့် သူက မလိုချင်တော့တဲ့ အကြောင်းတွေပြောကြတယ်။ ကိုယ်လည်း ဒါတွေကို ကြားရတော့ စိတ်မချမ်းမသာ ဖြစ်နေတာပေါ့။ သူကတော့ အပေါ်ဆင့်ကို တက်သွားတယ်။

မားဂရက်နဲ့ ကိုယ်ဟာ တစ်ယောက်ကိုတစ်ယောက် ကောင်းကောင်း ကြီး နားလည်စပြုလာပြီ မဟုတ်လား။ ဒါနဲ့တောင် အရာရာတိုင်းကို ကိုယ်တို့ တစ်ယောက်နဲ့တစ်ယောက် မပြောကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့ဟာ အမြဲတမ်းအတူတူချင်းနေရတာကိုး။ စိတ်ကူးရတဲ့အရာတိုင်း အပေါ်မှာတော့ အို သူဟာလေ တကယ့်ကိုယ်တွေးခဲ့တဲ့အတိုင်းပါပဲ။

ဒီနောက်တော့ ကိုယ်တို့ဟာ ၁၉၄၂ခုနှစ်က အကြောင်းတွေကို ပြောခဲ့ ကြတယ်။ ဟိုတုန်းကနဲ့ အခုနဲ့ မတူတော့ပါလားလို့ ကိုယ်တို့ဘာသာ အသိအမှတ် ပြုကြတယ်။ အစပထမပိုင်းမှာ တစ်ယောက်ကို တစ်ယောက် ဘာဖြစ်လို့ ခပ်တန်းတန်းဖြစ်နေရတာလဲဆိုတဲ့ အကြောင်းကိုလည်း ပြောမိ သေးတယ်။ သူကတော့ ကိုယ်ဟာ သိပ်စကားများတယ်၊ စည်းကမ်း မရှိဘူးလို့ ထင်ခဲ့တယ်တဲ့။ ကိုယ်ကတော့ သူနဲ့တွေ့ဖို့၊ စကားပြောဖို့ အချိန်မရှိခဲ့တဲ့အတွက် ခပ်တန်းတန်း နေခဲ့မိတယ်လို့ ကိုယ့်ဘက်က ထင်တယ်။

သူဟာ ဘာကြောင့် ကိုယ်နဲ့ ရောရောနှောနှော မရှိခဲ့သလဲဆိုတာ ကို ကိုယ် နားမလည်ဘူး။ ဒါပေမယ့် အခုတော့ ကိုယ် ဝမ်းသာတယ်။ သူကလည်း ကိုယ့်တို့ အားလုံးနဲ့ ဘယ်လောက်ကင်းကွာခဲ့တယ်ဆိုတာကို ပြောပြတယ်။

ကိုယ့်ရဲ့ ဆူညံမှုနဲ့ သူ့ရဲ့တိတ်ဆိတ်မှု အကြားမှာ ခြားနားမှု သိပ်မရှိဘူးလို့ ကိုယ်ကပြောတယ်။ ကိုယ်လည်းပဲ အေးချမ်းဆိတ်ငြိမ်မှုကို ကြိုက်တာပဲ။ တစ်ကိုယ်တည်း နေတာမှအပ၊ ကိုယ့်မှတ်တမ်းရေးတာမှ အပ တခြားဘာမှမရှိဘူး။ ကိုယ့်မိဘတွေမှာ သားသမီးရှိတာကို သူက ဝမ်းသာသလို သူဒီမှာရှိတာ ကိုယ်ကလည်း ဝမ်းသာတာပါပဲ။ သူ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရော၊ သူနဲ့ သူ့မိဘတွေရဲ့ ဆက်ဆံရေး အကြောင်းရော ကိုယ် နားလည်လာလေတော့ သူများကို ကူညီနိုင်ရင် ဘယ်လောက်ကောင်းမလဲလို့လည်း အတွေးရောက်မိပါရဲ့။

'မင်းက ကိုယ့်ကို အမြဲကူညီတယ်'

'ဘယ်လို ကူညီတာလဲ'လို့ ကိုယ်က တအံ့တသြမေးလိုက်မိတယ်။

'စေတနာ ထက်သန်ဟာနဲ့ပေါ့'

ဒါဟာ သူပြောသမျှ စကားထဲမှာ ချစ်စရာအကောင်းဆုံးစကား ဖြစ်မှာသေချာပါတယ်။ ဒါကိုထောက်ရင် သူဟာ ကိုယ့်အပေါ် မိတ်ရင်းဆွေရင်းဟာစ်ယောက်လို တစ်ဆင့်တက်ပြီး ချစ်ခင်လာရမယ်။ အခိုက်အတန့်မှာတော့ ဒါနဲ့ လုံလောက်ပါပြီ။ ကိုယ်ဟာ သူ့အပေါ်မှာ ကျေးဇူးလည်းတင်တယ်။ ပျော်လည်း ပျော်နေတယ်။ ပြောစရာ စကားလုံးတောင် ရှာမတွေ့ဘူး။ ကိုယ့် ရေးနည်းရေးဟန်တွေဟာ ဒီနေ့တော့ နည်းနည်း ကဘောက်ကချာဖြစ်များနေမလားမသိဘူး။ ဒါ့အတွက် မင်းကို တောင်းပန်ပါတယ် ကစ်တီ။

ကိုယ့်ခေါင်းထဲ ဝင်လာတာမှန်သမျှကို ရေးချတာပဲ။ ကိုယ်နဲ့ ပီတာမှာ လျှို့ဝှက်ချက်တစ်ခုစီကို မျှဝေယူထားကြပြီလို့ ကိုယ် ထင်နေတယ်။ ရိုပေါပြုံးရွှင်တဲ့ မျက်လုံးကြီးတွေနဲ့ သူက ကိုယ့်ကိုကြည့်တိုင်း ကိုယ့်ခန္ဓာကိုယ်အတွင်းမှာ အလင်းဖျောင်တန်းကလေး တိုးဝင်သွားသလိုပါပဲ။ ဒီအတိုင်းရှိနေမယ်။ ရှေ့ဆက်ပြီး အခုလို ကောင်းမြတ်တဲ့ အချိန်တွေကို အများကြီး အများကြီး ရပါစေဦးလို့ ကိုယ် မျှော်လင့်နေပါတယ်။

မင်းရဲ့ အင်နာ။

တနင်္လာ၊

မတ် ၂၀၊ ၁၉၄၄





ချစ်သော ကစ်တီ

နောက်ထပ် တညနေခင်းလောက်မှာ သူ့ဆီလာပါဦး။ ကိုယ်လာတာဟာ သူ့အတွက် အနှောင့်အယှက်မဖြစ်ပါဘူး။ စိုတဲ့လက်ကို မကြောက်စေသင့်ပါဘူးလို့ ဒီနေ့မနက် ပီတာက ပြောတယ်။

ကိုယ်က ညနေတိုင်းတော့ မလာချင်ဘူး၊ အောက်ထပ်က လူတွေက မကြိုက်ကြဘူးလို့ ပြောတယ်၊ သူက ဒါအတွက် ပူစရာမရှိပါဘူးတဲ့။ ဒီတော့ စနေနေ့ ညနေပိုင်းကို လာချင်တယ်၊ အထူးသဖြင့် လထွက်တဲ့အခါမျိုးကျရင် ပြောစမ်းပါလို့ သူ့ကိုပြောတော့ သူက 'ဒါဖြင့် အောက်ထပ်ဆင်းကြရအောင်၊ အောက်ထပ်ကနေပြီး လကို ကြည့်မယ်' တဲ့ပြောတယ်။

အဲဒီအခိုက်အတန့်မှာပဲ ကိုယ့်ပျော်ရွှင်မှုအပေါ် အရိပ်ကလေးတစ်ခု ထိုးကျ နေလေရဲ့၊ မားဂေါ့ကလည်း ပီတာ့ကို တော်တော်ကလေး သဘောကျပုံရတယ်အကြောင်း၊ ကိုယ် စဉ်းစားနေမိလို့ပါပဲ။ ပီတာ့အပေါ် သူ ဘယ်လောက် ချစ်တယ်ဆိုတာတော့ ကိုယ်မသိဘူး။ ဒါပေမယ့် ဒီအကြောင်း စဉ်းစားရတာကိုက အလွန် စိတ်ဒုက္ခကြီးလှပါတယ်။ ကိုယ်က ပီတာနဲ့ အတူရှိနေတိုင်း မားဂေါ့ကို စိတ်ဆင်းရဲအောင် လုပ်သလိုဖြစ်နေမှာပဲ။ နောက်ပြီး ရီစရာကောင်းဟာက ဒီလိုစိတ်ဆင်းရဲမှုမျိုးကို အရိပ်အယောင်တောင် မပြတဲ့အချက်ပဲ။

ကိုယ့်မှာ ပရမ်းပတာဖြစ်လောက်အောင် မနာလိုဝန်တိုစိတ်ဝင်နေပြီဆိုတာ အခု ကောင်းကောင်းသိပြီ။ မားဂေါ့ကတော့ သူ့ကို ကိုယ်က သနားဖို့ မလိုဘူးလို့သာ ပြောပါတယ်။

'မမမှာ အဖက်မတန်သလို ဖြစ်နေရမှာ ကျွန်မတော့ တွေးမိတိုင်း စိတ်ညစ်တယ်။ ကျွန်မကတော့ နေသားကျနေလို့ ကိစ္စမရှိဘူး' ဆိုပြီး ကိုယ်ကပြောတော့ သူက ပြန်ဖြေတယ်။ သူ့အဖြေဟာ ခါးသီးလှပါတယ်။

ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ပီတာ့ကို အခုအထိ ကိုယ်မပြောရဲသေးဘူး၊ နောက်ဆိုရင်တော့ မသိဘူးပေါ့။ အခုတော့ ကိုယ်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



တခြား ပြောစရာအကြောင်းအရာတွေ အများကြီးပဲ။

မနေ့ညနေက ကိုယ့်ကို မေမေက သူ့အပေါ် သိပ်မရုမစိုက်သလို လုပ်နေ တာတွေကို ရပ်တန့်ကာရပ်ဖို့ အနည်းအကျဉ်း သတိပေးလာတယ်။ ဒီတော့ ကိုယ် ကိုယ်ကို နောက်တဖန်ပြန်ပြီး စစ်ဆေးသုံးသပ် အကဲခပ်ရ ပြန်ဦးမှာပေါ့လေ။

အခုတလော ဖေဖေကလည်း တစ်မျိုးဖြစ်နေတယ်။ ကိုယ့်အပေါ်မှာ သူ့သမီးလို မဆက်ဆံဖို့ အေးတိအေးစက်နေဖို့ ကြိုးစားနေသလိုပဲ။ ဒီတော့ ဘာဖြစ်လာမလဲဆိုတာ ကြည့်ကြရတော့မှာပေါ့။

မားဂေ့ါရဲ့ စိတ်ရင်းစေတနာကောင်းကို သာကေပြတာကတော့ ဒီနေ့ ၁၉၄၄ ခုနှစ် မတ်လ ၂၀ရက်နေ့မှာပေါ့။

'အင်နာ၊ ညည်းကို မမက ဝန်တိုစိတ် မရှိပါဘူးလို့ မနေ့က ပြောခဲ့တာဟာ ငါးဆယ်ရာခိုင်နှုန်းပဲ ရှိုးသားတယ်။ ဖြစ်ပုံကဒီလို၊ မမက ညည်းကိုရော ပီတာ့ကိုရော သဝန်မတိုပါဘူး။ အခုအထိ တစ်ဦး တစ်ယောက်ကိုမှ ရှာမတွေ့သေးတဲ့ မမအဖြစ်.အတွက်သာ ဝမ်းနည်းတာ။ မမရဲ့အတွေးနဲ့ ခံစားမှုတွေကို ဘယ်သူနဲ့ဆွေးနွေးရမှန်း အခုတော့ မသိသေးဘူး။ ဒါပေမယ့် ဒီအကြောင်းတွေကိုလ ညီးညည်းကို ပြောမပြသင့်ဘူး။ တစ်ယောက် ကောင်းစားပေမယ့် တစ်ယောက်မှာ ဒုက္ခရောက်ရတာ ခမ္မတာပဲ။'

'တခြားဟာဖက်ကလည်း မမဟာ ပီတာနဲ့ဘာမှ မဖြစ်ကြသေးဘူး ဆိုတာ မမသိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကြောင်းတစ်ခုခုကို တခြားတစ်ယောက် ယောက်နဲ့ ဆွေးနွေးမယ်ဆိုရင် သူနဲ့တော်တော်လေး ရင်းနှီးချင်တဲ့ သဘောရှိလို့ပဲ။ မမက အများကြီးမပြောရဘဲ တစ်ခုပြီးတစ်ခု နားလည်သွားမယ့်လူမျိုးကို မမလိုချင်တယ်။ ဒါ့ကြောင့်မို့ မမရင်းနှီးချင်တဲ့လူဟာ မမထက် ဉာဏ်ပညာသာမှ ဖြစ်မယ်လို့ မမထင်တယ်လေ။ ဒီတော့ ပီတာဟာ မဖြစ်နိုင်တော့ဘူး။ ညည်းနဲ့ ပီတာဟာသာပြီး အဆင် ပြေနိုင်တယ်လို့ မမထင်တယ်။'





'မမကို လုပ်သင့်လုပ်ထိုက်တဲ့ အရာတွေရဲ့ အပြင်ရောက်အောင် ညည်း လုပ်နေတာမဟုတ်ပါဘူး။ မမအတွက်နဲ့တော့ ဘာမှနောက်တွန့် စဉ်းစားနေစရာ မလိုဘူး။ ညည်းနဲ့ ပီတာတို့ မိတ်ဆွေဖြစ်ခြင်းအားဖြင့် အကျိုးရှိပါတယ်'တဲ့။

ကိုယ့် ပြန်ကြားချက်ကတော့

'အခုအထိတော့ ကျွန်မနဲ့ ပီတာရဲ့အကြားမှာ မမထင်သလို ယုံကြည်မှု ပြဿနာမျိုး မရှိသေးပါဘူး။ ဒါပေမယ့် ပြတင်းတံခါးဘေးက အလင်းရောင်မှိန်မှိန် အောက်မှာက တောက်ပတဲ့နေရောင်အောက်မှာထက် တစ်ဦးကိုတစ်ဦး ပိုပြီးပြောနိုင်ကြတယ်။ ကိုယ့်အတွေးနဲ့ ခံစားမှုတွေကို အော်ကြီးဟစ်ကျယ် ပြောတာထက် တီးတိုးပြောတာက ပိုလွယ်ပါတယ်။ မမဟာ ပီတာ့အပေါ်မှာ မောင်းရင်းနှမလို အချစ်မျိုးနဲ့ချစ်တယ်လို့ ကျွန်မ ယုံတယ်။ ဒီတော့ သူ့ကို ကျွန်မ ကူညီသလို မမကလည်း ကူညီရမှာပါပဲ။ ကျွန်မတို့ စိတ်ထဲမှာရှိနေတဲ့ ယုံကြည်မှုမျိုးမဟုတ်သည့်တိုင်အောင် ဒီလို တော့ တစ်ခါတစ်ရံ အကူအညီပေးနိုင်ကောင်းကြပါရဲ့။ ဒါမျိုးဟာ နှစ်ဦး နှစ်ဖက်စလုံးဆီက စမှဖြစ်တာမို့ ဖေဖေနဲ့ ကျွန်မ အခုအထိ အဆင်မပြေ သေးတာ ဒီအကြောင့်ကြောင့်ပဲလို့ ကျွန်မထင်တယ်။'

'ဒီအကြောင်းကို နောက်ထပ်မပြောဘဲ နေကြရအောင်ပါ။ ဒါပေမယ့် မမပြောစရာရှိရင် ကျွန်မကို စာနဲ့ရေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ပြောစရာရှိတာကို စာရွက်ပေါ်မှာ ပိုပြီးပြောတတ်လို့ပါ။'

'မမအပေါ် ကျွန်မ ဘယ်လောက် လေးစားချစ်ခင်တယ်ဆိုတာ မမ မသိဘူး။ မမနဲ့ဖေဖေတို့လို စိတ်ကောင်း နှလုံးကောင်းမွေးဖို့ ကျွန်မမှာ လိုပါသေးတယ်။ ဘာဖြစ်လို့လဲသိလား။ မမနဲ့ ဖေဖေ့အကြားမှာ ခြားနား ချက်ရယ်လို့ သိပ်မမြင်လို့ပါပဲ။'

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူး၊
မတ် ၂၂၊ ၁၉၄၄

ချစ်သော ကစ်တီ

မနေ့ညနေက ဒီစာကို မားဂေါ့ဆီက ကိုယ်ရတယ်။

ချစ်သော အင်နာ

မနေ့က ညီမစာကို ဖတ်ရပြီးတဲ့အခါမှာ ပီတာ့ဆီကို ညီမ ရောက်တိုင်း စိတ်မလုံမလဲ ဖြစ်နေလိမ့်မယ်ဆိုတာ တွေးမိပြီး မမ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒီလို မလုံမလဲဖြစ်စရာ အကြောင်း တကယ်ဆိုတော့ မရှိပါဘူး။ မမနှလုံးသား ထဲမှာတော့ တစ်စုံတစ်ယောက်နဲ့ အတုန့်အပြန် ယုံကြည်မှုဆိုတာကို မျှဝေ ခံစားခွင့်ရှိတယ်လို့ ယူဆတယ်။ နို့ပေမယ့် ပီတာ့ကို ဒီအပိုင်းမှာ အခုအထိ မမ မထည့်နိုင်ခဲ့သေးဘူး။

ပီတာဟာ မောင်ဘွားအရင်းအချာနဲ့ တူတယ်လို့ ညီမ ပြောခဲ့သလို မမကလည်း ဒီအတိုင်း သဘောရပါတယ်။ ဒါပေမယ့် မောင်ငယ်ပါ၊ မောင်ငယ်။ မောင်နဲ့ နှမ ချစ်ခင်တယ်ဆိုတာမျိုးဟာ နောင်တစ်နေ့မှာ ကြာလေလေ ခိုင်မြဲလေလေဆိုတာမျိုးလည်း ဖြစ်နိုင်တယ်။ မခိုင်မမြဲဘဲ ပျယ်ပြယ်လို့သွားနိုင်တာပဲ။ အခုအထိတော့ ဒီအဆင့်ကို မရောက်ခဲ့သေး ဘူးပေါ့။

ဒါကြောင့် မမအပေါ်မှာ သနားစရာမလိုပါဘူး။ အခု ညီမမှာ အဖော်မွန်ရယ်လို့ ရှာဖွေတွေ့ရှိနေပြီမဟုတ်လား။ ညီမပဲ ဒီအဖော်မွန်နဲ့ တူနှဲ့ရွှင်ပျော်ပါတော့။

တစ်ချိန်းတည်းမှာပဲ ကိုယ်ဟာ အံ့သြစရာတွေကို တစ်ခုပြီးတစ်ခု တွေ့နေရတယ် ကစ်တီ။ 'လျှို့ဝှက်ခန်းဆောင်'မှာ ကိုယ်တို့ဟာ တစ်ကယ့် မေတ္တာစစ်နဲ့ ချစ်တဲ့အချစ်ကို ရှာဖွေတွေ့ရှိလိမ့်မယ်လို့ ကိုယ်ယုံတယ်။ မပူပါနဲ့ကွယ်။ မပူပါနဲ့။ သူ့ကို လက်ထက်ဖို့ ကိုယ်စိတ်မကူးသေးပါဘူး။ ကြီးပြင်းအရွယ်ရောက်လာရင် သူဟာ ဘယ်လိုလာမလဲဆိုတာ ကိုယ်မသိ





သေးဘူး။ နောက်ပြီး လက်ထက်လောက်အောင် ကိုယ်တို့ ချစ်နေကြ ဦးမလား ဆိုတာလည်း ကိုယ် မသိသေးဘူး။ ပီတာက ကိုယ့်ကိုချစ်တာ ကိုယ်သိနေတယ်။ ကိုယ့်ဘက်က ဘယ်လိုလဲဆိုတာတော့ ကိုယ်မသိ သေး ဘူး။

သူဟာ တစ်ကယ့်မိတ်ဆွေကောင်းကို လိုချင်တာလား။ ဒါမှမဟုတ် မိန်းကလေးတစ်ယောက်၊ နှမတစ်ယောက်အဖြစ် ကိုယ့်ကို စွဲမက်နေ တာလားဆိုတာ မကွဲပြားသေးဘူး။

သူ့မိဘတွေ ရန်ဖြစ်တာနဲ့ပတ်သက်ပြီး သူ့အပေါ် ကိုယ်က ကူညီ ခဲ့တယ်လို့ သူပြောတော့ ကိုယ်ဟာ သိပ်ဝမ်းသာသွားတာပဲ။ သူ့ရဲ့ မိတ်ဆွေ ပီသတဲ့ ချစ်ကြည်မှုကို ကိုယ်က ယုံကြည်လာအောင်လုပ်ရာမှာ ဒီစကား ဟာ ရှေ့တလှမ်းတက်လိုက်တဲ့ စကားပါပဲ။

မနေ့ကတော့ သူ့ဆီကို ခဏခဏလာနေတဲ့ အင်နာတွေ တဒါဇင် လောက်ရှိရင် သူဘာလုပ်မလဲလို့ ကိုယ်ကမေးတော့ သူကဘာဖြေသလဲ သိလား။ 'သူတို့အားလုံးသာ မင်းနဲ့တူရင် သိပ်ဆိုးလှမှာ မဟုတ်တာတော့ သေချာတယ်'တဲ့။

ကိုယ့်အပေါ်မှာ အင်မတန်ဧည့်ဝတ်ကျေပွန်ဖော်ရွေတဲ့ သဘောရှိပြီး ကိုယ့်ကိုလည်း တွေ့ချင်နေလိမ့်မယ်လို့ ကိုယ်တကယ်ယုံကြည်တယ်။ ဒီအခိုက်အတန့်မှာပဲ သူဟာ ပြင်သစ်စာကို သိပ်ကျက်နေတယ်။ အိပ်ရာ ဝင်လည်း ဆယ်နာရီကျော် လောက်အထိတော့ ဖတ်နေတာပဲ။ စနေနေ့ ညနေ အကြောင်းကို ပြန်တွေးမိတိုင်း ပြောခဲ့တဲ့စကားလုံးတွေကို တစ်လုံး တစ်လုံးစီ ပြန်စဉ်းစားတိုင်း ကိုယ့်ကိုယ်ကို ပထမဆုံးအကြိမ် မကျေမနပ် ဖြစ်လာကယ်။

သူဟာ ရီမောလိုက်တဲ့အခါတိုင်း သူ့ ရှေ့တည့်တည့်ကကြည့် လိုက်တဲ့အခါတိုင်း ချောမောလှပတဲ့လူပါ။ ချစ်စရာကောင်းတဲ့ လူကောင်း တစ်ယောက်ပါ။ ကိုယ်ဟာ အပေါ်ယံကြော ကမ္ဘာကြီးထဲက အင်နာ မဟုတ်ဘဲ သူ့လို အခက်အခဲများစွာနဲ့ အိပ်မက်မက်နေတဲ့ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအစားကလေးပါလားလို့ သူသိရှိသွားတဲ့ အခါကျရင် သူတော့ ခါတိုင်းထက် အလွန်အံ့သြသွားလိမ့်မယ်လို့ ကိုယ်ယုံကြည်တယ်။

ကိုယ့်ပြန်စာကတော့

ချစ်သော မားဂေါ့

အကောင်းဆုံး ကျွန်မတို့ လုပ်နိုင်တာကတော့ ဘာဖြစ်မယ်ဆိုတာကို စောင့်ကြည့်ဖို့ပဲလို့ ကျွန်မယုံကြည်တယ်။ ကျွန်မနဲ့ ပီတာဟာ ရှေ့ကို အရင်အတိုင်းဘဲ ဆက်နေမလား။ တမူကွဲပြားမလားဆိုတဲ့ တိကျတဲ့ ဆုံးဖြတ်ချက်တစ်ခုခုကို မချသေးခင် ကျွန်မ အကြာကြီး မစောင့်ချင်ဘူး။ ဘယ်စခန်းပေါက် ဘယ်လမ်း ရောက်မယ်ဆိုတာ ကျွန်မ ကိုယ်တိုင်လည်း ကျွန်မ မသိချင်ဘူး။ ရှည်ရှည်ဝေးဝေး ကြီးလည်းကြိုတွေးပြီး သောက မရောက်ချင်ဘူး။

ဒါပေမယ့် ကျွန်မ တစ်ခုခုတော့လုပ်ရမှာသေချာတယ်။ တကယ်လို့ ပီတာနဲ့ ကျွန်မဟာ မိတ်ဆွေများအဖြစ်နဲ့ပဲ နေမယ်လို့ ဆုံးဖြတ်လိုက်ရင် မမဟာ ရှင့်ကို သိပ်ချစ်ပါတယ်၊ လိုအပ်ရင် ကူညီဖို့ အမြဲအသင့်ရှိနေပါတယ်လို့ ကျွန်မကတော့ ပြောလိုက်ပါပဲ။ ကူညီဖို့ဆိုတာကတော့ မမရဲ့ သဘောတိုင်းပေါ့။ ဒါပေမယ့် ကျွန်မအနေနဲ့ အခုနေအခါမှာ သိပ်မရှုမစိုက် ပါဘူး။ နောက်ပြီး ပီတာက မမအပေါ်မှာ ဘယ်လို တွေးထင်မယ်ဆိုတာ ကျွန်မ မသိဘူး။ ကျွန်မက ပြောမှာတော့ သေချာတယ်။

အဲဒါတွေ အားလုံးရဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်ဆိုရင်လည်း မဆိုးလှပါဘူး။ အပေါ်ထပ်မှာဘဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ကျွန်မတို့ ဘယ်မှာ ပဲရှိနေနေ မမကို ကျွန်မ တို့ဆီလာဖို့ ခရီးဦးကြိုပြုနေပါ့မယ်။ မမဟာ ကျွန်မတို့အတွက် အနှောင့်အယှက် မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ညနေဘက် မှောင်လာမှ စကားပြောဖို့ ကျွန်မတို့ လျှို့ဝှက်သဘောတူညီချက် ရနေတယ်လို့ ကျွန်မထင်ထားလို့ပါပဲ။

သတ္တိရှိပါ၊ ရဲရင့်ပါမမ၊ ကျွန်မလိုပေါ့။ အရာရာတိုင်းဟာ အခါ ခပ်သိမ်း မလွယ်ပေမယ့် မမအတွက် အချိန်ဟာ မမထင်တာထက် ပိုပြီး





စောစွာ ရောက်လာပါလိမ့်မယ်’

မင်းရဲ့ **အင်နား**

* * *

ကြာသပတေး
မတ် ၂၃၊ ၁၉၄၄

ချစ်သော ကစ်တီ

အရာအားလုံးဟာ အခုတော့ အနည်းနဲ့အများဆိုသလို ပုံမှန်ဖြစ်နေပြန်ပြီ။ ကိုယ်တို့ကို ကူပွန်လက်မှတ်ပေးနေတဲ့ လူတွေထောင်က လွတ်လာတယ်လေ။ ကျေးဇူးတင်စရာပါပဲ။

မနေ့က မီးယက် ပြန်လာတယ်။ အဲလီလည်း ချောင်းနည်းနည်းဆိုးသေးပေမယ့် နေကောင်းလာပါပြီ။ ကူဖင်တော့ အိမ်မှာဘဲ တော်တော်ကြာကြာ ထပ်နေရဦးမယ်တဲ့။

မနေ့က ကိုယ်တို့အနားမှာ လေယာဉ်ပျံတစ်စင်း ပျက်ကျတယ်။ ပါလာသူတွေကတော့ အချိန်မီ လေထီးနဲ့ခုန်ဆင်းနိုင်ပါရဲ့။ လေယာဉ်ဟာ ကျောင်းတစ်ကျောင်းပေါ်ကို ပျက်ကျပေမယ့် ကျောင်းသားကလေးတွေ မရှိတဲ့အချိန်ဖြစ်နေလို့ တော်ပါသေးရဲ့။ ဒီလိုပျက်ကျတဲ့အတွက် မီးနည်းနည်းလောင်တယ်။ လူနှစ်ယောက်သေတယ်။ ကျလာတဲ့လေသူရဲတွေကိုတော့ ဂျာမန်တွေက ရက်ရက်စက်စက် ပစ်သတ်လိုက်တယ်။ ဒီလိုသူရဲဘောကြောင်ကြောင် လုပ်ရပါ့မလားလို့ ငိုင်းကြည့်နေကြတဲ့ အမ်စတာဒမ်မြို့သူမြို့သားတွေဟာ ဒေါသအမျက် ချောင်းချောင်း ထွက်ကြတာပေါ့။ ကိုယ်တို့၊ ကိုယ်တို့ဆိုတာက ကိုယ်တို့ အမျိုးသမီးတွေကို ဆိုလိုတာပါ။ အဲ၊ အဲဒီကိုယ်တို့တော့ ကြောက်လွန်းလို့ ထခုန်ကြမတတ်ပါဘဲ။ မီးကုန်ယမ်းကုန် ပစ်ခတ်နေတာကို ကိုယ်တော့ စက်ဆုပ်လို့မဆုံးဘူး။

အခုတလော ညစာစားပြီးတိုင်း ကိုယ်အပေါ်ထပ် တက်ပြီး ညနေခင်း လေကောင်းလေသန့်ကို တဝကြီးရှူတယ်။ အပေါ်ထပ်တက်ပြီး သူ့ဘေးနားက ကုလားထိုင်မှာထိုင်ရင်း အပြင်ဘက် ကြည့်ရတာကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်သဘောကျတာပဲ။

ပီတာ့အခန်းထဲ ကိုယ်ဝင်သွားတာနဲ့တပြိုင်နက် ဖန်ဒန်းနဲ့ ဒူဆဲတို့က အင်မတန်ပျော့ညံ့တဲ့ မှတ်ချက်တွေ ချတော့တာပဲ။

'အင်နာရဲ့ ဒုတိယအိမ်လေ'ဒါမှမဟုတ် 'မမှောင်တဝက် မှောင်တဝက်မှာ ငယ်ရွယ်တဲ့ မိန်းကလေးကို ငယ်ရွယ်တဲ့ လူကြီးမင်းလေးက လက်ခံတွေ့တာ သင့်လျော်ပါသဗျား'အစရှိသဖြင့် စောင်းမြောင်းပြောကြတယ်။

ပီတာကတော့ ဒီလို ဟာသ ပြောတယ်ဆိုတဲ့ ရှူးရှူးမိုက်မိုက်တွေကို ပြန်ဖြေတဲ့နေရာမှာ ဖြတ်ထိုးဉာဏ် အကောင်းသား။ ဒီကိစ္စအတွက် မေမေကလည်း အထူးအဆန်းလုပ်နေပြီး ကိုယ်တို့ ဘာတွေပြောတယ် ဆိုတာကို မေးချင်ပုံပဲ။ ပီတာကတော့ ဒီကိစ္စမှာ အရွယ်ရောက်ပြီး သူတွေရဲ့ဘက်က သက်သက်မဲ့ ငြူစူစောင်းမြောင်းတာပဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့က ငယ်ပေမယ့် သူတို့ရဲ့ ရန်ငြိုးဖွဲ့မှုတွေကို အရေး မထားလို့ဘဲတဲ့။

တစ်ခါတစ်လေ သူက အောက်ထပ်ဆင်းလာပြီး ကိုယ့်ကို လာခေါ်သွားတယ်။ ဒါပေမယ့် မလာခင်ကတည်းက ကြိုတင်ပြင်ဆင်ထားတဲ့ အကြားကပဲ သူ့မျက်နှာဟာ နီနေရုံသာမက ပါးစပ်က စကားတစ်လုံး ထွက်ဖို့တောင် တော်တော်ခက်ခဲနေလေ့ရှိတယ်။ ကိုယ့်မှာ ရှက်သွေး မဖြာတာဘဲ ဘယ့်လောက် ကျေးဇူးတင် စရာကောင်းသလဲ။ ဖေဖေက ကိုယ်ဟာ အိန္ဒြေကြီးလွန်းတယ်၊ ဝါကြွားတယ်လို့ အမြဲတမ်းပြောတယ်။ ဒါ မမှန်ဘူး။ ကိုယ်ဟာ ဝါကြွားသူသက်သက်ပါပဲ။ ကိုယ့်ကို လှတယ်လို့ ဘယ်သူကမှလည်း မပြောကြဘူး။ ရီလိုက်တဲ့အခါမှာ ကိုယ်ဟာ အင်မတန် စွဲမက်စရာ ကောင်းတယ်လို့ပြောတဲ့ ကျောင်းတုန်းက ကောင်လေး တစ်ယောက်ကလွဲရင်ပေါ့လေ။ မနေ့ကတော့ ပီတာ့ဆီက တကယ်စစ်မှန်တဲ့ နှုတ်ခွန်းဆက်စကားကို ကြားရတယ်။ စိတ်ပြေလက်ပျောက်လည်း ဖြစ်အောင် ကိုယ်တို့ ဘယ်လိုပြောကြဆိုကြတယ်ဆိုတာ အချုပ်ပြန်ရေးပြမယ်။





'အင်နာ 'ရီစမ်းပါ'လို့ ပီတာက ကိုယ့်ကို မကြာကဏ ပြောလေ့ရှိတယ်။ ကိုယ့်မှာ အနေရခက်တာနဲ့ 'ဘာဖြစ်လို့ ကျွန်မ အမြဲတမ်း ရီရမှာလဲ'လို့ ပြန်ပေးလိုက်တယ်။

'ဘာဖြစ်လို့လဲဆိုတော့ ကိုယ် သဘောကျလို့ပေါ့။ မင်းရီတဲ့ အခါတိုင်း မင်းပါးပြင်မှာ ပါးချိုင့်ကလေးတွေ ပေါ်လာတယ်။ ဒီပါးချိုင့် ကလေးတွေဟာ ဘယ်ကလာတာလဲ'

'မွေးကတည်းက ပါတာပါ။ မေးစေ့မှာလည်း ပါသေးတယ်လေ။ အဲဒါ တစ်ခုသာ ကျွန်မရဲ့အလှပေါ့'

'မဟုတ်ဘူး။ ဒါမမှန်ဘူး'

'ဟုတ်ပါတယ်။ ကျွန်မ မလှဘူးဆိုတာ ကျွန်မကောင်းကောင်း သိပါတယ်။ ဟိုတုန်းကလည်း မလှခဲ့ဘူး။ ရှေ့လည်း လှမှာမဟုတ်ဘူး'

'ဒါကို လုံးလုံးသဘောမတူဘူး။ မင်းဟာ လှတယ်လို့ ကိုယ် ထင်တယ်'

'ဒါ မမှန်ပါဘူး'

'မှန်ပါတယ်။ ကိုယ် ပြောတဲ့အတိုင်းပါပဲ'

နောက်တော့ သူ့အကြောင်းကို ခါတိုင်းလိုဘဲ ပြောကြတာပါပဲ။ အမှတ်မထင်ပေါ်လာတဲ့ မိတ်ဆွေဖြစ်မှုအတွက် အဖက်ဖက်က ပြောကြ တာတွေကို ကိုယ် အများကြီး ကြားပါတယ်။ ဒီလို မိဘဆန်ဆန် စကား များတာကို ကိုယ်တို့ သိပ်အမှတ်မထားပါဘူး။ သူတို့ရဲ့ မှတ်ချက်တွေဟာ အားနည်းလွန်းပါတယ်။ မိဘနှစ်ဖုံဟို့ဟာ သူတို့ရဲ့ငယ်ရွယ်စဉ် ဘဝတွေကို မေ့သွားကြပြီလား။ ကိုယ်တို့ ရီစရာ မောစရာလုပ်နေရင် သူတို့က ကိုယ်တို့ကို အလေးအနက်ဖြစ်နေပြီး၊ ကိုယ်တို့က အလေးအနက်လုပ်ရင် သူတို့က ကိုယ်တို့ကို ရီနေကြပြန်တာမျိုး ဖြစ်နေလိမ့်မယ်နဲ့ တူတယ်။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



တနင်္လ
မတ် ၂၇၊ ၁၉

ချစ်သော ကစ်တီ

ကိုယ်တို့ ပုန်းလျှိုးနေရတဲ့ ရာဇဝင်ရဲ့ အကြီးဆုံး အခန်းက
တစ်ခုကတော့ နိုင်ငံရေးဘဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကိုယ်
ဒီအကြောင်း အရာပေါ်မှာ စိတ်မဝင်စားတာမို့ အသာလွှတ်ထားခဲ့တယ်
ဒါ့ကြောင့် ဒီတစ်ကြိမ်တော့ စာတစ်စောင်လုံးမှာ နိုင်ငံရေးအကြော
တွေကို ရေးပြချင်တယ်။

ဒီအကြောင်းအရာနဲ့ ပတ်သက်လို့ ကွဲလွဲတဲ့ထင်မြင်ချက် အမ
ကြီး ရှိတယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ နောက်ပြီး အခု
အရေးကြီးတဲ့အချိန်မျိုးမှာ ဆွေးနွေးဖို့အတွက် အကောင်းဆုံး အကြောင်း အ
ဖြစ်ရမှာလည်း သဘာဝကျပါတယ်။ ဒါပေမယ့် ဒီပြဿနာကို အကြောင်
ပြီး ရန်ဖြစ်နေကြရတာကတော့ မိုက်မဲလွန်းတာသာ ဖြစ်ပါတယ်။

နိုင်ငံရေးနဲ့ ပတ်သက်လို့ အမျိုးမျိုးပြောကြပါစေ။ ဆဲရေးအော်
ကြပါစေ၊ သူတို့ အာဘော်အာရင်း သန်သလောက် ပြောကြပါ
ဒါပေမယ့် ရန်မဖြစ်ပါစေနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ရန်ဖြစ်တာရဲ့ နော
ဆက်တွဲ အကျိုးဟာ အများအားဖြင့် သာယာနာပျော်ချင့်စဖွယ် မရှိလို့

‘လှျို့ဝှက်ခန်းဆောင်’ရဲ့ နိုင်ငံရေးသဘောထားကတော့ အမြဲတ
အတူတူချည်းပါပဲ။ မဟာမိတ်တွေ ဝင်လာဖို့ကိစ္စ၊ လေကြောင်း
တိုက်ခိုက်တဲ့ ကိစ္စ၊ မိန့်ခွန်းတွေကိစ္စ စသည်ဖြင့်ပေါ့လေ။ ကိစ္စပေါင်
အတွက် အကြိမ်ပေါင်း မရေမတွက်နိုင် လောက်အောင် ငြင်းကြခုန်
တွန်းများဆိုရင် ‘မဖြစ်နိုင်ဘူး’ ‘ဖြစ်နိုင်တယ်’ ဘယ်လောက်ဘဲကြာကြ
သူတို့အခုသာစရင် ‘သိပ်ကောင်း၊ အလွန်ကောင်း၊ အားကြီး ကောင်း’
အော်သံဟစ်သံ တွေကိုလည်း အကြိမ်ပေါင်းမရေမတွက်နိုင်လောက်အော
ကြားရစမြဲပဲ။

ဒီလို ငြင်းကြခုန်ကြတဲ့နေရာမှာ အကောင်းဆုံးဘက်ကို





ကြည့်သူရော၊ အဆိုးဘက်သာ ကြည့်သူရော၊ ကိုယ့်အားအင်ရှိသလို ကိုယ့်
ထင်မြင်ချက်ကို မမောမပမ်းပြောတဲ့ သရုပ်မှန်သမားတွေရောအားလုံးဟာ
ကိုယ်ပြောတာသာ မှန်တယ်လို့ ယူဆကြတာချည်းဘဲ။ အဲဒီမှာ သူမ
လောက်အောင် ဗြိတိသျှအပေါ်မှာ ယုံကြည်နေတဲ့ အိမ်ထောင်ရှင်
ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦးကိုတော့ အနှောင့်အယှက် ဖြစ်စေတာ
အမှန်ဘဲ။ ဒီတော့ တစ်စုံတစ်ယောက်သော ဂုဏ်သရေရှိ လူကြီးမင်းက
ဒီ ဂုဏ်သရေရှိ အမျိုးသမီးကြီးကို ပုတ်ခတ်စကားပြောပြန်ရော။
ဘာကြောင့်လဲဆိုတော့ သူ အင်မတန်ချစ်မြတ်နိုးတဲ့ နိုင်ငံတစ်နိုင်ငံ
အပေါ် ဒီအမျိုးသမီးကြီးက မလွှတ်မကင်း ကဲ့ရဲ့ပြောဆိုတာကိုး။

သူတို့ဟာ မောပန်းတယ်လို့ မထင်ရဘူး။ ဒီလိုပြော နေကြတဲ့
အတွက် အကျိုးကတော့ အင်မတန်ဆိုးပါတယ်။ လူတစ်ယောက်ကို
အပ်နဲ့ထိုးပြီး၊ အထိုးခံရတဲ့လူ ဘယ်လိုထခုန်မယ်ဆိုတာ စောင့်ကြည့်
နေကြတာနဲ့ တူတယ်လို့ ကိုယ် သဘောပေါက်လာတယ်။ ဒါဟာ နိုင်ငံရေး
အပေါ် ကိုယ် ဘယ်လိုသဘောထားတယ်ဆိုတာပါပဲ။ မေးခွန်းတစ်ခု၊
စကားတစ်ခွန်း၊ စာတစ်ကြောင်းနဲ့ တစ်ကြိမ်ဘဲ ကိုယ်သာ ပြောလိုက်ရရင်
သူတို့လည်း ထွက်သွားကြမှာ သေချာတယ်။

ဂျာမန်တပ်မတော်သတင်းကြေညာချက်တွေ၊ အင်္ဂလိပ်ဘီဘီစီက
အသံလွှင့် ချက်တွေနဲ့ မလုံလောက်သေးတဲ့အတိုင်းဘဲ။ အခု သူတို့ဟာ
‘အထူးလေကြောင်းရန် ကြေညာချက်များ’ကို ထွင်ထားကြပြန်ပြီ။ စကား
တစ်လုံးတည်းနဲ့ပြောရရင် အလွန်ကောင်းပါရဲ့။ ဒါပေမယ့် တစ်ဖက်က
ကြည့်ပြန်တော့လည်း အင်မတန် ကျေနပ်စရာကောင်းတယ်။ ဗြိတိသျှ
တွေဟာ လေကြောင်းက တိုက်တဲ့အလုပ်ကို မရပ်မနားလုပ်တယ်။
ဂျာမန်တွေက လိမ်ညာရေးလုပ်ငန်းကြီးကို အကြီးအကျယ် လုပ်နေသလို
ပေါ့။ ဒါ့ကြောင့် ရေဒီယိုတွေကို မနက်မျက်စိပွင့်ကတည်းက ည ၉နာရီ၊
၁၀နာရီ။ တစ်ခါတလေ ၁၁နာရီအထိ တစ်နေ့လုံးလုံး ကြားနေရတာပဲ။

ဒါဟာ အရွယ်ရောက်ပြီးသား လူကြီးတွေမှာ ကြီးမားတဲ့ သည်းခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်း ရှိတယ်ဆိုတဲ့ လက္ခဏာပဲ။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ သူတို့ဦးနှောင့်တွေရဲ့ ဆွဲယူနိုင်စွမ်းအင်အားဟာ ကန့်သတ်ထားခြင်းခံနေရပြီဆိုတာကိုလည်း ဖော်ပြနေတယ်။ ကိုယ်က ဘယ်သူ့ကိုမှ မယှိုးကျ်စေချင်ပါဘူး။ တစ်နေ့ကို သဟာင်းတစ်ကြိမ် နှစ်ကြိမ် နားထောင်ရင် လုံလောက်ပါတယ်။ ဒါပေမယ့် လူကြီးတွေ ကတော့မရဘူး။

အာဘော်ဟာ အစီအစဉ်၊ ရေဒီယိုအိုရန်ဂျီ၊ ဖရန့်ဖီးလစ်၊ ဒါမှမဟုတ် နေလးမြတ်ထိုက်သော ဘုရင်မကြီး ဝိဟဲမီနာစတဲ့ အစီအစဉ်တွေကို ကြိုက်ရာလူက ကြိုက်တဲ့အချိန်ဖမ်းပြီး ယုန်နားရွက်လို နားရွက်မျိုးနဲ့ နားထောင်ကြတာဘဲ။ သူတို့ဟာ စားချိန်အိပ်ချိန်မဟုတ်ရင် ရေဒီယိုနားဝိုင်းထိုင်၊ အစားအသောက်ကိစ္စ၊ အိပ်တဲ့ကိစ္စ၊ နိုင်ငံရေးကိစ္စတွေကို ဆွေးနွေးကြတာပဲ။

တကယ်ငြီးငွေ့စရာပါပဲ။ ထိုထိုင်းတဲ့ လူဖြစ်မလာအောင် မနည်းကြိုးစားရမယ့်အလုပ်ဘဲ။ နိုင်ငံရေးဆိုတာ မိဘတွေလို ပိုပြီးအန္တရာယ်ရှိအောင် မလုပ်နိုင်ပါဘူး။ ချွင်းချက်တစ်ခုကိုတော့ ကိုယ်ဖော်ပြရမယ်။ ဒါကတော့ ကိုယ်တို့ ချစ်မြတ်နိုးတဲ့ ဝင်စတန်ချာချီရဲ့ မိန့်ခွန်းဟာ ကောင်းကောင်းကြီးမှန်တယ်ဆိုတဲ့ အချက်ပါပဲ။

တနင်္ဂနွေနေ့ ည ၉နာရီ။ လက်ဖက်ရည်အိုးက စားပွဲပေါ်မှာ နေရာယူလို့။ ဧည့်သည်တွေလဲ ဝင်လာကြပြီ။ ဒူဆဲက ရေဒီယိုဘယ်ဘက်အနား။ မစ္စတာဗန်ဒန်းက ရှေ့တည့်တည့်။ ပီတာက သူ့အနား။ မစ္စတာဗန်ဒန်းပြီးရင် မေမေ။ မေမေ့နောက်က မစ္စက်ဗန်ဒန်း။ စားပွဲမှာ ဖေဖေ၊ မာဂရက်နဲ့ သူ့နံဘေးက ကိုယ်ပေါ့။

သူတို့ ဘယ်လို ထိုင်ကြသလဲဆိုတာ ရှင်းအောင် ကိုယ်မဖော်ပြနိုင်ဘူးလား။ မသိဘူး။ လူကြီးလူကောင်းတွေက ဆေးတံတွေ အခိုးတလူလူထုတ်၊ ပီတာကတော့ မျက်လုံးအစုံ ကျွတ်ထွက်မတတ်နားထောင်၊ မေမေကဆို အဝတ်ရှည်ကြီးကို ကပိုကရိုဝတ်လို့။ မိန့်ခွန်းသံကို သတိမထားဘဲ အက်ဆင်ဘက်ကို ပျံသန်းသွားတဲ့ လေယာဉ်သံကို မစ္စက်ဗန်ဒန်း





ကတော့ ကြောက်တာနဲ့ တုန်လို့။ ဖေဖေကလက်ဖက် ရည်တင့်စားပြီလို့ မာဂရက်နဲ့ ကိုယ်ကဆိုရင် အိပ်မောကျနေတဲ့ ကြောင်ကလေး အနားမှာ ညီအစ်မပီပီ ညီညီညာညာ ထိုင်လို့ပေါ့။ မာဂရက်က ဆံပင်တွေကို ကောက်ဖို့ ညှပ်ထားတယ်။ ကိုယ်က ညဝတ်အင်္ကျီနဲ့။ ညဝတ်အင်္ကျီကလည်း သိပ်သေး၊ သိပ်ကြပ်၊ သိပ်တို။

အားလုံးကို ကြည့်ရတာ သိပ်ရင်းနှီးကျွမ်းဝင် အေးချမ်းတာပဲ။ အခုနေတော့ ပေါ့လေ။ အင်း ကိုယ်ကတော့ နောက်လာမယ့် အကျိုးဆက်တွေအတွက် ရင်လေးလေးနဲ့ စောင့်စားလို့ပါပဲ။ မိန့်ခွန်းအပြီး ကိုယ်တောင် သူတို့ မစောင့်နိုင်တော့ဘူး။ တစ်ယောက်ကိုတစ်ယောက် ဘာလဲ ညာလဲနဲ့ ပြောကြဆိုကြရင်း ငြင်းခုန်ရာက သဘောကွဲလွဲတဲ့အထိ ရန်ဖြစ်တဲ့အထိပဲဆိုပါစို့။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ

မတ် ၂၈၊ ၁၉၄၄

ချစ်သော ကစ်တီ

နိုင်ငံရေးအကြောင်းတွေ ပြောစရာ အများကြီးရှိသေးပေမယ့် ဒီနေ့ မင်းကို ပြောစရာ တခြားအရေးက ကိုယ့်မှာပေါ်လာပြန်တယ်။

ပထမ။ ။ မေမေက ကိုယ့်ကို အပေါ်ထပ် ခဏခဏ မသွားဖို့ အနည်းနဲ့အများပေါ့လေ တားမြစ်လာတယ်။ အကြောင်းကတော့ သူ့အလို အရဆိုရင် မစ္စက်ဗန်ဒန်းက သဝန်ကြောင်လို့တဲ့။

ဒုတိယ။ ။ ပီတာက ကိုယ်တို့နဲ့အတူ စကားပြောဖို့ မာဂရက်ကိုပါ အပေါ်ထပ်ကို ဖိတ်တယ်။ ဒါဟာ ယဉ်ကျေးတဲ့ သဘောလား၊ တခြားအဓိပ္ပာယ်ရှိသလား၊ ကိုယ်မသိဘူး။

တတိယ။ ။ မစ္စက်ဗန်ဒန်း သဝန်ကြောင်နေတာကို ကိုယ်ကအရေး စိုက်ဖို့လိုမလို ဖေဖေ့ကို သွားမေးတော့ မလိုဘူးတဲ့။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဘာကျန်သေးသလဲ။ အဲ မေမေက မျက်စေ့စပါးမွေးစူးရင်စူး၊ မစူးရင် မေမေလည်း သဝန်ကြောင်နေလို့ပေါ့။ အခုတလော ဖေဖေက သိပ်ဆူလား ပူလားမလုပ်တော့ ဒီလိုအလားအလာ ဟာကောင်းတယ်လို့ ကိုယ် ထင်လိုက်မိတယ်။ ပီတာ့အပေါ်မှာ မားဂေ့ါကလဲ ခင်ပါ တယ်။ ဒါပေမယ့် နှစ်ယောက်ဆို တော်သေးရဲ့၊ သုံးယောက်ပေါင်းတော့ လောင်းကျော် ဖြစ်မှာလဲ စိုးတယ်နဲ့တူလေရဲ့။

ပီတာနဲ့ ကိုယ် ချစ်နေကြပြီလို့ မေမေက ထင့်ပုံရတယ်။ ပွင့်ပွင့် လင်းလင်း ပြောရရင်တော့ သူကသာကြိုက်စမ်းပါစေ။ အဲဒီအခါမှာ ကိုယ်တို့ဟာ အေးငြိမ်ရာရပြီး တစ်ယောက်ကိုတစ်ယောက် ပိုနားလည် နိုင်မှာပဲ။ ပီတာက ကိုယ့်ကို အမြဲကြည့်ကြည့်နေတယ်လို့လည်း မေမေက ပြောသေးတယ်။ ဒါ မှန်တယ်လို့ ကိုယ်ထင်တယ်။ နို့ပေမယ့် ကိုယ့် ပါးချိုင့်လေးတွေကို သူကြည့်ရင်လည်း ကြည့်မှာပေါ့။ တစ်ခါတစ်ရံ ကိုယ်တို့ဟာ တစ်ယောက်ကိုတစ်ယောက် မျက်လုံးဝင့်ပြီးကြည့်ရင် ကြည့်မှာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ။

ကိုယ်ဟာ အင်မတန်ခက်တဲ့အနေအထားမှာ ရောက်နေတယ်။ မေမေက ကိုယ့်ကို ဆန့်ကျင်တယ်၊ ကိုယ်က နည်းနည်းလေးမှ ဝမ်းမနည်း ဘူး။ ဘာဖြစ်လို့ လဲဆိုတော့ သူနားလည်တယ်လို့ ကိုယ်ကမှ မထင်ဘဲကိုး။ ပီတာကရော၊ ပီတာကို တော့ မစွန့်ပစ်ချင်ဘူး။ ပီတာဟာ တကယ်ချစ်စရာ မို့ပါ။ ကိုယ်က သူ့ကို တကယ်လေးစားချစ်ခင်တယ်။ ဒီ လေးစားချစ်ခင် မှုဟာ ကိုယ်တို့နှစ်ယောက်အကြားမှာ သာယာလှပမှုကို ဖန်တီးပေးစွမ်း တဲ့အထိ ဖြစ်လာနိုင်တယ်။ ဒါနဲ့တောင် ဘာဖြစ်လို့ ဒီသက်ကြီးရွယ်အို တွေဟာ အမြဲတစေ စောင့်ကြည့်နေရဟာလဲ။

ကံကောင်းချင်တော့ ကိုယ်ဟာ ခံစားမှုတွေကို ဖုံးကွယ်ထားတဲ့ အလေ့ အကျင့်ရလာတယ်။ သူ့အတွက် ကိုယ့်မှာ ဘယ့်လောက်ရူးနေပြီလဲ ဆိုတာကို သူတို့ မမြင်မတွေ့သွားအောင် ကိုယ် စွမ်းစွမ်းတမန် တတ်နိုင် နေတယ်။ အိပ်မက် ထဲမှာ ပီတာ့ပါးပြင်ကို ကိုယ်မွှေးခဲ့သလို သူ့ပါးပြင်က





ိုယ်ပါးပြင်ကို ကပ်ထား တယ်ရယ်လို့ ကိုယ်အမြဲတမ်း တွေးရမလား။ ို ပီတာရယ်၊ မင်းကတော့ ကိုယ့်အတွက် တစ်ဦးတည်းသော လူပါပဲ ွယ်။

သူတို့ဟာ ကိုယ်တို့အပေါ် နားမလည်နိုင်ဘူ ။ နှစ်ယောက်သား တူတကွ ထိုင်ရင်း စကားတစ်လုံးမှမပြောရဘဲ ပျော်နေရတဲ့ ကိုယ်တို့ ့ အဖြစ်ကို သူတို့ မရိပ်မိကြဘူးလား။ ကိုယ်တို့ကို ဒီလိုဖြစ်အောင် ယ်အရာက စေ့ဆော်ပေးနေ တယ်ဆိုတာလဲ သူတို့နားမလည်ကြဘူး။ ို ဒီ အခက်အခဲတွေကို ဘယ်တော့များမှ ကျော်လွှားနိုင်ပါ့မလဲ။

ကျော်လွှားနိုင်ဖို့လည်း ကောင်းပါတယ်။ ဒီအခက်အခဲတွေကို ကျော်လွှားသွားနိုင်ပြီဆိုရင် တွေ့ရမယ့်နိဂုံးက အံ့ဖွယ်လိလိ ဖြစ်နေမှာပါပဲ။ က်မောင်းပေါ် ခေါင်းတင်ပြီး လဲလျောင်းနေတဲ့အခါမှာ သူဟာကလေး က်သက်ပါပဲ။ ကြောင် ကလေးနဲ့ သူကစားနေရင် သူဟာ ချစ်စရာပါပဲ။ ာလူးဇော်တွေ ဒါမှမဟုတ် တခြားလေးလေးပင်ပင် အရာတွေများကို ူလာရင် သူဟာ ခွန်အားကြီးမားနေတာပဲ။ ပစ်တာ ခတ်တာတွေကို ွက်ကြည့်၊ သူခိုးပဲစောင့်စောင့် သူဟာ ရဲရင့်နေတယ်။ ဒါမှမဟုတ် ့ကြောင်ကြောင် ထုံထိုင်းထိုင်းဖြစ်နေရင်လည်း သူဟာ အပြစ်ကင်းစင်တဲ့ ာလေးလေးလိုပါပဲ။

သူ့ကို သင်ရတာထက် သူက တစ်စုံတစ်ခု ကိုယ့်ကို ရှင်းပြ နေတာကို ကိုယ် ပိုသဘောကျတယ်။ အရာရာမှာ ကိုယ့်ထက်သာတဲ့ သူရယ်လို့ ကိုယ် တကယ်လေးစားမြတ်နိုးပါ့မယ်။

မိခင်နှစ်ယောက်အတွက် ကိုယ်တို့ ဘာဂရုစိုက်ရတော့မှာလဲ။ အို ပေမယ့် သူက ဖွင့်ပြောမှာပါ။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူး
မတ် ၂၉၊ ၁၉၄၇

ချစ်သော ကစ်တီ

လန်ဒန်ကလွှင့်တဲ့ ဒတ်ချ်အစီအစဉ်မှာ ဘိုလ်စတိန်းဆိုတဲ့ ဝန်ကြီး တစ်ယောက်က စကားပြောတယ်။ စစ်ကြီးပြီးရင် မှတ်တမ်းတွေ စာတွေကို သူတို့ စုဆောင်းမယ်လို့ ပြောသွားတယ်။ အင်း ကိုယ့်မှတ်တမ်းကိုများ အလောတကြီး တောင်းနေသလားတော့မသိဘူး။ 'လျှို့ဝှက်ခန်းဆောင်'ရဲ့ အချက်အဖြစ် ကိုယ့်မှတ် တမ်းကိုများ ပုံနှိပ်ထုတ်ဝေရင် ဘယ်လောက် စိတ်ဝင်စားစရာ ကောင်းလိုက်မယ် ဆိုတာ စဉ်းစားကြည့်စမ်း။ 'လျှို့ဝှက် ခန်းဆောင်'ဆိုတဲ့ ခေါင်းစဉ်ကို စုံထောက်ဝတ္ထုပဲလားလို့ အထင်ရောက် စေမှာပဲနော်။

ဒါပေမယ့် လေးလေးနက်နက်ပြောရရင် စစ်ကြီးပြီးလို့ ၁ဝနှစ် အကြာမှာ 'ဂျူးတွေကို ဒီမှာ ကိုယ်တို့ ဘယ်လိုနေရတယ်၊ ဘယ်လို စားရတယ်၊ ဘယ်လို ပြောကြဆိုကြတယ်ဆိုတာတွေ ပြန်ပြောပြရရင် တော်တော်ရီစရာကောင်းနေမှာပဲ။ မင်းကို ပြောခဲ့တာတွေ များလှပြီနော်။ ဒါပေမယ့် အခုအထိ မင်းဟာကိုယ်တို့ရဲ့ ဘဝတွေကို နည်းနည်းလေးပဲ သိသေးတယ်။

လေကြောင်းက တိုက်ပြီဆိုရင် အမျိုးသမီးကြီးတွေ ဘယ်လိုများ ဖြစ်နေ ဟယ်ထင်သလဲ။ ဥပမာ တနင်္ဂနွေနေ့က ဗြိတိသျှလေယာဉ်ပျံ အစင်း ၃၅ဝလာပြီး ယမုဒင်ပေါ်ကို ဗုံးကီလိုသန်းဝက် ကြဲချတုန်းကဆို အိမ်တွေဟာ လေထဲက မြက်ပင် တွေလို ဘယ်နည်းဘယ်ပုံ ယိမ်းယိုင် တုန်လှုပ်ခဲ့သလဲ။ ကူးစက်တတ်တဲ့ရောဂါတွေ ဘယ်လောက် ပြန့်ပွား နေတယ်ဆိုတာ ဘယ်သူသိသလဲ။ ဒါတွေအားလုံးကို မင်းမသိပါဘူး။ ကိုယ်က အသေးစိတ်တော့ ပြောပြမယ်ဆိုရင်လည်း တစ်နေ့လုံးရေးမှ ဖြစ်လိမ့်မယ်။

လူတွေဟာ အသီးအရွက်နဲ့ တခြားအရာတွေအားလုံးအတွက်





တန်းစီကြရတယ်။ ဆရာဝန်တွေလည်း လူနာတိုင်းဆီကို မရောက်နိုင်ဘူး သူခိုးဓားပြ တွေကလည်း ပိုင်းလို့။ ဘာကြောင့် ချက်ချင်းလက်ငင်း တွေ ဖြစ်လာရတယ် ဆိုတာလည်း မင်းအတွက် အံ့ဩစရာပဲ။ အသက် ၈နှစ်နဲ့ ၁ဝနှစ် လောက်ပဲရှိဦးမယ့် ကလေးငယ်တွေဟာ အိမ်တံခါးတွေကို ချိုးဖွင့်ပြီး လက်လှမ်းမီရာ အကုန်ခိုးတာပဲ။ ဘယ်သူမှ ကိုယ့်အိမ်ကို ငါးမိနစ်အစောင့်မထားပဲ တခြားသွားလို့မရဘူး။ ဘာကြောင့်လဲ သိလား။ လူထွက် သွားတာနဲ့တပြိုင်နက် ပစ္စည်းလည်း ထွက်သွားတတ်လို့ပဲ။ နေ့စဉ်နှင့်အမျှ သတင်းစာတွေထဲမှာ လက်နှိပ်စက်တွေ၊ ပါရှားကော်ဇော တွေ၊ လျှပ်စစ် နာရီတွေ၊ အဝတ်အထည်တွေ စသည်ဖြင့် ပျောက်ဆုံးတဲ့ ပစ္စည်းတွေ ပြန်ရဖို့အတွက် ဆုငွေထုတ်တဲ့ ကြော်ငြာတွေပါနေတာပဲ။

လမ်းထဲက လျှပ်စစ်နာရီတွေဆို ဖြုတ်ယူတယ်။ အများသုံးတယ်လီ ဖုန်းတွေတော့ အစအနပဲကျန်တော့တယ်။ လူတွေရဲ့ စိတ်ဓာတ်ဟာ မကောင်းနိုင်တော့ပါဘူး။ ရက်သတ္တပတ်အတွက် ရာရှင်ဟာ လွန်ခဲ့တဲ့ ၂ရက် ၃ရက်လောက်ကစပြီး ကော်ဖီအစားထိုးတာမှအပ မလုံလောက် တော့ဘူး။ မဟာမိတ်တွေ ဝင်လာဖို့ကလည်း သိပ်အချိန်ကြာနေလေတော့ လူတွေဟာ ဂျာမနီကိုချည်းသွားနေကြတာပဲ။ ကလေးသူငယ်တွေဟာ ဆိုရင် နာဖျားမကျန်းမာဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အာဟာရ ဓာတ်ချို့တဲ့ နေကြရတယ်။ လူတိုင်းလူတိုင်း အဝတ်ဟောင်းဝတ်၊ ဖိနပ်ဟောင်း စီးနေ ကြရတယ်။

ဖိနပ်အသစ်တစ်ရံကို မှောင်ခိုဈေးမှာ ၇ဖလော်ရင်ခွဲ ပေးရရုံတင် မကသေး ဘူး၊ ဖိနပ်ဆိုင်တွေကလည်း ဖိနပ်ပြင်မပေးဘူး။ ပြင်နိုင်ရင် လေးလ လောက်စောင့်ရမယ်။

ဒီအရာတွေအားလုံးရဲ့ ကြားကပဲ ကောင်းတာတစ်ခုတော့ ရှိပါ သေးရဲ့။ ဒါက ဘာလဲဆိုတော့ အစားအသောက်က မလုံလောက်၊ လူတွေ အပေါ်ဖိနှိပ်တာကလည်း ပြင်းထန်လာတာနဲ့အမျှ အာဏာပိုင်တွေကို ဆန့်ကျင်တဲ့ အဖျက်လုပ်ငန်းဟာ ပိုကြီးတာပါပဲ။ အစားအသောက်နဲ့

နေရီရီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်လို့ ရုံးတွေကလူတွေ၊ ပုလိပ်တွေနဲ့ အရာရှိတွေဟာ ဘဝတူ မြို့သူမြို့သားတွေနဲ့ပေါင်းပြီး လုပ်ကြတာပဲ။ သူတို့ထဲမှာလည်း ထောင်ချခံရတဲ့လူတွေ အများကြီးပဲ။ ကံကောင်းတာတစ်ခုက ဒတ်ချ်လူမျိုး ရာခိုင်နှုန်း နည်းနည်းလေးပဲ မှားယွင်းတဲ့ဘက်ကို ရောက်နေတာပါပဲ။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊

မတ် ၃၁၊ ၁၉၄၄

ချစ်သော ကစ်တီ

တော်တော်လေး အေးလာပြီ။ ဒါပေမယ့် လူအများစုဟာ ကျောက်မီးသွေးမရတာ တစ်လရှိသွားပြီ။ ဘယ်လောက်ကောင်းသလဲဟင်၊ စဉ်းစားသာ ကြည့်ပေတော့။

ရုရှားစစ်မျက်နှာနဲ့ပတ်သက်လို့ လူတွေရဲ့ ယေဘုယျ သဘောထားကတော့ တော်တော်လေး ကောင်းလာပြန်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီက အခြေအနေဟာ အင်မတန် ကြောက်မက်ဖွယ်ကောင်းနေလို့ပါပဲ။ နိုင်ငံရေးအကြောင်းတွေ ကိုယ် သိပ်မရေးတာ မင်းအသိဘဲ။ ဒါပေမယ့် သူတို့ အခုဘယ်ရောက်နေပြီလဲဆိုတာ ကိုယ်ပြောပြမယ်။ သူတို့ဟာ ပိုလန်နယ်စပ်နားမှာရှိနေပြီး ရူမေးနီးယားက ပရုသ်ကို ရောက်လာပြီ။ အိုဒက်ဆာနဲ့လည်း သိပ်ကပ်နေပြီး ညနေပိုင်း စတာလင့်ဆီက အပိုပြန်တမ်းလေး ဘာလေးကြားရနိုးနဲ့ စောင့်မျှော်နေကြတာပါပဲ။

မော်စကိုမှာတော့ အောင်ပွဲတွေနဲ့ အထိမ်းအမှတ်အဖြစ် မြေပြင်တစ်ခုလုံး တုန်ဟီးနေအောင် နေ့တိုင်းအမြောက်ကြီးတွေ ပစ်တယ်တဲ့။ စစ်ကြီးကို လက်ဖဝါးထဲ ထည့်ထားနိုင်ပြီလို့များ ထင်လို့လား၊ ဒါမှမဟုတ် ပျော်ရွှင်မှုကို ဖော်ထုတ်ရေးမှအပ တခြားနည်းလမ်းမရှိတာကိုများ သိကြလို့လား ကိုယ်တော့မသိဘူး။

ဟန်ဂေရီကို ဂျာမန်တွေက သိမ်းပိုက်ထားပြီးပြီ။ အဲဒီမှာ ဂျူး





၁ သန်းရှိ နေသေးတယ်။ ဒီဂျူးတွေလည်း ဒုက္ခလှလှကြီးတွေ့နေကြရောပေါ့။

အခုတလော ပီတာနဲ့ကိုယ့်အကြောင်း၊ အတင်းအဖျင်းစကားတွေ ငြိမ်ကျ သွားပြန်ပြီ။ ကိုယ်တို့ဟာ အင်မတန်ကောင်းတဲ့ မိတ်ဆွေတွေ ဖြစ်နေကြတယ်။ အတူတွေ့ပြီး ထင်ရာမြင်ရာ ပြဿနာစုံတွေ အများကြီး ပြောတယ်။ ကိုယ်တို့ဟာ သွေးအကြောင်းပြောတယ်။ မိန်းမမမှာ သွေးအကြောင်းလဲ ပြောတာပဲ။ ကိုယ်တူ့ မိန်းမတွေဟာ ပိုပြီးသန်မာတောင့်တင်းတယ်လို့ သူကပြောတယ်။ ဘာဖြစ်လို့ပါလိမ့်။ ဒီမှာ ကိုယ့်ဘဝဟာ တိုးတက်လာတယ်။ အတော်ကြီးကို တိုးတက်လာတယ်။ ဘုရားသခင်ဟာ ကိုယ့်ကို တစ်ယောက်တည်းမထားဘူး။ ဘယ်တော့မှလည်း တစ်ယောက်တည်းထားမှာမဟုတ်တော့ဘူး။

မင်းရဲ့ အင်နာ။

* * *

စနေ

ဧပြီ ၁၊ ၁၉၄၄

ချစ်သော ကစ်တီ

အခုအထိ အရာရာတိုင်းဟာ ခက်ခဲနေသေးတယ်။ ကိုယ် ဘာဆိုလိုချင် တယ်ဆိုတာ မင်းမှန်းမိလောက်ရောပေါ့။ မမှန်းမိဘူးလား။ ကိုယ့်ကို နမ်းတာကို သိပ်တောင့်တနေမိတယ်။ အလာနှေးလှတဲ့ အနမ်းပေါ့။ သူဟာ အခုအထိ မိတ်ဆွေလိုပဲ ကိုယ့်ကို သဘောထားလေသလားလို့ တွေးမိတယ်။ ဒါ့ထက်မပိုတော့ဘူးလား။

ကိုယ်ဟာ ရဲရင့်ပါတယ်။ အနှောင်အဖွဲ့အားလုံးကို တစ်ကိုယ်ထီးတည်း ခံနိုင်ရည်စွမ်းရှိတယ်ဆိုတာ မင်းလည်းသိ၊ ကိုယ်လည်းသိပါတယ်။ ကိုယ့် ဘေးဒုက္ခတွေကို ဘယ်သူနဲ့မှ မျှမခံခဲ့ဘူး။ မေမေ့ကိုတောင် မမှီခိုဘူး။ ဒါပေမယ့် အခုတော့ သူ့ပခုံးမှာ ကိုယ့်ခေါင်းကို မှီထားပြီး ငြိမ်ငြိမ်ကလေး နေလိုက်ဖို့ သိပ်တောင့်တနေမိတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပီတာရဲ့ပါးပြင်အကြောင်း မက်ခဲ့တဲ့ အိပ်မက်ကို ကိုယ် အခုအထိ မမေ့ဘူး။ တကယ် မမေ့နိုင်ပါဘူး။ သူကရော ဒီလိုမျိုး မတောင့်တဘူးလား။ သူ့အချစ်ကို ဖွင့်ဟရမှာများ ရှက်နေသလား။ ဘာဖြစ်လို့ သူက ကိုယ့်ကို မကြာခဏ သူနဲ့အကူ ရှိစေချင်တာလဲ။ အို ဘာဖြစ်လို့ သူ ဖွင့်မပြောသေးတာလဲ။

ရုပ်တန်းက ရုပ်တာပဲကောင်းပါတယ်။ ကိုယ် တိတ်တဆိတ်နေမှ ဖြစ်မယ်။ တခြားဘက်ကလာမှာကို စောင့်မျှော်ရင်း ကိုယ်ဟာ ရဲရင့်ရမယ်၊ သည်းခံရမယ်၊ ဒါပေမယ့် ဆိုးလှပါတယ်။ သူ့နောက်က ကိုယ်ပြေးလိုက်နေသလို ဖြစ်နေရင် ပိုဆိုးတော့မယ်။ အပေါ်ထပ်ကို ကိုယ်ကသာ အမြဲတမ်း သွားပေမယ့် သူကတော့ ကိုယ့်ဆီမလာဘူး။

ဒါပေမယ့် အခန်းကြောင့်ပါ။ ဒီအခက်အခဲကို သူ နားလည်မှာ သေချာ ပါတယ်။

အို ဟုတ်တယ်၊ ဒါ့ထက်ပိုပြီး သူ နားလည်ရဦးမယ်လေ။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ၊

မေ ၃၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ့်ထုံးစံနဲ့ ဆန့်ကျင်ပြီးတော့ စားနပ်ရိက္ခာအကြောင်း နောက်တစ်ခါ ထပ်ရေးရဦးမယ်။ ဘာကြောင့်လဲသိလား။ ဒီပြဿနာဟာ အင်မတန်ခက်ခဲပြီး အရေး ပါလာလို့ပါပဲ။ 'လျှို့ဝှက်ခန်းဆောင်' အတွက် တင်မကပါဘူး။ ဟော်လန်တစ်ပြည်လုံး၊ ဥရောပတစ်တိုက်လုံးအတွက် ပါဆိုပါတော့။

ကိုယ်တို့ ဒီမှာနေခဲ့ရတဲ့ ၂၁လအတွင်း ကိုယ်တို့ဟာ 'စားနပ်ရိက္ခာသံသရာ' များစွာကို ကျင်လည်နေထိုင်ခဲ့ရဟယ်။ ဒီစကား ဘာကို ဆိုလို တယ်ဆိုတာ တစ်မိနစ်အတွင်း မင်းနားလည်ပါလိမ့်မယ်။





'စားနပ်ရိက္ခာ သံသရာ'လို့ ကိုယ်ပြောလိုက်တဲ့ အဓိပ္ပာယ်က လူတစ်ယောက်အတွက် ထမင်းတစ်နပ်မှာ ဟင်းတစ်ခွက်၊ ဒါမှမဟုတ် အသီးအရွက်တစ်မျိုးနဲ့ စားဖို့မှအပ တခြား ဘာမှစားစရာမရှိတဲ့ အချိန်ကာလတွေကို ဆိုလိုတာပါပဲ။

ကိုယ်တို့ဆိုရင် မုံလာခါးကိုမှအပ တခြားစားစရာရှိတာကြာလာပြီ။ တစ်နေ့ဝင် တစ်နေ့ထွက် ဒီသဲရှုပ်ရှုပ် မုန်လာခါး၊ သဲမပါတဲ့မုန်လာခါး၊ မုန်လာခါးအကြော်၊ မုန်လာခါးအပြုတ်၊ နောက်တော့ ခြံထွက်သီးနှံ၊ နောက်တစ်ခါ မုန်လာဥအချို၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်လာဥချဉ်ဖတ် စသည် စသည်ပေါ့။

ဥပမာပြောမယ်နော်။ နေ့လယ်စာနဲ့ညစာမှာ မုန်လာဥချဉ်ဖတ်တွေချည်း နေ့တိုင်းစားရတာ ဘယ်လိုနည်းနဲ့မှ သဘောမတူစရာပေါ့။ ဒါပေမယ့် ဆာတော့ စားရတာပဲ။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ ကိုယ်တို့မှာ ပျော်စရာအကောင်းဆုံးအချိန်ကို ရောက်နေပြန်ပြီ။ ဘာဖြစ်လို့လဲ သိလား။ လတ်ဆတ်တဲ့ အသီးအရွက် ကို လုံးလုံးမရတော့ လို့ ကိုယ်တို့ရဲ့ ရက်သတ္တပတ် ညစာအစားအသောက်ဇယားမှာ ပဲဟင်းချို၊ အာလူးနဲ့မုန့်ဖုတ်၊ အာလူးနဲ့ဒိန်ချဉ်၊ ဒါမှမဟုတ် ဘုရားသခင်ရဲ့ စောင့်ရှောက်မှုကြောင့် တစ်ခါတစ်ရံ ပုတ်နေတဲ့ မုံလာဥဝါ၊ နောက်တော့ တစ်ခါ ပဲအလှည့်ပြန်ရောက်ရတာပဲ။ မနက်စာကစပြီး ထမင်းစားကိုင်း အာလူးစားရတယ်။ ဘာကြောင့်လဲဆိုတော့ ပေါင်မုန့်နည်းနေလို့။ ပဲတစ်မျိုးမျိုးနဲ့ ဟင်းချိုချက်၊ အာလူး နဲ့ဟင်းချိုချက်၊ စားတဲ့အခါမှာ ပေါင်မုန့်ပါဖို့ နေ့နေ့ညသာ ပဲချည်းသာလို့ ဆိုရမှာပါပဲ။

ညနေပိုင်း အာလူးနဲ့ အသားပြုတ် ဟင်းရည်၊ ဆလပ်ရွက်ကို အမြဲစားရ တယ်။ နောက်ပြီး အစိုးရကထုတ်ပေးတဲ့ ဂျုံမှုန့်ရယ်၊ မေရယ်၊ ဖွဲ့နုရယ်ကို ရောလုပ်တဲ့ ကိုယ်တို့ရဲ့ မုန့်ဖုတ်အကြောင်း ပြောရဦးမယ်။ အဲဒီ မုန့်ဖုတ်ဆိုရင် ကပ်စေးစေး မာကြောကြောနဲ့၊ ဗိုက်ထဲမှာ ကျောက်တုံးကြီး မြှုပ်ထားရသလိုပဲ။ ကဲ ကောင်းရော။



www.burmeseclassic.com

www.burmeseclassic.com



နောက်အပတ်အတွက် စွဲမက်စရာကတော့ အသည်း၊ ဝက်အူချောင်းနဲ့ ပေါင်မုန့်အခြောက် ယိုသုတ်တဲ့။ ဒါပေမယ့် ကိုယ်တို့ဟာ အခုအထိ အသက်ရှင် နေသေးတာမို့ ဆင်းရဲမွဲတေလှတဲ့ ဒီအစားအသောက် ကလေးတွေကိုပဲ ပျော်ပျော်ကြီး စားနေရတုန်းဆိုပါတော့။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ၊

ဧပြီ ၄၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ်ဟာ ဘာအတွက် အလုပ်လုပ်နေတယ်ဆိုတာ မကွေးမိတာ တော်တော် လေး ကြာသွားပြီ။ စစ်ပြီးဖို့ကလည်း အဝေးကြီး လိုပါသေးတယ်။ စစ်ပြီးဖို့ဆိုတာဟာ ဒဏ္ဍာရီပုံပြင်လိုပါပဲ။ စက်တင်ဘာရောက်လို့မှ စစ်မပြီးဘူးဆိုရင် ကိုယ်လည်း ကျောင်းတက်ရတော့မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နှစ်ကောင်း နောက်ကျနေပြီကိုး။

ဒီလို နေရတဲ့ နေ့ရက်တွေမှာ ကိုယ့်မှာ ပီတာမှအပ ပျော်မွေ့စရာရယ်လို့ ဘာမှမရှိခဲ့ဘူး။ ကြောက်မက်ဖွယ် ကောင်းလောက်အောင် စိတ်သောက ရောက်ရတဲ့ စနေနေ့အထိ ပီတာဟာ အိပ်မက်ထဲမှာပဲဖြစ်ဖြစ်၊ အတွေးတွေထဲမှာပဲ ဖြစ်ဖြစ် ကိုယ့်ကို လွှမ်းမိုးချုပ်ကိုင်ထားခဲ့တယ်လေ။ ပီတာနဲ့ တွေ့နေစဉ်မှာ ကိုယ်ဟာ ကိုယ့်မျက်ရည်စတွေကို ပြန်သိမ်းပြီး ပျော်ခဲ့တယ်။ ကြည်နူးခဲ့တယ်။ ဒါပေမယ့် ကိုယ်တစ်ယောက်တည်းရှိနေတဲ့ အခါမျိုးမှာဆိုရင် ကိုယ့်နှလုံးသားတွေ ပွင့်အံထွက်ကျလုမတတ် ငိုရတော့မယ်ဆိုတာ ကိုယ် သိနေတာပါပဲ။

ဒါကြောင့်လည်း ကိုယ်ဟာ ညဝတ်အင်္ကျီဝတ်ပြီး လဲလျောင်းနေရာက ကြမ်းပြင်ပေါ်ကိုဆင်းပြီး ဒူးထောက်ထိုင်လိုက်မိတယ်။ ပထမတော့ ရှည်ရှည်လျားလျား ဆုတောင်းတယ်။ နောက်တော့ လက်ပေါ်





ခေါင်းတင်ပြီး ကိုယ် ငိုမိတယ်။ ဒါပေမယ့် ကိုယ့်မျက်ရည်စကို သိမ်း…တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ငိုသံကို တစ်ဖက်ခန်းက မကြား…ချင်တဲ့အတွက်ပါပဲ။ ပြီးတော့ ကိုယ့်ကိုယ်ကို ရဲရင့်ဖို့ ပြန်အားပေး…ပြောတယ်။ ၁၀ နာရီခွဲခါနီးမှ အိပ်ရာပေါ်ကို ပြန်ဖက်တွယ် တက်…ကိုယ့်သောကတွေကို ကြိုးစားဖြေဖျောက်ရတာပဲ။

ပြီးတာတွေ ပြီးပြီပေါ့။ ကိုယ့်ကိုယ်ကို အရူးမဖြစ်အောင်၊ ရှေ့ဆက်…နိုင်အောင်၊ သတင်းစာဆရာတစ်ယောက် ဖြစ်လာအောင် ကိုယ် အလုပ်…လုပ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအရာ အားလုံးကို ကိုယ် အလို…လို့ပါပဲ။ ကိုယ်ရေးနိုင်တယ်ဆိုတာ ကိုယ်သိတယ်။ ကိုယ့်ဇာတ်လမ်း…တော်တော်များများဟာ ကောင်းတယ်။ 'လျှို့ဝှက်ခန်းဆောင်' အကြောင်း…ကိုယ် ဖော်ပြတာမှာ ဟာသပါတယ်။ ကိုယ့် မှတ်တမ်းကသက်သေပြ…ဒါပေမယ့် ကိုယ့်မှာ ရှေ့လျှောက် တကယ်တမ်း ထူးချွန်ဖို့များ ရှိပါသေး…ရဲ့လားဆိုတာတော့ မသေချာလှပါဘူး။

'ဝေရဲ့ အိပ်မက်'ဟာ ကိုယ်ရဲ့ အကောင်းဆုံး ဒဏ္ဍာရီပုံပြင်ပ…ထူးဆန်းတာက ဒီပုံပြင် ဘယ်ကလာသလဲဆိုတာ ကိုယ်မသိဘူး။ 'ကာ…ဘဝ'ဆိုတဲ့ ပုံပြင်ကလည်း အများကြီးကောင်းပါတယ်။ ဒါပေမယ့် …ကြည့်ရင် ဒီပုံပြင်မှာ ဘာမှမရှိဘူး။ ကိုယ်ဟာ ကိုယ်ရေးတဲ့ ပုံပြင်တွေ…အကောင်းဆုံးနဲ့ အထက်မြက်ဆုံး ဝေဖန်သူပါပဲ။ ကိုယ်ရေးတာ ကောင်…မကောင်း ကိုယ်သိပါတယ်။ မရေးတတ်တဲ့လူဟာ ဒီစာရေးခြင်း အလုပ်…အံ့သြဖွယ် ကောင်းပုံကိုလည်း မသိဘူး။ အားလုံးကို ရေးချယ်ဖော်ပြနိုင်…တို့မတတ်နိုင်တဲ့အတွက် ငိုကြွေးမိခဲ့ပေမယ့် အခု နောက်ဆုံးမတော့ကိုယ်…ဟာရေးနိုင်လာပြီမို့ ဝမ်းသာတယ်။ စာအုပ်စာတမ်းတွေ၊ သတင်း…ဆောင်းပါးတွေ ရေးသားဖို့အတွက် ကိုယ့်မှာ ထူးချွန်မှုမရှိဘူးဆိုရင်…ဘာဖြစ်သလဲ။ ကိုယ့်အတွက် ကိုယ်အမြဲတမ်းရေးနိုင်သားပဲ။

ကိုယ်ဟာ ဆက်ကြိုးစားရမယ်၊ မေမေတို့ မစ္စက်ဗန်ဒန်းတို့…ကိုယ်ကျရာဝန်ကို ထမ်းပြီးနောက် မေ့လျော့ခြင်းခံခဲ့ကြရတဲ့ တခြား…



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေရဲ့ ဘဝမျိုး ကိုယ်ရောက်သွားရမှာ သိပ်စိုးတာပဲ။ ကိုယ့်မှာ လင်သားတစ်ယောက်နဲ့ သားသမီးတွေအဖြစ် တခြားအရာလည်း ရှိရဦးမယ်။ ကိုယ် ကိုယ်တိုင် ရည်စူးဦးတည်နိုင်တဲ့ အရာပေါ့။

သေဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာတောင် ကိုယ်ဟာ အသက်ရှင်နေထိုင် လိုပါသေးတယ်။ ဒါကြောင့် ကိုယ့်ကို ရင့်ကျက်လာအောင် စာရေးနိုင်အောင်၊ ကိုယ့်ရင်တွင်းက အရာအားလုံးကို ဖော်ပြနိုင်အောင် ထူးမြတ်တဲ့ လက်ဆောင်ကို ပေးသနားတဲ့အတွက် ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့နှလုံးသွင်း မိပါတယ်။

စာသာရေးလိုက်ရရင် အရာရာတိုင်းကို ကိုယ် ပြောင်းလဲနိုင်တယ်။ ကိုယ့် ဝမ်းနည်းကြေကွဲမှုတွေဟာ ပျောက်ကွယ်သွားတယ်။ ကိုယ့်ရဲ့အစွမ်းသတ္တိတွေ ပြန်လည်မွေးဖွားလာကြတယ်။ ဒါပေမယ့် အင်မတန် ကြီးမားတဲ့ မေးခွန်းတစ်ရပ် ရှိပါသေးတယ်။ ဒီမေးခွန်းက ကိုယ်ဟာ ကြီးကျယ်တဲ့ စာကြီးပေကြီးတစ်ရပ်ရပ်ကို ရေးနိုင်ပါ့မလား။ သတင်းစာဆရာ သို့မဟုတ် စာရေးဆရာတစ်ယောက် ဖြစ်နိုင်ပါ့မလားဆိုတဲ့ မေးခွန်းပါပဲ။ ကိုယ်ကတော့ ဖြစ်နိုင်မယ်ထင်နေတယ်။ စာရေးတဲ့ အခါတိုင်း အတွေးတွေ စိတ်ကူးတွေ ဉာဏ်ကွန့်မြူးမှုတွေနဲ့ အရာရာတိုင်းကို ကိုယ် ချုပ်ကိုင်ထားနိုင်တဲ့အတွက်ပါပဲ။

'ကာဒီဘဝ'လို စာမျိုးတော့ နောက်ထပ် မေဟ်အဆက်ဆက် ကိုယ်ဆက် မရေးတော့ဘူး။ ဘယ်လိုဆက်ရေးရမယ်ဆိုတာ ကိုယ့်စိတ်ထဲမှာ သိတယ်။ ဒါပေမယ့် ကိုယ့်ကလောင်က မပါတော့ဘူး။ တကယ်လို့ အပြီးမရေးရင် အမှိုက်ခြင်းထဲဖြစ်ဖြစ်၊ မီးခြစ်ထဲဖြစ်ဖြစ် ရောက်ကောင်းရောက်သွားမှာပဲ။ ဒီလို တွေးကြည့်တော့လည်း ကြောက်စရာအတွေးကြီး ဖြစ်နေတယ်။ ဒါနဲ့ ကိုယ့်ကိုယ်ကို ဖြေရတယ်။ အသက်က ၁၄နှစ်၊ အတွေ့အကြုံကလည်း နည်းနည်းလေးနဲ့ အဘိဓမ္မာအကြောင်း ညည်း ဘယ်လို ရေးနိုင်မှာလဲလို့။

ဒီတော့ ကိုယ်ဟာ ရဲစွမ်းသတ္တိသစ်တွေနဲ့ ရှေ့ဆက် စခန်းသွား





ရမယ်။ အောင်မြင်လိမ့်မယ်လို့ ကိုယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်က စာရေးချင်တာကိုး။

မင်းရဲ့ အင်နာ။

* * *

ကြာသပတေး၊
မေ ၆၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ် ဘာဝါသနာပါသလဲ၊ ကိုယ် ဘာစိတ်ဝင်စားသလဲလို့ မင်းက မေးခဲ့တယ်နော်။ ကဲ အခု ကိုယ်ဖြေမယ်။ နို့ပေမယ့် မင်းကို သတိပေးလိုက်ရဦးမယ်၊ ဖြေစရာတွေကတော့ တစ်ပုံကြီးပဲ။ စိတ်တော့မပျက်လေနဲ့။

ပထမဆုံးကတော့ စာရေးခြင်းပဲ။ ဒါပေမယ့်စာရေးတာကို ဝါသနာတစ်ရပ် အနေနဲ့ ထည့်တွက်ဖို့တော့ ခဲယဉ်းတယ်။

နံပတ်နှစ်ကတော့ ဆွေစဉ်မျိုးဆက်ဇယား။ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ အင်္ဂလိပ်၊ ဩစတြီးယား၊ ရုရှား၊ နော်ဝေနဲ့ ဒတ်ချ်ဘုရင့်ဆွေတော်မျိုးတော်စဉ်ဆက် စာရင်းဇယားတွေကို ရသမျှ စာအုပ်စာတန်း သတင်းစာတွေထဲက ရှာထားခဲ့တယ်။ ဒီစာရင်းဇယားတွေကို ကာလအတော်ကြာကြာကပဲ ကိုယ်ဟာ ရာဇဝင်စာအုပ်၊ အထုပ္ပတ္တိစာအုပ်တွေ ထဲက မှတ်စုတွေ ထုတ်ထားခဲ့တယ်။ ရာဇဝင်တချို့ရဲ့ စာမျက်နှာများစွာကိုတောင် ကိုယ့်မှာ ကူးထားတာရှိတယ်။

ကိုယ့်ရဲ့ တတိယဝါသနာကတော့ ရာဇဝင်လေ။ ရာဇဝင်နဲ့ ပတ်သက်လို့ ဖေဖေက စာအုပ်တွေ အများကြီးပေးထားတယ်။ အများပြည်သူအတွက် စာကြည့်တိုက်တစ်တိုက်မှာရှိတဲ့ စာအုပ်တွေကို မွှေနှောက်လှန်လှောနိုင်မယ့် နေ့တစ်နေ့အတွက် ကိုယ်စောင့်မျှော်နေလျက်ပဲ။

နံပါတ်လေးကတော့ ဂရိနဲ့ ရောမဒဏ္ဍာရီတွေပဲ။ ဒီအကြောင်းအရာနဲ့ ပတ်သက်တဲ့ စာအုပ်လည်း ကိုယ့်မှာအမျိုးမျိုးရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တခြား ဝါသနာတွေကတော့ ရုပ်ရှင်ဓာတ်လိုက်တွေနဲ့ မိသားစု ဓာတ်ပုံတွေပဲ။ စာအုပ်ရှူးရူးတယ်၊ စာကို အရူးအမူးဖတ်တယ်။ အနုပညာ ကဗျာဆရာတွေ၊ ပန်းချီ ဆရာတွေရဲ့ အကြောင်းကိုလည်း သိပ်ကြိုက်တယ်၊ နောက်ကျရင် တူရိယာဂီတကို လိုက်စားဦးမယ်။ အက္ခရာသင်္ချာ၊ ဂုဲဩ မေထရီနဲ့ ဂဏန်းတွေကိုလည်း သဘောကျသေးတယ်။

ကျောင်းမှာသင်ရတဲ့ တခြားဘာသာရပ်အားလုံးကို ကိုယ် သဘော ကျတယ်။ ရာဇဝင်ကို အထူးသဖြင့် ပိုသဘောကျတယ်။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ၊

ဧပြီ ၁၁၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ့်ခေါင်းတော့ နောက်နေပြီ၊ ဘယ်က စရမှန်းတောင် ကိုယ် မသိတော့ဘူး။

သောကြာနေ့က ကိုယ်တို့ မိုနိုပိုလီကစားကြတယ်။ စနေနေ့ ညနေမှာလည်း ဒီလိုပဲ။ အဲဒီနေ့တွေဟာ သိပ်ထူးထူး ခြားခြားမရှိလှဲဘဲ လျင်မြန်စွာ ကုန်ဆုံးသွားကြတယ်ပေါ့။ တနင်္ဂနွေနေ့ ညနေမှာတော့ ကိုယ်က ပီတာ့ကို ဖိတ်တာနဲ့ ၄နာရီကိုခွဲမှာ ကိုယ့်အခန်းကိုလာတယ်။ ၅နာရီ ၁၅မိနစ်မှာ အရှေ့ဖက်အပေါ်ဆုံးအထပ်ကို သွားကြတယ်။ အဲဒီမှာ ၆နာရီအထိ ကိုယ်တို့ နေကြတယ်။

၆နာရီက ၇နာရီ ၁၅မိနစ်အထိ မိုးဇက်ရဲ့ တေးပေါ့ကို ရေဒီယိုက လွှင့်ပေးနေတယ်လေ။ ဒီတေးသံတွေကို ကိုယ် သိပ်ကြိုက်တာပဲ။ အခန်း ထဲမှာချည်းထိုင်ပြီးနားမထောင်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ချစ်စရာ တေးသံများကို ကြားရရင် ကိုယ့်အတွင်းစိတ်က လှုပ်ရှားလွန်းလို့ပါပဲ။

စနေနေ့ညပိုင်းမှာ ကိုယ်နဲ့ ပီတာတို့ အရှေ့ဘက် အပေါ်ဆုံး





အထပ်ကို တက်သွားကြတယ်။ အေးအေးလူလူထိုင်ပြီး စကားပြော နိုင်အောင် ထိုင်စရာဖုံအချို့ကို ယူသွားကြတယ်။ ကိုယ်တို့ဟာ သေတ္တာ လွတ် တစ်ခုပေါ်မှာ ထိုင်ကြတယ်။ သေတ္တာလွတ်ကရော ထိုင်ဖုံကရော သေးတာမို့ တစ်ယောက်နဲ့တစ်ယောက် ပူးပူးကပ်ကပ် ထိုင်လိုက်ကြရတာ ပေါ့။ ကြောင်ကလေး မိုရှီလည်းပါလာတဲ့အတွက် ကိုယ်တို့မှာ အအုပ် အထိန်းမဲ့ မဟုတ်ဘူးပေါ့။

၉ နာရီထိုးဖို့ ၁၅မိနစ် အလိုလောက်မှာ မစ္စတာဖန်ဒန်းက လေချွန်ပြီး ကိုယ်တို့ဆီမှာ ဒူဆဲရဲ့ဖုံတစ်ခု ရှိမရှိမေးတယ်။ ကိုယ်တို့ နှစ်ယောက်စလုံးထိုင်နေရာ ကထခုန်လိုက်မိပြီး အောက်ထပ်ကို ပြေးဆင်း ကြတော့တာပဲ။

ဒီထိုင်ဖုံလေးကြောင့် ဒုက္ခ အကြီးအကျယ်တွေ့ရတယ်။ ဘာဖြစ် လို့လဲဆိုတော့ ကိုယ်တို့က သူ့ဖုံတစ်ခုကို ယူလာတယ်၊ ဒီဖုံဟာ သူ့ ခေါင်းအုံးအဖြစ်အသုံးပြု တဲ့ဖုံလို့ ရေးကြီးခွင်ကျယ် လုပ်ပြောတော့တာကိုး။ ခွေးလှေးသန်း ကြောင်သန်းတွေတော့ ဝင်သွားပြီ ဘာညာနဲ့ ပြောလို့ကို မဆုံးဘူး။ ဒါကြောင့် ကိုယ်နဲ့ပီတာက လက်စားခြေတဲ့အနေနဲ့ သူ့အိပ်ရာ အောက်မှာ ဝက်မှင်ဘီးခပ်မာမာနှစ်ခုကို ခုထားခဲ့ပြီး ကိုယ်တို့မှာ ရီလိုက် ရတာ မပြောပါနဲ့တော့။

ကိုယ်တို့ရဲ့ ပျော်ရွှင်မှုဟာ ကြာကြာမခံပါဘူး။ ည ၉နာရီခွဲလောက် မှာ အောက်ထပ်က အသံတွေကြားရတယ်။ ကုန်လှောင်ရုံကို ချိုးဖျက် နေကြတာနဲ့ တူပါရဲ့။ ဖေဖေ၊ ဖန်ဒန်း၊ ဒူဆဲနဲ့ပီတာတို့ဟာ အောက်ထပ်ကို အရေးတကြီး ဆင်းသွားကြတော့ မားဂေါ့၊ မေမေ၊ မစ္စက်ဖန်ဒန်းနဲ့ ကိုယ်တို့ပဲ အပေါ်ထပ်မှာ ကျန်နေရစ်ပြီး ဘာဖြစ်မယ်ဆိုတာ စောင့်နေရ တာပေါ့။

ကြောက်လန့်နေတဲ့ မိန်းမလေးယောက်ဟာ အကြောက်ပြေအောင် စကား ပြောကြတယ်။ အောက်ထပ်က ထုသံကြီးတစ်သံ ကြားရတယ်။ အဲဒီအသံကြားရပြီး တိတ်နေလိုက်တာ ၁၀နာရီထိုးဖို့ ၁၅ မိနစ်အလို



www.burmeseclassic.com

www.burmeseclassic.com



အထိပဲဆိုပါစို့။ ကိုယ်တို့ဟာ ကြောက်ကြောက်လန့်လန့်နဲ့ ငြိမ်နေကြတုန်းပဲ။ လူတွေ ဘယ်ရောက်နေကြပြီလဲ၊ စောစောက ကြားရတဲ့ အသံကြီးဟာ ဘာသံလဲ၊ သူခိုးတွေနဲ့များ လုံးထွေးသတ်ပုတ်နေကြပြီလားဆိုတာ သံသယတွေကလည်း ဝင်လို့ပေါ့။

၁၀နာရီထိုးပြီ။ လှေကားက ခြေသံတွေကြားရပြီ။ ဖြူရော်ရော်နဲ့ နွမ်းနေတဲ့ ဖေဖေဟာ အခန်းထဲကို ဝင်လာတယ်။ သူ့နောက်က မစ္စတာဖန်ဒန်းလည်း ပါလာတယ်။ 'မီးတွေငြိမ်းလိုက်၊ အပေါ်ထပ်ကို ဖြေးဖြေးတက်သွားကြ။ အိမ်ထဲကို ပုလိပ်တွေဝင်လာကြလိမ့်မယ်ထင်တယ်'တဲ့။

ကဲ ကြောက်နေဖို့အချိန်တောင်မရတော့ပါဘူး။ မီးတွေလည်း ငြိမ်းကုန်ပြီ။ ကိုယ်လည်း အပေါ်အင်္ကျီတစ်ထည်ကို ဆွဲယူပြီး အားလုံးနဲ့ အတူ အပေါ်ထပ်ကို တက်လာခဲ့တယ်။ 'ဘာတွေ ဖြစ်ကုန်ပြီလဲ၊ ပြောကြစမ်းပါ မြန်မြန်' ဆိုပေမယ့် ယောကျာ်းတွေဟာ အောက်ထပ်ကို ပြန်ဆင်းသွားကြလို့ ဖြေမယ့်လူမရှိပါဘူး။ ၁၀နာရီ ၁၀မိနစ်လောက်မှ သူတို့ ပြန်တက်လာကြပြီး ရွှေ့လိုရတဲ့စာအုပ်စင်ကလေးနဲ့ ပိတ်ထားတဲ့ အောက်ထပ်က လှေကားကို ပီတာရဲ့ ပြတင်းပေါက်ကနေ စောင့်ကြည့်ကြတယ်။ နောက်တော့ သူတို့ကပြောပြတယ်။

အောက်ဖက်က ကျယ်ကျယ်လောင်လောင် ထုရိုက်သံနှစ်ချက်ကို ပီတာက ကြားတာနဲ့ ဆင်းကြည့်တော့ တံခါးရဲ့ လက်ဝဲဘက်ပျဉ်ကြီး တချပ် ကျွတ်ထွက်နေတာကို တွေ့ရတယ်တဲ့။ အဲဒါနဲ့ အပေါ်ထပ်ကို ပြေးတက်လာပြီး 'အစောင့်တပ်' ကို အကြောင်းကြားတော့မှာ သူတို့ လေးယောက်စလုံး အောက်ထပ်ကို ပြေးဆင်းလာကြရော။ ကုန်လှောင်ရုံထဲလဲဝင်လိုက်ရော၊ ဖောက်ထွင်းသူတွေဟာ အပေါက်ကို ချဲ့နေခိုက်ကိုး။ 'ဒီတော့ ဖန်ဒန်းက စဉ်းစားမနေဘဲ 'ပုလိပ်'လို့ အော်လိုက်ရောပဲ။

အပြင်ဘက်က ခြေသံတွေကြားရတော့ ဖောက်ထွင်းသူတွေလည်း အပေါက် ကို တွေ့သွားမှာစိုးလို့ ပျဉ်ပြားတစ်ချပ်ကို ပြန်ကပ်လိုက်ပေမယ့် အပြင်ဘက်က တစ်ချက်လောက်ကန်လိုက်တာနဲ့ ပျဉ်ပြားဟာ မြေပြင်ပေါ်





ကို လွင့်ထွက်သွားတာပဲ။ ဒီတော့ သူတို့အားလုံးလည်း ဇဝေဇဝါဖြစ်လို့ပေါ့။ ဒါနဲ့ ဖန်ဒန်းက သားလိုးခါးနဲ့ ကြမ်းပြင်ကို တစ်ချက်နှစ်ချက် ထုရိုက်လိုက် တော့မှ ငြိမ်သွားတယ်တဲ့။ နောက်တစ်ခါ တံခါးမှာ ပျဉ်တချပ်ပြန်တပ်ဖို့ လုပ်ပြန်ရော၊ ဒီတစ်ခါမှာလည်း အနှောင့်အယှက်က လာပြန်ရော။ လင်မယား တစ်တွဲက ကွာနေတဲ့ ပျဉ်ပေါက်ကနေပြီး လက်နှိပ်ဓာတ်မီးနဲ့ အထဲကို ထိုးလိုက်တော့ ကုန်လှောင်ရုံတစ်ခုလုံး လင်းသွားတာပေါ့။ 'ဒုက္ခပါပဲ'လို့ အတွင်းဘက်မှာရှိနေတဲ့ ယောကျာ်းလေးယောက်ထဲက တစ်ယောက်က ညည်းညူမိလိုက်တော့တာပဲတဲ့။

ဒီတော့မှ သူတို့ သူခိုးဖမ်းတဲ့အလုပ် ပြီးသွားကြတာပဲ။ သူတို့ လေးယောက်ဟာ အပေါ်ထပ်ကို ပြန်တက်လာကြတယ်။ ပီတာက မီးဖိုခန်းနဲ့ သီးသန့်ရုံးခန်းတွေ၊ ပြတင်းပေါက်တွေကိုဖွင့်၊ တယ်လီဖုန်းကို ကြမ်းပြင်ပေါ်ချပြီး နောက်ဆုံးမှာ သူတို့ လေးယောက်စလုံး အရှင်လုပ်ထားတဲ့ စာအုပ်စင်ကလေးအနောက်ဖက်ကို လာခဲ့ကြတယ်။ ဒီမှာအခန်းတစ်နိုင်ငံတံပေါ့။

လက်နှိပ်ဓာတ်မီးနဲ့ လင်မယားက ပုလိပ်များကို သွားသတိပေးနေဦးမလား၊ မသိဘူးဆိုပြီး စိတ်ပူကြသေးတယ်။ ဒီနေ့ဟာ အီစတာပွဲတော်ရက် တနင်္ဂနွေနေ့ ညနေပေါ့။ တစ်ခါ တနင်္လာနေ့ကျတော့လည်း အီစတာပွဲရက်မို့ ရုံးမှာဘယ်သူမှ ရှိမှာမဟုတ်ဘူး။ ကိုယ်တို့လည်း အင်္ဂါနေ့မနက်အထိ တုပ်တုပ်တောင် လှုပ်ရဲကြတော့မှာမဟုတ်ဘူး။ နှစ်ညနဲ့ တစ်နေ့လုံးလုံး ဒီလိုကြောက်ကြောက်လန့်လန့်နဲ့ နေရမယ့်အဖြစ်ကို မင်းစဉ်းစားလို့သာကြည့်ပါတော့။

ဘာလုပ်ပါ၊ ညာလုပ်ပါ အကြံပေးမယ့်လူကလည်း တစ်ယောက်မှ မရှိတော့ ကိုယ်တို့ဟာ မှောင်မိုက်ထဲမှာ ငုတ်တုပ်ထိုင်နေကြရတာပဲ။ ဘာကြောင့်လဲဆိုတော့ အကြောက်ကြီးကြောက်နေတဲ့ မစ္စက်ဖန်ဒန်းက မီးဆို အကုန်ငြိမ်း၊ လေသံတောင် မထွက်ရဘူးလို့ ဆိုထားတဲ့အပြင် တစ်နေနေရာရာက ချွတ်ကနဲ မြည်သွားတာနဲ့ တပြိုင်နက် တရှူးရှူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသံပေးနေလို့ပါပဲ။

၁၀နာရီခွဲပြီးလို့ ၁၁နာရီထိုးချိန်အထိ ဘာသံမှမကြားရဘူး။ ၁၁နာရီ ၁၅မိနစ်ကျတော့ အောက်ထပ်က အသံပလံတွေ ကြားရပြန်ပါလေရော။ လူတိုင်းရဲ့ အသက်ရှူသံကို ကြားနေရတယ်။ နောက်ပြီး မလှုပ်ရဲကြဘူး။ အိမ်ထဲကခြေသံတွေ၊ နောက် သီးသန့်ရုံးခန်းထဲက၊ နောက်တစ်ခါ ဒီခြေသံတွေဟာ လှေကားထစ်ကို ရောက်လာကြပြီ။ လှေကားထစ်ကို ခြေသံတွေ ရောက်လာပြီဆိုတော့ အသက်တောင် မှန်မှန်မရှူရဲကြတော့ဘူး။ နောက် အရှင်လုပ်ထားတဲ့ စာအုပ်စင်ကလေးကို ဆွဲဖယ်နေသံလိုလို ကြားရပြန်ရော၊ အဲဒီအခိုက်အတန့်ဟာ ဖော်ပြလို့မရအောင် ဖြစ်နေတဲ့အခိုက် အတန့်ပါပဲ။

'အားလုံးတော့ ကိစ္စချောပြီ' လို့ ကိုယ်ဘာသာကိုယ် ပြောမိတယ်။ ဒီညမှာပဲ ကိုယ်တို့ဟာ ဂက်စတာပိုတွေခေါ်ရာနောက်ကို လိုက်ရတော့မှာပါလား။ ဒီစာအုပ်စင်ကို ဆွဲလှုပ်သံနှစ်ခါကြားရပြီးနောက် တစ်ခါ ငြိမ်သွား ပြန်ရော၊ ခြေသံတွေလည်း ပျောက်သွားပြန်ရော၊ အင်း ဒီတချီ တော့ လွတ်ပြန်ပြီပေါ့လေ။ တစ်ယောက်ဆီက တုန်လှုပ်မှုဟာ တစ်ယောက်စီ ကူးစက်တက်တယ်နဲ့တူတယ်။ တစ်ယောက်ယောက်ရဲ့ သွားကြိတ်သံကို ကြားရတယ်။ စကားလုံးကတော့ ထွက်မလာဘူး။

အိမ်ထဲက အသံတွေကို နောက်ထပ် မကြားရတော့ဘူး။ ဒါပေမယ့် စာအုပ် စင်ရှေ့တည့်တည့်မှာ မီးရောင်တစ်ခုကို တွေ့နေရသေးတယ်။ လျှို့ဝှက်စာအုပ်စင် ဖြစ်လို့များ မီးနဲ့ထိုးထားသလား။ မီးကို ပုလိပ်တွေ မေ့ထားခဲ့သလား။ ဒီမီးကို တစ်ယောက်ကများ လာငြိမ်းဦးမလား။ ဘာမှတော့ ပြောလို့မရဘူး ။ အိမ်ထဲမှာ လူမရှိတော့ဘူးနဲ့တူတယ်။ ဒါပေမယ့် အပြင်ဘက်ကနေပြီး တစ်ဦးတစ်ယောက်ကများ စောင့်နေသေးသလား။

နောက်တော့ ကိုယ်တို့ အလုပ်သုံးခုကို လုပ်ကြတယ်။ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကို ပြန်တွေးကြတာရယ်၊ ကြောက်လွန်းလို့ တုန်ရင်





နေကြတာရယ်၊ အိမ်သာသွားချင်တာရယ်ပေါ့။ မီလ္လာအိုးအားလုံ အပေါ်ဆုံး အထပ်ကို ရောက်နေတာမို့ ကိုယ်တို့မှာ ပီတာရဲ့သံဖြူပုံးလွတ်တခုပဲ ရှိနေတယ်။ ပထမ ဖန်ဒန်း၊ နောက် ဖေဖေတို့ သွားကြတယ်။ မေမေ ကတော့ သံဖြူပုံးကြီးနဲ့ အပေါ့အပါးသွားရမှာ ရှက်နေလေရဲ့။ ဒီသံဖြူပုံး လွတ်ကို ဖေဖေက ကိုယ်တို့အခန်းထဲယူလာတော့ မားဂေါ့ရယ်၊ မစ္စက်ဖန် ဒန်းရယ်၊ ကိုယ်ရယ်က ဝမ်းပန်းတသာ အသုံးပြုရတာပေါ့လေ။ နောက်ဆုံး မေမေဟာ မနေနိုင်လွန်းတော့ ကိုယ်တို့လမ်းစဉ်ကိုလိုက်ဖို့ ဆုံးဖြတ် လိုက်ရရော။ ဒီကြားထဲ တပိုတပါးသွားသူတွေက စက္ကူများ ဘာများ မရှိကြဘူးလား လို့လှမ်းမေးကြသေး။ ကိုယ့်အိတ်ထဲမှာ စက္ကူတချို့ရှိလို့ တော်ပါသေးရဲ့။

သံပုံးက အနံ့ကလည်း အော့အံ့ချင်စရာပါပဲ။ အားလုံးဟာ လေသံ နဲ့ပဲ တိုးတိုးတိတ်တိတ် တပိုတပါးသွားရတော့ သိပ်ပင်ပန်းတာပေါ့။ ၁၂ နာရီလည်းထိုးလို့ အိပ်ချင်လာတဲ့အတွက် ကြမ်းပြင်ပေါ်မှာ အသာလှဲချပြီးမှ အိပ်တယ်။ ကိုယ်နဲ့ မားဂေါ့တို့အတွက် တစ်ယောက်ကို စောင်တစ် ထည်နဲ့ ခေါင်းအုံးတစ်လုံးစီရတယ်။ မားဂေါ့က ပစ္စည်းထည့်တဲ့ ဘီရိုနားမှာ လှဲအိပ်ပြီး ကိုယ်က စားပွဲခြေထောက်တွေ အကြားမှာ အိပ်ရတယ်။ ကြမ်းပြင်ပေါ်မှာ လှဲနေလိုက်တဲ့အခါကျတော့ အနံ့ဟာ သိပ်မဆိုးလှ တော့ပါဘူး။ ဒါပေမယ့် မစ္စက်ဖန်ဒန်းကတော့ ခလိုရင်းဆေးတွေယူ ထားလေရဲ့။

လေသံနဲ့တိုးတိုးပြောတာ၊ ကြောက်တာ၊ လန့်တာ၊ တုန်လှုပ်တာ တွေအကြားကပဲ အိပ်ဖို့ ကြိုးစားကြရတယ်။ ၂နာရီခွဲလည်းကျရော ကိုယ်ဟာ ပင်ပန်းလှပြီ။ ၃နာရီခွဲကကျော်တော့ ကိုယ် ဘာမှမသိ တော့ဘူး။ မစ္စက်ဖက်ဒန်းက ကိုယ့် ခြေထောက်ပေါ် ခေါင်းလာအုံးတော့မှ လန့်နိုး တာပဲ။

'အောက်က ခုဖို့ တစ်ခုခုပေးကြစမ်းပါ' လို့ ကိုယ်ကပြောတော့ ကိုယ့်ကို တစ်ခုခုလှမ်းပေးကြတယ်။ ဘာတစ်ခုခုလဲသိလား။ သိုးမွေး



www.burmeseclassic.com

www.burmeseclassic.com



အဝတ်စုတ် တိုလီမိုစ၊ စက္ကပ်အနက်တထည်၊ အဖြူရောင်အပေါ်ခြုံစွပ်နဲ့ အပေါက်တွေ ဘလမ္ဘာဖြစ်နေတဲ့ အားကစားခြေအိတ်တစ်စုံ၊ ဒီနောက် မစ္စက်ဖန်ဒန်းက ကုလားထိုင်ပေါ် သွားထိုင်တော့ သူ့ယောက်ျားက ကိုယ့်ခြေထောက်ပေါ် လာခေါင်းအုံးပြန်ရော။ ကိုယ်လည်း ၃နာရီခွဲ အထိတော့ စဉ်းစားရင်း အိပ်လို့မရပါဘူး။ တလှုပ်လှုပ်လုပ်နေလို့ ဖန်ဒန်း လည်း အိပ်မရဘူးနဲ့တူပါတယ်။

ပုလိပ်တွေ ပြန်လာကြဦးမယ်လို့ ကိုယ်ထင်နေတယ်။ ဒီလိုလာတဲ့ အခါမှာ ဟုတ်တယ်၊ ကျွန်မတို့ဟာ ပုန်းနေကြတာလို့ ပြောလိုက်ရမှာပဲ။ စိတ်ကောင်းရှိတဲ့ ဒတ်ချ်ပုလိပ်တွေဆိုရင်တော့ ကိုယ်တို့ လွတ်မှာပေါ့။ ဒတ်ချ်ဖောက်ပြန်ဖျေးသမားတွေဆိုရင်တော့ လတ်ထိုးရမှာပေါ့။

'ဒီလိုကိစ္စမျိုးမှာ ရေဒီယိုကို ဖျက်ဆီးပစ်ရယ်'လို့ မစ္စက်ဖန်ဒန်းက ပြောတော့ သူ့ယောက်ျားက 'ဟုတ်တယ်၊ မီးဖိုထဲထည့်ပစ်လိုက်ရမယ်။ တကယ်လို့ တို့ကိုတွေ့သွားရင် ရေဒီယိုကိုပါ တွေ့နေအုံးမယ်'တဲ့။

ဒီလူဆို အင်နာရဲ့ မှတ်တမ်းရော၊ တွေ့သွားဦးမယ်'လို့ ဖေဖေက ပြောတော့ ဒါဖြင့် မီးရှို့ပစ်လိုက်ပေါ့'တဲ့။ အလွန်ကြောက်နေတဲ့ အဖွဲ့ဝင် တစ်ဦးက ပြောပြန်ရော။

'မရှို့ရဘူး။' ကျွန်မ မှတ်တမ်းကိုရှို့ရင် ကျွန်မပါ အရှို့ခံမယ်'လို့ ကိုယ်က ပြန်ပြောတော့ ဖေဖေကလည်း ဘာမှမပြောတော့ဘူး။

ကိုယ်တို့ပြောတဲ့စကားတွေ အားလုံးကို မှတ်မိသလောက် ကိုယ် ပြန်ပြောတာပါ။ စိုးရိမ်ထိတ်လန့်လွန်နေတဲ့ မစ္စက်ဖန်ဒန်းကို ကိုယ်က ချော့ပါတယ်။ ဂျက်စတာပိုတွေက မေးမြန်းမယ့်အကြောင်း၊ သူတို့လက်က လွတ်ဖို့ အကြောင်းတွေကအစ ရဲရင့်ဖို့အဆုံး ပြောကြတာပါပဲ။

'ကျွန်မတို့ဟာ စစ်သားတွေလို ပြုကျင့်ရမယ် မစ္စက်ဖန်ဒန်း။ တကယ်လို့ အကုန်လုံးဖမ်းမိသွားရင်လည်း ရေဒီယိုက အမြဲတမ်းပြောသလို၊ ဘုရင်မနဲ့ တိုင်းပြည် အတွက်၊ လွတ်လပ်ရေးအတွက်၊ အမှန်တရားအတွက် ကျွန်မတို့ရင်ဆိုင်ရမှာပဲ။ အဆိုးတကာ့အဆိုးဆုံးက ကျွန်မတို့အတွက်





လူအများကြီးကိုပါ ဒုက္ခပေးမိသလို ဖြစ်နေတာပါပဲ'

မစ္စတာဖန်ဒန်းက သူ့မိန်းမနဲ့အတူ နေရာရွှေ့ပြန်တော့ ကိုယ့် အနားမှာ ဖေဖေလာထိုင်တယ်။ ယောက်ျားတွေက ဆေးလိပ်ကို အဆက် မပြတ် သောက်နေကြပြန်ရော။ နောက်ငြိမ်နေကြပြန်ရော။

၄နာရီ၊ ၅နာရီ၊ ၅နာရီခွဲ။ ကိုယ်ဟာ ပီတာ့အနားမှာ သွားထိုင်ပြီး နားထောင် မိတယ်။ တစ်ယောက်နဲ့တစ်ယောက် ထိလုမတတ် မှုထိုင်ရင်း အသံဘလံတွေကို သတိထားနားစွင့်ရတာပေါ့။ သူတို့ဟာ ၇နာရီ လောက်ကျမှ ကူဖစ်ဆီကို ဖုန်းဆက်တယ်။ လူတစ်ယောက်လွှတ်ပြီး အနီးအနားကို ကြည့်ပေးဖို့ ပြောမယ်နဲ့တူတယ်။ နောက်တော့ သူတို့ ဖုန်းနဲ့ ပြောချင်တာ တွေကို စာနဲ့ရေးထားကြတယ်။ အပြင်ကဖြစ်ဖြစ် ကုန်လှောင်ရုံထဲကဖြစ်ဖြစ် စောင့်နေမယ့် အစောင့်ဟာ ဖုန်းသံကို ကြားမှာ သေချာတယ်။ ဒါပေမယ့် ပုလိပ်ပြန်လာမယ့် အန္တရာယ်က ပိုကြီးတယ် မဟုတ်လား။

သူတို့ ရေးထားတဲ့အချက်အလက်တွေကတော့

ဖောက်ထွင်းတဲ့သူခိုးတွေ အထဲကိုဝင်တယ်။ ပုလိပ်ကလည်း အရှင်လုပ်ထားတဲ့ စာအုပ်စင်လေးနားအထိဝင်တယ်။ ဒါ့ထက်ပိုပြီး မဝင် သေးဘူး။

သူခိုးတွေက ပုလိပ်လာမှန်းသိတော့ ကုန်လှောင်ရုံထဲက တံခါး မကြီးကိုဖွင့်ပြီး ပန်းခြံထဲကတဆင့် ထွက်ပြေးသွားကြတယ်။

အဝင်ဝ တံခါးပေါက်ကြီးကတော့ ပိတ်ထားတယ်။ ကရာလ် ရုံးကပြန်သွားတော့ ဒုတိယတံခါးပေါက် အသုံးပြုခဲ့ဟန်တူတယ်။ လက်နှိပ် စက်တွေ၊ ဂဏန်းပေါင်း စက်တွေကတော့ သီးသန့်ရုံးခန်းထဲက သေတ္တာ အနက်ထဲမှာ ရှိနေသေးတယ်။

ဟန့်ကို သတိပေးပြီး အဲလီ့ဆီက သော့ကိုယူပါ။ ဒီနောက် ရုံးတဝိုက်မှာ ကြောင်ကို အစာကျွေးသလိုလို၊ ထိန်းသလိုလိုနှင့် ကြည့်ပေး ပါ။



www.burmeseclassic.com

www.burmeseclassic.com



အရာရာတိုင်းတိုင်းကတော့ အစီအစဉ်အတိုင်း သွားတာချည်းပါပဲ။ ကူဖစ်ဆီကို ဖုန်းဆက်လိုက်ပြီ သူ့အပေါ်ထပ်မှာထားခဲ့တဲ့ လက်နှိပ်စက်တွေကို သေတ္တာထဲ ထားလိုက်တယ်။ ဒီနောက် ကိုယ်တို့ဟာ ဟန့်ဘဲ လာမလား၊ ပုလိပ်ပဲလာမလားဆိုပြီး စောင့်နေကြရတာပါပဲ။

ပီတာကတော့ အိပ်ပျော်နေပြီ။ ကိုယ်နဲ့ ဖန်ဒန်းတို့က ကြမ်းပြင်ပေါ်မှာလှဲလို့။ ဒီအခိုက် အောက်ထပ်က ခြေသံပြင်းပြင်းတွေကို ကြားရပြန်လေရော။ ကိုယ်လည်း လှဲနေရာက ခပ်မြန်မြန်ထလိုက်တယ်။

'ဟန့် ဘဲ'

'မဟုတ်ဘူး၊ ပုလိပ်၊ ပုလိပ်'တဲ့ တခြားတယောက်က ပြောတယ်။

တစ်စုံတစ်ယောက်က တံခါးခေါက်နေပြီ။ မီယက်ရဲ့ လေချွန်သံကို ကြားရ တယ်။ တစ်ခါတည်း မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်ပြီး ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ်ဖြစ်နေတာပဲ။ ဒီလို ထိတ်လန့်စရာသာနောက်ထပ် တစ်မိနစ်လောက် ဆက်ကြာနေဦးမယ်ဆိုရင် သူမေ့မျောသွားမလားမသိဘူး။

မီယက်နဲ့ ဟန့်တို့ဝင်လာကြတဲ့ အခိုက်အတန့်မှာ ကိုယ်တို့အခန်းထဲမှာရှိတဲ့ စားပွဲတစ်လုံးထဲကိုသာ ဓာတ်ပုံရိုက်ရင် ဒီဓာတ်ပုံဟာ အင်မတန်ကောင်းတဲ့ဓာတ်ပုံ ဖြစ်မှာပဲ။ ကနေတဲ့ ကောင်မလေးတွေပါတဲ့ စာမျက်နှာလန်နေတဲ့ 'ရုပ်ရှင်ပြဇာတ်'မဂ္ဂဇင်းက တစ်စောင်၊ ဒီမဂ္ဂဇင်းမှာ ယိုနဲ့ဝမ်းဖောကာကွယ်ဆေးတွေ ပေကျံနေလို့၊ ယိုဘူးက နှစ်ဘူး၊ တပိုင်းတစစားပြီးသားပေါင်မုန့်နှစ်ချပ်၊ မုန့်တစ်ချပ်၊ ဘီးတစ်ချောင်း၊ မီးခြစ်တွေ၊ ပြာတွေ၊ စီးကရက်တွေ၊ ဆေးလိပ်တွေ၊ ပြာခံခွက်၊ စာအုပ်၊ ဘောင်းဘီနှစ်ထည်၊ လက်နှိပ်ဓာတ်မီးဟာစ်ခု၊ အိပ်သာသုံးစက္ကူ စသည်ဖြင့် ဒီစားပွဲပေါ်မှာ ပစ္စည်းအမျိုးပေါင်းကိုစုံလို့။

မီယက်နဲ့ ဟန့်တို့ကို အားပါးတရ အော်ဟစ်သူက အော်ဟစ်၊ မျက်ရည်ကျ သူကကျနဲ့ ကြိုဆိုကြတာပေါ့လေ။ ဟန့်က ကွာကျနေတဲ့ တံခါးပေါက်ကို ပျဉ်းပြား ထပ်ရိုက်ပြီး ဖောက်ထွင်းမှုအတွက် ပုလိပ်ကိုတိုင်





ဖို့ ထွက်သွားတယ်။ ကုန်လှောင်ရုံစောင့် စလက်တာကလည်း ဒီလိုမသင်္ကာ စရာအပေါက်တွေ့လို့ ပုလိပ်တိုင်ပြီး ကြောင်း စာတစ်စောင်ရေးပြီး တံခါးပေါက်အောက်နားမှာထားခဲ့တာကို မီယက်ကတွေ့တယ်။

ဒီတော့ ကိုယ်တို့ဟာ နာရီဝက်လောက် ရှင်းလင်းကြရမှာပေါ့။ နာရီဝက်အတွင်း ဒီလောက်အပြောင်းအလဲမြန်ဆန်တာကို ကိုယ်တော့ တစ်ခါမှမတွေ့ခဲ့ဖူးဘူး။ မားဂေ့နဲ့ကိုယ်က အိပ်ရာခင်းတွေကို အောက်ထပ် ပြန်ပို့၊ အိပ်သာတက်၊ သွားတိုက်၊ ဆံပင်ရှင်းပေါ့လေ။ ပြီးတော့ အခန်းကိုတစ်ခါ ထပ်ရှင်းပြီး အပေါ်ထပ်ပြန်တက်သွားတယ်။ အပေါ်ထပ်က စားပွဲဟာ ရှင်းနေပြီ။ ကိုယ်တို့လည်း ကော်ဖီနဲ့ လက်ဖက်ရည်ဖျော်၊ နို့ကြို၊ ပြီးတော့မှာ နေ့လယ်စာအတွက် စားပွဲခင်းရတယ်။

၁၁နာရီထိုးတော့ ပြန်ရောက်လာတဲ့ ဟန့်နဲ့အတူ ကိုယ်တို့အားလုံး စားပွဲမှာ ဝိုင်းထိုင်ကြတယ်။ ခုမှပဲ ရှူသာရှိုက်သာရှိကြတော့တာပဲ။ ဟန့်က ပြန်ပြောတာကတော့။

ကုန်လှောင်ရုံစောင့် မစ္စတာစလက်တာက အိပ်ပျော်နေတယ်။ ဒါပေမယ့် သူ့မိန်းမက ဟန့်ကိုပြောပြတယ်။ သူ့ယောက်ျားဟာ တူးမြောင်းတဝိုက်ကို လှည့်ကြည့်ရင်း တံခါးက အပေါက်ကို သွားတွေ့တော့ ပုလိပ်တစ်ယောက်ကို သွားခေါ်လာခဲ့တယ်။ ပြီးတော့ သူရယ် ဒီပုလိပ်ရယ် အိပ်ထဲကို ဝင်ကြတယ်တဲ့။ ဒီအကြောင်းကို အင်္ဂါနေ့ကျမှ ကရာဂါကို ပြောပြမယ်လို့ ပြောလိုက်မယ်။ ပုလိပ်ဌာနမှာတော့ ပုလိပ်တွေက ဒီအကြောင်းကို အခုအချိန် ဘာမှမသိသေးဘူး။ ဒါပေမယ့် ဒီအကြောင်းကို မှတ်ယူထားပြီး အင်္ဂါနေ့မှာ လာကြည့်မယ်လို့ ပြောလိုက်တယ်ဆိုပဲ။ ဟန့်ဟာ ပုလိပ်ဆီက အပြန်လမ်းဒေါင့်မှာ ကိုယ်တို့ဆီကို ဟင်းသီးဟင်းရွက် အမြဲလာရောင်း နေတဲ့လူနဲ့ သွားတွေ့တော့ ဒီအကြောင်းကို ပြောပြလိုက်ရော။ ဒီတော့ ဟင်းသီး ဟင်းရွက်သည်က ကျုပ်သိသားပဲ။ ကျုပ်နဲ့ ကျုပ်မိန်းမ ညဘက်ဖြတ်သွားတုန်း တံခါးမှာ အပေါက်ဖြစ်နေတာ တွေ့ခဲ့တယ်။ မိန်းမကတော့ လမ်းပဲဆက်လျှောက်ချင်တယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က လက်နှိပ်ခါတ်မီးနဲ့ ထိုးကြည့်တော့ သူ့ခိုးတွေလည်း ချက်ချင်းပြေးတာပဲ။ စိတ်ချရအောင်ဆိုပြီး ပုလိပ်ကို ကျုပ် ဖုန်းမဆက်ဘူး။ ဒီလို မဆက်တာကတော့ ခင်ဗျားမကြိုက်ဘူးထင်လို့ပါပဲ။ ကျုပ်တော့ တခြား ထွေထွေထူးထူး ဘာမှမသိဘူး။ ဒါပေမယ့် ကျုပ်ထင်နေတာတော့ တစ်ပုံကြီးပဲ။

ဟန့်က သူ့ကို ကျေးဇူးတင်ကြောင်း ပြောပြီး ဆက်သွားရော၊ ဒီလူဟာ ထင်တာတွေ တစ်ပုံကြီးဆိုတော့ တခြားမဟုတ်ဘူး။ ကိုယ့်တို့ ဒီမှာရှိနေတယ်ဆိုတာ သူရိပ်မိတယ်နဲ့တူတယ်။ ဘာကြောင့်လဲဆိုတော့ နေ့လယ်စာစားချိန်တိုင်း သူဟာ အမြဲတမ်း အာလူးတွေ ယူယူလာရတာကိုး။ ဘယ်လောက်တော်တဲ့လူလဲ။

ဟန့် ပြန်ထွက်သွားချိန်မှာ ကိုယ်တို့လည်း ဆေးကြောလို့ပြီးသွားကြတာနဲ့ တရေးတမော အိပ်ကြရတယ်။ ၃နာရီထိုးဖို့ ၁၅မိနစ် အလိုမှာ ကိုယ်နိုးတော့ မစ္စတာဒူဆဲတစ်ယောက် ပျောက်နေတာ တွေ့ရတယ်။ ကိုယ်လည်း အိပ်ချင်မူးတူးနဲ့ ထလာလိုက်တာ တိုက်ဆိုင်ချင်တော့ ပီတာ့ကို ရေချိုးခန်းမှာ သွားတွေ့ရတယ်။ သူက အောက်ကိုဆင်းလာခါစကိုး။ အောက်ထပ်မှာတွေ့ဖို့ ကိုယ်က ချိန်းလိုက်တယ်။

ကိုယ်လည်း အလုပ်တွေ ဘာတွေ လုပ်ပြီးတဲ့နောက် အောက်ထပ်ကို ဆင်းလာခဲ့တယ်။ အရှေ့အပေါ်ဆုံးထပ်ကို သွားရဲသေးသလား’ တဲ့သူကမေးတယ်။ ကိုယ်က ခေါင်းညိတ်လိုက်မိတယ်။ ကိုယ်ခေါင်းအုံးကိုယူပြီး ကိုယ်တို့ဟာ အပေါ်ဆုံးထပ်ကို တက်လာခဲ့ကြတယ်။

ရာသီဥတုကတော့ သာယာလှပါတယ်။ ပီတာက ကိုယ့်ပုခုံးပေါ်ကို သူ့လက်တွေတင်ထားသလို၊ ကိုယ်ကလည်း သူ့ကို လက်မောင်းနဲ့ သိုင်းဖက်ထားပြီး ထိုင်နေကြတယ်။ တစ်ယောက်ကို တစ်ယောက် လက်မောင်းချင်းဆက်လို့ ထိုင်နေလိုက်ကြတာ ညနေ၄နာရီမှာ မားဂေါ့က ကော်ဖီသောက်ဖို့ လာခေါ်အထိပဲ။

ကိုယ်တို့ဟာ ပေါင်မုန့်စားလိုက်၊ လိမ္မော်ရည်သောက်လိုက်၊





ရီစရာတွေ ပြောလိုက်(အခုပြောနိုင်ပြန်ပြီလေ။)နဲ့ အရာရာဆိုင်းမ[illegible] ပုံမှန်အတိုင်းပါပဲ။ ညနေ ဘက်ကျတော့ ကိုယ်က ပီတာ့ကို ကျေးဇူး တင်ကြောင်း ပြောလိုက်တယ်။ ဘာဖြစ် လို့လဲဆိုတော့ ကိုယ်တို့အထဲမှာ သူဟာ အရဲရင့်ဆုံးပဲကိုး။

ဒီလောက် ဘေးအန္တရာယ်များတဲ့ ညမျိုးကို ကိုယ်တို့ တစ်ခါမှ မတွေ့ခဲ့ကြဘူး။ ဘုရားသခင်က ကိုယ်တို့ကို တကယ်ပဲ ကယ်တင်ခဲ့တာပါပဲ။ စဉ်းစားကြည့်လေ၊ ကိုယ်တို့ လျှို့ဝှက်ထားတဲ့ နေရာကို ပုလိပ်ရောက်တယ်။ ဒီနေရာမှာ မီးလင်းနေခဲ့တယ်။ အခုအထိ ဒီမီးလင်းနေတဲ့ အကြောင်းရင်းကို ကိုယ်တို့ မတွေ့ရသေးဘူး။

မဟာမိတ်တွေက ဝင်တိုက်လို့ဖြစ်စေ၊ ဗုံးကြဲလို့ဖြစ်စေ၊ ခံရမှာက ကိုယ့် ကုသိုလ်နဲ့ ကိုယ်ချည်းပဲ။ အခုကိစ္စမှာကတော့ ကြောက်တယ်ဆိုတဲ့ နေရာမှာ အားလုံးက ကြောက်တာ။ အင်း အခုတော့ ‘ဘေးမသီရန်မခ ဖြစ်ပါပြီ။’ ရှေ့မှာလည်း ဘေးမသီရန်မခဖြစ်ပါစေ’လို့သာ ကိုယ်တို့ ပြောနိုင်တယ်လေ။

အဲဒီလို ဖြစ်လိုက်ပြီးတဲ့အတွက် အရာရာဟာ ပြောင်းလဲသွားတယ်။ မစ္စတာဒူဆဲဟာဆိုရင် ညနေဘက်တွေမှာ အောက်ထပ်မှ ကရာဂုံရုံးခန်း ထဲမှာပဲ သွားထိုင်နေတယ်။ ပီတာကတော့ ၈ နာရီခွဲနဲ့ ၉ နာရီခွဲမှာ အိမ်ကို လှည့်လည်စစ်ဆေးရတယ်။ ပီတာရဲ့ ပြတင်းပေါက်ကိုလည်း ညဘက်မှာ ဖွင့်ခွင့်မပေးတော့ဘူး။ ကနေ့ညနေမှာ ကုန်လှောင်ရုံတံခါးကို ပိုခိုင်အောင် ပြင်ဖို့ဆိုပြီး လက်သမားတောင် လာသေးတယ်။

အခု ‘လျှို့ဝှက်ခန်းဆောင်’မှာ စကားစစ်ထိုးပွဲတွေ ဖြစ်နေလေရဲ့။ ကရာဂါက ကိုယ်တို့ရဲ့ ဂရုမပြုမှုတွေအတွက် အပြစ်ဆိုတယ်။ ဟန့်ကလည်း ဒီလိုကိစ္စမျိုးမှာ ကိုယ်တို့ဟာ အောက်ထပ်ကို မဆင်းသင့်ဘူးလို့ ပြောတယ်။ အထူးသဖြင့် ကိုယ်တို့ဟာ ပုန်းအောင်းနေရသူတွေ၊ ကိုယ်တို့ဟာ နှောင်ကြိုးထပ်ထားခြင်းခံရတဲ့ ဂျူးတွေ၊ နှောင်ကြိုးဆိုမှ တကယ့်နှောင်ကြိုး။ ကိုယ်တို့မှာ တာဝန်ဝတ္တရား ထောင်ပေါင်းများစွာကလွဲလို့ ဘာအခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးမှမရှိတဲ့ ဂျူးတွေဆိုတာ သတိပြုရမယ်လို့ တိတိလင်းလင်း သတိပေးကြတော့တာပဲ။

ကိုယ်တို့ ဂျူးတွေဟာ အတွင်းစိတ်ခံစားမှုကို မဖော်ပြရဘူး။ ရဲရင့်ရမယ်၊ ခိုင်မာရမယ်၊ မဟုန်လှုပ်ရဘူး။ ကရိကထအားလုံးကို ခံရမယ်။ ကိုယ်စွမ်းရှိသမျှ လုပ်ရမယ်။ ဘုရားသခင်ကို ယုံကြည်ရမယ်။ တစ်ချိန်မှာ ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ ဒီစစ်ပွဲကြီးပြီးသွားလိမ့်မယ်။ ကိုယ်တို့ဟာ ဂျူးမျှသာမဟုတ်တော့ဘဲ လူပြန်ဖြစ်ရမယ့် အချိန်တချိန်ကိုတော့ ကျိန်းသေရောက်ဦးမှာပေါ့။

ကိုယ်တို့အပေါ်မှာ ဘယ်သူက ဒီလိုဒုက္ခတွေ ပေးသလဲ။ ကိုယ်တို့ ဂျူးတွေကို တခြားလူတွေနဲ့ ခြားနားအောင် ဘယ်သူကများလုပ်သလဲ။ အခုအထိ ဒီလိုကြောက်မက်ဖွယ်ရာ အတိဒုက္ခတွေ မခံစားနေရအောင် ဘယ်သူကများ ဖန်တီးသလဲ။ ကိုယ်တို့ကို ဖန်တီးခဲ့တာဟာ ဘုရားသခင်ပါပဲ။ ဒီအတိဒုက္ခတွေအားလုံးကို ကိုယ်တို့ခံစားသွားနိုင်ကြရင် ဒီကမ္ဘာမြေပြင်ကြီးပေါ်မှာ ဂျူးရယ်လို့ ကျန်နေသေးရင် ဂျူးတွေဟာ ပျက်သုန်းပျောက်ကွယ်သွားရမယ့်အစား နမူနာတစ်ရပ်အဖြစ်နဲ့ ရှိနေဦးမှာပါပဲ။ ကမ္ဘာကြီးနဲ့ လူတွေအားလုံး ကောင်းရာကောင်းကျိုးတရားကို သင်ကြားခဲ့တာဟာ ကိုယ်တို့ရဲ့ ဘာသာရေးပဲဆိုတာ ဘယ်သူက သိပါ့မလဲ။ ဒါဟာ အကြောင်းတရားပဲ။ ဒီအကြောင်းတရားက ကိုယ်တို့ကို အခုလို အတိဒုက္ခတွေ ခံစားစေရအောင် လုပ်တာပါပဲ။ ကိုယ်တို့ဟာ နယ်သာလင်သားလည်း မဖြစ်နိုင်ဘူး။ အင်္ဂလန်သားလည်း မဖြစ်လာနိုင်ပါဘူး။ ဘယ်နိုင်ငံသားရယ်လို့မှ မဖြစ်လာနိုင်ပါဘူး။ ထာဝစဉ် ဂျူးများအဖြစ်သာ ရှိနေမှာပဲ။ ကိုယ်တို့ကလည်း ဂျူးပဲ ဖြစ်ချင်တာပါပဲ။

ရဲရင့်စမ်းပါ။ ကိုယ်တို့ရဲ့ လုပ်ငန်းတာဝန်ကို မမေ့မလျော့ပါစို့နဲ့။ မတုန်လှုပ်ပါစို့နဲ့။ အဖြေတော့ ပေါ်လာမှာပါပဲ။ ဘုရားသခင်ဟာ ကိုယ်တို့လူမျိုးတွေကို ဘယ်တော့မှ ပစ်မထားပါဘူး။ ဂျူးတွေဟာ ခေတ်ကာလအဆက်ဆက်ကတည်းက ရှိလာခဲ့ပါတယ်။ အတိဒုက္ခတွေကိုလည်း ဒီခေတ်





ဒီကာလအဆက်ဆက်မှ ခံစားခဲ့ကြရပါတယ်။ ဒါပေမယ့် **ဒီအတိဒုက္ခ**တွေဟာ သူတို့ကို ပိုပြီးကြံ့ခိုင်အောင် လုပ်ခဲ့တာပါပဲ။ အားနည်း **သူဟာ** ကျဆုံးရစမြဲပေမယ့် ကြံ့ခိုင်သူဟာလည်း တည်တံ့ ရစမြဲပါပဲ။ ဘယ်**တော့မှ** အောက်ကိုလျှောကျမသွားနိုင်ပါဘူး။

အဲဒီညတုန်းက ကိုယ်ဟာ သေရတော့မှာပဲလို့ တွက်မိတယ်။ ပုလိပ်တွေကို ကိုယ်စောင့်တယ်။ စစ်မြေပြင်ရောက်နေတဲ့ စစ်သားလို ကိုယ်ဟာ အရာရာ အဆင်သင့်ပါပဲ။ နိုင်ငံအတွက် ကိုယ့်အသက်ကို စွန့်လွှတ်ဖို့ ဆန္ဒရှိပါတယ်။ ဒါပေမယ့် အခု ကိုယ်လွတ်သွားပြန်ပြီနော်။ ဒီလို လွတ်သွားတော့ စစ်ပြီးရင် ဒတ်ချ်လူမျိုး တယောက်ဖြစ်လာပါ**စေ** ဆိုတာဟာ ကိုယ်ရဲ့ ပထမဆုံးဆုတောင်းပဲ။

ဒတ်ချ်တွေကို ကိုယ်ချစ်တယ်။ ဒီနိုင်ငံကို ကိုယ်ချစ်တယ်။ **ဒီဘာသာ**ကို ကိုယ်ချစ်တယ်။ ဒီနိုင်ငံမှာ ကိုယ်အလုပ်လုပ်ချင်တယ်။ ဘုရင်**မဆီကိုပဲ** စာရေးရ ရေးရ၊ ကိုယ့်ရည်မှန်းချက် မရောက်မချင်း ကိုယ် **အရှုံးပေး** လက်မြှောက်မှာမဟုတ်ဘူး။

မိဘတွေလက်ထဲက ပိုပြီးလွတ်လပ်လာတယ်။ ကိုယ်ဟာငယ်**သေး**တယ် မဟုတ်လား။ ဒီလိုငယ်သေးတဲ့အတိုင်း ဘဝကို ရင်ဆိုင်ရာ**မှာ** မေမေ့ထက် ပိုသတ္တိရှိတယ်။ တရားမျှတမှုအတွက် ကိုယ့်ခံယူ ချက်**ဟာ** ပြောင်းလဲလို့မရဘူး။ မေမေတို့ ထက်လည်း ပိုပြီးစစ်မှန်ခိုင်ခံ့တယ်။ **ကိုယ်** ဘာလိုချင်တယ်ဆိုတာ ကိုယ်သိတယ်။ ကိုယ့်မှာ ရည်မှန်း ချက်ရှိတယ်၊ ဆန္ဒရှိတယ်။ ဘာသာရေးရှိတယ်။ အချစ်ရှိတယ်။ ကိုယ်ဟာ **ကိုယ့်ဘာသာ** ဖြစ်ချင်တယ်။ အဲဒီလိုဖြစ်ရင် ကိုယ်ကျေနပ်ပြီ။ ကိုယ်ဟာ **အတွင်း**သန္တာန်ရဲ့ အင်အားနဲ့ ရဲစွမ်းသတ္တိတွေရှိတဲ့ မိန်းမတစ်ယောက် ဖြစ်**ကြောင်း** ကိုယ်သိပါတယ်။

တကယ်လို့ ဘုရားသခင်ကများ ကိုယ့်ကို အသက်ရှင် နေထိုင်**ခွင့်ပြု**ဦးမယ်ဆိုရင် ကိုယ်က မေမေလုပ်တာတွေထက် ပိုလုပ်နိုင်မယ်။ **မထူး**ခြားတဲ့ မိန်းမမ ဖြစ်နိုင်ဘူး။ ကမ္ဘာကြီးနဲ့ လူ့ဘောင်အတွက် **ကိုယ်**



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ရမယ်။

ပထမဦးဆုံး နဲ့ အရေးအကြီးဆုံးကတော့ ရဲစွမ်းသတ္တိနဲ့ ပျော်ရွှင်မှုကို လိုအပ် တယ်ဆိုတာ အခု ကိုယ်သိပြီ။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊

ဧပြီ ၁၄၊ ၁၉၄၄

ချစ်သော ကစ်တီ

ပတ်ဝန်းကျင်ကတော့ အခုအထိ တင်းမာခက်ထန်နေဆဲပါပဲ။ ဖေဖေဟာ ရေဆူမှတ်တိုင် ရောက်နေပြီ။ မစ္စက်ဖန်ဒန်းကတော့ အအေးမိပြီး ဖျားနေလေရဲ့။ မစ္စတာဖန်ဒန်းကဆိုရင် တစ်နေ့တခြား ဖြူရော်ရော် ဖြစ်လာတယ်။ ကိုယ့်သက်သာမှုတွေကို စွန့်လွှတ်ခဲ့တဲ့ ဒူဆဲတစ်ယောက် ဝဲတော့ အရာရာကို အကဲခပ်လေ့လာလို့ပေါ့လေ။

အခိုက်အတန့်မှာတော့ ကိုယ်တို့ သိပ်ကုသိုလ်ကံမကောင်းလှသေးဘူးလို့ ဆိုရမယ်။ အိမ်သာခန်းမှာရှိတဲ့ ရေဘုံဘိုင်က ဝါရှာကျွတ်ထွက်သွားလို့ ခက်နေတယ်။ ဒါပေမယ့် များပြားလှတဲ့ ကိုယ်တို့ရဲ့ အဆက်အသွယ်တွေကြောင့် မကြာခင် ပြန်ပြီးကောင်းအောင် ပြုပြင်နိုင်မှာပါ။

တခါတလေ ကိုယ်ဟာ သိပ်စိတ်ကူးယဉ်တယ်ဆိုတာ ကိုယ်သိတယ်။ တခါ တလေတော့လည်း စိတ်ကူးယဉ်စရာ အချိန်ရယ်လို့ ရှိပေသကိုး။ အမှိုက်သရိုက်တွေ ဖုံတွေအကြားက မာကြောတဲ့ သစ်သားသေတ္တာကြီး တစ်လုံးလုံးပေါ်မှာ ကိုယ်နဲ့ ပီတာဟာ တစ်ယောက်ပခုံးကို တစ်ယောက်ဖက်လို့ နီးနီးကပ်ကပ် ထိုင်နေကြရတုန်း အပြင်ဘက်မှ ငှက်ကလေးတွေက တေးကြွေးလို့။ သစ်ပင်တွေဟာ စိမ်းလာသလိုလို ထင်ရလို့။ လေဟာပြင်ထဲကို ထွက်ခဲ့ပါတော့လားရယ်လို့ နေမင်းကြီးက ဖိတ်ခေါ်လို့။ ကောင်းကင်ပြင်ဟာပြာလို့။ ကဲ ဒါထက်ပိုပြီး တွေ့ရပါစေလို့





ကိုယ်တော့ ဆုတောင်း မိပါရဲ့။

ဒီနေရာကိုကြည့်ရင် စိတ်မကျေနပ်စရာကလွဲလို့ ဘာမှမတွေ့ဘူး။ အိုနေတဲ့ မျက်နှာတွေ၊ မကျေမနပ် မပြောဆိုရွှတ်ဆိုသံတွေက လွဲလို့ ဘာမှမရှိဘူး။ ဘယ်သူမှ နှမ့်နာကောင်းပြတဲ့ လူရယ်လို့ မရှိကြဘူး။

ကိုယ့်အလုပ်၊ ကိုယ့်မျှော်လင့်ချက်၊ ကိုယ့်အချစ်နဲ့ ကိုယ့်သတ္တိတွေက ကိုယ့်ကို ကယ်ဆယ်ထားပြီး၊ အဲဒီလို မကျေမချမ်းမှုတွေနဲ့ ဝေးအောင် ဖန်တီးထားတာပါပဲ။ ဒီ အရာရာတိုင်းဟာ ရှုပ်ထွေးနေတယ်။ နောင်ကာလ ကြာရင် ကိုယ်ရဲ့ ရိုးရိုးသားသား ယုပ်ကိုင်ပြုစုမှုတွေကို စိတ်ဝင်းစားသူမှ ရှိပါတော့မလားလို့ သံသယဖြစ်မိပါရဲ့။

'အကြည့်တန်သော ဘဲကလေးတစ်ကောင်၏ ဖွင့်ဟချက်'လို့ အဲဒီ မရေမရာ ပြဿနာအားလုံးကို ခေါင်းစဉ်တပ်မယ်။

မင်းရဲ့ အင်နာ။

* * *

ဧပြီ ၄၊ ၁၉၄၄

ချစ်သော ကစ်တီ

တန်လုပ်စရာကတော့ တစ်ခုပြီးတစ်ခုပါ။ ဆုံးမှဆုံးနိုင်ပါတော့မလား။ ဒီမေးခွန်းကို အနုးဆိုရင် ကိုယ်တို့ဟာ ရိုးရိုးသားသား မေးနိုင်ကြပါပြီ။ နောက်ဆုံး ဘာတွေဖြစ်ကြတယ်မှတ်သလဲ။

ပီတာက မျက်နှာတာဟံခါး(ညမှာအတွင်းဘက်က ဂျက်ချပိတ်လေ့ရှိတယ်)ကို ဂျက်ကို ဖွင့်ဖို့သတိမေ့နေတယ်။ တခြား တံခါးကမ... ခလောက်ကလည်း ပျက်နေတယ်။ အဖြေကတော့ ကရာဂါနဲ့ တခြား လူတွေ အိပ်ထဲမဝင်နိုင်တော့ဘူးပေါ့။ ဒီတော့သူက မီးဖိုခန်းပြတင်းပေါက်... အကာင်းဖွင့်ပြီး အနောက်ဖက်ကနေ ဝင်ရတယ်။ ဒီလို မိုက်မဲရပါမလား... လို့ကိုယ်တို့က သူ့ကို အပြစ်တင်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ပီတာက ကြောက်လန့်တကြီး စိုးရိမ်နေတယ်၊ ထမင်းစားတဲ့အချိန်မှာ မေမေက ပီတာ့အတွက် ဝမ်းနည်းတယ်ဆိုပြီး ငိုတော့မတတ်ပဲ။ ကိုယ်တို့ အားလုံးလည်း ယူနဲ့အတူ အပြစ်တင်ခံသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေ့တိုင်းလိုလို လူတွေက တံခါးဂျက်ကို ဖြုတ်ထားခဲ့မလားလို့ မေးကြတယ်။ ဒီနေ့ကျတော့ ဘယ်သူကမှ မမေးမိကြဘူး။

နောက်ကျမှပဲ သူ့ကို ကိုယ်က ဖြေသိမ့်နိုင်မလားမသိဘူး။ ဒီလိုကူညီရ မယ်ဆိုရင် ကိုယ် ဝမ်းသာသပေါ့။

မင်းရဲ့ အင်နာ။

* * *

တနင်္ဂနွေနေ့နံနက် ၁၁နာရီမတိုင်မီ၊
မေ ၁၆၊ ၁၉၄၄

ချစ်သော ကစ်တီ

မနေ့က မွေးနေ့ကို မှတ်သားထားပေတော့ ကိုယ့်ဘဝမှာ အင်မတန်အရေးကြီးတဲ့နေ့လေ။ ပထမဆုံး အနမ်းခံရတဲ့နေ့ဟာ မိန်းကလေးတိုင်းအတွက် အင်မတန် ထူးမြတ်ကြီးကျယ်တဲ့ နေ့ဆိုတာ သေချာတယ်မဟုတ်လား။ ကဲ ဒီလိုဆိုရင် ကိုယ့်အတွက်လည်း ထူးမြတ်ကြီးကျယ်တဲ့နေ့ပေပေါ့။

ကိုယ် ဘယ်လို အနမ်းခံရသလဲဆိုတာ မင်းကို ပြောပြပါ့မယ်။ သူနဲ့အတူ ထိုင်နေတယ်။ သူက ကိုယ့်ကိုယ် ဖက်ထားတာတော့ကြာပါပြီ။ 'နည်းနည်း ရွှေ့ရအောင်၊ ကျွန်မခေါင်းနဲ့ ဘီရိုနဲ့ တိုက်မနေအောင်လေ' လို့ ကိုယ်ကပြောတော့ သူက ဒေါင့်စွန်းနားမျောက်လုနီးအထိ ရွှေ့ပေးတယ်။ ကိုယ်ကလည်း သူ့ကျောကို သိုင်းဖက်ထားလိုက်တယ်။ သူကတော့ ကိုယ့်ကို ပခုံးကနေပြီး သိုင်းဖက်ထားလိုက်တာ တစ်ကိုယ်လုံး မြုပ်လုနီးနီးပါပဲ။

အရင်တုန်းကလည်း ကိုယ်တို့ ဒီလိုထိုင်ဖူးကြပေမယ့် ဒီတစ်ကြိမ်





လောက် ပူးပူးကပ်ကပ် တစ်ခါမှ မထိုင်ကြသေးဘူး။ ကိုယ့်ဘယ်ဘက်ပခုံးက သူ့ရင်ခွင်ကို မှီလို့။ ကိုယ့်နှလုံးသားကတော့ခုန်လှုပြီ။ သူက ဖက်ထားလိုက်တာ နောက်ဆုံးတော့ ကိုယ့်ခေါင်းဟာ သူ့ပုခုံးကိုမှေးထားရက်သားဖြစ်တဲ့အထိပဲ။ ကိုယ်က ငါးမိနစ် လောက်အကြာမှာ ပြန်ရုန်းထွက်တော့ သူက ကိုယ့်ခေါင်းကို လက်နှစ်ဖက်နဲ့ဆွဲပြီး ပြန်မှီထားနိုင်းတယ်။

အင်မတန်ချစ်စရာကောင်းတဲ့ အချိန်ပေါ့။ ကိုယ့်မှာ ပျော်လွန်းလို့စကားတောင် များများမပြောနိုင်ဘူး။ သူက ကိုယ့်ပါးပြင်နဲ့ လက်မောင်းကို တရွှေ့ရွှေ့ စမ်းသပ်လို့။ ဒီအချိန်မှာ ကစ်တီရေ့ ကိုယ့်တစ်ကိုယ်လုံး အတွေးတွေ ဝန်းဝန်း လည်နေတာပါပဲ။ ကိုယ်ဟာ သိပ်ပျော်နေတယ်။ သူလည်း ဒီလိုနေမှာပါပဲ။ ၈နာရီခွဲ တော့ ကိုယ်တို့ ထကြတယ်။ ပီတာက သူ့ဘားဂျမ်းဖိနပ်ကိုစီးပြီး ကိုယ်တို့ဟာ အသံတစ်ချက်မှ မကြားအောင် တိတ်တိတ်ကလေး အိမ်ထဲမှာ လျှောက်ကြတယ်။ ဘယ်လိုမြန်မြန်ဆန်ဆန် ဖြစ်သွားသလဲတော့ မသိဘူး။ အောက်ထပ်ကို မဆင်းခင် သူက ကိုယ့်ကို နမ်းတယ်။ ဆံပင်တွေကတဆင့် ဘယ်ဘက်ပါးကို ဘယ်နားရွက်ကို သူနမ်းလိုက်တယ်။ ကိုယ်ဟာ ဘယ်ကိုမှ မကြည့်ဘဲ အောက်ထပ်ကို ခြေဖျားထောက် ဆင်းခဲ့တယ်။ ဒီနေ့ကို ကိုယ်မျှော်လင့်တောင့်တခဲ့ရတာ ကြာပြီလေ။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ၊
မေ ၁၇၊ ၁၉၄၇

ချစ်သော ကစ်တီ

အသက် ၁၇နှစ်ခွဲလောက် ယောက်ျားလေး တစ်ယောက်နဲ့ အသက် ၁၅နှစ်တောင် မပြည့်သေးတဲ့ မိန်းကလေးတစ်ယောက်တို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကလေးရဲ့ ကုတင်ပေါ်မှာ အကျဆိုင်တာ နမ်းတာကိုများ ဖေဖေနဲ့ မေမေတို့က သဘောတူမယ်လို့ မင်းထင်သလား။ ကိုယ်တော့ မထင်ဘူး။ ဒါပေမယ့် ဒီကိစ္စမှာ ကိုယ်ဟာ ကိုယ့်အပေါ်ပဲ အားထားရတော့မှာပေ့ါ။

သူ့ လက်မောင်းထဲမှာ လဲလျောင်းရတာ၊ အိပ်မက်မက်ရတာဟာ အင်မတန် အေးငြိမ်းလှပါတယ်ကွယ်။ သူ့ပါးက ကိုယ့်ပါးကို ကပ်ထား တာဟာ ရင်ဖိုစရာပါပဲ။ ကိုယ့်အတွက် တစ်စုံတစ်ယောက်သောသူက စောင့်နေပြီရယ်လို့ သိရတာဟာလည်း ချစ်စရာအတိပါပဲ။ ဒါပေမယ့် ဒီနေရာမှာ အပွန်းတရာကြီးမားလှတဲ့ 'ဒါပေမယ့်' ဆိုတာကြီးရှိနေ ပြန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလောက်နဲ့ ပီတာကို စိတ်ချ ရပ့ါမလား။ သူ့ကတိစကားကို ကိုယ် မမေ့ပါဘူး။ သူဟာ ယောကျ်ား ကလေးတစ်ယောက် မဟုတ်လား။

ကိုယ်ဟာ အသက် ၁၅နှစ်တောင် မပြည့်သေးဘူး။ ဒါနဲ့တောင် ဒီလောက် လွတ်လပ်လှတယ်လို့ ကိုယ့်ကိုယ်ကို သိတယ်။ တခြားလူတွေ အနေနဲ့လည်း နားလည်လို့ တော်တော်ခက်မယ်။ မားဂေါ့ဟာဆိုရင် ကြောင်းလမ်းခြင်းမရှိသေး၊ ထိမ်းမြားခြင်းမရှိသေးပဲ ယောကျ်ားလေး တစ်ယောက်ရဲ့ အနမ်းခံမှာမဟုတ်ဘူးဆိုတာ သေချာတယ်။ ဒါပေမယ့် ကိုယ်နဲ့ ပီတာကတော့ ဒီလိုစိတ်မျိုးမရှိကြဘူး။ မေမေဟာ ဖေဖေ့အရင် ဘယ်ယောကျ်ားမှ လက်ဖျားနဲ့ အတို့မခံခဲ့ရဘူးဆိုတာလည်း ကိုယ်သေ သေ ချာချာယုံကြည်တယ်။ ကိုယ်ဟာ ပီတာရင့်ခွင်မှာ လဲလျောင်းပြီး ကိုယ့်နှလုံးသားနဲ့ သူ့ရင်အပ်ပြီး ကိုယ့်ခေါင်းထဲက သူ့ပခုံးမှာ မှေးပြီး ခေါင်းချင်းကပ်လို့နေတာကို တခြားမိန်းကလေးမိတ်ဆွေတွေများသိသွားရင် ဘယ်လိုပြောကြမလဲ။

အင်နာတစ်ယောက် ဘယ်လောက်များ ရှက်စရာကောင်းနေသလဲ။ ဒါပေမယ့် ရိုးရိုးသားသား ပြောမယ်နော်။ ရှက်စရာလို့ ကိုယ်မထင်ဘူး။ ကိုယ်တို့ဟာ ကြောက်မက်ဖွယ်၊ ထိတ်လန့်ဖွယ်တွေနဲ့ ဒီကမ္ဘာကြီးကနေ ကိုယ်တို့ ပြေးယွက်သွားကြတာလေ။ ကောင်းပြီ၊ ဒါဖြင့် မေးစရာတွေ





ရှိသေးရဲ့။ တစ်ယောက်နဲ့ တစ်ယောက်ချစ်တဲ့ ကိုယ်တို့နှစ်ယောက်ဟာ ဘာကြောင့် ခွဲခွာနေကြရမှာလဲ။ လျော်ကန်တဲ့ အသက်အရွယ်ရောက် အောင် ဘာကြောင့်စောင့်နေကြရမှာလဲ။ ကိုယ်တို့ဘာကြောင့် မွှယ်ရမှာလဲ။

ကိုယ်ဟာ ဒီနေရာမှာ ကိုယ့်ကိုယ်ကိုပဲ ကြည့်တယ်။ သူဟာ ကိုယ့်ကို ဝမ်းနည်းမှု နာကျင်မှုတွေဖြစ်အောင် လုပ်မယ့်လူ မဟုတ်ပါဘူး။ ဒီလိုနဲ့ နှစ်ယောက်စလုံး ပျော်ကြတယ်ဆိုရင် ဘာဖြစ်လို့ ကိုယ့်နှလုံးသား ရဲ့ စေစားရာကို ကိုယ် မလိုက်နိုင်ရမလဲကစ်တီ။ ကိုယ့်မှာ သံသယစိတ် ရှိနေတယ်ဆိုတာကို မင်း သဘောပေါက်လိမ့်မယ် ထင်ပါတယ်။ ကိုယ်ဘာ လုပ်နေတယ်ဆိုတာ ဖေဖေ့ကိုပြောဖို့ ကိုယ့်မှာ တာဝန်ရှိတယ်လို့ မင်းထင် သလား။ ကိုယ်တို့ရဲ့လျှို့ဝှက်ချက်ကို ကြားလူတစ်ယောက်ဆီ ပေါက်ကြား သင့်တယ်လို့ မင်းထင်သလား။ အလှအပများစွာဟာ ပျောက်ဆုံးသွား မှာပါပဲ။ ဒါပေမယ့် ကိုယ်စိတ်စေတသိက်ကတော့ ပိုပြီး ပျော်မွေ့လာမှာပေါ့။ ဒီကိစ္စကို 'သူ'နဲ့ တိုင်ပင်ပါ့မယ်။

သူ့ကို ပြောစရာတွေ အများကြီးကျန်ပါသေးတယ်။ ယုံစားမှုကို ပြတဲ့အနေနဲ့၊ တစ်ဦးကိုတစ်ဦး စိတ်ချယုံကြည်ကြောင်းပြတဲ့အနေနဲ့ အတွေးချင်း ဖလှယ်ကြရမယ်။ ဒီလို ဖလှယ်ခြင်းအားဖြင့် ကိုယ်တို့ နှစ်ယောက်စလုံးအတွက် အမြတ်ထွက်မယ်လေ။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ

မေ ၁၈၊ ၁၉၄၄

ချစ်သော ကစ်တီ

အရာရာဟိုင်း၊ ကောင်းကောင်းမွန်မွန် ဖြစ်နေပြန်ပြီ။ မေလ ၂၀ရက် မတိုင်ခင် ရုရှားနဲ့ အီတလီမှာရော၊ အနောက်မှာရော အကြီးအကျယ်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်မှုတွေ လုပ်လိမ့်မယ်လို့ ဖေဖေက ပြောတယ်။ ကိုယ်တို့တော့ ဒီနေရာက ခက်သထက် ခက်လာပြီလို့ ကိုယ်တွေးမိတယ်။

လွန်ခဲ့တဲ့ ၁၀ရက်လောက်က စခဲ့တဲ့ ကိုယ်တို့ရဲ့ စကားတွေကို မနေ့က ပီတာနဲ့ ကိုယ်ဆက်ပြောကြတယ်။ ကိုယ်က မိန်းကလေးတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ ဟူသမျှကို ရှင်းပြတယ်။ အဲဒီညနေက တစ်ယောက်ကို တစ်ယောက် နမ်းခြင်းနဲ့ အဆုံးသတ်လိုက်တယ်။ ကိုယ့်နှုတ်ခမ်းနဲ့ နားယင်စလေးတွေကို သူနမ်းတာဟာ တကယ့်ကို ချစ်စရာကောင်းလှတဲ့ ခံစားမှုတစ်ရပ်ပါပဲ။

တစ်နေ့ တစ်နေ့ တစ်ယောက် လက်မောင်းထဲမှာ တစ်ယောက် လဲလျောင်း နေရတာနဲ့ပတ်သက်လို့ ကိုယ့်စိတ်မှာ သိပ်မကျေနပ်ချင်ဘူး။ သူကလည်း အလားတူ ဒီလိုပဲရှိပါစေလို့တော့ ဆုတောင်းမိသား။

ရှုံ့လျားလှတဲ့ ဆောင်းဥတုအပြီးမှာ အခုဆိုရင် သာယာလွန်းတဲ့ နွေရာသီကို ရောက်လာပြီ။ ဧပြီလဆိုတာ တခါတလေ မိုးဖွဲကလေး ရွာလိုက်နဲ့ သိပ်လည်း မပူ၊ သိပ်လည်းမအေး။ ကောင်းကင်ဟာလည်း ပြောက်ပလို့။ ကိုယ်တို့ရဲ့ သစ်ကျားပင်ကတော့ စိမ်းလိုက်လာပြီ။ အပွင့်သေးသေး ကလေးတွေကိုလည်း ဟိုတစ်ပွင့် ဒီတစ်ပွင့် တွေ့နိုင်ပြီလေ။

စနေနေ့က အဲလီဟာ ကိုယ်တို့အတွက်ဆိုပြီး ပန်းတွေယူခဲ့သေးတယ်။ ကဲ ကစ်ကီရေ၊ အကျွမ်းလျှာသလျှာတွေ လုပ်စရာရှိသေးလို့ တော်ဦးမယ်။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး၊
မေ ၁၉၊ ၁၉၄၄

အချစ်ဆုံး ကစ်ကီ

ဖွင့်ထားတဲ့ ပြတင်းပေါက်မှာထိုင်၊ သဘာဝကိုစား၊ ငှက်ကလေး





တွေရဲ့ တေးဆိုသံကို နားထောင်၊ ပါးပြင်ကို နေရောင်ကထိပါစေ၊ ကိုယ့်လက်မောင်းထဲမှာ ချစ်သူကိုပွေ့ဖက်လို့ နေရတာလောက် သာယာလှပတာရယ်လို့ ဒီကမ္ဘာကြီးကို ရှိပါဦးတော့မလား။

သူက ကိုယ့်တစ်ကိုယ်လုံးကို သိမ်းကြုံးပွေ့ဖက်ရင်း တိတ်လို့ ကိုယ့်အနားမှာ သူရှိနေပါကလားဆိုတဲ့ အသိနဲ့ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် ဖိုင် နေရတာဟာ အင်မတန် မွေ့လျော်ကြည်နူးစရာပါပဲ။ အို အနှောင့်အယှက်ရယ်လို့ မတွေ့ရပါစေနဲ့ကွယ်။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊
မေ ၂၁၊ ၁၉၄၄

ချစ်သော ကစ်ကီ

မနေ့က လည်ချောင်းချောက်တာနဲ့ အိပ်ရာထဲ လှဲနေခဲ့ရတယ်။ ဒီနေ့ အဖျား လည်းမရှိ၊ ပျင်းလည်းပျင်းတာနဲ့ အိပ်ရာထဲမှာ မနေတော့ဘူး။ ဒီနေ့ဟာ ယော့ခ်မြို့စား အဲလိဇဘက်မင်းသမီးရဲ့ ၁၈ ကြိမ်မြောက် မွေးနေ့ပေါ့။ ဆွေတော်မျိုးတော် သားသမီးတွေရဲ့ လုပ်ရိုးလုပ်စဉ်ရှိပေမယ့် မင်းသမီးဟာ သူ့အသက်ကို ကြေညာမှာ မဟုတ်ဘူးလို့ ဘီဘီစီက လွှင့်တယ်။ ဒီမင်းသမီးလေးဟာ ဘယ်မင်းသားနဲ့များ ထိမ်းမြားမလဲလို့ ကိုယ်တို့အချင်းချင်း ပြောမိကြတယ်။ ဒါပေမယ့် သင့်တော်သူကို စဉ်းစားလို့ မရကြဘူး။ သူ့ညီမတော် မာဂရက်မင်းသမီးလေးကတော့ ဘယ်လ်ဂျီယံက ဘူဒိုံ အင်မင်းသားနဲ့များ နောင်တစ်နေ့မှာ ထိမ်းမြားမလားတော့ မသိဘူး။

ကိုယ်တို့အတွက်တော့ အကုသိုလ်ဟာ ဆက်တိုက်လာတုန်းပဲ။ ကန့်လျောင်ရုံစေခွင့် လာဟာထက် တံခါးကို ပိုခိုင်အောင်လုပ်တာ ကိုယ်တို့က သဘောကျသေးတယ်။ ကိုယ်တို့ စားရမယ့်အာလူးကို ခိုးတာ ဒီလူပဲဖြစ်နိုင်တယ်။ နောက်ပြီးသူက အဲလီကို လွှဲချသေးတယ်။ 'လှိုင်ကင်ခန်းဆောင်'တစ်ခုလုံး အုံးအုံးကျွက်ကျွက် ဖြစ်ပြန်ပြီ။ အဲလီကတော့ စိတ်ဆိုးလို့မဆုံးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကလောင်နာမည်တစ်မျိုးနဲ့ သတင်းစာတစ်စောင်ကို ဖြစ်ဖြစ်၊ တခြားမဂ္ဂဇင်း ဟိုက်ပဲဖြစ်ဖြစ် ကိုယ့်ဝတ္ထုလေးတွေ ပို့ကြည့်ဦးမယ် စိတ်ကူးတယ်။ သူတို့ ထည့်မထည့် သိရအောင်။

ကဲ နောက်တစ်ကြိမ်မှ တွေ့ကြဦးမယ်။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ၊

ဧပြီ ၂၅၊ ၁၉၄၄

ချစ်သော ကစ်တီ

ဒူဆဲက ဖန်ဒန်းနဲ့ စကားမပြောတာ ၁၀ ရက်လောက်ရှိပြီ။ တစ်ခါသူခိုး ဝင်ပြီးကတည်းက လုံခြုံရေးအတွက် ထပ်လုပ်ထားတဲ့ အစီအစဉ်တွေကို သူက တစ်ခုမှ မကြိုက်ဘူး။ ဖန်ဒန်းက သူ့ကို အော်လား ငေါက်လား လုပ်တယ်လို့လည်း သူက ထင်နေတယ်။

'တို့အိမ်မှာ အကုန်လုံး ကမောက်ကမဖြစ်ကုန်ပြီ။ ဒီအကြောင်း မင်း အဖေကို ငါပြောပြရမယ်'တဲ့။ သူက ကိုယ့်ကိုပြောတယ်။ စနေနေ့ ညနေပိုင်းတွေ၊ တနင်္ဂနွေနေ့တွေမှာ သူ့ကို အောက်ထပ်ရုံးခန်းထဲ မထိုင်ရဘူးလို့ ပြောထားပေမယ့် သွားထိုင်မြဲထိုင်တာပဲ။ ဒါကို ဖန်ဒန်းက သိပ်စိတ်ဆိုးတယ်။ ဖေဖေကလည်း အောက်ထပ်ကို ဆင်းသွားပြီး သွားမပြောတာပဲ။ သူကတော့ ထုံးစံအတိုင်း ဆင်ခြေဆင် လက်ကအမျိုးမျိုး ပေးတာပေါ့။ ဖေဖေ့ကိုတောင် မာရေကြောရေ ပြောသေးဆိုပဲ။ အဲဒါနဲ့ သူ့ကို စော်ကားလှတယ်ဆိုပြီး ဖေဖေကလည်း အခု ဒူဆဲကို စကား နည်းနည်းပဲ ပြောတော့တယ်။ ဘယ်လို စော်ကားသလဲတော့ ကိုယ်တို့ မသိကြဘူး။ ဒါပေမယ့် တော်တော်လေး ဆိုးဆိုးရွားရွားတော့ ဖြစ်မှာပဲ။

'ရှာဖွေသူ'ဆိုတဲ့ ဝတ္ထုလေးကို ရေးပြီးပြီ။ ကိုယ်ဖတ်ခိုင်းတဲ့ သုံးယောက် စလုံးက သဘောကျကြတယ်လေ။

မင်းရဲ့ အင်နာ။

* * *





ကြာသပတေး၊

ဧပြီ ၂၇၊ ၁၉၄၄

ချစ်သော ကစ်တီ

ဒီနေ့မနက် မစ္စက်ဖန်ဒန်းတစ်ယောက် သိပ်စိတ်တိုနေတယ်။ ဟခြားတော့ မဟုတ်ပါဘူး။ မကျေနပ်ဟာတွေချည်းပေါ့။ ပထမအချက်က သူ့ အအေးမိတာရယ်၊ သကြားခဲမရတာရယ်။ နောက် တစ်ချက်က နေမပူတာရယ်၊ မဟာမိတ်တွေ ဝင်မလာသေးတာရယ်၊ ပြတင်းပေါက်ကနေ အပြင်ဘက်ကို မကြည့်နိုင်တာ ရယ်စသည်ဖြင့်ပေါ့လေ။ စုံတာကာရော့လို့။

ကိုယ်တို့က သူ့ကို ကြည့်ပြီး ဝိုင်းရီမိတာပဲ။ အခုတလော ကိုယ်တော့ ဂေါ်တင်ဂင် ယူနီဗာစီတီက ပါမောက္ခတစ်ဦးရေးတဲ့ 'ပဉ္စမ မြောက် ချားဘုရင်' စာအုပ်ကို ဖတ်နေတယ်။ ဒီစာအုပ်ကို ရေးဖို့ အတွက် အနှစ် ၄၀လောက် သူ ကြိုးပမ်းခဲ့ရတယ်။ ကိုယ်ဟာ ၅ရက် အတွင်း စာမျက်နှာ ၅၀ လောက် ဖတ်ပစ်လိုက်တယ်။ ဒါ့ထက် ပိုဖတ် လို့တော့ မရဘူး။ စာအုပ်မှာ စာမျက်နှာ ၅၉၈ မျက်နှာရှိတယ်ဆိုတော့ ဒီနှုန်းနဲ့…တွက်ရင် ကိုယ်ဘယ်လောက်ကြာအောင် ဖတ်ရမယ်ဆိုတာ မင်းတွက်ကြည့်ပေါ့။ နောက်ပြီး ဒုတိယတွဲကလည်း ရှိသေးတယ်။ ဒါပေမယ့် အင့်မတန်စိတ်ဝင် စားစရာကောင်းပါတယ်။

ကျောင်းသူလေးတစ်ယောက်အဖို့ တစ်နေ့တည်းနဲ့ မသိနိုင်တဲ့ အရာတွေ အများကြီးသိလာတယ်။ ဥပမာဆိုရင် ပထမနယ်လ်ဆင်ရဲ့ နောက်ဆုံးတိုက်ပွဲ အကြောင်းရေးထားတဲ့ ဆောင်းပါးတပုဒ်ကို ဒတ်ချ် ဘာသာက အင်္ဂလိပ်ဘာသာ ပြန်ရေးတယ်။ ပါပြီးတော့ နော်ဝေနိုင်ငံကို ပီတာဘုရင်ကြီးက တိုက်ခိုက်တဲ့စစ်ပွဲ (၁၇ဝဝ-၁၇၂၁)အကြောင်း ထပ်ဖတ်တယ်။ ဖွာဒဿမမြောက် ချားဘုရင်၊ ဩဂတ်စတင်၊ စတာ နီစလက်-လက်ဇင်စကီ၊ မာဇက်ပါ၊ မွန်ဂိုတ်၊ ဘရန်ဒင်ဘက်၊ ပိုမီရေး နီးယား၊ ဒိန်းမတ်စတဲ့ အကြောင်းတွေကို ဖတ်သေးတယ်။

နောက်တော့ ဘရာဇီက ဘေဟီယား ဒေသးရှက်မှုအကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီ အကြောင်း၊ ရိုယိုဒီဂျနီရိုပါနမ်ဘူကိုနဲ့ စောပေါလိုတို့က လူဦးရေ တစ်သန်းခွဲ အကြောင်း၊ အမေဇုံမြစ်နဲ့ နီဂရိုးတွေ အကြောင်းလည်း ဖတ်သေးတယ်။ လူဦးရေ ၅၀ရာခိုင်နှုန်းကျော်ကျော် စာမတတ်တဲ့ အကြောင်း၊ မြွက်များပေါတဲ့ အကြောင်း လည်းပါတယ်။ အချိန်ရှိသေးတာနဲ့ မိသားစုစဥ်ဆက်ဖယားတွေကိုလည်း လေ့လာ လိုက်သေးတယ်။

၁၂နာရီသာ ထိုးသွားရော။ အပေါ်ဆုံးအထပ်မှာ ဂတ်ကျောင်းများ သမိုင်းကို ကိုယ်ဆက်ဖတ်နေလိုက်တာ ၁နာရီအထိဆိုပါတော့။

၂နာရီထိုးပြီးတဲ့ အခါကျတော့ ကိုယ်ဆိုတဲ့ သနားစရာကောင် မလေးဟာ အလုပ်ဆက်လုပ်ပြန်ရော။ ဒီတစ်ချီတော့ နှာပေါက်ကျဥ်းပြီး နှာခေါင်းရိုးကြီးတဲ့ မျောက်တွေအကြောင်းလေ့လာတယ်။ ရေကြွေတစ် ကောင်မှာ ခြေချောင်းလေးတွေ ဘယ်နှစ်ချောင်းရှိသလဲ ကစ်တီ၊ ကိုယ့်ကိုယ် မြန်မြန်ပြောစမ်း။

ဒီနောက်တော့ သမ္မာကျမ်းစာရော၊ သက်ကရေးတဲ့ 'ပိုလ်မှူးကြီး' ရော ဖတ်လိုက်ပြီး၊ မစ္စစ်စပီမြစ်နဲ့ မစ်စူရီမြစ်တို့ကို နှိုင်းယှဥ်ကြည့်မိတယ်။

အခုအထိ ကိုယ်လည်း အအေးမိတုန်းပဲ။ မားဂျေနဲ့ မေမေ့ကို ကောင် နည်းနည်းစီ ဝေပေးလိုက်သေးတ်။ ပီတာသာ အအေးမမိရင် ပြီးတာပဲ။ သူက ကိုယ့်ကို သူရဲ့ 'ဘုမိနက်သန်'မလေးလို့ခေါ် ပြီး နမ်းလည်း နမ်းချင်သေးတယ်တဲ့။ နမ်းလို့ မဖြစ်သေးဘူးကွယ်။ အချစ်ရယ်။

ဒီနေ့တော့ တော်ကြဦးစို့။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊
မေ ၂၈၊ ၁၉၄၄

ချစ်သော ကစ်တီ

ပီတာဝဲဆယ်အကြောင်း အိပ်မက်ကို ကိုယ်အခုအထိ မေ့မရ သေးဘူး။ (ဇန်နဝါရီလ အစပိုင်းကိုကြည့်။) ဒီအိပ်မက်အကြောင်း





တွေးလိုက်တိုင်း ကိုယ့်ပါးနဲ့ အခုအထိ ကပ်ထားတုန်းပဲလို့ ထင်နေတယ်။ ချစ်စရာ ခံစားမှုကလေးတွေကို ပြန်ပြန်တွေးရတာ အကောင်းသား။

တစ်ခါတလေ ပီတာနဲ့ နေရတဲ့အခိုက်မှာ ကိုယ့်စိတ်ဟာ ဟိုတုန်း ကလို အလားတူ ခံစားမှုမျိုး ရှိနေတတ်ပေမယ့် မနေ့ကအထိတော့ တစ်ခါမှ အရင်က ခံစားမှုမျိုးလို မကြီးမားခဲ့သေးဘူး။ မနေ့ကတော့ ကိုယ်တို့ဟာ ခုတင်ပေါ်မှာ တစ်ယောက်ခါးကို တစ်ယောက်ဖက်ရင်း ခါးတိုင်းလို ထိုင်နေကြတယ်။ အဲဒီ အခိုက်မှာပဲ မူလအင်နာဟာ ပြေးထွက် သွားပြီး သူ့နေရာမှာ ဒုတိယဆင့် အင်နာဝင်လာတယ်။ ဒုတိယ အင်နာ ကတော့ အရမ်းမူ့ မလုပ်ဘူး။ ပျာယာမခတ်ဘူး။ ဒါပေမယ့် အချစ်ကို မြတ်နိုးတယ်။ သိမ်မွေ့နူးညံ့တယ်။

သူ့ကို မှီထားရင်း ကိုယ့်ရင်ထဲမှာ အတွေးရိုပ်တွေ တလိပ်လိပ် တက်လာတာနဲ့ ကိုယ့်မျက်လုံးအိမ်မှာ မျက်ရည်တွေ ရစ်ဝဲလာတာပဲ။ ကိုယ့်မျက်လုံးအိမ်ထဲက မျက်ရည်ကို သူများ မြင်သွားသလား။ မြင်တဲ့ အရိပ်အယောင်တော့ မတွေ့ရဘူး။ ကိုယ် ခံစားရသလို သူ ခံစားနေရတယ် ဆိုတာလည်း ကိုယ်တွေးမိပါရဲ့။

စကားတော့ တစ်လုံးမှမပြောဘူး ။ သူ့ရှေ့နားမှာ အင်နာ နှစ်ယောက် ရှိနေပြီဆိုတာများ သူသိသွားပြီလား။ ဒီမေးခွန်းတွေကိုတော့ မဖြေပဲထား ရဦးမယ်။

၈ နာရီခွဲတော့ ကိုယ်ဟာ ထိုင်နေရာက ထလိုက်ပြီး အမြဲတမ်း နှုတ်ဆက် နေကျဖြစ်တဲ့ ပြတင်းပေါက်ဆီကို သွားတယ်။ ကိုယ်ဟာ အဲဒီ အချိန်အထိ တုန်ယင်နေတုန်း၊ အင်နာ နံပါတ် ၂ ဖြစ်နေတုန်းပါပဲ။

သူက ကိုယ့်နားကိုရောက်လာတော့ သူ့လည်ပင်းကို ကိုယ်က သိုင်းဖက် လိုက်တယ်။ ဒီနောက် သူ့ ဘယ်ဘက်ပါးကို ကိုယ်က နမ်းပြီ ညာဘက်ပါးကို နမ်းမယ့်ဆဲဆဲမှာ ကိုယ့်နှုတ်ခမ်းနဲ့ သူ့နှုတ်ခမ်းတွေ ဆုံဆည်းမိကြတာနဲ့ နှုတ်ခမ်းအစုံကို တင်းတင်းကြပ်ကြပ် ဖိထားလိုက် မိကြတယ်။ အဲဒီအခိုက်မှာပဲ ကိုယ်တို့ဟာ တစ်ယောက်လက်မောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဆုပ်လို့ လွှတ်လည်းမလွှတ်ကြဘူး။ ပီတာဟာ သူ့ဘဝ သက်တမ်းမှာ ပထမဆုံးအကြိမ်အဖြစ် မိန်းကလေးတစ်ယောက်ကို ရှာဖွေတွေ့ရှိတာပါပဲ။ သူ့ တစ်သက်နဲ့တစ်ကိုယ် ပထမဆုံးအကြိမ်အဖြစ် သူ့ရဲ့ တကယ်စစ်မှန်တဲ့ အစ္စျတ္တသဘောကို ဖွင့်လှစ်လို့ ပြလိုက်တာပါပဲ။

အခုတော့ ကိုယ်တို့ဟာ တစ်ယောက်ကိုတစ်ယောက်ရှာဖွေ တွေ့ရှိကြပြီ။ ဒီကိစ္စမှာတော့ သူဟာ ဒီလောက် ယုံကြည်ရင်းနှီးရတဲ့ မိတ်ဆွေရှိခဲ့ဖူးသလား၊ မရှိဘူးလားဆိုတာ ကိုယ်မသိပါဘူး။

နောက်တစ်ခါ ကိုယ့်ကို အနားမပေးတဲ့ မေးခွန်းတစ်ခု ရှိပါသေးတယ်။ ဒီမေးခွန်းက တခြားမဟုတ်ဘူး။ ဒီလောက် လျင်လျင်မြန်မြန် ပီတာ့ကို အလျင်စလို အားကြိုးမာန်တက် အလိုလိုက် လိုက်တာဟာ မှန်မမှန်ဆိုတဲ့ မေးခွန်းပါပဲ။ မိန်းမသားတစ်ယောက်မျှသာဖြစ်တဲ့ ကိုယ်ဟာ အခုလောက်အထိ ခွင့်ပြုသင့် မသင့်ပေါ့လေ။ ကဲ အဖြေကတော့ တစ်ခု တည်းပဲ ရှိပါတယ်။ 'ကိုယ်ဟာ ကာလရှည်ကြာစွာ တောင့်တနေခဲ့တယ်။ ကိုယ်ဟာအထီးအကျန် ဖြစ်လွန်းနေခဲ့တယ်။ အခုတော့ ကိုယ့်မှာ ဖြေသိမ့်စရာကို ရှာတွေ့ပြီ' ဆိုတဲ့ အဖြေပါပဲ။

မနက်ပိုင်းမှာတော့ ကိုယ်တို့ဟာ ရိုးရိုးတန်းတန်း ခါတိုင်းလိုပဲ နေကြတယ်။ မွန်းလွဲပိုင်းမှာတော့ အနည်းနဲ့အများဆိုသလို တွေ့ကြပေမယ့် ညနေပိုင်းကျရင် ပျော်ခဲ့တာ၊ ကြည်နူးခဲ့တာတွေကို ပြန်တွေးမိပြီး တစ်ယောက်ကို တစ်ယောက် သတိမရဘဲ မနေနိုင်ကြဘူး။ ညနေကိုင်း နောက်ဆုံးအနမ်းကို နမ်းပြီးရင် ကိုယ်ဟာ သူ့မျက်စိအစုံမှာ ကိုယ့်ကို ထပ်မမြင်နိုင်အောင် အမှောင်ထဲကို ပြေးဝင်ခဲ့ရမြဲပါပဲ။

လှေကားထစ်ရဲ့ အောက်ဆုံးကို ရောက်ရင် ကိုယ် ဘာနဲ့ရင်ဆိုင် ရတယ် မှတ်သလဲ။ မီးအလင်းရောင်တွေ၊ မေးခွန်းတွေ၊ ရယ်သံတွေနဲ့ ရင်ဆိုင်ရတာပဲ။ ဒါတွေအားလုံးကို အောင့်အီးမျိုသိပ်ပြီး သူတို့ ဘာတစ်ခုမှ မရိပ်မိအောင် ကိုယ်နေတာပဲ။ မနေ့ကလို ချက်ချင်းလက်ငင်း ကိုယ့် နှလုံးသားမှာ ခံစားလိုက်ရတဲ့ တုန်လှုပ်မှုမျိုးကို နောက်ထပ် မခံနိုင်





တော့လောက်အောင် ကိုယ့်နှလုံးသားမှာ ခံစားမှုတွေ ဖိစီးများပြားနေ တယ်။

ပီတာဟာ ကိုယ့်အတွင်းစိတ်ရဲ့ ခံစားမှုတွေကို အတွေ့အထိပေး ခဲ့တယ်။ ပီတာဟာ ကိုယ့်ကို ပိုင်ဆိုင်ထားတယ်။ ဒါကြောင့် အနားယူ စဉ်းစားဖို့လိုတယ်။ ဒီလောက် အပြောင်းအလဲကြီးရဲ့ ဒဏ်ချက်က သက်သာရာရအောင် နေဖို့လိုသေးတယ်။

ပီတာရေ၊ မင်း ကိုယ့်ကို ဘာတွေလုပ်ခဲ့သလဲ။ ကိုယ့်ဆီက မင်းဘာ့လိုချင် သေးသလဲ။ ဒါဟာ ကိုယ်တို့ကို သယ်ဆောင်ဘယ်ကမ်း ဆိုက်စေမလဲ။ တကယ်လို့သာ ကိုယ်ဟာ အခုတက် အသက်ကြီးလို့ သူ့က လက်ထပ်ပါရစေဆိုပြီး ပြောလာရင် ကိုယ်ဘာပြန်ဖြေမလဲ။ အင်နာရေ ရိုးသားပေတော့၊ မင်းဟာ သူ့ကို လက်ထပ်နိုင် မှာမဟုတ်ပါ ဘူး။ ဒါပေမယ့် လည်းအခုနေမှာတော့ လက်လွှတ်နိုင်မှာလည်း မဟုတ် ပါဘူး။

ပီတာ့မှာ လုံလောက်တဲ့ စာရိတ္တမရှိသေးဘူး။ လုံလောက်တဲ့ စိတ်ဓာတ် အင်အားမရှိသေးဘူး။ သတ္တိလည်း နည်းသေး၊ ခွန်အားလည်း နည်းပါသေးတယ်။ သူ့နှလုံးသားဟာ နုနယ်ပါသေးတယ်။ သူဟာ ကိုယ့် ထက် ပိုမကြီးပါဘူး။ သူဟာ ပျော်ရွှင်မှုနဲ့ အေးငြိမ်းမှုကို ရှာဖွေနေသူသာ ဖြစ်တယ်။

ကိုယ်ဟာ အခုမှ အသက် ၁၄နှစ်ပဲ ရှိသေးတယ်လား။ ကိုယ်ဟာ ရှူးရှူးမိုက်မိုက် ကျောင်းသူလေးပဲလား။ အရာရာတိုင်းမှာ ဘာအတွေ့ အကြုံမှမရှိတဲ့ ကိုယ်လား။ မဟုတ်ဘူး ကစ်တီ၊ မဟုတ်ဘူး။ ကိုယ့်မှာ အတွေ့အကြုံရှိတယ်။ ကိုယ့်လောက် အသက်အရွယ်မျိုးမှာ မတွေ့ခဲ့ဖူး သေးတဲ့ အဖြစ်အပျက်မျိုးစုံကို ကိုယ်ဟာ ဖြတ်သန်းလာခဲ့သူပါ။ ကိုယ်ဟာ တကယ်ဆိုရင် ကိုယ့်ကိုယ်ကို ပြန်ကြောက်နေသူ၊ ကိုယ့် တောင့်တမှု တွေကို ပြန်ကြောက်နေသူသာဖြစ်တယ်။ ကိုယ်ဟာ နှလုံးသားနဲ့ ဆင်ခြင် တုံတရားတို့ ရန်ဖြစ်နေတဲ့သူပါ။ တစ်ချိန်ကျရင်တော့ အဖြေဟာ ဒိုက်တန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အလျောက် ပေါ်လာရမှာပေါ့။ ဒါပေမယ့် မှန်ကန်တဲ့ အချိန်ကိုရွေးခဲ့ပြီ ဆိုတာတော့ သေချာကြောင်း ကိုယ်သိပါတယ်။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ၊

မေ ၂၊ ၁၉၄၄

ချစ်သော ကစ်တီ

စနေနေ့ညမှာ ကိုယ်တို့ တွေ့ကြတော့ ကိုယ်တို့အကြောင်းတွေ ဖေဖေ့ကို ဖွင့်ပြောလိုက်ရရင် ကောင်းမကောင်း ကိုယ်ကမေးတယ်။ ပီတာက ပြောသင့်တယ်တဲ့။ ကိုယ်ဟာ ဝမ်းသာသွားတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူက ဒီလိုဖွင့်ပြောခိုင်းတာဟာ ရိုးသားလို့ပေါ့။

အောက်ထပ်ကို ပြန်ရောက်တာနဲ့တပြိုင်နက် ဖေဖေနဲ့အတူ ရေကူးခပ်ရင်း ကိုယ်က ဖေဖေ့ကို 'ဖေဖေ၊ ကျွန်မနဲ့ ပီတာတို့အတူထိုင်နေကြတာတွေ့တော့ ဖေဖေတော့ တစ်မျိုးထင်မှာပဲ။ အဲဒါ ကျွန်မ မှားတယ်လို့ ဖေဖေ ထင်သလား'လို့ မေးလိုက်တယ်။

ဖေဖေဟာ ချက်ချင်းပြန်မဖြေသေးပဲ နောက်ကျမှ 'မှားတယ်လို့ ဖေဖေ မထင်ဘူး။ ဒါပေမယ့် သမီးသတိထားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်စရာနေစရာကလည်း သိပ်ကျဉ်းကြပ်တယ်မဟုတ်လား'တဲ့ ပြန်ပြောတယ်။

တနင်္ဂနွေနေ့ မနက်ကျတော့ ဖေဖေက ကိုယ့်ကိုခေါ်ပြီး 'အင်နာ၊ သမီးပြောတာကို ဖေဖေ ထပ်စဉ်းစားတယ်။ ဒီလိုစဉ်းစားတော့ သိပ်မမှန်ဘူးလို့ ထင်လာတယ်။ ဒီအိမ်မှာ သမီးဟာ အငယ်ဆုံးပဲ။ ဒါနဲ့ နေပါဦး၊ ပီတာနဲ့များ ချစ်နေကြသလား'တဲ့ မေးပြန်ရော။

'အို မဟုတ်ပါဘူး'လို့ ပြောလိုက်တယ်။

'သမီးတို့နှစ်ယောက်စလုံးကို ဖေဖေနားလည်တယ်ဆိုတာ သမီး





သိရဲ့လား။ ဘာပဲဖြစ်ဖြစ် ကိုယ်ရှိန်သတ်ရမှာက သမီး။ အပေါ်ထပ်ကို ခဏခဏ မသွားနဲ့။ သူ့ကို သမီးက ကူညီနိုင်တာထက် ပိုပြီးအားမပေးနဲ့။ ဒီလိုကိစ္စတွေမှာ ယောက်ျားဆိုတာ ပိုပြီးထက်သန်တာမို့ မိန်းမကသာ နောက်ဆုတ်ရမယ်။ ပုံမှန်အခြေအနေ ဆိုရင်ကိစ္စမရှိဘူး။ သမီးဟာ လွတ်လပ်တယ်၊ တခြားယောက်ျားလေးတွေ မိန်းကလေးတွေကို တွေ့ရတယ်။ အတူသွား၊ အတူလာ၊ အတူကစားလို့ရတယ်။ ဒါပေမယ့် ဒီလို နေရာမျိုးမှာ ခဏခဏ အတူတွေ့နေရင် ဝေးဝေးသွားချင်စိတ် ပေါ်လာလိမ့်မယ်။ ဒါပေမယ့် ဖြစ်လည်းမဖြစ်နိုင်ပါဘူး။ တစ်နေ့ တစ်နေ့ တစ်ယောက် ကိုတစ်ယောက် မြင်နေရတာပဲမဟုတ်လား။ သတိထားပြီး နေပါ အင်နာ၊ သိပ်လည်း စိတ်အလိုမလိုက်နဲ့'

'ကျွန်မ အလိုမလိုက်ပါဘူးဖေဖေ၊ ဒါပေမယ့် ပီတာဟာ မွန်ရည်ပါတယ်၊ တကယ့်လူကောင်းပါ'

'မှန်တယ်၊ ဒါပေမယ့် သူ့မှာ ကြံ့ခိုင်တဲ့စိတ်မရှိဘူး။ သူ့ကို လွယ်လွယ်ကလေး ဆွဲဆောင်လို့ရတယ်။ ကောင်းတဲ့ဘက်ကိုရော မကောင်းတဲ့ဘက်ကိုရောပေါ့။ ကောင်းတဲ့ဘက်က ကျန်နေလိမ့်မယ်လို့ ဖေဖေကတော့ သူ့အတွက် မျှော်လင့်တာပဲ'

ဒီအကြောင်းတွေကို ကိုယ်တို့ အများကြီးပြောကြပြီး ဖေဖေက သူနဲ့လည်း ပြောဦးမယ်လို့ သဘောတူလိုက်တယ်။

တနင်္ဂနွေနေ့မနက် အပေါ်ဆုံးအထပ်မှာ ကိုယ်တို့ တွေ့ကြတော့ 'မင်းဖေဖေ့ကို ပြောပြီးပြီလား အင်နာ'တဲ့ သူကမေးတယ်။

'ဟုတ်တယ်၊ အခု ကျွန်မပြောပြမယ်။ ဖေဖေကတော့ ဆိုးလှတယ်လို့ မထင်ဘူး။ ဒါပေမယ့် တစ်ချိန်လုံးလိုလို နီးနီးကပ်ကပ် နေနေရတော့ ကျွန်မတို့ဟာ သဘောကွဲစရာ လွယ်လွယ်ကလေးပေါ်လာနိုင်တယ်လို့ ပြောတယ်'

'ဒါပေမယ့် ရန်မဖြစ်ဖို့ ကိုယ်တို့ သဘောတူပြီးသား မဟုတ်လားဟင်။ ကိုယ် ဒီသဘောတူညီချက်ကို အမြဲတမ်း စောင့်ထိန်းဖို့ ပိုင်းဖြတ်ထားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကလည်း ဒီအတိုင်းပါပဲ ပီတာ။ ဒါပေမယ့် ဖေဖေက ကျွန်မတို့ဟာ ကလေးအရွယ်တွေပဲရှိသေးတယ် ထင်နေတာ ကျွန်မတို့ကရော အဆင်ပြေနိုင်ပါ့ မလား'

'ကိုယ်ကတော့ ပြေနိုင်ပါတယ်။ မင်းကရော'

'ကျွန်မကလည်း ပြေနိုင်တယ်၊ ပီတာ့ကို ယုံတယ်လို့ ကျွန်မ ဖေဖေ့ကို ပြောခဲ့တာပဲ။ တကယ်ပဲ ပီတာ၊ ရှင့်ကိုကျွန်မယုံတယ်။ ယုံကြည်ထိုက်တဲ့ လူလို့လည်း ထင်တယ်။ မဟုတ်ဘူးလား ပီတာ'

'ကိုယ်လည်း ဒီအတိုင်းမျှော်လင့်တာပဲ'(သူဟာ ရှက်ပြီး မျက်နှာတစ်ခုလုံး နီရဲလို့။)

'ရှင့်ကို ကျွန်မ ယုံပါတယ် ပီတာ။ ရှင့်မှာ အရည်အချင်းကောင်းတွေ ရှိတယ်လို့ ကျွန်မ ယုံကြည်တယ်။ ရှင်ဟာ ကမ္ဘာကြီးအလယ်မှာ မားမားမတ်မတ် ရပ်နိုင်မှာပါပဲ'

ဒီနောက် ကိုယ်တို့ဟာ တခြားအကြောင်းအရာတွေကို လျှောက်ပြောကြ တယ်။ 'နောက်ဆုံးမှာ ကိုယ်က ကျွန်မတို့ ဒီပြဿနာပြေလည်သွား ပြီဆိုတော့၊ နောက်ထပ် ကျွန်မအပေါ် အပြစ်မတင်တော့ဘူးဆိုတာ ကျွန်မကောင်းကောင်း ကြီးသိတယ်'လို့ ပြောလိုက်တယ်။

'ဟင့်အင်း၊ ဒါမမှန်ဘူး။ အင်နာက ကိုယ့်ကို ဒီလို မထင်စေချင်ပါဘူး'လို့ ကပျာကသီပြန်ပြောတယ်။

ဒီနောက် ကိုယ့်ကို ခေါ်သွားလေရဲ့။

ဖေဖေက သူ့ကိုပြောတဲ့အကြောင်း၊ သူက ဒီနေ့ ကိုယ့်ကို ပြန်ပြောတယ်။ 'မိတ်ဆွေဖြစ်မှုဆိုတာ အနေးနဲ့အမြန် သမီးရည်းစားလိုချင်တဲ့ အထိတော့ တိုးလာတာချည်းပဲလို့ မင်းဖေဖေက ထင်နေတယ်'တဲ့သူက ပြောတယ်။ ကိုယ်က 'ကျွန်မတို့ အချင်းချင်း ပြန်စစ်မေးကြည့်ကြတာပေါ့'လို့ ဖြေလိုက်တယ်။

ဖေဖေက ကိုယ့်ကို အပေါ်ထပ် ညနေတိုင်းမသွားစေချင်ဘူး။ ဒါပေမယ့် ကိုယ်က ဒါကိုမလိုချင်ပေါင်။ ပီတာ့ကို သဘောကျလို့ချည်း





မဟုတ်ဘူး။ သူ့ကို ယုံတယ်လို့ ပြောထားပြီးပြီပဲဟာ။ သူ့ကို ကိုယ်ယုံတာ ယုံကြောင်းလည်းပြချင် တယ်။ ယုံကြည်မှုမရှိကြဘဲ အောက်ထပ်မှာချည်း နေရင်ကော မဖြစ်နိုင်ဘူးလား။

မဖြစ်နိုင်ဘူး။ ကိုယ်ကတော့ သွားတာပဲ။

အဲဒီအခိုက်အတန့်မှာပဲ ဒူဆဲရဲ့ ဇာတ်ထုပ်က ဟာစခန်းထလာ ပြန်တယ်။ စနေနေ့ ညစာစားကျတော့၊ သူက အလွန်လှပတဲ့ ဒတ်ချ် စကားလုံးတွေသုံးပြီး၊ တောင်းပန်တယ်။ ဖန်ဒန်းကတော့ ကြေကြေ အေးအေးပါပဲ။ ဒီသင်ခန်းစာလေးကို အလွတ်ကျက်ဖို့ ဒူဆဲဟာ တစ်နေ့ လုံးလုံး အချိန်ယူရလိမ့်မယ်နဲ့ တူပါရဲ့။

တနင်္ဂနွေနေ့ဟာ သူ့မွေးနေ့ပေါ့။ ကိုယ်တို့က ၁၉၁၉ ဝိုင်တစ်လုံးကို လက်ဆောင်ပေးတယ်။ ဖန်ဒန်းကလည်း အရက်တစ်လုံးနဲ့ မုတ်ဆိတ် ရိတ်ဓား တစ်ထုပ်၊ ကရာဂါက လီမွန်ယိုတစ်အိုး၊ မိယက်က စာအုပ် တစ်အုပ်၊ အဲလီက ပန်းပင်တပင် ပေးကြတယ်။ ဒူဆဲကတော့ ကြက်ဥ တစ်လုံးစီ ကိုယ်တို့ကို ပြန်လက်ဆောင်ပေးပါတယ်။

မင်းရဲ့ အင်နာ။

* * *

ဗုဒ္ဓဟူး
မေ ၃၊ ၁၉၄၄

ချစ်သော ကစ်တီ

ပထမဆုံး ဒီရက်သတ္တပတ် သတင်းတွေပေးချင်တယ်။ နိုင်ငံရေးက ကိုယ်တို့ အနားယူကြရအောင်။ နိုင်ငံရေးနဲ့ ပတ်သက်လို့လည်း ပေးစရာ သတင်းမရှိပါဘူး။ မဟာမိတ်တွေ ဝင်လာတော့မယ်ဆိုတာ ကိုယ်လည်း တစတစ ယုံလာပါပြီ။ အဆုံးမတော့ ရုရှားတွေကို သူတို့ မရှင်းနိုင်ဘူး။ အခိုက်အတန့်အားဖြင့် သူတို့ ဘာမှမလုပ်နိုင်ဘူး။

မစ္စတာကူဖစ်တစ်ယောက်တော့ မုံ့ကို မနက်တိုင်းလိုလို လာပြန် ပြီ။ ပီတာ့ကုတင်အတွက် စပရိန်အသစ်တစ်ခု သူရလာတာ ဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဇိမ်ကျကျ အိပ်ရဦးမှာပေါ့။

ကြောင်ကလေး မိုဗီ ပျောက်သွားတဲ့အကြောင်း မင်းကို ကိုယ် ပြောပြီးပြီလား။ ဟုတ်တယ်။ အစတုန်းက ပျောက်သွားတာပဲ။ လွန်ခဲ့တဲ့ အပတ် ကြာသပတေးနေ့ကစပြီး အစအနတောင်ရှာမတွေ့တော့ဘူး။ တချို့တိရစ္ဆာန်ချစ်သူတွေက သူ့အသားကို မြိန်မြိန်ရှက်ရှက် စားသောက်နေချိန်မှာ သူတော့ကြောင့် နိဗ္ဗာန်ကို ရောက်နေရောပေါ့။ သူ့ အရေဆုတ်လိုက်တဲ့အထဲက အမွေးဦးထုပ်ကိုတော့ မိန်းကလေး တစ်ယောက်ယောက် များရသွားပြီလား မသိဘူး။ သူ့အတွက် ပီတာဟာ သိပ်ဝမ်းနည်းနေတယ်။

စနေနေ့ကစပြီး ကိုယ်တို့ အစီအစဉ်တွေကို ပြောင်းလိုက်တယ်၊ နေ့လယ်စာကို ၁၁နာရီခွဲမှာစားတယ်။ အသားပြုတ်ရေ တစ်ပန်းကန်စီနဲ့ အာဟာရဖြည့်ကြ ရတာပေါ့။ အသီးအရွက်တွေက အခုအထိရဖို့ သိပ်ခက်ခဲနေတယ်။ ကနေ့ မွန်းလွဲပိုင်းမှာဆိုရင် ပုပ်နေတဲ့ သခေါ်ာမုံလာရွက်ပဲ စားရတယ်။ သခေါ်ာရွက်ကို သုပ်စား၊ ပြုတ်စား၊ အမျိုးမျိုးလုပ်စားပေါ့လေ။ အဲဒီမှာ အာလူးပုပ်ကို ထည့်ပေးသေးတယ်။ ဘယ်လောက်အရသာရှိတဲ့ ဟင်းအစပ်အဟပ်မျိုးလဲ။

'စစ်ဖြစ်နေတာ ဘာအသုံးကျသလဲ'၊ 'လူတွေဟာ ဘာဖြစ်လို့ ငြိမ်းငြိမ်းချမ်းချမ်း အတူတကွ မနေနိုင်တာလဲ'၊ 'ဘာဖြစ်လို့ အခုလို ဖျက်ဆီးနေကြတာလဲ'ဆိုတဲ့ မေးခွန်းတွေကို ကိုယ်တို့ထပ်ခါတလဲလဲ မေးခဲ့ပြီးပြီဆိုတာ မင်းသိပြီးရောပေါ့။

မေးခွန်းက အင်မတန် နားလည်လွယ်ပါတယ်။ ဒါပေမယ့် အခုအထိ ကျေနပ်လောက်တဲ့ အဖြေကိုမရသေးတာ။ ဘာကြောင့် လေယာဉ်အကြီးကြီးတွေ၊ ဗုံးအကြီးကြီးတွေလုပ်နေကြပြီး တစ်ချိန်တည်းမှာပဲ ပြန်လည်တည်ဆောက်ဖို့ အိမ်တွေကိုဘာကြောင့် ပုံစံချ စီစဉ်နေကြတာလဲ။ ငွေသန်းပေါင်းများစွာကို နေ့စဉ် စစ်အတွက် အသုံးပြု နေပေမယ့် ဆေးဝါးကုသဖို့အတွက်၊ အနုပညာရှင်တွေအတွက်၊ ဆင်းရဲတဲ့ လူတွေအတွက် တစ်ပြားတစ်ချပ်တောင် ဘာကြောင့်မရှိရတာလဲ။

ကမ္ဘာ့တစ်ဖက်ပိုင်းမှာ အစားအသောက်တွေ ပုပ်သိုးနေပေမယ့်





လူတွေဟာ ဘာကြောင့် ငတ်ပြတ်နေကြရသလဲ။ အို လူတွေဟာ ဘာကြောင့် ရူးမိုက်နေကြတာလဲ။

စစ်အတွက် တကယ့်ထိပ်ကလူတွေ၊ နိုင်ငံရေးသမားတွေနဲ့ အရင်းရှင်တွေမှာသာ အပြစ်ရှိကယ်လို့ ကိုယ်မယုံဘူး။ သာမန်လူတွေကသာ စိတ်အားထက်သန်ကြမယ်ဆိုရင် တစ်ကမ္ဘာလုံးက ပြည်သူတွေ တော်လှန်ထကြွနေကြတာ ကြာလှရောမယ်။ လူတွေထဲမှာကိုက ဖျက်ဆီးဖို့၊ သတ်ကြ ဖြတ်ကြဖို့၊ အော်ကြ ဟစ်ကြ တိုက်ကွန်းကြနဲ့ နောက်ဆုံး လူ့လောကကြီးတစ်ခုလုံး ချွင်းချက်မရှိ အကြီးအကျယ်ပြောင်းလဲရမယ်၊ စစ်တွေဖြစ်ရမယ်၊ တည်ဆောက်ထားတာ ထွန်ယက်စိုက်ပျိုးထားတာတွေ မှန်သမျှကို ဖျက်ဆီးပစ်ပြီး၊ ဒီလူ့လောကကြီးကိုပဲ အစက ပြန်စရမယ်လို့ ပြောနေကြသေးရဲ့။

တစ်ခါတလေ ကိုယ်ဟာစိတ်ပျက်တယ်။ ဒါပေမယ့် စိတ်လျှော့အားငယ် တာမဟုတ်ပါဘူး။ ကိုယ်တို့ ပုန်းအောင်းနေတာကိုက အန္တရာယ်များတဲ့ စွန့်စားမှု။ တစ်ချိန်တည်းမှာပဲ စိတ်ကူးယဉ်စရာ၊ စိတ်ဝင်စားစရာလို့ ကိုယ်ယူဆတယ်။ ဒီအချက်အားလုံးကို မှတ်တမ်းမှာရွှင်မြူးစရာ လေ့းများအဖြစ် ကိုယ်ရေးထားတယ်။ တခြားမိန်းကလေးတွေ၊ နောင်အခါကျတော့ တခြားအိမ်ရှင်မတွေနဲ့ မတူအောင် ကိုယ့်ဘဝကို ကိုယ်လမ်းကြောင်းတော့မယ်လို့ စိတ်ပိုင်းဖြတ်ထားတယ်။

ကိုယ့်ရဲ့အစဟာ စိတ်ဝင်စားစရာ အတိပါပဲ။ ဒီအကြောင်းကြောင့်လဲ အင်မတန်ကို အန္တရာယ်များလှတဲ့ အခိုက်အတန့်မှာ ဟာဒယနလုံး ရွှင်ပြုံးစွာနဲ့ ကိုယ် ရီမောနေရတာပါပဲ။

ကိုယ်ဟာ ငယ်ပါသေးတယ်။ ကိုယ့်မှာ အရည်အချင်းတွေ အများကြီး ရှိနေပါသေးတယ်။ ကိုယ်ဟာ ငယ်တယ်၊ ခိုင်ခံ့တယ်၊ ကြီးမားတဲ့ အန္တရာယ်တွေ အကြားမှာ အသက်ရှင်နေထိုင်နေတယ်။ အခုအထိ ဒီအတွင်းမှာပဲ ရှိပါသေးတယ်။ တစ်နေ့လုံးလုံးလည်း ပူပင်သောက မရောက်နိုင်တော့ဘူး။ ကိုယ်မှာပျော်ရွှင်တဲ့ သဘာဝ၊ ရွှင်ပြုံးတဲ့ နှလုံးသားနဲ့ ခွန်အားတွေ ရှိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ တစ်မနေ့တခြား ပိုမိုရင့်သန် မာကြောလာတယ်။ လွှတ်မြောက်ရေးရဖို့ နီးသည်ထက် နီးလာတယ်လို့ ကိုယ်ထင်တယ်။ ဒီသဘာဝဟာ ဘယ်လောက် သာယာလှပသလဲ။ ဒီစွန့်စားမှုဟာ ဘယ်လောက် စိတ်ဝင်စားဖို့ ကောင်းသလဲ။ ဒါနဲ့များ ဘာကြောင့် ကိုယ်ဟာ စိတ်နွမ်း ကိုယ်လျော့ အားပျော့မာန်ကျနေရမလဲ။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊
မေ ၅၊ ၁၉၄၄

ချစ်သော ကစ်တီ

ဖေဖေက ကိုယ့်ကို မကျေနပ်ဘူး။ တနင်္ဂနွေနေ့က ကိုယ်တို့ ပြောဆိုပြီးတဲ့ နောက်ပိုင်းမှာ ကိုယ် ညနေတိုင်း အပေါ်ထပ်သွားတာဟာ အလိုလိုရပ်သွားလိမ့်မယ်လို့ သူကထင်နေတယ်။ ‘ပွေ့လား ဖက်လား’ လုပ်တာမျိုး သူက မလိုချင်ဘူး။ ကိုယ် ကလည်း ဒီစကားလုံးကို မခံနိုင်။

ဒါတွေ ပြောရတာလည်း ခက်ပါတယ်။ အခုမှဘာဖြစ်လို့ ဖေဖေဟာ ဒီလောက် မကြည်မသာဖြစ်နေရတာလဲ။ ဒီနေ့တော့ ဖေဖေနဲ့ကိုယ် စကားပြောရမယ်။ မားဂေါ့ကတော့ အကြံကောင်း ဥာဏ်ကောင်း ပေးကောင်းပါရဲ့၊ ကိုယ်က ဖေဖေ့ကို အကြမ်းအားဖြင့် ဟောဒီလို ပြောချင်တယ်၊ နားထောင်။

‘ကျွန်မဆီက ရှင်းလင်းတာကို ဖေဖေ စောင့်မျှော်နေမယ်လို့ ကျွန်မ ယုံကြည်တယ်။ ဒါကြောင့် ကျွန်မ ရှင်းပြပါ့မယ်။ ကျွန်မ အပေါ်မှာဖေဖေက ပိုပြီး မကျေမနပ်ဖြစ်နေတယ်။ ဖေဖေဟာ ကျွန်မကို ၁၄ နှစ်သမီးလေး အဖြစ်မှာပဲ ရှိနေစေချင်သေးတယ်လို့ ကျွန်မထင်တယ်။ ဒီလိုဆိုရင် ဖေဖေမှားပြီ။’

‘၁၉၄၂ ခုနှစ် ဇူလိုင်လမှာ ဒီကိုရောက်လာတဲ့ အချိန်စကပြီး လွန်ခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်အတွင်းအထိ ကျွန်မမှာ သက်တောင့်





သက်သာနေရတဲ့ အချိန်ရယ်လို့ မရှိခဲ့ပါဘူး။ ညနေတိုင်း ကျွန်မဘယ်လို ငိုရတယ်၊ ကျွန်မ ဘယ်လောက် မပျော်ပိုက်ခဲ့တယ်၊ ကျွန်မမှာ ဘယ်လောက် အထီးကျန်ဖြစ်နေတယ်ဆိုတာကိုသာ ဖေဖေသိရင် ကျွန်မ အပေါ်ထပ်သွားချင်မှာပဲဆိုတာ ဖေဖေနားလည်မှာပါပဲ။’

‘ဒီကိစ္စအတွက် ကျွန်မဟာ မေမေနဲ့ တခြားဘယ်သူ့အကူ အညီမှ မပါဘဲ ကျွန်မခြေအစုံအပေါ် ကျွန်မရပ်နိုင်တဲ့ အဆင့်ကို ရောက်နေပါပြီ။ ဒီလိုအဆင့်ကို နေ့ချင်းညချင်း ရောက်လာတာတော့ မဟုတ်ပါဘူး။ ခါးသည်းတဲ့ တိုက်ပွဲနဲ့ မျက်ရည်အသွယ်သွယ်ကျပြီးမှ ရောက်လာရတာပါ။ ကျွန်မကို ဖေဖေ ရီနိုင်ပါတယ်။ မယုံဘဲလည်း နေနိုင်ပါတယ်။ ဒါပေမယ့် ကျွန်မအတွက် မထိခိုက်ပါဘူး။ ကျွန်မဟာ တသီးတသန့်ဖြစ်နေတဲ့လူ။ ဒါကြောင့် ဖေဖေတို့ တစ်ဦးတစ်ယောက်အတွက်မှ ကျွန်မမှာ တာဝန်မရှိဘူး။ ကျွန်မ ဒါတွေကို ဘာဖြစ်လို့ ပြောရသလဲဆိုတော့ ဒီလိုမှမပြောရင် ကျွန်မဟာ လျှို့ဝှက်တယ်၊ လိမ်တယ်လို့ ဖေဖေတို့က ထင်နေ ဦးမှာမို့ပါ။ ဒါပေမယ့် ကျွန်မ ဘာတွေလုပ်ခဲ့တယ်ဆိုတာကိုတော့ ကျွန်မမှတပါး တခြားဘယ်သူ့ကိုမှ ပြောစရာမလိုဘူး။

ကျွန်မ အခက်အခဲတွေကြားထဲ ရောက်နေတုန်းက ဖေဖေဟာ မျက်စိပိတ် နားပိတ် ရေငုံနှုတ်ပိတ်နေပြီး ကျွန်မကို မကူညီခဲ့ဘူး။ ဒီလို မကူညီရုံသာမက ကျွန်မကိုဆူလားပူလား မလုပ်ဖို့တောင် သတိပေးခဲ့တယ်။ ဟုတ်တယ်၊ ကျွန်မ ဆူလားပူလားလုပ်မိတာအမှန်ပဲ။ ဒီလိုလုပ်ရတာဟာ အချိန်ရှိသရွေ့ စိတ်ဆင်းရဲ မခံနိုင်လိုပါပဲ။ ကျွန်မဟာ တစ်နှစ်ခွဲလုံးလုံး နေထွက်က နေဝင်ချိန်အထိ နေ့ရှိသရွေ့ ပျော်သလိုသာ နေခဲ့တယ်။ မငြီးတွားဘူး။ အညှိုးမခံဘူး။ အခုတော့ ဒီလိုမဟုတ်ဘူး။ စစ်ပွဲဟာ ပြီးသွားပြီ။ ဒီစစ်ပွဲမှာ ကျွန်မနိုင်တယ်။ ကျွန်မသန္တာကိုယ်ရော စိတ်ရော လွတ်လပ်တယ်။ ကျွန်မမှာ အမေရယ်လို့ မလိုတော့ဘူး။ ဒီ ပဋိပက္ခ တွေအားလုံးဟာ ကျွန်မစိတ်ကို ခိုင်မာရင့်သန်စေခဲ့တယ်။

‘အခု ကျွန်မဟာ အထွတ်အထိပ်ကို ရောက်နေပြီ။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဟိုက်ပွဲကို တိုက်ခဲ့ပြီးပြီလေ။ ဒီတော့ကျွန်မ မှန်တယ်ထင်တဲ့ လမ်းအတိုင်း ကျွန်မ သွားဖို့ရှိတာပဲ။ ကျွန်မကို ၁၄ နှစ်အရွယ် သူငယ်နပ်စား လေးလောက်ပဲလို့ ဖေဖေ မယူဆနိုင်ဘူး။ မယူလည်း မယူရဘူး။ ဒီ အတိဒုက္ခတွေက ကျွန်မကို ပိုပြီးအိုမင်းစေခဲ့ပြီးပြီ။ ကျွန်မ လုပ်ခဲ့တာ တွေအတွက် ကျွန်မ ဝမ်းမနည်းဘူး။ ဒါပေမဲ့ ကျွန်မ လုပ်နိုင်တယ်ထင် တာကိုတော့ ဆက်လုပ်မှာပဲ။ အပေါ်ထပ်ကို မသွားဖို့ ဖေဖေ ကျွန်မကို နားချနိုင်မှာမဟုတ်ဘူး။ တားမြစ်လို့လည်း ရမှာမဟုတ်ဘူး။ ကျွန်မကို နူနူဝဲဝဲ ဖေဖေယုံမလား။ မယုံဘူးဆိုရင်တော့ ကျွန်မဘာသာ ငြိမ်းငြိမ်း ချမ်းချမ်းပဲ နေပါရစေ။'

မင်းရဲ့ အင်နာ။

* * *

စနေ၊

မေ ၆၊ ၁၉၄၄

ချစ်သော ကစ်တီ

မနေ့က မင်းဆီကို ကိုယ် ရှင်းပြတဲ့ စာအတိုင်းရေးပြီး မနေ့က ညစာမစား ခင် ဖေဖေ့အိတ်ထဲကို ကိုယ် ထည့်ထားလိုက်တယ်။ မားဂေါ့က ပြန်ပြောတဲ့ အဆိုအရကတော့၊ ဒီစာကို ဖတ်ပြီးတဲ့အခါမှာ ဖေဖေဟာ တစ်ညလုံးလုံး စိတ်ထိခိုက် နေတဲ့ပုံပဲတဲ့။ (ကိုယ်က အပေါ်မှာဆေးကြော လျှော်ဖွပ်တုန်း။) သနားစရာ ဖေဖေ ပါပဲကွယ်။ ဒီလိုရေးလိုက်တာကြောင့် သူ့မှာ ဘယ်လောက်ထိခိုက်မယ်ဆိုတာ ကိုယ်စဉ်းစားကြည့်ဖို့ သင့်ပါတယ်။ ဖေဖေဟာ စိတ်သဘောထား နူးညံ့လှတယ်။ ဒါကြောင့် ချက်ချင်းပဲ နောက်ထပ် ဘာမှမပြောဖို့ မမေးဖို့ ပီတာ့ကို ကိုယ်က ပြောလိုက်တယ်။ ဖေဖေဟာ ဒီအကြောင်းနဲ့ပတ်သက်ပြီး နောက်ထပ် ကိုယ့်ကို ဘာမှ မပြောတော့ဘူး။ ရင်ထဲမှာများ သိုဝှက်ထားလေသလား ကိုယ်မသိ။

အိမ်မှာတော့ အရာရာတိုင်းဟာ ပုံမှန်ပြန်ဖြစ်နေလေရဲ့။ အပြင်





လောကက ဈေးနှုန်းတွေအကြောင်း လူတွေအကြောင်း ကြားရတာ ယုံနိုင်စရာ မရှိလောက်အောင်ပါပဲ။ လက်ဖက်ခြောက် ပေါင်ဝက်ကို ဖလိုရင် ၃၅ဝ၊ ကော်ဖီ တစ်ပေါင် ၈ဝ၊ ထောပတ် တစ်ပေါင် ၃၅၊ ကြက်ဥတစ်လုံး ၁၄၅ ဖလိုရင်စီ ပေးရသတဲ့။

ဘူဂေးရီးယားဆေးလိပ်ဆေး တစ်အောင်စကို ၁၄ ဖလိုရင်ပေးဝယ် ရတယ်ဆိုပဲ။ နောက်ပြီး လူတိုင်းလိုလိုပဲ မှောင်ခိုဈေးလုပ်နေကြတယ်။ အားလုံး မှောင်ခိုအလုပ်လုပ်တယ်။ ကိုယ်တို့ဆီ နွားနို့ပို့တဲ့လူက ရိက္ခာ ကတ်ပြားအပိုတွေ မှောင်ခိုယူလာတယ်။ နေ့စဉ် ခိုးမှု၊ တိုက်မှု၊ လူသတ်မှု တွေလည်း ဖြစ်နေတယ်။ ပုလိပ်နဲ့ ညအစောင့်တွေလည်း ဝတ်ကြေတန်း ကြေလောက် လုပ်တာပဲ။ လူတိုင်းဟာ အူမတောင့်မှ သီလစောင့်နိုင်တော့ မှာကိုး။ လစာတွေ တိုးပေးထားတာကိုလည်း ရပ်ထားတော့၊ လူတွေဟာ ဒီလိုလုပ်ရမှာပါပဲ။ အသက် ၁၅နှစ်၊ ၁၆နှစ်၊ ၁၇နှစ်အရွယ် မိန်းကလေး တွေ နေ့စဉ်ပျောက်ကြောင်း တိုင်နေကြလို့ ပုလိပ်တွေလည်း အဆက် မပြတ် ရှာနေရတယ်တဲ့။

မင်းရဲ့ အင်နာ။

* * *

တနင်္ဂနွေနံနက်

မေ ၇၊ ၁၉၄၄

ချစ်သော ကစ်တီ

မနေ့ မွန်းလွဲပိုင်းက ကိုယ်နဲ့ဖေဖေ အကြာကြီး စကားပြောကြပြီး ကိုယ်လည်း အားပါးတရ ငိုတာပဲ၊ ဖေဖေကလည်း ငိုတယ်လေ။ ဖေဖေက ကိုယ့်ကို ဘာပြောသလဲ သိလား၊ ကစ်တီ။

ဖေဖေဘဝမှာ စာတွေအများကြီးရခဲ့ဖူးတယ်။ အဲဒီစာတွေထဲမှာ သမီးရဲ့ စာဟာ စိတ်မချမ်းသာဆုံးစာပဲ အင်နာရယ်၊ မိဘတွေက သမီးကို ဒါလောက် ချစ်ပါရက်နဲ့ အမြဲအကူအညီပေးဖို့ အသင့်ဖြစ်နေတဲ့မိဘတွေ ရှိနေပါရက်နဲ့ ဘာပဲဖြစ်ဖြစ် ကာကွယ်ပါရက်နဲ့ ဖေဖေတို့အပေါ် တာဝန်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလို့ သမီးပြေရက်ကယ် ဟင်။ မဟုတ်သေးဘူးအင်နာ၊ မဟုတ်သေးဘူး။ သမီးဟာ တရားနည်းလမ်း မကျဟာကို ဖေဖေတို့အပေါ် လုပ်မိနေပြီ။

'သမီးက ဒီလိုသဘောမျိုး ပြောတာမဟုတ်ဘူးလို့ဆိုရကောင်း ဆိုမယ်၊ ဒါပေမယ့် သမီးရေးတာ ဒီသဘောပဲ။ သမီးရယ် ဖေဖေတို့ အပေါ်မှာ ဒီလောက် အညှိုးမကြီးထိုက်ပါဘူး'

အို၊ ကိုယ်တော့ အမှားကြီးမှားပြီ။ ကိုယ့်ဘဝတစ်လျှောက်လုံး လုပ်မိသမျှ အမှားထဲမှာ အမှားဆုံး၊ အဆိုးဆုံးပါပဲ။ ငိုရတာတွေ၊ မျက်ရည်ကျရတာတွေကို ဖယ်ထားပြီး၊ ကိုယ့်ကို လေးစားလာအောင် ကိုယ်ရည်သွေးပြဖို့ ကိုယ် ကြိုးစား မိခဲ့တာပါပဲ။ ကိုယ်ဟာ အမျှားကြီး မပျော်ပိုက်ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် ကိုယ့်အပေါ် အစစအရာရာ ကောင်းခဲ့တဲ့၊ အခုလည်း ကောင်းဖို့ကြိုးစားနေတဲ့လူ သူတော်ကောင်းကြီး ဖေဖေ့ကို စွပ်စွဲခဲ့တာတွေကတော့ ကိုယ့်ဘက်က ပြောမပြတတ်နိုင် လောက်အောင် လွန်ရာရောက်နေပြီ။

တစ်ချို့တော့ လှမ်းရောက်နိုင်တဲ့ ပလ္လင်ပေါ်က ကိုယ့်ကို ဆွဲချခြင်းခံရတာပါပဲ။ ကိုယ့်ရဲ့ မာနတွေဟာ အကြီးအကျယ် လှုပ်ရှားသွားတာပါပဲ။ မရွှေအင်နာ တစ်ယောက် လုပ်တာတွေတိုင်းဟာ အမြဲတမ်း မမှန်တော့ဘူး။ လူတစ်ဦး တစ်ယောက်ကို ချစ်ဖို့ခင်ဖို့ အမြဲတမ်းတိုက်တွန်းနေတတ်တဲ့ လူတစ်ဦးတစ်ယောက် ကို ဒီလိုစိတ်မချမ်းမသာဖြစ်စေတယ်ဆိုရင် ဒီတစ်ဦးတစ်ယောက်မှာ ဘာရည်ရွယ်ချက်ပဲရှိရှိ ဒီရည်ရွယ်ချက်ဟာ အင်မတန်နိမ့်ကျတဲ့ ရည်ရွယ်ချက်ပဲဖြစ်ရမှာပဲ။

အခု ဖေဖေက ကိုယ့်ကို ဒီလိုနည်းနဲ့ ခွင့်လွှတ်တယ်ဆိုတော့ ကိုယ့်ကိုယ်ကို ရှက်လို့မဆုံးဘူး။ ဖေဖေဟာ ကိုယ့်စာကို မီးရှို့ပစ်လိုက်ဦး။ တစ်ခုခုအမှားပဲလုပ်တယ် ထားဦးတော့ ကိုယ်ကျေနပ်ပါတယ်။ မဟုတ်သေးဘူး အင်နာ၊ ညည်းမှာလေ့လာ စရာတွေ အများကြီးရှိသေးတယ်။ တခြားလူတွေအပေါ် အထင်သေးမယ့်အစား၊ စွပ်စွဲနေမယ့်အစား လေ့လာ စရာတွေ အများကြီးရှိနေသေးတယ်။





ကိုယ်ဟာ ဝမ်းနည်းလို့မဆုံးဘူး။ ကိုယ့်အသက် အရွယ်မျိုးမှာ ဘယ်သူမှ မခံစားအပ်တဲ့ ဝမ်းနည်းမှုမျိုးပေါ့။ အခုအထိ ကိုယ်ဟာ ခိုစရာ သက်သက်လို ဖြစ်နေ ခဲ့တယ်။ ဒါပေမယ့် ကိုယ် သတိမထားမိဘူး။ ကိုယ်ဟာ အထီးကျန်ဖြစ်နေတယ်။ ဒါပေမယ့် ကိုယ်စိတ်မပျက်ဘူး။ ကိုယ့်ကိုယ်ကို ရှက်စရာပဲ၊ တကယ်လည်း ရှက်မိတာပါပဲ။

ပြီးခဲ့တာတော့ ပြီးပါစေပေ့ါ။ နောက်ထပ် ဒါမျိုး ထပ်မဖြစ်အောင် ဟားဆီးရမယ်။ အစက ပြန်စချင်တယ်။ အစက ပြန်စဖို့အတွက် အခက်အခဲရယ်လို့ မရှိနိုင်တော့ပါဘူး။ အခု ကိုယ်မှာ ပီတာရှိနေပြီကိုး။ သူ့ရဲ့ အားပေးကူညီမှုတွေကြောင့် ကိုယ်ဟာ အစက ပြန်စနိုင်မယ်၊ စရမယ်ပေ့ါ။

ကိုယ်ဟာ အထီးကျန်သက်သက် မဟုတ်တော့ဘူး။ သူက ကိုယ့်ကို ချစ်တယ်။ ကိုယ်ကလည်း သူ့ကိုချစ်တယ်။ ကိုယ့်မှာ စာအုပ်တွေရှိတယ်။ ကိုယ့်မှတ်တမ်းရှိတယ်။ ကိုယ်ဟာ ကြောက်စရာကောင်းလောက်အောင် အရုပ် မဆိုးဘူး။ လုံးလုံးလည်း မမိုက်သေးဘူး။ ပျော်ရွှင်တဲ့ စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တ ရှိချင်တယ်။

ဟုတ်တယ်။ ကိုယ့်စာဟာ သိပ်မာကြောပြီး မှန်လည်း မမှန်ကန်ဘူး ဆိုတာ ကောင်းကောင်းသဘောပေါက်နေပြီ။ ဖေဖေ့ကို နမူနာအဖြစ် ယူရမယ်။ ကိုယ့်ကိုယ်ကို တိုးတက်အောင် လုပ်ရမယ်။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ၊

မေ ၈၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ်တို့ မိသားစုအကြောင်းကို မင်းကို ပြောဖူးပြီလား။

မပြောမိသေးဘူးလို့ထင်တယ်။ ဒါကြောင့် ကိုယ် စပြောပါ့မယ်။ ကိုယ့်ဖေဖေရဲ့ မိဘများဟာ အင်မတန်ချမ်းသာတယ်။ ဖေဖေ့ ဖေဖေဟာ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားလာသူဖြစ်ပြီး အမေကတော့ ချမ်းသာလည်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာ၊ ထင်ရှားလည်းထင်ရှားတဲ့ မျိုးရိုးယဲက ဖြစ်တယ်။ ဒါကြောင့် ငယ်စဉ်အခါက ဖေဖေဟာ တကယ့် သူဌေးသား တစ်ယောက်အဖြစ် နေခဲ့ရတယ်။ အပတ်တိုင်း ပါတီတွေ၊ ကပွဲတွေ၊ ပွဲလမ်းသဘင် တွေ၊ လုပတဲ့ မိန်းကလေးတွေ၊ ညစာစားပွဲတွေ ဝန်းဝန်းလည်နေတဲ့ အိမ်ကြီး ယာကြီးနဲ့ပေါ့။

အဖိုးဆုံးသွားပြီး ကမ္ဘာစစ်ကြီး အကွင်းမှာနဲ့ စစ်အပြီး ငွေဖောင်း ပွရာမှာ ပစ္စည်းရှိသမျှကုန်ဟာပဲ။ ဒါကြောင့် ဖေဖေရဲ့ဘဝဟာ ရွှေလင်ပန်းနဲ့ အချင်းမဆေးခဲ့တဲ့ဘဝမို့ မနေ့က သူ့ရဲ့ အသက် ၅၅နှစ်သက်တမ်း တစ်လျှောက်လုံးမှာ ပထမ ဆုံးအကြိမ်အဖြစ် စားပွဲပေါ်က ဒယ်အိုးထဲ ကို ယောင်းမနဲ့ ခြစ်နေရင်း တစ်ကိုယ်ထီးတည်း ရှိနေတာပါပဲ။

မေမေ့မိဘများကလည်း ချမ်းသာပါတယ်။ လူ ၂၅၀စာ ပါတီ ကြီးတွေ၊ ကပွဲတွေ၊ ညစာစားပွဲတွေ အကြောင်းကို ကိုယ်တို့ဟာ ပါးစပ် အဟောင်းသားနဲ့ နားထောင်ခဲ့ကြရတယ်။ အခုတော့ ကိုယ်တို့ဟာ ချမ်းသာတယ်ရယ်လို့ လုံးလုံး မဆိုနိုင်တော့ပါဘူး။ ဒါပေမယ့် စစ်ကြီး ပြီးတဲ့အခါမှာတော့ ကိုယ့်မျှော်လင့်ချက် တွေကို စုပုံထားတာပါပဲ။

ကိုယ်ဟာ မမေနဲ့ မာ့ဂေါ့တို့ကို ကျဉ်းကျဉ်းမြောင်းမြောင်း ရပ်တည်နေရမှာ မလိုလားဆုံးပဲ။ ဘာသာစကားတွေ နဲ့အနုပညာသမိုင်း ကိုသင်လို့ ပါရီကို တစ်နှစ်လောက်၊ လန်ဒန်ကို တစ်နှစ်လောက် သွားနေ ချင်တယ်။ ပါလက်စတိုင်းမှာသားဖွား ဆရာမလုပ်ချင်တယ်ဆိုတဲ့ မားဂေါ့နဲ့ များ ယှဉ်ကြည့်စမ်း။ လုပတဲ့အဝတ်အစားတွေကို ကြည့်ဖို့၊ လူတွေကို စိတ်ဝင်စားဖို့ ကိုယ်အမြဲတောင့်တတယ်။

ကမ္ဘာကြီးကို ကိုယ်ကြည့်ချင်တယ်။ ဖြစ်တည်နေတဲ့အရာဟိုင်းကို လုပ်ကြည့်ချင်တယ်။ ဒါကို ဟိုတုန်းက တစ်ခါ ကိုယ်ပြောခဲ့ဖူးပြီ။ ဒီလို လုပ်နေရလို့ ပိုက်ဆံအနည်းအကျဉ်းပဲရှိမယ်ဆိုလည်း ကိစ္စမရှိပါဘူး။

ဇစ္စပ်ကြောင်းလမ်းတဲ့ အထိမ်းအမှတ်ပါတီတစ်ခု တက်ခဲ့တာကို ဒီနေ့ မနက်မီယက်က ပြန်ပြောပါတယ်။ သတို့သားရော သတို့သမီး





ရောဟာ ချမ်းသာတဲ့ မျိုးရိုးတွေဆိုတော့ အစစအရာရာ အထ
ကျကျချည်းပဲတဲ့။ သူတို့ စားခဲ့ရတဲ့ ဟင်းသီးဟင်းရွက်၊ ဟင်း
ဒိန်ခဲတွေ၊ ကြက်ဥတွေ၊ အသားကင်တွေ၊ ကိတ်အလှကြီးတွေ၊
စီးကရက်တွေ စသည်ဖြင့် ဝယ်လို့ရသမျှ (မှောင်ခိုဈေးက)တွေ အ
ကျွေးတဲ့ ထမင်းစားပွဲကြီး အကြောင်းကို မီယက်က ပြန်ပြောပြတာ
ကိုယ်တို့တော့ သွားရည်တမြားမြား ကျမတတ်ပါပဲ။

မီယက်က အရက် ၁၀ ခွက်သောက်တယ်တဲ့။ ဒါနဲ့များ သူ့ကိုယ်
အရက်မသောက်တတ်ဘူးတဲ့ ပြောသေးတယ်။ မီယက်တောင် ဒီလော
သောက် တယ်ဆိုရင် တခြားသူ့မိတ်ဆွေဟာ ဘယ်လိုအိမ်ပြန်ကြ မယ်
တာ ကိုယ် စဉ်းစားလို့မရဘူး။ ဒီလို ပွဲမျိုးဆိုတာက ကိုယ့်အချိန်း အချက်
ကိုယ့်အတွဲနဲ့ ချည်းဖြစ်နေတာ သဘာဝပါပဲ။ သတို့သားနဲ့ သတို့သမီး
တိုက်ခိုက်ရေးတပ်က တပ်သားနှစ်ယောက်က ဓာတ်ပုံရိုက် ပေးတယ်
မီယက်ကလည်း သူတို့လိပ်စာကို ရေးယူထားလိုက်တယ်။ အ
အကြောင်းရှိလာတဲ့ တစ်ချိန်ချိန်မှာ အသုံးကျအောင် လို့ပေါ့လေ။
ဒါကျတော့ ကိုယ်တို့ အတွေးနဲ့ မီယက်အတွေး သိပ်မကွာလှဘူး။

မီယက်ကပြောတော့ ကိုယ်တို့လည်း သွားရည်ကျရတာ
ကိုယ်တို့ဟာ မနက်စာအတွက် အသားပြုတ်ရည် နှစ်ဇွန်းစာသာရ
ကိုယ်တို့ရဲ့ ဝမ်းဟာ အမြဲတမ်းဟာနေခဲ့တယ်။ အဲဒီအတွက်လည်း တ
တစ်နေ့ အာလူးပုပ်ကိုချည်း မှီဝဲနေရတာဆိုတော့ ဘယ်မှာ ကိုယ်တို့
သွားရည်မကျဘဲ နေနိုင်ပါ့မလား။

တကယ်လို့သာ မီယက်က ကိုယ်တို့ကို အဲဒီပွဲခေါ်သွားတယ်ဆို
တခြားသူတွေ စားစရာမကျန်အောင်ကို စားပစ်မိမှာပဲ။ ကိုယ်တို့
မီယက် အနားမှာ ဝိုင်းထိုင်၊ ဒီလောက် အရသာရှိတဲ့ အစားအစာ
အထက်တန်းကျတဲ့ လူတွေကို ကိုယ်တို့တစ်သက်မှာ တစ်ခါမှ မတွေ့
မမြင်ဘူးခဲ့တဲ့အတိုင်း၊ ပါးစပ်အဟောင်းသားနဲ့ မီယက်
ထွက်လာမယ့် စကားလုံးတွေကို စောင့်နေခဲ့ကြရတယ်ဆိုတာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်။

အဲဒါဟာ သန်းကြွယ်သူဌေးတစ်ဦးရဲ့ မြေးမလေးတွေပါပဲ။ ကမ္ဘာကြီးဟာ ထူးဆန်းလှချည်လား။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ

မေ ၉၊ ၁၉၅၅

ချစ်သော ကစ်တီ

ကိုယ့်ရဲ့ နတ်သမီးကလေး အဲလင် ပုံပြင်တော့ပြီးသွားပြီ။ စက္ကူ အချောမှာလည်း ကူးပြီးသွားပြီ။ ဖေဖေ့ မွေးနေ့အတွက် ကိုယ်ရည်ရွယ် ထားတယ်လေ။ မာဂေါ့နဲ့ မေမေကလည်း ဖေဖေ့အတွက် ကဗျာတွေများ ရေးနေကြသလားမသိဘူး။

ဒီနေ့ မွန်းလွဲပိုင်းမှာ မစ္စတာကရာဂါရောက်လာတယ်။ သူဟာ သူတို့ စီးပွားရေးလုပ်ငန်းမှာပါနေတဲ့ မစ္စက်ဘီက မွန်းလွဲ ၂နာရီထိုးတိုင်း သူထုပ်ယူလာတဲ့ နေ့လယ်စာကို ရုံးမှာပဲ စားလိမ့်မယ်လို့ လာပြောတယ်။ ဒီတော့ အပေါ်ထပ်ကို ဘယ်သူမှ တက်လာလို့မရတော့ဘူး။ အာလူးလည်း မယူလာနိုင်တော့ဘူး။ အဲလီ လည်းတက်မလာနိုင်တော့ဘူး။ အိမ်သာ သွားလို့လည်း မရတော့ဘူး။ လှုပ်လှုပ်ရှားရှား လုပ်လို့ကိုမရတော့ဘူး။ ကဲ စဉ်းစားသာကြည့်ပေတော့။ ဒီမိန်းမကြီးကို လွတ်ရာကျွတ်ရာ မောင်းထုတ်ဖို့ ကိုယ်တို့က အမျိုးမျိုးအဖုံဖုံ အကြံဉာဏ်ပေးကြတာပေါ့လေ။

ဒီ မိန်းမကြီးသောက်မယ့် ကော်ဖီထဲ ဝမ်းနုတ်ဆေးခပ်ထားလိုက်ရင် လုံလောက်ပြီလို့ ဖန်ဒန်းက ထင်တယ်။ ဒီတော့ ကူဖစ်က 'အမယ်လေး၊ မလုပ်ပါနဲ့။ ကျုပ်တို့ အရောင်းအဝယ်တွေ ပျက်ကုန်ပါ့မယ်'လို့ ပြောတယ်။ အဲဒီလိုပြောလိုက်တော့ ရီသံတွေ ထွက်လာတာပဲ။ ဒါနဲ့ မစ္စက်ဖန်ဒန်းက သဘောမပေါက်သေးလို့ ဝိုင်းရှင်းပြကြရတယ်။

ကစ်တီရေ၊ အပြင်ကိုသာ ထွက်နိုင်ရင်တော့ ရာသီဥတုဟာ ဘယ်လောက်များ သာယာနေလိုက်မလဲနော်။

မင်းရဲ့ အင်နာ။

* * *





ဗုဒ္ဓဟူး

မေ ၁၀၊ ၁၉၅၅

ချစ်သော ကစ်တီ

မနေ့က မွန်းလွဲပိုင်းမှာ အပေါ်ဆုံးထပ်တက်ပြီး ပြင်သစ်စာ လေ့ကျင့်နေကြတုန်း ကိုယ့်နောက်နားဆီက ရေတစက်စက်ကျသံကို ကြားရတယ်။ ဒါဘာသံ ဖြစ်မလဲလို့ ပီတာ့ကို မေးတော့ ပီတာက အဖြေတောင် ပြန်မပေးဘဲ အထက်ဆင့်အထိ ခြေဖျားထောက်တက် သွားတယ်။ စိုနေတဲ့ မြေအိုးနံဘေးမှာ ထိုင်နေတဲ့ ကြောင်ကလေး မိုရှီ ကိုလည်း တွန်းလွှတ်လိုက်တယ်။ မိုရှီဟာ အောက်ကို ဆင်းပြေးသွားတာပဲ။

ရေကျတာကတော့ အထက်ဆင့်မှာရှိတဲ့ ရေစည်က ရေတွေ တစိမ့်စိမ့် ယိုစီးကျပြီး ကိုယ်တို့ဘေးမှာရော၊ အာလူးထားတဲ့ စည်ထဲကိုရော ကျကုန်လို့ပါပဲ။ မျက်နှာကျက်တစ်ခုလုံးကလည်း ရေတွေတစိမ့်စိမ့်ယို အကျမှာ အပေါ်ဆုံးထပ်ရဲ့ ကြမ်းပြင်ကိုက အပေါက်တွေများလေတော့ အောက်ထပ် စားပွဲပေါ်က စာအုပ်တွေအကြား၊ ခြေအိတ်တွေအကြားအထိ စီးဆင်းကုန်ရော။ ကိုယ်တို့ အူတတ်မတတ် ရီရတာပဲ။ မိုရှီက ကုလား ထိုင်အောက် ဝင်နေပြီး၊ ပီတာလည်း ရေတွေစိုလို့။ ကြမ်းတိုက်တဲ့ အဝတ်ယူပြီး တိုက်ကြ ချွတ်ကြပေါ့လေ။ ဖန်ဒန်းကတော့ အားလုံးကို ချော့မော့နေတာပဲ။ ဒီဘေးဒုက္ခက မကြာခင်ပဲ ပြီးသွားပါတယ်။

မင်းရဲ့ အင်နာ။

မှတ်ချက်။ ။ မနေ့ကရော ဒီနေ့ညနေရော ဘုရင်မကြီးကမိန့် ခွန်းပြောတယ်။ ဘုရင်မကြီးဟာ ဟော်လန်ကို ကျန်းကျန်းမာမာနဲ့ ပြန်လာ နိုင်အောင် အနားယူနေတယ်တဲ့။ 'မကြာခင် ကျွန်ုပ်ပြန်လာလျှင်၊ အလျှင် အမြန် လွတ်မြောက်ရေး၊ သူရဲကောင်းပီသမှုနဲ့ လေးလံသော ဝန်ထုပ် ဝန်ပိုးများ'ဆိုတဲ့ စကားလုံးတွေကို သုံးသွားတယ်။

အသံလွှင့်ချက် အဆုံးသတ်မှာ ဘုန်းတော်ကြီး တစ်ပါးက ဆုတောင်းမေတ္တာ ပို့ပေးတယ်။ ဂျူးတွေ၊ အကျဉ်းစခန်းထဲ၊ အကျဉ်း ထောင်ထဲက လူတွေ၊ ဂျာမနီပြည်ထဲက လူတွေအတွက် ဘုရားသခင်



www.burmeseclassic.com

www.burmeseclassic.com



စောင်မပါစေလို့ ဆုတောင်းမေတ္တာ ပို့သေးတယ်။

* * *

ကြာသပတေး၊
မေ ၁၁၊ ၁၉၄၄

ချစ်သော ကစ်တီ

အခုဟာလော ကိုယ်တော့ သိပ်ကို အလုပ်များနေတယ်။ ဆူဆူညံညံ အသံတွေက ရှုးလောက်စရာကောင်းတဲ့ အကြားကပဲ ကိုယ်အလုပ်တစ်ပုံ တစ်ခေါင်းကြီးကို လုပ်ဖို့အချိန်ရအောင် ယူသေးတယ်။

ကိုယ် တာလုပ်စရာရှိတယ်ဆိုတာ အကျဉ်းချုပ်ပြောရမလား။ ကောင်းပြီ ပြောပြမယ်။ မနက်ဖြန်မှာ စာကြည့်တိုက်ကို ပြန်ပေးရမှာမို့ 'ဂယ်လီလီယို'ကို အပြီးဖတ်ရမယ်။ ဒီစာအုပ်ကို မနေ့ကမှ စဖတ်ရပေမယ့် ကိုယ် ပြီးနိုင်ပါတယ်။

နောက်အပတ်ကျရင် 'လမ်းဆုံလမ်းခွမှ ပါလက်စတိုင်း'နဲ့ 'ဂယ်လီလီယို' ဒုတိယပိုင်းကို ဖတ်ရမယ်။ မနေ့ကတစ်ခါ ပဋ္ဌမမြောက် ချားဘုရင်'ရဲ့ အတ္ထုပ္ပတ္တိ ပထမပိုင်းကိုလည်း ဖတ်လိုက်တယ်။ အဲဒီစာအုပ်က ဆွေစဉ် မျိုးဆက် ဇယားတွေ အားလုံးကိုလည်း ကူးရေးတာပဲ။ ဒီနောက် နိုင်ငံခြား စကားလုံး သုံးမျက်နှာကိုလည်း စာအုပ်တွေထဲ ကူးထားလိုက်တယ်။ ပြန်ရွတ်ဖို့ ရေးဖို့ ကျက်ဖို့ပေါ့လေ။ နံပါတ်လေး ကတော့ ကိုယ်စုထားတဲ့ ရုပ်ရှင် ဓာတ်လိုက်ပုံတွေ အားလုံးရောကုန်တာနဲ့ ပြန်ရှင်းဖို့လိုပြန်ရော။ ဒါပေမယ့် ဒီလောက်များလှတဲ့ ပုံတွေကို ရှင်းရမှာဆိုတော့ ပါမောက္ခ အင်နာလည်း အလုပ်နဲ့လက်နဲ့မပြတ်ဖြစ်နေတာမို့ ရှုပ်နေတာတွေကို ရှုပ်နေတဲ့အတိုင်းပဲ ထားရဦးမှာပေါ့။

နောက်တစ်ခါ ဟာကြူလီအမှုးရှိတဲ့ လူသန်ကြီးတွေကလည်း အစီအစဉ်အတိုင်း ကိုယ့်ကို စောင့်နေကြတယ်။ သူတို့ရဲ့ စွမ်းဆောင်ချက်တွေဟာ ကိုယ့်စိတ်ထဲမှာ အဝတ်က ပိုးချည်အကွက်ကလေးတွေလို အစီအရီ ပေါ်နေလေရဲ့။ အကြောင်းအရာတွေကများတော့ အကုန်လုံး





ရှုပ်ထွေးကုန်ပြီး ခုနစ်နှစ်စစ်ပွဲလား၊ ကိုးနှစ်စစ်ပွဲလားလည်းမမှတ်မိတော့ဘူး။ မမှတ်မိတာတော့ အမှန်ပဲ။ ဒါပေမယ့် မှတ်ဉာဏ်က ဒါလောက်ပဲ ရှိတာမို့ ဘယ်တတ်နိုင်မလဲ။ အသက် ၈၀သာဆိုရင် ဘယ်လောက်များ မေ့တတ်လိုက်မလဲဆိုတာ စဉ်းစားကြည့်ပေတော့။

ကဲ တစ်ခုကျန်သေးတယ်။ ကိုယ့်ရဲ့ အကြီးဆုံးဆန္ဒကတော့ တစ်နေ့နေ့မှာ သတင်းစာဆရာဖြစ်ဖို့။ ဒီ့နောက် ကျော်ကြားတဲ့ စာရေးဆရာဖြစ်ဖို့ဆိုတာ မင်းသိပြီးတာကြာပြီပဲ။ ဒီလို ကြီးမြတ်မှု (သို့မဟုတ် ရူးသွပ်မှုပေါ့။)ဆီကို ရှေးရှု နေတာဟာဘယ်တော့ အကောင်အထည်ပေါ်လာမလဲဆိုတာ မခန့်မှန်းနိုင်သေးပေမယ့် ကိုယ့်စိတ်ထဲမှာတော့ စွဲစွဲမြဲမြဲပဲ ဖြစ်နေသေးတယ်။ ဘာပဲဖြစ်ဖြစ် စစ်ကြီးပြီးသွားရင် 'လျှို့ဝှက်ခန်းဆောင်'ဆိုတဲ့ နာမည်နဲ့စာအုပ်တစ်အုပ် ထုတ်ဝေချင်တယ်။ အောင်မြင်မလား၊ မအောင်မြင်ဘူးလားဆိုတာ မပြောနိုင်သေးဘူး။ ဒါပေမယ့်ကိုယ့်မှတ်တမ်းဟာ အများကြီးအထောက်အကူရမှာပါပဲ။ 'လျှို့ဝှက်ခန်းဆောင်' အပြင် တခြားအကြံအစည်တွေလည်း ရှိသေးတယ်။ ဒီအကြံအစည်တွေ အကြောင်း ကိုယ့် စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း ဖြစ်လာတဲ့ အခါကျရင် အပြည့်အစုံရေးပြဦးမယ်။

မင်းရဲ့ အင်နာ။

* * *

စနေ၊
မေ ၁၃၊ ၁၉၄၄

ချစ်သော ကစ်တီ

မနေ့က ဖေဖေ့ မွေးနေ့ပဲ။ ဖေဖေနဲ့မေမေ လက်ထပ်ခဲ့တာ ၁၉နှစ် ရှိပြီ။ လက်တိုလက်ရှည်ခိုင်းဖို့ မိန်းမလည်းမလာဘူး။ နေကလည်း တစ်ခါမှ မသာစဘူး သာလို့။ သစ်ကျားပင်လည်း အပွင့်တွေပွင့်ကုန်ပြီ။ တပင်လုံးလည်း အရွက်တွေ ဝေစည်နေတာပဲ။ မနှစ်ကထက်တောင် ပိုလှပါသေးတယ်။

ကူဖစ်၊ ကရာဂါနဲ့ ဒူဆဲတို့က ဖေဖေ့ကို လက်ဆောင်အဖြစ် စာအုပ်တွေ ပေးကြတယ်။ ဖန်ဒန်းကတော့ ဘူးတစ်ဘူးပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် လက်ရာမြောက် အောင် ရေးခြယ်မွမ်းမံထားတဲ့ ဒီဘူးထဲမှာ ကြက်ဥသုံးလုံး၊ ဘီယာသုံးလုံး၊ ယိုဂေါ့ အရက် တစ်လုံး၊ အစိမ်းရောင် လည်စည်းတစ်ခုပါတယ်။ ကိုယ့်နှင်းဆီက မီယက် နဲ့အဲလီတို့ရဲ့ နှင်းဆီထက် ပိုပြီးမွှေးပေးမယ့် သူတို့နှင်းဆီတွေကလည်း လှပါတယ်။ အလှလုပ်ထားတဲ့ မုန့်မျိုးစုံ ၅၀ ကတော့ ကောင်းကင်းက ကျလာသလိုရောက်လာ တယ်၊ ဖေဖေက ကိုယ်တို့ကို ပေါင်မုန့်၊ လူကြီးမင်းတွေကို ဘီယာ၊ အမျိုးသမီး တွေကို ယိုဂေါ့အရက် စသည်ဖြင့် သူကိုယ်တိုင် လိုက်တည်ပြီး ဧည့်ခံတယ်။ အားလုံးအတွက် ကျေနပ်နှစ်သိမ့်စရာ ပွဲကလေးပါပဲ။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ

မေ ၁၆၊ ၁၉၄၄

ချစ်သော ကစ်တီ

ပြောတာတွေကလည်း များလာလေတော့ အပြောင်းအလဲလေး ဖြစ်အောင် မနေ့က မစ္စတာဖန်ဒန်းနဲ့ မစ္စက်ဖန်ဒန်းတို့ ကျင်းပတဲ့ ဆွေးနွေးပွဲကလေးအကြောင်းကို အခုကိုယ်ပြောပြချင်တယ်။

မစ္စက်ဖန်ဒန်း။ ။ အတ္တလန္တိတ် နံရံကြီးကို ဂျာမန်တွေက အခိုင် အခံ့လုပ်မှာ သိပ်သေချာတယ်။ အင်္ဂလိပ်တွေကို ပြန်မောင်းထုတ်ပစ် ဖို့ အစွမ်းရှိသမျှ လုပ်မှာလည်း သေချာတာပဲ။ ဂျာမန်တွေ ဘယ်လောက် အားကောင်းတယ်ဆိုတာ အံ့စရာပဲ။

မစ္စတာဖန်ဒန်း။ ။ အံ့ဖွယ်လိုလိုပေါ့။

မစ္စက်ဖန်ဒန်။ ။ ဟုတ် ဟုတ်တယ်။

မစ္စတာဖန်ဒန်။ ။ အပြီးသတ်မှာ ဘာပဲဖြစ်ဖြစ် ဂျာမန်တွေဟာ စစ်နိုင်အောင်ကို အင်အားကြီးပါတယ်။

မစ္စက်ဖန်ဒန်။ ။ ဒါ ဖြစ်နိုင်တယ်။ ဒါရဲ့ ဆန့်ကျင်ဘက် ဘာလဲဆိုတာ ကျွန်မတော့ သဘောမပေါက်ဘူး။





မစ္စတာဖန်ဒန်း။ ။ နောက်ထပ် စိတ်အနှောင့်အယှက် ဖြစ်အောင် မဖြေချင်တော့ပါဘူးကွာ။

မစ္စဖန်ဒန်း။ ။ ရှင်က ကျွန်မမေးတာကို အမြဲတမ်းတော့ ဖြေပါတယ်။ ဒါပေမယ့် ကျွန်မ သိချင်တာတွေကိုတော့ အမြဲတမ်းနိုမ် မထားနဲ့ရှင့်။

မစ္စတာဖန်ဒန်း။ ။ ဟာ မနိုမ်ပါဘူး။ ဒါပေမယ့် ငါ့အဖြေတွေက သိပ်မပြည့်စုံလှဘူးမဟုတ်လား။

မစ္စက်ဖန်ဒန်း။ ။ ဒါပေမယ့် ရှင်ဖြေတော့ဖြေတယ်။ ဖြေတိုင်း မှန်ရ မယ်လို့ ရှင်ကထင်တယ်။ ရှင်ပြောတိုင်း အမှန်ချည်းဖြစ်ရမှာလား။

မစ္စတာဖန်ဒန်း။ ။ အခု သူတို့လုပ်တော့ လုပ်နေကြတာပဲ။

မစ္စက်ဖန်ဒန်း ။ ။ ဒါ မမှန်ဘူး။ မနှစ်ကတည်းက သူ့ကို တိုက်ဝင်လာဖို့ပဲ။ အခုလောက်ဆို ဖင်လန်လူမျိုးတွေဟာ စစ်နဲ့လွတ် လွတ် ကျွတ်ကျွတ် ဖြစ်နေရောပေါ့။ အီတလီကတော့ ဆောင်းတွင်းမှာ ကိစ္စပြီးပြီ။ ဒါပေမယ့် ရုရှားတွေက လင်းဘတ်ကို တိုက်ရဦးမယ်တဲ့။ ဘာတွေမှန်းလဲမသိဘူး ရှင်ပြောခဲ့တာ။

မစ္စတာဖန်ဒန်း။ ။ (ထိုင်ရာကထ) မင်းပါးစပ်ကို ပိတ်ထားချိန်တန်ပြီ။ တနေ့ ငါမှန့်တယ်ဆိုတာ မင်းကိုပြမယ်။ မင်း ငြင်းတာ ခုန်တာတွေ ငါနားမထောင် ချင်တော့ဘူး။ မင်းဟာ သိပ်ဒေါသ ကြီးတာပဲ။ တစ်နေ့ အဲဒီဒေါသကြောင့် မင်း ဒုက္ခရောက်လိမ့်မယ်။

ပြကွက် ၁ ကျတွင်ပြီး၏။

ကိုယ်လည်း မရီပဲ မနေနိုင်ပါဘူ ။ ပီတာက သူ့နှုတ်ခမ်းကို ကိုက်ရင်း ထိုင်နေတုန်း မေမေကလည်း ရီတာပဲ။ ဒီလို လူကြီးသူမတွေဟာ လူငယ်တွေကို ဘာလုပ်ညာလုပ်နဲ့ မပြောခင် သူတို့ဘာသာ သူတို့ လေ့လာပြုပြင်တာ ပိုကောင်းပါတယ်။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



သောကြာ၊

မေ ၁၉၊ ၁၉၄၄

ချစ်သော ကစ်တီ

မနေ့ကဆိုရင် ကိုယ်တော့ သောင်းပြောင်းထွေလာ စိတ်ရှုပ်တာပဲ။ (အင်နာ့ အတွက် မဖြစ်စဖူးအဖြစ်ထူးပေါ့။) ဗိုက်လဲနာ၊ စိတ်လဲနောက် ပေါ့လေ။ ဒီနေ့ကျတော့ အများကြီးနေကောင်းလာပြီး သိပ်ဆာတာပဲ။ ဒါပေမယ့် ဒီနေ့ ပဲကစ္စတီပါ ချက်တာမို့ လက်ဖျားနဲ့တောင် တို့လို့မဖြစ်ပြန် ဘူး။

ပီတာနဲ့ကိုယ်လည်း အစစအရာရာ အဆင်ပြေနေပါတယ်။ ကိုယ်က ချစ်တာထက် ပိုတဲ့အချစ်မျိုးကို သူလိုလားနေပုံရတယ်။ ဘယ်လောက်သနားစရာကောင်းတဲ့ သူငယ်လဲ။ ညတိုင်း နှုတ်ဆက်နမ်း နမ်းရင် သူမှာရှက်သွေးဖြာလို့။ ဒါပေမယ့် ထပ်နမ်းပါဦးလို့တော့ အမြဲတမ်း တောင်းပန်တတ်သေးတယ်။ ကြောင်ကလေး မိုဖီအတွက်များ ကိုယ့်ကို အစားသွင်းထားသလား။ ကိုယ်စိတ်မဆိုးပါဘူး။ တစ်စုံ တစ်ယောက်သော သူက သူ့ကိုချစ်နေတယ်လို့ သူသိတယ်။ သိလို့သူ သိပ်ပျော်နေတယ်။

လုံ့လစိုက်ထုတ်ခဲ့လို့ အောင်မြင်မှုရပြီးတဲ့နောက် ကိုယ်ဟာ အခြေအနေ ကောင်းတစ်ခုကို လက်ဆုပ်လက်ကိုင်ရလိုက်တာ မှန်တယ်။ ဒါပေမယ့် ကိုယ့် အချစ်ဟာ သွေးအေးသွားပြီလို့တော့ မထင်မိသေးဘူး။ သူဟာ ကိုယ့်အချစ် ဖြစ်ပေမယ့် ကိုယ့်အတွင်း အစ္ဆတ္တကို ပိတ်ထားလိုက် ပြီလေ။ ဒါကို ပြန်ဖွင့်ချင်ရင် သူဟာ အရင်ကထက် ပိုပြီး အလုပ်လုပ် ရုံပဲ။

မင်းရဲ့ အင်နာ။

* * *





စနေ

မေ ၂၀၊ ၁၉၄၄

ချစ်သော ကစ်တီ

မနေ့က ညနေမှာ အပေါ်ဆုံးထပ်ကနေ အောက်ထပ်ကို ဆင်းလာ ပြီးအခန်းထဲ ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် ဇော်မွှားပန်းတွေ စိုက်ထားတဲ့ ချစ်စရာပန်းအိုးကလေး ကြမ်းပြင်ပေါ်မှာ ကျနေတာကို ကိုယ် ချက်ချင်း တွေ့တာပဲ။ မေမေက ဒူးထောက်ထိုင်ပြီး အစအနတွေ လိုက်ကောက် နေပြီး၊ မားဂေါ့ကတော့ ကြမ်းပြင်ပေါ်က စက္ကူတွေကို တရွက်စီလိုက် ကောက်နေတယ်။

'ဘာဖြစ်ကြတာလဲ'လို့ ကိုယ်ကလည်း အတွေးတွေ တပုံတခေါင်း ကြီးနဲ့ မေးလိုက်တယ်။ သူတို့အဖြေကိုတောင်မစောင့်ပဲ အပျက်အစီးတွေကို ကြည့်ပြီး အဝေးကနေ အကဲခပ်နေလိုက်မိတယ်။ ကိုယ့်ဆွေစဉ် မျိုးဆက် ဇယား စာရွက်တွေ၊ ဘလာဇာအုပ်တွေ၊ ကျောင်းစာအုပ်တွေ အားလုံးဟာ ရေထဲမှာနစ်လို့။ ကိုယ်ဟာ ငိုလုနီးပါးနဲ့ ဘာတွေပြောမိမှန်းတောင် မသိဘူး။ စိတ်ထဲရှိရာ အကုန်လျှောက် ပြောလိုက်မိတယ်။

ဒါပေမယ့် မားဂေါ့ရဲ့ အဆိုကတော့ ကိုယ်ပြောတဲ့အထဲမှာ ရေတွက်လို့မရနိုင်တဲ့ ဆုံးရှုံးမှု၊ ကြောက်စရာ လန့်စရာနဲ့ပြီးရင်း စားမရ နိုင်တဲ့ ဆုံးရှုံးမှုလို့ ပြောတယ်တဲ့။ ဖေဖေကတော့ တဟားဟား နဲ့ရီပြီး၊ မားဂေါ့နဲ့ မေမေတို့ကလည်း အလားတူ ဝိုင်းရီကြတယ်။ ဒါပေမယ့် ကိုယ်ကတော့ ငိုနေခဲ့ရတယ်။

'ရေတွက်လို့ မရနိုင်တဲ့ ဆုံးရှုံးမှုတွေ'ကို အနီးကပ် စစ်ဆေးကြည့် တော့ ကိုယ်ထင်သလောက် မဆိုးတာကို တွေ့ရတာပဲ။ ကိုယ်ဟာ စာရွက် တွေကို သေသေချာချာ ရွေးထုတ်ပြီး အပေါ်ဆုံးထပ်က အဝတ်တန်းမှာ အခြောက်သွားလှန်းတယ်။ အဲဒီတော့မှ တွေးတွေးပြီး တစ်ယောက်တည်း ရီနေမိတယ်။ နောက် ကိုယ့်စာရွက်တွေ ပီတာ့ကို သေသေချာချာ အပ်ထား ပြီးမှ အောက်ထပ်ကို ပြန်ဆင်းခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ် စာအုပ်ကပျက်သွားသလဲ' စာအုပ်တွေစစ်နေတဲ့ မားဂေါ့ကို ကိုယ်က လှမ်းမေးလိုက်တယ်။ 'အက္ခရာသချ်ာ'လို့ မားဂေါ့ ကဖြေတော့ သူ့ဘေးနားကပ် သွားပြီး ကြည့်တယ်။ ဒါပေမယ့် အက္ခရာ သင်္ချာစာအုပ်ဟာ ကယ်မရအောင် ပျက်စီးသွားပြီလေ။ ကိုယ်တော့ ပန်းအိုးနဲ့အတူပဲ ကျတဲ့ အထဲမှာပါသွားပါစေ လို့ဆုတောင်းမိတယ်။ ဒီအက္ခရာ သင်္ချာ စာအုပ့်ကို တခြားစာအုပ်တွေထက် ပိုပြီးကိုယ်ခင်တွယ်တယ်။ ဒီစာအုပ်ရဲ့ ရှေ့ပိုင်းမှာ ပိုင်ရှင်အစဉ်အဆက်ဖြစ်ခဲ့တဲ့ မိန်းကလေး ၂၀ လောက်ရဲ့ နာမည်တွေကို ရေးထားတယ်။ အဝါရောင်သန်းပြီး ဟောင်းလှပါပြီ။ ကိုယ့်စိတ်သာ အရင်ကလိုဆိုရင် ကျန်နေတဲ့ အစအန တွေကို ထပ်ပြီး အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ဆုတ်ပစ်မိဦးမှာပဲ။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊
မေ ၉၊ ၁၉၄၄

ချစ်သော ကစ်တီ

မေလ ၂၀ရက်နေ့တုန်းက ဖေဖေဟာ မစ္စက်ဖန်ဒန်းနဲ့ အလောင်းအစား လုပ်တာ ယိုဂေါ့အရက်ငါးလုံး ရှုံးသွားလေရဲ့။ မဟာမိတ်တွေ ဝင်လာတော့ မယ်ဆိုတာလည်း အခုအထိ မလာသေးဘူး။ အမ်စတာဒမ် တစ်မြို့လုံး၊ ဟော်လန် တစ်ပြည်လုံး၊ စပိန်အထိ ဥရောပအနောက်ဖက်ကို ကမ်းခြေတစ်လျှောက်လုံး မဟာမိတ်တွေ ဝင်လာရေး ကိစ္စကို နေ့ရော ညရော ပြောကြ ဆိုကြ၊ ငြင်းကြ၊ ခုန်ကြ၊ လောင်းကြ၊ မျှော်လင့်ချက်ထားကြမပေါ့လေ။

မဝေခွဲနိုင်မှုတွေကလည်း အထွဋ်အထိပ်ကို ရောက်နေပြီ။ ကောင်းတယ်လို့ သတ်မှတ်ခဲ့တဲ့လူတွေကို မယုံရဘူး။ ဒတ်ချ်လူမျိုးတွေက ဗြိတိသျှအပေါ်မယုံဘူး။ ဗြိတိသျှတွေဟာ 'ကျွမ်းကျင်တဲ့' သေနင်္ဂဗျူဟာ





သုံးပြီး ဖြီးဖြန်းနေကြတယ်လို့ တချို့ကထင်တယ်။

အမှန်ကတော့ လူတွေဟာ လက်တွေ့အလုပ်ကိုသာ တွေ့ချင်နေကြတာ။ ကြီးကျယ်တဲ့၊ သူရဲကောင်းပီသတဲ့အလုပ်ပါ။ ဘယ်သူမှ ကိုယ့်အရေးထက်ပိုပြီး တခြားလူတွေရဲ့ အရေးကမကြီးဘူး။ ဗြိတိသျှတွေဟာ သူတို့နိုင်ငံ၊ သူတို့ပြည်သူ အတွက်တိုက်နေတယ်လို့ ဘယ်သူကမှ မထင်ဘူး။

ကိုယ်တို့အပေါ် ဗြိတိသျှက ဘာတာဝန်ကြွေးတွေ ရှိသလဲ။ ဒတ်ချ်တွေဟာ သူတို့မျှော်လင့်ဆဲ အကူအညီအတွက် ဘာတွေများ ပြန်ပေးသလဲ။ ဗြိတိသျှအပေါ်ကို အပြစ်တင်ရင်တော့ ဒတ်ချ်တွေအမှားပဲ။ ဗြိတိသျှဟာ ဖြီးဖြန်းမှုတွေရှိပေမယ့် တခြားတိုင်းပြည်တွေ သိမ်းပိုက်ခံနေရတဲ့ နိုင်ငံကြီးငယ်တွေထက်တော့ပိုပြီး အပြစ်မတင်ထိုက်ပါဘူး။

ဂျာမနီက နှစ်ပေါင်းများစွာလက်နက် ပြန်လည်တပ်ဆင်နေတဲ့ အချိန်မှာ ဗြိတိသျှဟာ အိပ်နေရပါမို့လားလို့ ကိုယ်တို့က မကျေမနပ်ဖြစ်ကြပေမယ့် ဗြိတိသျှက ကိုယ်တို့ကို တောင်းပန်နေစရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ တခြားနိုင်ငံတွေ၊ အထူးသဖြင့် ဂျာမနီနဲ့ နယ်ချင်းဆက်နေတဲ့ နိုင်ငံတွေကတောင် အိပ်မောကျ နေခဲ့ကြသေးတာပဲ။ ခွေ့တာရေး ပေါ်လီစီတစ်ရပ်ကို လိုက်နာရုံနဲ့တော့ ဘယ်ကိုမှ ကိုယ်တို့ ရောက်မှာ မဟုတ်ဘူး။ အင်္ဂလန်အပါအဝင် တခြားနိုင်ငံတွေဟာ အခုလို အချိန်မှာ အကြီးအကျယ် အနစ်နာခံစွန့်လွှတ်မှ ဖြစ်တော့မှာပဲလို့ အင်္ဂလန်ရော၊ တစ်ကမ္ဘာလုံးကရော သဘောပေါက်လာကြတာပါပဲ။

ဘယ်နိုင်ငံမှ ကိုယ့်လူမျိုးတွေကို အလဟဿ အကျိုးမဲ့ အသေမခံနိုင်ဘူး။ တခြားလူမျိုးတွေရဲ့ အကျိုးစီးပွားအတွက်လည်း အသေမခံနိုင်ဘူး။ အင်္ဂလန်ကတော့ ဒီနှစ်ခုစလုံးကို လုပ်မှာမဟုတ်ဘူး။ ဝင်ရောက် တိုက်ခိုက်မှု၊ လွတ်လပ်မှုတို့ဟာ တစ်ချိန်ချိန်မှာ ရောက်လာမှာပဲ။ ဒါပေမယ့် အမေရိကန်နဲ့ အင်္ဂလန်က ရက်ချိန်းပေးလိမ့်မယ်။

လူများစွာတို့က ဂျူးတွေအပေါ်ထားတဲ့ သဘောထားတွေပြောင်းသွားတယ်လို့ ကိုယ်တို့ နာနာကျည်းကျည်းနဲ့ ကြားရပါတယ်။ ဂျူး



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ရေးဝါဒရောက် မယ်မထင်တဲ့ နေရာတွေမှာ ဒီပါဒဝင်နေတယ်လို့ ကြားရတယ်။ ဒီသတင်းဟာကိုယ် တို့ကို အထူးတလည် ထိခိုက်စေပါတယ်။

ဂျူးတွေအပေါ် မုန်းတီးကြတဲ့ အကြောင်းရင်းကို သိဖို့ဆိုတာကတော့ လွယ်ပါတယ်။ ဂျာမန်တွေကို လျှို့ဝှက်ချက်တွေ ပေးပစ်ရမလားဆိုပြီး ခရစ်ယာန်တွေက ဂျူးတွေကို အပြစ်တင်တယ်။ ဂျူးတွေဟာ ကယ်ဆယ်ခဲ့သူတွေကို ကျေးဇူးကန်းတယ်၊ ဂျူးတွေကြောင့် သူတို့ဟာ ကြီးကျယ်တဲ့ အပြစ်ဒဏ်တွေကို ခံစားခဲ့ကြရတယ်လို့ အပြစ်ပြောတယ်။

ဒါတွေဟာ မှန်ပါတယ်။ ဒါပေမယ့် ဒီပြဿနာကို နှစ်ဖက်စလုံးက ကြည့်ရ မယ်။ ခရစ်ယာန်တွေသာ ကိုယ်တို့နေရာမှာဆို ဘာလုပ်ကြမလဲ။ ဂျာမန်တွေမှာ လူတွေကို စကားပြောအောင်လုပ်နိုင်တဲ့ နည်းတွေရှိတယ်။ သူတို့ အာဏာ စက်အောက် ရောက်နေတဲ့လူ၊ ဂျူးဖြစ်ဖြစ်၊ ခရစ်ယာန်ဖြစ်ဖြစ်ပေါ့လေ။ ဒီလူဟာ အမြဲတမ်း တိတ်တဆိတ်နေလို့ရပါ့မလား။ ဒီလိုနေလို့မဖြစ်နိုင်ဘူးဆိုတာ လူတိုင်းသိပါတယ်။ ဒါဖြင့် ဂျူးတွေဆီက ဒီမဖြစ်နိုင်တာကို ဘာကြောင့်များ တောင်းဆို နေကြရပါသလဲ။

ဟော်လန်ကို တိတ်တဆိတ်ဖိုးဝင်လာခဲ့ကြတဲ့ ဂျာမန်၊ ဂျူးတွေ၊ ပိုလန်မှာ ရောက်နေတဲ့ ဂျာမန်ဂျူးတွေကို ပြန်လာခွင့်မပေးတော့ဘူး။ သူတို့ဟာ တစ်ချိန်က ဟော်လန်မှာ နိုင်ငံရေးခိုလှုံခွင့်ရခဲ့ပေမယ့် ဟစ်တလာထွက်သွားချိန်မှာ သူတို့လည်း ဂျာမနီကို ပြန်သွားကြရမယ်ဆိုတဲ့ ထင်ကြေးစကားတွေကို မြေအောက်ရပ်ကွက် မှာ ပြောနေကြသေးတယ်။

ဒီအချိန်ကြာ ခက်ခဲတဲ့ စစ်ပွဲကြီးကို ဘာကြောင့် တိုက်နေရသလဲဆိုတာရဲ့ အဖြေကိုကြားရင် အံ့သြကြလိမ့်ဦးမယ်။ အားလုံးမှာ လွတ်လပ်ရေးအတွက်၊ တရားမျှတရေးအတွက်၊ အမှန်တရားအတွက် တိုက်ကြပါတယ်လို့ ပြောသံတွေကို ကိုယ်တို့ ကြားရတာချည်းပဲ။ ဒီလို တိုက်နေရင်းမှာ အချင်းချင်းသဘောမတိုက် ဆိုင်မှုတွေကို ပြကြတယ်။ ဂျူးတွေဟာ တခြားလူမျိုးတွေလောက် တန်ဖိုးမရှိ တော့ဘူးလား။ ဒီတော့ ရှေးကဆိုရိုးစကားအဖြစ်ထားခဲ့တဲ့ အမှန်တရားတစ်ရပ်ဟာ အခုအထိ အနိုင်





အမာဖြစ်နေသေးတာကို တွေ့ရတော့ ဝမ်းနည်းတယ်၊ သိပ်ကို ဝမ်းနည်းတာပဲ။ ဒီစကားက 'ခရစ်ယာန်တစ်ယောက်၏ ကာယကံမြောက် အပြုအမူသည် သူ့တာဝန်သာဖြစ်ပြီး၊ ဂျူးတစ်ယောက်၏ ကာယကံမြောက်အပြုအမူမှာမူ ဂျူးအားလုံး၏ တာဝန်သာဖြစ်သည်' တဲ့။

အင်မတန် ရိုးသား၊ ကောင်းမွန်ပြီး၊ ဝီရိယကြီးမားခဲ့တဲ့ ဒတ်ချ်လူမျိုးတွေဟာ ကိုယ်တို့အပေါ် ဘာကြောင့် ဒီလို ခန့်ခွဲစီရင်ချင်ရသလဲဆိုတာကိုယ် ရိုးရိုးပြောရရင် နားမလည်နိုင်ပါဘူး။ ကိုယ်တို့ဟာ အဖိနှိပ်အခံရဆုံး၊ ပျော်ရွှင်မှုအကင်းမဲ့ဆုံး လူသားတွေပါ။ ဟစ်ကမ္ဘာလုံးက ပြည်သူတွေအထဲမှာ သနားစရာအကောင်းဆုံး လူမျိုးလို့တောင် ဆိုရလေမလား။

ကိုယ်ဟာ အရာတစ်ခုထဲကိုပဲ မျှော်လင့်တယ်။ ဒီအရာကတော့ တစ်နေ့မှာ ဂျူးတို့အပေါ် မုန်းတီးမှုကြီးဟာ အတိတ်မှာသာ ကျန်နေခဲ့တဲ့အရာ ဖြစ်နေမှာပဲ။ ဒတ်ချ်တွေအဖို့ကတော့ အမှန်တရားကို သိတဲ့ အသိဉာဏ်က ကင်းကွာနေသူများအဖြစ် မကျန်ရစ်စေသင့်ပါဘူး။ ဂျူးဆန့်ကျင်ရေးဝါဒဟာ မတရားပါဘူးကွယ်။

အဲဒီလောက် ကြောက်စရာကောင်းလှတဲ့ ခြိမ်းခြောက်မှုကြီးသာ အစစ် အမှန်ဖြစ်လာခဲ့လို့ရှိရင် မသေလို့ ကျန်နေသေးတဲ့ ဂျူးတစ်စုဟာ ဟော်လန်ပြည့်က ထွက်ခွာသွားရပါတော့မယ်။ ကိုယ်တို့လည်းပဲ အထုပ်အပိုးကလေးရွက်ပြီး ဒီသာယာလှပတဲ့နိုင်ငံ၊ ကိုယ်တို့အပေါ် နွေးနွေးထွေးထွေး ပြုစုညှော်ခံသော်လည်း ယခုကော့ စိမ်းကားကျောခိုင်းသွားတဲ့နိုင်ငံက မြွေလျား ထွက်ခွာသွားရတော့မယ်ပေါ့။

ကိုယ်ဟာ ဟော်လန်ကိုချစ်တယ်။ ဇာတိရပ်မြေရယ်လို့ မရှိတဲ့ကိုယ်ဟာ ဟော်လန်သာလျှင် ကိုယ့်အမိနိုင်ငံဖြစ်လာရမယ်လို့ မျှော်လင့်ခဲ့တယ်။ အခုအထိလည်း မျှော်လင့်နေပါသေးတယ်။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေး၊
မေ ၂၅၊ ၁၉၄၄

ချစ်သော ကစ်တီ

အသစ်အဆန်းတွေကတော့ နေ့စဉ်လိုလို ဖြစ်နေတာပါပဲ။ ဒီနေ့မနက် ကိုယ်တို့ဆီ ဟင်းသီးဟင်းရွက်ပို့နေတဲ့လူကို သူ့အိမ်မှာ ဂျူးနှစ်ယောက် ဝှက်ထားရမလားဆိုပြီး ဖမ်းသွားတယ်တဲ့။ ဒါဟာ ကိုယ်တို့အတွက် ကြီးမားလှတဲ့ ထိုးနက်ချက်ပါပဲ။ နက်ရှိုင်းလှတဲ့ ချောက်ကမ်းပါးနှုတ်ခမ်းမှာ ကျလုလုအနေမျိုးနေရတဲ့ သနားစရာဂျူးများအတွက်သာမက ဒီလူအတွက်ပါ ကြောက်ခမန်းလိလိ ဖြစ်နေတာမို့ပါ။

ကမ္ဘာကြီးတော့ ဖောက်ထိုးမိုးမျှော်ဖြစ်ကုန်ပါပြီကွယ်။ လေးစားထိုက်တဲ့လူတွေကို ညှင်းပန်းရေးစခန်းတွေ၊ အကျဉ်းထောင်တွေထဲ ပို့လိုပို့ကျန်တဲ့ဆင်းရဲ ချမ်းသာမရွေး လူကြီး လူငယ်ဟူသမျှကို အတင်းရွေးတပ်ဆွဲနေတာပဲ။ တချို့လည်း မှောင်ခိုဈေးကြောင့် အဖမ်းခံရ၊ အချို့လည်း ဂျူးတွေကိုသော်လည်းကောင်း၊ တခြား မြေအောက်သမားတွေကိုသော်လည်းကောင်း ကူညီမိလို့ အဖမ်းခံရ။

သူတို့ ဒတ်ချ် ဖော်ကပြန်ရေးအဖွဲ့မှာ မပါတဲ့ လူတိုင်းဟာ တစ်နေ့တစ်နေ့ ကိုယ့်ခေါင်း ကိုယ်ပြန်စမ်းနေရတဲ့အဖြစ်မျိုး ရောက်နေပြီလေ။

ဟင်းသီးဟင်းရွက်ပို့တဲ့လူကို ဖမ်းသွားတာဟာ ကိုယ်တို့အတွက် ကြီးမားလှတဲ့ ဆုံးရှုံးမှုပါပဲ။ အာလူးလည်း နောက်ထပ်မရနိုင်တော့တာမို့ လျော့စားဖို့မှအပ တခြားနည်းလမ်းမရှိဘူး။ မေမေကတော့ မနက်စာကိုတော င် မစားပဲနေကြဖို့ ပြောတယ်။ အသားပြုတ်ရေနဲ့ ပေါင်မုန့်ကို နေ့လယ်စာမှာစား၊ ညစာမှာ အာလူးကြော်၊ တစ်ခါတလေ တစ်ပတ်နှစ်ကြိမ်လောက် ဟင်းသီးဟင်းရွက်စားဖို့ ပြောတယ်။ ရှေ့လျှောက်ကိုယ်တို့တော့ ဆာတော့မှာပဲ။ ဒါပေမယ့် မတတ်နိုင်ဘူး။ ရင်ဆိုင်ရမယ်လေ။

မင်းရဲ့ အင်နာ။





သောကြာ၊
မေ ၂၆၊ ၁၉၄၄

ချစ်သော ကစ်တီ

အဆုံးမတော့ ပြတင်းပေါက်နားက ကိုယ့်စားပွဲမှာ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်ရင်း မင်းဆီကို ကိုယ် စာရေးနိုင်ပါပြီ။

ကိုယ့်စိတ်ဟာ သိပ်ဆင်းရဲနေတယ်။ လပေါင်းများစွာ ဒီလိုမဖြစ်ခဲ့ပါဘူး။ သူခိုးဝင်တုန်းကတောင် အခုအခါလောက် စိတ်ဆင်းရဲ သောကမရောက်ခဲ့ရဘူး။ ဘာတွေကြောင့် စိတ်သောကရောက်နေရသလဲ ဆိုတော့တစ်ဖက်က ဟင်းသီးဟင်းရွက်ရောင်းတဲ့ လူပြဿနာ၊ ဂျူး ပြဿနာမဟာမိတ်တွေ မဝင်သေးတဲ့ပြဿနာ၊ အစားအသောက် ဆင်းရဲတာအနေရကြပ်တည်းတာ၊ ပီတာ့ကို မကျေနပ်တာပေါ့လေ။ တခြားတဖက်ကတော့ အဲလီတစ်ယောက်စေ့စပ်တာ၊ ညှော်ခံတာ၊ ကရာဂါ့မွေးနေ့လုပ်တာ၊ ရှပ်ရှင်နဲ့ ကပွဲတွေ၊ အို စုံလို့ပါပဲ။

အဲဒီလောက် ကြီးမားလှတဲ့ ခြားနားချက်ကြီးဟာ နေ့စဉ်နဲ့အမျှတည်ရှိ နေလေရဲ့။ တစ်နေ့ ရီရီမောမောနေပြီး ပျော်စရာရွှင်စရာတွေကိုသာတွေ့နေရပေမယ့် နောက်တစ်နေ့မှာ ကြောက်တာ၊ ရွံ့တာ၊ စိုးရိမ်တာသောကဖြစ်တာတွေ စုပုံနေတော့တာပဲ။ မိယက်နဲ့ ကရာဂါတို့မှာပုန်းနေတဲ့ကိုယ်တို့ ရှစ်ယောက်အတွက် အလေးလံဆုံး ဝန်ထုပ်ဝန်ပိုးကိုထမ်း နေကြရတာပါပဲ။ မိယက်က တတ်နိုင်သမျှ အကုန်လုပ်ပေးတယ်။ကရာဂါ ကတော့တစ်ခါတလေ ဖောချွေးပြန်သည်အထိ စကားပြောရလောက်အောင် ကြီးမားတဲ့ တာဝန်တွေကို ယူထားရတယ်။

ကူဖစ်နဲ့ အဲလီတို့ကလည်း ကိုယ်တို့ကိုစောင့်ရှောက်ကြပါတယ်။ ဒါပေမယ့် တစ်ခါတလေ သူတို့မှာ ကိုယ်တို့ကို မေ့နေဖို့ အချိန်ကလေးဘာလေး ရသေးတယ်။ သူတို့မှာကလည်း သောကတွေကိုယ်စီနဲ့ကိုး။ ကူဖစ်ကဆို ကျန်းမာရေးအတွက်၊ အဲလီကဆို စေ့စပ်ကြောင်းလမ်းမှုအတွက် ရှိကြတာပေါ့။ အဲလီတို့လည်း နည်းနည်းပါးပါး အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ မိတ်ဆွေတွေဆီ သွားရတယ်။ သူတို့အတွက်က ဝေခွဲမရတဲ့ စိတ်ကို ခေတ္တကလေးပဲဖြစ်ဖြစ် ဖြေဖျောက်လို့ရသေးတယ်။ ကိုယ်တို့အတွက်ကတော့ အခိုက်အတန့်လေးတောင် မရဘူး။ အခု ကိုယ်တို့ ဒီကိုရောက်တာ နှစ်နှစ်ရှိပြီ။ ပိုပြီးမခံမရပ်နိုင်လောက်အောင် တိုးတက်များပြားလာမယ့် စိတ်သောကတွေနဲ့အတူ ဘယ်လောက်ကြာအောင် ရုံးထွေးသတ်ပုတ် နေရဦးမလဲ။

မိလ္လာပြွန်ပိတ်နေလို့ ရေကို သုံးလို့မရတော့ဘူး၊ ဒါမှမဟုတ် တနည်းတလမ်း လှည့်သုံး။ အိမ်သာသွားတိုင်း ကိုယ်တို့ဟာ အိမ်သာသုံး ဝက်မှင်ဘီးကြီး ယူသွားရတယ်။ အညစ်အကြေးရေတွေကိုကိုလုံး ရေမွှေးအိုး အကြီးကြီးထဲထည့်ထားရတယ်။ တစ်ရက်တော့ ဒီနည်းနဲ့ ဖြစ်ပါရဲ့။ ဒါပေမယ့် ပြင်မယ့်လူက တစ်ယောက် တည်းမလုပ်နိုင်ဘူးဆိုရင် ဘယ်နှယ့်လုပ်မလဲ။ မြူနီစပယ် ရေမိလ္လာသမားကတော့ အင်္ဂါနေ့အထိလာမှာ မဟုတ်ဘူး။

မီယက်က အရုပ်ပုံသဏ္ဌာန်လုပ်ထားတဲ့ ကိတ်တစ်လုံး ပို့လိုက်တယ်။ 'ပျော်ရွှင်ပါစေ' လို့ ရေးထားတဲ့စာကို ကိတ်မုန့်မှာ ချိတ်ထားတယ်၊ သူက ကိုယ်တို့ကို လှောင်တာများလားမသိဘူး။ ကိုယ်တို့ကို ပျော်သူတွေရယ်လို့ ခေါ်ဖို့မခက်ပါလား။ ဟင်းသီးဟင်းရွက် ရောင်းသူကိစ္စက ကိုယ်တို့ကို ပိုပြီး ချောက်ချားအောင်လုပ်နေတယ်။ တစ်ခုခုလေး အသံထွက်လာရင် တရှုံရှုံနဲ့တိုးတိုးတိတ်တိတ်လုပ်ဖို့ လေသံဝိုင်းပေးကြတာနဲ့ ကိုယ်တို့ဟာ ပိုပြီးတိတ်သည်ထက် တိတ်နေကြရပြန်ရော။

ပုလိပ်တွေက ဟိုမှာဝင်ဖမ်းသွားကြပြီ။ ကိုယ်တို့ကိုလည်း ဒီလိုပဲ ဖမ်းနိုင်တာပါပဲ။ တစ်နေ့ ကိုယ်တို့လည်း ဒီလိုပဲ အဖမ်းခံရရင်ရော။ အို ဒါတွေကို ကိုယ် မရေးတော့ပါဘူး။ နို့ပေမယ့် ကိုယ့်စိတ်ထဲမှာ မစဉ်းစားပဲတော့ နေလို့မရဘူး၊ ကစ်တီ။ ကြောက်စရာအတွေးတွေဟာ ပြန်ပြီး ပေါ်လာကြပြန်တာပါပဲ။

ဒီနေ့ည ရနာရီမှာ ကိုယ်တစ်ယောက်တည်း အောက်ထပ်က





အိမ်သာကို သွားတယ်။ အားလုံး ရေဒီယို နားထောင်နေကြလို့ အောက်ထပ်မှာ ဘယ်သူမှ မရှိဘူး။ ကိုယ်ကတော့ ရဲရင့်ချင်ပါတယ်၊ ဒါပေမယ့် ရဲရင့်ဖို့ဆိုတာ မလွယ်လှပေဘူး။ ကြီးမားကျယ်ပြန့်တဲ့ အောက်ထပ်၊ တစ်အိမ်လုံး တိတ်နေတဲ့အချိန်၊ အိမ်အပေါ်ထပ်က ချိုးချိုးချွတ်ချွတ်အသံ၊ လမ်းမက ကားဟွန်းသံတွေအကြားက အောက်ထပ်မှာ တစ်ယောက်တည်းနေရတာထက်၊ အပေါ်ထပ်မှာ နေရတာက ပိုပြီးလုံခြုံတယ်လို့ ကိုယ်ထင် တယ်လေ။ ဒါနဲ့ ကြက်သီးမွေးညှင်းထပြီး မြန်မြန်ပြန်တက်လာရတာပါပဲ။

ဒီလို ပုန်းလျှိုးမနေဘဲ စားစားစီးစီ သေလိုက်ရရင်၊ ဒီလို ဘေးဒုက္ခတွေကို မခံစားရရင်၊ အထူးသဖြင့် ကိုယ်တို့ကို အကာအကွယ်ပေးနေသူတွေကို အန္တရာယ်ထဲ ဆွဲမသွင်းခဲ့ရင် ပိုမကောင်းဘူးလားလို့ ကိုယ့်ကိုယ်ကို ထပ်ခါတလဲလဲ မေးမိပါတယ်။ ဒါပေမယ့် ဒီအတွေးကို လက်မခံရဲပါဘူး။ ကိုယ်တို့ဟာ ဘဝကိုတစ်ခုအထိ တွယ်တာ ပါသေးတယ်။ သဘာဝရဲ့အသံကို အခုအထိ မမေ့သေးပါဘူး။ ကိုယ်တို့မှာ အခုအထိ မျှော်လင့်ချက်ရှိသေးတယ်။ အရာရာတိုင်းအတွက် မျှော်လင့်ချက်ပေါ့။

မကြာခင်တစ်ခုခုတော့ ဖြစ်လိမ့်မယ်လို့ ကိုယ်မျှော်လင့်တယ်။ လိုအပ်ရင် ပစ်ခတ်သတ်ဖြတ်တဲ့အထိပေါ့လေ။ ဒါပေမယ့် ဒီလိုခံရတာဟာ အခုလို ဘေးဒုက္ခ အတိနဲ့နေရတဲ့ ကိုယ်တို့အတွက် ဘာမှပိုပြီးထူးမှာ မဟုတ်တော့ပါဘူး။ ဘယ်လောက်ဘဲ ခက်ထန်ကြမ်းတမ်းတဲ့ အဆုံးသတ်ဖြတ်ပါစေ၊ ဒီအဆုံးသတ်လာစမ်းပါစေ၊ အဲဒီအခါကျတော့ နောက်ဆုံးအနေနဲ့ ကိုယ်တို့ဟာ အနိုင်ရမလား၊ ရှုံးနိမ့်မလားဆိုတာ သိရမှာပေါ့။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဂုဒ္ဒပူး၊
မေ ၃၁၊ ၁၉၄၄

ချစ်သော ကစ်တီ

စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့နဲ့ အင်္ဂါနေ့တွေမှာ သိပ်ပူတာပဲ။ ကိုယ့်လက်ထဲမှာ ဖောင်တိန်ကိုတောင် မကိုင်နိုင်ဘူး။ ဒါကြောင့်ပဲ မင်းဆီကို စာမရေးနိုင်ခဲ့တာပါ။

သောကြာနေ့မှာ မိုလ္လာပိုက် ပျက်သေးတယ်။ ဒါပေမယ့် စနေနေ့မှာ ပြင်လိုက်တယ်။ မစ္စတာကူဖဲလ်လည်း မွန်းလွဲပိုင်းမှာ ကိုယ်တို့ဆီလာတွေ့သွားသေးတယ်။

တနင်္ဂနွေနေ့ကတော့ အဲလီလာပြီး မနက်စာ စားသေးတယ်၊ တနင်္လာနေ့ ကျတော့ မစ္စတာဟန့် ရောက်လာပြီး ကင်းစောင့်ပေးတာနဲ့ အင်္ဂါနေ့မှာ ပြတင်းတံခါးတွေကို ပြန်ဖွင့်ကြရတယ်။

နေပူပေမယ့် သိပ်ကို နွေးထွေးလှပတာပဲ။ 'လျှို့ဝှက်ခန်းဆောင်' ထဲမှာတော့ ပူလိုက်တာ ကြောက်ခမန်းလိလိပေါ့လေ။

နွေးထွေးလှတဲ့ အဲဒီရက်တွေနဲ့ ပတ်သက်လို့ ဘယ်လို သဘောရကြတယ်ဆိုတာ မင်းသိအောင် နမူနာပြောပြမယ်။

စနေနေ့။ ။ ချစ်စရာကောင်းလိုက်တာ၊ ဘယ်လောက်လှတဲ့ ရာသီလဲလို့ မနက်ပိုင်းမှာ ကိုယ်တို့အားလုံး ပြောကြတယ်။ "ဒီလောက် မပူရင်လေ သိပ်ကောင်းမှာပဲ"လို့ ပြတင်းပေါက်တွေပိတ်ရတဲ့ ညနေပိုင်းကျတော့ ပြောပြန်ရော။

တနင်္ဂနွေ။ ။ ဒီလောက်အပူကြီးတော့ မခံနိုင်ဘူး။ ထောပတ်တွေ အရည်ပျော်ကုန်ပြီ။ အိမ်ထဲမှာ အေးတဲ့နေရာလို့ကို မရှိတော့ဘူး။ ပေါင်မုန့်တွေ သိပ်ခြောက်ကုန်ပြီ၊ နို့တွေလည်း ခမ်းကုန်ပြီ၊ ပြတင်းပေါက်တွေလည်း မဖွင့်နိုင်ဘူး၊ တခြားလူတွေ နေပူကျဲကျဲအရသာကို ခံနေကြတုန်း ဒို့ကိုဒုက္ခ မဒုက္ခတွေမှာတော့ ဒီမှာပဲ မွန်းမွန်းညပ်ညပ် ထိုင်နေကြရတာပဲ။

တနင်္လာ။ ။ ကျူပ် ခြေဖဝါးတွေ နာကုန်ပြီ။ အဝတ်ပါးပါး





လျှားလျှား ရယ်လို့ မရှိတော့ဘူး၊ ဒီလောက် အပူထဲ အဝတ်မလျှော်နိုင်ဘူး။ ဒါတွေအားလုံးကတော့ မစ္စက်ဖန်ဒန်းဆီကသာလာတဲ့ စကားတွေပါပဲ။ တကယ် နားမချမ်းသာစရာပေါ့နော်။

အပူကိုလည်း ကိုယ်မခံနိုင်ဘူး၊ ဒီနေ့တော့ လေညှင်းကလေး တိုက်လာလို့ တော်ပါရဲ့သေးရဲ့၊ နေရောင်ကတော့ တောက်ပတုန်းပဲ။

မင်းရဲ့ အင်နာ။

* * *

တနင်္လာ၊
ဇွန် ၅၊ ၁၉၄၄

ချစ်သော ကစ်တီ

'လျှို့ဝှက်ခန်းဆောင်'ရဲ့ ဘေးဒုက္ခအသစ်တွေ လာပြန်ပြီ။ အင်မတန် သိမ်ဖျင်းတဲ့ ကိစ္စတစ်ခုကြောင့် ဒူဆဲနဲ့ဖရင့်တို့ ရန်ဖြစ်ကြတယ်။ ဒီကိစ္စကတော့ တခြားမဟုတ်ပါဘူး။ ထောပတ်ဝေတာ အဝေမတဲ့လို့ပါပဲ။ ဒူဆဲက အလျှော့ပေးလိုက်ပါတယ်။

မစ္စက်ဖန်ဒန်းနဲ့ ဒူဆဲကတော့ တော်တော်လေးအလွမ်းသင့်နေကြတယ်။ အရောတဝင်လုပ်လိုက်၊ နမ်းလိုက်၊ ရိလိုက် မောလိုက်ကြနဲ့ပေါ့လေ။ ဒူဆဲဟာ မိန်းမကို တောင့်တမျှော်လင့်စပြုလာပြီ။

ပဉ္စမမြောက် တပ်မတော်က ရောမကို သိမ်းလိုက်ပြီ။ မြို့တော်ကြီးကို ကြည်းတပ်တွေကရော၊ လေတပ်တွေကရော မပျက်စီးအောင် သတိထားကြလို့ မြို့တော်ပျက်စီးခြင်းမရှိဘူးတဲ့။ ကိုယ်တို့ဆီမှာ အာလူး သိပ်နည်းနေပြီ။ ရာသီဥတုကလည်း ဆိုးလှတယ်။ ပြင်သစ်ကမ်းခြေကိုတော့ ဗုံးအကြီးအကျယ်ကြဲနေတုန်းပဲ။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ၊

ဇွန် ၆၊ ၁၉၄၄

ချစ်သော ကစ်တီ

ဗြိတိသျှရေဒီယိုက ‘ယနေ့သည် ဒီ–ဒေးဖြစ်သည်’ဆိုပြီး ကြေညာတယ်။ မှန်ပါတယ်။ မဟာမိတ်တွေရဲ့ ထိုးဖောက်တိုက်ခိုက်မှုဟာ စတင်ပါပြီ။

ဒီနေ့မနက် ၈နာရီမှာ ဒီသတင်းကို ကြေညာပြီး ကာလေ၊ ဘိုလုံ၊ လီဟက်ပ်နဲ့ ရှာဘော့ဂ်တို့ကိုလည်း အကြီးအကျယ် ဗုံးကြဲတာပဲ။ နောက်ပြီး သိမ်းပိုက်ထားတဲ့ နယ်မြေအားလုံး လုံခြုံရေးအတွက် ကမ်းခြေ ၃၅ ကီလိုမီတာဝန်းကျင်မှာ နေထိုင် ကြသူအားလုံးကို ဗုံးကြဲမယ့်အကြောင်း ကြိုတင်သတိပေးထားတယ်။ ဖြစ်နိုင်ရင် ဗုံးမကြဲမီ တစ်နာရီကြိုပြီး စာရွက်စာတန်းတွေ ကြဲချမယ်တဲ့။

ဂျာမန်ဘက်က သတင်းအဆိုအရကတော့ ဗြိတိသျှလေထီးတပ်တွေအား လုံးဟာ ပြင်သစ်ကမ်းခြေမှာ ဆင်းမိကြပြီတဲ့။ ဗြိတိသျှကမ်းဟက်ရေယာဉ်တွေနဲ့ ဂျာမန်ရေတပ်ဟာ တိုက်ပွဲဖြစ်နေကြတယ်လို့ ဘီဘီစီက အသံလွှင့်တယ်။

မနက် ၉နာရီမှာ နံနက်စာစားပော့ ဒီအကြောင်းကို ဆွေးနွေးကြတယ်။

ဂျာမန်၊ ဒတ်ချ်၊ ပြင်သစ်အပြင် တခြားဘာသာတွေနဲ့ ဗြိတိန်က ၁၀နာရီမှာ အသံလွှင့်တယ်။ ဂျာမန်ဘာသာနဲ့တော့ ၁၁နာရီမှာ အသံလွှင့်တယ်။ အဲဒီမှာ သေနာပတိချုပ် ဂျာနရယ်အိုက်ဆင်ဟောင်းဝါးရဲ့ မိန့်ခွန်းကို လွှင့်သွားတယ်။

၁၂နာရီမှာ အင်္ဂလိပ်ဘာသာနဲ့ အသံလွှင့်တော့ ဂျင်နရယ်အိုက်ဆင်ဟောင်းဝါးက ဒီ–ဒေးဟာ ကနေ့ပဲလို့ ကြေညာတယ်။ ကြီးကျယ်တဲ့ တိုက်ပွဲတွေ လာလိမ့်မယ်။ ဒါပေမယ့် ဒီတိုက်ပွဲတွေအပြီးမှာ အောင်ပွဲခံလိမ့်မယ်။ ၁၉၄၄ခုနှစ်ဟာ အပြီးသတ် အောင်ပွဲခံမယ့်နှစ်ပဲလို့ ပြင်သစ်





လူမျိုးတွေကို ပြောကြားသွားတယ်။

တစ်ချက်ထိုးမှာ အင်္ဂလိပ်ဘာသာနဲ့ လွှင့်ပြန်ရော။ အဲဒီ အသံလွှင့်ချက်ကို ဘာသာပြန်ရရင် လေယာဉ်ပေါင်း ၁၁၀၀၀ အသင့် ရှိနေပြီ။ ကမ်းတက်တပ်တွေရော၊ တိုက်ခိုက်ရေးတပ်တွေရော အဆင်သင့်ဖြစ်ပြီ။ ကမ်းတက်သင်္ဘောပေါင်း ၄၀၀၀လည်း ရှိနေပြီ။ အင်္ဂလိပ်နဲ့ အမေရိကန်တပ်တွေကလည်း တိုက်ပွဲဝင်ကုန်ကြပြီစသည်ဖြင့် ကြေညာသွားပြီးတော့ ဘယ်လ်ဂျီယံဝန်ကြီးချုပ်၊ နော်ဝေဘုရင်၊ ပြင်သစ်က ဒီဂေါ၊ အင်္ဂလန်ဘုရင်နဲ့ ချာချီတို့က မိန့်ခွန်းတွေ ပြောကြတာပဲ။

‘လျှို့ဝှက်ခန်းဆောင်’မှာတော့ ဂဏှာမငြိမ်ဖြစ်နေကြပြန်ပြီ၊ အခုအထိ အံ့သြဖွယ်၊ ဒဏ္ဍာရီသဖွယ်ဖြစ်နေပြီး အများကပြောမဆုံးဖြစ်နေခဲ့တဲ့ လွတ်မြောက်ရေးဆိုတာဟာ တကယ်ပဲ ဖြစ်လာတော့မှာလား။ အခု ၁၉၄၄ခုနှစ်မှာ အောင်ပွဲခံမှာလား။ အခုအထိတော့ ကိုယ်တို့ မသိသေးပါဘူး။ ဒါပေမယ့် မျှော်လင့်ချက်ကတော့ ပြန်ပေါ်လာကြတယ်။ ဒီမျှော်လင့်ချက်ကြောင့်လည်း အားရှိလာကြတယ်။

စိုးရိမ်မှု၊ ကြောက်လန့်မှုနဲ့ အခက်အခဲ အထွေထွေကို ခံလာပြီးတဲ့နောက် အခုအရေးအကြီးဆုံး လိုအပ်တာကတော့ တည်တည်ငြိမ်ငြိမ်ရှိဖို့ပါပဲ။ အံကို တင်းတင်းကြိတ်ခံပြီး မငိုကြွေးမိဖို့ လိုတာပါပဲ။ ပြင်သစ်၊ ရုရှား၊ အီတလီနဲ့ ဂျာမနီတို့လည်းပဲ ငိုကြွေးကြရပြီးပြီ။ အတိဒုက္ခတွေကသက်သာရာ ရလာကြပြီ။ ဒါပေမယ့် ကိုယ်တို့မှာကော့ အခုအထိ အခွင့်အရေးကို မရသေးဘူး။

ကစ်တီရေ၊ ကိုယ်တို့ဟာ ကြောက်မက်ဖွယ် ကောင်းလှတဲ့ ဂျာမန်တွေရဲ့ ဖိနှိပ်မှုကို နှစ်ပေါင်းများစွာ ခံခဲ့ရပါပြီ။ သူတို့ရဲ့ဓါးသွားဟာ ကိုယ်တို့လည်ချောင်းကို ထောက်ထားတာကြာပါပြီ။ အခုလို မဟာမိတ်တွေ ဝင်လာတော့မယ်ဆိုတာ သိရတော့ ကိုယ်တို့အတွက် ယုံကြည်ချက်ပိုလို့သာတိုးပွားလာရတယ်ပေါ့။

အခုတော့ ဒီပြဿနာဟာ ဂျူးတွေနဲ့သာ ဆိုင်တော့တဲ့ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဟော်လန်တပြည်လုံးရော၊ သိမ်းပိုက်ခံထားရတဲ့ ဥရောပတစ်တိုက်လုံးနဲ့ပါ သက်ဆိုင်တဲ့ ပြဿနာဖြစ်လာပြီ။ ကိုယ်ဟော့ စက်တင်ဘာ၊ သို့မဟုတ် အောက်တိုဘာလောက်မှာ ကျောင်းပြန်တက်နိုင်ကောင်းပါရဲ့လို့ မားဂေ့ါကပြောပါတယ်။

မင်းရဲ့ အင်နာ။

မှတ်ချက်။ ။ နောက်ဆုံးသတင်းတွေ မင်းကို ပေးပါဦးမယ်။

* * *

သောကြာ၊
ဇွန် ၉၊ ၁၉၄၄

ချစ်သော ကစ်တီ

မဟာမိတ်တွေ ဝင်ရောက်လာပြီဆိုတဲ့ သတင်းကောင်းရပြီ။ မဟာမိတ် တပ်တွေဟာ ပြင်သစ်ကမ်းခြေ ဘေယက်ဆိုတဲ့ ရွာကလေးကိုတောင် သိမ်းလိုက်ပြီ။ အခု ကင်းအထိ တိုက်လာပြီတဲ့။ ရှားဘော့ဂ်တည်ရှိနေတဲ့ ကျွန်းဆွယ်ကို ဖြတ်တောက်ဖို့ သူတို့ ရည်ရွယ်တာ သိပ်ထင်ရှားပါတယ်။

ညနေတိုင်းလိုလိုပဲ ရေ့တန်းစစ်မြေပြင်ကသတင်းတွေကို စစ်သတင်းထောက် တွေကပေးတယ်။ တပ်မတော်ကြီးတွေရဲ့ အခက်အခဲတွေ၊ ရဲစွမ်းသတ္တိတွေ၊ တက်ကြွမှုတွေကို ကိုယ်တို့ကို ပြောပြနေတယ်။ တကယ်နိုင်ခဲ့တဲ့ ဓာတ်လမ်းတွေကို သူတို့ရနေတာပဲ။ အင်္ဂလန်ပြန်ရောက်နေတဲ့ ဒဏ်ရာရပြီးသူတွေကလည်း အသံလွှင့်ကြသေးတယ်။ ရာသီဥတု အလွန်ဆိုးရွားနေတဲ့အကြားကပဲ လေတပ်ဟာ အစွမ်းကုန် တိုက်ခိုက်နေတယ်။ ချာချီဟာ တပ်တွေအားလုံး ဒီ–ဒေးမှာ ကမ်းပေါ် တက်စေချင်တယ်လို့ ဘီဘီစီက ပြောသွားတာ ကိုယ်တို့ ကြားလိုက်ရတယ်။ အိုက်ဆင်ဟောင်းဝါးနဲ့ တခြား ဂျင်နရယ်တွေက သူ့အကြံဉာဏ်ကိုရအောင် ဆောင်ရွက်နိုင်ခဲ့ကြတယ်။ စဉ်းစားကြည့်စမ်း၊ ဒီအဖိုးကြီး ဘယ်ဇလောက်





ခေါင်းကောင်းသလဲ။ သူဟာ အခုဆိုအနည်းဆုံးအသက် ၇၀လောက်ရှိရောပေါ့။

အခု နှစ်ကုန်ပိုင်းလောက်မှာ စစ်ပြီးမယ်လို့ ကိုယ်တို့ မျှော်လင့်ပေမယ့် စိုးရိမ်မှုတွေကတော့ ကြီးမားနေတုန်းပဲ။ မစ္စက်ဖန်ဒန်းကတော့ အဲ့ဆိုးဆုံးပေ့ါ။ နေ့စဉ်နေ့တိုင်း ရာသီဥတု ဆိုးနေတာကို အပြစ်တင်နေတယ်။ ဒီမိန်းမကြီးကတော့ ရေအေးစည်ထဲထည့်ပြီး အပေါ်ဆုံးအထပ်ခိုးမှာ တင်ထားဖို့သာ ကောင်းတော့တာပဲ။

'ဟန်ဂေရီယံ ပျို့ကဗျာ' စာအုပ်ကြီးကို ဖန်ဒန်းနဲ့ ပီတာမှအပအခြားလူတွေအားလုံး ဖတ်ကြတယ်။ ဒီစာအုပ်ဟာ သီချင်းရေးဆရာ ဖရန့်လစ်စ်ရဲ့ အထုပတ္တိကို ရေးသားထားတာပါပဲ။ စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်။ ဒါပေမယ့် မိန်းမတွေအကြောင်း ရေးတာများလွန်းတယ်လို့ ကိုယ်ထင်တယ်။ သူ့ခေတ်တုန်း ကတော့ လစ်ဇင်ဟာ နာမည်အကျော်ကြားဆုံး စန္ဒယားဆရာကြီးသာမက မိန်းမတွေ အသဲအစွဲဆုံးလူတစ်ယောက်လည်း ဖြစ်ခဲ့တယ်။ အသက် ၇၀ အရွယ်လောက် အထိတောင် မိန်းမတွေက သူ့နောက်ကို ကောက်ကောက်ပါနေကြတုန်းဆိုပဲ။ ဒီစာအုပ်ထဲက တူရိယာဂီတအနုပညာနဲ့ ပတ်သက်လို့ ရေးထားတဲ့အပိုင်းတွေကတော့ စိတ်ဝင်စားစရာ အကောင်းဆုံးပါပဲ။ စာအုပ်ထဲမှာတဲ့ နာမည်အချို့ကတော့ ရှူမန်းကလာရာဝစ်၊ ဗီသိုဗင်၊ ရစ်ချဒ်ဝက္ကနာ၊ ရှုပင်၊ ဗစ်ဟာဟူးရိုး၊ ဗော်လ်ဇတ်၊ ဟီလာ၊ ရိုဆီနီ၊ ပဂ္ဂင်နီနီ စသည်တို့ပေ့ါလေ။

တကယ်ဆိုတော့ လစ်ဇ်ဟာ လူဟာစ်ယောက်အနေနဲ့ ကောင်းပါတယ်။ ရက်ရောတယ်။ ရိုးသားတယ်။ လူတိုင်းကို ကူညီတယ်။ သူ့အတွက် အနုပညာ သာလျှင် အဓိက၊ အရက်နဲ့ မိန်းမအပေါ် အရူးအမူး စွဲလန်းတယ်။ မျက်ရည်ကျ တာကိုတောင် မကြည့်ရက်တဲ့လူ။ လူတိုင်းရဲ့ အလိုဆန္ဒကို ဖြည့်စွမ်းချင်တဲ့လူ။ ငွေကြေးကို ဂရုမစိုက်ဘဲ ဘာသာရေးလွတ်လပ်ခွင့်၊ ကမ္ဘာလောကကြီး လွတ်လပ်ခွင့်အတွက် ချစ်မြတ်နိုးတဲ့လူပါပဲ။

မင်းရဲ့ အင်နာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ၊

ဇွန် ၁၃၊ ၁၉၄၄

ချစ်သော ကစ်တီ

မွေးနေ့တစ်ခုတော့ လာပြန်ပြီ။ ဒီနေ့မှာ ကိုယ့်အသက် ၁၅နှစ် ပြည့်ပြီလေ။ လက်ဆောင်တွေလည်း တော်တော်များများကြီး ရလိုက်ပါရဲ့။

'စာပရင်ဂါရေးတဲ့ အနုပညာသမိုင်း' စာအုပ်အတွဲငါးတွဲ။ အတွင်းခံဘောင်း ဘီတစ်စုံ။ လက်ကိုင်ပဝါတစ်ထည်။ ယိုဂေ့အရက် နှစ်ပုလင်း။ ယိုတစ်အိုး။ အထူးလုပ်ထားတဲ့ ကိတ်တစ်လုံး။ ဖေဖေနဲ့ မေမေ့ဆီက ရုက္ခဗေဒစာအုပ်တစ်အုပ်။ ဒူဆဲလ်ဆီကရော၊ မိယက်တို့ ဆီကရော လက်ဆောင်တွေ ရတာပါပဲ။ ပီတာ့ ဆီကတော့ ချစ်စရာ ပန်းတစ်စည်း ရတယ်။ သနားစရာ သူ့ခမြာ ကိုယ့်ကို ကောင်းကောင်းမွန်မွန် ပစ္စည်း လက်ဆောင်ပေးဖို့ ရှာပေမယ့် ဘာမှမရရှာဘူး။

ရာသီဥတု ဆိုးဝါးနေပြီး၊ လေမုန်တိုင်းတွေ မရေမတွက်နိုင်လောက်အောင် တိုက်ခတ်နေတဲ့အကြား၊ မိုးတွေရွာ ဒီရေတက်နေတဲ့ အကြားကပဲ မဟာမိတ်တွေရဲ့ ဝင်ရောက်တိုက်ခိုက်ရေးသတင်းကောင်း တွေကို ကြားနေရတယ်။

လွတ်မြောက်သွားတဲ့ ပြင်သစ်ရွာကလေးကို ချာချီရယ်၊ စမတ်ရယ်၊ အိုက်ဆင်ဟောင်းဝါးနဲ့ အာနိုးလ်ရယ် မနေ့က လာကြည့်ကြတယ်။ ချာချီးလာတဲ့ တော်ပီဒိုသင်္ဘောဟာ ကမ်းလည်းရောက်ရော အမြောက်ဆံ မှန်တယ်တဲ့။ ဒါပေမယ့် ချာချီဟာ တခြားလူတွေလိုပဲ ကြောက်တယ် ဆိုတာကို နားလည်ဟန်မတူဘူး။ ကိုယ်တော့ သိပ်အားရှိတာပဲ။

ဒီသတင်းတွေကို အပြင်လောကကသူတွေက ဘယ်လို တုန့်ပြန်ကြတယ်ဆိုတာ ကိုယ်တို့ဆီက ခန့်မှန်းလို့မလွယ်ဘူ။ ဗြိတိသျှတွေကတော့ အင်္ကျီလက်ကိုပင့်ပြီး သူတို့လုပ်စရာရှိတာတွေကို လုပ်နေကြပြီ။ ဗြိတိသျှတွေကိုရော၊ အဘိုးအိုကြီး ခေါင်းဆောင်နေတဲ့ ဗြိတိသျှ အစိုးရကိုရော၊ အထင်သေးနေတဲ့ ဒတ်ချ်တွေဟာ ဗြိတိသျှသူရဲဘောကြောင်တယ်လို့





ပြောနိုင်သေးရဲ့လား။ အနုလောက်ဆို သူတို့မှာ အသိဉာဏ်လေးဘာလေး ရလောက်ရောပေါ့။

ကိုယ့်မှာ ဓမ္မတာမလာတာ နှစ်လလောက်ရှိပြီ၊ ဒါပေမယ့် စနေနေ့ကတော့ ပြန်လာတယ်၊ ဓမ္မတာလာတာဟာ နေရထိုင်ရခက်ပြီး သက်တောင့်သက်သာ မရှိလှပေမယ့် အခုလို ပြန်လာတာကိုပဲ ကိုယ်က ဝမ်းသာလှပါပြီ။

မင်းရဲ့ အင်နား

* * *

ဗုဒ္ဓဟူး

ဇွန် ၁၄၊ ၁၉၄၄

ချစ်သော ကစ်တီ

များပြားလှတဲ့ ဆန္ဒတွေ၊ အတွေးတွေ၊ စွပ်စွဲမှုတွေနဲ့ မကြေမချမ်းဖြစ်မှုတွေက ကိုယ့်ခေါင်းကို ဖမ်းစားထားကြတယ်။ တခြားလူတွေ ထင်နေသလောက် ကိုယ်ဟာမကောက်ကျစ်ပါဘူး။ ကိုယ်ရဲ့ ချွတ်ယွင်းချက်တွေ အပြစ်တွေကို သူများတကာထက် ကိုယ် ပိုသိတယ်။ ကိုယ့်ကိုယ်ကို ပြုပြင်ချင်တယ်။ ပြုပြင်ရမယ်။ အကြီးအကျယ် ပြုပြင်ခဲ့တယ်ဆိုတာ တွေလည်း ကိုယ်သိတယ်။

ဒါဖြင့် ဘာဖြစ်လို့ တခြားလူတွေက ကိုယ့်ကို ကြောက်စရာကောင်းလောက်အောင်သိတဲ့၊ ကြီးမြင်တဲ့၊ ကောင်မလေးလို့ ထင်နေကြသလဲ။ ကိုယ်ဟာ အရာရာတိုင်းကို သိတဲ့လူလား။ ကိုယ်တစ်ယောက်တည်း အရာရာသိပြီး၊ တခြားလူတွေကရော ကိုယ့်လို မသိလို့ပဲလား။ ဒီမေးခွန်းကို ဖြေရရင် နောက်ဆုံးစာကြောင်းကိုတော့ ကိုယ်ဖျက်ပစ်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သိပ်မှားတာမှ မဟုတ်ပဲကိုး။

စွပ်စွဲသူတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ မစ္စက်ဖန်ဒန်းဟာ အကင်းမပါးဘူး။ ဉာဏ်မရှိဘူးဆိုတာ လူတိုင်းသိတယ်။ မစ္စက်ဖန်ဒန်းက ကိုယ်ဟာ အမိုက်မလို့ ထင်နေတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



သူ့လောက် ဉာဏ်ပညာအရာမှာ မနည်းလို့ပါပဲ။ သူက ကိုယ်ဟာ သိပ်ရှေ့ကို ကြိုမြင်တဲ့ကောင်မလေးလို့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ သူက ကိုယ့်ထက်ပိုပြီး မြှင်လို့ပဲ။ ကိုယ့်အဝတ်အစားတွေကို ပိုပြီးတိုလွန်းတယ်လို့ သူကထင်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့အဝတ်အစား တွေက ပိုပြီးတိုနေလို့ပါပဲ။ နောက်ပြီးရှိသေးတယ်၊ ကိုယ်ဟာ အရာရာကို သိတယ်လို့သူကထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာဘာမှမသိတဲ့ အကြောင်းအရာတွေကို ဝင်ဝင်မှပြောတဲ့နေရာမှာ ရှာမှရှားလို့ပါပဲ။ ဒါပေမယ့် ကိုယ်အကြိုက်ဆုံး စကားပုံကတော့ 'မီးမရှိလျှင် မီးခိုးမရှိတဲ့'ဆိုတဲ့ စကားပုံပါပဲ။ အဲဒါကြောင့် ကိုယ်ဟာ အရာရာကိုသိတဲ့ ကောင်မလေးပါဆိုတာ အဆင်သင့်ဝန်ခံလိုက်ပါတယ်။

အခု ကိုယ် ကြိုးစားနေတဲ့အပိုင်းက ဘာလဲဆိုတော့ ကိုယ့်ကိုယ်ကို အများတကာထက် ပိုဝေဖန်ပိုင်းခြားဖို့ပဲ။ ဒါနဲ့တောင် မေမေက အကြံတွေ တပုံတခေါင်း ကြီးပေး၊ ခဏခဏ သြဝါဒပေးလာပလားဆိုရင် ကိုယ်ဟာ ပရမ်းပတာ ဒေါသ ထွက်လာရော။ ရိုင်းလာရော။ သူတို့နဲ့ ပဋိပက္ခစလာရော။ ဒီတော့ ဟိုတုန်းက အင်နာ့ရဲ့ 'ငါ့ကို ဘယ်သူမှ နားမလည်ဘူး' ဆိုတဲ့ လက်သုံးစကားဟာ ဒိုးရင်း ဒိုးရင်း ပြန်ရောက်လာရော။

ဒီလက်သုံးစကားဟာ အကြားရဆိုးကြောင်း ကိုယ်သိတယ်။ ဒါပေမယ့် အကြားရဆိုးသလောက် အမှန်တရားလည်း ပါနေပါတယ်။ ကိုယ့်ကို ကောင်းကောင်း မွန်မွန်အကြံပေးပြီး ချိုချိုသာသာနဲ့ ကိုယ့်မာနတွေကို ချိုးနှိမ်ပေးနိုင်မယ့် လူကိုရှာကြည့်တယ်။ အခုအထိ ရှာလို့မတွေ့သေးဘူး။

အဲဒီအခါကျတော့ မင်းဟာ ပီတာကို ဖြုံးကနဲ သတိရလိုက်မှာပေါ့ကစ်တီ၊ ဟင် မဟုတ်ဘူးလား။ ဒီလိုပါ ဒီလိုပါ။ ပီတာဟာ ကိုယ့်ကို ချစ်သူအနေနဲ့မဟုတ်ဘဲ မိတ်ဆွေအနေနဲ့ ချစ်တာပါ။ တစ်နေ့တစ်ခြား ပိုပြီးလည်း ကိုယ့်အပေါ်မှာ မြတ်နိုးရှာ ပါတယ်။ ဒါပေမယ့် ကိုယ်တို့နှစ်





ယောက်ကို နောက်ပြန်ဆွဲနေတဲ့၊ အသိရခက် နက်နဲတဲ့အရာဟာ ဘာများပါလိမ့်။ သူ့ကို ကိုယ်က တောင့်တောင့်တတ ဖြစ်ရလွန်းတာဟာ ပိုလှတယ်လို့တော့ မဆိုနိုင်သေးဘူး။ ဘာကြောင့်လဲသိလား။ နှစ်ရက်လောက်သူနဲ့မတွေ့ ရဘူးဆိုရင် ကိုယ်ဟာ သူ့အပေါ် ဘယ်တုန်းကနဲ့မှမတူအောင်တောင့်တ မျှော်လင့်မိတော့တာပဲ။ ပီတာဟာ လူကောင်းပါ။ ချစ်စရာလည်းကောင်းပါတယ်။ ဒါပေမယ့် အခုအထိ သူ့အပေါ်မှာ ကိုယ် စိတ်တိုင်းမကျသေးဘူးဆိုတာ မငြင်း နိုင်ပါဘူး။ သူက ဘာသာရေးကို မကြိုက်တာ၊ အစားအသောက်အကြောင်း သိပ်ပြော တာတွေကို ကိုယ် သဘောမကျဘူး။ ပီတာဟာ အေးအေးချမ်းချမ်းနေတတ်တယ်။ လျစ်လျူပြုစိတ်ရှိတယ်။ သူတစ်ပါးအလိုကို လိုက်လျောတယ်။ သူ့အမေပြောတာ ကိုတောင် သူလက်မခံခဲ့တဲ့ကိစ္စတွေမှာ သူဟာ ကိုယ့်စကာကို နားထောင်ပြီး သူ့ကိုယ်သူ အပိုးကျိုးအောင် ကြိုးစားတယ်။

ဒါပေမယ့် အခုအထိ သူ့ အစ္ဈတ္တသန္တာန်မှာ သူ့ကိုယ်သူ့သာမြှုပ်နှံထားပြီး ကိုယ့်ကိုတော့ ဘာကြောင့် ခွင့်မပြုတာလဲ။ ကိုယ့် အတွေးအကြံ့ရှုဆိုရင် ပီတာဟာ ကိုယ့်ထက်ပိုပြီး အတွင်းကြိတ်ကြိတ်တယ်မြဲထားတတ်တယ်။ ဒါကို ကိုယ် သဘောတူပါတယ်။ နို့ပေမယ့် အင်မတန်တသီးတသန့်ဆန်ပြီး လူသူလေးပါးနဲ့ မရောယှက်တဲ့ လူတွေတောင်ကိုနှစ်သက်ရာ စွဲလန်းရာတော့ အထိုက်အလျောက် ရှိနေကြတာချည်းပဲ မဟုတ်လား။

ကိုယ်နဲ့ပီတာတို့ဟာ ဒီ 'လျှို့ဝှက်ခန်းဆောင်'မှာ စိတ်အာရုံ ဝင်စားစရာ နှစ်ကာလတွေကို ကုန်လွန်စေခဲ့ကြပါပြီ။ အနာဂတ်အကြောင်း အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကြောင်းတွေကို မကြာခဏဆိုသလို ဆွေးနွေးကြတယ်နော်။ ဒါပေမယ့် မင်းကို ကိုယ် ပြောခဲ့သလိုပါပဲ။ တကယ်စစ်မှန်တဲ့ အရာတစ်ခုနဲ့ ကိုယ်ဟာ အခုအထိ လွဲနေသေးတယ်လို့ ထင်နေတယ်။

မင်းရဲ့ အင်နာ။



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေး၊
ဇွန် ၁၅၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ်ဟာ အပြင်လောကကြီးနဲ့ အတော်ကြာကြာ အဆက်ပြတ်ခဲ့လို့များ သဘာဝနဲ့ ပတ်သက်လာရင် ဒီလောက် ရူးရူးမိုက်မိုက် ဖြစ်နေရတာလားလို့ တစ်ခါတလေ ထင်နေမိတယ်။

ပြာနေတဲ့ ကောင်းကင်ပြင်၊ ငှက်ကလေးတွေရဲ့ တေးသံ၊ လရောင်နဲ့ ပန်းပွင့်တွေဟာ ကိုယ့်ကို မှင်သက်မိသလို မိအောင်ဆွဲဆောင်မထားနိုင်တဲ့အချိန်တွေရှိခဲ့ဖူးတာကို ကိုယ် အမှတ်ရနေသေးတယ်။ အခု ဒီကို ရောက်လာတဲ့အချိန်ကစပြီး ပြောင်းလဲခဲ့ပါပြီ။

ဥပမာဆိုပါတော့ လရောင်ကလေးများ နွေးနွေးထွေးထွေးသာနေတဲ့ညမျိုး ကျရင် ကိုယ်ဟာ ည ၁၁ နာရီခွဲလောက်အထိ မအိပ်သေးပဲ လမင်း ကြီးကို ကြည့်ဖို့ စောင့်စားနေမိတယ်။ ဒါပေမယ့် ကိုယ်ကြိုးစားရတာ အချည်းအနှီးပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လကသာလွန်းလို့ ပြတင်းပေါက်ကို မဖွင့်ရဲဘူး။

လတော်တော်ကြာသာတုန်းက ညနေခင်းတခင်းမှာ ကိုယ် အပေါ်ထပ်ကို ရောက်နေတယ်။ ပြတင်းကလည်းဖွင့်ထားတယ်။ ကိုယ်ဟာ ပြတင်းပေါက်ပိတ်ချိန် မရောက်မချင်း အောက်ထပ်ကို ပြန်မဆင်းတော့ဘူး။ အမှောင်၊ မိုးရွာနေတဲ့ ညနေခင်း၊ မိုးသက်လေပြင်းနဲ့ မိုးသားတိမ်တိုက်တွေဟာ ကိုယ့်ကို ဖမ်းစားထားတယ်။ ဒါဟာ တစ်နှစ်ခွဲအတွင်း ပထမဆုံးအကြိမ်အဖြစ် ညကို မျက်နှာချင်းဆိုင် တွေ့မိခဲ့တာပါပဲ။ အဲဒီညကစပြီး ညကို တွေ့ချင်တဲ့ ကိုယ့်ဆန္ဒဟာ သူခိုး၊ ခါးပြ၊ ကြွက်အပြင် အဖမ်းအဆီးစတဲ့ ကိုယ် အင်မတန်ကြောက်တဲ့ အန္တရာယ်တွေထက်ပိုပြီး ပြင်းထန်ကြီးမားလာခဲ့ရတယ်။ ညဘက်ကို တစ်ယောက်တည်း အောက်ထပ်ဆင်းပြီး မီးဖိုခန်းနဲ့ သီးသန့်ရုံးခန်း ပြတင်းတွေကနေ အပြင်ဘက်ကို ကြည့်နေမိတာလည်း ရှိသေးတယ်။





လူပေါင်းများစွာဟာ သဘာဝကို ချစ်ခင်ကြတယ်။ တစ်ခါတလေ အပြင် ကိုတောင် ထွက်အိပ်ကြတယ်။ ထောင်ထဲကလူတွေ၊ ဆေးရုံတက်နေတဲ့ လူတွေဟာ သဘာဝရဲ့ အလှအပကို ခံစားဖို့ လွတ်ရာလွတ်ကြောင်းကိုပဲ စောင့်မျှော်လေ့ ရှိကြတယ်။ ဒါပေမယ့် ဆင်းရဲချမ်းသာမရွေး ခံစားနိုင်တဲ့ ဒီအခွင့်အရေးကို လူတစ်ချို့ဟာတော့ ခံစားခွင့်မရကြပါဘူး။

ကောင်းကင်၊ မိုးသားနဲ့ လတွေ ကြယ်တွေကို ကြည့်မိတိုင်း ရင်ထဲမှာ အေးငြိမ်းသာယာတယ်လို့ ကိုယ်ပြောတာဟာ စိတ်ကူးသက်သက်နဲ့ မှန်းဆပြီး ပြောတာမဟုတ်ပါဘူး။ အကောင်းဆုံး ဆေးတစ်ပါးပါပဲ။ အမိသဘာဝကြီးဟာ ကိုယ့်ကို သိမ်မွေ့ယဉ်ကျေးလာအောင်၊ အခက်အခဲတိုင်းကို သတ္တိရှိရှိ ရင်ဆိုင်နိုင်ဖို့ အသင့်ရှိအောင် သွန်သင်ဖန်တီးပေးတယ်လေ။

ဒါပေမယ့်ကွယ် အင်မတန် ဖုံထူတဲ့ ပြတင်းပေါက်က အင်မတန်ညစ်ပေတဲ့ ခန်းဆီးများအကြားကသာ သဘာဝကို တစ်ခါတရံသာ ရှားရှားပါးပါး ကိုယ်ကြည့် ရတာပါ။ ဒီအရာတွေကြားကတစ်ဆင့် ကြည့်ရတော့လည်း သာယာသင့်လောက် မသာယာပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သဘာဝဆိုတာ ဘာနဲ့မှ မရောနှောတဲ့ အရာတစ်ခုသာဖြစ်လို့ပါပဲ။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊
ဇွန် ၁၆၊ ၁၉၄၄

ချစ်သော ကစ်တီ

ပြဿနာသစ်တွေ လာပြန်ပြီလေ။ မစ္စက်ဖန်ဒန်းဟာ ကျည်ဆံကသူ့ခေါင်းကို ဖောက်ထွက်ပြန်ပြီ။ အကျဉ်းထောင်၊ ကြိုးဒဏ်နဲ့ ကိုယ့်ကိုယ်ကို သတ်သေဆိုတဲ့ စကားမျိုးတွေချည်း နေ့တိုင်းပြောနေတာပဲ။ ပီတာက သူ့အနားမကပ်ဘဲ ကိုယ့်အနားမှာသာ ကပ်ကပ်နေလို့ မနာလိုဖြစ်နေတာ။

သူမျှော်လင့်ခဲ့သလို ဒူဆဲကနောက်ထပ် အရောတဝင်မနေတော့လို့စကား၊ တွေများတယ်၊ သူ့လင်ဟာ သားမွေးကုတ်အင်္ကျီ ရောင်းရသမျှ ပိုက်ဆံကို ကုန်အောင် ဆေးလိပ်သောက်ပစ်တော့မယ်လို့လည်း ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်တယ်။ ဆဲရေးစကားတွေသုံးတယ်။ ငိုတယ်။ သူ့ကိုယ်သူ သိပ်သနားတယ်။ ရီတယ်။ ပြီးတော့ တစ်ခါရန် ဖြစ်ပြန်ရော။

ကမ္ဘာမြေကြီးပေါ်မှာ ဒီလို ရှုံးရှုံးချာချာသတ္တဝါမျိုးနဲ့ ဘယ်လိုလုပ်ပြီး နေနိုင် ပါ့မလဲ။ သူ့ကို ဘယ်သူကမှလည်း အရေးမထားတော့ဘူး။ လူတိုင်းကိုလည်း ငြိုငြင်စောင်းမြောင်းတာပဲ။ ဒီတော့ ပိုဆိုးတာက ပီတာဟာ ပိုရိုင်းလာတယ်။ မစ္စတာဖန်ဒန်းဟာ ဒေါသထွက်လွယ်တယ်။ မေမေဟာ စောင်းမြောင်းတတ်လာတယ်။ အလွန်ကြောက်စရာကောင်းတဲ့ အခြေအနေပါပဲ။ ဒီတော့ အကောင်းဆုံး စည်းကမ်းတစ်ခုပဲရှိတယ်။ အရာရာတိုင်းကို ရီလိုက်ပါ။ တခြားလူတွေအတွက် ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲမခံပါနဲ့ ဆိုတဲ့စည်းကမ်းပဲ။ ဒီစည်းကမ်းဟာ အပေါ်ယံ အားဖြင့်ကြည့်ရင် တစ်ကိုယ်ကောင်းဆန်တယ်လို့ ထင်ရပေမယ့် ကိုယ့်ကိုယ်ကို ကြိုးစားရပ်တည်နေသူတိုင်းအဖို့ တစ်ခုတည်းသော ကုသစရာပါပဲ။

ရက်သတ္တပတ်လေးပတ် ကျင်းတွေတူးဖို့ ကရာဂါကို နောက်ထပ်ခေါ်တဲ့စာ ရောက်လာပြန်ပြီ။ သူက ဆရာဝန်လက်မှတ်နဲ့ ရှောင်ကွင်းဖို့ ကြိုးစားနေတုန်းပဲ။ ကူဖက်ကတော့ ဗိုက်ခွဲချင်နေတယ်။ မနေ့ ၁၁နာရီက စပြီး တသီးပုဂ္ဂလ တယ်လီဖုန်းတွေ အားလုံးကို ဖြတ်ပစ်လိုက်ပြီ။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊

ဇွန် ၂၃၊ ၁၉၄၄

ချစ်သော ကစ်တီ

အထူးအထွေတော့ ဘာမှမဖြစ်ဘူး။ ရှားဘော့ဂ်ကို ဗြိတိသျှတွေက ဝင်တိုက်ပြီတဲ့။ ဖေဖေနဲ့ ဖန်ဒန်းရဲ့ အဆိုအရတော့ ကိုယ်တို့ဟာ အောက်တိုဘာ ၁၀ ရက် လောက်မှာ လွတ်မှာသေချာတယ်။ ရုရှားလည်း ဒီတိုက်ပွဲမှာ ဝင်ပါပြီမို့ မနေ့ ကတော့ ဗီတက်နားမှာထိုးစစ်ဆင်တယ်။ ကိုယ်တို့မှာလည်း အာလူးရဖို့ တော်တော်ခက်နေပြီ။ ဒီနေ့ကစပြီး





လူတိုင်းအတွက် အရေအတွက်ကျနဲ့ ပေးရတော့မှာပဲ။ ဒီတော့ သူတို့ဘာရတယ်ဆိုတာ လူတိုင်းသိကြမှာပဲ။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ၊

ဇွန် ၂၇၊ ၁၉၄၄

ချစ်သော ကစ်တီ

အဖြစ်အပျက်တွေဟာ အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲနေတယ်။ ရှာ့ဘော့ဂ်၊ ဗီတက်နဲ့ စလိုဘင်တို့ ကနေ့ပဲကျသွားပြီး အကျဉ်းသားတွေရော၊ စစ်ပစ္စည်းတွေရော အများကြီးရလိုက်တယ်။

အခုတော့ ဗြိတိန်ဟာ ရက်သတ္တ သုံးပတ်အကြာမှာ ကိုတင်တန် ကျွန်းဆွယ်တစ်ခုလုံးကို ရလိုက်ပြီလေ။ ကြီးမားလှတဲ့ အောင်မြင်မှုပါပဲ။ ဒီ–ဒေးကစပြီး ရက်သတ္တသုံးပတ်အတွင်း ပြင်သစ်မှာရော၊ ဒီမှာရော မိုးမရွာတဲ့နေ့၊ မုန်းတိုင်းမကျတဲ့နေ့ရယ်လို့ တစ်နေ့မှမရှိသေးဘူး။ ဒါပေမယ့် ဒီအဖျက်အဆီးတွေဟာ အင်္ဂလိပ်နဲ့ အမေရိကန်တွေကို တားဆီးမထားနိုင်ပါဘူး။

စစ်တပ်ထဲမှာမပါတဲ့ ဂျာမန်အမျိုးသမီးအားလုံးကို သူတို့ရဲ့ သားသမီးတွေနဲ့အတူ ဂရိုနင်ဂင်၊ ဖရစ္စလင်နဲ့ ဂဲလ်ဒါလင့်တို့ဆီကို ဆုတ်ခွာနိုင်းထားပြီးပြီလေ။

မင်းရဲ့ အင်နာ။

* * *

သောကြာ၊

ဇွန် ၃၀၊ ၁၉၄၄

ချစ်သော ကစ်တီ

ဇွန် ၃၀ရက်အထိ ဆက်တိုက်ဆဲ ရာသီဥတု ဆိုးရွားနေတယ်။ ကိုယ်လည်း အင်္ဂလိပ်စာ တော်တော်ကောင်းလာပြီ 'စံပြုလင်'စာအုပ်ကို အဘိဓာန်အကူအညီ နဲ့တောင် ဖတ်နိုင်လာတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကိုယ်တို့ဆီမှာ အဆင်ပြေနေပြန်ပြီ။ လူတိုင်းလူတိုင်းလည်း စိတ်ကောင်းဝင်နေကြတယ်။ အဲလီက သူ့ဆံပင်ပုံကို ပြောင်းလိုက်တယ်။ မီယက်တော့ ရက်သတ္တပတ်အနားယူနေတယ်။ အဲဒါ နောက်ဆုံးသတင်းတွေပဲ။

မင်းရဲ့ အင်နာ။

* * *

ကြာသပတေး၊
ဇူလိုင် ၆၊ ၁၉၄၄

ချစ်သော ကစ်တီ

ရာဇဝတ်သားကောင်၊ လောင်ကစားသမားတစ်ယောက် အဖြစ် ပီတာက သူ့ကိုယ်သူ ပြောတဲ့အခါမှာ နောက်နေမှန်း သိရက်သားနဲ့ ကိုယ့်နှလုံးသားတွေဟာ ကြောက်လန့်လာတယ်။ သူဟာ သူ့အားနည်းချက်တွေကို ကြောက်နေပါလားလို့လည်း ကိုယ်ထင်မိတယ်။ 'ကိုယ်သာ မင်းလောက်သန်ရင် ကိုယ်တော့လိုချင်တာဆို ရဟဲ့နည်းနဲ့ယူတာပဲ။ ကိုယ်သာ ဒါလောက်အားရှိရင်' စတဲ့ စကားလုံးတွေကို မားဂေါ့နဲ့ ပီတာ့ဆီက ကိုယ်အမြဲလိုလို ကြားနေရတာချည်းပဲ။

တခြားလူတွေရဲ့ လွှမ်းမိုးမှုကို ကိုယ် မခံနိုင်ရတာဟာ ဟာကယ်ပဲ ကောင်းမြတ် တဲ့ အရည်အချင်းလား။ ကိုယ့်အသိဉာဏ်နောက်သာ ကိုယ် လိုက်တာဟာတကယ် ကောင်းသလားဆိုကာတွေတော့ ကိုယ် စဉ်းစားတုန်းပဲ။

ရိုးရိုးသားသား ပြောရရင် တခြားလူတွေက 'ဟုတ်တယ်။ ကျုပ်တော့ အားနည်းတယ်'လို့ဆိုပြီး ဒီအတိုင်းပဲ နေသွားကြတာကို ကိုယ် နားလည်နိုင်ဘူး။ ကိုယ့်မှာ အားနည်းတာကိုသိရင် ဘာကြောင့် ဒီအားနည်းချက်ကို မတိုက်ဖျက်သလဲ။ ကိုယ့်အကျင့်စာရိတ္တကို ဘာကြောင့် မပြုပြင်သလဲ။ အဖြေကတော့ မပြင်ဘဲနေတာ လွယ်တယ်ဆိုပြီးနေကြလို့ပါပဲ။ ပျင်းရိတဲ့ဘဝ ကိုယ့်ကိုယ်ကို ညာနေတဲ့ဘဝဟာ သက်သာ





လွယ်ကူတဲ့ ဘဝလား။ မဟုတ်ဘူး။ မမှန်နိုင်ဘူး။ မှန်လည်း မမှန်ရဘူး။ လူတွေဟာ ပေါ့ပေါ့တန်တန်ဖြစ်နေပြီး ငွေကြေးနဲ့ ပျော်နေတတ်ကြတယ် မဟုတ်လား။

ပီတာဟာ သူ့ကိုယ်သူ ယုံကြည်လာဖို့ အထူးသဖြင့် သူ့တိုးတက်ရာ တိုးတက်ကြောင်း ကြိုးစားဖို့ ပီတာ့ကို အကောင်းဆုံး အဖြေတွေပေးနိုင်အောင် ကိုယ် တွေးထားတာတွေတော့ရှိတယ်။ ကိုယ့် အတွေးတွေ မှန် မမှန်တော့ မသိဘူးပေါ့။

တစ်ဦးတစ်ယောက်ရဲ့ အပြည့်အဝယုံကြည်မှုခံရရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့ မကြာခဏဆိုသလို ကိုယ် တွေးမိတယ်။ ဒါပေမယ့် အခုအထိ ဒီယုံကြည်မှုမျိုးကို ကိုယ် မရသေးပါဘူး။ တခြားလူတစ်ယောက် ဘာတွေးနေတယ်ဆိုတာကို သိဖို့ မှန်ကန်တဲ့ အဖြေကို ရှာဖို့ ဘယ်လောက် ခက်ခဲတယ်ဆိုတာကို ကိုယ်သဘောပေါက်ပါပြီ။ ပေါ့ပေါ့တန်တန်သာနေ၊ ငွေကြေးပြည့်စုံရင်ပြီးရောဆိုတဲ့ ဘဝမျိုးကို ကိုယ်ဟာ မခံမင့်တာအမှန်ပဲ။ ပီတာဟာ ကိုယ့်အပေါ် အင်မတန် မှီတွယ်နေတာဟာ၊ ဒါမျိုးအပေါ်မှာ အခြေခံတဲ့ မှီတွယ်မှုမျိုး မဖြစ်စေရဘူး။ ပီတာလို လူမျိုးက သူ့ခြေအစုံပေါ် သူရပ်ဖို့ ခက်တယ်နော်။ ဒါပေမယ့် စိတ်ရော ကိုယ်ရော ကိုယ့်ဘာသာ ပိုင်ပိုင်နိုင်နိုင် ကိုယ့်ခြေအစုံပေါ်ရပ်တဲ့ လူဖြစ်ဖို့သာပြီး တော့တောင်ခက်ပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုရပ်တာနဲ့ တပြိုင်နက် ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ရင်ဆိုင်ရမယ့်အထဲမှာ လမ်းမှန်ကိုရွေးဖို့ဆိုတာ ခက်သည်ထက် ပိုခက်လို့ပါပဲ။ 'ပေါ့ပေါ့တန်တန်'ဆိုတဲ့စကားကို နှစ်ခြင်းဆိုဖို့အတွက် နည်းကောင်း လမ်းကောင်းတွေ ရှာဖွေရင်း ကိုယ်ဟာဝန်ကျင်းတဝိုက် မျောနေသူလိုပါပဲ။

ပေါ့ပေါ့တန်တန်နေခြင်းအားဖြင့် နက်ရှိုင်းတဲ့ ချောက်ကမ်းပါးကြီးတဲ့ ဘယ်နည်းဘယ်ပုံ ရောက်သွားမယ်ဆိုတာ သူရှင်းအောင် ကိုယ် ဘယ်လို ပြောရမလဲမသိဘူး။ နက်ရှိုင်းတဲ့ ချောက်ကမ်းပါးဆိုတာကလည်း စိတ်ဖြေစရာကို ရှာမတွေ့။ မိတ်ဆွေမရှိ။ အလှအပမရှိ။ အပေါ်ကို ပြန်မတက်နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ချောက်ကြီးကို ဆိုလိုတာပါ။

ကိုယ်တို့အားလုံးဟာ အသက်ရှင်နေကြတာတော့မှန်တယ်။ ဒါပေမယ့် ဘာကြောင့်အသက်ရှင်တယ်။ ဘယ်လို ဦးတည်နေတယ် ဆိုတာကျတော့ မသိကြဘူး။ ပျော်ရွှင်တဲ့ လူအဖြစ်နေဖို့ မျှော်မှန်းချက်နဲ့ နေကြတာချည်းပဲ။ ဒီလို နေကြပေမယ့် ကိုယ်တို့ရဲ့ဘဝဟာ ခြားနားချက်တွေ ပြည့်လျှမ်းနေကြရတဲ့ ဘဝပေါ့ပါ။ ကိုယ်တို့ သုံးယောက်စလုံး အိမ်ကြီးရခိုင်နဲ့ ကြီးပြင်းလာကြတယ်။ ကောင်းကောင်းမွန်မွန် လေ့လာသင်ကြားလာကြတယ်။ ပျော်ရွှင်ရေးအတွက် အလားအလာတွေကို မျှော်မှန်းကြတယ်။ ဒါပေမယ့် ဒါတွေကို ကိုယ်တို့က ချွေးနဲ့သွေးနဲ့ ရင်းရမှာပါ။ လွယ်လည်းမလွယ်ပါဘူး။ ပျော်ရွှင်မှုကို ရချင်ရင် အလုပ်လုပ်ရမယ်။ ကောင်းတာ လုပ်ရမယ်။ ပျင်းမနေရဘူး။ စိတ်ကူးနဲ့ လောင်းကစားမနေရဘူး။ ပေါ့ပေါ့တန်တန်နေတာဟာ လွယ်ပါတယ်။ ဒါပေမယ့် အလုပ်လုပ်တာဟာ ကျေနပ်မှုကို ပေးစွမ်းနိုင်ပါတယ်။

ပီတာ့ကိုတော့ မဆိုလိုပါဘူး။ ဒါပေမယ့် အလုပ်မှာ မြတ်နိုးခြင်းမရှိတဲ့လူတွေကို ကိုယ်တော့ နားမလည်နိုင်ဘူး။ ပီတာကတော့ ရည်မှန်းချက် ပန်းတိုင်ရယ်လို့ တိတိကျကျမရှိသေးတဲ့အပြင် သူဟာမိုက်မဲတယ်။ ဘာကိုမှ လုပ်မရနိုင်လောက်အောင် ညံ့ဖျင်းတယ်လို့ သူ့ဘာသာ သိမ်ငယ်စိတ်တွေ ဝင်နေတဲ့သူပါ။ သနားစရာ ကလေးပါပဲ။ နောက်ပြီး တခြားလူတွေကို ပျော်ရွှင်အောင်လုပ်ရတာ ဘယ်လိုနေတယ်ဆိုတာလည်း သူနားမလည်ဘူး။ ဒါကိုလည်း သူ့ကို ကိုယ်က ဘယ်လိုသင်ရမလဲ။ သူ့မှာ ဘာသာတရားမရှိဘူး။ သခင်ယေရှုကို ပျက်ရယ်တယ်။ ဘုရား သခင်ရဲ့ နာမတော်ကိုသုံးပြီး ကျိန်တယ်။ ဒါတွေကြောင့် ကိုယ်ဟာ တယ့်သန် ဘာသာရေးသမား မဟုတ်ပေမယ့် သူဟာ ဘယ်လောက် ကင်းကွာ ပစ်ပယ်ထား ခြင်းခံနေရတယ်၊ ဘယ်လောက် သနားစရာကောင်းတယ် ဆိုတာကို တွေ့ရတိုင်း ရင်ထဲမှာ နာကျင်လို့မဆုံးဘူး။

ဘာသာတရားရှိသူဟာ ဝမ်းသာစရာပဲ။ ဘာကြောင့်လဲဆိုတော့





ဒီတရားတွေကို လူတိုင်း ယုံကြည်စွမ်းနိုင်တဲ့ ပါရမီမရှိကြလို့ပေါ့။ သေလွန်ပြီးတဲ့နောက် မှာတောင် အပြစ်ဒဏ်ခတ်မှာကို ကြောက်စရာမလိုပါဘူး။ နိဗ္ဗာန်နဲ့ငရဲဆိုတာ ကနေ့အထိ လူများစွာက လက်မခံနိုင်ကြသေးတဲ့ အရာတွေပါ။ ဒါပေမယ့် ဘာသာတရားဟာ ဘာဘာသာတရားပဲဖြစ်ဖြစ် လူတစ်ယောက်ကိုတော့ လမ်းမှန်ပေါ်ကို ရောက်စေတာပါပဲ။ ဘုရားသခင်ကို ကြောက်စရာမလိုဘူး။ မိမိရဲ့ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားစောင့်စည်းရေးအတွက်သာ စိုးရိမ်စရာလိုပါတယ်။

လူတွေဟာ နေ့စဉ် အိပ်ရာဝင်ကာနီးတိုင်း တစ်နေ့တာအတွက် ကိုယ်လုပ် ခဲ့တဲ့အလုပ်တွေကို ပြန်တွေး။ ဘာကောင်းတယ်။ ဘာမကောင်းဘူးဆိုတာ တိတိကျကျပိုင်းဖြတ်နိုင်ကြရင် ဘယ်လောက်ကောင်းကြမလဲ။ ဒီနောက် ကိုယ့်ကိုယ် ကို သဘောပေါက်ပလားဆိုတော့ တစ်နေ့အတွက် ကိုယ် ဘာကစလုပ်မယ်ဆိုတာ တွေး၊ ပိုကောင်းအောင် ကြိုးစားသင့်တယ်ပေါ့။ ဒီအလုပ်ကို လူတိုင်းလုပ်နိုင်ပါတယ်။ ဘာမှ မကုန်တဲ့အပြင် အများကြီးလည်း အကူအပံ့ရနိုင်ပါတယ်။ ဒါကိုမသိသေးတဲ့ လူတွေဟာ သိအောင်ကြိုးစားလေ့လာပြီး 'တည်ငြိမ်သော ကိုယ်ကျင့်တရားရှိသူသည် ပို၍ ခိုင်ခံ့သန်စွမ်းအံ့' ဆိုတဲ့စကားအတိုင်း အတွေ့အကြုံကို ရှာဖွေအားထုတ်သင့်တယ်။

မင်းရဲ့ အင်နာ။

* * *

စနေ၊

ဇူလိုင် ၈၊ ၁၉၄၄

ချစ်သော ကစ်တီ

လုပ်ငန်းကိုယ်စားလှယ်ချုပ် မစ္စတာဘီက ဘီဗာဝစ်မှာ ရောက်နေပြီး စတော်ဘယ်လ်ရီသီးတွေကို လေလံပွဲမှာ ရအောင်ဝယ်ခဲ့တယ်တဲ့။ အဲဒီ အသီးတွေကနေ့တော့ ရောက်လာတယ်။ ဖုံးသုတ်သားတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့အတွက် လင်ပန်း ၂၄ချပ်ထက်မနည်း ပို့လိုက်တယ်လေ။ အဲဒီ ညနေမှာပဲ အိုးခြောက်အိုးနဲ့ ပိုင်စိမ်ပြီး ယို ၈ အိုးထိုးပစ်လိုက်တယ်။

၁၂နာရီခွဲကျတော့ အိမ်ထဲမှာ အပြင်လူမရှိတော့ဘူး။ မရှုဟာခါးကို ဂျက်ထိုးပြီး ပီတာ၊ ဖန်ဒန်းနဲ့ ဖေဖေတို့ဟာ အလုပ်စကြတော့တာပဲ။ ကိုယ်က ရေနွေးသယ်ပေး တယ်။ မားဂေါ့က ချင်းကြီးတစ်လုံးသွားဆွဲလာတယ်။ လူတိုင်း အလုပ်ကိုယ်စီနဲ့ပေါ့။ မီးဖိုခန်းထဲဝင်သွားတော့ မိယက်၊ အဲလီ၊ ကူဖစ်၊ ဟန့်၊ ဖေဖေ၊ ပီတာတို့ရော၊ ပုန်းနေသူတွေရော၊ ရိက္ခာထောက်ပံ့သူတွေပါမကျန် နေ့လယ်ကြောင်တောင်ကြီး တစုတဝေးကြီး ဖြစ်နေကြပြီ။ ကိုယ်လည်း ဗိုက်ထဲကဆာလာတာပဲ။

ခန်းဆီးတွေကာထားလို့ အပြင်ဘက်ကတော့ မမြင်နိုင်ဘူး။ ဒါပေမယ့် စကားသံဆူတာ၊ တံခါးအရမ်းပိတ်ထားတွေကို ကိုယ်တော့ စိုးရိမ်မိတယ်။ ကိုယ်တို့ဟာ ပုန်းအောင်းနေတာမှ ဟုတ်ရဲ့လား။ ဒီအတွေးဟာ လှစ်ကနဲဝင်လာတော့ အော် ကမ္ဘာကြီးထဲမှာ တစ်ခါပြန်ပြီး ဝင်ရဦးမှာပါလားလို့ ရင်တဖိုဖိုဖြစ်မိတယ်။ အားလုံးလိုလိုကတော့ မီးဖိုထဲ ပိုင်းပြီး အလုပ်လုပ်နေကြတာပဲ။ ဒါပေမယ့် ခြင်းထဲထည့်ရမယ့်အစား ပါးစပ်ထဲထည့်နေကြတာက များပါတယ်။ စတော်ဘယ်လ်ရီတွေကို အားသွန်ခွန်စိုက်ဘယ်လိုလုပ်လုပ် ရေးဆေးလို့တော့မရဘူး။ 'အသံမြည် မှာစိုးသည့်အတွက် အိမ်တွင်းရှိ လူအားလုံး ရေမသုံးရဘူး' ဆိုတဲ့ ဥပဒေ ထုတ်ထားတယ်။ ဒီဥပဒေဟာ အတည်ဖြစ်နေသေးတယ်လေ။

အဲဒီအခိုက် တံခါးက ခေါင်းလောင်းသံကြားတာနဲ့ ထိတ်ထိတ်ပြာပြာ ဖြစ်ကြရသေးတယ်။ ၁နာရီထိုးတော့ ဟန့်ရောက်လာပြီး စာပို့သမားလာတာပါလို့ပြောမှ စိတ်အေးရတယ်။ နောက်တစ်ခါ ခေါင်းလောင်းသံကို ကြားရပြန်ရော။ ကိုယ်နဲ့ ပီတာဟာ အထပ်ခိုးကနေ သူခိုးနှစ်ယောက်လိုချောင်းပြီး ကြည့်နေခိုက် ထူးဆန်းတဲ့အသံတွေ ကြားရတယ်။ ဒီတော့ ပီတာဟာ မီးဖိုဘက်ကို ပြေးထွက်သွားရင်း အဲလီ၊ အဲလီလို့ ခေါ်ပေမယ့် မရဘူး။ အဲဒီတော့မီးဖိုထဲကို တန်းဝင်သွားတာပဲ။





'အပေါ် ထပ်ကို သွားစမ်း၊ သွားစမ်း၊ စာရင်းကိုင် ရောက်နေလို့' ဆိုပြီး ကူဖစ်က ပြောသံကြားလိုက်တယ်။

၁ နာရီခွဲမှာ ကရာဂါရောက်လာပြီး 'ကဲ စထရော်ဘဲရီသီးတွေချည်း ဖြစ်နေတာပဲ။ မနက်စာ စထရော်ဘဲရီ၊ မိယက်ချက်တာက စတော်ဘယ်လ်ရီအနံ့ နံနေတာက စတော်ဘယ်လ်ရီ၊ အပေါ်ထပ်ကျတော့ရော ဘာလဲ။ စတော်ဘယ်လ်ရီ' တဲ့။

ကိုယ်တို့တော့ စထရော်ဘဲရီကို အမျိုးမျိုးလှည့်စားတာပဲ။ အသားပြုတ်ရေနဲ့ စထရော်ဘဲရီ၊ နို့နဲ့ စထရော်ဘဲရီ၊ သကြားနဲ့ စတော်ဘယ်လ်ရီ၊ သံနဲ့ စထရော်ဘဲရီ အို အမျိုးစုံလို့ပေါ့။ နှစ်ရက်လုံးလုံး စတော်ဘယ်လ်ရီချည်းပဲ။ အဲဒါလည်းကုန်ရော ကျန်တာကတော့ ပုလင်းထဲမှာ၊ သော့ခလောက်ခတ်ထားတဲ့ ဘီရိုထဲမှာ။

နောက်ဆုံးကျတော့ မနက်စာကို ၁၂နာရီမှာစားတယ်။ ညနေ ၄နာရီအထိ အိပ်ပစ်လိုက်တယ်။

မင်းရဲ့ အင်နာ

* * *

စနေ

ဇူလိုင် ၁၅၊ ၁၉၄၄

ချစ်သော ကစ်တီ

'ခေတ်မီ မိန်းကလေးတစ်ယောက်ကို ဘာထင်သနည်း' ဆိုတဲ့ ဝင့်ဝင့် ကြွားကြွား နာမည်တပ်ထားတဲ့ စာအုပ်တစ်အုပ်ကို စာကြည့်တိုက်က ရထားတာရှိတယ်။

ဒီစာအုပ်ရေးသူက 'ယနေ့ခေတ်လူငယ်'တွေကို ခေါင်းကနေ ခြေဖျားအထိ ဝေဖန်ထားတယ်။ ဒါပေမယ့် လူငယ် အားလုံးကိုတော့ ဘာမှအသုံးမဝင်ဘူးရယ်လို့ ရှုတ်ချထားခြင်းမရှိပါဘူး။ လူငယ်တွေဟာ ပိုမိုကြီးကျယ်၊ ပိုမိုလှပ၊ ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးဖြစ်အောင် ဖန်တီးနိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အခွင့်အရေးတွေ သူတို့လက်ထဲမှာရှိပေမယ့် တကယ့်အလှအပကို တွေးတောင်မတွေးပဲနဲ့ အပေါ်ယံကြော ကိစ္စတွေမှာသာ အချိန်ကုန်နေကြတယ်လို့လည်း ရေးထားတယ်။

တချို့ စာကြောင်းတွေမှာ ကိုယ့်ကိုများ ရည်ညွှန်းဝေဖန်နေသလားထင်ရတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို သုံးသပ်ပြီး အဲဒီဝေဖန်ချက်တိုက်ခိုက်မှုကို ခုခံကာကွယ်ရမှာပဲ။

ကိုယ့်ကို သိကျွမ်းလာတာကြာတဲ့လူတိုင်း အသိအမှတ်ပြုရတဲ့ ကိုယ့် အကျင့်တစ်ခုရှိတယ်။ အဲဒါ ဘာလဲဆိုတော့ ကိုယ့်အကြောင်း ကိုယ်သိနေတယ်ဆိုတဲ့ အချက်ပါပဲ။ ကိုယ့်အပြုအမူတွေနဲ့ ကိုယ့်ကိုယ်ကို တခြားလူတွေက စောင့်ကြည့်သလို ကိုယ့်ဘာသာကိုယ် စောင့်ကြည့်နိုင်တယ်။ ကိုယ် နေ့တိုင်းတွေ့နေရတဲ့ အင်နာကို မညှာမတာ ခွင့်မလွှတ်စတမ်း ဝေဖန်နိုင်တယ်။ သူ့မှာ ဘာကောင်းတယ်၊ ဘာမကောင်းဘူးဆိုတာ ပြောနိုင်တယ်။

အဲဒီ ကိုယ့်ကိုယ်ကို သိတဲ့စိတ်က ကိုယ့်ကို ဖမ်းစားချုပ်ကိုင်ထားလေတော့ ကိုယ်က ပါးစပ်ဟလိုက်တာနဲ့တပြိုင်နက် တလွဲတချော်ပြောမိသလား။ မှန်တဲ့ အတိုင်း ပြောမိသလားဆိုတာ ကိုယ်သိတယ်။ ကိုယ့်ဘာသာကိုယ် ရှုတ်ချပြစ်တင်ခံရတဲ့ အရာတွေ မနည်းလှဘူး။ တစ်ခုစီ မပြောပြနိုင်တော့ဘူး။ 'ကလေးတွေဟာ ကြီးလာမှသိမယ်'လို့ ဖေဖေ ပြောခဲ့တဲ့ စကားဟာ သိပ်မှန်တယ်။ မိဘက သားသမီးအပေါ်မှာ အကြံကောင်း ဉာဏ်ကောင်းပဲပေးနိုင်မယ်၊ လမ်းမှန်ကို ရောက်အောင်ပဲ လုပ်နိုင်မယ်။ ဒါပေမယ့် လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တဆိုကာ ဒီလူ့လက်ထဲမှာပဲရှိတယ်။

ဒါ့အပြင် ကိုယ့်မှာ သတ္တိရှိတယ်၊ ခိုင်မာတယ်၊ လွတ်လပ်တယ်၊ နုပျိုတယ်။ ဒါတွေကို သဘောပေါက်ခါစက သိပ်ဝမ်းသာတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆက်တိုက်လာမယ့် ထိုးနက်ချက်တွေကို ဘယ်တော့မှ အလွယ်တကူ ဦးမညွှတ်ဘူးလို့ ကိုယ် ထင်ခဲ့လို့ပါပဲ။





ဟိုတုန်းကလည်း ဒီအကြောင်းတွေကို မကြာခဏ ပြောခဲ့ပြီး အခုတစ်ခါ 'ကိုယ့်အပေါ် နားမလည်တဲ့ ဖေဖေနဲ့ မေမေ'ဆိုတဲ့ ကဏ္ဍကို ပြန်ကောက်ချင်သေးတယ်။ တကယ်ဆိုတော့ ဖေဖေနဲ့ မေမေဟာ ကိုယ့်ကို သိပ်ချစ်ပါတယ်။ အလိုလိုက်တယ်။ ကာကွယ်တယ်။ မိဘ ဝတ္တရားရှိသမျှ ကိုယ့်ကိုကူညီပါတယ်။ ဖေဖေက ကိုယ့်ရဲ့ သုပုန် သူကန်စိတ်ဓာတ်ကို စိစစ်ဖို့ ကြိုးစားခဲ့ပေမယ့် ဖေဖေ့ ကြိုးစားချက်ဟာ အရာ မရောက်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ဘာသာကိုယ် ပြန်မြင်ပြီး၊ ကိုယ့် အမှားတွေကို ကိုယ် ပြန်တွေ့ပြီး ကိုယ့်ကိုယ်ကို ကုသခဲ့လို့ပါပဲ။

ကိုယ့်တိုက်ပွဲမှာ ဖေဖေဟာ ဘာကြောင့် ကိုယ့်ကို မကူညီသလဲ။ ကူညီဖို့ လက်ကမ်းတဲ့အချိန်မှာ ဘာကြောင့် ဖေဖေဟာ အမှတ်ပြည့် မရခဲ့သလဲ။ အကြောင်း ကတော့ ဖေဖေဟာ မှားယွင်းတဲ့ နည်းနာကို သုံးလို့ပါပဲ။ ကိုယ် အခက်အခဲ တွေ့နေချိန်မှာ ကိုယ့်ကို အမြဲတမ်း ကလေးလေးလို့ ပြောတယ်။ ဒါဟာ အင်မတန် မှားတယ်။ ဘာကြောင့်လဲ ဆိုတာ ဖေဖေ့ကိုသာ အယုံဆုံး၊ ဖေဖေဟာ ကိုယ့် သဘောကို နားအလည်ဆုံးလို့ ကိုယ်က ထင်ခဲ့လို့ပါပဲ။ ဒါပေမယ့် ဖေဖေ ကျန်ရစ်ခဲ့တာ တစ်ခုရှိတယ်။ အဲဒါ ဘာလဲဆိုတော့ ကိုယ့်အတွက် ထိပ်ဆုံးအထိ ရောက်အောင် တိုက်ပွဲဝင်ရမယ်ဆိုတာသာ အရေးကြီးတယ်ဆိုတဲ့ သဘောကို ဖေဖေ သဘောမပေါက်ခဲ့တာပဲ။ ကိုယ့်ကို တခြားမိန်းမကလေးတွေလို ရွက်ကြမ်း ရေကျို ထည့်တွက်တာ မကြိုက်ဘူး။ ကိုယ်ပိုင် ဟန်ခိုးဆန္ဒကြီးမားတဲ့ အင်နာဖြစ်တယ်ဆိုတဲ့ အနေနဲ့ တွက်စေချင်တယ်။

ဖေဖေကို ဒါကိုနားမလည်ဘူး။ ဒီကိစ္စမှာ ကိုယ်ဟာ ဘယ်သူ့ကိုမှ အလျှော့ မပေးနိုင်ဘူး။ ဖေဖေဟာ ဖခင်ကောင်းပီသတဲ့ သဘောထား မျိုးထားပြီး ဟိုတုန်းက သူလည်း ဒီလိုသဘောမျိုးရှိခဲ့တယ်လို့ ပြောပါတယ်။ ဒါပေမယ့် အခုအထိ သူဘယ် လောက် ကြိုးစားကြိုးစား ကိုယ်ရဲ့ မိတ်ဆွေ ရင်းချာ တစ်ယောက်ရယ်လို့ ကိုယ် မထင်မိဘူး။ ဒါကြောင့် ဘာအပေါ် ကိုယ့်ထင်မြင်ချက်၊ ကိုယ့်အယူအဆတွေကို ဘယ်သူ့မှ ထုတ်မပြောတော့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့် မှတ်တမ်းမှာသာ ရေးတာပါ။ တစ်ခါတလေတော့ မားဂေါ့ကို ပြောမိသား။ ကိုယ့်စိတ်ထဲမှာ ဖြစ်နေတာတွေကို ဖေဖေ့ဆီ ဘယ်တော့မှ သွားမပြောဘူး၊ ကိုယ့် အယူအဆတွေကို သူနဲ့ ဘယ်တော့မှ မျှဝေခြင်း မရှိဘူး၊ သူ့ကို ကိုယ့်နားက တွန်းထုတ်ပစ်နေပြီဆိုတာ ကိုယ့်ဘာသာ ကိုယ်လည်းသိတယ်။

တခြား ကိုယ် ဘာမှမတတ်နိုင်ဘူး။ ကိုယ့်စိတ်ထဲက ခံစားချက်တွေအတိုင်း ကိုယ် လျှောက်လုပ်တာပဲ။ ကိုယ့် စိတ်အေးရာအေးကြောင်း အတွက်လုပ်တာ ချည်းပဲပေါ့။ ဒီလို အဆင့်မျိုးမှာ တဝက်တပြတ် ပြီးသေးတဲ့ ကိုယ့်လုပ်ငန်းတာဝန်တွေ အပေါ်ဝေဖန်တာခံနေရင် ကိုယ့်ကိုယ်ကို ယုံကြည်စိတ် လျော့ပါးသွားမှာပေါ့။ ကိုယ့် လျှို့ဝှက်ချက်တွေကို ဖေဖေနဲ့ မျှဝေခံစားဟာလည်း မဟုတ်တဲ့အပြင် ကိုယ့်နားကနေပြီး ဖေ့ဖေ့ကို တွန်းထုတ်ပစ်နေတာမို့ ဖေဖေက ဝေဖန်တာကိုလည်း ကိုယ် မခံနိုင်တာ ဖြစ်တယ်။

ဖေဖေဟာ ဘာကြောင့် ကိုယ့်စိတ်ကို အနှောင့်အယှက်ပေးသလို ဖြစ်နေ သလဲဆိုတဲ့ အချက်လည်း ကိုယ် အများကြီးတွေးပါသေးတယ်။ ကိုယ်ဟာ ဖေဖေက ချစ်တာကို သိပေမယ့် ကိုယ့်ကို ပစ်ထားလေလေ၊ ကြောက်စရာကောင်းတဲ့ စာကို ပေးမိတဲ့အတွက်လည်း ကိုယ် တကယ်ပဲ စိတ်ထဲမှာ ခံစားနေရသေးတယ်။ ဒီလို ရေးမိလေခြင်းလို့လဲ ယူကြုံးမရ ဖြစ်မိတယ်။ နေရာတကာမှာ ရဲရင့်ဟယ်။ နိုင်မာတယ် ဆိုတာခက် သားလား။

ကိုယ့်မကျေနပ်ချက်က ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ ကိုယ်ဟာ ဖေဖေ့ထက် ပီတာကို ပိုပြီး ဆင်ခြင်ချင့်ချိန်ကြည့်မိသေးတယ်။ ကိုယ့်ကို သူက အောင်နိုင်ရမယ့်အစား ကိုယ်ကသာ သူ့ကို အောင်နိုင်ခဲ့တယ်ဆိုတာ ကိုယ်သိတယ်။ သူ့ရုပ်ပုံလွှာကို ကိုယ့်ရင်ထဲမှာ ဖန်တီးခဲ့တယ်၊ အေးဆေးတည်ငြိမ်တဲ့၊ ချစ်စရာကောင်းတဲ့ မိတ်ဆွေနဲ့အချစ်ကို တောင့်တနေတဲ့ လူငယ်အဖြစ် ကိုယ် မြင်နေခဲ့တယ်။ ကိုယ့်နှလုံးသားကို စုပုံ





ပေးအပ်ထားနိုင်လောက်တဲ့ လူကို ကိုယ်လိုချင်ခဲ့တယ်။ မှန်ကန်တဲ့ လမ်းပေါ်ရောက်အောင် ပို့ပေးမယ့် မိတ်ဆွေကို ကိုယ်လိုချင်ခဲ့တယ်။ သူ့ကို သေသေချာချာနဲ့ ဖြေးဖြေးချင်း ကိုယ့်ဘက်ကို ဆွဲယူခဲ့တယ်။ သူနဲ့ မိတ်ဆွေ ဖြစ်လာတော့ အလိုအလျောက် ဒီမိတ်ဆွေအဖြစ်ကနေပြီး ကိုယ်က တစ်နည်းအားဖြင့် တွေးကြည့်ရင် ခွင့်ပြုဖွယ်ရာမရှိတဲ့ ရင်းနှီးမှုအဖြစ် ကြီးထွားရှင်သန်လာခဲ့တယ်။

လျှို့ဝှက်သီးသန့်ပြဿနာတွေကို ကိုယ်တို့ ပြောခဲ့ကြတယ်။ ဒါပေမယ့် အခုအထိ ကိုယ့်နှလုံးသားနဲ့ ဝိညာဉ်ကို ပိုင်စိုးနေတဲ့ အရာတွေ မတို့မထိကြသေးဘူး။ ပီတာဟာ အပေါ်ယံသမားလား၊ ကိုယ့်ကိုတောင် ရှက်နေတတ်တဲ့ လူလားဆိုတာ သေသေချာချာ မသိသေးဘူး။ ကဲ ဒါကို ထားလိုက်ပါတော့၊ စစ်မှန်တဲ့ မိတ်ဆွေ ဖြစ်ဖို့ဆိုတဲ့ ကိုယ့်ဆန္ဒမှာ ကျူးလွန်မိခဲ့တဲ့ အမှားတစ်ခုရှိတယ်။ ဒါက ဘာလဲဆိုတော့ သူ့ကိုပိုပြီး ရင်းနှီးတဲ့ ဆက်ဆံရေးထဲ ဆွဲခေါ်လာခဲ့မိတာပါပဲ။ သူဟာ အချစ်ကို တောင့်စားမျှော်လင့်နေသူဖြစ်တယ်။ ကိုယ့်အပေါ်မှာ အချစ်တွေ ပိုပိုလာတယ်ဆိုတာလည်း ကိုယ်သိတယ်။ ကိုယ်တို့ တွေ့ကြရတာကို သူက ကျေနပ်တယ်။ ကိုယ်ကလည်း ထပ်ခါတလဲလဲ တွေ့ချင်လာတယ်။ အဲဒီ အချိန်အထိ ကိုယ်က ထုတ်ဖော်ချင်တဲ့ အကြောင်းအရာတွေကို ပေါ်အောင် မဖော်နိုင်သေးဘူး။ ကိုယ်ဟာ ပီတာ့ကို သူသိတာထက်ပိုပြီး ဆွဲဆောင်နိုင်ခဲ့တယ်။ အခုသူဟာ ကိုယ့်ကို မှီတွယ်နေပြီ၊ အခိုက်အတန့်အားဖြင့်တော့ သူ့ကို တွန်းထုတ်ဖို့၊ သူ့ခြေအစုံပေါ် သူရပ်ဖို့နည်းလမ်းကို မမြင်သေးဘူး။ သူဟာ ကိုယ်နားလည်နိုင်တဲ့ မိတ်ဆွေမဖြစ်နိုင်ဘူးဆိုတာ ကိုယ် သဘောပေါက်လာတော့ သူ့ရဲ့ ကျဉ်းမြောင်းတဲ့ စိတ်ခေတ်ထဲက ထွက်လာအောင်၊ နုပျိုထက်သန်တဲ့ လူဖြစ်အောင် ဖေးမမှုဖြစ်မယ်လို့ ကိုယ် တွေးထင်ခဲ့တယ်။

'အစ္ဆတ္တသန္တာန်အားဖြင့် လူငယ်တို့သည် သက်ကြီးရွယ်အိုများ ထက်ပို၍ အထီးကျန်ရှိတတ်ကြသည်' ဆိုတဲ့ ဆိုရိုးစကားကို ကိုယ်

www.burmeseclassic.com



အမြဲတမ်း မှတ်မိနေတယ်။ အသက်ကြီးသူတွေဟာ ကိုယ်တို့ အသက်အရွယ်မျိုးတွေထက် ပိုမိုခက်ခဲတဲ့ အချိန်ရယ်လို့ ရှိတယ်ဆိုတာ မှန်ပါတယ်။ သူတို့ဟာ ကိုယ်ပိုင်အကြံဉာဏ်ရယ်လို့ အခိုင်အခံ့ ရှိနေကြပြီး ဖြစ်တော့ အလုပ်တစ်ခု လုပ်မယ်ကြံရင် မတွေဝေတော့ဘူး။ လူငယ်တွေအတွက်ကတော့ ကိုယ်ပိုင် အကြံဉာဏ် ကမွေးရတာ၊ ရည်ရွယ်ချက်တွေ ပျက်ရတာ၊ အဆိုးဆုံး အနေအထားကို တွေ့ရတာ အမှန်တရားနဲ့ ဘုရားသခင်ကို ယုံ မယုံ ဝေခွဲမရတာစတဲ့ အချိန်တွေဟာ အဆိုးတကာ့ အဆိုးဆုံး၊ အခက်တကာ့ အခက်ဆုံးပေါ့။

အသက်အရွယ်ကြီးသူတွေအတွက် ပိုမိုခက်ခဲတဲ့ အချိန်ကာလရှိတယ်လို့ ပြောတဲ့လူတိုင်းဟာ ကိုယ်တို့ရဲ့ ပြဿနာပေါင်းစုံ ဘယ်လောက်လေးလံနေတယ်၊ ကျယ်ပြန့်နေတယ်ဆိုတာ သဘောမပေါက်လို့ပါပဲ။ ဒီပြဿနာတွေဟာ ကိုယ်တို့အသက်အရွယ်နဲ့ မလိုက်အောင် လေးလံကျယ်ဝန်းပေမယ့် မရောက်ဘဲမနေဘူး။ ဆက်တိုက် ရောက်လာတာပဲ။ ကာလအတန်ကြာမှာ အဖြေကိုရှာတွေ့ပြီလို့ ကိုယ်တို့ထင်ရော။ ဒါပေမယ့် ဒီရတဲ့အဖြေက အဖြစ်မှန်တွေကို ခုခံနိုင်စွမ်းမရှိပြန်ဘူး။ ဒါတွေဟာ အခုအခါမှာ အခက်အခဲတွေပါပဲ။ ကြောက်မက်ဖွယ်ကောင်းတဲ့ အမှန်တရားနဲ့ကွေ့ရင် လွင့်စင်သွားမယ့် ဆန္ဒတွေ၊ အိပ်မက်တွေ၊ မျှော်လင့်ချက်တွေပေါ့။

စိတ်ကူးယဉ်တယ်၊ မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ ကိုယ့်ဆန္ဒတွေကို ဘာကြောင့်များ မစွန့်လွှတ်ခဲ့သလဲလို့ တစ်ခါတလေ တွေးမိတယ်။ ဟုတ်တယ်။ အခုအထိ ကိုယ် ဒီဆန္ဒတွေကို ဆက်ထားနေတယ်။ ဘာကြောင့်လဲဆိုတော့ အကြောင်း ကြောင်းတွေကြားကပဲ လူတွေဟာ နလုံးသားအားဖြင့် ကောင်းတယ်လို့ ကိုယ် ယုံကြည်လို့ပါပဲ။ ရှုပ်ထွေးမှု အတိဒုက္ခတွေနဲ့သေခြင်းတရားတွေ အခြေခံပေါ်မှာ ကိုယ့် မျှော်လင့်ချက်တွေကို မတည်ဆောက်နိုင်ပါဘူး။

ကမ္ဘာကြီးဟာ တရွေ့ရွေ့ ရိုင်းစိုင်းခက်ထန်မှုဆီကို ပြန်ဦးတည်





နေတာ ကိုယ်တွေ့တယ်။ ကိုယ်တို့ကို ဖျက်ဆီးပစ်မယ့် မိုးချုန်းသံကြီး နီးသည်ထက် နီးလာတာ ကိုယ်ကြားတယ်။ လူသန်းပေါင်းများစွာရဲ့ အတိဒုက္ခကို ကိုယ်ခံစားတယ်။ ကောင်းကင်ကို ကြည့်လိုက်ရင် အရာအားလုံး အဆင်ပြေတော့မယ်။ ရက်စက် ကြမ်းကြုတ်မှုတွေ ပြီးဆုံးတော့မယ်။ ငြိမ်းချမ်းတည်ငြိမ်မှု ပြန်ရတော့မယ်လို့ ကိုယ် ထင်နေမိတယ်။

ဒီအခိုက်အတန့်မှာတော့ ကိုယ့်ဆန္ဒတွေကို ရင်မှာစိုက်ထားရဦးမှာပေါ့။ ဒါတွေကို အကောင်အထည်ဖော်နိုင်တဲ့ အချိန်ကိုလည်း ရောက်ရဦးမှာပေါ့။

မင်းရဲ့ အင်နား။

* * *

သောကြာ
ဇူလိုင် ၂၁၊ ၁၉၄၄

ချစ်သော ကစ်တီ

ကိုယ်ဟာ အခုမျှော်လင့်ချက် အပြည့်ပါပဲ။ အရာရာတိုင်း ပြန်အဆင်ပြေ လာကြပြန်ပြီ။ သတင်းတွေကလည်း သတင်းကောင်းချည်းပဲ။

ဟစ်တလာရဲ့ အသက်ကို လုပ်ကြံဖို့ ကြိုးစားတယ်။ ဒီတစ်ခါတော့ ဂျူး ကွန်မြူနစ်တွေလည်းမဟုတ်။ အင်္ဂလိပ်အရင်းရှင်တွေလည်း မဟုတ်ဘူး။ ဘဝင်ဟက်နေတဲ့ ဂျာမန်ဂျင်နရယ်တစ်ယောက်က ကြိုးစားတာပါပဲ။ အမိပတိကြီးတော့ ဒဏ်ရာနည်းနည်းပါးပါးနဲ့ အသက်ဘေးက လွတ်သွားတယ်။ သူနဲ့အတူပါတဲ့ အရာရှိနဲ့ ဂျင်နရယ် နည်းနည်းပါးပါး တော့သေတယ်။ အဓိက လုပ်ကြံသူ လက်သယ်ကို ပစ်သတ်လိုက်ကြတယ်။

စစ်ကို ငြီးငွေ့နေကြပြီး ဟစ်တလာကို ပြန်တက်နိုင်တဲ့ လမ်းမရှိတဲ့ တွင်း၊ အောက်ဆုံးကို ပို့ချင်နေတဲ့ အရာရှိတွေ၊ ဂျာနရယ်ကြီးတွေ ရှိနေပြီဆိုတာ ထင်ရှားတယ်။ ဟစ်တလာကို ဖြုတ်ချပြီးရင် သူတို့ရဲ့ ရည်ရွယ်ချက်က စစ်အာဏာရှင်စနစ်ကို ထူထောင်ပြီး မဟာမိတ်တွေနဲ့

www.burmeseclassic.com



ငြိမ်းချမ်း ရေးလုပ်ဖို့။ နောက်ပြီးမှ သူတို့ဘာသာ လက်နက်ပြန်တပ်ဆင်ပြီး နောက် အနှစ်နှစ်ဆယ်လောက်ကြာရင် စစ်တစစ်ကို ပြန်စဖို့ပဲ။

ဟစ်တလာက သူ့ရဲ့သွေးစွာရှိလှတဲ့ ဂျာမန်လူမျိုးတွေကို ရှေ့လျှောက် လက်နက်ကိုင် တပ်ထဲက လူတိုင်းဟာ ဂက်စတာပိုရဲ့ အမိန့်ကို နာခံရမယ်။ ဒီလို နိမ့်ကျ သူ့ရဲဘောကြောင်တဲ့ လုပ်ကြံမှုမှာပါတဲ့ အရာရှိတိုင်းကိုသိရင် ဘယ်စစ်သားကမဆို ဒီအရာရှိကို စစ်ခုံရုံးမတင်ဘဲ ပွဲချင်းပြီး ပစ်သတ် ရမယ်လို့ ယက်ယက်ညှာညှာ ကြေညာတယ်လေ။ ဒီလိုဆိုတော့ စစ်တိုက်ဖို့ ချီတက်တဲ့ စစ်ဗိုလ်တိုင်းဟာ သူ့စစ်သားတွေကို ကြောက်သေးပါနေ ကြရပြီပေါ့။ ဘာကြောင့်လဲဆိုတော့ စစ်သားက သူ့ထက်ပိုပြီး စကားပြော နိုင်နေပြီကိုး။

ကိုယ် ဘာတွေ လျှောက်ပြောနေတယ်ဆိုတာ မင်းသိသဘောပေါက် ရဲ့လား။ ကိုယ်တော့ ဟိုရောက် ဒီရောက် လျှောက်ပြောတာပဲ။ ဘာဖြစ် လို့လဲဆိုတော့ နောက် အောက်တိုဘာလလောက်မှာ ကျောင်းစာသင်ခုံမှာ ကိုယ်ထိုင်ရတော့မှာမို့ ဝမ်းသာလုံးဆို့နေတာပါ။ အိုမျှော်လင့်ချက်တွေ သိပ်မထားချင်ပါဘူးလို့ မင်းကို ကိုယ်ပြောခဲ့တယ်မဟုတ်လား။ ကိုယ့်ကို 'ပဋိပက္ခစုံတဲ့ ကောင်မကလေး'လို့ သူတို့နာမည်မပေးခဲ့တာ တော်သေး တာပေါ့။

မင်းရဲ့ အင်နာ။

* * *

အင်္ဂါ၊
ဩဂုတ် ၁၊ ၁၉၄၄

ချစ်သော ကစ်တီ

'ပဋိပက္ခစုံတဲ့ ကောင်မကလေး'ဆိုတဲ့ စာလုံးနဲ့ ကိုယ့်စာကို အဆုံး သတ်ခဲ့ တယ်နော်။ အခု ဒီအကြောင်းကို ပြန်စလိုက်ဦးမယ်။ 'ပဋိပက္ခစုံတဲ့ ကောင်မလေး' ဆိုတာဘာလဲ။ ကိုယ့်ကို မင်းအတိအကျ ပြောနိုင်ပါ့



BURMESE CLASSIC .com



မလား။ ပဋိပက္ခဆိုတဲ့ အဓိပ္ပာယ်ဟာဘာလဲ။ များစွာသော စကားလုံး တွေလိုပဲ အဓိပ္ပာယ်နှစ်မျိုးထွက်တယ်။

အပြင် ဗဟိဒ္ဓပဋိပက္ခနဲ့ အတွင်း အဇ္ဈတ္တပဋိပက္ခပေါ့။

ပထမအမျိုးအစားက သာမန်အားဖြင့် အလွယ်တကူ အရှုံးမပေး၊ အကောင်းဆုံး အမြဲတမ်းသိ၊ အဆုံးစကားကိုပြော စတဲ့ ကိုယ့်ဆီက နာမည်ကျော် မကောင်းဆုံးအရည်အချင်းတွေပေါ့။ ဒုတိယအမျိုးအစား ကတော့ ဘယ်သူမှမသိဘူး။ ကိုယ့် လျှို့ဝှက်ချက်ပေါ့။

ကိုယ်ဟာ နှစ်ကိုယ်ခွဲသမားဆိုတာ မင်းကို ပြောခဲ့ပြီးပြီ။ တစ်ပိုင်းက ပျော်ရွှင် ပေါ့ပါးတယ်၊ အရာရာကို ရီမောလို့ စိတ်ဓာတ်ကြွနိုင်ပြီး အရာရာ တိုင်းကို လွယ်လွယ်ကလေး သဘောထားတတ်တဲ့အပိုင်း။ ဒီအထဲမှာ ပျံတာနဲ့တာ၊ နမ်းတာ၊ ပွေ့ဖိုက်တာ၊ ရီရွှန်းပတ်ရွှန်းပြောတာတွေလည်း ပါသပေါ့။ ဒါပေမယ့် အင်နာရဲ့ အကောင်းပိုင်းကို ဘယ်သူမှ မသိကြဘူး ဒါ့ကြောင့် လူတွေက ကိုယ်ရဲ့ ခံစားမှုတွေကို မတွေ့ကြဘူး။

နေ့တစ်ဝက်လောက် ကိုယ့်ကို ပျော်စရာလို့ သဘောထားပေးမယ့် တစ်လ လောက် ကိုယ့်ကို အနားကပ်မခံချင်ကြတော့ဘူး။ အတွေးအခေါ် နက်နဲတဲ့လူတွေဟာ အချစ်ဇာတ်လမ်း ရုပ်ရှင်ကားကို ကြည့်ရသလိုပေါ့ ကြည့်နိုက်တော့ ကြိုက်ပြီး၊ နောက်တော့ မေ့သွားကြရော၊ ကောင်းလည်း မကောင်း၊ ဆိုးလည်းမဆိုးတဲ့ သဘောပေါ့။ ဒါတွေကို ပြောပြချင်တာ ကြာလှပြီ။ ကိုယ်ရဲ့အပေါ်ယံကြော ပေါ့ပါးတဲ့ဘက်က နက်နဲတဲ့ဘာ ထက်ပိုပြီးလျှင်မြန်တယ်။ ဒါ့ကြောင့် သူကအမြဲအနိုင်ရတယ်။ ဒီ အင်နာကို အဝေးကိုမောင်းထုတ်ဖို့၊ ဖုံးကွယ်ထားဖို့၊ ကိုယ်ဘယ်လောက် ကြိုးစား တယ်ဆိုတာ မင်းသိမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူဟာ အင်နာ ဆိုသူရဲ့ တစ်ပိုင်းသာဖြစ်ပြီး ဘာမှအသုံးမဝင်လို့ပါပဲ။

ကိုယ့်ကိုသိတဲ့လူတိုင်း ကိုယ့်မှာ ပိုမိုကောင်းမွန်တဲ့ တခြားတစ်ပိုင်း ရှိနေပါ သေးကလားဆိုတာ သိတဲ့လူသိပ်ရှားတယ်။ ကိုယ်ဟာ စိတ်ကူး ယဉ်တယ်၊ ရှုးသွပ်ကယ်လို့ထင်ပြီး ကိုယ့်ကို အလေးအနက်မမြင်ပဲ ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးတယ်။ ဒါပေမယ့် ပေါ့ပါးတဲ့ အင်နာရဲ့အပိုင်းက လေးနက်တဲ့ အင်နာရဲ့အပိုင်းထက် ပိုပြီးပေါ်လွင်တယ်။ လေးနက်တဲ့ အင်နာရဲ့အပိုင်းက ပျောက်ပျောက်နေတယ်။

ဒါကြောင့် ကောင်းတဲ့အင်နာဟာ ပေါ်မလာဘူး။ ဟစ်ချိန်မှ ထွက်မလာဘူး။ ဒါပေမယ့် တစ်ကိုယ်ထီးတည်းနေတဲ့ အခါကျရင်တော့ ထင်ထင်ရှားရှား ဖြစ်လာတတ်တယ်။ ကိုယ့်အတွင်းသဘောကို ကိုယ် သေသေချာချာနားလည်ပါတယ်။ ဒါကြောင့် ကိုယ့်မှာ ပျော်ရွှင်တဲ့ အတွင်း သဏ္ဍာန် ဘာကြောင့်ရှိတယ်။ တခြားလူတွေက ကိုယ့်ရဲ့ ပျော်ရွှင်တဲ့ အပြင်သဏ္ဍာန်ကိုသာ ဘာကြောင့်သိတယ်ဆိုတာတွေရဲ့ အကြောင်းရင်းခံဟာ ဒါပါပဲ။ ကိုယ်ဟာ စစ်မှန်တဲ့ အတွင်းသဏ္ဍာန်ရဲ့ ဦးဆောင်မှုကို လိုက်နေရသူ ဖြစ်ပေမယ့် အပြင်သဏ္ဍာန်ကျတော့ ဘာမှအသုံးမကျတဲ့ ကခုန်နေတတ်တဲ့ ဆိတ်မလေးနဲ့ တူတာမှအပ တခြားဘာမှမရှိဘူး။ မင်းကို ကိုယ်ပြောခဲ့ပြီး တဲ့အတိုင်းပဲ။ ဘာအကြောင်းနဲ့ပတ်သက်လို့မှ ကိုယ်ရဲ့ တကယ့်ခံစားမှုကို မဖော်ထုတ်နိုင်ဘူး။ ဒါကြောင့်လည်း ယောက်ျားရူးမလေး၊ ပျံတံတံ၊ နန့်တံ့တံ့မကလေး၊ ခပ်တိုင်းငန်မကလေး၊ အချစ်ဝတ္ထုတွေသာဖတ်တဲ့ ကောင်မလေးဆိုတဲ့ ဂုဏ်ထူးဝိသေသတွေကို ရခဲ့တာပါပဲ။ ပျော်ပျော်နေတတ်တဲ့ အင်နာက ဒါကို ရီပစ်လိုက်တယ်။ ရီစရာ အဖြေပေးတယ်။ ပခုံးတွန့်ပြတယ်။ ဘာမှဂရုမစိုက်သလို နေလိုက်တယ်။ ဒါပေမယ့် တကယ့် အင်နာရဲ့ သဘောကတော့ ဒါတွေနဲ့ လုံးလုံးဆန့်ကျင်ဘက်ပါပဲ။ ဒါတွေဟာ ကိုယ့်ကို နာကျည်းစေခဲ့ကယ်။ ကိုယ့်ကိုယ်ကို ပြောင်းလဲဖို့ ခက်ခက်ခဲခဲ ကြိုးစားတယ်။ အင်အားကြီးမားတဲ့ ရန်သူနဲ့ အမြဲတမ်း တိုက်နေတယ် ဆိုတာ ရိုးရိုးသားသား ကိုယ်ဝန်ခံချင်တယ်။

'နှင်ဟာ စေတနာမထက်သန်ဘူး၊ ခေါင်းမာတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ လူတွေကနင့်ကိုမကြိုက်ဘူး။ ဘာကြောင့်လဲဆိုတော့ နင့်ရဲ့ ကောင်းတဲ့အပိုင်းကပေးတဲ့ အကြံဉာဏ်ကို ဘယ်တော့မှ နားမထောင်လို့'ဆိုတဲ့ အသံဟာ ကိုယ့်ရင်ထဲ အသည်းထဲမှာ မွန်းနစ်





ပြည့်လျှမ်း နေတယ်။ အို ကိုယ် နားထောင်ချင်ပါတယ်။ ဒါပေမယ့် နားထောင်လို့မရဘူး။ ကိုယ်ဟာ အေးအေးနဲ့အလေးအနက် ဖြစ်နေရင် လူတိုင်းက ရီစရာဇာတ်ထုပ်အသစ်ရသလိုဖြစ်ရော။ ဒါနဲ့ ဒီကြားထဲက ထွက်ပေါက်ရအောင် ရီစရာအနောက်အရွှန်းပြောရရော။ ကိုယ်ဟာ ဝေဒနာသည်လို့ တွေးမှာ သေချာတဲ့ ကိုယ့်မိသားစုကို မပြောပါနဲ့တော့။ ခေါင်းကိုက် သလားဆိုပြီး ဆေးပြားတွေကြွေး၊ အပူရှိန်တက်မတက် လည်ပင်းကို စမ်းလိုစမ်း၊ ခေါင်းကို စမ်းလိုစမ်း၊ ဝမ်းချုပ်သလားလို့ မေးလိုမေး၊ စိတ်တိုနေရမလားလို့ ဆူလိုဆူနဲ့ပေါ့။ ဒါကို ကိုယ်က မခံနိုင်ဘူး။ ဒီတော့ စကားပြောတိုတောင်းလာရော။ နောက် စိတ်ညစ်လာရော။ အဆုံးကြတော့ အဆိုးဆုံးအပိုင်းဟာ အပြင်ရောက်နေပြီး အကောင်းအပိုင်းဟာ အတွင်းမှာ ရောက်နေအောင် ကိုယ့်နှလုံးသားကို ကိုယ်လှည့်စားရရော။ နောက်ပြီး ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒအတိုင်း ဖြစ်လာမှာ တကယ်လို့ ဒီကမ္ဘာ လောကကြီးမှာ တခြားလူတွေများ မရှိခဲ့လို့ရှိရင် ကိုယ်ဟာ ဘာများဖြစ်နိုင်မယ်ဆိုတဲ့ နည်းလမ်းကို ရှာဖွေဖို့ ဆက်လက် ကြိုးပမ်းနေရတာပါပဲ။

မင်းရဲ့ **အင်နာ**

* * *

နိဂုံးချုပ်

အင်နာ၏ မှတ်တမ်းမှာ ဤတွင် ပြီးဆုံးပါသည်။ ၁၉၄၄ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဒတ်ချ်နာဇီများနှင့်အတူ လက်နက်ကိုင် ဂျာမန်လုံခြုံရေး ပုလိပ်များက အင်နာတို့ ပုန်းအောင်းနေသော ရုံးခန်းအဆောက်အဦးကို ဝိုင်းဝန်ထားလိုက်ပြီးနောက် 'လျှို့ဝှက်ခန်းဆောင်'သို့ ဝင်ပေါက်ကို ဖော်ပြောခိုင်းပါတော့သည်။ ဤနေရာတွင် ပုန်းအောင်းနေသူများ အားလုံးနှင့် အတူ ကရာဂါနှင့် ကူဖစ်တို့ကိုပါ ဖမ်းဆီးလိုက်သည်။

စက်တင်ဘာလ ၃ရက်နေ့တွင် ဝက်စတာဘော့ဂ် (ဖော်လန်မှ ဂျာမန် အကျဉ်းစခန်းကြီး)ရှိ ဂျူးအကျဉ်းသားများကို ခွဲနွားတင်



www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကားများ၌ ပြွတ်သိပ်တင်၍ ဂျာမန်တို့ သိမ်းပိုက်ထားခြင်းခံနေရသောပိုလန်ရှိ အရက်စက်ဆုံး သတ်ဖြတ်နှိမ်နင်းရေး ဗဟိုဌာနကြီးဖြစ်သည့် အော့စဝစ်သို့ ပို့လိုက်ပါသည်။ (ကရာဂါနှင့် ကူဖစ်တို့မှာ မလွတ်မြောက်မီ လအတန်ကြာမျှ ဒတ်ချ်အကျဉ်းစခန်းများတွင် နေခဲ့ကြရသည်။)

ပုလိပ်တို့က တက်ရောက်ရှာဖွေစဉ် ကာလအတွင်း 'လျှို့ဝှက်ခန်းဆောင်'မှာ ရစရာမရှိအောင် မွှေနှောက်ရှာဖွေခြင်း ခံလိုက်ရသည်။ နောက် ရက်အတန်ကြာ သောအခါ ရုံးအလုပ်သမားတစ်ဦးက ရှင်းလင်းရာတွင် ကြမ်းပြင်ပေါ်ကျနေသည့် သတင်းစာ အဟောင်းများအကြားမှ အင်နာ၏ မှတ်တမ်းပါရှိသော မှတ်စုစာအုပ် တစ်အုပ်ကို ရှာဖွေတွေ့ရှိလေသည်။ သို့သော် မည်သည့်စာအုပ်မှန်း မသိသည့်အလျှောက် အဲလီနှင့် မီယက်တို့အား ယင်းစာအုပ်ကို ပေးလိုက်သည်။ ဂျာမန်တို့ စိုးမိုးနေစဉ်အတွင်း ဂျူးများအပေါ် ကူညီခဲ့ကြသည့် ဤမိန်းကလေးနှစ်ဦးက စစ်ပြီးသည့်နောက် အင်နာ၏ ဖခင်ဖြစ်သူ အော်တိုဖရင့် ပြန်လာသည်အထိ ယင်းမှတ်တမ်းကို သိမ်းဆည်းထားခဲ့ကြသည်။

ထိုအချိန်တွင် အော့စဝစ်အကျဉ်းစခန်းကြီး၏ ကြောက်မက်ဖွယ်ရာအခြေ အနေများအောက်၌ အဖမ်းခံရသူတို့အနက်မှ လူကြီးအပိုင်းမှာ အားနည်းဆုတ်ယုတ် လျက်ရှိလေသည်။ ဗန်ဒန်းကို ဓာတ်ငွေ့ခန်းမကြီးသို့ သွင်းကာ သတ်လိုက်ကြရသည်။ အော်တိုဖရင့်မှာမူ ထူးဆန်းသောကံကြမ္မာ၏ လှည့်စားချက်ကြောင့် ထင်ပါသည်။ နိဝင်ဘာလအတွင်း အကျဉ်းစခန်းအတွင်းရှိ ဆေးရုံသို့ တက်ရောက်နေစဉ် ၁၉၄၅ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့၌ ဆိုဗီယက်တပ်မတော် ဤစခန်းကို သိမ်းပိုက်လိုက်သော အခါ၌သူသည်လည်း လွတ်မြောက်လာပါတော့သည်။ သူသည် အခြားအသက်မသေကျန်ရှိသူ အချို့နှင့်အတူ နယ်အထပ်ထပ်ကို ဖြတ်ကျော်ခဲ့ရ၍ နောက်ဆုံး၌ ပင်လယ်နက်ဆိပ်ကမ်းဖြစ်သော အိုဒက်ဆာမြို့ကို ရောက်ရှိလာသည်။ ထိုမှတဆင့် နယူးဇီလန် သင်္ဘောတစ်စင်းက ၎င်းတို့အား အနောက်ဥရောပအထိ တင်ဆောင်လာခဲ့သည်။

သို့ရာတွင် ယင်းစခန်း၌ ကျန်ရှိနေသေးသည့် အခြားအကျဉ်းသား





၁၁၀၀၀ ခန့်ကို ဂျာမန်တို့က အဲနောက်ဖက်ဆီသို့ ခေါ်ဆောင် ဆုတ်ခွာသွားသည်။ ၎င်းတို့ အနက် ပီတာဗန်ဒန်းပါသွားရာ သူ့သတင်းကို ထိုအချိန် မှစ၍ မကြားရတော့ပါ။

အိုဒက်ဆာသို့ အလာခရီး၌ အော်တိုဖရင့်သည် ဇန်နဝါရီလ ၅ရက်နေ့တွင် သူ့ဇနီးသေဆုံးခဲ့ပြီဖြစ်ကြောင်း ဒတ်ချ်လူမျိုး မိတ်ဆွေတစ်ဦးထံမှ ကြားသိခဲ့ရသည်။

မိန်းကလေးနှစ်ဦးကိုမူ သူတို့မိခင် မသေမီ နှစ်လခန့်က ဂျာမနီပြည်ရှိ ဘာဂျင်ဘယ်လ်ဆင် အကျဉ်းစခန်းကြီးသို့ ပို့လိုက်သည်။ ဤအကျဉ်းစခန်းမှာပင် အင်နာသည် မှတ်သားစရာ ကောင်းလောက်အောင် ပေါ်လွင် ထင်ရှားခဲ့သော ရဲစွမ်းသတ္တိနှင့် ခံနိုင်ရည်ရှိမှုတို့ကို ပြသခဲ့လေသည်။

၁၉၄၅ခုနှစ် ဖေဖော်ဝါရီလတွင် သူတို့ညီအစ်မနှစ်ယောက်စလုံး တိုက်ဖွိုက်ရောဂါခံစားကြရသည်။ အင်နာ၏ အိပ်စင်အထက်တွင် အိပ်သောမားဂေါ့သည် တစ်နေ့သ၌ အိပ်ရာမှထရန် ကြိုးစားရင်း မဟာ တော့သည့်အလျှောက် ကြမ်းပြင် ပေါ်သို့ လိမ့်ကျလေရာများစွာအားနည်း နေပြီဖြစ်သည့်အတိုင်း လိမ့်ကျသည့် ဒဏ်ကိုပင် မခံနိုင်တော့ဘဲ သေဆုံး သွားရလေသည်။

ယခင်က အတိဒုက္ခမျိုးစုံကို ခံစားခဲ့ရသော်လည်း မှုသည် အင်နာကား သူ့အစ်မ သေဆုံးသွားရသည့်အခါ၌မူ ခံနိုင်ရည်မရှိရှာတော့ သူ၏ ကြံ့ခိုင်သော စိတ်ဓာတ်မှာကျိုးပဲ့ပျက်စီးရလေပြီ။ ရက်အနည်း အကြာ မတ်လအတွင်းတွင်ကား စိတ်ထိခိုက်သည့် ဝေဒနာဖြင့်ပင် အင် ကွယ်လွန်သွားရှာလေတော့သတည်း။

* * *



www.burmeseclassic.com